အပြာဂဝတ်ဒသာသပ္ပါဏ့

အမှတ်........

# ပြန်ကြားရေးဝန်ကြီးဌာန

ရန်ကုန်မြို့၊ ၁၃၁၂-ခုနှစ်၊ တန်ခူးလဆန်း ၄-ရက်။
(၁၉၅၀-ခုနှစ်၊ ဧပြီလ ၁၉-ရက်၊)

အရှင်ဇနကာဘိဝံသ၏ (အနာဂတ်သာသနာရေး)ကျမ်းသည် တကယ့် တိုးပွားပြည့်ပြီ ကျမ်းအဆုဖြစ်လေသည်၊ ဗုဒ္ဓဘာသာကို သက်ဝင် ယုံကြည်သူတို့သာ မဟုတ်, အခြားဘာသာဝင်များသည်လည်း ထိုကျမ်းကို ဖတ်ရှုရလျှင် အလွန်အကျိုးများနိုင်ပေသည်။

ထိုကျမ်းတွင် ဗုဒ္ဓဘာသာ၏ အခြေခံများဖြစ်သော ဗုဒ္ဓရတနာ အခန်း, ဓမ္မရတနာ အခန်း, သံဃရတနာ အခန်း များကို ရှင်းလင်းပြတ်သားစွာ ရေးသားထား၍ မြန်မာပြည် သာသနာခန်းတွင် ပစ္စုပ္ပန်နှင့် အနာဂတ်ကာလ တို့ကို ပိုင်းခြား ဝေဘန်ထားလေသည်၊ ရေးသားပုံမှာ ခေတ်နှင့်လျော်ညီ၍ အလွန်ခက်ခဲ သိမ်မွေ့လှသော တရားများကို လူပြိန်း နားလည်လွယ်အောင် အရှင်းဆုံးသော စကားများဖြင့် ပြုစုထားသော ကျမ်းဖြစ်၏။

အနာဂတ် ဗုဒ္ဓသာသနာရေးကို စိတ်ဝင်စားသူတိုင်းပင် ဤကျမ်းကို လက်မလွှတ်တမ်း ဖတ်ရှုသင့်ပေသည်။

(ပုံ) မောင်သန်း၊
အတွင်းဝန်။
ပြန်ကြားရေးဝန်ကြီးဌာန။

၁၃၁၂-ခု တန်ခူးလဆန်း(၄)ရက်။

☆

## "အရှင်ဇနကာဘိဝံသ၏ ကျမ်းစာများ"


၁။ ရတနာ့ဂုဏ်ရည်

၂။ အခြေပြုသင်္ဂြိုဟ်

၃။ အခြေပြုသဒ္ဒါ

၄။ သင်္ဂြိုဟ်ဘာသာဋီကာ

၅။ ဝိထိနှင့် ၃ ချက်စု ဘာသာဋီကာ

၆။ ကိုယ်ကျင့်အဘိဓမ္မာ

၇။ ပါတိမောက်ဘာသာဋီကာ

၈။ ရူပသိဒ္ဓိဘာသာဋီကာ.... (ပ, ဒု)

၉။ ကစ္စည်းဘာသာဋီကာ.... (ပ, ဒု)

၁၀။ အနာဂတ်သာသနာရေး

၁၁။ ရှင်ပုံရှင်ကျင့်ဝတ်

၁၂။ အခြေပြုမင်္ဂလသုတ်

၁၃။ ဗြဟ္မဇာလသုတ် မြန်မာပြန်

၁၄။ သာမညဖလသုတ် မြန်မာပြန်

၁၅။ ဗုဒ္ဓဝင် အမေးအဖြေ

၁၆။ ဘုရားဥပဒေတော်ကြီး

၁၇။ ကင်္ခါဘာသာဋီကာ.... (ပ, ဒု)

## အကျဉ်းချုပ်ခေါင်းစဉ် (ဂ)

အကြောင်းအရာ — စာမျက်နှာ


**ပစ္စန္တသာသနာ့ အခြေအနေ**

ကျောင်း, ဘုရား, .... .... ၃၆၀
စာပြန်ပွဲများ .... .... ၃၆၁
စရဏ မရောက်သည့် အကျိုးမရ .... .... ၃၆၃
စာသင်တိုက် နှင့်စရဏ .... .... ၃၆၅
စာတတ်ပြီးမှ လူထွက်ကြရပုံ .... .... ၃၆၈
အထင်သေးခံနေရပုံ.... .... ၃၆၉

**ကဿပရှင်တော်၏ နောက်ပိုင်းသာသနာ**

တောင်ထိပ်တက်၍ တရားကျင့်ပုံ .... .... ၃၇၂
သကြားသာသနာပြုပုံ .... .... ၃၇၃
ဂိဏ္ဍကုဋ္ဌ ပြဿနာများ .... .... ၃၇၅

**၅။ အနာဂတ်သာသနာခေါင်း**

ကာသာမသုံဘ်တော် [မစ္ဆလမ်းရာဆယ်ဌာန။] .... ၃၇၉
အနာဂတ်ကျောင်းတိုက်များ .... .... ၃၈၃
ကျေးရွာတို့၌ စာသင်တိုက်မရှိပြစ် .... .... ၃၉၀
ကျေးရွာတို့၌ စာသင်တိုက်ရှိကျိုး .... .... ၃၉၂
စာသင် စည်းကမ်း .... .... ၄၀၀
အတန်းနှင့် ကျမ်းစာ ပြဋ္ဌာန်းရေး .... .... ၄၀၁
တက္ကသိုလ် ပညာ .... .... ၄၀၂
စာမေးပွဲများ .... .... ၄၀၆

# အကျဉ်းချုပ်ခေါင်းစဉ်


| | | | |
|---|---|---|---|
| သိမ်သမုတ် ရဟန်းခံ | .... | .... | ၄၀၇ |
| ကထိန်ခင်း | .... | .... | ၄၀၉ |
| သားရှင်ပြု | .... | .... | ၄၁၇ |
| ဘုန်းကြီးပြန် | .... | .... | ၄၂၃ |
| အရိုးအိုးစေတီ | .... | .... | ၄၂၄ |
| ဘုန်းကြီးပြန် ကြာရှည်ထားပြစ် | .... | .... | ၄၂၇ |
| လူ့အသုဘ | .... | .... | ၄၃၀ |
| ဘုရားတည်မှု | .... | .... | ၄၃၅ |
| ဆွမ်းတော်ကြီးတင် | .... | .... | ၄၃၇ |
| ဆွမ်းကြီးလောင်း | .... | .... | ၄၃၉ |
| သီတင်းကျွတ်ပွဲများအပြစ် | .... | .... | ၄၄၂ |
| ဥပုသ်စောင့် | .... | .... | ၄၄၄ |
| လက်ထပ်မင်္ဂလာ | .... | .... | ၄၄၆ |
| ကျေးရွာပြုပြင်ရေး | .... | .... | ၄၄၈ |
| တောရော မြို့ပါ ပြုပြင်ရေး | .... | .... | ၄၅၂ |

# အကျဉ်းချုပ်ခေါင်းစဉ်


| အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|
| **၁။ ဗုဒ္ဓရတနာအခန်း** | | | |
| ဗုဒ္ဓကိုယုံကြ, အားရုံစူး၍ ကြည်နူးရပုံ.... | | | ၁၁,၁၂ |
| ဘိက္ခုနီကလေးနှင့် အသန္တိမိတ္တာ.... | | .... | ၁၃ |
| ပဉ္စကြိတ်နေရှူးနှင့် ဗုဒ္ဓဝံ့တော်.... | | .... | ၁၄ |
| ကောသလမင်းနှင့် တိတ္ထိဆရာကြီးများ | | .... | ၁၆ |
| ဗုဒ္ဓရှင်တော်နှင့် ကောသလမင်း.... | | .... | ၂၀ |
| ဗုဒ္ဓရှင်တော်နှင့် ဗိမ္ဗိသာရမင်း.... | .... | .... | ၃၀ |
| ဗုဒ္ဓရှင်တော်နှင့် ဗြဟ္မာယုပေါ်မောက္ခ.... | | .... | ၄၃ |
| ဗုဒ္ဓရှင်တော်နှင့် ဥပါလိသူကြွယ်.... | | .... | ၅၀ |
| ဗုဒ္ဓရှင်တော်နှင့် ဝစ္ဆဂေါတ္တပုန္နား ... | | .... | ၆၄ |
| ဗုဒ္ဓနှင့် သရဘပရိဗိုဇ်.... | .... | .... | ၆၆ |
| ဓာတ်တော်အပ်နှင်းပွဲ၌ ချီကြူးကြပုံ.... | | .... | ၇၄ |
| ဗုဒ္ဓရှင်တော်ကို ကြည်ညိုပုံအစဉ်.... | | .... | ၇၈ |
| ဗုဒ္ဓဏ္ဍိစရိယာ အခန်း.... | .... | .... | ၈၅ |
| တရားမဟောဘဲ ဘုရားစိတ်ဓာတ်ညွတ်ပုံ | | .... | ၁၁၄ |
| **၂။ ဓမ္မရတနာ အခန်း** | | | |
| ငါတို့ဗုဒ္ဓကို ဓမ္မဖြင့် အားကဲဖြတ်လော ..., | | .... | ၁၂၆ |
| ဒုက္ကရစရိယာ ကျင့်တော်မူပုံ.... | | .... | ၁၃၄ |
| ဓမ္မစကြာ တရားတော်.... | .... | .... | ၁၄၄ |

# အကျဉ်းချုပ်ခေါင်းစဉ်


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| အနတ္တလက္ခဏသုတ်တော်.... | .... | ၁၈၆ |
| ပဋိစ္စသမုပ္ပါဒ်တရားတော်.... | .... | ၂၀၁ |
| အနာဂတဘယသုတ်တော်.... | .... | ၂၄၁ |
| သာသနာ့ကွယ်ကြောင်း တရားတော် .... | .... | ၂၄၆ |
| ကိုယ်ကျင့်တရားမှ အဘူးကိုးရ.... | .... | ၂၅၂ |

၃။ သံဃရတနာ အကျဉ်း

| | | |
|---|---|---|
| သံဃာ ၂ မျိုး.... | .... .... | ၂၆၃ |
| အရှင်ယသအကြောင်း.... | .... .... | ၂၆၆ |
| အဂ္ဂသာဝက ၂ ပါးအကြောင်း.... | .... | ၂၇၃ |
| အရှင်မဟာကဿပ အကြောင်း.... | .... | ၂၇၉ |
| ဆဗ္ဗဂ္ဂီရဟန်းများအကြောင်း.... | .... | ၂၈၈ |
| အရှင်မဟာကဿပ ဝန်ဆောင်ပုံ.... | .... | ၂၉၄ |
| ဒုတိယသံဂါယနာ တင်ခြင်း.... | .... | ၃၀၃ |
| တတိယသံဂါယနာ တင်ခြင်း.... | .... | ၃၁၄ |
| အသောကမင်း သာသနာပြုခြင်း.... | .... | ၃၂၁ |
| ဒုဋ္ဌဂါမဏိမင်းအကြောင်း.... | .... | ၃၂၈ |
| ပိဋကတ်အက္ခရာတင်ခြင်း.... | .... | ၃၃၂ |

၄။ မြန်မာပြည် သာသနာအကျဉ်း

| | | |
|---|---|---|
| သထုံနှင့် ပုဂံ.... | .... .... | ၃၃၉ |
| အင်းဝခေတ်သာသနာ.... | .... | ၃၄၃ |
| မင်းတုန်းမင်းတရားကြီး သာသနာပြု အမိန့်တော်.... | | ၃၅၄ |

# အချီ နိဒါန်း

သာဂါရာ အနဂါရာစ, ဥဘော အညောည နိဿိတာ၊
အာရာမယန္တိ သရဋ္ဌံ, ဘုဇိဿံ ဥဿိတဒ္ဓဇံ။

သာဂါရာစ - အိမ်ရာ တည်ထောင်, လူတို့ဘောင်၌ , ခေါင်းဆောင် ရှေ့သွား, လူကြီးအများတို့ သည်၎င်း၊ အနဂါရာစ- အိမ်ရာ မထောင်,သာသနာ့ဘောင်၌, ခေါင်းဆောင် ရှေ့သွား,ဆရာတော် ဘုရားတို့သည်၎င်း၊ ဥဘော - မြန်မာဒကာ , မြန်မာဆရာ ဟု , ကမ္ဘာကို ရှုနိုင်သည့် , လူထုထိပ်ခေါင်, ထို ခေါင်းဆောင် ၂ မျိုး တို့သည်၊ အညောည နိဿိတာ-ကိုင်းကို ကျွန်းမှီ, ကျွန်း ကိုင်းမှီသို့, ပမည် မယွင်း , အချင်းချင်း အားထားကြကုန်လျက်၊ ဘုဇိဿံ - ၆၂ နှစ်မျှ, ကျွန်ဘဝမှ , လုံးဝ မတ်မတ် , လွတ်လပ်ခဲ့ပြီးသော၊ သရဋ္ဌံ-မိမွေ ဘနှစ်, ချက်မြှုပ် ဖြစ်ရှ်, အသစ်တည်ဖန်, ကိုယ့်နိုင်ငံ ကို၊ ဥဿိတဒ္ဓဇံ - ဒို့ပြေ ဒို့မြေ, ဒို့အမွေ ဟု , အခြေသိုက်မြိုက်, စိုက် တလူလူ, အောင်လံ ထူမြဲသာလျှင်၊ အာရာမယန္တု- မြေပြင် ပြေပြင် , ဝေဟင် မလပ် , တပ်ပေါင်းကွပ်လျက် , ဒုမြတ်ရတနာ, သာသနာလည်း, ရောင်ဝါ ထိန်ညီး , လုံးစုံပြီးအောင်, ချီးမြှောက် နိုင်ကြပ့ါစေ သတည်း။

ဤကျမ်းစာ မျိုး
ရှိသင့်ပြီ

ဘုန်းကြီးတို့သည် သီတင်းသုံးဘော် အချင်းချင်း မြန်မာနိုင်ငံ သာသနာတော် အရေးနှင့် စပ်၍ ပြုပြင်သင့် ဖြည့်စွက်သင့် နုတ်ပယ် သင့်သော အချက်များကို ကြောခဏဆွေးနွေးခဲ့ကြသည်၊ ဘုန်းကြီး ကိုယ်တိုင် မှာမူ အနာဂတ်သာသနာရေး ကျမ်းစာ တစောင်ကို ရေးသား

လိုစိတ် များစွာဖြစ်နေ၏၊ သို့သော် မိမိ ညွှန်ပြ ထားသော အစီအစဉ်ကို လက်ခံနိုင်လောက်အောင် စဉ်းစားပြီး ပုဂ္ဂိုလ်တို့မှာ ရဟန်း ရှင်လူများစွာဝယ် အနည်းငယ်သာ ရှိဦးမည် ဖြစ်သောကြောင့် မိမိကျမ်းစာ အတွက် တိုင်းပြည်မှာ အကျိုးမရဘဲ ဒုဖြစ်ရဘို့သာ မြော်မြင်မိရကား ဤကျမ်းစာကို မရေးသားသေးဘဲ အခါအခွင့် သင့်မည်တိုင်အောင် ဆိုင်းငံ့ ထားခဲ့ရာ , ယခုအခါသော် အောက်ပါ အကြောင်းများကြောင့် ဤကျမ်းစာမျိုး ရှိသင့်ပြီဟု ထင်မြင်လာပေသည်။

**ခေတ်မြင်သော အရှင်များ**

ရဟန်းတော်များသည် ( နိုင်ငံရေး လိုက်စားသူ အချို့လူတို့ ထင်မြင်နေသလို ) ရိုးရိုးနှင့် နေနေကြပြီးလျှင် ကမ္ဘာ့အခြေအနေကို မမြော်မြင်နိုင်ကြသော လမ်းဟောင်းလိုက် ပုဂ္ဂိုလ်များချည်း မဟုတ်ကြ၊ ဒုတိယကမ္ဘာစစ်ကြီးမဖြစ်မီ အတော်ကြာကပင် တိုင်းသူပြည်သားနှင့် သာသနာ့ဝန်ထမ်း ရဟန်းတော်များ၏ အခြေအနေကို နိုင်ငံခြား အခြေအနေနှင့် နှိုင်းယှဉ်ကြည့်ရှုနိုင်လောက်အောင် ခေတ်မှီ ဉာဏ်စက္ခုကို ပိဋကစာပေများမှ ရရှိကြပြီးဖြစ်၏၊ ယခု စစ်ကြီးပြီးချိန်၌ကား သာသနာတော် အရေးကို ပြုပြင်ဘို့ရန် စိတ်အား ထက်သန်ကြသော အရှင်မြတ်တို့တွင် အချို့ အရှင်များသည် ဘုန်းကြီး၏ ဝါဒကို စုံစမ်းလာကြ၏၊ အချို့အရှင်များကား (မည်ကဲ့သို့ ပြုပြင်လိုစိတ် ရှိသည် ဟု မသိသေးဘဲနှင့် ) ဘုန်းကြီးကို ပုံပြီး ယုံကြည်နေကြဟန် တူ၏၊ ထို့ကြောင့် ထိုအရှင်မြတ်တို့အား မိမိဝါဒကို ပွင့်ပွင့်လင်းလင်းဖွင့်ပြဘို့ရာ ဤကျမ်းစာကို ရေးသားသင့်ပြီ ဟု ထင်မြင်လာပေသည်။

**နိုင်ငံရေး ခေါင်းဆောင်များ**

များစွာသော နိုင်ငံရေး ခေါင်းဆောင်များသည် ဘုရားဒကာ ကျောင်းဒကာ ရဟန်းဒကာ စသည်ဖြင့် သာသနာ့ ဒါယကာများ၏ သား မြေး အဆက်အနွယ်များနှင့် ဘုန်းတော်ကြီး ကျောင်းများ၌ ဗုဒ္ဓရှင်တော်မြတ်၏ လေးနက်လှသော တရားအရသာကို ထိုက်တန်သမျှ ခံစားဘူးသော ဗုဒ္ဓ ဥပသကာ တွေသာ များပေသည်၊ ထိုသူတို့၏ နိုင်ငံရေးဘာရား ဟောပြောရေးသားကြရာ၌ ဗုဒ္ဓ တရားတော်များကို သွင်းကာ သွင်းကာ တရံတခါ ဟောပြော ရေးသားခြင်း "ကျွန်တော့ သဘောက ရဟန်းတော်များဟာ ပရိယတ် ပဋိပတ်ကိုသာ ကြိုးစားစေချင်တယ်" စသည်ဖြင့် ရေးသားခြင်း တို့ကား ထို ခေါင်းဆောင် များ၏ ဥပါသကာ ပီသကြောင်း အသဲနှလုံးထဲ၌ စွဲနေသောက်အောင် ဗုဒ္ဓမြတ်စွာကို ယုံကြည် နေကြောင်း ပြသောသာဓကများ ဖြစ်ပေသည်၊ လွန်ခဲ့သော တနှစ်လောက်ကမူ ယခု နိုင်ငံရေး၌ တာဝန်ဆောင် ဒကာကလေး တယောက်သည် အောက်နိုင်ငံမှ တမင်လာ လာ၍ ဘာသာရေး၌ အခြေကျကျ ကျမ်းစာများကို ရေးသား ပေးပါရန် လျှောက်လာပြန်၏၊ ထို့ကြောင့် ထို နိုင်ငံ ခေါင်းဆောင်များ၏ နိုင်ငံကို ပြုပြင်ရာဝယ် ဘုရား အလိုတော် ကျနိုင်သမျှ သာသနာရေးကိုလည်း ထည့်သွင်း စဉ်းစားကြဘို့ရာ ဤကျမ်းစာမျိုး ရှိသင့်ပြီ ဟု ထင်မြင်လာပေသည်၊

**စာရေး ဆရာများ**

အချို့ စာရေးဆရာ များနှင့် သတင်းစာ ဆရာများလည်း ယခု လက်ရှိ သာသနာ့ရေးနှင့် စပ်သော အကြောင်း အရာကို ညာဏ်မီသမျှ ပြုပြင် ကြ၏၊ သို့သော် သာသနာ့ တာဝန်ဆောင် မဟုတ်ကြသော ထို လူဝတ်

ကြောင်များ၏ ရေးသားမှုကို တိုင်းပြည်က လေးလေး နက်နက် မစဉ်းစားကြသဖြင့် တချို့ အရေးအသားအတွက် ပြုပြင်ရမရေခံဘဲ ဆွဲပေးသကဲ့သို့ ဖြစ်နေသောကြောင့် သာသနာ့ အရေး အရာနှင့် စပ်လာလျှင် မိမိတို့ စိတ်ရှိသလို မရေးဝံ့ကြတော့ဘဲ တိုင်းပြည် သဘောကျသာ ရေးကြရတော့၏၊ ထို့ကြောင့် လက်ရှိသာသနာ ရေးကို သာသနာ့ဝန်ဆောင်များကိုယ်တိုင် စိစစ်ထိုက်ချေကား ယခု အခါဝယ် ဤကျမ်းစာမျိုး ရှိသင့်ပြီ ဟု ထင်မြင်လာပေသည်။

**ခေတ်ပညာတတ် လူငယ်အချို့.**

ခေတ်ပညာတတ် လူငယ် တချို့လည်း သူတို့ သင်ထားကြသော ဆင်ခြင်တုန် ပညာများ အရ မြန်မာပြည်၏ အခြေအနေကို စဉ်းစား ရာဝယ် မြန်မာလူမျိုးတို့ ကိုးကွယ်နေသော ဘုန်းကြီးများ၏ အကြောင်း အရာကိုလည်း ထည့်သွင်း စဉ်းစားကြ ပေလိမ့်မည်၊ ထိုသို့ စဉ်းစား သည့် အခါ ပတ်ဝန်းကျင်၌ တွေ့မြင်နေကျ ရဟန်း ငယ်များနှင့် ရှေးရိုး ဘုန်းတော်ကြီးများ ကိုသာ အများ အပြား တွေ့မြင်ရ၍ လူမျိုးရေး သာသနာရေးကို လေးလေး နက်နက် စဉ်း စားပြီးသော အရှင်များကို မတွေ့မြင်ကြရသောကြောင့် မိမိတို့ ကိုးကွယ်ထားသော ရဟန်းတော်များအပေါ် အားမလို အားမရ ဖြစ်ရှာကြပေလိမ့်မည်၊ ( သူတို့၏ အားမလို အားမရ ဖြစ်ခြင်းကား စော်ကားလိုစိတ် နှိပ်ချလိုစိတ် မဟုတ်ဘဲ အလိုမကျသော မိဘကို အလိုကျစေလိုစိတ် မြှင့်တင်လိုစိတ်မျိုးသာလျှင် များပေလိမ့်မည်၊) ထို့ကြောင့် ထိုလူငယ်များနှင့်တကွ တိုင်းသူ ပြည်သားတို့ ကျေနပ် လောက်သော သာသနာရေး အစီအစဉ်ကို ညွှန်ပြဘို့ရာ ဤကျမ်း စာမျိုး ရှိသင့်ပြီ ဟု ထင်မြင်လာပေသည်။

ကျေးရွာ ပြဿနာ

ဘုန်းကြီးကား မြို့၌ အနေများသော်လည်း ကျေးတောသား ဇာတိဖြစ်၍ ငါမိန်၏ အမျိုးသား အစစ်ဖြစ်ကြပေသော ကျေးရွာသူ ကျေးရွာသား တို့၏ အဆင့် အတန်းကို မြို့သူ မြို့သားတို့နှင့် (အလုပ်အကိုင်မှ တပါး) တန်းတူ ဖြစ်အောင် မြှင့်တင်လို၏၊ အမှန်အားဖြင့် ကျေးရွာသား တို့၏ ပစ္စည်းတန်ဘိုး အခြေ အနေသည် များစွာသော မြို့သူ မြို့သား တို့အောင် မယုတ်လျော့ကြချေ၊ သို့ရာတွင် အနေအထိုင်မှာ ကွာခြား လှတော့၏၊ ခေတ်ပညာတတ် နည်းပါး၍ စိတ်နေ စိတ်ထားလည်း မြို့သူ မြို့သားတွေကို အထင်ကြီးနေသလို ရှိတတ်၏၊ အစိုးရ အမှု ထမ်းဟူသမျှကိုမူ "မင်း" ဟူ၍ အထင်ရောက်ကာ ကြောက်ရော ချည်း မှတ်နေလေတော့၏၊ ထိုသို့ ကြောက်နေရမှ တခါဘုရံ ထ၍ ရမ်းလိုက်ကြသည်မှာမူ နိုင်ငံပင် ဆူပူစေနိုင်ပြန်၏၊ နိုင်ငံရေးများ၌ လူပါးဝကြသော မြို့သားတို့၏ လက်ကိုင်ဒုတ် ပြုလုပ်ခြင်းကို ခံရာ ကြရ၍ ခံစရာရှိလျှင် ထိုကျေးရွာသား အများပင် ခံရကြရသော်လည်း စံစရာရှိမူကား ထိုသူများ မစံရကြရချေ၊ နိုင်ငံသူနိုင်ငံသား တို့တွင် ရ ခိုင်းနှုန်း ၉၀ ခန့်သည် ကျေးရွာတို့၌ နေထိုင်သူများ ဖြစ်ကြသည် ဟု ဆို၏၊ သို့ဖြစ်လျှင် ထိုသူတို့ကို မြှင့်မတင်ဘဲ ရာခိုင်နှုန်း ၁၀ မျှလောက်သော မြို့သားတို့ မြင့်နေရုံမျှဖြင့် ဤနိုင်ငံကို မြင့်သော နိုင်ငံ ဟု ဆိုနိုင်ကြ မည်လော၊ ကျေးရွာ များကို မြှင့်တင်ရာ၌ အကြောင်း များစွာတို့ အနက် ကျောင်းထိုင် ဘုန်းတော်ကြီးများသည် အချုပ်အခြာ ဖြစ်၏၊ ဘာ့ကြောင့်နည်း၊........ ထိုကျေးရွာသား တို့သည် ဘုန်းတော်ကြီးများကိုလုံးဝပုံ၍ ယုံကြည်အားကိုးကြသော ကြောင့်တည်း၊ ထို့ကြောင့် ဘုန်းတော်ကြီးများ အရည် အချင်း

မမြင့်လျှင် ကျေးရွာအဆင့် အတန်းလည်း ပြုပြင်သလောက် ခရီးမရောက်နိုင် ရကား ဘုန်းတော်ကြီးများ အရည်အချင်း မြင့်ဘို့ရာလည်း ဤကျောင်းစာမျိုး ရှိသင့်ပြီ ဟု ထင်မြင်လာပေသည်။

**သာသနာကြောင့် မြန်မာမြင့်ပုံ**

အခုနောက်ရေးထားခင်း လက်ထက်မှ စ၍ မြန်မာတိုင်းရင်းသားဘို့ ယဉ်ကျေးမှု တိုးတက်လာကြရသည်မှာ သာသနာတော် ကြောင့်သာ ဟု (သဘောရိုးအတိုင်း) ထင်မြင်၏၊ အင်္ဂလိပ်နှင့် စစ်ဖြစ်စ အချိန်မှ စ၍ ဘုရင်မင်း တို့သည် လက်နက် အင်အားကို အပြင်း အထန် ဖြည့်တင်းထိုက်ပါလျက် သာသနာဝင် အရှင်မြတ်တို့ ဩဇာ ကြောင်းနေမှုကြောင့် လက်နက် မစုံကြသည် မဟုတ်လော ဟု စောဒကဝင်ဘွယ်ရှိ၏၊ သာသနာဝင် အရှင်များသည် လောကီ ရေးရာဝယ်ဤမျှအထိ ဝင်စွက်ဘို့တာဝန်မရှိပါ၊ ဝင်စွက်ခဲ့ကြမည်လည်း မဟုတ်ပါ။ သာသနာပင်နှင့် ရာဇဝင် ရှေ့ဦးကို ကြည့်လျှင် စစ်မှုရေးရာ၌ပင် အပြစ်ကင်းသောကိစ္စ၌ ပါဝင်ရှက်ဆောင်ခဲ့ကြပါသေးသည်၊ ထို စစ်ဖြစ်စ အချိန်က လက်နက် မစုံကြခြင်းမှာ ထိုခေတ် လူတို့ ဒေသန္တရ ဗဟုသုတ မရှိကြသေးဘဲ ကံဆိုးမိုးမှောင် ဆိုသလို ကြုံကြိုက်ခဲ့ကြရခြင်းကြောင့်သာ ဖြစ်ပါလိမ့်မည်၊ ယခုအချိန်သော် ထိုခေတ်က ဘိုးဘေးတို့၏ ကြွေးကို အနေတကြီး ပြန်ဆပ်နေကြရသော အချိန် ဖြစ်၏၊ ဤ အချိန်မျိုးဝယ် ငါတို့ သာသနာဝင် အရှင်မြတ် တို့သည် ကိုယ်စီ ကိုယ်င ဉာဏ်ရှိရန်နှင့် ထထ ကြွကြွ ရှိလိုက်ကြမည် ဆိုလျှင် လွတ်လပ်ပြီး နောက် ဆယ်နှစ်လောက် အတွင်းဝယ် ကမ္ဘာ က လေးစားရသော တိုင်းပြည်က လေး တ ပြည် မဖြစ်နိုင်ဘူး ဟု မည်သူ ကန့်ကွက်ရဲ အံ့နည်း၊ ထိုကဲ့သို့ အကျိုးကို

မြော်မြင်ကာ ယခုအချိန်မှာ ဤကျမ်းစာမျိုး ရှိသင့်ပြီဟု ထင်မြင်လာပေသည်။

**သာသနာ ဆုတ်ယုတ် နေပြီတဲ့**

စစ်မဖြစ်မီက ရဟန်းသာမဏေ အရေအတွက် ရှစ်သောင်းကျော် တသိန်း နီးပါးရှိ၏၊ လူတို့ကလည်း အရောင်း အဝယ် ဖွင့်ဖြိုး သလောက် စည်းမဲ့ကမ်းမဲ့ ဒါနမှုကို ပြုကြသည်မှာ နိုင်ငံတွင်းသား အချို့လူများကို မဆိုထားဘိ, နိုင်ငံခြားသား ကုန်သည်များပင် ( သူတို့ ရောင်းရ လွန်းလို့ ) ငမ်းသာစရာကြီး ဖြစ်၏၊ ထို အချိန် အခါဝယ် များစွာသော ဗုဒ္ဓုပါသကာ ( ဗုဒ္ဓသာဝက ) အခေါ်ခံသူတို့က သာသနာတော်ကြီး တိုးတက်စည်ကား ပါပေသည် ဟု ခြိမ်းကြုံးကြလေသည်၊ ကျေးဇူးရှင် ဆရာတော်များ၏ ထိပ်ခေါင်တင် ရှေးဆရာတော်ကြီးကမူ “သာသနာတော် စည်ကားနေတာ မဟုတ်ဘူးဟဲ့ , သာသနာ ဝမ်းလျှာတော့မှာမို့ ဝမ်းယောင် နေတာ” ဟု အမိန့်တော် ရှိခဲ့ဘူးသတဲ့၊ လွန်ခဲ့သော ဒုတိယ ကမ္ဘာစစ်ကြီး အဆုံး၌ကား ရဟန်းတော်တွေ အတော်များများ လူ့ဘောင်သို့ ပြောင်းသွားကြသဖြင့် ရဟန်းတော်များ နည်းပါး၍ ကြဲတောက်တောက် ချောက်ကပ်ကပ် မြင်ကြရသော မြန်မာလူမျိုးအချို့၏ နှုတ်ဖျား၌ “ သာသနာတော် ဆုတ်ယုတ်နေတယ်” ဟု ငြီးတွားကြလေသည်၊ သူတို့ကား “ဘုန်းကြီးများမှ သာသနာ စည်ပင်သည်” ဟု ဆိုလိုကြ၏၊ သို့ဖြစ်၍ ရှေးကလို သာသနာ စည်ပင်အောင် ထူထောင် ကြရာ၌ သဒ္ဓါ၊ တရားဖြင့် ကြည့်ကြည့် ပညာဖြင့် ကြည့်ကြည့် ၂ မျိုးလုံး ကြည့်၍ လှသော ထူထောင်နည်းကို ညွှန်ပြဘိုရာ ဤကျမ်းစာမျိုး ရှိသင့်ပြီဟု ထင်မြင်လာပေသည်။

# အချို့ နိဒါန်း

**သာသနာရောင် လွှမ်းနေသောပြည်**

ဤ မြန်မာနိုင်ငံကို ပန်းချီ ပညာရှင်တို့ မျက်စိဖြင့် ပုံဆွဲကြည့်မည်ဆိုလျှင် ကျွန်းသစ်များစွာနှင့် လယ်ယာ မြေကွက်တွေကို အောက်ခံ လုပ်၍ သာသနာ့ရောင်စုံကို ခြယ်လှယ်ကြရပေလိမ့်မည်၊ နိုင်ငံခြားသားတို့ မျက်စိ၌သည်း ဤအတိုင်းပင် မြင်ကြ၏၊ သို့ဖြစ်လျှင် မြန်မာနိုင်ငံတော် ကားပုံ၏ အမွန်းတင် အခြယ်အလှယ်ဖြစ်နေသော သာသနာရောင်ကို မည်သို့ ဖြစ်အောင် စီမံကြ မည်နည်း၊ မှေးမှိန်အောင် လုပ်မည်လော၊ ........လုံးဝ ပျောက်ကွယ် သွားအောင် ဖယ်ရှားပစ်မည်လော၊ မသိမသာ မှေးမှိန်အောင် လုပ်လျှင် မြန်မာနိုင်ငံသည် ယခုအခြေအနေထက် အောက်တန်းကျူးမည်သာ၊ ဖယ်ရှားပစ်ဘို့ရာမှု တိုင်းသူပြည်သား အများက အသက်နှင့်လဲ၍ ခုခံကြမည်သာတည်း၊ ထို့ကြောင့် မြန်မာပြည်၏ မည်သည့် ခေါင်းဆောင်မဆို သာသနာရောင်ကို စနစ်ကျကျနှင့် ထွန်းပြောင်ဘို့သာ ဂရုစိုက်သင့်ကြသည်၊ ဤသို့ ကျွန်းသစ်နှင့် လယ်ယာ မြေကွက်တွေ အဆီဩဇာ ပြည့်ဝလျက် သာသနာ့ အရောင် ထွန်းပြောင်ဘို့ နည်းလမ်းကို ညွှန်ပြဘို့ရာလည်း ယခုအခါ ဤကျမ်းစာမျိုး ရှိသင့်ပြီဟု ထင်မြင်လာပေသည်။

**ရဟန်းငယ် ရှင်ငယ်များ**

အနာဂတ် ကာလ၌ နိုင်ငံနှင့် သာသနာတော် ကြက်သရေကို ဆောင်ရစ်ကြမည့် သာသနာဝင် အရှင်ကောင်းတို့မှာ ယခုလက်ရှိ ရှင်ငယ် ရဟန်းငယ်များပင် ဖြစ်၏၊ ထိုသူတို့ကို ယခုနှယ်က အနေအထိုင် ကိုယ်ကျင့်သိက္ခာနှင့် စာပေပညာ အမျိုးမျိုးကို တတ်သိအောင် ကျိုးစားပေးဘို့ တာဝန်ကား ယခုအခါ ငြိုးဘလာ ပို၍ ထင်ပြနေခြင်း

မျိုးမျှဖြင့် ကျေပွန်ကြမည် မဟုတ်သေးချေ၊ ဘာ့ကြောင့်နည်း၊.... ယခုသင်နည်းကား ပါဠိကိုသင်နေသည်ဟု ဆိုပါလျက် ထိုပါဠိကို မပြောတတ် မရေးတတ်ဘဲ ဖတ်တတ်ရုံ အဓိပ္ပါယ်သိရုံမျှ ဖြစ်သောကြောင့်တည်း၊ အနာဂတ် ကာလဝယ် တတ်ဘွယ် မှတ်ဘွယ် သိဘွယ် သာသနာ ပြုဘွယ်သည်ကား ပေါ်နက်ကျယ်ဝန်း လာပေလိမ့်မည်၊ ထိုသို့ မချွန်နိုင်လျှင်လည်း သာသနာဝင် အရှင်များကို ရှေးခေတ်လို လေးစားကြမည် မဟုတ်၊ ( လက်ရှိ အခြေအနေကိုပင် လေးနက်စွာ စဉ်းစားကြည့်ပါလေ )၊ ထို့ကြောင့် သာသနာဝင် အရှင်များ၏ ပညာသင်ကြားရေးမှစ၍ အဆင့်အတန်းမြှင့်တင်ပေးဘို့ရာလည်း ဤကျမ်းစာမျိုး ရှိသင့်ပြီဟု ထင်မြင်လာပေသည်။

**ရေးသားပုံ အစီအစဉ်**

အနာဂတ်သာသနာကို မြှင့်တင်လိုရာ၌ ယခု လက်ရှိ ပစ္စက္ခ သာသနာရေးကို စဉ်းစားရ ပေလိမ့်မည်၊ ပစ္စက္ခသာသနာ့ အခြေအနေလည်း ရှေးသာသနာဝင်တို့နှင့် ယှဉ်ကြည့်မှ သာ၍ ထင်ရှားပေမည်၊ တဘန် အတိတ်သာသနာဝင်၌ သဘာဝကျ - မကျကို ပြန်၍ စိစစ်တန်လျှင် စိစစ်ရလိမ့်မည် ဖြစ်သောကြောင့် ထို့ထက် ရှေးကျသော အရိယာသံဃာတော်များ၏ အလုပ်အကိုင် အနေအထိုင်ကို သိဘို့ရန် အရေးကြီးပြန်ပေသည်၊ ထိုအရိယာ သံဃာတော်များနှင့် ဗုဒ္ဓ၏ ရည်ရွယ်ဟောမှုချက် လေးနက်သော ဓမ္မအစုကို သိရသည့် အခါ သာသနာတော် အရေး၌ " ဤအလုပ်သည် သဘာဝကျ၏, ဤအလုပ်ကား သဘာဝ မကျ"ဟု သိမြင်လာကြပေလိမ့်မည်၊ ထိုသို့ သိမြင်လာသည့် အခါ " ပြုပြင်လို မြှင့်တင်လိုသော စိတ်ဆန္ဒလည်း ရှိကြပေလိမ့်မည်"ဟု ထင်မြင်သောကြောင့် ၁-ဗုဒ္ဓရတနာ, ၂-ဓမ္မ

ရတနာ, ၃-သံဃရတနာ, ၄-မြန်မာပြည် သာသနာ, ၅-ကဿပ ဗုဒ္ဓရှင်တော်၏ နောက်ပိုင်းသာသနာ, ဤ အကြောင်းအရာ တို့ကို ညွှန်ပြပြီးမှ အနာဂတ်သာသနာရေးကို ညွှန်ပြထားပါသည်။

**မြော်လင့်ချက်** ပြုပြင်ကြ ဘို့ရန် ရည်သန်၍ ဤကျမ်းစာကို ရေးသား ရသော်လည်း " ဂတာနုဂတိကော လောကော-လောကကြီးသည် ရှေးဟောင်းလမ်းကိုသာ လိုက်လေ့ ရှိ၏၊ မြဟ္မဏတွေကို ကိုးကွယ်သော ခေတ်ဆီက မြဟ္မဏဆိုလျှင် နွားကို သတ်နေသော်လည်း ကိုးကွယ်တတ်ကြ၏ "ဟု ဟိတော ပဒေသ မိန့်မှာသည်နှင့်အညီ, ပြုပြင်မှုကိစ္စ အထမြောက်ဘို့အရေးမှာ လွယ်ကူသော အရာ မဟုတ်ကြောင်းကို မိမိစိတ်က သတိပေးလျက် ရှိ၏၊ ထိုသို့ ပြုပြင်မှု ကိစ္စ အထမမြောက်ခဲ့သော် "လက်ကလွတ်, ခြေက မြဲ" သဘောထား၍ စာကြည့်သူများ သဒ္ဓါပညာ တိုးပွါး စေရန်လည်း ဗုဒ္ဓ- ဓမ္မ- သံဃာ့ရတနာ အကြောင်းကို ထည့်သွင်း ညွှန်ပြခြင်းဖြစ်ပေသည်၊ ဤသို့လျှင်"သာသနာရေးနှင့်စပ်၍ အများ ဝိုင်းဝန်းပြုပြင်ကြလျှင် ဤကျမ်းသည် နည်းညွှန်လမ်းပြ ဖြစ်တန်ရာ ၏ " ဟုငှ်း"ပြုပြင်မှု မဖြစ်မြောက်လျှင် ကြည့်ရှုသူတို့အား ဘုရား စသည်ကို ခြေခြေမြစ်မြစ်နားလည်စေ၍ သဒ္ဓါပညာ တိုးပွါးစေနိုင် လိမ့်မည်"ဟုငှ်း မြော်လင့်၍ လွတ်လပ်ပြီးခါစမြန်မာပြည်ထောင် စုကို တိုးဘက်အောင်ပြုပြင်ရာတွင် အရေးပါ၍ အရာဝင် ကျမ်းစာ တစောင် ဖြစ်ဘို့ရာ အချိန်မှီ စီစဉ်လိုက်ရပါသည်။

. ပြာသိုလ
၁၃၁၄-၃။

အရှင် ဇနကာဘိဝံသ

# အနာဂတ် သာသနာရေး

## ၁။ ဗုဒ္ဓရတနာ အခန်း

### ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။

ဗုဒ္ဓကို ယုံကြပုံ

ဗုဒ္ဓသာဝက-ဗုဒ္ဓ ဥပါသကာ အမည်ခံသူတို့သည် ဗုဒ္ဓကို နည်းအမျိုးမျိုးဖြင့် ယုံကြ ကြည်ညို ကြ၏၊ ထိုသို့ ယုံကြ ကြည်ညိုကြရာ၌ ယုံတယ်ဆိုတာ ဘာလဲ....၊ နှစ်ပေါင်း ၂ ထောင့်ငါးရာကျော်လောကက ဇမ္ဗူဒီပ မြောက်ပိုင်း ကပိလဝတ္ထု ပြည်၌ သာကီယဇာတ် အမျိုး အမြတ်ဆုံး ခတ္တိယမျိုး ဖြစ်သော သုဒ္ဓေါဒန မဟာရာဇာနှင့် မာယာဒေဝီတို့မှ ဖွါးမြင်တော်မူပြီးလျှင် တဆယ့် ခြောက်နှစ် အရွယ်မှ စ၍ ယသော်ဓရာဒေဝီနှင့် အတူ ထီးနန်း စံနေတော်မူစဉ် ၂၉ နှစ် အရွယ်တော် ရောက်သည့် အခါ လူအို လူနာ လူသေနှင့် ရသေ့ရဟန်းကို မြင်ရ၍ သံဝေဂ ဖြစ်တော်မူလေရာ ထိုနေ့ညဉ့်မှာပင် တောထွက်၍ ရဟန်းပြုတော် မူပြီးနောက် ခြောက်နှစ် ပတ်လုံး " အပင်ပန်း အခဲယဉ်းဆုံး " ဟု ဆိုရသော အကျင့်ကို ကျင့်တော်မူလျက် ထိုအကျင့်ဖြင့် ထူးခြားသော တရားကို မရသောကြောင့် ခန္ဓာကိုယ် ပင်ပန်း အားကြီးသော ထို အကျင့်ကို စွန့်လွှတ်၍(ပင်ပန်းသည်လည်း မဟုတ် ခံစားမှုလည်းမပါ) "မဇ္ဈိမ ပဋိပဒါ"ခေါ် အလယ် အလတ် ကျင့်စဉ်ကို ကျင့်ခါမှ ထူးခြားသော

တရားကို သိသော ပုဂ္ဂိုလ်တပါးသည် ကေန် ဖြစ်ထွန်းခဲ့ဘူး၏ - ဟု ယုံခြင်း,....

" ထို ပုဂ္ဂိုလ်ထူးသည် ထို အချိန်မှာ ကမ္ဘာလောက၌ မပေါ်သေးသော သစ္စာတရား အနတ္တတရား သံသရာ လည်ပုံကို ပြသော ပဋိစ္စသမုပ္ပါဒ် တရား ဗောဓိပက္ခိယ တရား စသည်တို့ကို စထွင်၍ ဟောတော်မူခဲ့သည် " ဟု ယုံခြင်း, " ထို ပုဂ္ဂိုလ်ထူးသည် သိဘွယ် ဟူသမျှကို ( သတ္တဝါတို့အား အကျိုးမများရာ၍ အကုန် ထုတ်ဖော် မဟောပြခဲ့သော်လည်း )ကိုယ်တော်မြတ် စိတ်ထဲ၌ နက်နက် နဲနဲ ခွဲခွဲ ခြမ်းခြမ်း အားလုံးစုံအောင် သိတော်မူနိုင်သည် " ဟု ယုံခြင်းများ သည် ဗုဒ္ဓအပေါ်၌ ယုံခြင်း ဟု ခေါ်ရသော သဒ္ဓါ တမျိုးတည်း၊ (သိဘွယ် ဟူသမျှကို အားလုံးစုံအောင် သိသူကို ပါဠိလို ဗုဒ္ဓ ဟု ခေါ်သည်၊)စာပေလိုက်စားသော နိုင်ငံခြားသား ခေတ်ပညာရှိတို့ လည်း ဗုဒ္ဓ၏တရားစာတို့ကို ကြည့်ရှုရခြင်း-ကျောက်စာဘက်ဌာနမှ ဗုဒ္ဓ၏ အသုံးအဆောင်နှင့် သီဟင်းသုံးတော်မူရာ ဌာနတို့ကို တွေ့ရှိရခြင်းတို့ကြောင့် ထို အခါက" ဂေါတမဗုဒ္ဓ ဖြစ်ထွန်းခဲ့ဘူးသည်"ဟု ယုံကြပေသည်။

**ဗုဒ္ဓကို အာရုံပြု၍ ကြည်နူးရပုံ**

ကြည်ညိုဆိုတာဘာလဲ၊ ဗုဒ္ဓ၏ အကြောင်း အရာကို တွေး၍ နေရသည်မှာ လွန်စွာ စိတ် ကြည်နူးဘွယ် ကောင်းလှ၏၊ ဗုဒ္ဓ၏ ဝါဝင်း သော အသားအရေတော် အဆက်အလက် ကျနသော ကိုယ်တော် မေတ္တာသံ ကရုဏာသံ ပညာသံ ဆင်ခြင်တုန်သံ အရှည် မြော်သံ တို့ကို အရင်းခံ၍ ထွက်လာသော သာယာနာပျော်ဘွယ် အသံတော်

ကို ထိုအချိန်က တိုက်ရိုက် ဖူးမျှော်လိုက်ရ ကြားနာလိုက်ရ၍ သူတို့ကို မဆိုထားဘိ, ယခုအခါတဆင့်ကြားခြင်း မှန်းဆ၍ ဖူးမျှော်ရသူတို့ပင် မကောင်းစိတ် ငြိစွန်းစိတ် ကိလေသာ ရာဂစိတ်တွေ ကင်း၍ သန့်ရှင်းကြည်လင်သော စိတ် အစဉ်များ ဖြစ်လာရပေသည်၊ ဤသို့ ဘုရားကို အာရုံစူး၍ ကြည်နူးနေရခြင်းကို ကြည်ညိုသော သဒ္ဓါ တမျိုး ဟု ဆိုရပေသည်။

**ဘိက္ခုနီကလေးနှင့် အသန္ဓိမိတ္တာ**

အခါတပါး၌ ဗုဒ္ဓရှင်တော် တရားဟောတော်မူစဉ် ဘိက္ခုနီကလေး တယောက်သည် ဗုဒ္ဓ၏ သပ္ပာယ်သော ရုပ် အဆင်းတော်ကို ဖူးမျှော် ကြည်နူးနေရာမှ စိတ်အစဉ် တမျိုးပေါက်၍ " ငါသည် ဘဝများစွာ ကျင်လည်ရာ၌ ဤယောကျ်ားမြတ်၏ အလုပ်အကျွေး ဖြစ်ခဲ့ရဘူး ပါလေရဲ့လား " ဟု စဉ်းစားစိတ် ပေါ်ပေါက် လာလေသည်၊ ထို ဘိက္ခုနီသည် ဆဒ္ဒန်ဇာတ်၌ စူဠသုဘဒ္ဒါ ဖြစ်ခဲ့ဘူးသူ ပင်တည်း၊ အသောကမဟာရာဇာ၏မိဖုရား အသန္ဓိမိတ္တာ သည်ကား ဘုရား၏ အသံတော် သာယာကြောင်းကို ကြားနာရ၍ မောင်းမများနှင့်အတူ ထိုအသံနှင့် ဆင်တူရိုးမှား ကောင်းသော ကရဝိက်ငှက် အသံကို နားခံကြည့်ရာ လွန်စွာချိုမြသော ကရဝိက်ငှက် အသံမှ တဆင့် ဗုဒ္ဓ အသံတော်ကို မှန်းမြော်၍ အာရုံပြုနေရင်းပင် စိတ်အစဉ် လွန်စွာ ကြည်နူး ကြရကား ထိုကြည်နူးသော စိတ်အစဉ်ကို အနိစ္စ ဒုက္ခ အနတ္တ ဟု ဆင်ခြင်နိုက်မှာ ကိုယ်လုပ်တော်များနှင့်အတူ သောတာပန် ဖြစ်ကြလေသည်၊ ဤ ဝတ္ထုများဖြင့် ဗုဒ္ဓအဆင်းတော်နှင့် အသံတော်၏ လွန်စွာကြည်နူးဘွယ် ကောင်းကြောင်း သိရပေသည်။

**ပဏ္ဍိတ်နေရူးနှင့် ဗုဒ္ဓပုံတော်**

ဗုဒ္ဓအဆင်းတော်၏ ကြည့်ရှု မှု မျှော်သူတို့ စိတ်အစဉ်ကို ကြည်လင်ရွှင်ပျစေနိုင်ပုံမှာ ပြောမယုံ-ကြုံဘူးသူတို့မှသိနိုင်ပေမည်၊ ဗုဒ္ဓ သည် ရှုချင့်စဖွယ် သပ္ပါယ်ရုံမျှ မဟုတ်, ထို သပ္ပါယ်သောရုပ်ပုံတော်အတွင်းမှ သတ္တဝါတို့၏အကျိုးကို နှစ်နှစ်ကာကာ လိုလားတော်မူသော မေတ္တာတော်နှင့် ကရုဏာ ပညာတော် တို့ကြောင့် မျက်နှာတော်သည် စန္ဒာလမင်းကဲ့သို့ ပဝင်းရွှင်ပျ မြဲတော်မူပေသည်၊ ယခုအခါ ဣန္ဒိယတတိုင်းလုံး အလေးပြုအခံရဆုံး ခေါင်းဆောင်တယောက်ဖြစ်သော ပဏ္ဍိတ်နေရူးသည် ခပ်ရွယ်ရွယ်တုန်းက ကျမ္မာရေး အတွက် အနားယူရင်းသီဟိုဠ်ကျွန်းသို့သူ့ဇနီးနှင့်အတူသွား၍ ရှေးဟောင်းအဆောက်အဦးများကို လှည့်လည် ကြည့်ရှုလေသော် တနေရာ၌ ဗုဒ္ဓပုံတော်ကို အထူး စိတ်ဝင်စားစွာ ကြည့်ရှု၍ မိမိ တည်းခိုရာသို့ ရောက်သော်လည်း ထို ဗုဒ္ဓပုံတော်သည် မျက်စေ့ထဲမှ မပျောက်နိုင်အောင် အာရုံစွဲနေသတဲ့၊ ထိုသို့ စွဲနေကြောင်း ကိုလည်း သီဟိုဠ် မိတ်ဆွေတို့အား ပြောပြခဲ့လေသည်၊ ဣန္ဒိယသို့ ပြန်ရောက်ပြီးနောက် နိုင်ငံရေးနှင့် စပ်၍ ထောင်ထည်းသို့ ရောက်နေသည့် အခါ မိမိ လုပ်လိုရာကို မလုပ်ရသဖြင့် စိတ်ညစ်ညစ် ရှိနေခိုက်မှာ ( အဘိဓမ္မာ သဘောအားဖြင့် ဒေါမနဿ ဖြစ်နေခိုက်မှာ ) သီဟိုဠ်ကျွန်း မိတ်ဆွေထံမှ ယခင်က ကြည်နူးစွာ ဖူးတွေ့ခဲ့ရသော ဗုဒ္ဓပုံတော်ကို ဓာတ်ရိုက်၍ ပို့လိုက်သောကြောင့် ထို ပုံတော်ကိုပင် စားပွဲပေါ်တင်၍ ဖူးမြင်နေရခြင်းဖြင့် ညစ်ညူးနေသော စိတ်ကို ကြည်နူးစေခဲ့သည် ဟု သူ၏အတ္ထုပ္ပတ္တိ၌ ထည့်သွင်းပြထားသတတ်၊ သို့ဖြစ်လျှင် သက်တော်ထင်ရှား ဗုဒ္ဓကို မဆိုထားဘိ ဗုဒ္ဓပုံတော် အတုသည်ပင် ပညာရှင်

တို့၏ စိတ်ကို ဤမျှလောက်ပင် ကြည်လင်လာစေနိုင်ပေသေး၏၊ သက်တော်ထင်ရှား ဗုဒ္ဓရှင်တော်ဘုရား သည်ကား မည်မျှအထိ ကြည်လင်နိုင်လိမ့်မည် ဟု မှန်းဆသင့်တော့သည်၊ ထိုသို့ ကြည်လင်လာသည့် အခါ အနယ်တွေ အောက်ထိုင်နေသော ရေသည် ကြည်လင် နေသကဲ့သို့ တဏှာ ရာဂ မာန ဒေါသ ဒေါမနဿ စသော စိတ်ညစ်မှုတွေကင်း၍ စိတ်အစဉ်လည်းသန့်ရှင်း ကြည်လင်နေတော့၏၊ ထိုသို့ ကြည်လင်နေမှု ကြည်နေမှုကို "ကြည်" သဒ္ဒါဟု ဆိုလိုပေသည်။

**ဗုဒ္ဓကောလာဟလ ဖြစ်ချိန်**

ဗုဒ္ဓ၏ ပေါ်ထွန်းတော်မူချိန် အခါ၌ ကိုယ့်ကိုယ်ကို " ဗုဒ္ဓ " ဟု ဝန်ခံကာ ( သာဝတ္ထိ ရာဇဂြိုဟ်ပြည် နယ်များငယ် ) ဆရာကြီး ခြောက်ယောက်တို့ နောက်လိုက် အတော်များစွာဖြင့် ထွန်းကားနှင့်ပြီး ဖြစ်ကြ၏၊ ချွဲဦးအုံ-တစုံတခု ထူးခြားသော အရာ ဖြစ်ပေါ်တော့မည့် အချိန်အခါဝယ် ရှေးဦးစွာ တင်ကြို၍ ( သူ့နှုတ် ငါ့နှုတ်မှာ ကောလာဟလစကား ဖြစ်ပွါးဟတ်၏၊ ယခုအခါ မြန်မာပြည် လွတ်လပ်တော့မည်-ဣန္ဒိယ လွတ်လပ်တော့မည် စသော စကားများ တင်ကြို ဖြစ်ပေါ်နေသကဲ့သို့တည်း၊ ထို့ကြောင့် ဗုဒ္ဓအစစ် ပေါ်ထွန်းခါနီး အချိန်ဝယ် " ဗုဒ္ဓပေါ်လာလိမ့်မည်, ဗုဒ္ဓပေါ်လာလိမ့်မည်" ဟူသောကောလာဟလစကားသည်နှစ်ပေါင်းအတော် ကြာကပင် ကြိုတင် ဖြစ်ပေါ်နေ၏၊ ထိုခေတ်၌ ပိဋကတော်ကဲ့သို့ လေးစားရသောဝေဒကျမ်းစာ၌ ကျွမ်းကျင်သော ဒိသာပါမောက္ခ ဆရာကြီး တို့လည်း ထိုအချိန်မှာ သူတို့၏ ဝေဒကျမ်းလာ ဘုရား လက္ခဏာတို့ကို တွေ့ရှိကြရသဖြင့် ထိုလက္ခဏာတော်ကို ဂရုစိုက်၍

လေ့လာထားကြ၏၊ ထိုအခါဝယ် အချို့ ခေတ်မှီဆရာကြီးတို့သည် မန္တာန် ဝိဇ္ဇာတို့ကို သင်ယူကာ အတော်အတန်လည်း သူများစိတ် အကြံကို သိမြင်နိုင်ကြဟန် ရှိ၏၊ ထို့ကြောင့် ဗုဒ္ဓကိုမြော်နေခိုက်မှာ ထိုဆရာကြီးတို့နှင့် တွေ့ရသော တချို့လူရိုးကြီးများသည် ထို ဆရာကြီးများကိုပင် ဘုရား ဟု ထင်နေကြ၏၊ ထို ဆရာကြီးတို့ ကလည်း နောက်လိုက်တွေအတော်များသဖြင့် သူတို့ကိုသူတို့ ဗုဒ္ဓဟု ဝန်ခံကာ ဝါဒဖြန့်နေကြလေသည်။

**ကောသလ မင်းနှင့် တိတ္ထိဆရာကြီးများ**

ထို ဗုဒ္ဓအမည်ခံ ဆရာကြီးတို့သည် "ပူရဏကဿပ , မက္ခလိဂေါသာလ , နိဂဏ္ဌနာဋပုတ္တ, ( သိဉ္စည်းဆရာကြီး ဟု ထင်ရှားသော ) သဉ္စယဗေလဋ္ဌပုတ္တ , ပကုဓကစ္စာယန , အဇိတကေသကမ္ဗလ" ဟု ၆ ယောက်ရှိ၏၊ တရားလိုက်စားသော လူအများပင် ထိုဆရာကြီးများကို တွေ့ဘူးကြ၏၊ အချို့လည်း ထိုဆရာကြီးများထံ တပည့်ခံကြ၏၊ အရှင်သာရိပုတြာနှင့် , အရှင် မဟာမောဂ္ဂလ္လာန်တို့၏ အလောင်းများပင် သိဉ္စည်းဆရာကြီးထံ တပည့်ခံဘူးကြသည်၊ ထို ဆရာကြီးဘို့၏ တပည့်များတွင် ပါဝင်ကြသော အမတ် အချို့ တို့သည် မိမိတို့ ဆရာကြီးကို မင်းဆရာ ဖြစ်စေ လိုသောကြောင့် ကောသလမဟာရာဇာကို ဆွယ်တရားဟောကြလေရာ ကောသလ မဟာရာဇာလည်း အမတ်အားလုံးနှင့် မဆန့်ကျင်လိုသောကြောင့် "အမတ်မင်းတို့၏ ဗုဒ္ဓများကို အခတ်မင်းတို့ကိုယ်တိုင် နန်းတော်သို့ ပင့်ခဲ့ပါတော့" ဟု လွှဲအပ်လေသော်, ထို အမတ်များလည်း မိမိတို့ ဆိုင်ရာ ဗုဒ္ဓကို နန်းတော်သို့ မလိုက် - လိုက်အောင် အတင်း သွေးဆောင်၍ ပင့်ခဲ့ကြ လေသည်၊ ကောသလ မင်းသည် အကောင်း

အဆိုး နေရာအချိုးချိုးကို ခင်းထားစေနင့် သူတို့ရောက်လာသည့်အခါ " သင့်တော်သော နေရာ၌ ထိုင်ကြပါ " ဟု ပြောလေလျှင် ရှင်ဘုရင့်အသက်က မထိုင်ဝံ့သောကြောင့် အညံ့စားနေရာတို့၌သာ ထိုင်ကြလေသည်၊ ထိုသို့ ထိုင်ကြလျှင်ဘုရင် ရှင်ဘုရင်သည်(တင်းပုတ်ဖြင့် ဂျုံးခေါင်းကို ရိုက်လိုက်သကဲ့သို့ ) " သင်တို့ ဗုဒ္ဓ ဟုတ်သလား မဟုတ်ဘူးလား " ဟု တိုက်ရိုက် မေးလေတော့၏၊ ထို အခါ ဗုဒ္ဓ ဟုတ်ပါသည် ဟု ဝန်ခံလျှင် ဗုဒ္ဓနှင့် ထိုက်တန်သော ပြဿနာကို မေးချက မဖြေနိုင်သော် သာ၍ခက်ကြတော့မည် ဖြစ်သောကြောင့် "ဗုဒ္ဓ မဟုတ်ပါဘူး,လူဘွဲ့က ထင်နေကြတာပါ"ဟု အမှန်အတိုင်း ဝန်ခံကြသဖြင့် ရှင်ဘုရင့် ထံမှ အပြစ်ကင်းစွာ ထွက်ခွါလာခဲ့ကြပေသည်····· [ကောသလသံယုတ်]။

**အပြင်ရောက်မှ၊ တမျိုးညာပုံ**

သောက၌ ကိုယ့်ပမာဏကို ကိုယ်မသိတတ်သူတွေ အများအပြား ရှိတတ်ပေ၏၊ ထို လူစားတို့သည် အများက ဝိုင်း၍ မြှောက်သည့် အခါ နတ်ရှုးပုံနှင့်မြှောက် ခြေထောက်၍ ကကြလေတော့သည်၊ ထို ဆရာကြီး ခြောက်ယောက်ကား ကိုယ့်ပမာဏကို ကိုယ်မသိ လောက်အောင် ထုံထိုင်းသူများ မဟုတ်ကြချေ၊ ထို့ကြောင့် ရှင်ဘုရင့်ရှေ့မှာ " ဗုဒ္ဓ မဟုတ်ပါ "ဟု အဘိအသင်း ဝန်ခံခဲ့ကြ ပေသည်၊ သို့သော် မိမိကို အများက ဝိုင်း၍ အထင်ကြီး နေကြသည့်အခါ ထို အထင်ကြီး ခံရသော အရသာကို အဘော် သာယာနေကြ ခြင်းသည် ကမ္ဘာ့ မမ္ဘာ တခုကဲ့သို့ ဖြစ်နေ၏၊ ထို့ကြောင့် ထို ဆရာကြီး တို့သည် ကိုယ့်အချည် အချင်းကို " ဗုဒ္ဓ အဆင့်အတန်းသို့ မရောက် " ဟု သိကြသော်လည်း လူအများ၏ အထင်ကြီးမှု မပျက်အောင်ကား

ဟန်ဆောင် လိုကြပေသေးသည်၊ ထို့ပြင်- မိမိနှင့် ဆက်ဆံနေသူကို (ဆရာ+တပည့်,သား+သမီး,သမီး+ခင်ပွန်းချင်း စသူကို)မိမိကိုယ်တိုင် အသင် မကြီးပါသော်လည်း အခြားသူတို့ အထင်သေးမည်ကိုကား စိုးရိမ်ကြသေး၏၊ ထို့ကြောင့် ဆရာကြီး ခြောက်ယောက်တို့ ရှင်ဘုရင့်ထံ ဝင်ရောက်နေခိုက်မှာ အပြင်ဘက်၌ ကျန်ရစ်ကြသော ဘုရားဒကာ အခတ်ကြီး တို့လည်း " မည်သူ့ ဘုရားကို ရာဇဂုရု တံဆိပ်တော် ဆက်ကပ်၍ အသိအမှတ် ပြုလိုက်မည်လဲ "ဟု အသဲ တယားယား အသား တဆတ်ဆတ် ရင်ဘတ် တဒိတ်ဒိတ်နှင့် ကြိတ်၍မျှော်လင့်နေကြ ဟန်ရှိ၏၊ထို့ကြောင့်ပင် ထိုအရှင် ဆရာကြီး ခြောက်ယောက်တို့ နန်းတော် အပေါက်မှ ထွက်လာလျှင် လာခြင်း " ကိံ အာစရိယာ....ရာဇာ တုမှေ ပဉှံ ပုစ္ဆိတွာ သက္ကာရသမ္မာနံ အကာသိ=ဘယ့်နှယ်လဲ ဆရာတော်ဘုရားတို့....မင်းတရားက အရှင် ဘုရား တို့ကို ပြဿနာ မေးမြန်း လျှောက်ထား ပြီးလျှင် လေးစား မြတ်နိုးမှုကို ပြုလိုက်ပါရဲ့လား "ဟု မေးကြလေသည်၊ ထိုအခါ ထို ဆရာကြီးတို့ ရှေ့နောက်ညီ အောင် လိမ်လည် ညာဖြန်းကြပုံမှာ....

ရှင်ဘုရင်က ငါတို့ကို ဗုဒ္ဓဟုတ်ကြရဲ့လား ဟု တိုက်ရိုက်မေးတယ်၊ ဗုဒ္ဓ အရာကနေပြီး ပြဿနာကို ဖြေဆို ဟောပြလျှင် ဒီရှင်ဘုရင်မှာ နားလည်နိုင်သော အချည်အချင်း မရှိဘူး၊ ဒီတော့....သူနားမလည် ဒါနဲ့ ငါတို့ကို ပြစ်မှား၍ အကုသိုလ် များရှာလိမ့်မယ်၊ ဒါကြောင့် သူ့ကို သနားသည့်အတွက် " ဗုဒ္ဓ မဟုတ်ပါ "ဟု ပြောခဲ့ကြတယ်၊ " အမှာကံ ဗုဒ္ဓဘာဝေါ ပန ဥဒကေန ဓောဝိတွာပိ ဟာရိတုံ နသက္ကာ=ငါတို့ ဘုရားအဖြစ် ဖြစ်နေတာကိုတော့ ရေနှင့် ဆေးပြစ် တောင် မပျောက်နိုင်ပါဘူး "ဟု ပြောကြလေသည်။

ဗုဒ္ဓအစစ်ကို မယုံနိုင်ကြသေးခြင်း

လောက၌ မစစ်မမှန်သော အရာ အတု အယောင် ဟန်ဆောင်နေသော သတ္တဝါတို့ကို တွေ့ကြုံသူ သူတို့သည် တကယ် အစစ် အမှန်ကို တွေ့ကြုံရသော်လည်း "ယုန်ထင် ကြောင်ထင်" ထင်နေကာသဖြင့် တော်တော် တန်တန်နှင့် မယုံနိုင်ကြသေးပေ၊ အစစ်အမှန် ဖြစ်သူတို့မှာလည်း အတုအယောင်တို့နှင့် ရောနေကြရသဖြင့် "နွားထီး ငါးကျပ် နွားမ ငါးကျပ်" တန်ဘိုးချင်း ထင်တူ ဖြစ်နေရသည့် အတွက် စိတ်ပျက်စရာပေပည်း၊ ထို့ကြောင့် အစစ် အမှန်တို့သည် စိစစ်စုံစမ်းတတ်သူများနှင့် တွေ့ရမှ တန်ဘိုးမြင့်နိုင်ကြ သောကြောင့် စိစစ်စုံစမ်းနိုင်မည့် ပညာရှိဘုန်သော များစွာတွေ့လို ကြလေသည်၊ ဤပြခဲ့သော အကြောင်းကြောင့် ဟန်ဆောင် ဗုဒ္ဓတွေ ထွန်းကားနေသော ထိုအချိန်မှာ ထွန်းပေါ်တော် မူလာရသော ငါတို့ ဗုဒ္ဓကို သတင်းကြားရရုံနှင့် ရုတ်တရက် မယုံနိုင်ကြသေးချေ၊ သတင်းကြားလျှင် စုံစမ်းချင်သော ဝါသနာရှင်တို့ ဗုဒ္ဓအထံ လာ၍ စုံစမ်းကြ၏၊ ငါတို့ ဗုဒ္ဓရှင်မြတ်သည်လည်း ထိုသို့ စုံစုံစမ်းစမ်းနှင့် ကျေချမ်းမှ ယုံကြည်သူကိုသာ ချီးမွမ်းတော် မူလေ့ရှိသည်၊ သူများ ယောင်လို့ ယောင်, အမယ် ဘောင်မှန်း မြောက်မှန်း မသိသူကို ချီးမွမ်းတော် မမူ။ [ဤနေရာ၌ တိကအင်္ဂုတ္တိုရ်လာ ကာလာမ သုတ်တော်ကို ထုတ်ဖော် သင့်၏၊ သို့သော် အလွန် မှတ်ဘွယ် ကောင်းလှ၍ အနာဂတ်သာသနာ အခဏ်းကျမှ ထုတ်ပြပါမည်။]

မှတ်ချက်။ ။ငါတို့၏ မြန်မာနိုင်ငံ၌ ကိုယ်တိုင် အစဉ်းစားဉာဏ်ရှိသူ နည်းပါးသောကြောင့် ထိုထို ကိစ္စဝယ် အတုအယောင် ဟန်ဆောင်သူတွေ စားလမ်းသောကဲလမ်းဖြောင့်တန်း၍ စန်းပွင့်နေကြရလေသည်၊ ထိုသူတွေ

စန်းပွင့်နေသလောက်လည်း အစစ်အမှန် ဖြစ်သူများမှာ အောက်ကျ နောက်ကျဖြစ်နေကြရတော့၏၊ ထိုကဲ့သို့ အထက်ရောက်သင့်သူ အောက်ကျ၍ အောက်ကျသင့်သူ အထက်ရောက်လျက် ကမောက်ကမဖြစ်နေသမျှလည်း ဤမြန်မာနိုင်ငံသည် လွတ်လပ်ရေး ရသည့် တိုင်အောင် များစွာသော တိုင်းသူပြည်သားတွေ အမှန်ပင် အတန်းမမြင့်နိုင်-ဟု ဆိုရ၏၊ ထို့ကြောင့် သူများပြောတိုင်း မယုံတတ်ဘဲ ကိုယ်ပိုင်ဉာဏ် ဇဉ်းစားဉာဏ် ရှိသူများ ဖြစ်အောင် လူရောရှင်ပါ တောရွာမြို့နယ် ဒိစတြိတ်နယ်မကျန် အသိဉာဏ် မြင့်တင်နိုင်မည့် ဘုန်းကြီးကျောင်း လူကျောင်းများ စနစ် ကျကျ တည် ထောင်ပေးဘို့ မမေ့သင့်ကြတော့ပြီ။

× × × × × ×

## ဗုဒ္ဓရှင်တော်နှင့် ကောသလမင်း

**အရွယ်ငယ်နေ၍ မယုံနိုင်ပုံ** ငါတို့ ဗုဒ္ဓရှင်တော် ထွန်းပေါ်တော် မမူမှီကပင် (ပြခဲ့သည့် အတိုင်း )အတု **အယောင် ဟန်ဆောင်** ဗုဒ္ဓတို့ ပေါ်ပေါက်နေရကား **ကောသလ** မဟာ ရာဇာလည်း ဗုဒ္ဓကို မယုံကြည်သူ အများတွင် တယောက် အပါ အဝင် ဖြစ်၏၊ ဗုဒ္ဓရှင်တော်မြတ်သည် ဗုဒ္ဓ ဖြစ်တော်မူပြီးနောက် ဒုတိယဝါ၌ ရာဇဂြိုဟ်မြို့ ဝေဠုဝန် တိုက်တော်မှာ **ဝါ**ကပ်တော် မူပါသော်လည်း ထိုဝါတွင်း မတိုင်မှီ **အနာထပိဏ်** သေဌေး၏ ပင့်လျှောက်ချက် အရ သာဝတ္ထိမြို့သို့ ကြွတော်မူရာ ထိုအခါ သက်တော် ၃၇ နှစ်မျှ ရှိတော်မူ ပေဉူးမည်၊ ထို သာဝတ္ထိမြို့သို့ ရောက်တော်မူစဉ် ကောသလ မဟာရာဇလည်း ဗုဒ္ဓထံတော်သို့ ရောက်လာ၍ ဝမ်းမြောက်ဘွယ် **စကား**များကို ပြောပြီးလျှင်....

မဟာရာဇာ။　။အရှင်ဂေါတမလဲ ဗုဒ္ဓဟု ဝန်ခံပါသလော။ [ရှေးတုန်းက မိဒ်စုံစမ်းခဲ့ဘူးသော ဆရာကြီးခြောက်ယောက်ကို သတိရ၍ အရှင် ဂေါတမလဲ ဟု သုံးစွဲလေသည်။]

ဗုဒ္ဓရှင်တော်။　။"မဟာရာဇာ...ဗုဒ္ဓဗုဒ္ဓ ဟု ပြောလျှင် ငါ့ကိုပြောမှသာ အမှန်ဖြစ်မည်၊ ငါသည် အလွန်ကောင်းမြတ်သော ဥာဏ်ကိုရပြီ။

မဟာရာဇာ။　။အရှင်ဂေါတမ........နောက်လိုက် နောက်ပါ တပည့် များစွာဖြင့် ဂိုဏ်းဆရာကြီး ဖြစ်ကြသော ပုရာဏ ကဿပ စသော ဆရာကြီးတို့သော်မှ "ဗုဒ္ဓ ဖြစ်ကြပါရဲ့လား" ဟု မေးသည့်အခါ ဗုဒ္ဓ ဖြစ်ကြောင်းကို ဝန်မခံကြကုန်၊ ရှင်ဂေါတမမှာ အသက်လဲငယ်-ရဟန်းပြုထားကာလ မကြာသေး သောကြောင့် ဗုဒ္ဓ ဟု ဝန်မခံသင့် သေးပါ။ [ရှင်ဘုရင် ဖြစ်သည့်အားလျော်စွာ အထက်ကနေ၍ စီးစီး နင်းနင်း ပြောဆိုလေသည်။]

ဗုဒ္ဓရှင်တော်။　။ မဟာရာဇာ လေးမျိုးသော အရာတို့ကို သေးငယ်သည် ဟု အထင် မသေးသိုက်ကုန်၊ လေးမျိုးတို့ကား...မင်းမျိုး မင်းနွယ် ဖြစ်သော ကလေး, မြွေဆိုး, မီး, ရသေ့တို့တည်း၊ မဟာရာဇာ....မင်းမျိုး မင်းနွယ် ဖြစ်သော သူငယ်ကို "အငယ်ကလေးဘဲ" ဟု မလေးမစား ပြုလျှင် ရှင်ဘုရင် ဖြစ်သည့်အခါ ထို ငယ်စဉ်က မလေးစားခံရမှုကို သတိရ၍ ထို မလေးမစား ပြုခဲ့သူကို ကြီးလေးစွာ အပြစ်ပေးတတ်သည်၊ အဆိပ် ထန် သော မြွေကို "အငယ်ကလေးဘဲ" ဟု အမှုမဲ့ အမှတ်မဲ့ မလေးမစား ဂရု မစိုက်ပြုလျှင် ထို မြွေကလေး ကိုက်၍လည်း သေနိုင်သည်၊ မီးကို "အနည်း ငယ် ကလေးဘဲ" ဟု မလေးမစားပြုလျှင် မီးကလေးသည် အမိုက်စသော လောင်စာနှင့် တွေ့သည့်အခါ ကြီးကျယ်စွာလောင်တတ်သည်၊ [အမှိုက်က စ၍ နန်းတော်ပြာသာဒ်ကိုပင် မီးခံနိုင်သည် — ဟုလို၊ ] ထို့အတူ သီလ

သိက္ခာ ရှိသော သူတော်ကောင်း ရသေ့ ရဟန်းကို " အငယ်ကလေးဘဲ (ကိုရင်ကလေးဘဲ ) " စသည်ဖြင့် မလေးမစားပြုပြန်လျှင် သူ၏ သီလ တန်ခိုးကြောင့် အကျိုးမဲ့ ဖြစ်ရဘတ်သည်။

**မှတ်ချက်** ။ ။ ကောသလ မဟာရာဇာသည် ဉာဏ်ပညာ နည်းပါး ရှာ၏၊ ထို့ကြောင့် ဗုဒ္ဓရှင်တော်သည် သူနှင့်တန်ရုံသာ တရား ဟောတော်မူ၏၊ ထို မဟာရာဇာလည်း ထိုမျှလောက် တရားစကားကိုပင် များစွာ သဘောကျ၍ ရတနာ ၃ ပါးကို ကိုးကွယ် ဆည်းကပ်သူ ဥပါသကာ ဟူ၍ မှတ်တော်မူပါခည့် အကြောင်းကို လျှောက်ထားလေသည်၊ ဤသုတ္တန်၌ "အသက်ကြီးသူနှင့် ရဟန်းပြု၍ ကြာမြင့်သူတွေသာ ဗုဒ္ဓဖြစ်မည်ဆိုလျှင် ဖြစ်တန်ရာ၏၊ အသက်ငယ်ငယ်နှင့် ရဟန်းပြုခါစ ဖြစ်သူတို့ကား အသိ ဉာဏ် နည်းပါးဦးမည်သာ"ဟု မဟာရာဇာ ထင်နေခြင်းသည် " အသက် ကြီးသော ဘုန်းကြီး ဟူသမျှ စာတတ်ချည်း " ဟု ငယ်စဉ်က ဘုန်းကြီး ထင်ခဲ့ခြင်းနှင့် တူလှ၏၊ ယခုကာလ၌လည်း အသက်သိက္ခာ ကြီးသူတို့၏ စကားကိုသာ အမှန် ဟု ယူဆချင်ကြ၏၊ ရှိသေ ကိုင်းရှိုင်းရမည့် ကိစ္စ၌ ကြီးသူကို ဂရုဂါရဝ ပြုသင့်၍ ပညာရေးဆိုင်ရာ (အသိဉာဏ်ဆိုင်ရာ) မှာမူ နဂိုရ်ဉာဏ် အရည်အချင်းနှင့် အသင် အကြား ( ဗဟုဿုတ ) များခြင်း · လုပ်ရည်ကိုင်ရည် ဝနေခြင်းတို့သာ ပမာဏ ဖြစ်ကြောင်း– အသက် အကြီး အငယ်မှာ ပမာဏ မဟုတ်ကြောင်း သတိပြုသင့်ကြပေသည်။

**ဗုဒ္ဓကို ယုံကြည်လာခြင်း**

ကောသလ မဟာရာဇာသည် ပင်ကိုယ်ဉာဏ် ထက်သန်လှသူ မဟုတ် သောကြောင့် မဂ်ဖိုလ် တရားကို မရထိုက်သော်လည်း ဗုဒ္ဓ ရှင်တော် မြတ်သည် ဝါတော် ၂၀ ရပြီးသည်မှ နောက်၌ သာဝတ္ထိမြို့တော် မှာချည်း ၂၅ ဝါ ပတ်လုံး သီတင်းသုံးတော်မူသောကြောင့် ဗုဒ္ဓကို

မကြာခဏ ဖူးတွေ့ခွင့်ရသဖြင့် တရားအမျိုးမျိုးကို နာရသည့် အတွက် ခြေကြွ မြဲမြဲ နှစ်နှစ်ကာကာ ယုံကြည်သော မဟာ ရာဇာကြီးတယောက်အား ဖြစ်ရပေသည်၊ ဗုဒ္ဓအပေါ်၌ ကောသလ မဟာရာဇာ နှစ်နှစ်ကာကာ ယုံကြည်ကြောင်းမှာ လည်း သူ၏ နောက်ဆုံး အကြိမ် (နတ်ရွာစံခါနီး၌) လျှောက်ထားသော စကား များဖြင့် ထင်ရှား၏၊ ထိုစကားများသည် မဇ္ဈိမ ပဏ္ဏာသ ပါဠိတော် ဝယ် ဓမ္မစေတိယ သုတ္တန် ဟူသော နာမည်ဖြင့် လာ၏၊ ထိုသုတ္တန် စကားများကို ဤနေရာ၌ ကောက်ပြပါမည်။

**မဟာရာဇာကြီး ဗုဒ္ဓကို သတိရပုံ**

ကောသလ မဟာရာဇာသည် ကိစ္စတစုံတရာ ကြောင့် သာကီဝင်မင်းတို့၏ နယ်ပယ်တွင် ပါဝင်သော "နဂရက" နိဂုံးသို့ ရောက်နေ၏၊ သူသည် နောက်လိုက်နောက်ပါ အခြွေအရံဖြင့် ဥယျာဉ်တခုသို့ သွား၍ ရှုကားသည့်အခါ တိတ်တိတ်ဆိတ်ဆိတ် ကြည်နူးဘွယ် ကောင်းသော သစ်ပင်များကို မြင်ရလေသော် ထိုကဲ့သို့ နေရာမျိုး ဝယ် ဗုဒ္ဓရှင်တော်နှင့် မကြာခဏတွေ့ဆုံခဲ့ရဘူးသဖြင့် ဗုဒ္ဓကို အမှတ် ရလေသည်၊ ထိုအခါ " ကာရာယန " စစ်သူကြီးလည်း အနီးမှာ ရှိသောကြောင့် ထိုစစ်သူကြီးကို ပြောသည်မှာ - အချင်း ကာရာ ယန...ဤသစ်ပင်များ၏ အောက်မှာ အလွန်ကြည်နူးစရာ ကောင်းပါ ပေသည်၊ လူသံ သူသံလည်း မကြားရ, သူတပါး မကြားစေလိုသော စကားကို တိုးတိုး တိတ်တိတ် တိုင်ပင် လိုသူတို့လည်း အသုံးပြုဘို့ ကောင်းလှ၏၊ ရဟန်းတော် အရှင်မြတ်တို့လည်း ကမ္မဋ္ဌာန်း ဘာဝ နာ စီးဖြန်းကာဖြင့် တပါးထည်း ကိန်းအောင်းနေဘို့ရာ ကောင်းလှ ပေ၏၊ ဤကဲ့သို့ နေရာမျိုးဝယ် ဗုဒ္ဓရှင်တော်မြတ်ကို ဆည်းကပ်ခဲ့ရ

ဘူးဘယ်၊ ယခုအခါ ဗုဒ္ဓ ရှင်တော် မြတ်သည် ဘယ်အရပ်မှာ သီတင်းသုံးတော် မူပါသလဲ ” ဤသို့ ပြောဆို မေးမြန်းလေလျှင် စစ်သူကြီးက ထိုနေ့၌ပင် အရှေ့က် သွားနိုင် လောက်သော “မေဒါဠု၁၀ ” နိဂုံးမှာ သီတင်းသုံးတော်မူကြောင်း သံတော်ဥုး တင်သဖြင့် ချက်ခြင်းပင် ဗုဒ္ဓထံတော်သို့သွား၍ ရောက်လျှင် ရောက်ခြင်း ခြေတော်တို့၌ ဦးတိုက်၍ ခြေတော်ကို ပါးစပ်ဖြင့်စုပ် - လက်ဖြင့် လည်း အားရပါးရ ဆုပ်ကိုင်လေသည်။

**ဗုဒ္ဓကိုမြတ်နိုးခြင်း၏ အကြောင်း**

ထိုသို့ ခြေတော်ကို လွန်စွာ အလေးပြုပြီး သော မဟာရာဇာကြီးကို ဗုဒ္ဓရှင်တော်က “ဘယ်အကျိုးထူးကို မြင်သောကြောင့် ဤ ခန္ဓာကိုယ်အပေါ်မှာ ဤမျှလောက် လွန်လွန်မင်းမင်း ရိုသေမြတ်နိုး ခြင်းကို ပြုရသနည်း”ဟု မေးတော်မူလေရာ ,ရှင်တော်မြတ်အပေါ် သမ္မာသမ္ဗုဒ္ဓဖြစ်ကြောင်း ဓမ္မလည်း ကောင်းစွာ ဟောထားတော် မူကြောင်း တပည့်သာဝက အပေါင်းလည်း ကောင်းစွာ ကျင့်ကြ ကြောင်းကို ( ပိုင်ပိုင်နိုင်နိုင်ကြီး မဟုတ်စေကာမူ ) မှန်းဆ၍ သိနိုင် လောက်သော အသိဉာဏ်မျိုးကို ဒကာတော်မှာ ရနေပါသည်၊ထိုသို့ ရခြင်းကြောင့် ရှင်တော်မြတ်အပေါ်၌ ဤမျှလောက်ရိုသေလေးစားမှု ပြုပါသည် ဟု လျှောက်ထားပြီးနောက် အသိဉာဏ် ဖြစ်ပေါ်လာရ ခြင်း၏ အကြောင်းများကို ဆက်လက်လျှောက်ထားသည်မှာ....

**သာသနာအတွင်းအပ သမဏ ၂ မျိုး**

ဗုဒ္ဓ အဆုံးအမ(ဗုဒ္ဓသာသနာ)၏ ပြင်ပ၌ သမဏ အမည်ခံသော ရသေ့များ ရှိကြ လေရာ , သူတို့သည် ၁၀ နှစ်မှ အနှစ် ၄၀ အထိ မေထုန်ရှောင်ကြဉ်မှု စသော အကျင့်ကို ကျင့်ကြ၍

နောင်ခါ လူထွက်ကြပြီးလျှင် ကာမစည်းစိမ်ကို ခံစားကြ၏၊ ဗုဒ္ဓ၏ အဆုံးအမဖြစ်သော သာသနာ တော်၌ကား အသက်ပင် သေရစေကာမူ မြတ်သော အကျင့်ကို မစွန့်လွှတ်ဘဲ အသက် ဆုံးအောင် ကျင့်သွားကြသော သမဏတို့ကို တွေ့ရသဖြင့် "အင်း-ဗုဒ္ဓက အစစ်အမှန် ဖြစ်လို့သာ, ဗုဒ္ဓ၏ ဩဝါဒများက မှန်ကန် ကောင်းမြတ်လို့သာ, တပည့်သံဃာများ၏ ကောင်းသော အကျင့်ရှိကြလို့သာ ဤအရှင်တို့သည် ဤမျှလောက် စောင့်စည်းကြပါသည်" ဟု စိတ်ထဲ၌ မှန်းဆနိုင်သော အသိဉာဏ်ကို ရခဲ့ပါသည်။ [ဤစကားနှင့် စပ်၍ ယခုခေတ် ရဟန်းတော်များ လူထွက်ခြင်း၌ စောဒက တက်ဘွယ် ရှိနေ၏၊ ထိုအဖြေမှာ ပဋ္ဌက္က သာသနာ အခန်း၌ ထင်ရှားပါလိမ့်မည်။]

**ရဟန်းတော်များ ညီညွတ်ပုံ**

အရှင်ဘုရား…အကြောင်း တမျိုးမှာ — ယခုကာလ၌ မင်း ပုန်ကား သေဋ္ဌေး သူကြွယ် စသူတို့သည် အချင်းချင်း မညီမညွတ်ရှိကြပါ၏၊ သားအမိ သားအဘ မောင်နှမချင်းသော်မှ ငြင်းကြ ခုန်ကြနှင့် မညီ မညွတ်နိုင်ကြပါ၊ ဗုဒ္ဓ၏ သာဝက ဖြစ်ကြသော အရှင်တို့မှာ တပါးနှင့် တပါး ( နို့ ရည်နှင့်ရေ ရောထား သကဲ့သို့ ) လိုက်လိုက် ရောရော ရှိကြပုံ ခင်မင်သော မျက်လုံးဖြင့် အချင်းချင်း ကြည့်ရှုကြပုံကို တွေ့ရပါသည်၊ ဤ ဗုဒ္ဓ၏ ပရိသတ်လောက် ညီညွတ်သော ပရိသတ်ကို အခြား နေရာ၌ မတွေ့နိုင်ပါ၊ ထိုသို့ ညီညွတ်ပုံကို မြင်ရခြင်း ကြောင့်လည်း ဗုဒ္ဓဓမ္မနှင့် သံဃာတော်များ၏ အမှန် ကောင်းမြတ်ကြောင်းကို မှန်းဆ၍ သိနိုင်သောဉာဏ် ရရှိပါသည်။ [ဤနှင့်စပ်၍ ယခုခေတ် အချို့ ရဟန်းတော်များ၏ ရုံးပြင်ကနား

သွားရလေအံ့အောင် ကွဲပြားကြမှုကိုလည်း ပစ္စက္ခ သာသနာတော်ခဏ်း၌ ထင်ရှားစေပါမည်။]

**ရဟန်းတို့ကိုမြင်ရ၍ စိတ်ဖြစ်ပုံ**

မြတ်စွာဘုရား.... အကြောင်း တမျိုး ရှိပါသေး၏၊ ဒကာတော်သည် ဝိန်ချုံးနေသော ရဟန်းတို့ကိုမြင်ရ၍"ဤကိုယ်တော်များသည် သာသနာတော်၌ မပျော်ပိုက်ဘဲ ကျင့်နေကြဟန် တူ၏, သို့မဟုတ်လျှင် သူတို့ပြုမိသော မကောင်းမှုကို တွေး၍ ပူဆွေးနေကြဟန်တူ၏"ဟု ထင်မိသောကြောင့် ထိုရဟန်းတို့ကို မေးမြန်းသည့် အခါ၊ မျိုးလုံး ခဟုတ်ကြဘဲ မျိုးရိုးအလိုက် ပါလာသော ရောဂါရှိနေသူများ ဖြစ်ကြောင်းကို သိရပါသည်၊ ဝဝဖြိုးဖြိုး ရွှင်ရွှင် ပျပျနှင့် ရဟန်း၏ ကျင့်ဝတ်ကို ကျင့်ကာ လောကီ ရေးရာဝယ် လုလ္လကြောင့်ကြ ဗျာပါရ မရှိကြတော့ဘဲ မာန် တက်ကြွဟန်လည်း ရှိသော ရဟန်းတို့ကို မြင်ရသည့်အခါ၌ကား " အင်း.... ဗုဒ္ဓလည်း အစစ်အမှန် ဓမ္မလည်း ကောင်းစွာ ဟောပြသားဟန်ရှိ၍ သာဝက သံဃာတော်တွေ ဤမျှလောက် ပျော်ပျော် ရွှင်ရွှင် ကောင်းစွာ ကျင့်တော်မူကြတာ ဖြစ်ပေလိမ့်မည်"ဟု မှန်းနိုင် ဆနိုင်သော အသိဉာဏ်ကို ရရှိခဲ့ရပါသည်။

**ပရိသတ် ငြိမ် သက် ပုံ**

မြတ်စွာဘုရား .... အကြောင်းတမျိုး ရှိပါသေး၏၊ ဒကာတော်သည် သတ်နိုင် ဖြတ်နိုင် ဒဏ်တပ်နိုင်သော အာဏာပိုင်တယောက် ဖြစ်ပါလျက် တရားရုံး၌ ဒကာတော် စကားပြောနေစဉ် တချို့လူတွေ ကြားဝင်၍ ပြောတတ်ပါသည်၊ ဒကာတော်က " ငါပြောတုန်း ဝင်မပြောကြနှင့် "ဟု တားပေမဲ့ မရပါ၊ ရှင်တော်ဘုရားသည် ရာပေါင်း များစွာသော

ပဂျိသတ်ဝယ် တရားဟောတော်မူသည့် အခါ ရှင်တော် ဘုရား၏ သာဝက များစွာတွင် တပါးတလေမျှ ကျိုးသံ ချောင်းဟန့်သံ မပြု ကြပါ၊ တခါတုန်းက ရှင်တော်ဘုရား တရားဟောနေတော်မူစဉ် သာဝက တပါးက ချောင်းဟန့် လသော် အခြားကိုယ်တော်က အသာကလေး လက်ဘို့ပြီး "တိတ်တိတ်နေပါ, အသံမပြုပါနှင့်, ရှင်တော်ဘုရား တရားဟောနေသည်"ဟု တားမြစ်သည်ကို တွေ့ရ ဘူးပါ၏၊ ထိုအခါ ဒကာတော်စိတ်မှာ "အော်........ ဒုတိယဒါး လက်နက်-ဒဏ်ပေးချက်မပါဘဲ ယဉ်ကျေးအောင် ပရိသတ်ကိုဆုံးမ တော်မူနိုင်ပါပေစွ"ဟု ချီးကျူးပါသည်၊ ဤမျှလောက် ယဉ်ကျေး သိမ်မွေ့သော ပရိသတ်ကို သာသနာတော် ပြင်၌ မတွေ့ရပါ၊ ဤယဉ်ကျေးသိမ်မွေ့ပုံ မြင်ရ၍လည်း ဗုဒ္ဓ ဓမ္မ သံဃာ့ အပေါ်ဝယ် အားရကျေနပ်သော(ကြည်ညိုသော သဒ္ဓါနှင့်တကွ)အသိဉာဏ်ကို ရခဲ့ပါသည်။

**ပဏ္ဍိတ်တွေ သာဝကဖြစ်ပုံ**

အရှင်ဘုရား....အကြောင်းတမျိုး ရှိပါသေး၏၊ ဒကာတော်သည် ပဏ္ဍိတ် မင်းတွေ, ပဏ္ဍိတ် ပုဏ္ဏားတွေ ပဏ္ဍိတ်သေဌေး သူကြွယ်တွေ တွေ့ရဘူးပါသည်၊ သူတို့သည် သူတို့ ပညာစွမ်းဖြင့် တဘက်သား၏ အယူဝါဒကို ဖြိုဖျက်နေ သကဲ့သို့ ဖြစ်ကြပါကုန်၏၊ သူတို့သည် "မည်သည့် မြို့ရွာနိဂုံးသို့ ရှင်တော်ဘုရား ရောက်လာလိမ့်မည်"ဟု ကြားကြလျှင် အပြစ်တင်ကြဖို့ရန် ခက်ဆစ် ခက်ရာ ပြဿနာတွေကို စီစဉ်၍ ထားနှင့်ကြကုန်၏၊ သူတို့၏ ပြဿနာတွေကို " ဘယ်လိုပင် ဖြေဖြေ အပြစ်မကင်းနိုင်သော ပြဿနာတွေ " ဟု သူတို့က ယူဆ၍ အားရနေကြ ကုန်၏၊ ဗုဒ္ဓရှင်တော် ရောက်လာတော်မူသည့် အခါ

ဗုဒ္ဓရှိရာသို့ သူတို့လာကြလေရာ ဗုဒ္ဓရှင်တော်သည် သူတို့အား တရားဟောတော်မူသည့် အခါ သူတို့ လွန်စွာ နှစ်သက်ကြ၍ ပြဿနာကိုလည်း မမေးကြတော့ - အပြစ်လည်း မတင်ကြတော့ဘဲ သူတို့ကိုယ်သူတို့ သာဝက ( တပည့် ) ဖြစ်ကြောင်းကို ဝန်ခံကြပါသည်၊ ဤသို့ ပဏ္ဍိတ်ကြီးတွေ ကိုယ်တိုင်က သာဝကအဖြစ် ဝန်ခံကြပုံကို မြင်ရသည့်အခါ ဗုဒ္ဓ၏ အစစ်အမှန် ဖြစ်ကြောင်း ဓမ္မ၏ ကောင်းသောဓမ္မဖြစ်ကြောင်း သံဃာတော်၏ အကျင့်ကောင်းကြောင်းကို မှန်းဆ၍ သိနိုင်သောဉာဏ် ရရှိပါသည်။

**ရှင်ဘုရင်ထက် ဗုဒ္ဓကို လေးစားပုံ**

မြတ်စွာဘုရား.... အကြောင်းတမျိုး ရှိပါသေး၏၊ ဣသိဒတ္တနှင့် ပုရာဏ မည်သော ဗိသုကာတော်ကြီး ၂ ယောက်သည် ဒကာတော်၏ အမှုထမ်းများ ဖြစ်၍ သူတို့ အသက်မွေးမှု ရိက္ခာစုံကို ဒကာတော်ကပင် ပေးရပါသည်၊ သူတို့သွားဘို့ရာ ယာဉ်များလည်း ဒကာတော့် ပစ္စည်းပင် ဖြစ်ပါ၏၊ သို့ပါလျက် ဗုဒ္ဓအပေါ်မှာ လေးစားသလောက် ဒကာတော်ကို မလေးစားကြပါ၊ ရှေးတုန်းက ကိစ္စတခု ကြုံခဲ့ရဘူးသည်မှာ-ဒကာတော်သည် စစ်ထွက်သည့်အခါ သူတို့ကိုလည်း စုံစမ်းရင်း ကျဉ်းမြောင်းသော နေရာတခုဝယ် သူတို့နှစ်ယောက်နှင့် အတူ နေခဲ့ပါသည်၊ သူတို့သည် အတော် ညဉ့်နက်အောင် တရားစကားများကို ဆွေးနွေး ပြောဆိုနေကြစဉ် ဒကာတော် အိပ်ချင်ဟန် ဆောင်နေပါသည်၊ သူတို့ အိပ်ခါနီးသော် "ဘယ်အရပ်ဆီမှာ ဗုဒ္ဓသီတင်းသုံးနေသလဲ"ဟု သူတို့ချင်းမေးကြ၍ ဗုဒ္ဓ သီတင်းသုံးရာဘက်နှင့် ဒကာတော် နေရာဘက်မှာ တဘက်စီ ဖြစ်နေကြောင်းကို သိကြသဖြင့် ဒကာတော်ဘက်ကို ခြေပြု၍ ဗုဒ္ဓ

ရှိရာဘက်သို့ ဦးခေါင်းပြု၍ အိပ်ကြပါသည်၊ ( အသက်မွေးဝမ်းကြောင်း ဘာတခုမျှ မရဘဲနှင့် ) ထိုမျှလောက် ရိုသေလေးစားပုံကို မြင်၍ အံ့ဩမိကာ ဗုဒ္ဓ၏ အစစ်အမှန် ဖြစ်ကြောင်း ဓမ္မ၏ ကောင်းသော ဓမ္မဖြစ်ကြောင်း သံဃာ၏ အကျင့်ကောင်းကြောင်းကို မှန်းဆနိုင်သော အသိဉာဏ် ရှိပါသည်။

**အချင်းချင်းဖြစ်၍ လေးစားပုံ**

ရှင်တော်မြတ်ကို အလေးအမြတ် ပြုရာ၌ အကြောင်းတမျိုး ရှိပါသေး၏၊ အရှင်မြတ်လည်း ခတ္တိယ ( မင်းမျိုး မင်းနွယ် ) ဖြစ်၍ ဒကာတော်လည်း ခတ္တိယ ဖြစ်သည်၊ အရှင်မြတ်လည်း ကောသလတိုင်း၌ နေ၍ ဒကာတော်လည်း ကောသလတိုင်း၌ နေသူဖြစ်ပါ၏၊ အရှင်မြတ်လည်း သက်တော် ရှစ်ဆယ်ရှိ၍ ဒကာတော်လည်း အသက်ရှစ်ဆယ် ရှိပါပြီ၊ ဤသို့ ဇာတ်တူ နေရပ်တူ အသက်တူ ဖြစ်နေသောကြောင့်လည်း ရှင်တော်ဘုရား အပေါ်၌ ဓိတ်ဆွေအပေါ်မှာ မြတ်နိုးသလို မြတ်နိုးပါသည် - ဟု လျှောက်လေသည်၊

ကောသလ မဟာရာဇာသည် ဗုဒ္ဓ ရှင်တော်မြတ်နှင့် ဤနေရာ၌ နောက်ဆုံးတွေ့ခြင်း ဖြစ်၏၊ ထိုသို့တွေ့ပြီးနေ့ ထိုည၌ပင် မိုယ်းလင်းခါနီးလောက်မှာပင် မဟာရာဇာကြီး ကံတော် ကုန်လေသည်၊ မဟာရာဇာကြီးသည် ရှေးရှေး ဘဝများစွာ၌ ဖြည့်ကျင့်ခဲ့သော ပါရမီ နည်းပါးခဲ့သောကြောင့် ပင်ကိုယ်ဉာဏ် နည်းပါးရှာရကား ဗုဒ္ဓကို ကြည်ညို လေးမြတ်သည် ဟု ဆိုရပါသော်လည်း ဗုဒ္ဓနှင့် ပွန်းပွန်းတီးတီး နီးနီးနားနား နေရပါလျက် မဂ်ဖိုလ်တရားထူးကို မရလိုက်ရှာချေ။

## ဗုဒ္ဓရှင်တော်နှင့် ဗိမ္ဗိသာရမင်း

**အလောင်းတော်ကို ပဌမတွေ့ခြင်း**

ငါတို့ ဗုဒ္ဓအလောင်းတော်သည် ရဟန်းပြု၍ မကြာခင် ရာဇဂြိုဟ် မြို့တော်၌ ဆွမ်းခံဝင်တော်မူလေရာ မြို့သူမြို့သားတို့သည် ရုပ်အဆင်းအားဖြင့်၎င်း ဣန္ဒြေအား၎င်း အခြားရသေ့များနှင့် မတူသော ရသေ့ရဟန်း တဦးကို မြင်ကြရသည့်အခါ အထူးအဆန်း တအံ့တသြဖြင့် လှုပ်လှုပ်ရွရွ ကြည့်ရှုကြစဉ် အချို့လူတို့က မဟာရာဇာထံ အမြန်သွား၍ သံတော်ဦးတင်ကြလေသော် ဗိမ္ဗိသာရမဟာရာဇာသည် နန်းတော်ပေါ်မှ ရှုမျှော်ကာ ထူးခြားသော ပုဂ္ဂိုလ်ဟု အထင်ရှိသောကြောင့် မင်းချင်းယောကျ်ား ၃ ယောက်ကို နောက်ကလိုက်သွားပြီးလျှင် စုံစမ်း၍ ချက်ခြင်း သံတော်ဦးတင်ဘို့ရန် လွှတ်လိုက်လေသည်၊ မင်းစေတမန်တို့လည်း နောက်ယောင်ခံ၍ လိုက်သွားကြလေရာ မြို့တော်ပြင်ဘက် ပဏ္ဍဝ တောင်ခြေဝယ် ဆွမ်းဘုဉ်းပေးတော်မူနေသည်ကို တွေ့ရ၍ မင်းစေတယောက်က မဟာရာဇာထံ သံတော်ဦးတင်လာ လေသော်, မဟာရာဇာ လိုက်လာ၍ အလောင်းတော်နှင့် ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်စကား ပြောဆိုပြီးလျှင်.... အရွယ်ကလည်း ငယ်ငယ် ကိုယ်နေ ကိုယ်ဟန်ကလည်း တင့်တယ်၍ အသား အရေ အဆင်းမှာလည်း ရွှေကဲ့သို့ ဝင်းနေပါတယ်၊ ကျွန်ုပ်ရဲ့ အထင် ပြောရလျှင် ဇာတိမြင့်သော ခတ္တိယတပါးဟု ထင်ပါတယ်၊ ကျွန်ုပ်ရဲ့စည်းစိမ်ကို ခွဲ၍ပေးပါမည်၊ တိုင်းပြည်ကို အုပ်ချုပ်၍ မဟာရာဇာ တပါး လုပ်ပါ ဟု ဖိတ်မံ့လေသည်။

**ဗုဒ္ဓဖြစ်လျှင် ကြွလာရန် ပဋိညာဉ်တောင်းပုံ**

ထို အခါ ဗုဒ္ဓ အလောင်းတော်သည် ဟိမဝန္တာ၏ နံပါး သက္ကတိုင်း ကပိလဝတ္ထုပြည်၊ တော်ဝယ် အာဒိစ္စ အနွယ် (နေမျိုး နေနွယ်)သာကီယဇာတ် (သာကီမင်းမျိုး)မှ ထွက်၍ ရဟန်း ပြုကြောင်း ထိုးနန်းစည်းစိမ်သော ကာမစည်းစိမ်ကို မတောင့်တတော့ကြောင်း၊ မဟာ နန်းအားထုတ်လိုသော စိတ်သာလျှင် ဖြစ်နေကြောင်းကို မိန့်တော်မူလေရာ, မဟာရာဇာလည်း တရားအားထုတ်၍ အသိဉာဏ် ထူးကို ရသည့်အခါ (ဗုဒ္ဓ ဖြစ်သည့် အခါ)၌မိနိုင်ငံတော်သို့ ပဌမ(ခတ်စောစော)ကြွလာဘို့ရန် ပဋိညာဉ်တောင်းသဖြင့် အလောင်းတော်လည်း ပဋိညာဉ်ပေးပြီးလျှင် တရားထူးကို ရှာဖွေတော်မူလေသည်။

**ဗုဒ္ဓဖြစ်မှ ပြန်၍တွေ့ကြပုံ**

ရှင်တော်ဘုရားသည် ဗုဒ္ဓ ဖြစ်သည့် အခါ ပဌမဝါ၌ ဗာရာဏသီမြို့ အနီး ဣသိပတန မိဂဒါဝုန်တောဝယ် ဝါကပ်တော် မူပြီး၍ ဝါကျွတ်သည့်အခါ ထိုဝါတွင်း၌ ရဟန္တာ ဖြစ်ကြသော ၆ ကျိပ်သော ရဟန်းတော် တို့ကို ထိုထို ဤဤ ဒေသစာရီ လှည့်လည်၍ တရားဟောပြောဘို့ရန် စေလွှတ်တော် မူပြီးလျှင် ကိုယ်တော်တိုင်လည်း ဥရုဝေလ တောသို့ ကြွတော်မူကာ ဥရုဝေလ ရသေ့ အမှူးရှိသော ရသေ့ တထောင်ကို တရားဟောတော်မူသည်၊ ထိုသို့ တရားဟောတော်မူ၍ ရဟန္တာ ဖြစ်ကြသော ဘိက္ခုတထောင် ခြံရံတော်မူလျက် ရာဇဂြိုဟ်မြို့၏ အနီး ထန်းတော ဥယျာဉ်ကြီးဝယ် ရောက်လာတော် မူကြောင်းကို ကြားလျှင် ကြားခြင်း ဗိမ္ဗိသာရမဟာရာဇာသည် တသိန်း ၂ သောင်းလောက်သော ပုဏ္ဏားသူကြွယ်

တို့နှင့် အတူ ထွက်တော်မူကာ ဗုဒ္ဓ၏ ခြေတော်တို့ကို ရှိခိုးဦးတိုက် လာလေသော်.........မိမိတို့ နယ်ပယ်တွင် အကြည်ညို အများဆုံး ခံရသော ဥရုဝေလရသေ့ကြီးကိုယ်တိုင်က ဗုဒ္ဓ၏ တပည့်(သာဝက) ဖြစ်နေကြောင်းကို သိကြရသဖြင့် ဗုဒ္ဓအပေါ်၌ သာ၍ ယုံကြည် ကြသော ပရိသတ် အပေါင်းအား မဟာနာဒရ ဇာတ်တော်ကို ဟောပြ၍ သစ္စာ ၄ ပါးကိုလည်း ပြတော်မူရာ အတူပါလာသော တသိန်း နှစ်သောင်းတွင် တသိန်း တသောင်းသော ပရိသတ်နှင့် အတူ ဗိမ္ဗိသာရမဟာရာဇာ သောတာပန် ဖြစ်လေသည်။ [တသောင်းလောက်ကား ရတနာ ၃ ပါးကို ယုံကြည်သော ဥပါ သကာမျှလောက်သာ ဖြစ်သည်။]

**မဟာရာဇာ ၂ ဦး ဓာတ်ခံ မတူပုံ**

ကောသလ မဟာရာဇာသည် ဗုဒ္ဓကို ပဌမ အကြိမ် တွေ့စဉ်က မလေးမစားပင် စကား ပြောသေး၏၊ ဗုဒ္ဓနှင့် စပ်၍ ဓာတ်ခံ နည်း ပါးလှ၏၊ ထို့ကြောင့်လည်း နောက်နောင် အခါငယ် ဗုဒ္ဓကို ယုံကြည် ပါလျက် မူလဓာတ်ခံ ညံ့ခဲ့မှုကြောင့် မည်သည့် တရားထူး ကိုမျှ ရသည်ဟု စာဆိုမတွေ့ရချေ၊ ဗိမ္ဗိသာရမဟာရာဇာကား ဗုဒ္ဓ မဖြစ်မီကပင် တိုင်းပြည်စည်းစိမ်ကိုပါ လွှဲအပ်နိုင်လောက်အောင် ဗုဒ္ဓအလောင်း၏ အသရေတော်ကို ကျေနပ်ခဲ့၏၊ ဗုဒ္ဓဖြစ်လာသည့် အခါ၌ကား သစ္စာ ၄ ပါး တရားအမှန်ကို ပဌမ ကြားရလျှင်ပင် သောတာပန် ဖြစ်သွားလေသည်၊ ဗိမ္ဗိသာရ မဟာရာဇာသည် ဗုဒ္ဓ ကို ယုံကြည်မှုနှင့် စပ်၍ မူလဓာတ်ခံ အင်မတန် ကောင်းခဲ့သူ ပေတည်း၊ ဤသို့ မဟာရာဇာ ၂ ဦးတို့ မူလဓာတ်ခံချင်း ကွာခြား သလောက် တရားထူးရ - မရ ကွာခြားပုံကို သတိပြုကာ မိမိတို့၏

ကိုယ်ရေးကိုယ်တာအတွက် တရားဘက်ဆိုင်ရာ ခေတ်ကောင်းသို့ ဖြစ်အောင် ယူဆောင်သင့်ကြပေသည်။

## ဗုဒ္ဓရှင်တော်နှင့် ဗြဟ္မာယု ပါမောက္ခ

**ဥတ္တရလုလင်စေလွှတ်ပုံ** ဇာနီယဉ် ယခုအခါ နေရှူးစသော ပဏ္ဍိတ်တို့ကဲ့သို့ မနေရှင် ပညာတတ် ဇောတ်မြင့်သော ဗြာဟ္မဏ (ဗြာဟမင်- ပုန်ဏား )လူမျိုးတို့သည် သူတို့ ကိုယ်တိုင်က လူအများကို ပညာနှင့် ဩဝါဒပေးနေသော ဆရာကြီးတွေ ဖြစ်ပေရကား ဗုဒ္ဓ ထွန်းပေါ်တော်မူလာသည့်အခါ ထို ဗြာဟ္မဏတွေသည် ဗုဒ္ဓအပေါ်၌ အထင်မကြီးနိုင်ကြ သေးချေ၊ ထိုသို့ ဗုဒ္ဓကို အထင်မကြီးနိုင် ကြသော်လည်း သူတို့ကိုယ်တိုင် ပညာရှိကြီးများ ဖြစ်သောကြောင့် ကေန် ဗုဒ္ဓအစစ် ဖြစ်ကြောင်းကို သိသည့်အခါ တပည့်သာဝက ခံဘို့ရန်လည်း ဝန်မလေးကြပေ၊ ထို့ကြောင့် ဗုဒ္ဓ၏ ဂုဏ်သတင်းများ တစ တစ ပြန့်နှံ့လာလေရာ ဒိထိလာမြို့နေ "ဗြဟ္မာယု"မည်သော ပါမောက္ခ ဆရာကြီးလည်း ကြားရသဖြင့် သူ့ကိုယ်တိုင် စုံစမ်းချင်စိတ် ဖြစ်သော်လည်း ဗုဒ္ဓ အတူနှင့် တွေ့နေလျှင် "မဆင် မခြင် သွားရမလား "ဟု အများ ကဲ့ရဲ့ဘွယ် ဖြစ်မည် စိုးသောကြောင့် သူ၏ လက်ထောက် " ဥတ္တရ "မည်သော ဆရာကလေး တယောက်ကို ခေါ်၍။....

" ဥတ္တရ...သာကီ သဇောတ် ခတ္တိယမျိုးမှ ထွက်၍ ရဟန်းပြုသော အရှင်ဂေါတမသည် ငါတို့ ဝိဒေဟတိုင်းမှာ ဘိက္ခုများဖြင့် ခြီရံလျက် လှည့်လည်နေတယ်၊ ထို အရှင်ဂေါတမ၏

ဂုဏ် သတင်းလဲ အလွန်ကျော်ကြားတယ်၊ ထို အရှင်ဂေါတမ အထံသို့ သွား၍ ကျော်ကြားသလောက် ဟုတ် - မဟုတ်ကို စုံစမ်းပါချေ"ဟု ပြောလေသည်။

**ဥတ္တရ။ ။ကျော်ကြားသလောက် ဟုတ် – မဟုတ် ကို ဘယ်လို နည်း ဖြင့် သိရပါမည်လဲ။**

ဆရာကြီး။ ။(ဝေဒကျမ်းဂန်မှာ ဗုဒ္ဓစသူတို့၏ လက္ခဏာတွေကို ပြသော ဂါထာမန္တာန်ပေါင်း တသောင်းခြောက်ထောင် ရှိ၏၊ ထိုမန္တာန် တို့တွင် ဗုဒ္ဓဆိုင်ရာ ဂါထာတို့ကို ညွှန်ပြပြီးလျှင်) "၌ ဂါထာမန္တာန် တို့၌ ပါသောလက္ခဏာတွေ စစ်ဆေးစုံစမ်းရမည်၊ ထိုလက္ခဏာနှင့် ညီညွတ်သူသည် လူ့ဘောင်မှာ နေလျှင် စကြာမင်း , တောထွက် လျှင် ဗုဒ္ဓဖြစ်ရမည်"။

**ဗုဒ္ဓလက္ခဏာ တွေ့ရပုံ**

ဥတ္တရလုလင်သည် ဗုဒ္ဓထံမှောက်သို့ ရောက်၍ ဗုဒ္ဓ၏ ရုပ်လက္ခဏာတို့ကို ဝေဒမန္တာန်နှင့် ညီ-မညီ စုံစမ်း လေရာ ( လက္ခဏာတော် ၃၂ ပါး ရှိသည်တွင် ၃၀ တို့ကား အပြင်၌တိုက်ရိုက်မြင်နိုင်သောကြောင့် မန္တာန်နှင့်ညီညွတ် ကြောင်းကို သိရသော်လည်း ) အင်္ဂါဇာတ်တော်နှင့် လျှာတော်မှာ အတွင်းဖြစ်နေသောကြောင့် မမြင်နိုင်ရကား ထိုလက္ခဏာ ၂ ပါး အတွက် ယုံမှား သံသယ ဖြစ်နေသည်ကို သိတော်မူသော ဗုဒ္ဓ ရှင်တော်မြတ်သည် လျှာတော်ကို ထုတ်တော်မူ၍ လက်ဝဲ လက်ယာ နှာခေါင်းနှင့် နားတွင်းတို့ကိုလည်း သုံးသပ်ပြတော်မူ၏၊ နဖူးတော် ကိုလည်း ဖုံးပြတော်မူ၏၊ ထိုသို့ ပြတော်မူသဖြင့် လျှာတော်၏ ရှည်ကြောင်း ပြန့်ကျယ်ကြောင်းကို သိသွားလေသည်၊ အင်္ဂါဇာတ် တော်ကိုကား တိုက်ရိုက်ပြ၍ မဖြစ်နိုင်သောကြောင့် အဝတ်တွင်း၌

ရှိသော အင်္ဂါဇာတ်၏ ပုံသဏ္ဌာန်ကို ( ခုတ်ပုံ ပြသကဲ့သို့ ) အင်္ဂါ အရောင်မျှ ပြတော်မူလေသော် အဘိဓါန်ဖြင့် ဖုံးကာ ပဒုမ္မာကြာတိုက် နှင့် ပုံသဏ္ဌာန် တူမျှ ရွှေအဆင်း ရှိသော အင်္ဂါဇာတ်တော်ကို မြင်ရသည့်အခါ ဗုဒ္ဓလက္ခဏာ အားလုံး ညီညွတ်နေကြောင်းကို သိရလေသည်။

**အနေအထိုင်ကို စုံစမ်းပုံ** ဥတ္တရလုလင်သည် ဆရာကြီးက လက္ခဏာကိုသာ စုံစမ်းဘို့ရန် ခိုင်းလိုက်သော်လည်း " ဘယ်ပုံ ဘယ်နည်း နေထိုင်သလဲ " ဟု မေးလျှင် မဖြေနိုင် မည် စိုးသောကြောင့် ဗုဒ္ဓ၏ အနေအထိုင်ကိုပါ သိလိုသဖြင့် ဗုဒ္ဓ၏ နေပုံ ထိုင်ပုံ ဟောပုံ ပြောပုံ ပရိသတ်နှင့် ဆက်ဆံပုံ ဤအလုံးစုံကို ဆက်လက် စုံစမ်းလေသည်၊ ကာလ အတော်ကြာလျှင် " ဗုဒ္ဓဟုတ်-မဟုတ် စုံစမ်းနေသော လုလင် " ဟု အသိများလာ၍ကား ဗုဒ္ဓကို ဆွမ်းဘုဉ်းပေးရန် ပင့်သူတို့သည် ဥတ္တရလုလင်ကိုပါ ဖိတ်မံကြလေ သည်၊ ဥတ္တရလည်း ဗုဒ္ဓနောက်က တကောက်ကောက် လိုက်ကာ ဆွမ်း အကပ်ခံပုံ ဆွမ်းဘုဉ်းပေးပုံ ဆွမ်းဘုဉ်းပေးပြီးနောက် သပိတ် ဆေးပုံ ထို့နောက် ဆွမ်းတရားဟောပုံ ထိုမှပြန်လာ၍ ရဟန်းများ ဆွမ်းစားပြီးချိန်ကို စောင့်ဆိုင်းတော်မူပြီးလျှင် ရဟန်းတော်များ ရောက်လာသည့်အခါ ဂန္ဓကုဋိ(ဘုရားကျောင်းတော် ) ၏ ဆင်ဝင် စမုခ်၌ ရပ်တော်မူ၍....

"ဘိက္ခုတို့....ကုသိုလ်ကိစ္စ၌ မမေ့တတ်သော သတိဖြင့် သီလ သမာဓိ ပညာကို ပြည့်စုံအောင် အားထုတ်ကြ, ကမ္ဘာလောကဝယ် ဗုဒ္ဓဖြစ်ချိန်မှာ လွန်စွာ ကြုံကြိုက်ခဲလှသည်၊ ထိုသို့ ခဲယဉ်းစွာသော ဗုဒ္ဓဖြစ်ချိန်နှင့် ကြုံကြိုက်ပါသော်လည်း မိမိကိုယ်တိုင်က လူ့ဘဝကို

ရနေဘို့ အရေးလည်း မလွယ်ကူသေးချေ၊ ဗုဒ္ဓ ဖြစ်ချိန်မှာ မိမိ ကိုယ်တိုင်က လူ့ဘဝကို ရနေစေကာမူ ( အထုံအထိုင်း အအနှင့် မိစ္ဆာအယူ ရှိသူမျိုး မဟုတ်ဘဲ ) သဒ္ဓါပညာ သမ္မာအယူ စသော သမ္ပတ္တိ အမျိုးမျိုးနှင့် ပြည့်စုံစေဘို့ရန် အင်မတန်ခဲယဉ်းပြန်၏၊ ထိုသို့ သမ္ပတ္တိနှင့် ပြည့်စုံစေကာမူ ဃရာဝါသ ကိစ္စများမြောင်း လူတို့ ဘောင်ကို စွန့်ခွါ၍ လွတ်လွတ်ကျွတ်ကျွတ် တရား အားထုတ်နိုင်ခွင့် ရသော ပဗ္ဗဇိတ ဘဝကို ရဘို့အရေးမှာ သာ၍ ဝေးသေးသည်၊ (ပဗ္ဗဇိတ ဟူရာ၌လည်း ရသေ့ဘဝ ဗုဒ္ဓသာဝက ဖြစ်သော ရဟန်း ဘဝ ၂ မျိုးနှင့် ဆက်ဆံနေသောကြောင့်)ထို ပဗ္ဗဇိတဘဝကို ရနေသော်လည်း ဗုဒ္ဓ၏ သစ္စာလေးပါးနှင့် စပ်ယှဉ်သော တရားကို နာယူဘို့ အရေးလည်း ခဲယဉ်းသေး၏၊ သင်တို့မှာကား ဗုဒ္ဓ၏ ဖြစ်ပေါ်ချိန်မှာ လူ့ဘဝကိုရ၍ သဒ္ဓါပညာစသော သမ္ပတ္တိအမျိုးမျိုး နှင့်လည်း ပြည့်စုံသော ဗုဒ္ဓသာဝကများ ဖြစ်ကြပြီးလျှင် သစ္စာ လေးပါးနှင့် ယှဉ်သော တရားကို နာယူကာ ခဲယဉ်းဘွယ် ဟူသမျှ တွေကို အပြည့်အစုံ ရနေကြသောကြောင့် အမှတ်တမဲ့ ပေါ့ပေါ့ ဆဆ မနေကြဘဲ သတိကြီးစွာထား၍ သီလ သမာဓိ ပညာ သိက္ခာ ၃ ပါးကို ပြည့်ဝစုံလင်အောင် ကြိုးစားကြရမည် ” ဤသို့ ဩဝါဒ ပေးတော်မူပြီးလျှင် ဂန္ဓကုဋီသို့ ဝင်တော်မူလေသည်။ [ဤ ဩဝါဒ ပေးတော်မူခြင်းကား တရက်မက နေ့စဉ်လောက်ပင် ဖြစ်သည်။]

**စုံစမ်းပြီး ပြန်ပုံ**

ဥတ္တရ လုလင်လည်း ဂန္ဓကုဋီသို့ ဝင်၍ ဗုဒ္ဓနေထိုင်ပုံကို စုံစမ်း၏၊ ဗုဒ္ဓသည် တခဏမျှ လှဲလျောင်း၍ နေဘို့ရန် အခြင်းအရာကို ပြသည့်အခါ လုလင်သည် ဂန္ဓကုဋီမှ ထွက်နေ၏၊ ဗုဒ္ဓသည် တခဏမျှ လှဲလျောင်း၍ ထတော်မူပြီး

လျှင် ဖလသမာပတ်ကို ဝင်စားတော်မူ၏၊ [ ယခုကာလ ကမ္မဋ္ဌာန်း ထိုင်နေသကဲ့သို့ နိဗ္ဗာန်ကို အာရုံပြု၍ စိတ်အစဉ် ဖြစ်နေမှုကို ဖလသမာပတ် ဝင်စားသည် ဟု ခေါ်၏၊ ] သမာပတ် ဝင်စားတော်မူပြီးနောက် တရားနာဘို့ရန် ပရိသတ်များ ရောက်လာကြောင်းကို သိတော်မူရ၍ တရားဟောရာ ဓမ္မာရုံသို့ ကြွတော်မူကာ တရားဟောတော်မူစဉ် လုလင်လည်း အနီးမှာထိုင်၍ "ဘယ်လို စကားမျိုးကို ပြောနေသလဲ ပရိသတ်ကို မြှောက်နေသလား,သို့မဟုတ် နှိပ်ချပြောနေသလား" စသည်ဖြင့် အကဲခတ်နေ၏၊ ဤနည်းအားဖြင့် ဗုဒ္ဓကို စုံစမ်းနေသည်မှာ ၇ လလောက် ကြာသွားလေသည်၊ ထိုအခါ စဉ်းစားမိသည်မှာ....ငါသည် ၇ လပတ်လုံး တကောက်ကောက် လိုက်၍ အပြစ်ရှာသော်လည်း အရှင်ဂေါတမ၏ အပြစ်ကို အနည်းငယ်မျှ မတွေ့ရ၊ နောက်ထပ် ဆက်၍ ၇ နှစ် အနှစ်တရာ အနှစ်တထောင်ကြာအောင် အပြစ်ရှာသော်လည်း တွေ့မည် မဟုတ်၊ ငါ၏ ဆရာ ပါမောက္ခကြီးလည်း အသက်ကြီးရှာပြီ၊ "ယောဂက္ခေမ" ခေါ် တရားတော်ကို ဆရာကြီး သိသင့်သည်၊ သို့ဖြစ်၍ ဆရာကြီးထံ အမြန်ပြန်ပြီးလျှင် ဗုဒ္ဓအစစ် ဖြစ်ကြောင်းကို ပြောပြတော့မည်၊ ဤသို့ ကြံစီကာ ဗုဒ္ဓရှင်တော်မြတ်ထံ ပြန်ပါဦးမည့် အကြောင်း ခွင့်တောင်း၍ အကျွမ်းဝင်နေသော သံဃာများကိုလည်း ဝပ်ချကာ ထွက်ခွါသွားလေသည်။

**ဆရာကြီးထံ ပြန်ပြောပုံ**

ဥတ္တရလုလင် ပြန်ရောက်လျှင်ရောက်ခြင်း ပါမောက္ခကြီးက "ဘဲ့နှယ်လဲ ဥတ္တရ.... ရှင်ဂေါတမရဲ့ ကျော်စောခြင်းသည် အမှန်ကျော်ထိုက်သောဂုဏ်ရှိ၍ ကျော်စောခြင်း ဟုတ်ပါရဲ့လား" ဟု မေးလေရာ ဥတ္တရ

လုလင်သည် သူ့ကိုယ်တိုင် တွေ့ခဲ့ကြုံခဲ့ စုံစမ်းခဲ့သမျှကို ခရေစေ့တွင်းကျ ပြန်၍ ပြောပြသည်မှာ.... အရှင်ဆရာကြီး ထိုအရှင်ဂေါတမသည် ယောကျ်ားမြတ်၏ လက္ခဏာ ၃၂ ပါးလုံး ပြည့်စုံပါသည်၊ ထိုလက္ခဏာတို့တွင်....

၁။ ခြေဘဝါးသည် လူအများကဲ့သို့ အလယ်၌ ချိုင့်၍ ခွက်၍ မနေဘဲ "ဖနောင့်-အလယ်သား-ဘဝါးစွန်း" ၃ ဌာနလုံး ညီနေပါသည်။ [ဤလက္ခဏာတော်ကြောင့် မြေ၌ နင်းလိုက်သည့်အခါ တညီတညွတ်ထည်း ထိရကား ခြေ၏ လက္ခဏာ (ခြေတော်ရာ) များ အပြည့်အစုံ ထင်နိုင် လေသည်။]

၂။ ခြေဘဝါး အပြင်တို့၌ စက်ဘီးပုံသဏ္ဌာန် ( အကန့်ဒေါက်ဆန်, အကွပ်, ပုံတောင်း ) အပြည့် အစုံပါသော စက်လက္ခဏာလည်း ရှိပါသည်။

၃။ သူတပါးထက် ရှည်သော ဖနောင့်လည်း ရှိပါသည်။ [ ခြေဘဝါးကို အလျားလိုက် တိုင်း၍ ၃ ပုံ - ပုံထားလျှင် ၂ ပုံသည် ခြေဖျားဘက်မှာ ပါ၍ ၁ ပုံအထက်၌ ခြေသလုံး တည်၏, နောက်တပုံမှာ ဖနှောင့်ပင်တည်း၊ ထို ဖနှောင့်တော်ကား ပွတ်၍ထားသကဲ့သို့ လုံးလုံးဝိုင်းဝိုင်းရှိသည်။]

၄။ အရင်းတုတ်၍ အဖျားသွယ်သော လက်ချောင်း ခြေချောင်းတော်များလည်း ရှည်ရှည် လျားလျား ညီညွတ်စွာ ဆီနှင့်နယ်၍လုံးထားသော ဆေးဒါန်းတောင့်များနှင့် တူပါသည်။

၅။ ဖွါးခါစ သတို့သား၏ လက် ခြေများကဲ့သို့ အမြဲ နုနယ်သော လက် ခြေလည်း ရှိပါသည်။

။ လက်ချောင်း ခြေချောင်းတို့သည် အတို အရှည် မညီ-အချင်းချင်း ဆက်သွယ်ကာ ဇာကွက် တပ်ထားသော လေသာပြူတင်းပေါက်နှင့် တူကြပါသည်။

၇။ ဖမျက်ဘို့သည် ( ယခုလူများ၌ ခြေဖမိုး အထက်နား၀ယ် ခပ်ကပ်ကပ် တည်သကဲ့သို့ မဟုတ်ဘဲ )အထက်၌ မြင့်နေကြပါသည်။

၈။ ခြေသလုံးတော်သည် ( ယခုလူများ၀ယ် နောက်ဘာဘက်၌သာ အသားဆိုင်ပါသကဲ့သို့ မဟုတ်ဘဲ ) ရှေ့နောက် နံပါးတို့၌ အသားဆိုင်ရှိရကား သလေးစပါးလုံးကလေးများနှင့် တူပါသည်။

၉။ ကိုယ်ခန္ဓာ၏ အထက်ပိုင်း အောက်ပိုင်း ညီမျှသောကြောင့် မကုန်း မကွ မကိုင်းရဘဲနှင့် မတ်မတ်ရပ်ကာ ဒူးပဆစ်တို့ကို လက် ၂ ဘက်ဖြင့် ထိအောင် သုံးသပ်နိုင်ပါသည်။

၁၀။ [အင်္ဂါဇာတ်တော်၏ လက္ခဏာကို ရှေ့၌ ပြခဲ့ပြီ။]

၁၁။ ခန္ဓာကိုယ်သည် လုံးလုံးကျစ်ကျစ် ရှိ၍ အရေ အဆင်းမှာ ရွှေအဆင်းနှယ်ပါသည်။

၁၂။ အသား အရေလည်း အလွန်နုနယ်ပါသည်။

၁၃။ မွေးညှင်း တတွင်း တတွင်း၌ မွေးညှင်း တချောင်းစီ တချောင်းစီ ပေါက်ကြပါသည်။

၁၄။ ထိုမွေးညှင်းတို့သည် မျက်စဉ်းညိုရောင် အဆင်းရှိကာ လက်ျာရစ်လည်၍ အထက်သို့ အဖျား လှည့်နေပါသည်။

၁၅။ ဖြောင့်စင်းသော ခန္ဓာကိုယ်လည်း ရှိပါသည်။

၁၆။ လက်ဖမိုး ၂ ဘက် ခြေဖမိုး ၂ ဘက် ပခုံးစွန်း ၂ ဘက် လည်ကုပ် ဟူသော ၇ ဌာနတို့၌ အသား ပြည့်ဖြိုးရကား အကြော အရိုးများ မထင်ရှားပါ။

၁၇။ ခြင်္သေ့၏ ရှေ့ပိုင်း ကိုယ်တဝက်သည် ပြည့်စုံ လုံလောက် သကဲ့သို့ ရှေ့ပိုင်း နောက်ပိုင်း အထက်ပိုင်း အောက်ပိုင်း အားလုံးမှာပင် ပြည့်စုံပါပေသည်။

၁၈။ လက်ပြင်ရိုး ၂ ခုကြား၌ ပြည့်ဖြိုးသော အသားလည်း ရှိပါ သည်။

၁၉။ ဝန်းပိုင်းသော ပြည်ညောင်ပင်သည် အမြင့်နှင့်အဝိုင်း ညီမျှ သကဲ့သို့ ကိုယ်တော်၏ အရပ်နှင့် အလံပမာဏ (၄ တောင် အတိအကျ)ညီမျှပါသည်။

၂၀။ အညီအမျှ လုံးသော ပခုံး ( လည်ပင်း ) လည်း ရှိတော်မူ ပါသည်။

၂၁။ အရသာကို ဆောင်ယူနိုင်သော အကြော ကောင်းများ လည်း ရှိပါသည်။

၂၂။ ခြင်္သေ့၏ အောက်မေးသည် ပြည့်ဖြိုးသကဲ့သို့ ပြည့်ဖြိုးသော အထက်မေး အောက်မေး ၂ မျိုး လုံး ရှိပါသည်။

၂၃။ ( ယခု လူများ၌ ၃၂ ချောင်း လောက်သာ သွားရှိသော် လည်း)အရှင် ဂေါတမမှာ သွားပေါင်း ၄၀ ရှိပါသည်။

၂၄။ ထို သွားတော်အား း ညီ နေပါသည်၊
၂၅။ သွားတော်အားလုံး ကြိုးတို ကြဲတဲ မရှိကြပါ။
၂၆။ သွား တော်အား ုံးဖြူစင် ည်ထက် စွယ်တော် ၄ ချောင်း မှာ အထင်အရှား ဖြူဆွတ်ပါသည်၊
၂၇။ လျှာတော်၏ လက္ခဏာကို ပြ ပြီ။
၂၈။ ကရဝိတ်သံကဲ့သို့ အသံတော် အလွန် ကောင်းပါသည်၊ (သလိပ် စသည်တို့ အငြိအတွယ် မရှိခြင်း, သာယာခြင်း, စကားလုံး ပြီသ ပြတ်သားခြင်း, နားထောင်ကောင်းခြင်း, ဖရိုဖရဲ မကွဲ မအက်ခြင်း, လုံးလုံး စည်းစည်း ရှိခြင်း, နက်နဲ သောချက် အရပ်မှစ၍ ထွက်လာသောအသံဖြစ်ရကား အသံ မတိမ်ခြင်း, ကြောင်ဘက်တက် မဟုတ် ပွဲတင်ထပ်မျှ ဟိန်း ခြင်း, ဤသို့သော ဂုဏ်အင်္ဂါများနှင့် ပြည့်စုံသည်-ဟူလို။)
၂၉။ ညိုသင့်ရာ အရပ်၌ အလွန်ညိုသော မျက်လုံးရှိပါသည်။
၃၀။ ဖွါးပြီးခါစ နွားနီကလေး၏မျက်လုံးအိမ်နှင့်တူသော မျက်လုံး အိမ်လည်း ရှိပါသည်၊
၃၁။ မျက်ခုံး ၂ ဘက် အလယ် တည့်တည့်၌ နူးညံ့သော ဝါဂွမ်း ကဲ့သို့ အလွန်နူး၍ ဖြူဆွတ်သော အမွေးလည်း ပေါက်လျက် ရှိပါသည်။ [ဥဏ္ဏာလုံမွေးရှင်တော် ခေါ်၏။]
၃၂။ လက်ျာနားစွန်းမှ စ၍ လက်ဝဲနားစွန်းတိုင်အောင် အထက် တက်သော အသားလွှာသည် နဖူးဘပြင်လုံး ဖုံးခ ရကား နဖူး ဘပြင်လုံး သင်းကျစ်ပြားဖြင့် ဖွဲ့ထားသကဲ့သို့ ထင်ရ ပါသည်၊

**ကြွသွားတော်မူပုံ**

ပါမောက္ခဆရာကြီးသည် ဝေဒမန္တာန်နှင့် ညီညွတ်နေသော ဗုဒ္ဓလက္ခဏာတော်တို့ကို ကြားရလျှင်ပင် အလွန် ကျေနပ်ဟန် ရှိ၏၊ ဥတ္တရလုလင်ကလည်း သူ့ကိုယ်တိုင် စုံစမ်းတွေ့ရှိခဲ့သမျှကို ပြော၍အပြီးတွင် ရပ်တန့် မနေသေးဘဲ သွားပုံလာပုံ စသည်တို့ ဆက်လက်ပြောပြ ပြန်သည်မှာ—

အရှင်ဂေါတမသည် သွားဘို့ရန် ခြေလှမ်းသည့်အခါ လက်ျာဘက်ခြေကိုသာ ပဌမ လှမ်းလေ့ရှိ၍ လှမ်းပြီးသောခြေကို မဝေးလွန်း မနီးလွန်း ချလေ့ ရှိပါသည်၊ မမြန်လွန်း မနှေးလွန်း ကြွသွား၍ သွားသည့်အခါ ဒူးဆစ်ချင်း ခြေမျက်စိချင်းလည်း မထိ မခိုက်ပါ၊ (ရေထဲ၌ သွားနေသူသည် ပေါင်ကို မြှောက်၍ မြှောက်၍ သွားရသကဲ့သို့) ပေါင်ကို မြှောက်၍လည်း သွားလေ့ မရှိပါ၊ ပေါင်ကို နောက်သို့လည်း မဆုတ်နစ်စေပါ၊ ပေါင်ကို တောင့်တောင့်ကြီးလည်း မဖြစ်စေပါ၊ ဟိုဘက် သည်ဘက်သို့ လှုပ်လှုပ် ရှားရှားလည်း မဖြစ်စေပါ၊ ခရီးသွားသည့်အခါတိုင်း အောက်ပိုင်းကသာလှုပ်၍ အထက်ပိုင်းမှာ လှေပေါ်၌ တင်ထားအပ်သော ဆင်းတုရုပ်ကဲ့သို့ မလှုပ်မလှုပ် ငြိမ်သက်နေပါသည်၊ လက်မောင်းကို လှုပ်၍ ရမ်း၍ သွားလေ့မရှိပါ နောက်သို့ကြည့်ခွင့်ကြုံလာလျှင် လည်ပင်းနောက်ပြန် မကြည့်ဘဲ တကိုယ်လုံး ပြန်လှည့်၍သာ ကြည့်ရှုလေ့ ရှိပါသည်၊ နက္ခတ်ဆရာကြီးများလို အပေါ်ကို ကြည့်၍ မော်၍ရင်း ပျောက်သော ပိုက်ဆံကို ရှာသူများကဲ့သို့ အောက်သို့ ငုံ့၍ရင်း သွားလေ့မရှိဘဲ ၄ တောင်ထွာလောက် အရပ်ကိုသာ ကြည့်လျက် သွားပါသည်။

[ ၄ တောင်ထွာထက် လွန်သော အရပ်ကိုကား ဉာဏ်ဖြင့်သာ သိတော်မူသည်။]

ရှုတိုအိမ်ဝယ် နေထိုင်ပုံ

လူများ၏ အိမ်တွင်းသို့ ဝင်သည့် အခါငယ် ကိုယ်ကို မြှင့်၍လည်းမဝင်,ကုန်း၍လည်း မဝင်ပါ၊ ထိုင်သည့် အခါလည်း နေရာထိုင်နှင့် မနီးမဝေး ( အဆင်သင့် ထိုင်၍ဖြစ်လောက်မှ ) ကိုယ်ကို လှည့်၍ ထိုင် လေ့ရှိပါသည်၊ နေရာ ထိုင်ကို လက်ထောက်၍ငင်း, နေရာထိုင်ပေါ်၌ ကိုယ်ကိုပစ်ချ၍ငင်း မထိုင်ဘဲ ညင်ညင်သာသာထိုင်လေ့ရှိပါသည်၊ ထိုအိမ်၏ အတွင်း၌ လက်လှုပ် ခြေလှုပ်မှုကိုလည်း မပြုပါ၊ ဒူးဆစ်တခုပေါ် ဒူးဆစ် တခုတင်၍ငင်း ဖမျက်တခုပေါ် ဖမျက်တခု တင်၍ငင်း မထိုင်ပါ၊ လက်ဖြင့် မေးကို ထောက်၍လည်း မထိုင်ပါ၊ " တရားစကားတို့ကို အချက်ကျအောင် ပြောမှ ပြောနိုင်ပါ့မလား " ဟု တွေးတော ကြောံ့ရှိနေသောအမူအရာ ဆုတ်နစ်နေသောအမူအရာ တုန်လှုပ် သော အမူအရာများလည်း မရ၊ ယာဂုဆွမ်း စသည်တို့ကို တင်ကျေ မောသော အမူအရာလည်းမရှိပါ၊ လူထဲသူထဲ၌ မလွဲသာ၍နေရပါ သော်လည်း ဆိတ်ငြိမ်ခြင်း၌ အမြဲ စိတ်ညွတ်နေဟန် တူပါသည်၊

ဆွမ်းဘုဉ်းပေးပုံနှင့် ဆေးကြောပုံ

[ သပိတ်ဖြင့်သာ ဆွမ်းဘုဉ်းပေးကြောင်း ဟင်းကိုလည်း သပိတ်၌ ထည့်၍ ဘုဉ်းပေး ကြောင်းကို ရှေးဦးစွာ သတိပြုပါ။ ]ဆွမ်း ကပ်ခါနီးသော် လူတို့က သပိတ်ဆေးဘို့ ရေကို ယူလာ၍ သပိတ်၌ လောင်းထည့်သည့် အခါ သပိတ် နခမ်းကို ဒီဘက်စောင်း ဟိုဘက် စောင်း ဘေးစောင်း မဖြစ်စေဘဲ လက် ၂ ဘက်ဖြင့်ကိုင်၍ အနည်း ငယ်စောင်းငဲ့ပြီး ခံယူပါသည်၊ ရေကိုလည်း မနဲလွန်း မများလွန်း စေဘဲ သင့်ဘောင်ရုံကိုသာ ခံယူပါသည်၊ သပိတ်ကို ဆေးသည့် အခါ ရေသံ မမြည်စေပါ၊ သပိတ် အပြင်ဘက်ကိုလည်း ရှေးဦးစွာ

မဆေးပါ၊ သပိတ်ဆေးပြီးသည်နှင့် တပြိုင်နက် လက်ဆေးပြီးလည်း ဖြစ်ပါတော့၏၊ ထို သပိတ်ဆေးရေကို အဝေးလှမ်း၍ မသွန်, အနီး၌ လည်း ကပ်၍ မသွန်ပါ၊ (အဆင်သင့်ရှိ မနီးမဝေးမှာ သွန်ပါသည်-ဟူလို၊ ) ဆွမ်းကို ခံယူသည့် အခါလည်း ( ရေခံယူတုန်းက ကဲ့သို့) သပိတ်နခမ်းကို တဲ့တဲ့သား၍ အနည်းငယ် စောင်းငဲ့ပြီး၊ မနဲလွန်း မများလွန်း ခံယူပါသည်၊ ဟင်းကိုလည်း ဆွမ်းနှင့် မျှတရုံ ( ဆွမ်း၏ ၄ ပုံ တပုံမျှသာ ) ခံယူပါသည်၊ ဆွမ်းဘုဉ်းပေး ပြီးသည့်အခါ ဆွမ်းလည်းမပို ဟင်းလည်းမလိုပါ၊ ဗုဒ္ဓရှင်တော်၏ ကျယ်ပြန့်သော လျှာပေါ်ဝယ် သွားဖြင့် ၂ ကြိမ် ၃ ကြိမ်မျှ ကြိတ်ချေခြင်း ခံရသော အစာသည် ကျောက်ပြင်၌ ကြိတ်အပ်သော နံ့သာပြောင်းကဲ့သို့ ကြေညက်၍သွားပါတော့၏၊ ထို့ကြောင့် ၂ ကြိမ် ၃ ကြိမ်လောက် လျှာပေါ် လှည့်ပတ်ပြီးလျှင် ဆွမ်းလုပ်ကို မျိုချပါသည်၊ ထမင်း အဆန်ကလေး တလုံးဘလေမျှ ခံတွင်း၌ မကျန်နေပါ၊ စားသည့် အခါ၌လည်း အရသာကိုခံစားနေပုံ မရှိပါ,ဤခန္ဓာကိုယ် တည်တန့် နိုင်ရုံ မျှဘနိုင်ရုံ ( မစားလျှင် ပင်ပန်းမည် ဖြစ်၍ ) မပင်ပန်းရုံ သာသနာကို ချီးမြှောက်နိုင်ရုံ ရည်မှန်း၍ ဘုဉ်းပေးသုံးဆောင်ဟန် တူပါသည်၊ ထိုသို့ ဆွမ်းဘုဉ်းပေးပြီးသည့် အခါ ရှေးနည်းအတိုင်း သပိတ်ဆေးရေကို ခံယူ၍ သပိတ်တော်ကို ဆေးပြီးနောက် သုတ်ပြီး လျှင် မနီးမဝေးမှာချထား၍ တခဏလောက် တိတ်တိတ်ဆိတ်ဆိတ် နေပါသည်။

မှတ်ချက်။ ။ယခုအခါ သံဃာတော်များ ဆွမ်းစားရာ၌ ဆွမ်းရော ဟင်းပါ များစွာ ငိုလျှံနေအောင် ထည့်လေ့ လိုက်လေ့ ရှိကြ၏၊ ဆွမ်းစား၍ ပြီးခါနီးနေသော်လည်း ပုဂံထည်း၌ မောက်လျှံနေအောင် လိုက်လေ့ရှိ၏၊

ထိုသို့ မောက်လျှံ၍နှံမှ အကျိုးပေးရာ၌လည်း ဗိုဗိုလျှံလျှံပေးမည်–ဟု ယူဆကြဟန်တူ၏၊ ဘုန်းကြီးကား စားပြီးသည်နှင့်တပြိုင်နက် ဆွမ်းရေဟင်းပါ ( ဗုဒ္ဓရှင်တော် ဘုဉ်းပေးတော်မူသကဲ့သို့ တိကာ တိုင်းဘာ ) ကုန်မှ ကျေနပ်၏၊ ပိုနေသော ဆွမ်းဟင်းများကို နောက်မှ စားသူများအား သန့်သန့်ရှင်းရှင်း စားစေလို၏၊ အလှူရှင်မှာလည်း အကုန်မများ တန်လျှင် အဂုန်မများဘဲ ဒါနအထူးမြောက်စေလို၏၊ မကြာမီက ဘုန်းကြီးကျောင်း တိုက် သံဃာများကို သူကြီးတယောက် ဆွမ်းကပ်ရောက်သာရာ တထပ် ကပ်ဘို့ မှန်းသော်လည်း မှန်းသလောက် မကုန်သဖြင့် ၂ ထပ် ကပ်သွား၏၊ [မို့မောက်လျှံ၍ ရသောအကျိုးနှင့် တကြိမ်အလှူက ၂ ကြိမ် ဖြစ်ရသော အလှူ၏ အကျိုးကို စဉ်းစား နှိုင်းယှဉ် ကြပါလေ။]

**ဆွမ်းအနုမောဒနာ ပြုတော်မူပုံ**

[ဆွမ်းကပ်သူတို့ ဝမ်းမြောက်ဘွယ် တရားစကားပြောခြင်းကို " အနုမောဒနာ " ဟုခေါ်၏၊ (အနု=လျော်စွာ၊ ဝါ-အထပ်ထပ်+ မောဒနာ= ဝမ်းမြောက်ကြောင်း စကား။ )] ယခုကာလ အချို့ ဆွမ်းတရား ဟောရာ၌ ဆာလွန်း၍ ထမင်းစားနေသူ ငိုနေသော ကလေး များကို ထမင်းကျွေးနေသူ သိမ်းဆည်းဘွယ် များကို သိမ်းဆည်း နေသူတို့ မလာကြသေးမှီပင် အဆာတလျှင် ( ဆွမ်း စားပြီးလျှင် ငြီးခြင်း ) တရားဟောတတ်ကြ၏၊ ထိုသို့ လူမစုံခင် ဟောသည့် အခါ တချို့လူများက ကဗျာကယာ လာကြ၍ တချို့ လည်း မလာဘဲ နေကြတော့၏၊ တချို့ပုဂ္ဂိုလ်များကား လူအတော် စုံနေသော်လည်း " မည်သူ မလာသေးပါ ကလား , ဘယ်သွား နေတုန်း၊ အင်း....မာကြရဲ့နော်, ရောင်းလို့ ဝယ်လို့ ကောင်းကြ ရဲ့လား "စသည်ဖြင့် လောကွတ်စကား ပြော၍ငင်း " မည်သည့် ဟင်းဟာ တယ်ကောင်းတယ် , ဆွမ်းချက်ပုံက ကောင်းတယ် "

စသည်ဖြင့် မြွှာပင့်ပြောဆို၍ရှင်း အချိန်ဖြုန်းကာတရားမဟောဘဲ နေတတ်ကြသေး၏၊ ဗုဒ္ဓရှင်တော်မြတ်ကား ပရိသတ် မစုံခင်လည်း မဟောသေး, စုံလျှင်လည်း အချိန် မဖြုန်းဘဲ ဟောတော်မူ၏၊ တရားဟောရာ၌ ဆွမ်းကိုလည်း မကျွေးရ, နောက်တနေ့ ဆက်လက် ပင့်အောင် ဆွယ်ဘရားလည်း မပါ, တရားသဘော သက်သက်ကို သာ ဟောပြီးလျှင် ပြန်ကြွတော်မူသည်။

မှတ်ချက်။ ။အထက်ပါ အပြစ်များသည် ကျမ်းစာ၌ တိုက်ရိုက်ပါ၏၊ သို့ပါလျက် ယခုကာလ များသွားသောဆွမ်းဒကာ ဒကာမတို့သည် "နေ်ထိုင် ကောင်းကြရဲ့လား, (သာသွီးစေ်သာ အရေးပါသူကို နာမည်တပ်၍) မည်သူ ဘယ်သွားသလဲ, ချက်ပြုတ်ပုံ တယ်ကောင်းတယ်, စာရတာ တယ်မြိန်တယ်" စသည်ဖြင့် မြွှာက်ပင့် ချော့မော့ ပြောခြင်းကို တရား သဘော ပေးခြင်းထက် နှစ်သက်ကြလေသည်၊ အများဆွမ်းကျွေးရာ၌ ထိုသို့အ မြှောက်အပင့် အဆွယ်စကားတွေကို ကြားရသည့်အခါ စဉ်းစား သော ဆရာတော်များနှင့် လူကြီး လူကောင်းတို့ကား နားရှက်ကြ၏၊ ထို့ကြောင့် အနာဂတ်ကာလ၌ ဤနည်းများ ကွယ်ပပါစေသတည်း။

**ပြန်ကြွပုံနှင့် ကျောင်းတော်၌နေပုံ**

နေရာမှထ၍ ပြန်ကြွသည့် အခါ မနှေး မမြန် ကြွတော်မူပါ၏၊ ရှင်ဂေါတမ၏ ကိုယ်၌ သက်နူးသည် ဘေးမှ အထက် သို့လည်း မြင့်တက်မနေ, ခြေမျက်စိ တိုင်အောင် လျှောကျ၍လည်း မနေ, ရင်ဘတ်ပေါ်၌လည်း မနေ, လက်ဝဲတဖက်ကို ဖော်ဂ ၁ ရှင်တခြမ်း ပေါ်လည်း မနေ။ ( ချွေးစိုနေသူကဲ့သို့ ) သက်နူးသည် ကိုယ်၌ ငပ်၍ ကြပ်ကြပ်ကလေးလည်း မဖြစ်, ကိုယ်နှကွာ၍ ပွတတ လည်း မဖြစ်ပါ၊ ကိုယ်တော်မှ သက်နူးကွာသွားအောင် လေလည်း

မတိုက် နိုင်ပါ၊ ကိုယ်၌ မြူမှုံလည်း မလူး၊ ကျောင်းရောက်သည့် အခါ ခင်းထားပြီးသော နေရာ၌ ထိုင်၍ ခြေဆေးတော်မူပါသည်၊ ခြေဆေးရာ၌ ခြေကို အိုးခြမ်းစသည်ဖြင့် တိုက်၍ လှပအောင် ဆေးသည် မဟုတ်, ခြေကို ခြေချင်းပွတ်၍သာ ဆေးတော်မူ၏၊ ခြေတော်ဆေးပြီးနောက် တင်ပလ္လင် ဖွဲ့ခွေ၍(ကမ္မဋ္ဌာန်း ထိုင်သလို) ထိုင်နေပါသည်၊ အရှင်ဂေါတမသည် မိမိ ဆင်းရဲအောင်လည်း အားမထုတ်, သူတပါး ဆင်းရဲအောင်လည်း အားမထုတ်ဘဲ မိမိ၏စီးပွါး သူတပါးတို့၏စီးပွါး လောက၏စီးပွါးများကို စဉ်းစား ကြံစီလျက် နေဟန် တူပါသည်။

**ပရိသတ်၌ တရားဟောတော်မူပုံ**

ထို့နောက် ရောက်လာသော ပရိသတ်အား တရား ဟောပြန်ပါသည်၊ ထိုသို့ ဟောရာ၌ ပရိသတ်ကို "မဟာရာဇာကြီး သူကြွယ်ကြီး, သေဋ္ဌေးမင်း" စသည်ဖြင့် "ကြီး" ဟူသော စကားလုံးများကို အသုံးပြုကာ မြှောက်လည်း မမြှောက်ပါ၊ "ဥပါသကာ.... ကျောင်းလာတဲ့လမ်းကို မသိလို့လား, ဘာ့ကြောင့် မလာဘဲ အကြာကြီး နေရသလဲ, ဦးပဉ္ဇင်းတွေက လုမှာစိုးလို့လား, မကြောက်ပါနဲ့, လု မယူပါဘူး" စသည်ဖြင့် ပြောဆိုကာ နှိပ်လည်း မနှိပ်ပါ၊ တရားသဘော သက်သက်ဖြင့် အားတက် ရွှင်လန်းလာအောင် ဟောပါသည်၊ အသံတော်မှာ အလွန် သာယာ၍ ပရိသတ်များ လျှင် များသလောက် ပရိသတ်၏ အဆက်မှာ ပျံ့ဝဲလျက်နေပါသည်၊ ပရိသတ်၏ ပြင်ဘက်သို့ ပျံ့နှံ့၍ ထွက် မသွားပါ၊ တရားပြီးဆုံး၍ ပြန်ကြသော ပရိသတ်သည် ဦးခေါင်းပေါ်၌ လက်အုပ်တင်ကာ အရှင်ဂေါတမကို ကြည့်၍ နောက်ဆုတ် သွားပြီးလျှင် မမြင်လေ်မှ

ဥုးချ၍ နာပြီးသော တရားတော်၏ ဂုဏ်ကျေးဇူးကို ပြော၍ သွားကြပါသည်။

**ထိုနေရာကနေ၍ ဗုဒ္ဓကို ရှိခိုးပုံ**

ဤသို့ ၄ တွာရ လုလင်သည် တွေ့ကြုံရမှုကို ထုတ်ဖော်ပြောပြီးလျှင် "အရှင် ဆရာကြီး.... ထို အရှင်ဂေါတမသည် ကျွန်တော် ပြောပြခဲ့သော ဂုဏ်များသာ မက, ထို့ထက် များပြားသဖြင့် ပြော၍ မကုန်နိုင်လောက်အောင် ဂုဏ်အပေါင်းတို့နှင့် ပြည့်စုံပါသည်" ဟု နိဂုံး အုပ်လိုက်သည့် အခါ ဗြဟ္မာ ယုပါမောက္ခကြီးသည် ထိုင်နေရာမှ ထ၍ သူ၏ အပေါ်ခြုံကို လက်ကံတော့ တင်ကာ ဗုဒ္ဓရှင်တော် ရှိရာသို့ လက်အုပ်ချီပြီးလျှင် "နမော....တဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ" ဟု ၃ ကြိမ် ဥဒါန်းကျူး၍ "အရှင်ဂေါတမနှင့် ဘယ်တော့တွေ့ဆုံရပါ့, ဘယ်တော့စကားပြောရပါ့" ဟု တတွတ်တွတ် ပြောဆိုကာ ဗုဒ္ဓရှင်တော်နှင့် တွေ့ရမည့် အချိန်အခါကိုသာ စောင့်မြော် နေလေတော့သည်။

**ဗုဒ္ဓနှင့် တွေ့ပုံ**

ထိုသို့ စောင့်မြော်နေစဉ်ပင် ဗုဒ္ဓရှင်တော်မြတ် မိထိလာမြို့သို့ ရောက်တော် မူလာကြောင်းကို ကြား၍ လုလင်တယောက်ကို ခေါ်ပြီးလျှင် "အမောင်....သွားချေ၊ အရှင်ဂေါတမ ရှိရာသို့ ချဉ်းကပ်၍ ငါ၏ အမေးဖြင့် 'ကျန်းမာ ချမ်းသာပါရဲ့လား' ဟု မေးချေ၊ ထို့ပြင်-လျှောက်ထားရဦးမည်မှာ- "အရှင်ဂေါတမ....ဗြဟ္မာယုပုဏ္ဏားကြီးသည် အသက်တရာ့နှစ်ဆယ် ကြီးရင့်ပါပြီ၊ ဤမိထိလာမြို့၌ စည်းစိမ် အားဖြင့်လည်း အကြီးဆုံး ဝေဒမန္တာန် အားဖြင့်လည်း အသာဆုံး

ဖြစ်ပါသည်၊ ထို ဗြဟ္မာယုပါမောက္ခကြီးသည် အရှင် ဂေါတမကို
တွေ့လိုပါသည် ”ဟု လျှောက်လေ၊ ဤသို့ မှာထား စေလွှတ်၍
တွေ့ခွင့် တောင်းလေရာ, ဗုဒ္ဓထံတော်မှ တွေ့ခွင့်ရသဖြင့် ပါမောက္ခ
ကြီးလည်း နောက်ပါ တပည့်များနှင့် အတူ ရောက်လာလေသည်၊
ပါမောက္ခကြီး ရောက်လာသည့် အခါ အလျင် ရောက်နှင့်နေသော
ပရိသတ်ကြီးသည် နေရာမှထ၍ နေရာဖယ်ပေးကြ၏၊ ပါမောက္ခ
ကြီးကား “မဖယ်ကြပါနှင့် မဖယ်ကြပါနှင့်, ထိုင်မြဲထိုင်ကြပါ”ဟု
ပြောပြီးလျှင် ဗုဒ္ဓအနီးသို့ရောက်၍ ဝမ်းမြောက်ဖွယ်ကောင်းသော နှုတ်ဆက်
စကား ပြောဆိုပြီးကာ ဗုဒ္ဓ လက္ခဏာ တို့ကို ကြည့်ရှုမြင်ရာ လျှာ
တော်နှင့် အင်္ဂါဇာတ်တော်မှတပါး အလုံးစုံ မြင်ရ၍ ထို ၂ ပါးကို
ဗုဒ္ဓရှင်တော်က ( ဩရလောလင် ပြသကဲ့သို့ ) ပြသဖြင့် ဗုဒ္ဓအစစ်
ဖြစ်ကြောင်းကို လက္ခဏာ မြင်ရမှုဖြင့် ဆုံးဖြတ်ချက် ချပြီး နောက်
ခက်ခဲသော ပြဿနာရှစ်ချက်ကို မေးလေသည်၊ ထိုပြဿနာတို့ကို
ဖြေပြီးသည့် အခါ နေရာမှထ၍ ဗုဒ္ဓ ခြေတော်ကို ပါးစပ်ဖြင့်စုပ်
လက်ဖြင့်လည်း အားရပါးရ ဆုပ်ကာ “ ဗြဟ္မာယုဆိုတာ တပည့်
တော်ပါဘဲ, ဗြဟ္မာယုဆိုတာ တပည့်တော်ပါဘဲ”ဟု လျှောက်သည့်
အခါ ပရိသတ် အားလုံးသည် “ ဤမျှလောက် ထင်ရှားသော
ပါမောက္ခကြီးသည်ပင် သို့ကလောက် ရိုသေလေးစားပါသလား”
ဟု လှုပ်လှုပ် ရှားရှားနှင့် တအံ့တသြ ဖြစ်ကြလေသည်၊ [ ထို့နောက်
သစ္စာ ၄ ပါး တရားတော်ကို ဟော ပြသည့် အခါ အနာဂါမ်
တိုင်အောင် တည်၍ ရက်သုံးလုံး ဆွမ်းကပ်ပြီးလျှင် မကြာခင်
စေတေလသည်၊]

## ဗုဒ္ဓရှင်တော်နှင့် ဥပါလိသူကြွယ်

**ဒီဃတပဿီနှင့် ဗုဒ္ဓဆွေးပုံ**

နာဠန္ဒာမြို့ဝယ်“ဥပါလိသူကြွယ်ဆိုသူကား မူလက နိဂဏ္ဌနာဋပုတ္တ၏ တပည့်ဖြစ်သူ ( သူ့ဆရာတော်များ၏ လှည့်စားထားချက် အရ ) ဗုဒ္ဓအပေါ်မှာ အထင်သေးနေသော လူကုန်တန် တယောက်ပေတည်း၊ ထို နာဋပုတ္တဆရာကြီးမှာ “ ဒီဃတပဿီ”မည်သော လက်ထောက် ဆရာကြီး တယောက်လည်း ရှိသေး၏၊ နာဠန္ဒာမြို့၌ ထို ဆရာတပည့်တို့နေကြရာ ဗုဒ္ဓရှင်တော်မြတ်လည်း အထည်ကုန်သည်တဦး၏ သရက်ဥယျာဉ်၌ သီတင်းသုံးခိုက်နှင့် ကြုံကြိုက်နေလေသည်၊ အခါတပါး၌ ဒီဃတပဿီသည် ဆွမ်းခံအပြန်တွင် ဗုဒ္ဓအထံသို့ ဝင်လာ၍ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက် ပြောဆိုပြီးနောက် စကားပြောကြသည်မှာ....

ဗုဒ္ဓ။ ။ဒီဃတပဿီ နိဂဏ္ဌနာဋပုတ္တ ဆရာသည် မကောင်းမှုအကုသိုလ်ဖြစ်ဘို့ရာ ကံအမျိုး ဘယ်လောက် ပညတ်ထားသလဲ။

ဒီဃတပဿီ။ ။အရှင်ဂေါတမ....နိဂဏ္ဌနာဋပုတ္တ ဆရာကြီးမှာ“ ကံ=ကံ”လို့ ပညတ်ရိုးထုံးစံမရှိပါ,“ဒဏ်–ဒဏ်’’လို့သာ ပညတ်ရိုးထုံးစံရှိပါတယ်။

ဗုဒ္ဓ။ ။(သူ့စဂေ-ဥ၊အတိုင်း လိုက်၍)ဒဏ်အမျိုး ဘယ်လောက် ပညတ်ထားသလဲ။

ဒီဃ။ ။မကောင်းမှု ဖြစ်ဘို့ရာ ကာယဒဏ် ဝစီဒဏ် မနောဒဏ်လို့ ၃ မျိုး ပညတ်ထားပါတယ်။

ဗုဒ္ဓ။ ။ဒီ ၃ မျိုးဟာ တမျိုးနှင့် တမျိုး မတူဘူး မဟုတ်လား။

ဒီဃ။ ။မတူပါဘူး။

ဗုဒ္ဓ။ ။အဲဒီ ၃ မျိုးတွင် ဘယ်ဒဏ်ကို အပြစ်အကြီးဆုံးဟု ပညတ်သလဲ။

ဒီဃ။ ။ကာယဒဏ်ကို အပြစ်အကြီးဆုံး ဟု ပညတ်ပါတယ်။

ဗုဒ္ဓ။ ။ကာယဒဏ်ကို အပြစ်အကြီးဆုံး ဟု ဆိုသလား။

ဒီဃ။ ။ကာယဒဏ်ကို အပြစ်အကြီးဆုံး ဟု ဆိုပါတယ်။ [ ၃ ကြိမ်တိုင် အောင်မေး, ၃ ကြိမ်ပင် ပြန်ပြောသည်။]

ဒီဃ။ ။အရှင်ဂေါတမ....သင်ဘာတော့ မကောင်းမှုဖြစ်ဘို့ရာ ဒဏ်ဘယ် နှစ်မျိုး ပညတ်ပါသလဲ။

ဗုဒ္ဓ။ ။ဒဏ်= ဒဏ် ဟု ပညတ်ရိုး မရှိဘူး, ကံ=ကံ ဟု ပညတ်ရိုးသာ ရှိတယ်။

ဒီဃ။ ။ကံ ဘယ်နှစ်မျိုး ပညတ်ပါသလဲ။

ဗုဒ္ဓ။ ။ကာယကံ ဝစီကံ မနောကံ(ကိုယ်မှု,နှုတ်မှု,စိတ်မှု)ဟု ကံ ၃ မျိုး ပညတ်တယ်။

ဒီဃ။ ။ဘယ်ကံကို အပြစ်အကြီးဆုံး ဟု ပညတ်သလဲ။

ဗုဒ္ဓ။ ။မနောကံကို အပြစ်အကြီးဆုံး ဟု ပညတ်တယ်။

ဒီဃ။ ။မနောကံကို အပြစ်အကြီးဆုံး ဟု ဆိုလိုပါသလား။

ဗုဒ္ဓ။ ။မနောကံကို အပြစ်အကြီးဆုံး ဟု ဆိုလိုပါတယ်။[၃ ကြိမ် မေး၍ ၃ ကြိမ် ပြန်ပြောသည်။] ဤမျှလောက် စကားကို ပြောပြီး၍ ဒီဃ တပဿီသည်း ပြန်သွားလေတော့သည်။

× × × ×

**ဆရာကြီးက အတည်ပြုပုံ**

ဒီဃတပဿီ ပြန်လာချိန်ဝယ် နိဂဏ္ဌဆရာကြီးလည်း ဥပါလိသူကြွယ်အကြီးအမှူးရှိသော ပရိသတ်ကြီး အလယ်မှာ ထိုင်နေခိုက် ဖြစ်၏၊ ထိုအခါ ဆရာကြီးက ဒီဃတပဿီကို "နေ့လည်ကြောင်တောင်အချိန်မှာ ဘယ်က လာခဲ့သနည်း" ဟု မေးရာ "ရှင်ဂေါတမဆီက လာခဲ့ကြောင်း" ရှင်ဂေါတမနှင့် စကားပြောဆိုရာ "တပည့်တော်က ကာယဒဏ်သည် သာ၍ အပြစ်ကြီးကြောင်း ပြောလျှင် ရှင်ဂေါတမက မနောဒဏ်သည် သာ၍အပြစ်ကြီးကြောင်း ပြောပါသည်" ဟု ပြန်၍ ပြောပါသည်၊ ထိုအခါ ဆရာကြီးက "သာဓု သာဓု, ဆရာကောင်း တပည့် ပီသစွာ ဖြေဆိုခဲ့ပါပေတယ်၊ အင်မတန် ထင်ရှားတဲ့ ကာယဒဏ်နှင့် နှိုင်းစာလျှင် မနောဒဏ်ဟာ ဘာပြောပတော့ မှာလဲ, မကောင်းမှု အကုသိုလ် ဖြစ်ဖို့အရေးမှာ ကာယဒဏ် အပြစ်ကြီးသလောက် ဝစီ မနောဒဏ်များ အပြစ်မကြီးနိုင်—ဟု (ထပ်မံ၍ ဒီဃတပဿီ အဖြေကို အတည်ပြုကြသောအားဖြင့်)ပရိသတ်အား ပြောပြလေသည်၊ [သူတို့ကား - "သူ့အသက်သတ်ခြင်း ဟူသော ပါဏာတိပါတသည် စိတ်ဖြင့်ကြံစီရုံ နှုတ်ဖြင့်ပြောနေရုံမျှဖြင့် အပြစ်မကြီးသေး, ကိုယ်ဖြင့် ထိထိရောက်ရောက်သတ်မှ အပြစ်ကြီးသည်" ဟု ဆိုလိုသည်၊ ထို အချက်ကို ဗုဒ္ဓနှင့်ဥပါလိ အတွေ့မှာ ရှင်းလင်းစေလတ္တံ့။]

**ဗုဒ္ဓကိုနှိပ်ရန် ဥပါလိသူကြွယ်လာပုံ**

ဥပါလိ သူကြွယ်လည်း ဒီဃတပဿီ၏ ပြောသော စကားကို အားရနှစ်သက်စွာ သာဓုခေါ်ပြီးလျှင် "ဗုဒ္ဓ၏ အထံသို့ အပြစ်တင်ဖို့ရန် ယခုပင် သွားမည်, အရှင် ဒီဃတပဿီနှင့် အတည်

ပြုခဲ့သည့်အတိုင်း မနောဒဏ်ကို သာ၍ အပြစ်ကြီးသည် ဟု အတည် ပြုပြန်လျှင် သိုးကလေးကို အမွေးကိုင်ပြီး ( ဟိုလိုဆွဲ သည်လိုဆွဲ) ဆွဲနေသလို ရှင်ဂေါတမကို မိမိဝါဒဖြင့်ဆွဲဆွဲပြီး မွေ့လိုက်ပါမည်" ဟု ပြောဆိုခွင့်တောင်းရာ နာဋပုတ္တ ဆရာကြီးက " သွားပါလေ, အပြစ်တင်ချေပါ"ဟု ခွင့်ပြုသော်လည်း ဒီဃတပဿီကမူ စဉ်းစား ပြီးလျှင်.... " ကျုပ်တော့ ဥပါလိသွားမှာကို သဘော မတူဘူး, ရဟန်း ဂေါတမဟာ သူတပါးကို လှည့်ပတ်နိုင်တဲ့ မှက်လှည့် အတတ်ကို တတ်ထားတယ်,အဲဒီအတတ်ဖြင့် အခြားသူတို့ရဲ့ တပည့် ကို လှည့်ပတ်လေ့ရှိတယ်"ဟု ကန့်ကွက်လေရာ, နာဋပုတ္တ ဆရာကြီး ကမူ-"ဥပါလိ သူကြွယ်က ရှင်ဂေါတမ တပည့်ဖြစ်ဘို့ အကြောင်း မရှိနိုင်ပါ, ဖြစ်ခြင်းဖြစ်လျှင် ရှင်ဂေါတမကသာ ဥပါလိ တပည့် ဖြစ်ရာရှိပါတယ်, သွားသာသွားပါ" ဟု ပြောဆိုလေသည်၊ ထို အခါ ဥပါလိသည် ဆရာကြီး၏ စကားကို နားထောင်၍ ဆရာကြီး ကို ဦးချပြီးလျှင် ဗုဒ္ဓရှင်တော် သီတင်းသုံးရာ သရက်ဥယျာဉ်သို့ သွားလေသည်။

ဥပါလိ၊ ။(သင့်တော်သော နေရာ၌ ထိုင်ပြီးလျှင် )ဤ အရပ်သို့ ဒီဃတပဿီနိဂဏ္ဌ ရောက်လာပါရဲ့လား။

ဗုဒ္ဓ ။ ။ရောက်လာပါရဲ့။

ဥပါလိ။ ။စကားစမည် ပြောလိုက်ပါရဲ့လား၊

ဗုဒ္ဓ ။ ။ပြောလိုက်ပါရဲ့။

ဥပါလိ၊ ။ဘာများ ပြောကြပါသလဲ။

ဗုဒ္ဓ ။ ။( ဒီဃတပဿီနှင့် ပြောခဲ့သမျှ စကားတို့ကို ပြန်၍ ) " ဒီဃတပဿီက ကာယဒဏ်ကို အပြစ်ကြီးသည် ဟု ယူ၍ ငါဘုရားက မနောဒဏ်ကို အပြစ်ကြီးသည် " ဟု ယူကြောင်း မိန့်တော်မူသည်။

ဥပါလိ။ ။ဒီဃ တပဿီသည် ဆရာကောင်းတပည့် ပီပီ ဖြေဆိုနိုင်ပါပေတယ်၊ ကာယဒဏ်ကို ထောက်လျှင် မနောဒဏ်ဟာ ဘာ ပြောပလောက်တော့ မှာလဲ , ကာယဒဏ်သာ( ကိုယ်ဖြင့် ထိထိ ရောက်ရောက် ပြုခြင်းသာ ) အပြစ်ကြီးတော့ မပေါ့။

ဗုဒ္ဓ ။ ။ဥပါလိ.... မှန်တဲ့ အချက်ပေါ်မှာ အတည် ဖြစ်ဘို့ရာ ဆွေးနွေး ပြောဆိုမည် ဟု ကြံလျှင် ဤကာယနှင့် မနော ၂ မျိုးသော အရာဝယ် " ဘယ်ဟာက အပြစ် ကြီးသည် " ဟု စိစစ်နှိုးနှော ပြောကြဘို့ဘဲ။ ( ဘာဘဲ ပြောပြော , ငါတို့ အယူသာ အမှန် ဖြစ်စေရမည်ဟု စကားနိုင်လုလိုလျှင် ပြောဆိုဆွေးနွေးဘို့ မလိုတော့- ဟူလို၊ )

ဥပါလိ၊ ။အမှန်ပေါ်မှာ အတည်ဖြစ်ဘို့ ဆွေးနွေးလိုပါတယ်။

ဗုဒ္ဓ ။ ။[ နိဂဏ္ဌတို့ ဝါဒဝယ် ရေဧ၌ အသက် ရှိသည် ဟု ယူဆ၍ ရေဧကို သောက်ချိုး သုံးစွဲလေ့ မရှိသည်ကို သိထားနှင့်ပါ။ ] ဥပါလိ.... " နိဂဏ္ဌ တယောက်မှာ သည်းခြေရောဂါ ရောက်နေပြီ " ဆိုကြစို့၊ ရေဧကို မသောက်ရမချိုးရလျှင် သူ့မှာ ရောဂါတိုးတော့မည်၊

စိတ်ကလည်း ရေးကို အလွန် တောင့်တနေ၏၊ ထိုသော် " ရေးကို လိုချင်သည် " ဟု ပြောလျှင် ဝစီဒဏ် သင့်၍ , ရေးကို သောက်ချိုးလျှင် ကာယဒဏ် သင့်မည် စိုးသောကြောင့် အောင့်အည်း သည်းခံနေရှာလေသည်၊ ( သူတို့ အလိုအားဖြင့် တောင့်တမှု မနောဒဏ်ကား သင့်နေလေပြီ )၊ သူသည် ရေးကို မရသောကြောင့် ရောဂါတိုး၍ သေရလျှင် "မည်သည့် ဘဝ ရောက်သည် " ဟု နိဂဏ္ဌ ဆရာတို့ အယူရှိကြသနည်း။

ဥပါလိ။ ။သူသည် ရေးအပေါ်မှာ စိတ်စွဲလမ်း၍ သေရသောကြောင့် "မနောသတ္တ" အမည်ရသော နတ်ဖြစ်သည်ဟု ပညတ် ကြပါသည်။ [ မနော=စိတ်+သတ္တ= ငြိကပ်သူ ။]

ဗုဒ္ဓ ။ ။ဥပါလိ.... သတိထားပြီး ဖြေပါ၊ သင့်အဖြေဟာ ရှေ့နောက် အမြီး အမောက် မတွဲဘူး။ [ " မနောဒဏ်ထက် ကာယဒဏ်က သတ္တိထက်သည် " ဟု ဆိုခဲ့ပါလျက် , စောင့်စည်းထားသော ကာယဒဏ်ရဲ့ အကျိုးကို မခံစားရဘဲ,ပျက်စီးသော မနောဒဏ်ကပင် နတ်ဖြစ်အောင် အကျိုးပေးသေးသည် ဟု ဆိုသောကြောင့်"ရှေ့နောက်မညီ"ဟု မိန့်တော် မူလိုသည်။]

ဥပါလိ။ ။[ထိုသို့ မိန့်တော်မူလျှင်ပင် နဂိုရ်ပညာခံ မနည်းသော ဥပါလိ သူကြွယ်သည် ( မိန်းမော တွေဝေ နေသူတို့

ကိုယ်သည်း မလှုပ် နှုတ်လည်း မမြွက်နိုင်ဘဲ စိတ်ရှိနေသေးသည့် အတွက်ကြောင့်သာ အသက် ရှဉ်နေပုံကိုသွား၍ သတိရကာ )မနောသည်သာ ကာယဝစီတို့ထက် ပို၍ သတ္တိထက်ကြောင်းကို သဘောပေါက်၍လာတော့သည်၊ သို့သော် ဗုဒ္ဓ၏ ဆန်းကျယ်သောပြဿနာတို့ကို ကြားနာလိုသေးသဖြင့်]အရှင်ဘုရားကဤသို့ ပြောသော်လဲ ကာယဒဏ်သာ ပို၍ သတ္တိထက်ပါတယ်။

ဗုဒ္ဓ ။ ။နိဂဏ္ဌနာဋပုတ္တ ဆရာသည်"သွားရင်း လာရင်း နင်းမိသောကြောင့် ပိုးကောင်ကလေးတွေ သေလျှင် နင်းသူမှာ ဘယ်လို အပြစ်ရှိသည်"ဟု ပညတ်သလဲ။

ဥပါလိ။ ။သေစေလိုသော စေတနာ မပါသောကြောင့် အပြစ်ကြီးသည် ဟု မပညတ်ပါ။

ဗုဒ္ဓ ။ ။သေစေလိုသော စေတနာ ပါလာလျှင် ဘယ်လိုပညတ်မလဲ။

ဥပါလိ။ ။စေတနာပါလျှင် အပြစ်ကြီးသည်ဟု ပညတ်ပါတယ်။

ဗုဒ္ဓ ။ ။စေတနာကို ( ကာယ ဝစီ မနော ၃ မျိုး တို့တွင် ) ဘယ်ထဲ သွင်းသလဲ။

ဥပါလိ။ ။မနောထဲ သွင်းပါတယ်။

ဗုဒ္ဓ ။ ။ဥပါလိ.... သတိထားပြီး ဖြေပါ၊ သင့်စကားသည် ရှေ့နောက် မညီဘူး၊ ["မနောထက် ကာယက သတ္တိထက်သည် " ဟု ဆိုပါလျက် " မနော မပါသည့်အခါ

ကာယဖြင့် နှင်းခြဲ သေသော်လည်း နှင်းသူမှာ အပြစ် မရှိ, မနောပါမှ အပြစ်ရှိသည် ” ဟု ဆိုပြန်သဖြင့် မနောသာလျှင် သတ္တိထက်ကြောင်း, ဤရုပ်ကာယ ကြီးမှာ သူ့ချည်း သက်သက် သတ္တိမရှိကြောင်းကို ဝန်ခံရာ ရောက်နေသဖြင့် ရှေ့နောက် မညီ ” ဟု မိန့်တော်မူလိုသည်။]

ဥပါလိ။ ။ဥပါလိ သူကြွယ်လည်း ပြောရင်းပင် ငါ့တို့ဆရာကြီး သည်“စေတနာ မပါသောကံကို အပြစ်မရှိ စေတနာ ပါသောကံကို အပြစ်ကြီး၏ ” ဟု ပညတ် ပြီးလျှင် စေတနာကို မနော၌ ထည့်သွင်း ထား၏၊ “ ငါတို့ ဆရာကြီးရဲ့ စကားသည် ရှေ့နောက် မညီဘဲ ဗုဒ္ဓ၏ စကားသာ ရှေ့နောက် ညီနေပါတကား ”ဟု သဘော ပေါက်လာလေသည်၊ သို့ရာတွင် ဗုဒ္ဓ၏ဆန်းကြယ်သော စကားကို နာခံလိုသေးသည် ဖြစ်၍ ကာယဒဏ်သည် သာလျှင် သာ၍အပြစ်ကြီးကြောင်း သတ္တိထက်ကြောင်း ကို လျှောက်ပြန်လေသည်၊ ထိုအခါ ဗုဒ္ဓရှင်တော်မြတ် သည် တန်ခိုးဣဒ္ဓိပါဒ် ရှိသူတို့၏ စိတ်အစွမ်း များကို မိန့်တော်မူလေရာ ဥပါလိလည်း ထို စိတ်အစွမ်းများကို ဝန်ခံပြီးလျှင် ဗုဒ္ဓ၏ အယူဝါဒကို အားရ နှစ်သက်လှ သဖြင့်….“တပည့်တော်သည် ဘုရား-တရား- သံဃာကို ကိုးကွယ်ဆည်းကပ်ပါ၏၊ တပည့်တော်ကို ယနေ့မှအစ ပြု၍ အသက်ကိုအပ်လျက် ဆည်းကပ်ကိုးကွယ်သူ ဥပါ သကာဟူ၍ မှတ်တော်မူပါ”ဟု လျှောက်လေသည်။

ဗုဒ္ဓ။ ။ဥပါလိ….သင်တို့လို ထင်ရှားသော လူကြီးလူကောင်း
ဆိုတာ စိစိ စစ်စစ် နှိုင်းနှိုင်း ချိန်ချိန် ပြုသင့်တယ်၊
"ဥပါလိဆိုတဲ့ သူကြွယ်ဟာ တွေ့ရာကြုံရာ ကိုးကွယ်
ဆည်းကပ်လေ့ရှိတာဘဲ"ဟု ပြောစရာ ဖြစ်တတ်တယ်။

ဥပါလိ၊ ။ဒီလို သတိပေးတော်မူသည့်အတွက်ကြောင့် ရှင်တော်
ဘုရားကိုသာ၍ အားရပါတယ် ဘုရား၊ အခြား ဆရာ
ကြီးတွေကား တပည့်တော်လိုဒကာတယောက်ရတယ်
ဆိုလျှင် နာဠန္ဒာမြို့လုံး အလံစိုက်၍ ကြွေးကြော်လေ့
ရှိကြပါတယ်၊ ရှင်တော်မြတ် ဘုရားကတော့ စဉ်းစဉ်း
စားစားနှင့်ပြုဘို့ရန်ပင် သတိပေးတော်မူပါသေးတယ်၊
တပည့်တော်သည် နှစ်ကြိမ်မြောက် ဘုရား တရား
သံဃာကို ဆည်းကပ်သူဟူ၍ မှတ်တော်မူပါ။

ဗုဒ္ဓ။ ။ဥပါလိ….သင်၏အိမ်သည် နိဂဏ္ဌတို့ အမြဲဝင်ရောက်
စားသောက် နိုင်သော ရေတွင်းလို ဖြစ်နေခဲ့တယ်၊
ထို့ကြောင့် ဗုဒ္ဓ ဓမ္မ သံဃာကို ဆည်းကပ် ကိုးကွယ်
သော်လဲ နိဂဏ္ဌတို့လာလျှင် ပေးလှူထိုက်သည်ဟုလည်း
မှတ်ထားသင့်တယ်။

ဥပါလိ။ ။ဒီစကားကို ကြားရသဖြင့် သာ၍ အားရပါတယ်၊
"ငါ့သာလှူထိုက်တယ်, အခြားသူကို မလှူထိုက်၊ ငါ၏
သာဝကတို့ကိုသာ လှူထိုက်တယ် , အခြား သာဝက
တို့ကို မလှူထိုက်၊ ငါနှင့် ငါ၏ သာဝကကိုလှူမှ အကျိုး
ကြီးတယ် , အခြားသူများ လှူလို့ အကျိုး မကြီးဘူး"
ဟု မြတ်စွာဘုရား ဟောလေ့ရှိကြောင်း ကြားခဲ့ရဘူး

ပါတယ်၊ ယခုတော့ နိဂဏ္ဌတို့ကို လှူဒါန်းရန်ပင် အခွင့် ရှိနေပြန် ပါသေးတယ်၊ ဤ စကားကို ကြားရသဖြင့် သာ၍ အားရနှစ်သက်ပါသောကြောင့် ၃ ကြိမ်မြောက် ဆည်းကပ် ကိုးကွယ်ပါသည်။

**သောတာပန် ဖြစ်ပုံ**

ထို့နောက် ဗုဒ္ဓသည် ဒါန သီလ နတ်ပြည်၏ အကြောင်းတို့ဖြင့် လောကီအာရုံ ကာမဂုဏ် စည်းစိမ်ချမ်းသာတို့ကို ပြပြီး၍, ထို စည်းစိမ် တို့၏ အပြစ်ကိုရင်း ကာမဂုဏ်မှ ခွါနိုင်လျှင် ရနိုင်သည့် အကျိုး အာနိသင်ကိုရင်း ပြတော်မူရာ , ဥပါလိ၏ စိတ်သည် ကာမဂုဏ်၌ အပြစ်မြင်ကာ လွန်စွာနူးညံ့နေစဉ် သစ္စာ ၄ ပါး တရားကို ဟောပြ တော်မူလေသော် ထိုနေရာ၌ပင် သောတာပန်ဖြစ်ပြီးနောက် ဗုဒ္ဓ ကို ဝပ်ချ၍ အိမ်သို့ ပြန်ရောက်သည့်အခါ သူ၏ တံခါးမှူးကို အမိန့် ပေးသည်မှာ—အချင်းတံခါးမှူး....ယနေ့က စ၍ နိဂဏ္ဌယောက်ျား မိန်းမတို့အတွက် အိမ်တံခါးကိုပိတ်၍ ဗုဒ္ဓနှင့် တပည့် (ဘိက္ခု, ဘိက္ခုနီ, ဥပါသကာ, ဥပါသိကာ)တို့အတွက် တံခါးကိုဖွင့်လိုက်ပြီ၊ အကယ်၍ နိဂဏ္ဌဘယောက်တလေလာလျှင် "ဒီမှာရပ်ပါ, မဝင်ခဲ့ ပါနှင့် , ဆွမ်းအလိုရှိလျှင် ဆွမ်းယူခဲ့ပါလိမ့်မည် " ဟု ပြောဘို့ရန် အမိန့်ပေးလေသည်။

**ဒီဃတပဿီ လိုက်လာပုံ**

ဒီဃတပဿီသည် နိဂဏ္ဌဆရာ၏ လက်ထောက် ဖြစ်သော်လည်း ဆရာကြီးထက် အကင်းပါးသူ ဖြစ်၏၊ ထို့ကြောင့် ဗုဒ္ဓအထံသို့ဥပါလိသွားမည် ဟုဆိုကတည်းကပင် သဘောမတူခဲ့၊ သူ၏ တွေးဆချက်မှာ-ရဟန်း ဂေါတမသည် ရုပ်ရည် လှပ၍ ကြည့်ရှုဘွယ် ကောင်း၏ , တရား

**စကား**လည်း ကောင်း၏၊ ဥပါလိသည် မြင်ရုံဖြင့်ပင် ကြည်ညိုပေလိမ့်မည်၊ **စကား**ကို ကြားလျှင်လည်း ကြည်ညိုပေလိမ့်မည်၊ ရဟန်းဂေါတမကို ဆည်းကပ် ချင်လျှင်လည်း ဆည်းကပ် ပေလိမ့်မည်၊ ဤသို့ တွေးဆကာ စိတ်တထင့်ထင့်နှင့် သတင်းကိုသာ နားထောင်နေသောကြောင့် "ဥပါလိသည် ရဟန်းဂေါတမ၏ သာဝက ဖြစ်ပြီတဲ့" ဟူသော စကားကို ပဌမဆုံး ကြားရလေသည်၊ ထိုသို့ကြားလျှင် ကြားခြင်း ဆရာကြီးထံ သွား၍ ထို အကြောင်းကို ပြောပြလေရာ, ဆရာကြီးက "ဥပါလိသည် ရှင်ဂေါတမ၏ သာဝက ဖြစ်ဘို့ရန် အကြောင်းမရှိပါဘူး၊ ဖြစ်ခြင်းဖြစ်လျှင် ရှင်ဂေါတမကသာ ဥပါလိ၏ သာဝကဖြစ်ဘို့ အကြောင်းရှိပါတယ်" ဟု အတင်းငြင်းနေပြန်သဖြင့် "ကိုင်း....ဒါဖြင့်, ဟုတ်-မဟုတ် သိရအောင် ယခုဘဲ သွားပါမည်" ဟု ပြောဆိုကာ ဥပါလိအိမ်သို့အလာတွင် တံခါးမှူးကဝင်ခွင့်မပေးသောကြောင့် ထိုနေရာမှ ပြန်လှည့်ကာ ဆရာကြီး အထံသို့လာ၍ အမှန်ပင် ရဟန်းဂေါတမ၏ တပည့် ဖြစ်သွားကြောင်းနှင့် တကွ "တပည့်တော်........ဒီလိုဖြစ်လိမ့်မည် ဆိုတာကို ကြိုတင်၍ မြင်သောကြောင့် ရဟန်း ဂေါတမထံ ဥပါလိသွားဘို့ရန် သဘောမတူခဲ့ပါ။ ယခုတော့ ကိုယ်တော်ရဲ့ ဥပါလိသူကြွယ်ကို ရဟန်းဂေါတမက မျက်လှည့်ဖြင့် လှည့်ပတ်လိုက်ပေါ့ ဘုရား" ဟု ဝမ်းနဲ ပမ်းနဲ ပြောပြရှာလေသည်။

**ဆရာကြီး ကိုယ်တိုင် လိုက်လာပုံ**

ဥပါလိသူကြွယ် ဆိုသူကား နိဂဏ္ဌတို့၏ ပဓာနလက်သုံး မျက်နှာဖုံးဘမ်းပြ (ဒီလို ပညာရှိ သေဌေးကြီးကတောင် ငါတို့ကို ကိုးကွယ်နေတာဘဲ-ဟု ညွှန်ပြရသော ) သာဝက ဖြစ်ခဲ့သူတည်း၊ ထို့ကြောင့်

ဥပါလိကိစ္စအတွက် ဆရာကြီးကိုယ်တိုင် မယုံတဝက် ယုံတဝက် ဖြစ်ကာ ဥပါလိအိမ်သို့ နိဂဏ္ဌပရိသတ်များစွာ ခြံရံလျက် ကိုယ်တိုင် ထွက်လာလေသော်, တံခါးမှူးက တားထားပြန်သဖြင့် "ငါတို့ လာတဲ့အကြောင်းကို ဥပါလိအား ပြောပေးပါ"ဟု တံခါးမှူးကို တောင်းပန်လေသည်၊ တံခါးမှူးလည်း ဥပါလိထံသွား၍ ပရိသတ် များစွာနှင့်တကွ နိဂဏ္ဌဆရာကြီး တံခါးပေါက်၌ ရောက်နေကြောင်း ကို ပြောပြလေရာ အလယ် တံခါးမုခ်၌ ( တံခါးပေါင်း ၇ ထပ် ရှိသည့်အနက် အလယ်တံခါး၏ ဆင်ဝင်၌)နေရာ ခင်းထားလိုက်ဟု အမိန့်ပေးပြီးလျှင် ဥပါလိလာ၍ အကောင်းဆုံးနေရာဝယ် ထိုင်နေ ပြီးမှ နိဂဏ္ဌ တို့ကို ဝင်ခဲ့ဘို့ရန် အကြောင်းကြား စေလေသည်၊ ထို့နောက် နိဂဏ္ဌ ပရိသတ်ကြီးနှင့် အတူ ဆရာကြီး ဝင်လာရာ (ရှေးအခါက ဆိုလျှင် နိဂဏ္ဌဆရာကြီး လာသည့် အခါ မိမိတိုက်၌ အကောင်းဆုံး နေရာကို မိမိ၏ အပေါ်ရုံဖြင့် ထပ်၍ ဖုံခါသလို ခါလိုက်သေး၏, ထို့နောက်မှ ဆရာကြီးကို သူ့ကိုယ်တိုင် သူ့ခြုံထည် ဖြင့် ပွတ်ဖတ် ဖေးမပြီးမှ ထိုနေရာ၌ ထိုင်စေလေသည်၊ ယခုသော် ကား မိမိကိုယ်တိုင်က နေရာမှမထဘဲ)"အရှင်ဘုရားတို့.........နေရာ တွေ အများကြီး ရှိပါတယ်, ထိုင်လိုလျှင် ထိုင်ကြပါ"ဟု ပြောဆို လေသည်။

ဆရာကြီး။ ။( ထိုစကားကိုကြားလျှင် ဆရာကြီးလည်း ထိုင်မျှ မထိုင်နိုင်တော့ဘဲ ) " သူကြွယ်......... သင် ရူးလာသလား, ထိုင်းမှိုင်း လာသလား, ရဟန်းဂေါတမ အပေါ် အပြစ်တင် လိုက်မည် ဟု ကြိုးပါးသွားပါလျက် ယခုတော့ များစွာသော

ဆန့်ကျင်ဘက် ဝါဒ အပေါင်းကို ဦးခေါင်းပေါ် စွပ်ပြီး ပြန်လာခဲ့သလား, သင့်ကို မာယာမျက်လှည့်ဖြင့် လှည့်ပတ်လိုက်ပြီလား။

ဥပါလိ။ ။( မိမိ ရထားသော သောတာပတ္တိမဂ်ဉာဏ်ကို ရည်ရွယ်၍ )အရှင်ဘုရား....ဗုဒ္ဓရဲ့ မျက်လှည့်မာယာသည် အလွန်ကောင်းပါပေတယ်၊ ဒီမျက်လှည့်မျိုးဖြင့် တပည့်တော်၏ ချစ်သူတွေကို လှည့်ပတ်မည်ဆိုလျှင် ထိုချစ်သူများလဲ စီးပွါးချမ်းသာကြွာမြင့်စွာ ဖြစ်ဘို့ပါဘဲ၊ မင်းပုန်ကား သေဋ္ဌေး သူကြွယ်ကုန်သည် ဆင်းရဲသားစုကို လှည့်ပတ်လျှင်လဲ ထိုသူ အားလုံးချမ်းသာဘို့ပါဘဲ၊ တပည့်တော် ဥပမာတခု ပြပါရစေ၊ ပညာရှိများဟာ ဥပမာဖြင့်လဲ နားလည်နိုင်ကြပါတယ်၊(ဤသို့ ပြော၍ ရတနာ့ဂုဏ်ရည်၌ ငြေးခဲ့ ဘူးသော မျောက်ပင်းမင်းဖေးပုံကို ဥပမာပြသည်၊ ) ထို ဥပမာပြ၍ မျောက်ကလေးသည် အလှဆေးဆိုးသာ ခံနိုင်၍ ဖွပ်လျှော်ဘို့ရန် အထု အရိုက် အနင်းအနယ်မခံနိုင်သကဲ့သို့ နိဂဏ္ဍာတို့၏ဝါဒသည် အပေါ်ရုံဘမ်းပြ အလှဆေးရောင်တင်ဘို့ လောက်သာ ကောင်း၍ ဉာဏ်ဖြင့် စူးစူးစိုက်စိုက် ကြိတ်ကြိတ် နယ်နယ် စဉ်းစားခြင်းကို မခံနိုင်ပါ၊ ဗုဒ္ဓ၏ ဝါဒကား ထိုအားလုံးကို ခံနိုင်ပါတယ် - ဟု ပြောပြလေသည်။

ဆရာကြီး။ ။ ဥပါလိ...သင့်ကို မင်းနှင့်တကွ ပရိသတ်က နိဂဏ္ဍာ၏ တပည့် ဟု အသိအမှတ် ပြုနေကြတယ်,ယခု ဘယ်သူ့ တပည့် ဟု မှတ်ရမှာလဲ။

ဥပါလိ။ ။နေရာမှ ထပြီးလျှင် ဗုဒ္ဓဘက်သို့ လက်အုပ်ချီ၍ "ဘသူ့တပည့်ဆိုတာ သိချင်လျှင် နားထောင်ပါ" ဟု ပြော၍ ဗုဒ္ဓ၏ ဂုဏ်တော်တို့ကို ဆယ်ဂါထာလောက် ထုတ်ဖော် ရွတ်ပြကာ ထိုဗုဒ္ဓ၏ တပည့်သာဝက ဖြစ်ပါကြောင်း ပြောပြလေသည်၊

ဆရာကြီး။ ။ ယခုမှ တပည့် ဖြစ်လာတယ်၊ ရှင်ဂေါတမ၏ ဂုဏ်ခတွေကို ဘယ်တုန်းက ဂါထာ စီကုံးထားသလဲ။

ဥပါလိ၊ ။အရှင်ဘုရား….ပန်းအမျိုးမျိုး ပုံထားတဲ့ ပန်းပုံကြီးကို တွေ့ရတဲ့အခါ အဆင်သင့် ကောက်ယူကာ ဆန်းကြယ်သော ပန်းကုံး ဖြစ်အောင် ကုံးလိုက်ရုံသာ ဖြစ်သကဲ့သို့ ဂုဏ်တော်တွေ တပုံကြီး ရှိနေမှတော့ ကောက်ကာ ငင်ကာ ဂါထာစီကုံးလိုက်ရုံပါဘဲ, ရှာဖွေနေဘို့ မလိုပါဘူး။

ဆရာကြီး။ ။ ထိုသို့ ဥပါလိ၏ ဗုဒ္ဓအပေါ်၌ ရှိသေလေးစားသွားခြင်းကို မခံချင်လှသော ဒေါသစိတ်, ဥပါလိ အိမ်သို့ ၅၀-၆၀ အခြံအရံဖြင့် ဝင်ရောက် စားသောက်နေ ကျဖြစ်သော်လည်း ႇက်ဖနံက စ၍ မစားရတော့ဘဲ မိမိ၏ ထမင်းအိုးကြီး ကွဲရ၍ ဝမ်းနဲလှသော သောက စိတ်တို့ဖြင့် အတွင်း၌ ပူလောင်ကာ စိတ္တဇ အပူဓာတ်သည် နှလုံးကို ဟပ်တော့သဖြင့် နှလုံးသွေး ကျေမွ၍ အထက်သို့လေပူ ငံ့ကာ သွေးအန်၍ လဲရှာလေသည်၊ ထို့နောက် အတော်ကြာလျှင် ထိုရောဂါဖြင့် ဆုံးရှာလေတော့၏။

## ဗုဒ္ဓရှင်တော်နှင့် ဝစ္ဆဂေါတ္တပုန်ဏား

**ဝစ္ဆဂေါတ္တ၏ ဗုဒ္ဓအပေါ် ထင်မြင်ချက်**

ဗုဒ္ဓသည် ကောသလတိုင်း၌ ဒေသစာရီ လှည့်လည်တော်မူသောအခါ မြဟ္မဏာရွာတရွာသို့ ရောက်တော်မူလေရာ ထိုရွာနှင့် မလှမ်းမကမ်း တောအုပ်တခုမှာ သီတင်းသုံးတော်မူသည်၊ ထိုအခါ ဗုဒ္ဓ၏ ဂုဏ်သတင်းကို ကြားဘူး၍ ဗုဒ္ဓအထံသို့ ဖူးမျှော်လာကြသော မြဟ္မဏာ(ပုန်ဏား)လူမျိုးတို့တွင် ဝစ္ဆဂေါတ္တပုန်ဏားလည်း ပါဝင်၏၊ ထိုသူကား ကောင်းမွန် သားနားသော အိပ်ရာနေရာကို လွန်စွာ နှစ်သက် သူတည်း၊ ထို့ကြောင့် ဗုဒ္ဓအထံတော်သို့ ရောက်၍ ဗုဒ္ဓရှင်တော်၏ ရုပ်အဆင်းကို ခြေဆုံး ခေါင်းဆုံး ကြည့်ကာ လွန်စွာ ကြည်လင်သော ဣန္ဒြေများနှင့် အသားအရေများကို မြင်ရသဖြင့်"အင်း…သားနားသော အိပ်ရာ နေရာများ၌ အိပ်ရ နေရလို့သာ ယခုလောက် ကြည်လင် သန့်ရှင်းတာ ဖြစ်မှာဘဲ"ဟု ထင်မြင်ချက် ပြုကာ"အရှင်ဂေါတမ၏ ဣန္ဒြေများ အလွန်ကြည်လင်ပါပေတယ်, အရေအဆင်းလဲ ဇမ္ဗူရာဇ် ရွှေအဆင်းကဲ့သို့ အလွန်သန့်ရှင်းပါပေတယ်, ဥစ္စာသယန မဟာသယန (မြင့်သော သားနားသော အိပ်ရာနေရာများ)လိုသလောက် အခါမရွေး ရနေဟန် တူပါတယ်"ဟု လျှောက်လေသည်။

**ဗုဒ္ဓအမြဲရနေသော အိပ်ရာနေရာ**

ထိုအခါ ဗုဒ္ဓသည် ဝစ္ဆဂေါတ္တပြောဆိုလိုသော သားနားသော အိပ်ရာကို" ရဘို့လည်း မလွယ ရပြန်လည်း မသုံးမဆောင်အပ် "ဟု မိန့်တော်မူပြီးလျှင် ကိုယ်တော်၏ အလိုရှိတိုင်း အလွယ်တကူ ရနိုင်သော

အိပ်ရာ နေရာ ၃ မျိုး ရှိကြောင်းကို မိန့်တော်မူသည်၊ ချဲ့ဦးအံ့— ဗုဒ္ဓသည် ဂန္ဓကုဋိတိုက်တော် စသော အမြဲကျောင်းတော် မရှိရာ မြို့ရွာနိဂုံးသို့ ရောက်တော်မူသည့်အခါ ဆွမ်းခံဝင်တော်မူ၍ ဆွမ်းဘုဉ်းပေးပြီးနောက် ဆိတ်ငြိမ်သောတောသို့ ကြွတော်မူလေ့ရှိ၏၊ ထို တော၌ သစ်ရွက်များကို စုတော်မူပြီးလျှင် တင်ပလ္လင် ဖွဲ့ခွေ ထိုင်နေတော်မူ၍ ဈာန်ဝင်စားတော်မူလေ့ ရှိ၏၊ ထိုသို့ ဈာန်ဝင်စားလျက် စင်္ကြံလည်း ကြွတော်မူ၏, ရပ်လည်း ရပ်တော်မူ၏, ထိုင်လည်း ထိုင်တော်မူ၏, လျောင်းလည်း လျောင်းတော်မူ၏၊ ဤကဲ့သို့ ဝင်စားအပ်သော ဈာန်သမာပတ်သည် ဗုဒ္ဓရှင်တော်၏ မြင့်မြတ်သော နေရာ(ဉစ္စာသယန မဟာသယန )တမျိုးပေတည်း၊ ထို ဉစ္စာသယန မဟာသယနတို့ကား အလိုရှိတိုင်း လွယ်ကူစွာရနိုင်ပါသည်။ [ ထို့နောက် ထိုနေရာမျိုး၌ မေတ္တာ ကရုဏာ မုဒိတာ ဉပေက္ခာ ဘာဝနာပွါး၍ နေတော်မူခြင်း, ဖလသမာပတ်ဝင်စား၍ နေတော်မူခြင်း ဟု ဉစ္စာသယန မဟာသယန ၂ မျိုးကို ပြတော်မူသည်။]

**မှတ်ချက်။** ။ ဤသုတ္တန်ဖြင့် ပြလိုရင်းကား – ဗုဒ္ဓရှင်တော်မြတ်သည် အမြဲမပြတ် ဂန္ဓကုဋိတိုက် ကဲ့သို့သော စံကျောင်းမှာချည်း သီတင်းသုံးတော်မူလေ့ရှိသည် မဟုတ်၊ ရောက်ရှိလေရာ အရပ်၌ ဆွမ်းခံတော်မူကာ ( ကျောင်း အဆင်သင့် မရှိရာဝယ် ) တောထဲမှာ သီတင်းသုံးတော်မူကြောင်း, ထိုသို့ သီတင်းသုံးတော်မူရာ၌ ခမ်းနားသိုက်မြိုက် စွာ တည်ဆောက်ထားသော ကျောင်းကို ဆောက်လုပ်တော်မမူဘဲ မြက်သစ်ရွက်တို့ကို ခင်း၍ နေလေ့ရှိတော်မူကြောင်း ပြလိုရင်းဖြစ်သည်၊ သို့သော် ဤသို့ သီတင်းသုံးတော်မူခြင်းကား ရက်ရှည်လများ နေရာအရပ်မျိုး ဟုတ်ဟန်မတူ, တနေ့ တရက် ဆိုသလို ခဏတွင်ခဏ အရပ်မျိုး ဖြစ်ဟန်တူသည်။

## ဗုဒ္ဓနှင့် သရဘာပရိဗိုဇ်

**တိတ္ထိအကြံ** ဗုဒ္ဓသည် များသောအားဖြင့် သေက်သာ နားခံသာအောင် တရားဓမ္မ ဟောလေ့ ရှိသော်လည်း တရံတခါသော် တိတ္ထိတို့၏ ရောင့်တက်မှုကြောင့် " သီဟနာဒ " ခေါ် ခြင်္သေ့ဟောက်သကဲ့သို့ ရဲရဲတောက် မိန့်တော်မူရသေး၏၊ သူပေးလူပေး သူများကြွေးမှ စားသောက်ရသောဘဝ၌ ရောက်ရှိနေသူတို့သည် မင်္ဂဖိုလ်နိဗ္ဗာန်ကိုမှန်းမြော်၍ အထက်တန်းစိတ် မထားနိုင်သမျှ မိမိဝမ်းရေးကို တွေး၍ ပူပန်တတ်ကြလေသည်၊ ထို့ကြောင့် ဗုဒ္ဓရှင်တော် ထွန်းပေါ်တော်မူလာစဉ်အခါ သူတို့ထက် သာလွန်နေသော ဗုဒ္ဓရှင်တော်ကို ကြည့်၍ တိတ္ထိတို့တတွေ ဣဿာမစ္ဆရိယ (မနာလိုမှု ငြူစူမှု ဝန်တိုမှု)ဖြစ်နေကြသည်မှာ ဓမ္မတာပင် ဖြစ်လေသည်၊ အခါတပါး၌ တိတ္ထိအချို့ စုရုံးတိုင်ပင်ကြသည်ကား - အရှင်ဂေါတမ ပေါ်လာသည်က စ၍ ငါတို့မှာ လာဘ်လာဘ လျော့ပါးလာခဲ့ကြသည်၊ " ဘာ့ကြောင့် ရှင်ဂေါတမကို ကြည်ညိုတဲ့သူတွေ များသလဲ " ဆိုတာကို စဉ်းစားကြဘို့ လိုတယ်၊ ဤသို့ တိုင်ပင်၍ အမျိုးမျိုးစဉ်းစားကြရာဝယ် အများအတည်ပြုလေသော ပရိဗ္ဗိုဇ်တယောက်၏ စဉ်းစားချက်မှာ ဤသို့တည်း။—

"တပည့်တော်တော့ တခြားအကြောင်းများကိုမမြင်ဘူး ရဟန်းဂေါတမ၏ သာဝက ရဟန်းတွေဟာ ဆွံ့ငါးရက် တကြိမ်ကျ တံခါးပိတ်၍ သာမဏေများသော်မှ ဝင်ခွင့်မပေးဘဲ စည်းဝေးကြတယ်၊ ထို အစည်းအဝေးကို သူတို့ရဲ့အသက်လော် အားကိုးရတဲ့ ဒကာများကိုတောင် မြင်ခွင့်မပေးကြဘူး၊ သူတို့သည် ထို

အချိန်မှာ အာဝဋ္ဋနီမာယာ (သူတပါးကို လှည့်စားနိုင်သော ပညာတမျိုး)ကို ဂါထာ မန္တာန် မန်းမှုတ်သလိုသွင်း၍ လူတို့ကို လှည့်ပတ်နိုင်သောတန်ခိုး ရကြလိမ့်မယ်၊ ထို အတတ်ပညာဖြင့် လှည့်ပတ်၍ အကြည်ညိုများအောင် ဟောပြနိုင်သောကြောင့် လာဘ်လာဘ ပေါ်ခြင်း ဖြစ်လိမ့်မယ်၊ ထို အာဝဋ္ဋနီမယာကို ငါတို့ရအောင် ယူနိုင်လျှင် ငါတို့လဲ လာဘ်လာဘ ပေါ်မှာဘဲ" ဟု ထင်မြင်ချက်ပေးလေသည်။

**သရဘ ပရိဗ္ဗိုဇ်ကို ရွေးချယ်ပုံ**

ထို အချက်ကို အားလုံး သဘောတူသဖြင့် " ထို အတတ်ကို ရအောင် မည်သူ ယူနိုင်မလဲ, ယူနိုင်သူကို အားလုံး၏ အကြီးချုပ် ဥက္ကဋ္ဌဖြစ်စေရမည် " ဟု ဆုံးဖြတ်၍ အကြီးဆုံးကစပြီး " ယူနိုင်မလား , ယူနိုင်မလား " ဟု မေးရာ အားလုံး ငြင်းပယ်ကြ၍ " သရဘ ပရိဗ္ဗိုဇ် " အလှည့်ကျသည့်အခါ " ကိုယ်တော်တို့ကသာ ကိုယ့်စကားအတိုင်း တပည့်တော်ကို အကြီးအကဲ မြှောက်မယ် ဆိုလျှင် ဒီမာယာကို ယူဆောင်ဘို့ အတွက်တော့ ဝန်မလေးပါဘူး " ဟု ပြောဆိုလေသည်၊ ထိုအခါ အားလုံ ကပင် " ယူသာ ယူဆောင်ခဲ့ပါ , အကြီးအကဲ အရာကိုတော့ မြှောက်ပြီးသားပါဘဲ " ဟု ပြောဆိုကြသဖြင့် သူက ထပ်၍ ပြောပြန်သည်မှာ—

"တပည့်တော်က ရှင်ဂေါတမရဲ့ သာဝက ဟန်ဆောင်ပြီး နဂိုရ် သာဝကကြီးတွေရဲ့ ဝတ်ကြီးဝတ်ငယ်ကို ပြုရလိမ့်မယ်၊ သူတို့ရဲ့ သပိတ်ထဲက ထမင်းကိုလဲ စားရလိမ့်မယ်၊ ဒီလောက်ပြုတာကိုတော့ ကိုယ်တော်တို့ ကျေနပ်ကြမလား။"

ထိုအခါ အားလုံးက " ဘာဘဲလုပ်လုပ် ကျေနပ်ကြပါတယ်, အရေးကြီးတဲ့ မာယာအတတ်ကို ရခဲ့ဘို့သာ လိုရင်းပါဘဲ " ဟု ပြောကြလေရာ, "ကောင်းပြီ-တပည့်တော်ကိုမြင်တဲ့အခါ မသိဟန် ဆောင်နေကြနော်" ဟု သတိပေးပြီးလျှင် ဗုဒ္ဓသိတင်းသုံးရာ ဝိဇ္ဇုကုဋ္ဌ တောင်ပေါ်ကျောင်းသို့ သွားလေသည်။

**ရဟန်းပြု၍ မာယာရှာပုံ**

သူသည် ကျောင်းတိုက်၌ တွေ့ရာ မြင်ရာ ရဟန်းတို့ကို ရှိခိုး၏၊ အရှင်တို့တော့ နဂိုရ်က စုံစမ်းပြီးမှ သင့်တော်တဲ့ နေရာ ရဟန်းပြုကြတယ်၊ တပည့်တော်တို့မှာ မစုံမစမ်းကြဘဲ အရမ်းပြုမိလို့ ငွေ့ဆင်းရဲမှ ထွက်မြောက်ကြောင်း မဟုတ်တဲ့လမ်း၌ သွားမိလျက်သား ကြုံနေရပါတယ် " ဟု (ညာပြော) ပြော၏၊ ဤသို့လျှင် ဝတ်ကြီးဝတ်ငယ်ကို ကာ ရဟန်းများကို ညာနေရင်းပင် မဟာထေရ်တပါးထံတော်၌ ရဟန်းပြုခွင့်ရ၍ ဆွဲငါးရက် တကြိမ်ကျ ဉပုသ်နေ့၌ ပြုကြရသော ဉပုသ်ပြုခြင်း ကိစ္စတွင် ပါဝင်လေရာ ရဟန်းတော်များ ပါတိမောက် ရွတ်ပုံ, တချို့က လေးလေးစားစား နားထောင်ပုံကို မြင်ရ၍ " ဤ ကိစ္စ သည်ပင် အာဝဋ္ဋနီမာယာကို သွင်းခြင်းဘဲ " ဟု ယူဆလျက် ထို ဉပုသ်ပြုကိစ္စ အပြီးတွင် မိမိဆရာကို ဝပ်ချ၍....

သရဘ။ ။ဒီတရားကို ဘာတရားလို့ ခေါ်ပါသလဲ။

မဟာထေရ်။ ။ပါတိမောက်လို့ ခေါ်တယ်။

သရဘ။ ။ အရှင်ဘုရား.... ဒီတရားဟာ အကောင်းဆုံး အရေးအကြီးဆုံး တရားဟု ထင်ပါတယ်။

မဟာထေရ်။ ။မှန်တယ် ငါ့ရှင်… အလုံးစုံသော သာသနာတော်ကို ဆောင်နိုင်တဲ့ သိက္ခာ(ကျင့်ဝတ်)ဖြစ်တယ်။

သရဘာ။ ။အရှင်ဘုရား…ဒီတရား အမြတ်ဆုံး သိက္ခာဖြစ်ပါလျှင် ဒီတရားကိုပင် ပဌမ သင်ပါရစေ။

မဟာထေရ်။ ။သင်တာပေါ့ ငါ့ရှင် ( ဤသို့ မိန့်တော်မူပြီးလျှင် ယခုအခါ ရဟန်းမဖြစ်မီ, သို့မဟုတ်, ရဟန်းဖြစ်လျှင် ဖြစ်ခြင်း သင်ရသောပါတိမောက်ကို ပို့ချပေးလေသည်။)

သရဘာ။ ။( အတော်ဂရုစိုက်၍ အမြန်ဆုံး ရအောင် သင်ယူပြီးလျှင် ) “ ဒီဟာဘဲလား ဘုရား , သည့်ပြင် ရှိပါသေးသလား။

မဟာထေရ်။ ။(ပါတိမောက်အတွက် ရည်ရွယ်၍) “ ဒီဟာဘဲ, သည့်ပြင် မရှိတော့ဘူး၊

သရဘာသည် ဤစကားကို ကြားလျှင် အရေးအကြီးဆုံးသော တရားကို ငါရပေပြီ ဟု ထင်ပြီးကာ ဝိဠုကုဋ် ကျောင်းတိုက်မှ ထွက်ခွါ၍ ပရိဗ္ဗိုဇ် ကျောင်းတိုက်သို့ သွားလေရာ, “ ဘယ့်နှယ်လဲ ဆရာ…အာဝဋ္ဋနီမာယာကို ယူခဲ့ပြီ ထင်တယ် ”ဟု ပြောလာသူတို့အား“ငါ့ရှင်တို့…. မကြောက်ကြနှင့်တော့, အာဝဋ္ဋနီမာယာကို ဆောင်ယူခဲ့ပြီ၊ ဒီနေ့ကစပြီး ငါတို့မှာ လာဘ်ပေါတော့မည်” ဟု ပြောကာ(အာဝဋ္ဋနီမာယာဟု ထင်နေသော)ပါတိမောက်ကို ပို့ချပေးလေတော့သည်။

**တိတ္ထိတွေ ကြော်ငြာချပုံ**

ပါတိမောက်ကို သင်ယူကြပြီးသည့် အခါ သရဘ ပရိဗ္ဗိုဇ်ကို ဆရာတင်၍ ရာဇဂြိုဟ် မြို့တွင်းသို့ အစောကြီး ဝင်ပြီးလျှင် သူတို့ဆိုင်ရာ ပရိသတ် အလယ်၌ သရဘပရိဗ္ဗိုဇ်က ပြောပြသည်မှာ— ငါသည် ရဟန်းတို့၏ တရားကို အကုန်သိပြီ၊ ရဟန်းဂေါတမရဲ့ တရား၌ အဆီ အနှစ် ဘာမျှ မရှိဘူး၊ တကယ်ရှိလျှင် ငါ့ကိုယ်တိုင် သူတို့ အထဲက ထွက်ခဲ့မှာ မဟုတ်ဘူး၊ ယခုတော့ အနှစ်သာရ ဘာမျှမရှိလို့ ငါထွက်လာခဲ့တယ်၊ ရဟန်းတွေဟာ အာဝဋ္ဋနီမာယာ(မျက်လှည့် အတတ်)ကို သွင်းပြီးတော့ လောက၌ ညာစားနေကြတယ်၊ ဤသို့ စသည်ဖြင့် သာသနာတော်ကို စော်ကား ပုတ်ခတ်နေသံကို ဆွမ်းခံ ဝင်သော ရဟန်းအချို့ ကြားခဲ့ကြ၍ ဗုဒ္ဓရှင်တော် မြတ်အား လျှောက်ကြပြီးလျှင် "သူပြောသမျှကို ဆိတ်ဆိတ်နေကြလျှင် သာ၍ ရောင့်တက်ကာ သူ့မှာ အပြစ် များဘွယ် ရှိပါသည် , သရဘကို သနားတော်မူသော အားဖြင့် ပရိဗ္ဗိုဇ်ကျောင်းသို့ ကြွတော်မူရန်" တောင်းပန်ကြလေသည်။

**ဗုဒ္ဓ ကြွတော်မူခြင်း**

ဗုဒ္ဓရှင်တော်မြတ်သည် ရုတ်တရက် ကြွတော် မမူသေးဘဲ နေ့လည် အချိန်ဝယ် သမာပတ် ဝင်စား၍ ညနေအချိန်ကျမှ ကိုယ်တော်တပါး ထည်း ပရိဗ္ဗိုဇ် ကျောင်းတိုက်သို့ ကြွသွားတော် မူလေသည်။ [ သံဃာ့ပရိသတ်နှင့် ကြွတော်မူလျှင် ပရိသတ်အားဖြင့် တိတ္ထိဝါဒ ကို နှိပ်သည် -ဟု စွပ်စွဲဘွယ် ရှိသောကြောင့် တပါးထည်း ကြွတော် မူခြင်းဖြစ်သည်။ ]ဗုဒ္ဓကြွတော် မမူမီပင် ပရိဗ္ဗိုဇ်တို့လည်း သရဘကို မေးမြန်းနေကြသည်မှာ—

ပရိသတ်။ ။ ဆရာရဲ့…. ယနေ့ ရဟန်းဂေါတမ၏ အပြစ်တွေကိုတော့ တမျိုးလုံးလှည့်၍ ပြောခဲ့ကြပြီ၊ ယခုနှယ်အခါ အရှင်ဂေါတမ လာလျှင် ဘယ့်နှယ်လုပ်မလဲ။

သရဘ ။ ။ ရှင်ဂေါတမက တခုလောက်ပြလျှင် ငါက ၂ ခုလောက် ပြလိုက်မယ်၊ ရှင်ဂေါတမက ၂ ခု ပြလျှင် ငါက ၄ ခု, ရှင်ဂေါတမက ၄ ခုပြလျှင် ငါက ရှစ်ခုပြပြမယ်၊ သူကတရာပြလျှင် ငါက တထောင်ပြပြမည်။ [ထိုကဲ့သို့ ပြောနေတုန်းပင် ဗုဒ္ဓရှင်တော်ကို ပရိသတ်မြင်၍ "အဟုတ်ကိုယ် ရဟန်းဂေါတမ လာပြီ" ဟု ပြောလိုက်ရာ သရဘဆရာလည်း အတော်ကလေး ထိတ်သွားသည့်လက္ခဏာဖြင့် ဦးခေါင်းကြို့သွားလေသည်၊]

ဗုဒ္ဓ။ ။ ( ခင်းထားသောနေရာ၌ ထိုင်ပြီးလျှင် ) " သရဘ…. ရဟန်း၏ တရားကို ငါ အကုန် သိပြီ၊ ထိုသို့ သိပြီးသောကြောင့် ငါသည် သူတို့ သာသနာမှ ထွက်လာခဲ့သည် " ဟု လှည့်လည်ပြောဆိုနေကြောင်းကို ကြားရတယ် , ဒီအတိုင်း ပြောနေတာမှန်သလား။

သရဘ။ ။(ဘာမျှ ပြန်၍ မပြော)။

ဗုဒ္ဓ။ ။ရှေးနည်းအတိုင်း ထပ်၍မေးတော်မူပြီးလျှင်, သရဘ…. ပြောပါ , ရဟန်းတို့ တရားကို သင်က ဘယ်လို သိနေသလဲ , သင် သိထားတဲ့ တရားထဲမှာ လိုနေသေးတာ ရှိလျှင် ငါက ဖြည့်စွက် ပေးပါ့မယ်၊ သင်သိတာက ပြည့်စုံနေလျှင် ငါက ဝမ်းမြောက်ပါမယ်။

[သရဘ ကား ဘာမျှ မပြောတော့ချေ၊ ဗုဒ္ဓလည်း ၃ ကြိမ် တိုင်အောင် မေးသေး၏၊ ထို အချိန်မှာ ရဟန်းတော်များနှင့် မြို့တွင်းက လူပေါင်း အတော်များများပင် ပရိဗ္ဗိုဇ်ကျောင်း တိုက်သို့ ဗုဒ္ဓ ကြွသွားတော် မူကြောင်းကို ကြား၍ ရောက်လာ ကြလေပြီ၊ သရဘမှ တပါး အခြားသော ပရိပုဗ္ဗိုဇ်တို့ကလည်း ဗုဒ္ဓက သရဘကို ဆန့်ကျင်ဘက် မပြောဘဲ လိုက်လိုက် ရောရော မေးနေပုံကိုမြင်ကြ၍ ဗုဒ္ဓဘက်သို့ အတော်ကြီး စိတ်ညွတ်နေကြ လေပြီ။]

ပရိဗ္ဗိုဇ်များ။ ငါ့ရှင်သရဘ….သင် တောင်းတနေသောအချက် ကိုပင် အရှင်ဂေါတမက မေးနေတယ်, " ရဟန်းတို့ တရားကို ဘယ်ပုံ ဘယ်နည်း သိထားတယ် "ဆိုတာ ပြောလိုက်ပါတော့ လား၊ လိုနေလျှင် ဖြည့်လိမ့်မပေါ့, ပြည့်စုံလျှင်လဲ ဝမ်းမြောက် ပါလိမ့်မယ်။

**ရဲရဲတောက် မိန့်ခွန်းတော်**

သရဘသည် ဘာမှ ပြန်မပြောဘဲ ကြက်ဖကြီး ရိုက်ထားသကဲ့သို့ ဦးခေါင်း ငိုက်ဆိုက်ချကာ မှိုင်၍သာ နေရှာတော့သည်၊ ထိုအခါ ဤသို့ စကားမေး မရလောက်အောင် မှိုင်နေသည့်အခါ ဗုဒ္ဓရှင်တော်မြတ် သည် " သီဟနာဒ " ခေါ် ခြသေ့်ဟောက်သကဲ့သို့ ရဲရဲတောက် မိန့်တော်မူသည်မှာ—

၁။ "ငါသည် အလုံးစုံကို အကုန်သိ၏ "ဟု ဝန်ခံထားရာ၌ "မည် သည့် တရားတွေ မသိဘဲကျန်နေသေးတယ်"လို့ များ ပရိဗ္ဗိုဇ် တယောက်ယောက်က ပြောလျှင်, ထိုပြောသူကို ပြန်၍ စစ်ဆေး

မေးမြန်းသည့်အခါ သူသည် ရှေ့စကားကို နောက်စကားဖြင့် ဖုံးကွယ်လျှင်လည်း ဖုံးကွယ်လိမ့်မည်၊ အပြင်ဘက်က စကား တခုခုကိုလည်း အပို သွင်းချင် သွင်းလိမ့်မည်၊ စိတ် တိုခြင်း ဒေါသထွက်ခြင်း မနှစ်သက်ခြင်းကိုသော်လည်း ထင်ရှားပြ လိမ့်မည်၊ ထို ၃ မျိုးတွင် တမျိုးမျိုး ကေန်ဖြစ်ရမည်၊ ထိုသို့ မဖြစ်လျှင် ယခု သရဘ မှိုင်နေသလို စကားမေး မရအောင် မှိုင်နေရလိမ့်မည်။

၂။ "ငါ့မှာ ကိလေသာကုန်ခမ်းပြီ" ဟု ဝန်ခံထားရာ၌ "ကိလေ သာ မကုန်သေးဘူး" ဟု ပရိဗ္ဗိုဇ် တယောက်ယောက်က ပြောလျှင် ထိုပြောသူကို ပြန်၍ စစ်ဆေး မေးမြန်းသည့်အခါ သူ သည် ( အထက်ပါ အဖြစ် ၃ မျိုးတွင် ) တမျိုးမျိုး ကေန် ဖြစ်ရမည်၊ ထိုသို့ မဖြစ်လျှင် သရဘကဲ့သို့ စကားမေး မရ အောင် မှိုင်၍သော်လည်း နေရလိမ့်မည်။

၃။ "ငါပြောသည့်အတိုင်း ကျင့်သူသည် ငါပြောအပ်သောအကျိုး ကို မရနိုင်" [ ရာ ကို ပယ်ခြင်းအကျိုးငှါ အသုဘကမ္မဋ္ဌာန်း ကို ဟောတော်မူရာ၌ "အသုဘ ကမ္မဋ္ဌာန်းကို အားထုတ် သော်လည်း ရာဂကို မပယ်နိုင်" ဟုဍင်း, ဒေါသ အာဃာတ (ရန်ငြိုးဖွဲ့ခြင်း) ကို ပယ်ဖျောက်ဘို့ရာ မေတ္တာကမ္မဋ္ဌာန်းကို ဟောတော် မူရာ၌ "မေတ္တာကမ္မဋ္ဌာန်းသည် ထို ဒေါသ အာဃာ ဘကို မပယ်ဖျောက်နိုင်" ဟုဍင်း, အကြံအစီများမှု ဝိတက်ကို ပယ်ဘို့ရာ အာနာပါနကမ္မဋ္ဌာန်းကို ဟောတော် မူရာ၌ "ထို အာနာပါနသည် ဝိတက်ကို မပယ်နိုင်" ဟုဍင်း,

မဂ်ဖိုလ်ချဲ့ဘိုရာ သတိပဋ္ဌာန်စသော တရားတို့ကို ဟောတော်မူရာ၌ " သတိပဋ္ဌာန် စသော ( ဗောဓိပက္ခိယ တရား ) ၃၇ ပါးသည် မဂ်ဖိုလ်ချဲ့ကြောင်း မဟုတ် " ဟုဝင်း ] ပရိဗ္ဗိုဇ် တယောက်ယောက်ကပြောလျှင် ထိုပြောသူကို ပြန်၍ စစ်ဆေးမေးမြန်းသည့်အခါ အထက်ပါ အဖြေ ၄ မျိုးတွင် တမျိုးမျိုးသော်လည်း ဖြစ်လိမ့်မည်၊ သို့မဟုတ်လျှင် သရဘကဲ့သို့ မှိုင်၍ နေရလိမ့်မည်။

ဤသို့ ရဲရဲတောက်မိန့်ခွန်း ၃ ချက်ကို မိန့်မြွက်တော် မူပြီးနောက် ရောက်လာသော ပရိသတ်အား သစ္စာ ၄ ပါးတရားကို ဟောတော်မူ၍ တရားချစေတော်မူပြီးလျှင် အဘိညာဉ်ဖြင့် ပြန်ကြွတော် မူသည့်အခါ အခြားပရိဗ္ဗိုဇ်တို့က သရဘကို ဝိုင်း၍ " ငါ့ရှင် သရဘ... ခြင်္သေ့နှင့် မတွေ့ခင်က ခြင်္သေ့လို ဟောက်လိုက်ညေ်ဟု ကြိုးဝါး၍, တွေ့သည့်အခါ မဟောက်ဝံ့သော မြေခွေးလို ဖြစ်နေပါပကော"ဟု ပြောဆိုကြလေသည်။

× × × × × ×

## ခေတ်တော်အပ်နှင်းပွဲ

[ဤကျမ်းစာကို ပုံနှိပ်နေစဉ် သတင်းစာ၌ တွေ့ရ၍ ထည့်သွင်းချက်။]

### ပညာရှိမှ ပညာရှိကို သိနိုင်ပုံ

"ဗုဒ္ဓသည် လူ၏အစကို မဟောပြနိုင်ခဲ့၊ လောကခေတ် ဆရာကြီး တို့သာ လူ၏ အစကို ပြနိုင်သည်" ဟု ဗုဒ္ဓရှင်တော်နှင့် မတန် မရာသော စွပ်စွဲသံကို " ဗုဒ္ဓသာသနာ ထွန်းကားပါစေ

သည် ” ဟု ချီးကျူးရသော မြန်မာနိုင်ငံ၌ ( အချို့လူများ အထံမှ) ကြားနေရစဉ် ဗုဒ္ဓဘာသာ မထွန်းကားသော ရုရှားနိုင်ငံဝယ် (၁၄, ၁, ၄၉)ပြာသိုလ္ဆုတ် ၁ ရက်နေ့က အဂ္ဂသာဝက ၂ ပါး၏ ဓာတ်တော်များကို မဟာဗောဓိ အသင်းသို့ အပ်နှင်းပွဲ အခမ်းအနား၌ ဗုဒ္ဓဂုဏ်တော်များကို ထုတ်ဖော် ချီးကျူးသံကြားရသည့် အခါ “ အင်း…ပညာရှိမှ ပညာရှိ အကြောင်းကို ကောင်းကောင်း သိနိုင်ပေတာဘဲ ” ဟု ( ကျမ်းလာအတိုင်း ) စဉ်းစားမိပါသည်၊ ထို အပ်နှင်းပွဲ၌ ပရိသတ် ၅ သိန်းခန့် တက်ရောက်ကြ၍ နိုင်ငံကျော် ပဏ္ဍိတ်ကြီးတွေ အများအပြားပင် ဗုဒ္ဓဂုဏ်တော်ကို ထုတ်ဖော် ချီးကျူးကြပါသတဲ့။

**ပဏ္ဍိတ်နေရူး ချီးကျူးပုံ**

အိန္ဒိယ နိုင်ငံတော် ဝန်ကြီးချုပ် ပဏ္ဍိတ်နေရူး ကိုယ်တိုင် ထို အခမ်းအနားကြီးကို ဖွင့်လှစ်၍ ဓာတ်တော်များ၏ ကိန်းဝပ်ရာ ရွှေကြုတ်ကို မဟာဗောဓိအသင်း ဥက္ကဋ္ဌအား အပ်နှင်းစဉ် မိန့်ခွန်း စကား ပြောသည်မှာ—ယခု အဂ္ဂသာဝက ရဟန္တာ ၂ ပါး၏ ဓာတ်တော် များမှာ လွန်ခဲ့သည် နှစ်ပေါင်း တရာကျော်လောက်ကပင် စံချီမြို့မှ လန်ဒန်မြို့ ဗိတိုးရီးယား အဲလဘတ် မြူဇီယံ ပြတိုက်တွင် ထားရှိခဲ့ ကြောင်း, ဗုဒ္ဓရှင်တော်၏ ဝါဒမှာ ကမ္ဘာ့ငြိမ်းချမ်းရေးကို ညွှန်ပြ တော်မူသော ဝါဒတော်ဖြစ်ကြောင်း, ခေါင်းဆောင်ကြီး မဟာတ္တမ ဂန္ဒီသည်လည်း ထိုဗုဒ္ဓ၏ ဝါဒ ( မေတ္တာဝါဒ)ကို လက်ကိုင်ပြုကာ ညွှန်ကြားခဲ့လေ့ရှိကြောင်း, ယခု ကမ္ဘာ့အခြေအနေအရ ငြိမ်းချမ်း

ရေး ပြန်လည်ရစေနိုင်သော ဝါဒမှာ ထို ဗုဒ္ဓဘာသာဖြစ်ကြောင်း, စသည်ဖြင့် အကျယ်တဝင့် မိန့်မြွက်လေသည်။

**ဘုရင်ခံတဦး ချီးကြူးပုံ**

ဗင်္ဂလားအနောက်ပိုင်း ဘုရင်ခံဒေါက်တာ ကက်ဂျူးက ချီးကြူးပြန်သည်မှာ — ဣန္ဒိယသည် လွန်လေပြီးသော ရှေးပဝေဏီကာလ၌ တရုပ်ပြည်နှင့်၎င်း, အာရှအရှေ့တောင်ပိုင်းရှိ အခြားတိုင်းပြည်များနှင့်၎င်း, ရင်းနှီးစွာ ဆက်ဆံခဲ့ဘူးရာ, ထို ဆက်ဆံခဲ့ရခြင်းသည် အရှင်ဂေါတမကြောင့် ဖြစ်၏၊ လွန်ခဲ့သော နှစ်ပေါင်းတထောင်ခန့် အချိန်၌ ဣန္ဒိယသည် ဂေါတမဗုဒ္ဓ၏ အယူဝါဒကို စွန့်လွှတ်လိုက်သည်မှစ၍ ထိုတိုင်းပြည်များနှင့် ရင်းနှီးခြင်း ကင်းဝေးကာ လွတ်လပ်ရေးလည်း ဆုံးရှုံးခဲ့ရတော့၏၊ ဣန္ဒိယတိုင်းသား များသည် လွတ်လပ်ရေး အတွက် ကြိုးပမ်းခဲ့ကြသည်မှစ၍ ဂေါတမဗုဒ္ဓ၏ အတုမရှိသော ကိုယ်တော်အဖြစ်နှင့် ပြိုင်ဘက်မရှိအောင် ဖြူစင်သန့်ရှင်းသော တရားတော်ကို တဖြည်းဖြည်း တိုး၍ အသိအမှတ် ပြုခဲ့ကြသည်မှာ လေးနက်သော အဓိပ္ပါယ်ရှိပါသည်၊ ဂေါတမဗုဒ္ဓသည် ဣန္ဒိယပြည်နှင့် တရုပ်ပြည် အာရှ အရှေ့တောင်ပိုင်းရှိ တိုင်းသူပြည်သားတို့ကို တလုံးတစည်း ထည်းဖြစ်အောင် စည်းရုံးနိုင်သော သတ္တိထူးရှိပါသည်၊ ငါတို့သည် ဂေါတမဗုဒ္ဓနှင့် ထို ဗုဒ္ဓ၏ တရားတော်များကို လေးစားရမှန်း နားလည်ကြလေ လွတ်လပ်ရေးကို ပိုမိုခိုင်မြဲအောင် ထိန်းသိမ်းနိုင် လေဖြစ်၏၊ ဆင်းရဲဒုက္ခ ကြုံတွေ့ရ၍ စိတ်နှလုံး တုန်လှုပ် ခြောက်ချားခြင်း ဖြစ်ရတိုင်း ဂေါတမဗုဒ္ဓ၏ တရားတော်များကို ပိုမို၍ ဆည်းကပ်သင့်ကြပါသည်၊ ဤသို့ စသည်ဖြင့် ချီးကြူးပါသတဲ့။

အသင်းဥက္ကဋ္ဌ ချီးကြူးပုံ

မဟာဗောဓိ အသင်း ဥက္ကဋ္ဌ ဒေါက်တာမူကာဂျီက မိန့်မြွက် ပြန်သည်မှာ - ဗုဒ္ဓ သာသနာတော်သည် ကမ္ဘာ့အနှံ့ ပြန့်လျက်ရှိသော်လည်း ဗုဒ္ဓ၏ဇာတိချက်ကြွေ ဌာန ဖြစ်သော ဣန္ဒိယပြည်၌ ထိတ်တန်း အဖြစ်ဖြင့် တည်လျက် မရှိသည်မှာ သတ္တာတို့ ကံကြမ္မာ၏ ပြက်ရယ် ပြုခြင်းကို ခံနေရခိုက် ဖြစ်သည် ဟု ဆိုထိုက်ပါပေသည်၊ စင်စစ်မှာ ဣန္ဒိယ တိုင်းသားထည်းမှ အနည်းငယ်တို့သာ ဗုဒ္ဓဘာသာဝင် ဟု အသိအမှတ် ပြုကြ သော်လည်း သတ္တာ အချင်းချင်း မေတ္တာပွါးများမှု ဟူသော တရားတော်ကား ဣန္ဒိယတိုင်းသား တို့၏ သွေးသား အတွင်းသို့ နှစ်ပေါင်းများစွာ ကပင် တဖြည်းဖြည်း စိမ့်ဝင်နေပါ သည်၊ သာ၍ ကြီးကျယ်သော ဣန္ဒိယ ပြည်ကြီး တည်ထောင်၍ ပတ်ဝန်းကျင် တိုင်းပြည်များ၏ လေးစားခြင်းကို ခံယူ ရရှိခဲ့ခြင်းမှာ အခြား အကြောင်းများထက် ဗုဒ္ဓရှင်တော်၏ ဖွားတော်မူရာ ဖြစ်ခြင်းသည် ဒုမိက အကြောင်းရင်း ဖြစ်ပါကြောင်း , ဤသို့ စသည်ဖြင့် မိန့်မြွက်လေသည်။

**မှတ်ချက်။** ။အထက်ပါပညာရှိများမိန့်ခွန်းကို ကောက်ချက်ချလိုက်သည့်အခါ ဗုဒ္ဓရှင်တော်၏ဝါဒသည် မေတ္တာ (တယောံနှင့် တယောက် တပြည်နှင့် တပြည် သွေးမခွဲဘဲ ကောင်းကျိုးကို အစစ်အမှန်လိုသားသော)တရားပင်ဖြစ်၏၊ ထိုဝါဒသည် ယနေ့ကမ္ဘာကို ပြန့်နှံ့နိုင်လျှင် ယနေ့ပင် ငြိမ်းချမ်းရေး ရပြီ- ဟု မှချမှတ်ထိုက်၏။ [ စစ်အတွင်းက ဂျပန် နန်းရင်းဝန် တိုဂျိုးသည်၊ စစ်တရားခံဖြစ်မှ ဗုဒ္ဓတရားတော်ကို လေ့လာကြည့်ရာ “ ဤတရားကို စောစောက လေ့လာရလျှင် သူ့ကိုယ်တိုင် စစ်တိုက်ချင်မည် မဟုတ်ပါ ” ဟု

ပြောဆိုသွားသတဲ့။ ] ကြီးနိုင် ငယ်ညှဉ်း ( မိမိတို့ အင်အားရှိခိုက် အားနည်းသူများကို ညှဉ်း၍ ) မေတ္တာကင်းမဲ့ ကိုယ်ကျိုး ( ကိုယ့် အမျိုးသားအကျိုး ) ကိုသာ ငဲ့သော ဝါဒကား '' မှံကင်း တလှဲ ထင်းတလှဲ ''လှဲကာ သူတပြန် ငါတပြန်နှင့် ဧကန် မငြိမ်းချမ်းနိုင် သော ဝါဒသာဖြစ်၏၊ ကမ္ဘာကို ထားဘိဦး, မြန်မာနိုင်ငံ၌ပင် ဆင်းရဲသားဝါဒ- ဓနရှင်ဝါဒ ( လက်ဝဲဝါဒ , လက်ျာဝါဒ ) ဟု စကထည်းက မေတ္တာနှင့် ပြောင်းပြန်နေသောဝါဒ ရန်တိုက်သော ဝါဒကို စတည်ကြ၏၊ ဤနည်းသည် မြန်မာနိုင်ငံတော်ကို ငြိမ်းချမ်း သာယာစေရန် ဧကန် မဖြစ်နိုင် ဟု ဆိုလို၏၊ အမှန်မှာ- ဓ , ရှင်တို့ သည် ဆင်းရဲသားတို့အပေါ်၌ သနားညှာတာမှုကရုဏာ- ထိုသူတို့ ချမ်းသာစေလိုသော မေတ္တာဖြင့် အရာရာ ဆက်ဆံ၍ ဆင်းရဲသား တို့ကလည်း ''ငါတို့အပေါ် ညှာတာပါပေသည်'' ဟု ပြန်၍ အကျိုး လိုလားသော မေတ္တာဖြင့် ဆက်ဆံကြမှသာ ( ထိုသို့ ဆက်ဆံနိုင် အောင် ရဟန်းတော်များ လူကြီးများ၏ မေတ္တာအကျိုးပြ ဓမ္မ စကာနှင့် အစိုးရ၏ ပြေပြေပြစ်ပြစ် စနစ်ကျသော အာဏာစက်ကို သုံးမှသာ ) ပြည်ထောင်စုမြန်မာနိုင်ငံတော် သာယာပေလိမ့်မည်။

ထို့ပြင်— '' ဂေါတမ ဗုဒ္ဓသည် ဇမ္ဗူဒိယ တရုပ်ပြည် အာရှ အနေ့ရှတောင်ပိုင်းရှိ တိုင်းသူ ပြည်သားတို့ကို တလုံး တစည်းထည်း ဖြစ်စေနိုင်သော သတ္တိထူး ရှိပါပေသည် '' ဟု ချီးကြူးကြငြင်းသည် စစ်ဖြစ်စက မြန်မာလူမျိုး အများပင် ဂျပန်ကို အားထားခဲ့ပုံကို သတိရစေတော့၏၊ ဘာ့ကြောင့် အားထားခဲ့ကြသနည်း.... ဗုဒ္ဓ ဘာသာဝင်များ ဟု ဆိုသောကြောင့် တည်း၊ ဘုန်းကြီး ကျောင်း တိုက်သို့ ဂျပန် ဘုန်းတော်ကြီးခေါ် စစ်သားတချို့ ရောက်လာ

ကြရာ , သူတို့က ဘုန်းကြီးကို( ဘုန်းကြီးဖြစ်၍ )အထူး လေးစားပုံ ရ၏၊ ဘုန်းကြီးကလည်း အထူးသနားမိတော့၏၊ ဘာသာတူမှုသည် တဉုးနှင့် တဉုး ဤမျှလောက် သက်ညှာလေးစား မေတ္တာပွားစေ နိုင်ရှိ ဘာသာကွဲပြားမှုလည်း ထိုမျှလောက်ပင် စိတ်ဝမ်းကွဲပြား စေနိုင်ရကား ယခုအချိန်မှာ တိုင်းရင်းသား အချင်းချင်း မသင့် မမြတ် ဖြစ်နေရာ၌လည်း ဘာသာ ကွဲပြားမှုသည် အကြောင်းတခု ဖြစ်နိုင်ရကား တိုင်းပြည် ခေါင်းဆောင်တိုင်း ဘာသာရေးကို လစ်လျူမရှုထိုက်ကြောင်း လက်တွေ့ ပြယုဂ်တခု ဟု သတိပြုသင့်ကြ ပေသည်၊ ဤအချက်များကို စဉ်းစားလိုက်သည့် အခါ ယခုအချိန်၌ တောင်တန်းသာသနာပြု အရှင်များနှင့် လူကြီးလူကောင်းများကို ပြည်ထောင်စု မြန်မာနိုင်ငံ သွေးစည်းအောင် စီမံရာ၌ ၁ နံပါတ် ကျေးဇူးရှင်များ ဟု မှတ်သားထိုက်ပါပေသည်။

## ဗုဒ္ဓရှင်တော်ကို ကြည်ညိုပုံအစဉ်

**ယောင်ဝါးဝါး သာဝက ဖြစ်စဉ်**

ဘုန်းကြီး၏ ဘိုးဘွား မိဘများသည် ဗုဒ္ဓကို ဆည်းကပ် ကိုးကွယ်သော ဉပါသကာများ ဖြစ်ကြသည်အားလျော်စွာ ထို ဘိုးဘွား မိဘ တို့၏ ဩဝါဒအတိုင်း ငယ်ရွယ်စဉ်က ဘုရားရှိခိုးလျက် ဗုဒ္ဓသာဝက ဖြစ်ခဲ့ရ၏၊ သို့သော် ဘယ်လိုဘုရားကို ရည်စူး၍ ဘယ်လို ကြည်နူး ရမှန်း မသိ , ရွာအရှေ့မှာ တည်ရှိတော်မူနေသော ရုပ်ပွားတော် စေတီတော်များလောက် ကိုသာ ငါမိစိတ် ရောက်နေပါသည်၊ ထို ငယ်စဉ်က မိမိ၏ ဗုဒ္ဓဘာသာဝင် ဖြစ်ရခြင်းသည် ယောင်ဝါးဝါး ဗုဒ္ဓဘာသာဝင်တည်း၊ ထို အချိန်မှာ မိမိသည် ဘာသာခြားကျောင်း

များ၌ စာသင်၍ ထို ကျောင်းဆရာတို့က သူတို့ ဘာသာသို့ ဆွဲငင် ဖြားယောင်းလျှင်ငှင်း, မိဘတို့ကလည်း ဗုဒ္ဓဘာသာ သဘောကို အထူး မပြောပြလျှင်ငှင်း ဆွဲငင်ရာဘက်သို့ ညွတ်လျက် နေမည်မှာ သေချာပါလိမ့်မည်။

**အတ္တစွဲ တမျိုးဝင်နေပုံ**

ယောင်ဝါးဝါးဗုဒ္ဓဘာသာ ဖြစ်နေရုံသာ မက ကလေးဘဝက ကိုယ့်ဘာသာ ထင်မြင်နေသော အစွဲတမျိုးလည်း ရှိပြန်သေး၏၊ ထို အစွဲကား အားလုံးသော လူတွေ တမျိုးပြီးတမျိုး ပြောင်းလွှဲ၍ ဖြစ်ကြရာ၌ အိမ်အရှေ့ဘက်မှာရှိသော မန်ကျည်းပင်လည်း မိမိတို့လို အသက်ရှိသော သတ္တဝါတမျိုး ဖြစ်သည်သာ မက, ထို အပင်၏ အသီးအရွက် တို့သည် ထို အပင်ကြီးမှ ပေါက်ဖွါးသော သားသမီးသတ္တဝါကလေးများပင် ဖြစ်ကြ၏၊ မိမိလည်း တနေ့ကျလျှင် ထို အသီးအရွက်မျိုးဖြစ်ကာ လူအများ၏ စားဖတ်ဝါးဖတ် ဖြစ်ရဦးမှာဘဲ= ဟု စိတ်ထဲ၌ ကြံစီမိခြင်းပင်တည်း။ [ ပိဋကတ်ကို လေ့လာသည့်အခါကျမှ ထို အစွဲကို အတ္တစွဲတမျိုး ဟု သိရပေသည်။ ] ထိုသို့ ယောင်ဝါးဝါး ဗုဒ္ဓဘာသာဘဝတွင် အတ္တစွဲလည်း ပါဝင်နေသေးသော မိမိအတွက်မှာ ဗုဒ္ဓဘာသာ အရေးကို လေးလေး နက်နက် သိနိုင်လောက်သော အထက်တန်း ကျမ်းစာများကို မသင်ရဘဲ အောက်တန်းစာပေဖြင့် ဘုန်းကြီးကျောင်းမှ ထွက်ခဲ့ရပါမူ ထိုအတ္တအစွဲကို ဖျောက်၍ ဗုဒ္ဓအစစ်အမှန်၌ ထိထိမိမိ စိတ်ရောက်နိုင်မည် မဟုတ် ချေ။ [ ဤအဖြစ်ကိုထောက်၍ အထက်တန်းစာပေကို မလိုက်စား မကြားသိရသော ဗုဒ္ဓဘာသာဝင် ဆိုသူတို့မှာ ဘာသာရေး၌ ယောင်ဝါးဝါး ဖြစ်ကြလိမ့်မည် ဟု ကိုယ်ချင်းစာမိပါသည်။ ]

**ဘုန်းကြီးကျောင်း၌ စာသင်ချိန်**

ကျေးရွာထုံးစံအတိုင်း ၆ နှစ်သားလောက်ပင် ဘိုးဘွားတို့ ဆောက်လုပ်ကိုးကွယ်ထားသော ဘုန်းတော်ကြီး ကျောင်းသို့ ရောက်ရှိလေရာ အများ ထုံးစံအတိုင်း ကျမ်းစာကို သင်ကြားစဉ် "ဩကာသ = ဩကာသ ကာယကံ ဝစီကံ မနောကံ" စသော ဘုရားရှိခိုးများကို ကျက်မှတ်ရသော်လည်း ထို ဘုရားရှိခိုးများသည် ဗုဒ္ဓရှင်တော်ကို ထင်မြင်လာအောင် မတတ်နိုင်ချေ၊ သို့သော် ဘုရားအကြောင်းနှင့် စပ်သော ဇာတ်ဝတ္ထု တရားစာများကို ဘိုးဘွားမိဘတို့ အထံနှင့် ဆရာသွားများ အထံမှ မကြာခဏ ကြားနေရ သဖြင့် "ဘုရား ဆိုသည်မှာ ငါတို့ကဲ့သို့ လူမျိုးထည်းမှ ထူးခြားသော လူတမျိုးက ရဟန်းပြု၍ ဖြစ်သွားသော ပုဂ္ဂိုလ် တပါး" ဟု ရိုးတိုးရေးတား လောက်မျှ နားလည်၍ ရွှေရှေ့က ရုပ်ပုံတော်များသည် ထိုဘုရား၏ ပုံများဖြစ်ကြောင်းကိုလည်း ဆက်သွယ်တတ်လာပေပြီ၊ သို့သော် ထို ဘုရား၏ အလောင်းဖြစ်သော သိဒ္ဓတ်မင်းသားနှင့် သုဒ္ဓေါဒနမင်း စသူတို့မှာ မန္တလေးမြို့သား လေလား ရွှေဘိုမြို့သားလေလား ဟု ထင်ယောင်ထင်မှားပင် ရှိပါသေးသည်။ [ဤသို့ဖြစ်ရခြင်းမှာ ဗုဒ္ဓ၏ အခြေအမြစ် ဗုဒ္ဓဝင်ကို ကလေးများအား လေးလေးစားစား ပြောလေ့မရှိခြင်းကြောင့် ပေတည်း။]

**ဗုဒ္ဓအကြောင်းကို ကောင်းကောင်းသိချိန်**

ထို့နောက် တစတစဖြင့် တိုးတက်၍ အသက်ကြီးလာသော်လည်း သဒ္ဒါ သင်္ဂြိုဟ် စသော သင်ရိုး စာကလေး များကို သင်ချိန်ဝယ် ဗုဒ္ဓနှင့်စပ်သော အသိဉာဏ် မကျယ်သေးပါ၊ အထက်တန်း ပါဠိ အဋ္ဌကထာများကို သင်ယူရချိန်ကျမှ ဗုဒ္ဓသည်

မြန်မာတိုင်းဘွား မဟုတ်ကြောင်းမှ စ၍ ဗုဒ္ဓ၏ အဖြစ်သနစ်ကို အရင်းအမြစ်အထိ တဖြေးဖြေး သိရှိလေရာ နဂိုရ်နှင့်လမ်းလာသော အတွေ့ အယူလည်း ရှင်းရှင်းလင်းလင်း ကင်းကွာလေပြီ၊ [ သို့သော် နောက်နောက်ဘဝ၌ ထိုအယူမျိုး ထပ်၍မပေါ်နိုင် ဟု မဆိုလိုပါ၊ သောတာပန် မဖြစ်သေးလျှင် ထိုအတွေ့အစွဲမှာ ပျံ့မြဲ ပါနေတတ်ပါသေးသည်။ ] ထိုသို့ အတွေ့အစွဲပါ ကင်းကွာလောက်အောင် ဗုဒ္ဓတရားတော်ကို သဘောကျနေရကား ထိုတရားတော်ရှင် ဖြစ်တော်မူသော ဗုဒ္ဓရှင်တော်မြတ်ကို အားရ ပါးရကျေနပ်ပါသည်, ယုံကြည်ပါသည်, အားကိုးပါသည်, မြတ်နိုးပါသည်, ရှိခိုးပါသည်။

**ကျေနပ်ခြင်း၏ အကြောင်းများ**

ဗုဒ္ဓအပေါ်၌ ကျေနပ်ခြင်း ယုံကြည်ခြင်း၏ အကြောင်းသည် အကျဉ်းချုပ် အားဖြင့် ၃ ပါးရှိ၏၊ ၁ - ပါရမီ ဖြည့်တော်မူခဲ့ခြင်း, ၂ - ပါရမီအစွမ်းကြောင့် အလုံးစုံကို သိသော ဗုဒ္ဓဖြစ်တော်မူခြင်း, ၃-ဗုဒ္ဓဖြစ်တော်မူပြီးနောက် သတ္တဝါတို့အကျိုးငှါ မနေမနား တရားဟောတော်မူခြင်း, ဤအကြောင်း ၃ ပါးကြောင့် ဗုဒ္ဓရှင်တော်မြတ်အပေါ်၌ ကျေနပ်ခြင်း အားရခြင်း ကြည်ညိုခြင်း ဖြစ်ရပေသည်၊ မှန်၏—အကယ်၍ ပါရမီဖြည့်ခဲ့ပုံကို မသိရဘဲ ဗုဒ္ဓ ဖြစ်နေကြောင်းကိုသာ သိနေရလျှင် ထို ဗုဒ္ဓအဖြစ်ကို မိမိယုံချင်မှယုံမည်၊ ယခုသော် "ပါရမီ ဖြည့်ခဲ့ခြင်းကြောင့် ဗုဒ္ဓဖြစ်ရသည်" ဟု အကြောင်းအကျိုးဆက်သွယ်ရသဖြင့် ဗုဒ္ဓ အဖြစ်ကို စင်စစ် ယုံကြည်ပါသည်၊ ( ယခုကာလ၌ အထက်တန်းရောက်အောင် ကြိုးစားပြီးနေသံ သူငယ်ပါးကို အကျိုးရှိအောင် ဝန်မဆောင်ဘဲ စည်းစိမ်ခံ၍ နေနေကြသူအချို့ကဲ့သို့ ) ဗုဒ္ဓဖြစ်ရုံ ကြိုးစား၍ ဗုဒ္ဓဖြစ်ပြီးနောက် အပင်ပန်း မခံဘဲ

ချမ်းချမ်း သာသာ နေမည် ဆိုလျှင်လည်း ( ဗုဒ္ဓအဖြစ်ကို ယုံကြည်စေကာမူ ) အားရပါးရ ကျေကျေနပ်နပ် ရှိလှမည် မဟုတ်သေး၊ ယခုသော် ဗုဒ္ဓဖြစ်ချိန်မှစ၍ ပရိနိဗ္ဗာန်စံတော်မူချိန်အထိ မနေမနား တရားပြတော်မူခဲ့သောကြောင့်"ငါတို့ဗုဒ္ဓမှ ဗုဒ္ဓ"ဟု ရဲရဲကြီးပြဘို့ရာ အလွန်အမင်း အားရခြင်း ဖြစ်ရပါသည်။

**ပါရမီဖြည့်ခြင်း အကြောင်း** ကိုယ် နှုတ် စိတ်ခွတ် မြင့်မြတ်သော သူတို့၏ အလုပ်ကို "ပါရမီ" ဟု ခေါ်၏၊ [ ပရမာနံ= မြင့်မြတ်သူတို့၏+ကမ္မံ=အလုပ်တည်း၊ ပါရမီ= မြင့်မြတ်သူတို့၏ အလုပ်။ ] ထိုပါရမီသည် ဆုတောင်းနေရုံမျှဖြင့် ဖြည့်ဝနိုင်သည်မဟုတ်၊မိမိရှေးကပါရမီဖြည့်သွားသူတို့ကို အားကျသောကြောင့်ဖြစ်စေ အောက်ကျ နောက်ကျနှင့် ဒုက္ခရောက်နေသော သတ္တဝါတို့ကို မြင်၍ ကယ်တင်လိုသော စိတ်ကြောင့်ဖြစ်စေ ပါရမီဖြည့်ချင် ကယ်တင်နိုင်သူဖြစ်ချင်သော ဆန္ဒသည် ပဌမဖြစ်ပေါ်လာလိမ့်မည်၊ ထိုဆန္ဒ ဖြစ်ပေါ်နေရုံမျှဖြင့်လည်း ပါရမီဖြည့်ဝသူ မဖြစ်နိုင်သေး၊ ထိုဆန္ဒနှင့် ထိုက်တန်သော အကြံအစီများကို ကြံစီရမည်၊ ထို အကြံဉာဏ်ကို ရသည့်အခါ လုလ္လဝီရိယ စိုက်ထုတ်ရမည်၊ မိမိရည်မှန်းသော လမ်းစဉ်ကို ဖြောင့်တန်းအောင် အမြဲသတိဆောင်ရမည်၊ [ ကိုယ့်တယောက်ကောင်းမဟုတ်ဘဲ အများအတွက် ပါရမီဖြည့်သူ၌ ရှိထိုက်သော တရားတို့ကား.- " သတ္တဝါတို့ အပေါ်၌ သနားမှု ကရုဏာ , အကျိုးလိုလားမှု မေတ္တာ , ကယ်တင်နိုင်သူဖြစ်လိုသော ဆန္ဒ, ကြံစီစဉ်းစားမှု ဉာဏ်ပညာ , ကြိုးစားမှု ဝီရိယ, မိမိဆိုင်ရာ ကိစ္စအရပ်ရပ်၌ မလစ်လပ်စေမှု သတိ , စိတ်မပြောင်းမှု

သမာဓိ, ဤသို့ ကြီးစားလျှင် ရည်ရွယ်ချက် အထမြောက်သည် ဟု ယုံကြည်မှု သဒ္ဓါ, မိမိစိတ်ဓာတ်ကို လှုံ့ဆော်ပေးသော စေတနာ" ဟု ဤ ၉ ပါးသော တရားများတည်း။]

[ဆောင်] အော်ကျ နောက်ကျ, ကိုယ့်ဒုက္ခဖြင့်, မှုချ နှမ်းညှိုး, သတ္တာမျိုး၌, အကျိုးလိုလား, မေတ္တာထား၍, သနားကရုဏာ, ဖြစ်သောခါတွင်, ကယ်တင် အံ့မြော်, ဆန္ဒပေါ်လိမ့်၊ ထိုသော် အခါ, ဉာဏ်ပညာဖြင့်, ကောင်းစွာစိစစ်, ဝီရိယဖြစ်လျက်, မှုလစ်သတိ, သမာဓိကို, တိတိမားမား, အမြဲထားမှု, ဘုရားဖြစ်နိုင်ရဲ့ဟု, တကယ့်သဒ္ဓါ, စေတနာနှင့်, ရောစိတ်ကြီး, မြဲအောင်တည်းမှ, နိုင်ဖြီး ပါရမီ, စုံပြည့်ညီသည်... ဖြည့်မည်သူတို့ မှတ်ဘွယ်ကြို့။

**ဘဝအနည်းငယ်ဖြင့် ပါရမီမပြည့်**

[သတ္တာတို့သည် တဘဝနှင့် တဘဝကာ၏ သတ္တိဖြင့် ဆက်သွယ်လျက် ရှိကြောင်းကို ယုံကြည်နှင့်ပါ၊ ] သတ္တာတို့၏ ယခုဘဝ၌ ဖြစ်သမျှ ထက်မြက်သော ဇောစိတ်၏ ဓာတ်သတ္တိ များသည် နောက်နောက် ဘဝတို့၌လည်း အဆက်မပြတ် လိုက်ပါ၍သွားတတ်ကြ၏၊ ဥပမာ-ယခုဘဝ၌ မေတ္တာကရုဏာ လွန်ကဲသူသည် ရှေးရှေး ဘဝတို့မှ မေတ္တာ ကရုဏာ ဓာတ်ခံပါလာခဲ့၍ နောင်နောင် ဘဝများ သို့လည်း ထိုဓာတ်ခံသည် ကောင်ပါသွားဦးမည် သာတည်း၊ ထို့အတူ သဒ္ဓါလွန်ကဲသူ ပညာလွန်ကဲသူ တို့၌လည်း ထိုဓာတ်ခံမျိုး လိုက်ပါလျက် ရှိသည့်ပြင်, လောဘ ဒေါသဓာတ်ခံ ရှိသူတို့လည်း ရောက်ရာဘဝ၌ လေ ဘကြီးသူ ဒေါသကြီးသူ ဖြစ်တတ်လေသည်၊ ထိုသို့ ဓာတ်ခံပါနေတတ်သည်အားလျော်စွာ နိဗ္ဗာန်ကို ရည်စူး၍

ပါရမီဖြည့်နေသူတို့သည် ဘုရားအလောင်းမဟုတ်စေကာမူ ထိုက်တန်သမျှ သဒ္ဓါပညာ စသော ခါတ်ခံကောင်းတွေ ရှိစေရမည်သာ၊ ဘုရားအလောင်း အဂ္ဂသာဝက မဟာသာဝကအလောင်းတို့မှာကား မေတ္တာ ကရုဏာမှစ၍ ထိုခါတ်ခံကောင်းမျိုးကို ရိုးရိုးပါရမီဖြည့်သူတို့ထက် ၂ဆ ၃ ဆမျှမက ရာထောင်စသည်သာလွန်အောင် ကြိုးစားရပေမည်၊ ထိုသို့ ကြိုးစားသော်လည်း ဘဝအနည်းငယ်ဖြင့် ထိုပါရမီများ လုံလောက် ပြည့်လိမ့်ဦးမည်မဟုတ်သေး။

**အဆင့်ဆင့်**
**ရင့်အောင်အားထုတ်ရပုံ**

လောက၌ ပညာကို လုံးလုံး မလိုက်စားဘဲ အောက်ကျ နေခဲ့ကျ ဖြစ်ချင်ဖြစ်ပေစေ ဟု နေသူ, အနည်းငယ်ရှာသူ, အလယ် အလတ် ရှာသူ, အထက်တန်း ရောက်အောင်ရှာသူ, အထက်တန်း ရခဲ့ရုံမျှဖြင့်လည်း အားမရသေးဘဲ ထိပ်တန်းရောက်လိုသူ ဟု အမျိုးမျိုး ရှိရာ, ထိုသူတို့သည် မိမိတို့ ဆန္ဒအလိုက်အကျိုးရမည် ဖြစ်သော်လည်း ထို အကျိုးရဘို့ရာ လူကျန်းမာရေး ငွေကုန်ခံနိုင်ရေး အနှောင်အဖွဲ့ လွတ်လပ်ရေး ဉာဏ်ထက်မြက်ရေး လုံးလဝီရိယ ( ဇွဲ ) ရှိရေးများနှင့် ပြည့်စုံရမည့်ပြင်, သင်ပေးမည့်ဆရာလည်း ပြည့်စုံသေး၏၊ ထိုသို့ ပြည့်စုံသူသည် ရည်ရွယ်ချက်ဆန္ဒက အထက်တန်းကျလျှင် အချိန်ကြာမြင့်စွာလည်း ကြိုးစားရသကဲ့သို့ ထို့အတူ ပါရမီ ပြည့်ဝအောင် ဖြည့်ဆည်းပူးတော်မူကြသော အလောင်းတော်များလည်း ဆန္ဒတော်အလိုက် ကမ္ဘာပေါင်းများစွာ ကာလကြာအောင် ကြိုးစားတော်မူကြရပေသည်၊ ထိုသို့ကြိုးစားရာ၀ယ် ပညာကို အမိက ထားလျှင် ပညာ ခါတ်သည်

တဘ၀ထက် တဘ၀ ထက်၍ ထက်၍ လာ၏၊ ဝီရိယကို အဓိက ထားလျှင် ဝီရိယခေတ်သည် တဘ၀ထက် တဘ၀ တက်၍ တက်၍ လာ၏၊ ထိုသို့ တိုးတက်နေသော်လည်း ဆန္ဒနှင့်လိုက်အောင် ဒီကရီ မကိုက်သေးသမျှ ထပ်၍ထပ်၍ ဖြည့်ရဦးမည်သာ၊ ဥပမာ-အထက်တန်း စာမေးပွဲ ကြိုးစားနေသူသည် ဉာဏ်အားကိုးသူ ဝီရိယ အားကိုးသူ ၂ မျိုးရှိရာ ထိုသူ ၂ မျိုးလုံးပင် မူလတန်းမှ စ၍ တဆင့်ထက် တဆင့် အသိဉာဏ်ကား ရင့်ခဲ့ပေ၏၊ သို့သော် မိမိ၏ အသိဉာဏ်သည် နောက်ဆုံးထိပ်တန်းနှင့် ဒီဂရီ မကိုက်သေးသမျှ ဉာဏ်ကိုရင်း ထပ်၍ ထပ်၍ အသုံးပြုကြရ ကြိုးစား ရသေးသကဲ့သို့တည်း။

ဆက်ပါဦးအံ့—ဤကမ္ဘာ၌ ဗုဒ္ဓ ၄ဆူပွင့်တော်မူပြီး ဖြစ်ရာပဌမ ကကုသန် ရှင်တော်ဘုရားသည် အနှစ် ၄ သောင်း အသက်တန်း အချိန် ပွင့်တော်မူ၏၊ ထို့နောက် အသက်တန်း ဆုတ်ယုတ်၍ ၁၀ နှစ်တန်းမှ တက်ပြီးနောက် အသင်္ချေတန်း ရောက်၍ တဘန် ဆုတ်ယုတ်လာသည့်အခါ အနှစ် ၃ သောင်းတန် ၌ကောဏာဂုံ ရှင်တော်ဘုရား ပွင့်တော်မူ၏၊ ဤနည်းဖြင့် အထက်တန်း အစွမ်းကုန် ဆုတ်၍ တိုးတက် ပြီးနောက် ဆုတ်ယုတ် လာပြန်ရာ အနှစ် ၂ သောင်း တန်း၌ ကဿပ ရှင်တော်ဘုရား ပွင့်တော်မူခဲ့၍ ထို့အတူ ဆုတ်ယုတ်ကာ အနှစ်တသောင်းတန်းမှ ငါတို့ဗုဒ္ဓ ရှင်တော် ပွင့်သင့်သော်လည်း ဗုဒ္ဓအဖြစ်သို့ ရခံနိုင်လောက်အောင် ပါရမီတော် မပြည့်သေးသဖြင့် ထပ်၍ ကြိုးစားတော် မူနေရသောကြောင့် အနှစ်တရာတန်း ရောက်မှ ဗုဒ္ဓ ဖြစ်လောက်သော ပါရမီတော်များ ပြည့်ဝတော်မူသည်၊ ဤသို့လျှင် “ မြင့်မြတ်သူတို့၏

အလုပ်ကို ပါရမီ"ဟု ဆိုခဲ့ရာ ရည်ရွယ်ချက်ဆန္ဒနှင့် ကိုက်ညီအောင် ထိုပါရမီကို ဖြည့်ရသော အချိန်အခါလည်း ရည်ရွယ်ချက် မြင့်လျှင် မြင့်သလောက် ကြာမြောင်းရသည့်ပြင် ထိုအချိန်ကာလ အတွင်းမှာ လည်း စိတ်မပျက်လက်မပျက် ဇွဲကောင်းကောင်းနှင့် ကြိုးစားတော်မူကြရပေသည်။

**စရိယာ ၃ ပါး** [ဗုဒ္ဓ ဖြစ်အောင် ကြိုးစားရာ၌ ပါရမီဆယ်ပါးကို အများဖြည့်ရိုး အတိုင်းလည်း ဖြည့်ရ, ကိုယ်အင်္ဂါ အပျက်အစီး ခံ၍လည်း ဖြည့်ရ, မိမိ၏ အသက်ကိုပင် စွန့်လွှတ်၍ သို့မဟုတ် သူများအသက်ကိုပင် ကယ်ဆယ်နိုင်လောက်အောင်လည်း ဖြည့်ရကြောင်းကို "ရတနာ့ဂုဏ်ရည်" စသော အခြားကျမ်းစာ တို့၌ တွေ့ဘူးကြပါလိမ့်မည်၊ ဤကျမ်း၌ကား စရိယာ ၃ ပါး အကြောင်းကို ပြအံ့၊] လောကတ္ထစရိယာ, ဉာတတ္ထစရိယာ, ဗုဒ္ဓတ္ထ စရိယာ ဟု စရိယာ ၃ ပါးရှိ၏၊ ထိုတွင် ကမ္ဘာသူ ကမ္ဘာသား သတ္တဝါအများ အကျိုးငှါ ဖြည့်ကျင့်တော်မူခြင်းသည် လောကတ္ထ စရိယာမည်၏၊ [လောက=သတ္တဝါ အများ၏+အတ္ထ=အကျိုးကို+ စရိယာ=ပြုကျင့်မှု,အားထုတ်ပြုလုပ်မှု၊] အမျိုးသားတို့၏ အကျိုးငှါ ပြုလုပ် အားထုတ်ခြင်းသည် ဉာတတ္ထစရိယာမည်၏။ [ဉာတိ=အမျိုး သား၊] ဗုဒ္ဓဖြစ်နိုင်လောက်သည် အထိ ဉာဏ်ပညာကြီးမားအောင် ပြုကျင့် အားထုတ်ခြင်းသည် ဗုဒ္ဓတ္ထစရိယာ မည်၏၊ [ ဗုဒ္ဓိ=ဉာဏ် ပညာ၊] ကမ္ဘာပေါင်းများစွာတို့၌ ထိုအကျင့် ၃ ပါးတွင် တပါး ပါးကို အဓိကထား၍ ကြိုးစားခဲ့သော ဘဝတွေကား မရေတွက် နိုင်အောင် များလှပေသည်။

**လောကအကျိုး ပြုကျင့်တော်မူပုံ**

ဗုဒ္ဓ အလောင်းတော်သည် ဗာရာဏသီပြည် ဝယ် ဘုရင့်သားတော်ဖြစ်၍ ၁၆ နှစ်အရွယ်၌ တက္ကသိုလ်ပညာ သင်ပြီးလျှင် အိမ်ရှေ့မင်း အဖြစ်ဖြင့်နေခိုက် တိုင်းသူပြည်သားများတို့ နတ်ကို အထူးတလည် ကိုးကွယ် ဆည်းကပ်၍ ဆိတ် ကြက် ဝက် စသည်ကို သတ်ဖြတ်၍ ယဇ်နတ် ပူဇော်ကြသည်ကို မြင်ရသဖြင့် စဉ်းစား ကြံစီသည်မှာ— "လူအပေါင်းသည် အများအားဖြင့် မတရားမှု၌သက်ဝင်နေကြပြီ၊ နတ်တွေကိုပင် အထင်ကြီးကာ မင်္ဂလာတမျိုး ဟု အားကိုးယုံကြည် ကြလျက် များစွာသော အသက်တွေကို သေကြေအောင်ပြုနေကြပြီ၊ ခမည်းတော်ကွယ်လွန်၍ ငါ မင်းဖြစ်လျှင် တယောက် တလေကိုမျှ မထိခိုက်စေဘဲ ဥပါယ်တမည်(နည်းလမ်းတမျိုး)ဖြင့် ဤ သတ်ဖြတ်မှု တွေကို တားမြစ်အံ့"ဟု စဉ်းစားခဲ့လေသယ်၊ ဤသို့ စဉ်းစားပြီးလျှင် "နတ်သစ်ပင်"ဟု လူအများကိုးကွယ်၍နေသော ညောင်ပင်ကြီးသို့ သွား၍ သူများလုပ်သလို ပန်းနံ့သာတို့ဖြင့် ပူဇော်ပြီးလျှင် ရေစင် သွန်းလောင်းကာ လွန်စွာမြတ်နိုး ရှိခိုးလျက် နတ်အားကိုးဘုန် ဆောင်လေသည်၊ ဤနည်းအတိုင်း မကြာခဏသွားရောက် ပူဇော် ရင်းပင် ခမည်းတော် ကွယ်လွန်သဖြင့် မင်းဖြစ်သည့်အခါ မိမိကြံစီ ခဲ့သော အလုပ်ကို စ၍ လုပ်ဘို့ရာ လူကြီးများကို စည်းဝေးစေ၍ ပြောပြသည်မှာ....

ဘုရင်။ ။လူကြီးများ...."ကျွန်ုပ်ဘာ့ကြောင့် ထီးနန်းကိုရတယ်" ဆိုတာ သိကြပါရဲ့လား။

လူကြီးများ။ ။မသိကြပါ။

ဘုရင်။ ။မကြာခဏ ပြည်ညောင်ပင်ကြီးသို့ သွား၍ ပန်းနံ့သာတို့ဖြင့် ပူဇော်ပြီး ရှိခိုးနေတာကိုတော့ မြင်ဘူးကြပါလိမ့်မယ်။

လူကြီးများ။ ။မှန်ပါ, မြင်ဘူးကြပါတယ်။

ဘုရင်။ ။ထိုအခါတုန်းက နတ်မင်းကြီးကို ရှိခိုးပြီး "ကျွန်ုပ်အား မင်းဖြစ်အောင် စောင့်ရှောက်တော်မူပါ, ကျွန်ုပ်မင်းဖြစ်လျှင် အရှင်နတ်မင်းအား ပူဇော် ပ-သ ပါမည်" ဟု ဝန်ခံခဲ့ပါတယ်, ထို ဝန်ခံချက်အတိုင်း နတ်မင်းကို ပူဇော်ရမယ်, ထိုပူဇော်ပွဲကို အမြန် စီမံကြပါ။

လူကြီးများ။ ။ပူဇော်ဘို့ရာ ဘာများ အလိုတော်ရှိပါသလဲ။

ဘုရင်။ ။နတ်မင်းထံဝန်ခံခဲ့တုန်းက "သူ့အသက်သတ်မှု သူ့ဥစ္စာခိုးမှု စသော ယုတ်မာမှုတို့ကို ပြုနေသူ လူပေါင်း တထောင်ရအောင်စု၍ ထိုသူတို့၏ အသားအသွေးများဖြင့် ပူဇော်ပါမည်" ဟု ဝန်ခံခဲ့ပါတယ်၊ ထို့ကြောင့် ထိုလူမျိုးကို အလိုရှိကြောင်းကို တိုင်းသူပြည်သား လူအများသိအောင် စည်လည်ရမယ်၊ ထိုသူတွေကိုရမှ နတ်မင်းထံ ဝန်ခံချက်မှ လွတ်မည်-ဟု ပြောပြလေသည်။

လူကြီးတို့သည် ထိုအတိုင်းကြွေးကြော်၍ ဗာရာဏသီတပြည်လုံး စည်လည်စေရာ တယောက်တလေမျှ သူ့အသက်သတ်မှု စသည်ကို မပြုဝံ့ ကြတော့သဖြင့် တတိုင်းပြည်လုံး ကိုယ်ကျင့် ကောင်းမွန်သူချည်းဖြစ်လျက် ချမ်းသာယာစွာ နေထိုင်ကြရလေသည်၊ ဤသို့အားဖြင့် သတ္တာတို့၏ အကျိုးလိုလားမှု ကရုဏာ, အမြော်အမြင်ရှိမှု ဉာဏ်ပညာ, နှစ်ရှည်လများ ကြိုးစားမှု (ဗွဲ) ဝီရိယ, ထိုသို့

ကြီးပွား လျှင် သတ္တဝါတို့အား အကျိုး များနိုင်သည် ဟု ယုံကြည်မှု သဒ္ဓါ, တည်ကြည်မှု သမာဓိ, မမေ့မှုသတိ, စိတ်ဓာတ်ကိုလှုံ့ဆော်မှု စေတနာတို့ဖြင့် လူအပေါင်း၏ ကောင်းကျိုးကို ပြုကျင့်တော်မူခဲ့ခြင်းသည် လောကတ္ထစရိယာမည်၏၊ ထိုသို့လောကကျိုးကျင့်သောဘဝပေါင်းလည်း အလွန်များပြားလေရကား မေတ္တာ ကရုဏာစသော စိတ်ဓာတ်တို့သည် တဆင့်ထက် တဆင့် ရင့်ကာ ရင့်ကာ ကျင့်အား ရှိလာတော့သည်။ [ မဟောသဓာဘဝ၌ မင်းအပေါင်းချမ်းသာကြောင်း ကိစ္စတို့သည် လောကတ္ထစရိယာ ပေတည်း။]

**ဉာတတ္ထစရိယာ** ဤ ဉာတတ္ထစရိယာ အခန်း၌“ဉာတိ”ဟူရာဝယ် သွေးသား စပ်သောဆွေ ၇ ဆက် မျိုး ၇ ဆက်မျှကို သာ ဆိုလိုသည် မဟုတ်၊ မိမိ၏ အမျိုးသား တစုကို “ ဉာတိ ” ဟု ဆိုလိုသည်၊ ထို့ကြောင့် အမျိုးသား အားလုံး၏ တတ်သိလိမ္မာအောင် ပညာရေးကို အားပေးသင်ပြမှု , ချမ်းသာအောင် စီးပွါးရေးကို အားပေးလမ်းညွှန်မှု, ကျန်းမာရေးကို သင်ပေးထောက်ပံ့မှု, အားလုံး၏ အခြေခံဖြစ်သော လွတ်လပ်ရေးကို ကြိုးစားမှု စသောတမျိုးသားလုံး ကောင်းစားရေးတွေသည် ဉာတတ္ထစရိယာ၌ ပါဝင်ကြ၏၊ [ သွေးသားစပ်သော ဆွေမျိုးသားချင်း ကောင်းစားရေးကို ပြုလုပ်မှုကား သုတပါး အပေါ်၌ မထိခိုက်ပါမူ “ ဉာတကာနဉ္စ သင်္ဂဟော”ဟူသော မင်္ဂလာ၌ ပါဝင်၏၊ သူတပါးကို ထိခိုက်စေမှု ဆွေမျိုးသားချင်း ချမ်းသာရသော အလုပ်ကား မတရား အလုပ်သာ၊ ] ငါတို့ ဘုရားအလောင်းတော်သည် ဉာတတ္ထစရိယာကို ကျင့်တော်မူရာ၌ ဆွေမျိုးသားချင်းတစု ကောင်းစားမှု မဟုတ်ဘဲ အမျိုးသား အားလုံး ကောင်းစားရေးကို ပြုကျင့်တော် မူသည်၊

မဟာသမ ဇာတ်တော်၌ လက်ထပ်နန်းကို စစ်တပ်များ ဝိုင်းရံနေစဉ် သေနက စသော အမတ်ကြီးများနှင့် တကွ ဝိဒေဟရာဇ် မဟာရာဇာကို ဥမင်လိုဏ်မှ ထုတ်ခဲ့၍ ဂင်္ဂါမြစ်ကမ်း၌ ပဥ္စာလစန္ဒီနှင့် အဘိသိက်သွန်းပြီးလျှင် လှေပေါ်သို့ တင်ပြီးနေခံ ကမ်းပေါ် ရပ်နေသော အလောင်းတော်ကို မဟာရာဇာက မိမိနှင့် အတူ လိုက်ခဲ့ဘို့ရန် တိုက်တွန်းသည့် အခါ၊ အောက်ပါ စကားမျိုးကို ပြောသည်မှာလည်း ဉာတတ္ထစရိယာပင်တည်း။

“ ခမည်းတော် မဟာရာဇာ……စစ်သည် အပေါင်းတို့၏ ခေါင်းဆောင်ဗိုလ်ချုပ်ဖြစ်သော သားတော်မှာ စစ်သည်ငယ်သားတွေကို ရန်သူတို့အကြား၌ ပစ်ထားခဲ့၍ ကိုယ်လွတ်ရုန်းသွားရိုး ထုံးစံမရှိပါ၊ စစ်သည်တော် များနှင့် ကောင်းတူ ဆိုးဘက် နေရစ်ပါဦးမည်။

**မဟာကပိဇာတ်၌ ဉာတတ္ထစရိယာ တမျိုး**

ဗုဒ္ဓ အလောင်းတော်သည် မျောက်ဘဝ၌ ဖြစ်၍ ရှစ်သောင်း မျှသော မျောက်တို့၏ အကြီးအချုပ် ခေါင်းဆောင် လုပ်လျက် ဟိမဝန္တာ၌ နေလေရာ , ဂင်္ဂါမြစ်ကမ်း၌ အလွန်ကြီးမား၍ အနံ့ အရသာနှင့် ပြည့်စုံသော သရက်ပင်တပင် ရှိလေသည်၊ ထိုသရက်ပင်ကို ယခင် မျောက်တစုတို့ တွေ့ကြ၍ သရက်သီးများကို စားကြစဉ် ဂင်္ဂါမြစ်ဘက်သို့ ဖြာထွက်သွားသော အကိုင်းကို ကြည့်ရှုကာ ခေါင်းဆောင်မျောက်မင်းကြီး စဉ်းစားသည်မှာ-“တချိန်ချိန်တော့ ဤအကိုင်းမှ ကြွေကျသော အသီးကို အကြောင်းပြု၍ ငါတို့တစု ဒုက္ခဖြစ်တော့မှာဘဲ”….ဤသို့ စဉ်းစား၍ ထိုရေပြင်ပေါ်၌ ရေခံနေသော အကိုင်းမှ အပွင့် အကင်းနှင့် အသီးအနု တွေကို အကုန်

ဖျက်ဆီးနိုင်းလေသည်၊ သို့သော် ပိုးအိမ် အတွင်း၌ ( ခါချဉ်ထုပ်
အဘွင်း၌ ) ကြွင်းကျန်နေသော အသီးနှုကိုကား မည်သူမျှ မသိကြ
ချေ၊ သို့ဖြစ်၍ ထို အသီးသည် မှည့်ရင့်သည့် အခါ ကြွေကျ၍ ဂင်္ဂါ
မြစ် တလျောက် မျောသွားလေရာ ပိုက်ကွန် ကာ၍ ရေကစား
နေသော ဘုရင်တပါး၏ပိုက်တွင်းမှာ ငြိတွယ်နေသဖြင့် ဘုရင့်အား
ဆက်သလေသော်, မိမိ၏ တိုင်းပြည်က သရက်သီးများနှင့် အရသာ
ကွာခြား လှသောကြောင့် မုဆိုးများကို လမ်းညွှန် ခိုင်းကာ ဂင်္ဂါ
မြစ်ညာသို့ ဆန်တက်လာခဲ့ကြလေရာ , ထိုသရက်ပင်ကို တွေ့၍
စားကြပြီးလျှင် သရက်ပင် အနီးမှာပင် အားလုံး နေရာပြင်၍
အိပ်စက်ကြလေသည်။

**အလောင်းတော်ကြီး စွန့်စားပုံ**

မျောက်အားလုံးတို့သည် ထိုသရက်သီးကို
မစားရ မနေနိုင် လောက်အောင် မက်မော
ကြသဖြင့် လူအားလုံး အိပ်ပျော်ချိန်မှာ
တိတ်တိတ် တက်၍ သရက်သီးကို စားနေကြစဉ် ရှင်ဘုရင် နိုးလာ
သဖြင့် လူတွေကိုလည်း နှိုးကာ သရက်ပင်ကို ဝိုင်းထားလေသော်
အလောင်းတော် မျောက်ကြီးသည် တုန်လှုပ် ခြောက်ချားရ၍ ကြောက်အား
ပိုနေသော မျောက်တစုကို အားပေးကာ မိမိကိုယ်တိုင် ဂင်္ဂါမြစ်၏
ဟိုဘက်ကမ်း ရောက်အောင် ခုန်လွှားပြီးလျှင် နွယ်တွေကို ကိုက်
ဖြတ်လျက် ဆက်ကာ ဆက်ကာ ဒီဘက် သရက်ပင်ကို မှီလောက်ပြီ
အသင်နှင့် အစ တခုကို ဟိုဘက်ကမ်းရှိ သစ်ပင်ကို ချည်-အစတခု
ကိုကား မိမိ၏ ခါးကို ချည်၍ လွှားကာနဲ ခုန်လိုက်ရာ , တတောင်
လောက် နီးနီး တိုနေသောကြောင့် မိမိကိုယ်တိုင် သရက်ပင်ပေါ်သို့
မရောက်တော့ဘဲ သရက်အကိုင်းကြီးကို မှီရုံသာ ရှိလေသော် ,

လက် ၂ ဘက်ဖြင့် သရက်ကိုင်းကို မြဲစွာကိုင်၍ " ကိုင်း....ငါ့ကို ကြောက်ရွံ့ရှိသေ မနေကြနှင့်, ငါ့ကျောကို နင်း၍ နောက်က နွယ်တန်းဖြင့် ဟိုဘက်ကမ်းကို ပြေးကြပေတော့ " ဟု အချက်ပေး လေတော့သည်။ [ဤ စွန့်စားခြင်းမျိုးကို သာမန် ပါရမီရှင်တို့ ပြုနိုင် ပါမည်လော။]

**ဒေဝဒတ် အလောင်း အကြံပက်စက်ပုံ**

ထိုမျောက် အပေါင်းတွင် ပါဝင်နေသော ရှင်ဒေဝဒတ် အလောင်း မျောက်ကား မလွဲသာ၍ ငယ်သားအဖြစ်မှာ နေရပါ သော်လည်း ခေါင်းဆောင်ကြီးကို မုန်းတီး ရွံရှာ လျက်ပင်၊ ထို့ကြောင့် မျောက်အားလုံး ဟိုဘက်ကမ်း ရောက်သည့်တိုင်အောင် သူ့ကိုယ်တိုင် နောက်ချန်၍ မြင့်မေ့ဆိုသော သစ်ကိုင်း အပေါ်သို့ တက်နေကာ အားလုံး အပြီးတွင် ထို အမြင့်ဆုံးမှ ခေါင်းဆောင် မျောက်ကြီး၏ ကျောပေါ်သို့ အတင်းခုန်ချ၍ အလွန်ပြင်းပြသော ဝေဒနာဖြင့် သစ်ကိုင်းကို ဆွဲမြဲဆွဲထားရှာသော ခေါင်းဆောင်ကြီး ကိုပင် နင်းဖြတ် ကျော်လွန်ကာ ဟိုဘက်ကမ်းသို့ ရောက်သွားပါ သော်လည်း ခေါင်းဆောင် မျောက်ကြီးကား အသဲနှလုံး ကွဲလျက် ကျန်ရစ်ရှာလေသည်။

**ဘုရင်က ယုယတော်မူပုံ**

ရှင်ဘုရင်သည် ခေါင်းဆောင် မျောက်ကြီး၏ နွယ်တန်းလုပ်ပုံမှ စ၍ နောက်ဆုံး ဝေဒနာရသည့် တိုင်အောင် ငယ်သားများအတွက် အသက်စွန့်၍ ကြိုးစားပုံကို လရောင်ဖြင့် မြင်ရသောကြောင့် လွန်စွာ အားရလေ ရကား, ခေါင်းဆောင် မျောက်ကြီးကို သစ်ကိုင်းမှ ညှာညှာတာတာ ချယူပြီးလျှင် ကောင်းမွန်စွာ ပြုစု၍ အတော်ကလေး နေသာသလို

ရှိသည့် အခါ"မိမိကိုယ်ကို တံတား ခင်းပြီးလျှင် ထိုမြောက်တွေကို ကယ်ဆယ်ရာ၌ သူဘို့နှင့် အသင် မြောက်မှာ ဘယ်လိုများတော်စပ်ပါသလဲ"ဟု မေးလေရာ....

"မဟာရာဇာ.... ကျွန်ုပ်မှာ သူဘို့၏ ခေါင်းဆောင် ဖြစ်၍ သူတို့ကား ကျွန်ုပ်နှင့် အမျိုးချင်း အရွယ်အချပ်ခြင်း တူပါလျက် "အရေးပေါ်လျှင် ဖေးဘော် မ-ဘော် စောင့်ရှောက်ဖေါ် ရလိမ့်မည်"ဟု မြွော်လင့်ချက်ဖြင့် သူတို့၏ အကြီးအကဲ အဖြစ်၌ ထားကာ အရာရာ အရိုအသေ ပြုလာခဲ့ကြပေသည်၊ ကျွန်ုပ်ကလည်း "အရေးပေါ်လာလျှင် အရာရာ စောင့်ရှောက်မည်" ဟု ဝန်ခံမထားသော်လည်း ဝန်ခံသည့် အနေမျိုးဖြင့် သူတို့၏ အထက်က လေးစား ရိုသေမှုကို ခံနေခဲ့၏၊ ယခုလို ဘေးရန် ပေါ်ပေါက်သည့်အခါ မစောင့်ရှောက်နိုင်ပါဘဲ ကိုယ်လွတ်ရုံး၍ ပုန်းရှောင်မည်ဆိုလျှင် အဘယ်မှာ တာဝန်ကျေပါမည်နည်း၊ ယခုကား သူတို့ကို ကယ်ဆယ်လိုက်ရသဖြင့် ကျွန်ုပ်တာဝန်ကျေပါပြီ၊ ကျွန်ုပ်မှာ ရောဂါရနေသည်ကိုလည်း မပူပါ, သေရမည့် အရေးကို တွေး၍လည်း မဆွေးပါ၊ ကျွန်ုပ်ကိုဥပမာတင်၍ အရှင်မဟာရာဇာလည်း တိုင်းသူပြည် သား လူအများဘို့ကို ကြိုးစား စောင့်ရှောက် ရစ်ပါတော့" ဟု တရားစကား ပြောဆိုကာ ကွယ်လွန်ရှာလေတော့သည်။

**ခေတ်တော်နှင့် ဩဝါဒ**

ထိုမဟာရာဇာလည်း မျောက်မင်းကြီး၏ ရုပ်အလောင်းကို မင်းခမ်း မင်းနားဖြင့် သင်္ဂြိုဟ်ပြီးလျှင် ဦးခေါင်းခွံကို ရွှေချ၍ လှံဖျားပေါ်တင်ကာ ရှေ့မှာထားလျက် တိုင်းပြည်သို့ ပြန်ပြီးနောက် တမြို့လုံး

တန်ဆာဆင်၍ ၇ ရက်တိတိ ခုတ်တော်ပူဇော်ပွဲ ကျင်းပကာ ထိုဦးခေါင်းခွံ အရိုးခွက်ကို စေတီတည်၍ မျောက်မင်း၏ဩဝါဒ အတိုင်း တရားသဖြင့် မင်းပြုလေသည်၊ ဤဝတ္ထုဝယ် အလောင်းတော်၏ အသက် စွန့်ကာ ငယ်သား မျောက်တို့ကို ကယ်ဆယ်လိုက်ခြင်းသည် အမျိုးသားအားလုံး၏ အကျိုးကို ကျင့်ခြင်း ဟူသော ဉာတတ္တစရိယာပင်တည်း၊ ဤသို့ အမျိုးသား အားလုံး၏ ကောင်းစားရေးကို ပြုကျင့်ခဲ့ရာ ဘဝတွေသည် အလောင်းတော်မှာ မရေတွက်နိုင်အောင် များပြား ပါပေသည်။ [. ပြခဲ့သော လောကတ္ထစရိယာခန်း၌ ခတ္တိယ တမျိုးသာ မက, ခတ္တိယ ဗြာဟ္မဏ ဝေဿ သုဒ္ဒ ဟု အမျိုး ၄ ပါးလုံး ပါဝင်သောကြောင့် ဉာတတ္ထစရိယာ ဟု မခေါ်ရဘဲ လောကတ္ထစရိယာ ဟု ခေါ်ရ၏၊ ဤ၌ကား မျိုးအမျိုး တမျိုး ဖြစ်သောကြောင့် ဉာတ္ထစရိယာ ဟုသာ ခေါ်ရသည်။]

× × × ×

## ဗုဒ္ဓတ္ထစရိယာ အခန်း

ဒါနဖြင့် လောဘပယ်

သိဘွယ် ဟူသမျှကို အကုန်အစင် သိမြင်နိုင်သော ဉာဏ်သည် " ဗုဒ္ဓိ " မည်၏။ ထိုဉာဏ်ကို ရအောင် ကျင့်တော်မူခြင်းသည် ဗုဒ္ဓတ္ထစရိယာမည်၏၊ သတ္တဝါတို့၏ အသိဉာဏ်သည် လောဘ ဒေါသစသော စိတ်အညစ်အကြေးတို့၏ ရစ်မြှေးနေမှုကြောင့် သိသင့်သိထိုက်သမျှကို ပြန့်ပြန့်ပြူးပြူး ထူးထူးခြားခြား မသိနိုင်မမြင်နိုင်ဘဲ ဝိုးတိုးဝါးတားမျှလောက်သာ သိကြမြင်ကြရ၏၊ ထို့ကြောင့် တချို့အသိများလည်း အမှန် မဖြစ်

နိုင်တော့ဘဲ အလွဲအမှား မဘာရားသိတွေ ပါဝင်နေလေတော့၏၊ လောဘဒေါသစသော စိတ်အညစ်အကြေးမကုန်သေးသမျှ အသိဉာဏ်သည်း သိဘွယ်အားလုံးကို ကုန်ဆုံးအောင် မလိုက်နိုင်သေး၊ ဗုဒ္ဓရှင်တော်ကား မရေမတွက်နိုင်အောင် များမြောင်သောဘဝ ဝယ် တချို့ဘဝ၌ ကိုယ်ပိုင်ဖြစ်သော ပစ္စည်းများကို စွန့်ကြဲပေး ကမ်းသူ့ဒါန်းမှု, မျက်စိစသော အင်္ဂါကြီးငယ်များကို လှူမှု,အသက် ကိုပင် စွန့်လှူမှုတို့ဖြင့် လိုချင်မက်မော လောဘဇောတွေကို နည်း သည်ထက် နည်းအောင် ပယ်ရှားတော်မူခဲ့၏။

ဝေဿန္တရာဇာတ်တော်၌ မရှိဆင်းရဲသူတို့အား စွန့်ကြဲပေးကမ်း လှူဒါန်းရာဝယ် ဤဒါနကြောင့် အလုံးစုံသိသော ဉာဏ်ကို ရဘို့ အရေးသာ မြော်တွေး တောင့်တတော်မူ၏၊ လူချမ်းသာ နတ်ချမ်း သာကိုကား တောင့်တတော်မမူ၊ ဆက်၍ ့အံ့-လူ နတ် ချမ်းသာကို တောင့်တ၍ ဒါနပြုသူတို့သည် ထိုဒါနကြောင့် လူ နတ် ချမ်းသာကို ရသည့်အခါ ထိုချမ်းသာကို ခံစားခြင်းဖြင့် သူတို့၏ ဒါနအဟုန် ကုန်လေတော့၏၊ ဗုဒ္ဓ အလောင်းတော်ကား ထိုချမ်းသာကို မမှန်း သောကြောင့် ချမ်းသာတွေ့သော်လည်း စည်းစိမ်ရစ်တော် မမူဘဲ, တိုးတက်၍ ဒါနမှုကိုသာ ပြုတော်မူ၏၊ ဓနရှင်ဖြစ်လေ - ဒါနရှင် ဖြစ်လေ ပင်တည်း၊ ထို့ကြောင့် အလောင်းတော်၏ ဒါနတို့ကား အထွဋ်အထိပ် ဗုဒ္ဓဉာဏ်ရရန် အထောက်အခံများ ဖြစ်လာလေသည်၊ ဤသို့လျှင် ဒါနဖြင့် လောဘ အညစ်အကြေးကို ဘဝ များစွာ၌ ပယ်ရှားခဲ့ရကား အလောင်းတော် စိတ်အစဉ်ဝယ် လောဘအညစ် အကြေးများ တဖြေးဖြေး နည်းပါးသည်ထက် နည်းပါးလာခဲ့ပေ တော့သည်။

**သီလ ခန္တီ မေတ္တာဖြင့် ကောဓဒေါသပယ်ပုံ**

ဘုရား အလောင်းတော်သည် သူ့အသက် သတ်ခြင်းစသည်မှ ရှောင်ကြဉ်သော သီလဖြင့်၎င်း, သည်းခံမှု ခန္တီဖြင့်၎င်း, ရန်သူ၏ အကျိုးကိုသော်မှ ဆောင်ရွက်နိုင်သော မေတ္တာဖြင့်၎င်း စိတ်ဆိုးတတ်သော ကောဓနှင့် သူတပါးကို ဖျက်ဆီး ညှင်းဆဲလိုသော ဒေါသကို ပယ်ရှားခဲ့၏၊ ထိုပယ်ရှားမှုလည်း တဘဝတလေသာမက, မရေမတွက်နိုင်အောင် ဘဝများစွာတို့၌ ထပ်ကာထပ်ကာ ဖြစ်ခဲ့သဖြင့် သီလ ခန္တီ မေတ္တာတို့ အထုံရနေသောကြောင့် "ကောဓ ဒေါသများ မရှိတော့" ဟု ဆိုရတော့မတတ် နည်းပါး လာခဲ့လေသည်၊ ဤနေရာဝယ် ဝေဿန္တရာ ဇာတ်ကိုပင် မှတ်ချက်ပြလိုပါသေး၏၊ အလောင်းတော်သည် ဘိသိက်ခံပြီး ဘုရင်ဖြစ်နေသော်လည်း ပစ္စယဆင်ဖြူတော် လှူမှုကြောင့် တိုင်းပြည်က မကျေမနပ်ဖြစ်သည့်အခါ ( မိမိ ကိုယ်တိုင် စစ်တပ်ပိုင်ဖြစ်ပါလျက် ) အားလုံး အလိုကိုလိုက်၍ တိုင်းပြည်မှ ထွက်ခွါတော်မူသည်မှာ ခန္တီပါရမီပါပေတည်း၊ မဒ္ဒီမိဖုရား၏ ဆွေတော် မျိုးတော်များနေရာ စေတတိုင်းသို့ရောက်သည့်အခါ ထီးနန်းကိုအပ်ကြ၏၊ ထိုအခါ တိုင်းပြည် တပြည်မှ မကျေနပ်သော မင်းကို အခြားတပြည်က ထီးနန်းတင်ထားတယ်ဆိုလျှင် ထိုနှစ်ပြည်ထောင်ချင်း မသင့်မတင့် ဖြစ်မည်စိုး၍ ထီးနန်းကိုလက်ခံတော်မမူချေ၊ စေတတိုင်းသားတို့က "ခမည်းတော် သိဝိမင်းကြီးထံ ကျေရာကျေကြောင်း တောင်းပန် သွားပါရစေ" ဟု ခွင့်တောင်းပြန်ပါလည်း မိမိကို တိုင်းပြည်မှ ထုတ်ပယ်မှုကိစ္စ၌ ခမည်းတော် မင်းကြီးလည်း မပိုင်ရှာဘူး, တိုင်းသူပြည်သား တွေလည်း အလွန် မကျေမချမ်း ဖြစ်နေကြတယ် , မသွားကြပါ

လေနှင့်-ဟုပင် တားမြစ်တော်မူခြင်းမှာ အားလုံးအပေါ် ညာတာသော မေတ္တာတော် မဟုတ်ပါလော၊ ဤသို့ ခန္တီ မေတ္တာကို အရင်းခံ၍ တိုင်းပြည်က ပေးလိုက်သော တောနေဒဏ်ကိုသာ ကျေကျေနပ်နပ် ခံနေရှာပါလေသည်၊ ထိုသို့ သီလ ခန္တီ မေတ္တာပါရမီတို့ဖြင့် ကောဓ ဒေါသကို ဘဝများစွာ ပယ်ရှားတော်မူခဲ့လေရာ သူတပါး အပေါ် မနာလို ဝန်တိုတတ်သော ဣဿာမစ္ဆရိယတို့လည်း မရှိသလောက်ပင် နည်းပါးကြလေတော့သည်။

**ပညာဖြင့် မောဟဒိဋ္ဌိပယ်ပုံ**

ဗုဒ္ဓ အလောင်းတော်သည် ဘဝပေါင်းများစွာဝယ် ငယ်ရွယ်စဉ်က ပညာကိုကြိုးစားခဲ့၍ အရွယ်ရောက်သည့်အခါ၌ တဖြေးဖြေး ပါမောက္ခဆရာကြီးဖြစ်ရ၏၊ ထိုသို့ ဆရာကြီး ဖြစ်လာသည့်အခါ မသိမှု မိုက်မဲမှု မောဟတို့သည် အလို့အလျောက် ပပျောက်ကုန်တော့၏၊ သူ့ခေတ် သူ့ခါ အလျောက် ရှေးရှေးက အစွဲအလမ်း မှားယွင်းနေသော အဆင်မှား အမြင်မှား မိစ္ဆာ အယူ (ဒိဋ္ဌိ)များလည်း ဘဝတိုင်းမှာ တွေ့ရတတ်သေး၏၊ [ ယခုအခါ တိုင်းပြည်အရပ်ရပ်၌ အယူဝါဒ အမျိုးမျိုး ရှိနေသကဲ့သို့တည်း၊ ထို အယူဝါဒများစွာတွင် တမျိုးနှင့် တမျိုး ဆန့်ကျင်ဘက်ဖြစ်နေသော အယူဝါဒလည်း အများအပြား ရှိ၏၊ ထိုသို့ ဆန့်ကျင်နေရာဝယ် ဧကန်မုချ တခုခုတော့ လွဲရတော့မည်သာတည်း၊ မည်သည့်အယူဝါဒပင် ဖြစ်စေ လွဲမှားနေသော အယူကို "မိစ္ဆာဒိဋ္ဌိ" ဟု ခေါ်ရ၏၊ ] ပညာတတ် ပါမောက္ခအဖြစ်သို့ ရောက်ရဖန်များသော အလောင်းဘုရားသည် မိမိ၏ တတ်သိသော ဉာဏ်ပညာကို အရင်းခံ၍ ဝေဘန်စဉ်းစား ဆင်ခြင်တုံ တရားဖြင့် ထိုမိစ္ဆာအယူဝါဒများကို ပယ်ရှားနိုင်ခဲ့၏၊ ဤသို့လျှင် ဘဝပေါင်း

များစွာဝယ် မိစ္ဆာအယူတွေကို ယယ်ခဲ့လျှပြီဖြစ်၍ အလောင်းတော် သန္တာန်၌ မသိမလိမ္မာမှု မောဟနှင့် အယူအဆလွဲမှားမှု ဒိဋ္ဌိတရား မရှိသလောက်ပင် နည်းပါးလေတော့သည်။

**ဆရာကြီးထံ ဆည်းကပ်၍ ဝိစိကိစ္ဆာပယ်ပုံ**

ဗုဒ္ဓ အလောင်းတော်သည် မိမိကိုယ်တိုင် ပညာရှိ ဖြစ်နေသော်လည်း အလုံးစုံကို အကုန်သိမြင်နိုင်သော ဉာဏ်ကား ( ဗုဒ္ဓ မဖြစ်သေးသမျှ ) မရနိုင်သေးချေ၊ ထို့ကြောင့် " ရှေးရှေးက မိမိ ဖြစ်ခဲ့ - မဖြစ်ခဲ့ ; နောက်ဘဝ၌ ဖြစ်မည် - မဖြစ်မည် , ကံ ရှိ - မရှိ, ကံ၏အကျိုး ရှိ - မရှိ , သတ္တဝါတွေ၏ အစ ရှိ - မရှိ , ငရဲ နတ်ပြည် မြဟ္မာ့ပြည်နှင့် နိဗ္ဗာန်ဆိုတာ ရှိ-မရှိ, ခန္ဓာကိုယ် အတွင်း၌ အတ္တဟု ခေါ်သော တဘဝမှ တဘဝသို့ ပြောင်းရွှေ့ လိုက်ပါနိုင်သော အသက်ကောင် ဝိညာဉ်ကောင် ဆိုတာ ရှိ - မရှိ " ဤသို့ စသော ယုံမှားစရာ - တွေးစရာတွေကို ယုံမှားနေသော ဝိစိကိစ္ဆာကား မကြာခဏ ဖြစ်တတ်သေး၏၊ ဗုဒ္ဓအလောင်းတော်သည် ရှေးရှေး ဗုဒ္ဓရှင်တော်များ၏ အထံ၌ ဆည်းကပ် ရဟန်းပြု၍၎င်း, ပစ္စေက ဗုဒ္ဓါနှင့် ရဟန်းများအထံ ချဉ်းကပ်၍၎င်း , ထိုယုံမှားဘွယ်ရာ အချက်များကို မေးမြန်းစုံစမ်း၍ ထိုယုံမှားမှုတွေကို ပယ်ဖျောက် ခဲ့ရ၏၊ ထို့ကြောင့် အလောင်းတော်၏ သန္တာန်ဝယ် ဝိစိကိစ္ဆာဟု ခေါ်ဆိုရသော ယုံမှားမှုများလည်း မရှိသလောက် နည်းပါးခဲ့ပေ သည်။ [ဗုဒ္ဓအလောင်းတော်သည် ရှေးရှေး ဗုဒ္ဓတို့၏ အထံတော်၌ ရဟန်းပြု၍ ပိဋကကို သင်ယူပို့ချနေရုံသာမက ဝိပဿနာကိုလည်း မဂ်ဖိုလ် ဆိုက်လုနီးနီး အားထုတ်တော်မူပေသည်။]

**ရှိသေမှုဖြင့် မာနဥဒ္ဒစ္စပယ်ပုံ**

ဗုဒ္ဓ အလောင်းတော်သည် ဖြစ်လေရာ ဘဝ တို့ဝယ် ဘိုးဘွား မိဘ ဦးကြီး ဉီးလေး ဘကြီး ဘထွေး မိကြီး မိထွေး ( အဒေါ် အရီး )အကို အမ စသူတို့ကိုဒင်း, ဆွေးမျိုး မဟုတ်သော်လည်း အကျင့်နှင့် ပြည့်စုံသော ပညာရှိ သူတော်ကောင်းတို့ကိုဒင်း ရှိခိုးဝပ်ချ၏၊ မြတ်နိုးကော်ရော် ပူဇော်လုပ်ကျွေး၏၊ နေရာဖယ်ပေး၏၊ လမ်းဆုံ နေလျှင် ရှောင်ပေး၏၊ လာသည်ကို မြင်လျှင် နေရာမှ ထပေး၏၊ ခရီးဦးကြို ပြု၏၊ ဤသို့ လူကြီးသူမများကို လေးစား ရှိသေမှုဖြင့် မိမိမှာ ရှိနေသော မာန်မာန ကိုလည်း ပယ်ရှားခဲ့သည်၊ ထိုထိုကိစ္စ တို့၌ မလေးမစား ပေါ့ဆဆလုပ်တတ်သော ဥဒ္ဒစ္စခေါ် စိတ်မငြိမ် သက်မှု မတည်ကြည်မှုကိုလည်း ပယ်ရှားခဲ့၏၊ ထိုသို့သော နည်းဖြင့် ဘဝများစွာ၌ ပယ်ရှားဖန် များသောကြောင့် အလောင်းတော်၏ သန္တာန်၌ မာန ဥဒ္ဒစ္စတို့ နည်းပါးခဲ့ကြလေပြီ။

**တောထွက်မှုဖြင့် ကာမစိတ်ကိုပယ်ပုံ**

ဗုဒ္ဓအလောင်းတော်သည် သာမန်လူတန်းစား ဘဝ ဖြစ်စေ ဘုရင် ဘဝဖြစ်စေ များစွာသော ဘဝ တို့၌ သားမယားကိုဒင်း မိဖုရား ရတနာ နှင့် တကွ မောင်းမမိဿံ အခြွေအရံစုကိုဒင်း စွန့်ခွါ၍ တောထွက် ပြီးကာ ရသေ့ အဖြစ်ဖြင့် ကျင့်တော်မူ၏၊ ထိုသို့ ကျင့်ရာ၌ ပဌမဆုံး ရသော ဈာန်သည်ပင် ကာမစိတ်ဓာတ်ကို ပယ်ခွါနိုင်၏၊ ၎င်း၍ ထပ်၍ ရအပ်သော အထက်ဈာန်တို့ကား ဆိုဘွယ်ရာ မရှိပြီ၊ ဤသို့ တောထွက်မှုဖြင့် ကာမစိတ်ဓာတ်ကို ဘဝများစွာဝယ် ပယ်ခွါတော် မူခဲ့ရကား အလောင်းတော်၏ စိတ်ဓာတ်အစဉ်မှာ မာတုဂါမတို့၌ တွယ်တာ မက်မောလှသည် ဟု မရှိတော့ချေ၊ တခုသော ဘဝ၌

ကား သေဋ္ဌေးအဖြစ်မှ ရသေ့ပြုသွားလေရာ သေဋ္ဌေးကတော်ကလေးသည် ရသေ့မလုပ်၍ လိုက်လာ၏၊ အခါတပါး၌ ရှင်ဘုရင်၏ ဥယျာဉ်တော်ဝယ် နေကြစဉ် ဘုရင်က ကျယ်ဝန်းသောမျက်လုံးဖြင့် ခပ်ပြုံးပြုံးနေလေ့ရှိသော ထို ရသေ့မကလေးကို အလောင်းတော် ရသေ့၏ရှေ့မှာပင် အတင်းခေါ်၍ နန်းတော်သို့ ယူဆောင်သွားဘူး၏၊ အလောင်းတော်ရသေ့သည် ဒေါသမထွက်အောင် စိတ်စက်ကို ချုပ်တည်းနိုင် လေသည်။ [ ရသေ့မကလေးကိုကား ဘုရင့် အလို မလိုက်သောကြောင့် ပြန်၍ ပို့ရ၏။ ] ထို ရသေ့မကလေးသည်ပင် ငမ်းသွေး ရောဂါဖြင့် ရသေ့၏ အနားမှာပင် ဆုံးရှာ၏၊ တွေ့ရသူတိုင်း ဝိုင်း၍ ငိုကြ၏၊ ရသေ့ကား ဆွမ်းစားမြဲ စားနေလေသည်၊ ဤသို့လျှင် ဘဝများစွာ၌ ကာမစိတ်ခံတက်ကို ချိုးနှိမ်ပြီး ဖြစ်ရကား မာတုဂါမတို့နှင့် စပ်၍ တုန်လှုပ်သောစိတ်များ မရှိသလောက် နည်းပါးခဲ့လေပြီ။ [ ကုသမင်းဘဝ၌မူ မိမိကို မကြည်ဖြူနိုင်ဘူး ဆိုသောကြောင့် မရတာကိုမှ ရအောင် ကြိုးဆောင် ပြုခြင်းသာ ဖြစ်ရာ၏၊ ထိုသို့ ကြိုးရာမှာပင် ပဘာဝတီတို့ထက် အရာရာသာနေသော စစ်သည်ဗိုလ်ပါ အာဏာတွေကို အသုံးမပြုဘဲ(ပဘာဝတီ၏ စိတ်ကို မထိခိုက်စေရန် )အနုနည်းဖြင့် ကိုယ့်ကိုယ်ကို အနစ်နာခံ၍ ကြိုးတော်မူရှာပေသည်။ ]

**အားလုံးအကျင့်တွေ ဗုဒ္ဓထံစုရှိယာချည်း**

ဗုဒ္ဓ အလောင်းတော်သည် ဒါန ပါရမီ စသည်ဖြင့် လောဘစသော စိတ်ညစ် စိတ်ယုတ်တွေကို ပယ်ရှိုသော မကသေး, သစ္စာ ပါရမီဖြင့် မဟုတ် မတရား မုသား ပြောဆိုမှုကိုရင်း, ဝီရိယ ပါရမီဖြင့် ပျင်းရိ ထိုင်းမှိုင်းမှုကိုရင်း ပယ်ရှားတော် မူမသေး၏။

ထို့ကြောင့် အလောင်းတော်မြတ်၏ တကိုယ်လုံးသည် ဖျတ်လတ်သွက်လက် ထက်မြက် လျင်မြန်သော ဝီရိယတုံးကြီးလည်း ဖြစ်တော်မူခလေ၏၊ မိမိကိုယ်ဖြင့် ပြုလုပ်နိုင်သော အရာကိုသာ ပြောဆိုတတ်သဖြင့် အများ၏ ယုံကြည်စရာ သစ္စာတုံးလည်း ဖြစ်နေ၏၊ ထိုသို့ လောဘစသော စိတ်လေ စိတ်မှား စိတ်ညစ်များကို ဒါနပါရမီ စသည်ဖြင့် ပယ်ရှားတော်မူလေ့ ရှိရကား စိတ်ခတ်တော် အစဉ်လည်း ချူသင်းကို ပွတ်ထားသကဲ့သို့ ဖြူစင်လှပေသည်။ [ ဤနေရာဝယ် ဘုရားမဖြစ်သေးသော အလောင်းတော်မြတ်၏ စိတ်ခတ်ကို မှန်း၍ ကြည့်လိုက်ကြပါကုန်၊ ] ထိုသို့ ပြုကျင့်တော်မူခြင်းသည် တဘာသာတခါ ခံစားစံစားဘို့ရာလည်း မဟုတ်-နောက်နောက်ဘဝ၌ လူနတ်စည်းစိမ်ဖြင့် မြိန်မြိန်ကြီး နေလို၍လည်း မဟုတ် , သတ္တဝါတို့အား အမှန်ဆုံး တရားကို ဟောပြလိုသောကြောင့် ကိုယ်တော်တိုင် အထက်မြက်ဆုံး အသိဉာဏ်ကို ရဘို့ရာ ကြိုးစားတော်မူခြင်း ဖြစ်ခပေသည်။

**ခေတ်ပညာရှိများ ဆရာ့နည်းထက်သာပုံ**

ယခု ခေတ်သည် လောကီ ပညာကို အထူးလိုက်စားသော ခေတ်ဖြစ်၏၊ ထိုသို့ လိုက်စားသည်အားလျော်စွာ တိုင်းပြည် အရပ်ရပ်၌ လောကခေတ်ပညာဝယ် သူ့ထက်သူ လူစွမ်းကောင်းတွေ များစွာ ထွန်းကားလျက် ရှိပေသည်၊ ထိုသူတို့သည် အခြေခံ ပညာများကို ထိုထို ဆရာ့အထံမှာ သင်ယူစဉ်အခါက မူလတန်းမှ စ၍ တတန်းထက် တတန်း တဆင့်ထက် တဆင့် အသိဉာဏ် ရင့်ကာ ဆရာနည်းခံ၍ ရနိုင်သော တပည့်ပညာများ ကုန်ဆုံးပြီးနောက် မိမိကိုယ်တိုင်ထိုးထွင်းဉာဏ်ဖြင့် တိုးတက်ကြိုးစားကြပြန်ရာ သဘာဝခမှ

ဆိုင်ရာ လောကဓာတ် ဆိုင်ရာဝယ် တပည့်ပညာနှင့် လုံးလုံး ပေတူ သော, သို့မဟုတ် အဆင့်အတန်း အလွန်ကွာခြားသော အသိ အမြင်တို့ကိုရကြ၍ တချို့က လေယျာဉ်ပျံ, တချို့က ဝိုင်ယာလက်, တချို့က အသံဖမ်းစက်, တချို့က အနုမြူဗုံး စသည်ဖြင့် မီးခိုးမဆုံး မိုယ်းမဆုံးအောင် အထူးအဆန်း အံ့ခန်းတွေ ပြုလုပ်ပြ ၊ နိုင်ကြ ပေသည်၊ ထိုကဲ့သို့ ခေတ်ပညာရှင်များ အသိဉာဏ် ထက်မြက်မှု (အကြီကောင်းမှု )သည် ယခု ဘဝမှ လတ်တလော ကြိုးစား၍ ဖြစ်ခြင်းမဟုတ်, ရှေးရှေးဘဝကပင် ဉာဏ်ပညာထက်မြက်အောင် ကုသိုလ်ကောင်းမှုကို ပြုခဲ့ကြသောကြောင့်သာ အမိဝမ်းဝယ် နုနု နယ်နယ် အရွယ်က စ၍ ဉာဏ်ကြီးစေနိုင်သော မျိုးစေ့ဓာတ်များ စွဲကပ်ပါလာခြင်းဖြစ်သည်။

**အလောင်းတော်၏ ဉာဏ်ဓာတ်**

ဘုန်းကြီးတို့၏ ဗုဒ္ဓ အလောင်းတော်လည်း အထွဋ်အထိပ် အသိဉာဏ်ကိုရဘို့ရန် ကမ္ဘာ ပေါင်းများစွာတို့ဝယ် အသိဉာဏ်ကို မသန့် ရှင်းအောင် မြေးရှက် ဖုံးကွယ်တတ်သော လောဘ ဒေါသစသည် ကို ဒါနပါရမီ စသည်ဖြင့် ပယ်ရှားခဲ့လေရာ တဖြေးဖြေး တကမ္ဘာ ထက် တကမ္ဘာ တဘဝထက် တဘဝ အသိဉာဏ်သည် သန့်ရှင်း စင်ကြယ်ကာ ရင့်၍ ရင့်၍ လာခဲ့ပေသည်၊ ပြုပြုခဲ့သမျှ ဒါန သီလ အစရှိသော ကောင်းမှုအထူးတို့လည်း အလွန့်အလွန်များလှသဖြင့် တဘဝတခါ အကျိုးပေး၍ မကုန်နိုင်ကြဘဲ နောက်ဆုံးဘဝ သဗ္ဗညုတ ဉာဏ် ရချိန်တန်မှ အားလုံးစုံ စုပေါင်း၍ အကောင်းဆုံး အကျိုး မ ၊ းဘို့ရာ အားခဲနေကြသကဲ့သို့ရှိလေသည်၊ ထို့ကြောင့် နောက်ဆုံး

သိဒ္ဓတ္ထမင်းသားဘဝ၌ စဉ်းစားဉာဏ် စိတ်ကူးဉာဏ်တို့၏ အခြေခံ ဉာဏ်တော်မျိုးစေ့သည် သူတပါးနှင့် မတူတန်အောင် ထက်သန် ထူးခြားစွာ ပါလာ၏၊ “ဒိုမှု နာမှု သေမှု ဆိုတာမျိုးရှိလျှင် မအိုမှု မနာမှု မသေမှု ဆိုဘာလည်း ရှိရမည်” စသော အထူးအဆန်း စိတ်ကူး ဉာဏ်တွေသည် တွေးရင်း တွေးရင်း ကြံစီစဉ်းစားရင်း ပေါ်ပေါ်ကလာ၏၊ သို့ဖြစ်၍ ထီးနှင့် နန်းနှင့် ယသော်ဓရာနှင့် အတူ မနေချင်စိတ်တွေ အလိုအလို ဖြစ်ပေါ်လာရကား မအိုမနာ မသေ နည်းကို ရှာလိုသော စိတ်တွေ တရိပ်ရိပ်နှင့် ဒီဂရီ တက်သလို နေလေတော့သည်။

**တောထွက်၍ ပညာရှာပုံ** ထိုသို့ တိုးတက်လျက် ရှိရကား သက်တော် ၂၉ နှစ် အရွယ်ရောက်သည့်အခါ ညဉ့်သန်းခေါင် အချိန်မှာ ထီးနန်းကို စွန့်ခွါတော် မူပြီးနောက် အရေးတကြီး အသိဉာဏ် အထူးကို ရချင်လှသောကြောင့် ဆရာကောင်းများကို စုံစမ်း ရှာဖွေရာ ထိုခေတ်က လောကီ ဈာန် အဘိညာဉ်မျှဖြင့် တင်းတိမ်နေကြသော ရသေ့တို့တွင် အပါအဝင်ဖြစ်သော အာဠာရ ရသေ့နှင့်တွေ့၍ ဆရာနည်းခံယူလေသော် ဈာန်သမာပတ် ရှစ်ပါး တွင် သတ္တမ ယမာပတ် အထိကိုသာ ထိုဆရာကြီးပြနိုင်၍ ရည်ရွယ် အပ်သော အသိဉာဏ်အထူး ပေါ်လာအောင် မပြနိုင်ချေ၊ ဥဒက ရသေ့ ဆရာကြီးထံ နည်းခံရာ၌လည်း အဋ္ဌမမြောက် သမာပတ် တမျိုးကိုသာ အပိုရခဲ့၍ ထို ဆရာကြီးတို့ထံမှ ထွက်ခွါပြီးလျှင် ပေါ့ပါး ထည်း ထင်ရာမြင်ရာ ကြိုးစားတော်မူလေရာ ၆ နှစ်လောက် နီးနီး ခရီးမရောက်ခဲ့ပါ။

**လမ်းမှားကို လိုက်မိပြီးမှ လမ်းမှန်တွေ့ပုံ**

(ရှေးကျသော ဗုဒ္ဓဘာသာဝင်များကို အားမနာတန်း ပြောရလျှင်)ဘုန်းကြီးတို့၏ အလောင်းတော်မြတ်သည် ထို ၆ နှစ် နီးနီးမှာ လမ်းအမှားကြီး မှားနေခြင်းပင် ဖြစ်ပါသည်၊ သို့ဖြစ်၍ ဗုဒ္ဓဖြစ်ပြီးနောံ မကြာခင်(ပဉ္စမ သတ္တာဟ၌ပင်) " မုတ္တောဝတမှိ တာယ အနတ္ထသံဟိတာယ ဒုက္ကရ ကာရိကာယ = ၆ နှစ် ပတ်လုံး အကျိုးမရှိသော ထိုဒုက္ကရစရိယာ အကျင့်မှ လွတ်ခဲ့ရပေပြီ " ဟု ထို ၆ နှစ် အတွင်းက မှားယွင်းခဲ့သော အကျင့်များကို ပြန်၍ တွေးတောမိပါလေသည်၊ ထိုသို့ ၆ နှစ်နီးနီး ခရီးမရောက်ဘဲ ရှိခဲ့ရပြီးမှ လမ်းမှန်ကိုရ၍ တရား အားထုတ်တော်မူလေရာ ကဆုံလပြည့်နေ့ ရောက်သည့်အခါ နံနက်စောစောကပင် သေနာနိဂုံးသူ "သုဇာတာ"မည်သော သေဋ္ဌေးကတော်ကလေး၏ ဃနာနို့ဆွမ်းကို ၄၉ လုပ်မျှ ဘုဉ်းပေးတော်မူ၏၊ [ ခပ်ပြစ်ပြစ်နို့ဆွမ်းကို "ဃနာနို့ဆွမ်း " ဟု ခေါ်၏၊ ဃန = ပြစ်သည်။ ] ထို့နောက် နေရွှေ့ရာ မြစ်ကမ်းဝယ် ရေသုံးသပ်တော်မူလျက် ထိုမြစ်၏ အနီး ဖြစ်သော တောဝယ် နေ့အဘို့၌ သီတင်းသုံး၍ တရားအားထုတ်တော်မူသည်၊ ထိုနေ့ ညနေအချိန် ရောက်သည့်အခါ ဗောဓိညောင်ပင် ရှိရာသို့ ကြွတော်မူပြီးလျှင် စိမ်းစိုသော မြက်များကိုခင်း၍ ညောင်ပင်ရင်း၌ ထိုင်နေတော်မူကာ ပလ္လင်ကိုလုလာသော မာရ်နတ်ကို မေတ္တာဓာတ်ဖြင့် နှိပ်နင်း၍ တနေ့လုံး စဉ်းစားတော်မူခဲ့ရင်း တရားကိုသာ ဆက်လက် စဉ်းစားနေတော် မူလေသည်။ [ ညောင်ပင်ရင်း၌ ထိုအချိန် ထိုင်နေတော် မူခြင်းကား "အရိုးနှင့် အရေမျှသာ ကျန်၍ အသား အသွေးတွေ ခြောက်ခမ်းသွားတန်လျှင် သွားပေစေတော့,

ဗုဒ္ဓအဖြစ် မရောက်သမျှ ဤထိုင်နေခြင်းမှ မထတော့အံ့”ဟု အလွန် ထက်သန်သော ဇွဲဖြင့် အကြိတ်အနယ် ကြိုးစားဘို့ရန် မိဋ္ဌာန်လျက် ထိုင်နေတော်မူခြင်းဖြစ်သည်။]

**ရှေးဖြစ်ဟောင်း အောက်မေ့တော်မူနိုင်ပုံ**

ထိုသို့ထိုင်၍ တရားကို ဆက်လက်စဉ်းစား အားထုတ်တော်မူနေစဉ် စိတ်အစဉ်သည် တရားအာရုံတို့၌ စူးစိုက် တည်မြဲလျက် ရှိ၏၊ ကိလေသာ အနှောက် အယှက်တို့မှ ကင်းဝေးရကား အလွန် စင်ကြယ် သန့်ရှင်းသော စိတ်အစဉ်သာ ဖြစ်နေတော့၏၊ ဈာန် သမာပတ်ရိုးရိုးကား စောစောကပင် ရခဲ့ပြီးဖြစ်၏၊ ထို့ထက် တိုး၍ ရှေးဖြစ်ဟောင်းကို ပြန်ပြောင်း သိမြင်လိုသော ဆန္ဒဖြင့် ရှေးရှေး ဖြစ်ခဲ့သမျှ ဘဝများစွာကို မှန်း၍ မှန်း၍ စဉ်းစားလေရာ ညဥ့် ဆယ်နာရီ အတွင်းလောက်မှာ ရှေးရှေး ကမ္ဘာများစွာတို့၌ ဖြစ်ခဲ့ ပျက်ခဲ့ နေထိုင်တွေ့ကြုံခဲ့ ရသော အကြောင်းအရာကို ကောင်းစွာ သိနိုင် မြင်နိုင်သော အသိဉာဏ်ဘမျိုး ဖြစ်ပေါ်လာလေသည်။ [“ပုဗ္ဗေနိဝါသာနုဿတိဉာဏ်”ဟု ခေါ်၏။]

**ထိုဉာဏ်ခေတ်၏ အစွမ်း**

ထိုဉာဏ်ခေတ်၏ အစွမ်းဖြင့် အဖြစ်ဟောင်းတို့ကို ပြန်ပြောင်း ကြည့်ရှုသည့်အခါ ဘဝတခု အသစ် ဖြစ်ရာ၌ ကိုယ်ခန္ဓာဟူသော ရုပ်တရားနှင့် စိတ် ဝိညာဉ် ကြီးမှူးနေသော နာမ်တရားစုကိုသာ တွေ့ရ၏၊ စုတေ သေကြေရာ၌လည်း ထိုထို နာမ်တရားစုနှင့် ရုပ်တရားစုတို့ ချုပ်ပျက် ခဲ့သည်ကိုသာ တွေ့ရ၏၊ ဤသို့ ရှေးဖြစ်ဟောင်းကို အောက်မေ့ နိုင်သည့်အခါ သတ္တာဖြစ်အောင် တစုံတယောက်မျှ ဖန်ဆင်းနိုင်သူ

မရှိ ဟုလည်း ပိုင်ပိုင်နိုင်နိုင် သိလာတော့၏၊ ခန္ဓာကိုယ် အတွင်း၌ အတ္တ(အသက်ကောင် ဝိညာဉ်ကောင်, လိပ်ပြာကောင် ဟု ကြီးကြီး စီစီ ပြောဆိုနေကြသော အကောင်အထည် ) လည်း မရှိ ဟု ထိထိ မိမိ သိရှိလာလေတော့၏၊ "သတ္တာ ဟူသမျှ တဘဝ အပြီးသတ်လျှင် နောက်ထပ် မဆက်တော့ဘဲ ပြတ်စဲပြီး ဆုံး၏ " ဟု ယူမှားသော " ဥစ္ဆေဒဒိဋ္ဌိ " ခေါ် အယူမှားနှင့် " သတ္တာတယောက် အဆက် မရှိဘဲ အသစ် ပေါ်လာသည် " ဟု ယူမှားသော "နဝသတ္တ ပါတု ဘာဝဒိဋ္ဌိ"ခေါ် အယူမှားလည်း ကင်းရှင်းသွားလေသည်။

**ဒိဗ္ဗစက္ခုဉာဏ် ရတော်မူပုံ**

အလောင်းတော်သည် ကိုယ်တော်မြတ်၏ အဖြစ် ဟောင်းတွေကို သိမြင်နိုင်ပြီးနောက် ၁ နာရီကျော် လောက်မှစ၍ သတ္တာများ၏ အရေးကို ဆက်လက်၍ တွေးတော စဉ်းစားပြန်လေရာ , သန်းခေါင်ကျော် နာရီပြန် ၁ ချက် ၂ ချက် အတွင်းလောက် အချိန်မှာ လူ့ပြည် နတ်ပြည်နှင့် ဗြဟ္မာ့ပြည်တို့၌ ချမ်းသာသုခ ရရှိနေကြသော သတ္တာ တို့ကိုလည်း, ငရဲ ပြိတ္တာ တိရစ္ဆာန် ဘဝနှင့် လူ့ ဘဝ အောက်တန်း၌ ဆင်းရဲ ဒုက္ခ ခံနေရသော သတ္တာတို့ကိုလည်း မျက်ဝါးထင်ထင် မြင်ရသကဲ့သို့ မြင်နိုင်သော " ဒိဗ္ဗစက္ခု " ခေါ် အသိဉာဏ်ကို ရတော်မူ၏၊ ထို့နောက် ဒုက္ခိတသတ္တာတွေကို " ဘာ့ကြောင့် ဤသို့ ဆင်းရဲစွာ နေကြရပါလိမ့်မည်နည်း , လူ့ အထက်ဘုံနှင့် နတ်ဗြဟ္မာများ ကား ဘာ့ကြောင့် ချမ်းသာကို ရရှိကြပါလိမ့်မည်နည်း " ဟု ဆက်လက် စဉ်းစားတော်မူရာ ကိုယ်စီ ကိုယ်ငှ သူတို့ ပြုခဲ့ကြသော အကုသိုလ်နှင့် ကုသိုလ်ကံများကို တွေ့မြင်တော်မူလေသည်၊ ဤသို့ သိနိုင်သောဉာဏ်ကို "ယထာကမ္မူပဂဉာဏ်"ဟု ခေါ်၏၊ ဤသို့

မြင်ရလျှင်ပင် အားလုံး သတ္တဝါတွေကို မကောင်းမှု ဟူသမျှ မပြုကြဘို့ရန်နှင့် ကောင်းမှုဟူသမျှ တို့ကို ပြုကြဘို့ရန် တိုက်တွန်း တောင်းပန်၍ ပြောရစေကာမူ အလွန် ဟောပြချင်စိတ်တွေ ယိုဖိတ်မတတ် ရှိပေလိမ့်မည်။

ထို ဉာဏ် ၂ ပါး၏ စွမ်းအား

ထို ဒိဗ္ဗစက္ခု ဉာဏ်နှင့် ယထာ ကမ္မူပဂ ဉာဏ်တော် ရသည့် အခါ သတ္တဝါ တွေကို မည်သူကမျှ ဖန်ဆင်းထားသည် မဟုတ်, ကိုယ့်ကံကြောင့် ကိုယ် ဖြစ်ရသည်ဟု ရှင်းလင်းစွာ သိတော်မူရကား "သတ္တဝါတယောက် သေလျှင် သူ့အတွက် အဆက်ပြတ်၍(ဖန်ဆင်းလိုက်မှုကြောင့်)အသစ် သတ္တဝါ တမျိုး ဖြစ်ရသည်"ဟု ယူမှားသော ဥစ္ဆေဒဒိဋ္ဌိနှင့် နဝသတ္တ ပါတုဘာဝဒိဋ္ဌိလည်း ပုဗ္ဗေနိဝါသဉာဏ် ရစဉ်က ရှင်းလင်းပြီး အပေါ်မှာ သာ၍ကင်းရှင်းလာလေတော့၏။ [နဝသတ္တ=အသစ် သတ္တဝါ၏ + ပါတုဘာဝ = ထင်ရှားပေါ်လာခြင်း။ ] ကံနှင့် ကံ၏ အကျိုး( ခံရ-စံမှုပုံတွေ)ကို မျက်ဝါးထင်ထင် မြင်နေရကား သတ္တဝါတို့ သန္တာန်မှာ မိမိပြုထားသော ကံသာ သွားလေရာ လိုက်ပါသော ကိုယ်ပိုင်ဥစ္စာ ရှိကြပေသည့်ဟု သိမြင်သော" ကမ္မဿကတာဉာဏ် "ခေါ် အယူမှန် သမ္မာဒိဋ္ဌိသည် အပြီးအကပ်မရှိ ရှင်းလင်းပေတော့၏။[ကမ္မ=ကံ+သကတာ=ကိုယ့်ဥစ္စာ ရှိသူ၏ အဖြစ်ဟု+ဉာဏ=သိခြင်း၊ ] ထို့ပြင် - တဏှာမကင်းသေး သမျှ တဘဝ အဆုံးတွင် ထိုထိုဘဝ၌ စိတ်ညွတ်မှု ဖြစ်နေရကား "ထိုတဏှာ၏ ကိုင်းညွတ်မှုကြောင့် ပြုခဲ့သမျှကံသည် ဘဝအသစ်၌ ရုပ်နာမ်ကို ဖြစ်စေပြန်သည် " ဟုလည်း သိမြင်ရကား " ဘဝ အသစ် တခု ဖြစ်ဘို့အရေး၌ တဏှာနှင့် ကံသည် ကြီးလေးသော

တာဝန်ခံများဖြစ်၏ ”ဟု သိရှိသည့်ပြင် “ ထိုတဏှာမရှိလျှင် ဘဝ အသစ်လည်း မဖြစ်နိုင်တော့”ဟု သိမြင်လာပေသည်။

**အနိစ္စ ဒုက္ခ အနတ္တ ဟု ဆက်လက် ရှုပုံ**

ထို့နောက် ကိုယ်တော်၏ သန္တာန်၌ ရှိသော ရုပ်နှင့်နာမ် တရားစု၏(အများထင်သလို အကြာကြီး မတည်တန့်ဘဲ ) ဖြစ် ပြီးလျှင် ပြီးခြင်း ပျက်စီးရပုံ အခြင်းအရာ **အနိစ္စလက္ခဏာ**ကို ထပ်ကာ ထပ်ကာရှုလျက် “ အားလုံး ရုပ်နာမ်တွေသည် အမြဲမရှိ အမြဲမရှိ အမြဲမရှိ = **အနိစ္စ အနိစ္စ အနိစ္စ**ချည်းပါတကား ” ဟု စဉ်းစားနေ သော ဝိပဿနာ ဉာဏ်သည်ဖင်း , ဤ ရုပ်နာမ် ခန္ဓာကိုယ် ရှိနေ သမျှ အိုရ နာရ သေရခြင်း ဒုက္ခမှစ၍ အမျိုးမျိုးသော စိတ်ဒုက္ခ ကိုယ်ဒုက္ခတွေကို ခံရမည်သာ ဖြစ်သောကြောင့် “ အားလုံးသော ရုပ်နာမ်တွေသည် ဒုက္ခဖြစ်ဘို့အကြောင်း ဒုက္ခအလောင်းချည်းပါ တကား ” ဟု စဉ်းစားနေသော ဝိပဿနာဉာဏ်သည်ဖင်း , ရုပ် နာမ်ခန္ဓာတွင်း၌ မိမိအလိုကျ စီမံနိုင်သော အတ္တခေါ် အသက် ကောင် ဝိညာဉ်ကောင် မရှိ ရုပ်နာမ်ကို ဖယ်ထားလိုက်လျှင် “မိမိ= ငါ=သူ”ဟု ခေါ်ရသောအရာ သည်ပင် မရှိ .“ အားလုံး ရုပ်နာမ် ခန္ဓာတွေသည် အတ္တတည်းမဟုတ် **အတ္တ**လည်း မရှိ=**အနတ္တ အနတ္တ အနတ္တ**ချည်းပါတကား”ဟု စဉ်းစားသိမြင်သော ဝိပဿနာဉာဏ် အစဉ်သည် ဆက်၍ ဆက်၍ တမျိုးပြီး တမျိုး ဖြစ်နေလေရာ ခန္ဓာကိုယ်၌ နှစ်သက် တွယ်တာနေကျ ဖြစ်သော တဏှာသည် နဲ၍ နဲ၍ လာလေတော့၏၊ ဖြစ်မြဲ ဖြစ်နေသော ဉာဏ်အစဉ်လည်း ထို **အနိစ္စ ဒုက္ခ အနတ္တ** ဖြစ်သော ရုပ်နာမ် ခန္ဓာ၌ ငြီးငွေ့စရာ ကြောက် စရာနှင့် အပြစ်တွေကိုသာ မြင်နေလေတော့သည်။

**ဗုဒ္ဓဖြစ်တော်မူပုံ**

ထိုသို့ မြင်သဖြင့် ရုပ်နာမ်ခန္ဓာမှ လွတ်လပ်ခြင်းကို လွန်စွာ လိုလားနေရကား ရုပ်နာမ်ခန္ဓာကို စိတ်ဖြင့် အာရုံမပြုဘဲ ရုပ်နာမ်နှင့် တဘက်တလမ်းဖြစ်သော နိဗ္ဗာန် သုခ ဓာတ်ကို စမ်းသပ်ရှာဖွေလေရာ, မြင်တော့မလို မြင်တော့မလိုနှင့် အတော်ကြာပြီးမှ အမှန် မြင်သောစိတ် အစဉ်တမျိုးသည် ထင်ရှား ပေါ်လာ၏၊ စိတ်ဓာတ်ကား သွေးသလို ဖြစ်၏၊ သောတာပတ္တိမဂ်ဉာဏ်ပေါ်လာသည်ဟု ဆိုလိုသည်၊ စိတ်ဓာတ်၌ ငြိကပ်ပါနေသော ကိလေသာ ဓာတ်ဆိုး ဓာတ်ငွေ့ များသည် ထိုခဏ၌ အတော်ရှင်းသွား၏၊ လုံးလုံးကား မကုန်သေး၊ ထို့နောင် တဆက်ထည်း လောကပင် အလွန်လျင်မြန်စွာ နိဗ္ဗာန် သုခ ဖြစ်သော (နိဗ္ဗာန်) ဓာတ် တမျိုးကို ထပ်၍ထပ်၍ မြင်သော ဉာဏ်များ ပေါ်လာ၏၊ စိတ်အစဉ်ကား ရှေ့ရှေ့ သွားတော့၏၊ ကိလေသာ ဓာတ်ပူ ဓာတ်ခိုးတို့လည်း တိုး၍ တိုး၍ ကုန်ခမ်း သွားလေရာ နောက်ဆုံး အရဟတ္တမဂ် ဉာဏ်ပေါ်လာသည့် အခါ ကိလေသာ အနောက်အကြူ အပူ အခိုး အငွေ့ဟူသမျှ လုံးဝကင်း၍ စိတ်အစဉ်လည်း သန့်ရှင်းမြေစွာ အရာရာဝယ် ဘာမဆို သိနိုင်သော "သဗ္ဗညုတ" ခေါ် ထူးခြားသောဉာဏ်တော်ကို ရတော်မူသည်၊

**သဗ္ဗညုတ ဉာဏ်စွမ်း**

ထို ဉာဏ်တော်ဖြင့် အလုံးစုံကိုလည်း သိတော်မူ၏၊ သိဘိုင်း သိတိုင်းလည်း အမှားမရှိ အမှန်ကိုချည်း သိတော်မူ၏၊ လောကီ ချမ်းသာပတ်ကို ရစဉ်က အာဠာရရသေ့နှင့် ဥဒကရသေ့ဘို့အထံ နည်းခံခဲ့ရသေးသော်လည်း ကိလေသာ ဓာတ်တွေကို လုံးဝ ကင်းရှင်းစေ၍ စိတ်အစဉ် အထူး သန့်စင်စွာဖြင့် အရာရာ အကုန် သိအောင်ကား ဘဝပေါင်း

များစွာက ထိုသဗ္ဗညုတဉာဏ်ကို ရဘို့ရန် မှန်း၍ ကြိုးစားတော်မူခဲ့သော ပါရမီတော်များ၏ ထောက်ခံချက်ဖြင့် သဗ္ဗညုတဉာဏ်ကို မရသမျှ ထိုင်နေရာမှ မထတော့အံ့ ဟု ဇွဲသန်သန်အားထုတ်မှုကြောင့် ရတော်မူခြင်းဖြစ်ရကား သဗ္ဗညုတဉာဏ်ရဘို့အရေး၌ဆရာမရှိဘဲ ကိုယ်တော်၏ အစွမ်း သက်သက်ဖြင့် ရတော်မူခြင်း ဖြစ်သည်၊ "ဗုဒ္ဓ = သမ္မာသမ္ဗုဒ္ဓ" ဟူသော နာမည်တော်သည် သဗ္ဗညုတာဉာဏ်တော်ကြောင့် ဖြစ်ပေါ်လာသော နာမည်တော်ပေတည်း၊ ထိုဗုဒ္ဓဖြစ်ချိန်မှာ ကဆုန်လပြည့်နေ့ ကန်၍ ညဉ့်သန်းခေါင်ကျော်ပြီးနောက် လပြည့်ကျော် တရက်ဘက်သို့ မရောက်ခင် အာရုံတက်ချိန်ဖြစ်သည်။

**အားလုံးကို ယုံကြည်ထိုက်ပုံ**

"ဗုဒ္ဓ ရှင်တော်မြတ်သည် သဗ္ဗညုတာဉာဏ်ကို ဆရာမရှိဘဲ ရတော်မူ၏" ဟု ဆိုရာ၌ ဘုန်းကြီးကား အမှန် ယုံကြည်သည့် အတိုင်း ရေးပြခဲ့ပြီ၊ ဤစာကိုကြည့်ရှုသူတို့တွင် ပညာဘက်၌ ကိုယ်တိုင် အထူးတလည် လိုက်စားနေသူတို့လည်း မိမိတို့၏ လက်တွေ့အလုပ်များဖြင့် ယုံကြည်ကြပါလိမ့်မည်၊ ထင်ရှားစေပါအံ့— စာသင်ကျောင်းများ၌ ပညာသင်ပြနေကြသော ဆရာတို့သည် တပည့်တို့၏ ဉာဏ် အမျိုးမျိုးကို တွေ့ကြရ၏၊ မိဘ တဦးထည်းက ပေါက်ဖွားလာသူချင်းသော်မှ ဉာဏ်ချင်း မတူကြချေ၊ ကျောင်းတကျောင်းဝယ် အောက်ဆုံးကျနေသူနှင့် အထက်ဆုံးကျနေသူ ၂ ဦး၏ ဉာဏ်ကို နှိုင်းချိန်လိုက်သည့်အခါ အောက်ဆုံးသူသည် လူတန်းမှစေ့ပါလေရဲ့လား,အထက်ဆုံးလူကလည်း လူရိုးရိုးမှ ဟုတ်ပါလေရဲ့လား ဟု ယုံမှားချင်လာအောင် ကွာခြားနေကြပေသည်၊ ဤသို့ ဖြစ်ရာ၌ ရှေးရှေးဘဝက ပညာရေး

လိုက်စားချင်း ကွာခြားခဲ့မှု, ပညာကိုအားပေးသော ကောင်းမှုကို ပြုမှု မပြုမှုတို့ကြောင့် ဖြစ်ရသည်မှာ အမှန်ပင်တည်း။ [ ဥုးနှောက် ကောင်းမှု မကောင်းမှုသည်၎င်း ပညာထက်သော မိဘဝမ်း၌ ဖြစ်ရမှု မဖြစ်ရမှုသည်၎င်း ထိုရှေးဘဝက အကြောင်းကံပင် အမှန် ဖြစ်၏။]

**ဥာဏ်တိုးပွါးပုံ** ထိုအကြောင်းများကို အရင်းခံ၍ ပညာသင်ရာ၌ လည်း တဆင့်ထက် တဆင့် တတန်းထက် တတန်း အသိဉာဏ် ရင့်သန်လာသည်မှာလည်း အထင် အရှားပင်၊ ဤသို့ လျှင် သမ္မညုတာဉာဏ်ကို ရဘို့ရန် အသက်စွန့်တန်လျှင် စွန့်၍ ပါရမီ ဖြည့်တော်မူခဲ့သော ဗုဒ္ဓအလောင်းတော်၏ သန္တာန်၌ ဉာဏ်ပညာ ဓာတ်ခံသည် တဘဝထက် တဘဝရင့်သန် ရင့်သန်၍ လာခဲ့မည်သာ တည်း၊ ပြခဲ့သော ပညာသင်သူတို့သည် ကျောင်းသင် ပညာများ ကိုသာဆရာ့ထံ၌ နည်းခံကြရ၏၊ ကျောင်းမှထွက်၍ဖြစ်စေ ကျောင်း ဆရာကြီးလုပ်၍ ဖြစ်စေ အထက်သို့တိုးတက်၍ ကြံစီရာ၌ကား ဆရာ မရှိဘဲပင် ( ကျောင်းသားတုန်းကနှင့် အလွန် ကွာခြားသော)နည်း သစ်တွေကို သိမြင်ကြ ကမ္ဘာကို ဖြန့်ချီနိုင်ကြပေသည်၊ သို့ဖြစ်လျှင် ဗုဒ္ဓ အလောင်းတော်သည် ဗောဓိညောင်ပင်အောက်ဝယ် ကမ္ဘာ လောက၏ အကြောင်းကို စဉ်းစားတော်မူရာ၌ ဆရာမရှိဘဲ အလွန် ထူးခြားသော ဉာဏ်သစ် ဉာဏ်ဆန်းများကို မရနိုင်ဘဲ ရှိချေမည် လော၊ လူ ၂ ယောက် ယှဉ်လာလျှင် ဉာဏ် ဝီရိယသာသူ တယောက် သည် အခြားတယောက်၏ ဆရာဖြစ်မှန်းမသိ ဖြစ်နေ၏၊ ယောက် ၄ ယောက်မှစ၍ တနိုင်ငံလုံးထက် ဉာဏ်ဝီရိယ သာသူလည်း တနိုင်ငံ လုံး၏ ဆရာဖြစ်ထိုက်၏၊ ကမ္ဘာသူ ကမ္ဘာသား ( လူ နတ် ဗြဟ္မာ)

အားလုံးထက် ထူးခြားသော အသိဉာဏ် ရှိသူလည်း ထိုအားလုံးထက် အသိဉာဏ်သာသူ ထိုအားလုံး၏ ဆရာတင်ထိုက်သူပင် ဖြစ်ပေလိမ့်မည်၊ ထို့ကြောင့် ရှင်တော်မြတ်ဘုရားသည် လူများသိသလောမက, ထူးခြား၍ သိတော်မူသည်မှာ အမှန်ပင်ဖြစ်၏၊ ထို့ကြောင့် " ဗုဒ္ဓ = သမ္မာသမ္ဗုဒ္ဓ " အမည်တော်ကို ကေန် ရတော်မူထိုက်ပေသည် ဟု အမှန်ပင် ယုံကြည်နေပါတော့သည်။

**ဝိရိယတော်ကြောင့်လည်း လေးစားရပုံ**

ယခုခေတ်၌ အထက်တန်းရောက်ပြီး ရှင်လူတို့သည် အထက်တန်းသို့ မရောက်မီက ဉာဏ် ဝီရိယ စိုက်ထုတ်၍ ကြိုးစားကြသော်လည်း ရည်မှန်းထားသော အဆင့်အတန်းသို့ ရောက်သည့်အခါ တချို့က စည်းစိမ်ယစ်၍၎င်း, တချို့က ရပ်သူနယ်သား တိုင်းသူပြည်သား ကမ္ဘာသူ ကမ္ဘာသား လူအများ၏ ကောင်းစားရေးကို လစ်လျူပစ်ထား၍၎င်း အငြိမ်းစား အနေစား လုပ်နေကြသည်ကိုသာ အများအပြားတွေ့ရ၏၊ ရှင်တော်မြတ်ကား အလွန်ချမ်းသာသော မဟာရာဇာဘဝမှ ၂၉ နှစ် အရွယ်၌ တောထွက်တော်မူခဲ့ပြီးလျှင် ၆ နှစ်ပတ်လုံး တရားရှာရင်း ပင်ပန်းကြီးစွာ ဒုက္ခခံတော်မူ၍ ၃၅ နှစ်အရွယ်၌ ဗုဒ္ဓ ဖြစ်တော်မူသည့်အခါ သတ္တဝါများ၏ အကျိုးငှါ ကိုယ်တော်၏ ပင်ပန်းမှုကို ဂရုမပြုဘဲ လှည့်လည်၍ တရားဟောတော်မူရှာပါသည်၊ အကယ်၍ ဗုဒ္ဓရှင်တော်သည် ဗုဒ္ဓဖြစ်ပြီးသည်နှင့် တပြိုင်နက် ဧးဧး ဆေးဆေး နေတော်မူပါလျှင် လူနတ် ဗြဟ္မာတို့က " ကြီးကျယ်သော ဉာဏ်တော်ရှင် တပါး " ဟု ချီးမွမ်းရုံသာ ချီးမွမ်းနိုင်၍ လေးလေးစားစား အားရပါးရ ရှိနိုင်လှမည် မထင်ပါ၊ ယခုသော် သတ္တဝါတို့ အကျိုးများအောင် ဗုဒ္ဓ

ကိုယ်တော်တိုင် အပင်ပန်းခံ၍ ကြိုးစားတော်မူခဲ့ပုံတွေကို ( တရားတော်များအရ ) သိမြင်ကြရသဖြင့် ဗုဒ္ဓကို အလွန်အမင်း အားရပါးရ လေးမြတ်ကြည်ညို ရှိသေကြလေသည်၊ ဥပမာ— သေဌေးဖြစ်အောင် ကြိုးစား၍ ဆင်းရဲသားဘဝမှ သေဌေး ဖြစ်သွားကြသူ ၂ ယောက်တို့တွင် တယောက်သည် သူ့စည်းစိမ်သူခံစား၍, တယောက်ကား စည်းစိမ်မခံစားဘဲ ဆင်းရဲသားတွေ အကျိုးရှိအောင် စီမံဆောင်ရွက်နေ၏၊ ထို ၂ ယောက်တွင် ပဌမ သေဌေးကို "တော်ပါပေသည်-သေဌေးဖြစ်အောင် ကြိုးစားနိုင်ပါပေသည်" ဟု ချီးမွမ်းရုံသာ ချီးမွမ်းနိုင်ကြမည်ဖြစ်သော်လည်း သူ့ကို လေးစားရှိသေကြမည် မဟုတ်, ဒုတိယ သေဌေးကိုသာ ချီးမွမ်းလည်း ချီးမွမ်းကြ ရှိသေလည်း ရှိသေလေးစားကြသကဲ့သို့ တည်း။

**တရားမဟောတော့ဟု စိတ်ညွတ်တော်မူပုံ**

ဗုဒ္ဓ ဖြစ်တော်မူပြီးနောက် သတ္တဝါတို့အား တရားမဟောတော့ဟု စိတ်ဖြစ်တော်မူရာ၌ တချို့က မကျေမနပ်ဖြစ်ကြ၏၊ "သတ္တဝါတို့အား တရားမှန်ကို ပြမည်ဟု ကြံ၍ ဗုဒ္ဓဖြစ်အောင် ကြိုးစားတော်မူခဲ့ပါလျက် ယခုမှ တရားမဟောတော့ = ဟု စိတ်ညွတ်တော်မူခြင်းသည် နဂိုရ်ရည်ရွယ်ချက်နှင့် မညီ" ဟု လည်း အပြစ် တင်လိုကြ၏၊ သို့သော် ထိုကဲ့သို့ တရားမဟောဘို့ရန် စိတ်ညွတ်ခြင်းသည်လည်း သဘာဝ ကျလှပေ၏၊ ရှင်းလင်း ပြပါဦးမည်–ယခုခေတ် တိုင်းကျိုးပြည်ကျိုးကို တကယ့် စေတနာရင်းဖြင့် ဆောင်ရွက်နေသူ အချို့တို့သည် တရံတခါ "မဆောင်ရွက်တော့ ပါဘူး" ဟု အကြံ ဖြစ်တတ်ကြ၏၊ ဘာ့ကြောင့်နည်း။.... မိမိ၏ တိုးတက်စေလိုသော စေတနာထားပုံနှင့် တိုင်းသူ ပြည်သားတို့၏ ထိုင်းမှိုင်း ဖျင်းအပုံမှာ အလွန်

ကွာခြား နေသည်ကို မကြာခဏ တွေမြင်ကြရသောကြောင့်တည်း၊ ဘုန်းကြီး ကိုယ်တိုင်လည်း သာသနာတော်ကျိုးနှင့် အမျိုးသားတို့ အကျိုးကို စွမ်းနိုင်သမျှ ဆောင်ရွက်နေ၏၊ တရားဟောရာ၌ ဒါန ကျိုးကိုလည်း မဟောဘဲ ကိုယ်ကျင့်ကောင်းအောင်လည်း ဟော၏၊ စာသင်ပေးရာ၌ ကြိုးကြိုးစားစား သင်ပေး၏၊ သို့သော် ဘုန်းကြီး ကြိုးစားသလောက် လူ့ဘက် ရှင်ဘက်မှာ အထမမြောက် သဖြင့် "ငါ့ဘာသာငါ အေးအေး စာကြည့်နေရဒါက ကောင်းပါသေး ရဲ့"ဟု မကြာခဏ စိတ်ဖြစ်၏၊ ထိုသို့ စိတ်ဖြစ်သော်လည်း မဟော ဘဲ ပစ်မထားနိုင်, ဖြစ်ထိုက်သူတွေ ဖြစ်အောင် ဟု သဘောထား၍ ကြိုးစားလျက်ပင်။

မုဒ္ဒ ရှင်တော်မြတ်လည်း တရားတော်၏ သိမ်မွေ့ နက်နဲပုံနှင့် တရားတော်အလိုအားဖြင့် အနိစ္စ ဒုက္ခ အနတ္တတွေချည်း ဖြစ်၍ တလောကလုံး နှစ်သက်စရာ မရှိကြပုံကိုရင်း, သတ္တဝါတို့ စိတ်က လည်း နှစ်သက်တွယ်တာ နေကြပုံကိုရင်း, မြင်တော်မူရ၍ ပဒါး တလမ်း သံဘဲလမ်းကဲ့သို့ တရား၏ သဘောက တလမ်း သတ္တဝါတို့ စိတ်၌ ထင်မြင်နေပုံက တလမ်းဖြစ်နေရကား အားလုံး ခြုံကြည့် လိုက် သည့်အခါ မြုံးကနဲဆိုသလို တရားဟော၍ မဖြစ်နိုင်စရာ တွေကိုသာ မြင်တော်မူရကား တရား မဟောဘို့ရန် စိတ်ညွတ် မိပါလိမ့်မည်၊ သို့သော် ထိုသို့ စိတ်ညွတ်မှုသည် စာထည်း၌ ထုတ်ဖော် ရေးပြရာဝယ် စကားကျယ်ဝန်း နေသလောက် အကြာ ကြီးဖြစ်နေသည် မဟုတ်ပါ၊ တရားတော်၏ သိမ်မွေ့ နက်နဲမှုတွေကို ဆင်ခြင်တော်မူရာဝယ် တခဏမျှ ဖြစ်ပေါ် ပသွားခြင်းသာ ဖြစ်ပါ လိမ့်မည်၊ ထိုသို့ တခဏမျှ ဖြစ်ရခြင်းကား တရားတော်၏ နက်နဲပုံ

သတ္တဝါအများ၏ စိတ်ထားပုံကို နှိုင်းယှဉ်၍ ကြည့်သည့်အခါ အမှန်ဖြစ်ထိုက်၍ ၁:၁၀၀ ကျပါပေသည်၊ ထို့ကြောင့် ထိုတခဏ စိတ်ကလေး ညွတ်မိရုံမျှဖြင့် ဗုဒ္ဓအပေါ် အပြစ်မတင်ထိုက်ပါ၊ ထိုစိတ်ညွတ်ပြီးလျှင် ပြီးခြင်း တရားဟောဘို့ရန် အကြံတော် ဆက်လက်ဖြစ်ခဲ့ပါသည်။

**ဗြဟ္မာ တောင်းပန်မှု**

တရား ဟောဘို့ရန် ဗြဟ္မာကြီး လာ၍ တောင်းပန် ရခြင်းကား ဗုဒ္ဓ စိတ်ညွတ်ပုံကို အသိမြန်သော ဗြဟ္မာဖြစ်၍ ချက်ခြင်း တောင်းပန်လာခြင်း ဖြစ်၏၊ သူလာ၍ တောင်းပန်ချိန်၌ ဗုဒ္ဓ ကိုယ်တော်တိုင်လည်း ထိုစိတ်ညွတ်မှု မရှိတော့ပါ၊ ကျမ်းစာတို့၌မူ ကမ္ဘာက ဗြဟ္မာကို ရှိသေနေခိုက် ဖြစ်၍ ဗြဟ္မာ၏ တောင်းပန်မှုကိုပင် အသားယူလျက် အကျယ်တဝင့် ဖွင့်ပြနေခြင်း ဖြစ်ပါသည်၊ အမှန်မှာ ယခုကာလ အများအကျိုးကို စေတနာရင်းဖြင့် ဆောင်ရွက် နေသူတို့ သော်မှ ထိုကိစ္စမျိုးကို လက်မလွှတ်ကြသကဲ့သို့ ဗုဒ္ဓရှင်တော်လည်း ဗြဟ္မာ တောင်းပန်သည် ဖြစ်စေ မတောင်းပန်သည် ဖြစ်စေ တရားဟောဘို့ရန် ကိစ္စကို မူလ ရည်ရွယ်တော်မူချက်အတိုင်း လက်လွှတ်တော်မူမည် မဟုတ်ပါ၊ ထို့ကြောင့် " ဗုဒ္ဓ ရှင်တော်မြတ်သည် နဂိုရ်က တရားမဟောဘို့ရန်ကြံ၍ ဗြဟ္မာတောင်းပန်မှ ဟောတော်မူသည်" ဟူသော စကား၌ အရေးတကြီး ချဲ့ထွင်စဉ်းစားဘွယ် မလိုတော့ပါ။

**ဗုဒ္ဓ၏ နေ့စဉ်အလုပ်များ**

ဗုဒ္ဓ ရှင်တော်မြတ်သည် နံနက် စောစော ထ၍ ယနေ့အဘို့ ကျွတ်ထိုက်သူများကို ဉာဏ်တော်ဖြင့် ဖြန့်၍ ကြည့်ရှုတော်မူ၏၊ ဉာဏ်တော် အတွင်း၌ ပါဝင် တွေ့မြင်လာလျှင် သင့်တော်သော

အချိန်၌ ထိုသူရှိရာကြွ၍ တရားဟောတော်မူ၏၊ နံနက် မိုးသောက် အလင်း ရောက်သည့်အခါ ရောက်လေရာမြို့ရွာတွင်းသို့ ကိုယ်တော် တပါးထည်း သီးခြား၍ဖြစ်စေ ရဟန်းတော်များနှင့် အတူဖြစ်စေ ထိုက်သလို ဆွမ်းခံ ဝင်တော်မူ၏၊ ထိုသို့ ဆွမ်းခံတော်မူရင်း ကြော မကြော တရားဟော၍ အကျွတ်တရား ရစေတော်မူခဲ့၏၊ ဆွမ်းခံပြန်၍ ဆွမ်းဘုဉ်းပေးတော်မူပြီးနောက် ရဟန်းတော်အားလုံး ဆွမ်းစား ပြီးသည့် တိုင်အောင် စောင့်ဆိုင်းတော် မူပြီးလျှင် စုံညီသည့်အခါ "အပ္ပမာဒေန ဘိက္ခဝေ သမ္ပာဒေထ" အစရှိသော ဩဝါဒကို ပေးတော်မူ၏၊ ထိုနေရာ၌ အချို့ရဟန်းတို့အား ကမ္မဋ္ဌာန်း ပေးတော်မူ၏၊ ထို့နောက် ဂန္ဓကုဋိသို့ ဝင်တော်မူ၍ တခဏမျှ ကျိန်းစက်လိုလျှင် ကျိန်းစက်တော်မူ၏၊ ထို့နောက် ထတော်မူ၍ ချွတ်ထိုက်သူများကို ကြည့်တော်မူပြီးလျှင် နေလွဲအချိန်၌ တရား တော်နာလာကြသောပရိသတ်အား တရားဟောတော်မူ၏၊ ညနေ စောင်း၍ ပရိသတ်များ ပြန်သွားသည့်အခါ ရေသုံးသပ်တော်မူ၏၊ ထို့နောက် တခဏမျှ တပါးထည်း ကိန်းအောင်းတော်မူသည်။

နေဝင်၍ မကြာခင် ရဟန်းများ ရောက်လာကြ၏၊ တချို့က ပြဿနာမေးကြ, တချို့က ကမ္မဋ္ဌာန်းတောင်းကြ, တချို့က တရား ဟောတော်မူရန် တောင်းပန်ကြ၏၊ ဗုဒ္ဓ ရှင်တော် မြတ်လည်း အားလုံးအလိုကို ဖြည့်ပေးတော် မူ၏၊ ထိုရဟန်းများ ပြန်သွား သည့်အခါ ညဉ့်ဦးယာမ် ကုန်လွန်၍ ၁၀ နာရီကျော် လုခြေ တိတ်ချိန်လောက် ရောက်နေပြီ၊ ထိုအခါ နတ် ဗြဟ္မာ အများပင် ဘုရားဖူး တရားနာ ပြဿနာမေး လာကြ၏၊ ထိုနတ် ဗြဟ္မာ များလည်း အလိုပြည့်၍ ပြန်သွားကြသည့် အခါ သန်းခေါင်

ကျော်၍ နာရီပြန် ၂ ချက်လောက် ရှိပေမည်၊ ထိုအခါမှ စ၍ နောက်ဆုံး မိုယ်းသောကံယာမ်ကို ၃ ပိုင်း- ပိုင်းပြီးလျှင် ပဌမပိုင်း အချိန်ဝယ် တနာရီခန့်ကျော်ကျော် စင်္ကြံလျှောက်တော်မူ၏၊ (တနေ့လုံး တညလုံး အထိုင်များနေသောကြောင့် အညောင်းဖြေတော်မူခြင်း ပင် ဖြစ်ဟန် တူပေသည်၊ ) ဒုတိယပိုင်း အချိန်၌ ဂန္ဓကုဋီသို့ ဝင်၍ လျောင်းစက်တော်မူ၏၊ တတိယပိုင်း အချိန်၌ကား အစ၌ ပြခဲ့သည့် အတိုင်း ချွတ်ထိုက်သူများကို ကြည့်ရှုတော်မူကာ ထိုနေ့အဘို့ ကိစ္စလုပ်ငန်းများကို စီတည်တော် မူပြန်လေသည်။ [ ဗုဒ္ဓရှင်တော် မြတ်မှာ အိပ်ချိန် အလွန်နည်း၏၊ ဗုဒ္ဓသာ မက, ကမ္မဋ္ဌာန်း တရား အားထုတ်သူ တို့လည်း အိပ်ချိန် အနည်းငယ်မျှဖြင့် အိပ်ရေးဝနေ တတ်ကြသည်။]

**နောက်ဆုံးအထိ ကြိုးစားတော်မူခြင်း**

ဗုဒ္ဓသည် သက်တော် ရှစ်ဆယ်ရှိရာ နောက်ဆုံး အချိန်၌ ကုသိနာရုံပြည် မလ္လာမင်း တို့၏ အင်ကြင်းဥယျာဉ် တွင်းဝယ် ညောင်စောင်း (ခုတင်ငယ်) ပေါ်၌ ဝမ်းတော်လားသော ရောဂါဖြင့် အလွန် အားနည်းစွာ လျောင်းနေတော်မူ၏၊ "နောက် ၃ လကြာလျှင် ပရိနိဗ္ဗာန် စံတော်မူမည်" ဟူသော အကြောင်းကိုလည်း ဗုဒ္ဓ ရှင်တော်၏ မိန့်တော်မူချက်အရ အများပင် သိနှင့်ကြပြီး ဖြစ်ရကား ထိုအရပ်သို့ ရဟန်းတော် အများအပြားနှင့် နတ်မြဟ္မာပေါင်း များစွာသာ မက, ကုသိနာရုံမြို့တွင်းမှ မင်းနှင့် မှူးမတ် စသော ပရိသတ်အများလည်း ရောက်လာကြသည်၊ ကုသိနာရုံ မင်းမှူးမတ်တို့ ကိုယ့်အစုအဖွဲ့နှင့်ကိုယ် တလှည့်စီဖူးမြော်နေကြခြင်းဖြင့် ညဉ့်ဦးယာမ် (၁၀ နာရီ အတွင်းလောက်) အချိန် ကုန်လွန်သွားလေ၏၊ ထို

အချိန်မှာအတော်ထင်ရှားသော ပြဟ္မဏမျိုးမှ ရသေ့လုပ်နေသော "သုဘဒ္ဒ" ခေါ် ရသေ့ပရိဗ္ဗိုဇ်တယောက်သည် ဗုဒ္ဓရှင်တော် ပရိနိဗ္ဗာန် စံတော်မူတော့မည် ဟု ကြား၍ သူ၏ ယုံမှားသံသယကို လျှောက်ထားလိုသောကြောင့် အရေးဘကြီး လာရောက်၍ အရှင် အာနန္ဒာအား ဗုဒ္ဓအထံတော် ဝင်လိုပါကြောင်း လျှောက်ထားသည်မှာ—

သုဘဒ္ဒ။　။"အရှင် အာနန္ဒာ·········ကိလေသာ အာသဝေါကင်း ကွာ၍ တရားအားလုံးကို ကိုယ်တိုင်သိနိုင်သော ဗုဒ္ဓအစစ်အမှန် ဆိုတာ တရံတခါမှသာ ပေါ်ပေါက်နိုင်သည်" ဟု ရှေးရှေး သော ဆရာကြီးများထံမှကြားခဲ့ဘူးပါ၏၊ အရှင်ဂေါတမလည်း ယနေ့ညပင် ပရိနိဗ္ဗာန်စံရပါတော့မည်၊ တပည့်တော်မှာလည်း ယုံမှားနေသော အချက်တခုရှိနေပါသည်၊ ထိုအချက်ကို အရှင် ဂေါတမ ဖြေရှင်းနိုင်မည် ဟု ယုံကြည်ပါသည်၊ အရှင်ဂေါတမ ကို တွေ့ခွင့်ရလိုပါသည်။

အရှင်အာနန္ဒာ။　။( တိတ္ထိတွေဆိုတာ သူတို့ယူထားသော အယူ ကို တော်တော်နှင့် မစွန့်ချင်ကြ၊ ထိုအယူစွန့်အောင် ဟောပြော နေရပြန်လျှင် ဘုရားရှင် ပင်ပန်းတော် မူတော့မည်၊ နဂိုရ်ကပင် ပင်ပန်းတော်မူလျက်ရှိ၏—ဟု ကြံ၍ ) သုဘဒ္ဒ····မတော်ပါဘူး, မြတ်စွာဘုရားကို မညှဉ်းဆဲပါနှင့် , နဂိုရ်ကပင် ပင်ပန်းတော် မူနေပါတယ်။ [ သုဘဒ္ဒသည် ၂ ကြိမ် ထပ်၍ ခွင့်တောင်း၏, ခွင့်မရချေ၊ ၃ ကြိမ်ထပ်၍ ခွင့်တောင်းပြန်သည်, မရပင်၊ ထိုသို့ အပြန်အလှန်ပြောသံကို ဗုဒ္ဓရှင်တော်ကြားတော်မူရကား—

ဗုဒ္ဓ။ ။အာနန္ဒာ…**သုဘဒ္ဒကို မတားမြစ်ပါနှင့်**, သူမေးသမျှအမှန်
သိလို၍ ဖြစ်လိမ့်မည်၊ ငါ့ကိုရားကိုညှဉ်းဆဲလို၍မဟုတ်၊ ငါဘုရား
ဖြေလိုက်လျှင်လဲ သိလွယ်ပါလိမ့်မည်။

ဤသို့လှမ်း၍ မိန့်တော်မူလိုက်မှ သုဘဒ္ဒ ဝင်ခွင့်ရ၍ ဗုဒ္ဓရှင်တော်
ထံ၌ သူ၏ယုံမှားချက်ကို မေးလေသည်၊ သူ၏ ယုံမှားချက် ဟူသည်
လည်း "ဗုဒ္ဓ ဟု ဝန်ခံနေကြသော တိတ္ထိဆရာကြီးတို့၏တရား မှန်-
မမှန်ပင်ဖြစ်၏"၊ဗုဒ္ဓသည် ထိုမှန်-မမှန်ဘာခုစီဝေဘန်ချက်ကို အသာ
ဖယ်၍ တရားသဘောကိုသာ ဆက်လက် မိန့်တော်မူသည်မှာ–—

သုဘဒ္ဒ…သမ္မာဒိဋ္ဌိစသော မဂ္ဂင်ရှစ်ပါးသည် အကြင် သာသနာ၌
မရှိ၊ ထိုသာသနာ၌ ပဌမအဆင့်သောတာပန်, ဒုတိယအဆင့်
သကဒါဂါမ်, တတိယ အဆင့် အနာဂါမ်, စတုတ္ထ အဆင့်
ရဟန္တာဟူသော သမဏမျိုး မရှိနိုင်၊ ဤသာသနာတော်၌ ထို
မဂ္ဂင်ရှစ်ပါးနှင့် သောတာပန် စသော ရဟန်းများ ရှိနိုင်သည်၊
ငါသည် ၂၉ နှစ်အရွယ်မှစ၍ အကောင်းဆုံးကုသိုလ် ( သဗ္ဗ
ညုတဉာဏ် ) ကို ရှာခဲ့၏၊ ရဟန်းပြုခဲ့သည်ကစ၍ အနှစ် ၅၀
ကျော်ပတ်လုံး အရိယမဂ်၏ တစိတ်တပိုင်း ဖြစ်သော ဝိပဿနာ
မဂ္ဂင်ရှစ်ပါးကို ဟောပြခဲ့သည်၊ ဤ သာသနာမှ အပြင်ဘက်၌
သောတာပန်စသော သမဏများမရှိကြ၊ ဤသာသနာတော်၌
ဘိက္ခုဟူသမျှသည် ကိုယ်တိုင်လည်းကျင့်ကြ,သိရသမျှကို သူတ
ပါးအားလည်း ဟောပြသောအားဖြင့် ကောင်းမွန်စွာ နေကြ
မည်ဆိုလျှင် ကမ္ဘာလောကသည်ရဟန္တာတို့မှမဆိတ်မကွယ်ဘဲ
(ရဟန္တာရှိလျက်သာ) ဖြစ်ရာ၏၊… ဤသို့ မိန့်တော်မူချက်အရ

သုဘဒ္ဒသည် သဘောကျ၍ ရဟန်းပြုပြီးလျှင် ဗုဒ္ဓအထံမှ ကမ္မဋ္ဌာန်း ယူ၍ ဗုဒ္ဓပရိနိဗ္ဗာန် မစံခင်ပင် ရဟန္တာဖြစ်လေသည်။

ဤသို့လျှင် ဗုဒ္ဓရှင်တော်သည် ပင်ပန်းနွမ်းနယ်တော် မူရာမှ သုဘဒ္ဒပရိဗ္ဗိုဇ်၏ ကျွတ်တန်းဝင်ဘို့အချက် မြင်တော်မူ၍ သုဘဒ္ဒကို တရားဟောခြင်း ကမ္မဋ္ဌာန်းပေးခြင်း စသည်ဖြင့် သန်းခေါင်ယာမ် တချိန်လုံး ကိုယ်တော်၏ပင်ပန်းမှုကိုဂရုမပြုဘဲ ကြိုးစားတော်မူပြန် ပေသည်၊ ထို့နောက် ပစ္ဆိမယာမ် နာရီပြန် ၁ ချက်ကျော်လေ့မှ စ၍ ရဟန်းပရိသတ်အား ဩဝါဒ ပေးတော်မူသည်မှာ—

"အာနန္ဒာ……… ဆုမ္မတော်မူမည့် ဗုဒ္ဓရှင်တော် မရှိတော့ပါ တကား" ဟု မမှတ်မှားကြလင့်၊ ငါသည် ၄၅ ဝါပတ်လုံး သုတ် အဘိဓမ္မာနှင့် ဝိနည်းတရားတော်ကို ဟောထားပြီးပြီ၊ ထိုတရား တွေသည် သင်တို့၏ ဆရာ ဖြစ်ရစ်ကြလိမ့်မည်၊ ယခု ( ငါဘုရား လက်ထက်)၌ တပါးနှင့် တပါးကို "အာဝုသော" ဟု ခေါ်ကြ= ထူးကြတယ်၊ နောင်(ငါဘုရား ကွယ်လွန်တော်မူတဲ့ အခါ)အကြီးက အငယ်ကို နာမည်ခေါ်၍ ဖြစ်စေ, အမျိုးအနွယ် ခေါ်၍ ဖြစ်စေ, "အာဝုသော=ငါ့ရှင်"ဟု ခေါ်၍ ဖြစ်စေ ပြောဆိုရစ်ကြ၊ အငယ်က အကြီးကို" ဘန္တေ=ဘုန်းကြီး"ဟု ဖြစ်စေ " အာယသ္မာ=အရှင်" ဟု ဖြစ်စေ ခေါ်ဝေါ် ပြောဆိုရစ်ကြ၊ သံဃာများက ပယ်နှုတ်ခြင်း ကို အလိုရှိလျှင် ခုဒ္ဒါနုခုဒ္ဒက ( သေးသေးနုပ်နုပ်ဖြစ်၍ လူဒါယကာ တို့လည်း အပြစ်မြင်စရာ မဟုတ်သော ယုတ်မာမှုလည်း မပါသော ) သိက္ခာပုဒ် များကို ပယ်နှုတ်ရစ်နိုင်တယ်၊ [" ပယ်နှုတ်ရစ်ကြ " ဟု မိန့်တော်မမူဘဲ" ပယ်နှုတ်လိုလျှင် ပယ်နှုတ်နိုင်တယ်"ဟု မိန့်တော် မူသည်။] (ငယ်ကျွန်တော်အမတ်ဟောင်း)ဆန္နရဟန်းကို ဗြဟ္မဒဏ်

ပေးရစ်ကြ၊ (သူက ဘုရားနှင့်တရားသာလေးစား၍ သံဃာတော်ကို ဂရုမစိုက်သူ ဖြစ်သောကြောင့် ဘာလုပ်လုပ် ဘာပြောပြော သံဃာကအဖက်လုပ်ပြီး ဆုမ္မမနေရစ်ကြနှင့်-ဟူလို။)[ထိုသို့ပြုလိုက်လျှင် သူ့ဘာသာ နောင်တရ၍ သံဃာကို လေးစားလာလိမ့်မည်၊ ထိုအခါ သံဝေဂရ၍ တရားအားထုတ်သဖြင့် ရဟန္တာ ဖြစ်လိမ့်မည်ဟု မြော်မြင်တော်မူခြင်း ဖြစ်သည်။ ] ထို့နောက် ဆက်လက်၍ မိန့်တော်မူပြန်သည်မှာ—

"ရဟန်းအများတွင် တဦးတလေမှာ ဗုဒ္ဓ , မဓ္မ , သံဃာ, မဂ် , အကျင့်၌ ယုံမှားသံသယ ဖြစ်နေလျှင် မေးလိုက်ကြ, နောက်မှ'ဘယ်အချက် ကလေးကို မမေးလိုက်မိ'ဟု နောင်တ မရရစ်ကြနှင့်။

ဤသို့ မိန့်တော်မူရာ အားလုံး ဆိတ်ဆိတ်နေကြလေသည်၊ ထို့နောင် ၂ ကြိမ် ၃ ကြိမ် တိုက်တွန်းတော် မူသော်လည်း အားလုံးပင် ဆိတ်ဆိတ်နေကြ၏၊"ငါဘုရားကို လေးစားသဖြင့် ကိုယ်တိုင်မမေး လိုကြလျှင် အနားမှာ ရှိသော တပါးပါးကို အမေးခိုင်းကြ "ဟု ထပ်မံခွင့်ပြုတော်မူပြန်လည်း အားလုံး တိတ်တိတ်ပင် နေကြသဖြင့် အရှင်အာနန္ဒာက " တပါးတလေမျှ ယုံမှားသံသယရှိမည် မဟုတ်ပါ"ဟု လျှောက်လေသည်၊ ထို့နောက် အာရုံတက်ဘို့ အချိန်လည်း တော်တော် နီးလာလေပြီ၊ ဗုဒ္ဓ ရှင်တော်မြတ် မိန့်တော်မူသည်မှာ....

" ဟန္ဒ···· ဒါနိ ဘိက္ခဝေ အာမန္တယာမိ ဝေါ၊ ဝယဓမ္မာ သင်္ခါရာ အပ္ပမာဒေန သမ္ပါဒေထ=အင်း···· ( အားလုံး စကား တွေ လက်စ သိမ်းလိုက်ကြစို့၊ ) ဘိက္ခုတို့···· ယခု အချိန်မှာ

သင်တို့ကို သိစေတော်မူခဲ့မည်၊ သင်္ခါရ တရားတို့သည် ပျက်စီးခြင်း သဘောရှိကြ၏၊ မမေ့တတ်သောသတိဖြင့် အလုပ်ကိစ္စဟူသမျှတို့ ပြည့်စုံစေရစ်ကြ”

ဤသို့ နောက်ဆုံးစကား မိန့်တော်မူပြီးနောက် ညောင်စောင်းငယ်ပေါ်မှာ လျောင်းမြဲ လျောင်းတော်မူလျက် သာလျှင် ဗုဒ္ဓရှင်တော်လှုပ်တော်မမူပြီ၊ ပဋ္ဌမဈာန်မှစ၍ အစဉ်အတိုင်း သမာပတ် ဝင်စားတော်မူကာ လွန်စွာ ငြိမ်သက်တော် မူ၏၊ ထိုအချိန်မှာ အရှင်အာနန္ဒာ ကိုယ်တိုင်ပင် ပရိနိဗ္ဗာန် စံတော်မူပြီ ဟု ထင်၍ အရှင်အနုရုဒ္ဓါကို မေးရလေသည်၊ အရှင်အနုရုဒ္ဓါက ပရိနိဗ္ဗာန် မစံသေးကြောင်း နိရောဓသမာပတ်(စိတ်စေတသိက်ချုပ်၍ ရုပ်တချို့သာ ရှိနေသော သမာပတ်သို့)ရောက်နေကြောင်းကို မိန့်တော်မူ၏၊ ထိုသို့ ဈာန် သမာပတ် များကို ထပ်ပြန် တလဲလဲ ဝင်စားတော်မူသည်မှာ သမာပတ် အကြိမ်ပေါင်း ကုဋေ ၂၀ နှင့် ၄ သိန်းမျှအရေအတွက်ရှိလေသည်၊ သမာပတ်အားလုံး ပြီးဆုံး၍ အာရုဏ်ရောင်ခြည် ပေါ်လာသည်နှင့် တပြိုင်နက် ဗုဒ္ဓရှင်တော်၏ ဝိညာဉ်တော်နှင့် ကံကြောင့် ဖြစ်တည်လျက် ရှိသော ရုပ်ဓာတ်တော်သည် ( နောက်ထပ် အဆက်မရှိတော့ဘဲ ) ခန္ဓာတော် ဇာတ်သိမ်း၍ ချုပ်ငြိမ်းလေတော့သည်။

လွမ်းဆွတ်ကြည်ကွဲ
ဝမ်းနဲကြပုံ

“ဗုဒ္ဓရှင်တော် ချုပ်ငြိမ်းတော်မူပြီ”ဟု သိသည်နှင့် တပြိုင်နက် အနာဂါမ် ရဟန္တာပုဂ္ဂိုလ်တို့မှတပါး အခြား ရဟန်းတော်များနှင့် နတ်တို့သည် တချို့က လက်မောင်းကို မြှောက်၍ ငိုကြ၏၊ တချို့က

အရှပ်ကြီး ဖြတ်လိုက်သလို တခါထည်းလဲကြသွားတော့၏၊ တချို့က လူးကာလှိမ့်ကာ ငိုရှာကြကုန်၏၊ နှုတ်ကလည်း.... "ရှင်တော်မြတ် ပရိနိဗ္ဗာန် စံတော်မူတာ သိပ်မြန်တာဘဲ = သိပ်မြန်တာဘဲ, ကမ္ဘာ လောကထဲမှာ ပညာဉာဏ် မျက်လုံးတော် ကွယ်ပျောက်ရချေ ပေါ့ "....ဟု တတွတ်တွတ် ပြောကာ ပြောကာ ငိုကြရှာလေ၏၊ အနာဂါမ် ရဟန္တာ ဖြစ်ပြီး ပုဂ္ဂိုလ်တို့ကား သတိနှင့် ဉာဏ်ကို အသုံးပြုခြင်းဖြင့် ဝမ်းနဲမှု မဖြစ်ပေ၊ အရှင်အနုရုဒ္ဓါကမူ ငိုကြွေးသူ တို့ကို.... " ငါ့ရှင်တို့.... ဝမ်းမနဲကြပါနှင့် , မငိုကြပါနှင့်၊ ချစ်ခင် မြတ်နိုး အားကိုးစရာ ဖြစ်သူတို့နှင့် မခွဲချင်ဘဲလည်း ခွဲကြရ၏၊ ဖြစ်လာသော အရာဝတ္ထုမှန်သမျှ(ဗုဒ္ဓရှင်တော်၏ ခန္ဓာကိုယ်တော် ဖြစ်စေကာမူ ) မပျက်ဘဲ အစဉ်တည်မြဲပါစေ ဟု တောင်းတ၍ မရ နိုင်ပါ၊ ထိုအကြောင်းကို ဗုဒ္ဓရှင်တော်မြတ် ရှိတော်မူစဉ် ကပင် မပြတ် မိန့်တော်မူခဲ့သည် မဟုတ်ပါလော၊(ဝမ်းမနဲကြ,မငိုကြနှင့်, ဝမ်းနဲနေလို့ ငိုနေလို့ အကျိုးမရှိတော့ပါ၊ ဗုဒ္ဓကို အောက်မေ့ လွမ်းဆွတ်ကြလျှင် ဗုဒ္ဓအလိုတော် ကျအောင် တရားကိုသာ ကြိုးစား၍ ကျင့်ကြပေတော့ ) "ဟု တရားပြတော် မူလေသည်၊ ဤသို့လျှင် အရှင်အနုရုဒ္ဓါ အရှင်အာနန္ဒာ တို့၏ အားပေးစကား တရားစကားဖြင့် မလင်းသေးခင် အချိန်ကို ကုန်လွန်စေပြီးနောက် အလင်း ရောက်သည့် အခါ ကုသိနာရုံ မြို့တွင်းမှ မင်းမှူးမတ် ပရိသတ်လည်း ထွက်လာကာ ငိုသူက ငို , အလောင်းတော်ကို ပူဇော်သူက ပူဇော်နှင့် မြင်မြင်သမျှ ရဟန်းရှင်လူတွင် မက နတ် ဗြဟ္မာများပင် လွမ်းဆွတ်ကြည်ကွဲ ဝမ်းနဲကြလေသည်။

နိဂုံးချုပ် ဤနေရာဝယ် ဗုဒ္ဓ အခဏ်းအတွက် နိဂုံးချုပ်ရပါတော့မည်၊ လောက၌ စိတ်ရင်း စေတနာရင်း ကောင်းကောင်းနှင့်(ကိုယ်ကျိုး မငဲ့ဘဲ)ရပ်ကျိုး ရွာကျိုး နယ်ကျိုး တိုင်းပြည်ကျိုးကို ဆောင်ရွက်သူတို့ကား အလွန်ရှားပါ၏၊ တယောက်တလေပေါ်လာလျှင် ထိုသူသည် ( ဗုဒ္ဓအလောင်းလား , အဂ္ဂ သာဝက မဟာ သာဝကနှင့် ပကတိ သာဝက အလောင်းလား, ပစ္စေကဗုဒ္ဓါ အလောင်းတော်လား ) တပါးပါး၏ အလောင်း အလျာတော့ကေန် ဖြစ်ပါလိမ့်မည်၊ ဘုန်းကြီးတို့ ဗုဒ္ဓကား အလောင်းတော် ဘဝပေါင်း များစွာတုန်းကလည်း လောကကျိုး အမျိုးသားကျိုးကို ( ကိုယ်တိုင် အပင်ပန်း အနစ်နာခံ၍ ) ဆောင်တော်မူခဲ့ပြီ၊ ဗုဒ္ဓ ဖြစ်သည့်အခါလည်း နောက်ဆုံး အချိန်တိုင်အောင် သတ္တဝါများ၏ ကောင်းကျိုးကို(အလွန်အားနည်း နေပါလျက်နှင့် )ဆောင်တော် မူသေး၏၊ ယခုအထိ ဘုန်းကြီးနှင့်တကွ ဗုဒ္ဓကို ယုံကြည်လေးစားသူတို့ ကိုယ်စီ ကိုယ်င စိတ်နေ စိတ်ထားကို မြှုပြင်၍ ပါရမီဖြည့်ကာ နိဗ္ဗာန်ကို မှန်းလျက် အလုပ် လုပ်နိုင်သည်မှာလည်း ဗုဒ္ဓရှင်တော်၏ သြဝါဒတော်ကြောင့်ပင် ဖြစ်၏၊ ထို့ကြောင့် ထိုဗုဒ္ဓရှင်တော်ကို ရည်ရော်မှန်းဆ၍ " တံဗုဒ္ဓံ သရဏံ ဂစ္ဆာမိ=ထိုဗုဒ္ဓကို ကိုးကွယ်ဆည်းကပ်ပါ၏ " ဟုသာ ကိုယ်နှုတ် စိတ်ပါ ကိုးကွယ်ဆည်းကပ်လျက် မိမိတတ်နိုင်သည့် ဘက်က ဗုဒ္ဓ၏ အမွေအနှစ် သာသနာကို ထမ်းဆောင်နိုင်ကြပါစေသော။

**ဗုဒ္ဓရတနာ အခဏ်း ပြီးပြီ။**

# ၂။ ဓမ္မရတနာ အခန်း

## ဓမ္မံ သရဏံ ဂစ္ဆာမိ။

## ဝိနည်း အဘိဓမ္မာ သုတ္တန်

**ငါတို့ဗုဒ္ဓကို ဓမ္မဖြင့် အကဲဖြတ်လော**

စိတ်ရင်း စေတနာရင်း ဖြူစင်စွာဖြင့် အများ၏ကောင်းကျိုးကိုသာ လိုလားနေသော လူကြီး သူမ တယောက်၏ ပြောလေသမျှ စကားတွေနှင့် ပြုလေသမျှ အလုပ်တွေသည် အများ နှစ်သက်စရာ တွေချည်းသာ ဖြစ်တော့ သကဲ့သို့, ထို့အတူ အာလှိုက် အသဲလှိုက်ဆိုသလို သတ္တာအကျိုးကို လိုလားတော်မူ၍ ထိုလိုလား တော်မူသည့်အတိုင်း နောက်ဆုံး အချိန်ထိ ဆောင်တော်မူသော ဗုဒ္ဓ၏ တရားတော်များသည် သတ္တာ အများနှစ်သက်စရာ အကျိုး ရှိစရာတွေချည်း ဖြစ်နေပေတော့၏၊ အလုပ်ကောင်း လုပ်နေသူ လူတယောက်ကို နဂိုရ်က ပေါ့ပေါ့ဆဆ သာမန် ဟု ထင်ခဲ့ကြသော် လည်း သူ၏ အလုပ်ကြောင့် လူအများ အကျိုးရနေသည်ကို တွေ့ရ သော အခါ( ကိုယ်တိုင်လည်း အကျိုးရလာသည့်အခါ ) ထိုသူ့ကို မလေးစားဘဲ မနေသာတော့သကဲ့သို့ ထို့အတူ ဗုဒ္ဓ၏ တရားတော် အရ နေထိုင်ကြ ကျင့်ကြ၍ သုခ ရနေသူများကို မြင်ရသည့် အခါ သို့မဟုတ် ကိုယ်တိုင်ကျင့်၍ ချမ်းသာခံစားရသည့်အခါ ဗုဒ္ဓရှင်တော် ကို မလေးစားဘဲ မနေနိုင်တော့ပါ၊ မြင်ရုံကြားရုံမျှဖြင့် ဗုဒ္ဓကို ကြည်ညိုမှု ( သဒ္ဓါ)က အစတည်ခဲ့သူတို့သည် ပုဂ္ဂိုလ်မင်သဖြင့် ဗုဒ္ဓ

တရားတော်ကိုလည်း ခင်ကြရသကဲ့သို့,တရားတော်ကို မြင်ရကြသဖြင့် ပညာဉာဏ်တိုးတက်၍ နှစ်သက်အားရသူတို့လည်း တရားမင်သဖြင့် တရားရှင်ဗုဒ္ဓကို ခင်မင်လာကြရပါသည်၊ ထို့ကြောင့် ဗုဒ္ဓအပေါ်၌ မယုံကြည်တတ်သေးသူတို့သည် ဗုဒ္ဓစစ် မစစ် မှန် မမှန်ကို အကဲဖြတ်ကြဘို့ရန် ဗုဒ္ဓ၏ တရားအချို့ကို ဤအခဏ်း၌ ထုတ်ပြပါမည်။

**တရားတော် သုံးမျိုး ခွဲခြားချက်**

လေးဆဲ့ငါးဝါ ကာလပတ်လုံး မနေမနား ဟောထားတော် မူခဲ့သော တရားတော်များသည် အလွန့်အလွန် များပြား လှ၏၊ ယခုတွေ့နေကြရသော ပိဋကပါဠိတော်များကိုကား ဗုဒ္ဓဟောတော်မူသမျှ အားလုံးပြည့်စုံပြီ ဟု မဆိုနိုင်သေး၊ ယခု ပါဠိတော်များဝယ် မပါခဲ့သော"ပကိဏ္ဏက ဒေသနာ" ခေါ် အလွတ်တရားတော်များကို ( အဋ္ဌကထာတို့ဝယ် ဟိုနေရာ သည်နေရာ၌ ) တွေ့ကြရသေး၏၊ ထို့ကြောင့် အဋ္ဌကထာတို့မှာလည်း မပါခဲ့သော ပကိဏ္ဏက ဒေသနာတော်သည် အလွန်များစွာ ကြွင်းကျန် ပေလိမ့်ဦးမည်၊ ယခု တွေ့နေကြရသော တရားတော်များ၏ အမျိုးအစားကို ခွဲခြားလိုက်လျှင် " ဝိနည်း, အဘိဓမ္မာ, သုတ္တန် " ဟု ၃ မျိုးရှိ၏၊ ဝိနည်းတရားဟူသည် ရဟန်းများ၏ ကိုယ်မှု နှုတ်မှုကို ယဉ်ကျေး သိမ်မွေ့အောင် ညွှန်ပြသောဥပဒေသတရားတော်ကြီးပေတည်း၊ အဘိဓမ္မာတရားတော်ကား အစစ်အမှန် ( မလွဲနိုင်သော ) သဘာဝ ဓမ္မစုကို ပြသော တရားတော်ပေတည်း၊ ထို ၂ မျိုးမှ ကြွင်းကျန်သမျှ တရားတော် အားလုံးကို"သုတ္တန်"ဟု ချည်း ခေါ်ရမည်။

**ဝိနည်းတရားကို ပြန်လည် ထူထောင်သင့်ပုံ**

ဝိနည်းတရားတော်အတိုင်းသာ ရဟန်းတော်များ နေထိုင်သွားလာ ပြောဆိုကြပါလျှင် မြန်မာလူမျိုး၏ လေးစားခြင်းသာမက ကမ္ဘာပေါ်တွင် ယဉ်ကျေးသည်ဟု ခေါ်ရသော လူတိုင်းကပင် လေးစားခြင်းကို ခံရလောက်ပေ၏၊ ရှေးတုန်းက မြဟ္မာလူမျိုးတယောက်သည် ဝိနည်းကျမ်းစာများကို ဖတ်ရှုမျှဖြင့် သာသနာတော်ကို ကြည်ညိုစိတ် ဖြစ်လာခဲ့ရ၏၊ ဓမ္မသောက မင်းတရားလည်း ဝိနည်းနှင့်အညီ ဣန္ဒြေရရသွားနေသော နိဂြောဓသာမဏေငယ်ကို မြင်ရသည်မှ စ၍ သာသနာ့ ဒါယကာ မဟာရာဇာကြီး ဖြစ်လာရပေသည်၊ ဤသို့လျှင် " ဝိနယ " ဟု ခေါ်သော ဥပဒေသ တရားတော်ကြီးသည် မြင်သူတိုင်း လေးစားရလောက်အောင်ပင် စည်းကမ်း နည်းလမ်းများကို ညွှန်ပြထားပေရကား အနာဂတ်ကာလ၌ ဗုဒ္ဓသာသနာကို အထက်တန်းရောက်အောင် ပြုပြင်လိုသော ရဟန်းလူရှင် သူတော်စင်တို့သည် ထိုဝိနည်း ဥပဒေသတော်ကြီးကို ပြန်၍ ထင်ရှား ထွန်းကားလာအောင် ပဌမဆုံး ကြိုးစားသင့်ကြပေသည်။

**ပြန်၍ ထူထောင်နည်း အချုပ်**

ဝိနည်းပါဠိတော်အဋ္ဌကထာ ဋီကာများကို စာချ ဆရာတော်များက အထူး ဂရုစိုက်၍ အမြန်ဆုံး ပေါက်ရောက် လွယ်အောင် ပို့ချခြင်း, ပို့ချတိုင်း၌ လက်တွေ့အလုပ်လုပ်ပြခြင်း, လူအများ ကြည့်ရှု၍ လွယ်ကူအောင် ရာဇသတ် စာအုပ်ကြီးများကဲ့သို့ သုခအကျဉ်းများနှင့်သူ စာအုပ်ကြီးဖြစ်အောင် ပြုစုခြင်း, လူများက ဝိနည်းတော်နှင့် ညီစွာနေသော ရဟန်းတော်များကို လေးစား ကိုးကွယ်ခြင်း ,

ဝိနည်းနှင့် မညီညွတ်သူတို့ကို အစိုးရ ကိုယ်တိုင်နှင့် အသင်းအဖွဲ့များက အရေးယူခြင်းတို့ဖြင့် ဝိနည်းသာသနာ ပြန်၍ထွန်းကားလာအောင် ကြိုးစားသင့်ပါသည်။

**အဘိဓမ္မာ** ယခုခေတ်သည် အစစ်အမှန် သဘာဝကို လိုက်စားနေသော ပညာခေတ်ဖြစ်၏၊ ထိုကဲ့သို့အစစ်အမှန် သဘာဝသည် အဘိဓမ္မာတရားတော်၌ အစုံအလင် ပါဝင်၏၊ အဘိဓမ္မာ၏ ပြင်ဘက်၌ အစစ်အမှန်ကို မည်မျှလေ့ခံပင် စိစစ်ရှာဖွေကြသော်လည်း သိရှိကြရလိမ့်မည် မဟုတ်၊ ထို စကားကို ရှင်းပြဦးမည်— "အဆင်းတခုကို ကြည့်ရှုသည်" ဟု ဆိုရာ၌ မျက်လုံးအိမ် အတွင်းဝယ် စက္ခု၊ အကြည်ဓာတ်ကို ထိုအဆင်း အာရုံက ပဌမဆုံး ဓာတ်ခိုက်၏၊ ထိုကဲ့သို့ ဓာတ်ခိုက်သည်နှင့် တပြိုင်နက် ထိုအာရုံကို ဆင်ခြင်သော "အာဝဇ္ဇန" ခေါ် စိတ်တခု အလွန်လျင်မြန်စွာ ဖြစ်၍ ပျက်သွား၏၊ ထို့နောက် တဆက်ထည်းပင် ထိုအာရုံကို မြင်သိသိသော "စက္ခုဝိညာဏ" ခေါ် စိတ်တခု အလွန်လျင်စွာ ဖြစ်၍ ပျက်ပြန်၏၊ ထို့နောက် ဆက်ကာ ဆက်ကာ ထိုအာရုံကို ခံယူသော သမ္ပဋိစ္ဆနစိတ်, စုံစမ်းသော သန္တီရဏစိတ်, ဆုံးဖြတ်သော ဝေါဋ္ဌပနစိတ်, အာရုံ၏ အရသာကို ခံစားသော ( အလွန်လည်း အဟုန်အရှိန်ပြင်းသော)"ဇဝန"ခေါ် စိတ် ၇ ကြိမ်, ထို အာရုံကို ဆက်၍ အာရုံပြုသော "တဒါရမဏ" ခေါ် စိတ် ၂ ကြိမ် ဖြစ်၍ ပျက်၏၊ ဤမျှသော စိတ်အစဉ် ဖြစ်ရုံမျှဖြင့်"ငါမြင်၏"ဟု ဆိုရလောက်အောင် စိတ်မစုံသေး၊ ထို့နောက် စိတ်အစဉ် ၃ တန်း ၄ တန်းဖြစ်ရသေး၏, စိတ်အစဉ် ဖြစ်ရသော်လည်း အချိန်ကြာသည် ဟု မမှတ်ထိုက်၊

လက်ဖျောက်တချက်တီး အချိန်မှာ ကုဋေများစွာ စိတ်တွေဖြစ်၍ ပျက်နိုင်သောကြောင့် ချက်ခြင်း မြင်ရသည် ဟုပင် ဆိုနိုင်သည်။

**နာမ်ကလာပ်စည်း** စိတ် တခု တခု ဖြစ်ရာ၌ စိတ် သက်သက် ဖြစ်သည် မဟုတ်၊ စိတ်နှင့် အတူ ဖြစ်၍ အတူ ပျက်ကြသော စေတသိက်ခေါ် တရားစုလည်း ပါဝင်ကြသေးသည်၊ ထိုတရားများကား-အာရုံကို ခတ်သဘောအလိုက် ထိခိုက်သော ဖဿ , အာရုံ အရသာကို ခံစားသော ဝေဒနာ, အာရုံကို မှတ်သားသော သညာ , တွဲဘက် တရားများကို ဆိုင်ရာ ကိစ္စ၌ ဆောင်ရွက် ဘို့ရာ လှုံ့ဆော်သော စေတနာ,အာရုံ၌ ( တခဏမျှဖြစ်စေ ) ငြိမ်သက်စွာ တည်တန့်နေသော ဧကဂ္ဂတာ (သမာဓိ), ထို တရားတို့၏ အသက် ဟု ခေါ်ရသော ဇီဝိတိန္ဒြေ, ထို အာရုံကို နှလုံးသွင်းသော " မနသိကာရ " ဟု ( အနည်းဆုံး အားဖြင့် ) ဤတရား ၇ ပါးသည်လည်း အမြဲ ပါနေပေသည်၊ ဤသို့ စိတ် စေတသိက်တို့ အစုလိုက် အစုလိုက်ဖြစ်ခြင်းကို " နာမ်ကလာပ် " ဟု ခေါ်ကြစို့။ ["နာမ-နာမ်+ကလာပ-အစု အဝေး(ကလာပ်)။]

**ရုပ်ကလာပ်စည်း** ဗုဒ္ဓ ရှင်တော်သည် ရုပ်အကြောင်းကို ဟောပြတော် မူရာ၌လည်း "ဤဓာတ်သည် ခက်မာခြင်း သဘောရှိ၏, ပထဝီဓာတ်" ဟု ခေါ်၏၊ "ဤဓာတ်သည် ဖွဲ့စေးခြင်း သဘော ယိုစီးခြင်း သဘော ရှိ၏ , အာပေါဓာတ် " ဟု ခေါ်၏၊ "ဤဓာတ်သည် အငွေ့ သဘောရှိ၏၊ (အပူရုပ်၌ အပူငွေ့-အအေးရုပ်၌ ဒ.ဧငွေ့ ရှိ၏၊ ) တေဇောဓာတ် " ဟု ခေါ်၏၊ " ဤဓာတ်သည် ထောက်ကန်ခြင်း တွန်းဖိခြင်း သဘော ရှိ၏, ဝါယောဓာတ် " ဟု

ခေါ်၏၊"ဤခေတ်သည် အဆင်းအရောင် သဘောရှိ၏, ဝဏ္ဏ"ဟု ခေါ်၏၊"ဤခေတ်သည် အနံ့သဘော ရှိ၏,ဂန္ဓခေတ်"ဟု ခေါ်၏၊ "ဤ ခေတ်သည် အရသာ သဘောရှိ၏, ရသခေတ် "ဟု ခေါ်၏၊ "ဤခေတ်သည် အဆီ အနှစ်တည်း, ဩဇာခေတ်"ဟု ခေါ်၏, ဤ ပြခဲ့သော ရုပ်ရှစ်ခု အပေါင်းသည် အနည်းဆုံး ရုပ်ကလာပ် တခု ဖြစ်၏ , သာမန် မျက်စိဖြင့် မမြင်နိုင်ဘဲ အလွန် ကောင်းသော မှန်ပြောင်းဖြင့်သာ မြင်နိုင်သော အသေးဆုံး ဆိုရသော ( အနုမြူ ထက်ပင် သေးငယ်၍"ပရမာနုမြူ"ဟု ခေါ်ရသော)ရုပ်မှုန့်ကလေး၌ ယေဘ်မှ ရှစ်ခု ရှစ်ခု ပေါင်းစုနေသော ရုပ်ကလာပ်ကလေးတွေ အတော် များများ စုဝေး တည်နေပါသည်၊ ရုပ်တုံး ရုပ်ခဲက ကြီးကျယ်လေ ထိုရုပ်ကလာပ်မှုန့်တွေ များလေ ဖြစ်၏။

**အဘိဓမ္မာ အရေးကြီးပုံ**

နာမ်အစု ရုပ်အစုကို သူ့ကလာပ်နှင့်သူ ခွဲစိတ်၍ ပြထားသည့်ပြင် တစုနှင့် တစု ရှေ့နောက်ဖြစ်ရာ၌ အချင်းချင်း ကျေးဇူး ပြုသွားကြပုံကိုငင်း သူတို့ ဖြစ်ခိုက်၌ အချင်းချင်း ကျေးဇူး ပြုနေကြပုံကိုငင်း အဘိဓမ္မာ၌ ဟောပြထားတော်မူရာ , လက်တွေ့ စဉ်းစားလေ့ ရှိကြသော ယခုခေတ်ဝယ် ထို အဘိဓမ္မာ သဘော အတိုင်း မမှန်နိုင် ဟု ပယ်လှန်မည့် သူကို တွေ့စမ်းချင်ပါသည်၊ ဘုန်းကြီးတို့ အယူအဆ ၌ကား ထိုမျှလောက် အသေးစိတ်၍ ခွဲခြားစိတ်ဖြာပြီးလျှင် ဤ သဘောသည် ဖဿ, ဤသဘောသည် ဝေဒနာ စသည်ဖြင့် သိနိုင် သူကို မဆိုထားဘိ , ဗုဒ္ဓ မပေါ်ထွန်းခဲ့ပါလျှင် " ဖဿ-ဝေဒနာ" စသော နာမည်မျိုးကိုမျှ တပ်ပြနိုင်သူ မရှိ - ဟု ယူဆပါသည်၊ ဘုန်းကြီးတို့သည် ရုပ်ခေတ်ကို လက်တွေ့ ခွဲကြည့်ဘို့ရာ လက်နက်

ကြိယာ အပြည့်အစုံမရကြသေး၍ မခွဲနိုင်ကြသော်လည်း လူတယော၏ စိတ်နေ စိတ်ထားတို့ကား စကားပြောပုံ ပြုကျင့်နေထိုင်ပုံကို ထောက်ထား၍ ထိုအချိန်မှာ မည်သည့် နာမ်ကလာပ် ဖြစ်နေသည်ကို အဘိဓမ္မာ အလေ့အကျင့် အရ အတော်မှန်အောင် မှန်းနိုင်ကြပါ၏၊ တရားအားထုတ်၍ တရားပေါက်နေသူ( ပရစိတ္တဉာဏ် ရနေသူတို့ကား )ထိုထက်ပင် သေချာ ကျနအောင် သိနိုင်ကြပေသည်၊ မိမိစိတ်ထားကိုမူ စဉ်းစားသည့် အခါ အလွန် သေချာစွာ သိ၍ မကောင်းသော နာမ်ကလာပ်ကို နောက်ထပ် မဖြစ်အောင်လည်း ချုပ်တည်းနိုင်, ကောင်းသော နာမ်ကလာပ်ကို တိုးတက်အောင်လည်း ပြုပြင်နိုင်ကြပေသည်၊ ယခု အချိန်အခါသည် “ ဖန်ဆင်းသူရှိ၏”ဟူသော ရှေးကျသည့်ဝါဒကို မသုံးစွဲကြတော့ဘဲ လက်တွေ့ကို လိုက်စားချိန် ဖြစ်၏၊ ထို့ကြောင့် အလွန် သေချာ ကျနသော (မလွဲနိုင်သော)အဘိဓမ္မာ၏သဘာဝများကို အထက်တန်းလောကီကျောင်းများ၌ သင်ပြသင့်ကြပေသည်၊ ဘုန်းကြီးကျောင်းများ၌လည်း အရကျက်ရုံမဟုတ်ဘဲ လက်တွေ့ သင်၍ ကမ္ဘာကို ပြဘို့ရန် ကြိုးစားသင့်ကြ ပါပြီ၊ ဤကျမ်း၌ကား အနာဂတ် သာသနာကို ပြုပြင်ချင်လာအောင် ညွှန်ပြရဦးမည်ဖြစ်၍ ထိုသဘာဝကိုအကျယ် ပြနိုင်တော့မည် မဟုတ်ပါ။

**သုတ္တန်တရားတော်** သုတ္တန်တရားတော် များကို ဗုဒ္ဓနှင့် ဗုဒ္ဓသာဝက တို့၏ ရှေးဖြစ်ဟောင်း ( ဇာတ်ကြောင်း ) များလည်း ပါ၏၊ မင်္ဂလသုတ် သိင်္ဂါလောဝါဒသုတ် စသည်ကဲ့သို့ လူအများ၏ ကိုယ်ကျင့်တရားများလည်း ပါ၏၊ လူနတ် ဗြဟ္မာတို့၏ အမေးပုစ္ဆာ ပြဿနာကို ဖြေရှင်းထားသော

တရားများလည်း ပါ၏၊ ဒါနအကျိုး သီလအကျိုး စသည်များနှင့် တကွ အကုသိုလ် ဒုစရိုက်များ၏ မကောင်းကျိုးများလည်း ပါ၏၊ သစ္စာလေးပါး ပဋိစ္စသမုပ္ပါဒ် သတိပဋ္ဌာန်စသော အလွန်လေးနက်သော တရားလည်း ပါ၏၊ ပညာရှိ လူ နတ် ဗြဟ္မာတို့၏ စိတ်ကို ဆွဲဆောင်နိုင်သော( သတ္တဝါတို့ကို အကျွတ်တရား ရစေနိုင်သော) တရားတော်ကား ( ဝိနည်းနှင့် အဘိဓမ္မာ မဟုတ် ) ဤသုတ္တန် တရားတော်များ ပင်တည်း။ [ သုတ္တန် ဒေသနာတော် များကို ဝေါဟာရဒေသနာဟု ခေါ်၏၊ ဝိသေသေန-ဝိနည်းအဘိဓမ္မာတို့မှ နိုင်၏၊ အားဖြင့်၊ မနံ - သတ္တဝါတို့၏ စိတ်ကို၊ ဟရတိ = ဆောင်ယူ ထူးသော၊ ဣတိ-ထို့ကြောင့်၊ ဝေါဟာရော-ဝေါဟာရဒေသနာ မည်၏၊] မှန်၏-ဓမ္မစကြာ တရားတော်သည် သုတ္တန်ပင်တည်း၊ ထို ဓမ္မစကြာ တရားတော်၏ အဆုံး၌ အရှင် ကောဏ္ဍညနှင့် တကွ ကုဋေများစွာ နတ်ဗြဟ္မာတို့ ကျွတ်တန်း ဝင်ကြလေသည်။

**သုတ္တန်ကိုသာ ပြမည်**

သုတ္တန် တရားတော်သည် သတ္တဝါများ အကျိုးကို ဝိနည်း အဘိဓမ္မာ တို့ထက် ပို၍ ဆောင်နိုင်ပါ သော်လည်း ဟောပြသော ပုဂ္ဂိုလ်တို့က ဒါနနှင့် ဒါန၏ အကျိုးကို အဟော များသောကြောင့်၎င်း ဇာတ် နိပါတ် များကို ဟောပြန်ပါလည်း ထိုဇာတ်တွင် ပါဝင်သော ပုဂ္ဂိုလ် များ၏ ကိုယ်ကျင့် ကောင်းပုံ ကိုယ်ကျင့် ချို့ယွင်းပုံကို ထင်ရှား အောင် မပြကြဘဲ လွမ်းခန်း ဆွေးခန်း စသော အခန်းတို့ကို သာ တခမ်း တနား ချဲ့ထွင်၍ သဘင်ဆန်ဆန် ( ကွက်စိတ် ဆရာ တွေကို အားကျလျက်)ဟောပြမှုကြောင့်၎င်း , ယခုအခါ များစွာ ကုန်သော တရားနာ ပရိသတ်တို့ကလည်း သုတ္တန်ဆိုလျှင် ပျော်ရွှင်

ဘွယ် အပျင်းဖြေတရားဟု ထင်မှားနေကြလေသည်၊ ဘုန်းကြီးကား သုတ္တန် ဒေသနာတော် များကို လေ့လာခဲ့ရာ၌ ဗုဒ္ဓ မဖြစ်သေးမီ အလောင်းတော် ဘဝဝယ် ပါရမီဖြည့်ပုံကို ပြသော ဇာတ်တော်များကို ကြည့်ရသည့်အခါ ထို အလောင်းတော်များကဲ့သို့ ပါရမီဖြည့်ကျင့်လိုသော စိတ်တွေသာဖြစ်ရ၏၊ ဗုဒ္ဓဖြစ်ပြီးမှ ဟောပြတော်မူအပ်သော အင်္ဂုတ္တိုရ်သံယုတ် ပဏ္ဏာသနှင့် ဓမ္မပဒ စသည်ကို ကြည့်ရှုရသည့် အခါ၊ စိတ်နေ စိတ်ထားတွေ အလိုလို ပြောင်း၍ ပြောင်း၍ သွားကာ သံသရာမှ မြန်စွာ လွတ်မြောက်လိုစိတ် ဖြစ်ရပေ၏၊ ထို့ကြောင့် ဤအခဏ်း ကြည့်ရှုသူတို့အား ဓမ္မ၏ အရသာကို ထိုက်တန်သမျှ ခံစားကြရအောင် သုတ္တန်ဒေသနာတော်မှသာ ဓမ္မတချို့ကို ထုတ်ဖေါ် ညွှန်ပြရပါလိမ့်မည်။

× × × ×

## ဒုက္ကရစရိယာ ကျင့်တော်မူပုံ

**ပဉ္စဝဂ္ဂီ ၅ ယောက်** ငါးယောက်သော ပုဂ္ဂိုလ်များ၏ အစု ( အဖွဲ့) ကို"ပဉ္စဝဂ္ဂီ"ဟု ခေါ်၏၊ ဗုဒ္ဓအလောင်းတော် ဖွားမြင်တော်မူ၍ မကြာမီ သုဒ္ဓေါဒန မဟာရာဇာသည် ဗြာဟ္မဏ ပဏ္ဍိတ် တရာ့ရှစ်ယောက်တို့ကို ဖိတ်မံ၍ ကောင်းမွန်စွာ ကျွေးမွေး ပြီးလျှင် ထို ဗြာဟ္မဏ ဘို့တွင် ပညာအရှိဆုံးရှစ်ယောက်ကို ရွေးချယ်၍ အလောင်းတော် ကလေး၏ ရုပ်လက္ခဏာကို ကြည့်ရှု စေရာ, ၇ ယောက်သောဗြာဟ္မဏတို့သည်"ရုပ်လက္ခဏာတော် အလိုအားဖြင့် တောထွက်လျှင် ဗုဒ္ဓဖြစ်ရမည်, လူ့ဘောင်နေလျှင် စကြာမင်းဖြစ်ရမည်"ဟုဟောကြ၍ အငယ်ဆုံး ကောဏ္ဍည ဗြာဟ္မဏကား" ကေန်

မုချ ဗုဒ္ဓဖြစ်လိမ့်မည် ” ဟု ဟောလေသည်၊ ထိုတွင် ကောဏ္ဍည ပြဟ္မဏသည် “အိမ်ရာထောင်၍ လူ့ဘောင်နေလျှင် သားသမီးတွေနှင့်အစွန့်ရခက်လိမ့်မည်” ဟု ယူဆ၍ ထိုပြဟ္မဏတို့၏ သား ၄ ယောက်နှင့် အတူ တောထွက်ပြီးလျှင် ရသေ့လုပ်ကာ အလောင်းတော်၏ တောထွက် လာချိန်ကို စောင့်မြော်နေနှင့် လေ၏၊ [ ပြဟ္မဏ ရှစ်ယောက်တွင် ၃ ယောက်က ဗုဒ္ဓနှင့်ကြောမင်း ဟု ၂ ခွန်း, ၅ ယောက်က ကေန် ဗုဒ္ဓဖြစ်ရမည် ဟု ဟောပြီးလျှင် ထို ၅ ယောက်သည်ပင် တောထွက်၍ ရသေ့လုပ်နေကြသည်-ဟု လည်း ပါဠိ ရာသိသုတ်၌ တနည်းပြ၏ ] ဗုဒ္ဓ အလောင်းတော် တောထွက်လာသည့်အခါ သူတို့သည် ဗုဒ္ဓဖြစ်အောင် အားထုတ်နေသော အလောင်းတော်ကို ရေပူရေချမ်း ကမ်းလှမ်းလုပ်ကျွေး နေကြလေသည်။

**ဥပမာ ၃ မျိုး ထင်လာပုံ**

အလောင်းတော်သည် တောထွက်တော်မူခဲ့ပြီးနောက် ဆရာကို လိုက်၍ရှာရာ အာဠာရနှင့် ဥဒက ရသေ့တို့ကို တွေ့ရပါသော်လည်း,ထို ရသေ့ဆရာကြီးများအထံမှ လောကီ ဈာန်ကိုသာ နည်းခံရသဖြင့် အားရကျေနပ်ခြင်း မရှိသေးရကား ထို ဆရာကြီးတို့ အထံမှ ခွဲခွါခဲ့၍ အကောင်းဆုံး ကုသိုလ်ဖြစ်သော သမ္မာသမ္ဗောဓိဉာဏ်တော်ကို ရှာလျက် လှည့်လည်တော်မူစဉ် ဥရုဝေလာတော—သေနာ နိဂုံးသို့ ရောက်တော်မူသည့်အခါ အလွန် သာယာသော တောအုပ်ကိုရင်း စီးတသွင်သွင်ကြည်လင်သန့်ရှင်း မွေ့လျော်ကင်းသော စန်းရေနှင့် ကမ်းခြေ အနီးအပါးဝယ် ဆွမ်းခံလွယ်မည့် ရွာကိုရင်း မြင်တော်မူရ၍ ထိုတော၌ ကမ္မဋ္ဌာန်းအားထုတ်ဘို့ရန် ဆုံးဖြတ်တော် မူလေသည်၊ ထို အခါဝယ် စိတ်တော်၌ ဥပမာ ၃ မျိုး ထင်လာသည်မှာ

၁— ရေသဖန်သား တချောင်းသည် အစေးနှင့် တကွ စိုစို ဖတ်ဖတ်ရှိ၍, ထိုထင်းကိုပင် ရေထည်း၌ ချထားပြန်၏၊ မီးကို အလို ရှိသူသည် ထို ထင်းကိုယူ၍ မီးမွှေးလျှင် မီးရနိုင်မလား , မရနိုင်၊ ဘာကြောင့်နည်း, .... နဂိုရက စိုနေသည့်အပြင် ရေထည်း၌ပင် စိမ်ထားပြန်သောကြောင့်တည်း၊ ထို့အတူပင် နဂိုရက ကာမစိတ် အခေးခာတ် အစိုခာတ် မကင်းပြတ်သေး သူတို့သည် ဝတ္ထုအာရုံ ကာမဂုဏ်အတွင်း၌ ( သို့မီးခင်ပွန်းချင်း အတူ ) စိမ်နေပါလျှင် ထို ကိလေသာ အစိုခာတ် ခြောက်ကပ်ကုန်ဆုံး သွားအောင် ကြိုးစား စေကာမူ လောကုတ္တရာ တရားထူးဖြစ်သော မီးကို မထွက်စေနိုင်။ [ဤစကားဖြင့် ကိလေသာ ကာမစိတ်လည်း မကင်းဘဲ သားလင် ခင်ပွန်းနှင့် အတူ တရားရအောင် အားထုတ်နေသူကို တရားရနိုင်- မရနိုင်ကို စဉ်းစားစေ၏၊ ပါချမိဖြစ်အားထုတ်သူကို အထူးမဆိုလို။]

၂— ရေသဖန်းထင်း တချောင်းကား အစေးမပြတ် စိုဖတ်ဖတ် ပင် ရှိနေသေး၏၊ သို့သော် ရေထဲ၌ စိမ်၍ မထားဘဲ ရေနှင့်ဝေးစွာ ကုန်းပေါ်မှာ ချထား၏၊ ထိုထင်းဖြင့် မီးတောက်အောင်ကြိုးစားသူ လည်း မီးရနိုင်မည်လော , မရနိုင်ပင်၊ ဘာ့ကြောင့်နည်း, ........ ရေထဲ၌ စိမ်မထားသော်လည်း စိုစို ဖတ်ဖတ် ရှိနေသောကြောင့် တည်း၊ ထို့အတူ သို့မီး ခင်ပွန်းတို့နှင့် အတူ မနေတော့ဘဲ ရသေ့ ရဟန်း သီလရှင် ရသေ့မ လုပ်၍ နေသော်လည်း အတွင်းစိတ်ဓာတ် ၌ ကာမဂုဏ် ခံစားလို၍ စိုနေသေးပါမူ ထိုသူလည်း ကြိုးစား အားထုတ်လျက် တရားထူး မီးထွက်အောင် မတတ်နိုင်သေးချေ။

၃— ထင်းတချောင်းကား ခြောက်လည်း ခြောက်နေပြီ, ရေ နှင့်လည်း အလွန်ဝေးသော ကုန်းခေါင်ခေါင်မှာ ပြစ်ထား၏၊ ထို

ထင်းဖြင့် မီးမွှေးသူကား ကေန်မီးရတော့မည်၊ သိပ်အားမစိုက်ရဘဲ လေလာ၍ ထင်းခြောက်ပင်အချင်းချင်းပွတ်မိရုံမျှဖြင့်လည်း မီးထ၍ တောက်နိုင်၏၊ ထို့အတူ ကာမဝတ္ထု ( သွီး ခင်ပွန်းချင်း ) ခွဲခွာ၍ ရသော့ ရဟန်း သီလရှင် ရသေ့မ ပြုလုပ်နေသူတို့သည် ကာမခေတ် အလိုကင်း၍ စိုးခြင်း မရှိပါမူ အချို့မှာ အပင်ပန်းခံ၍ ကြိုးစားမှ တရားထူးမီးကို ရမည် ဖြစ်သော်လည်း အချို့ကား သက်သက် သာသာဖြင့်ပင် တရားထူးမီးကို ရနိုင်ရာ၏၊ ဤသို့လျှင် အလောင်း တော်မြတ်မှာ မထင်စဖူး ထူးကဲသော ဥပမာ ၃ ချက်ထင်လာ လေသည်။

**အလောင်းတော် ကြိုးစားပုံ** [ ဒုက္ကရ - ခဲယဉ်းစွာ ပြုအပ်သော အကျင့်ကို+ စရိယာ - ပြုကျင့်ပုံ။ ] ဤနေရာ၌ ဒုက္ကရစရိယာ ကျင့်ပုံကို အကျဉ်းမျှပြအံ့၊ — အလောင်းတော် သည် ကာမအာရုံ၌ ခံစားလိုစိတ် မရှိသဖြင့် အတွင်းခေတ်မစိုသော ထင်းနှင့်တူ၏၊ ယသော်ဓရာ ထိပ်ခေါင်တင်နှင့် တကွ မောင်းမ မိဿံ့ အခြွေအရံများကို လွတ်လွတ် လပ်လပ် စွန့်ခွာခဲ့ပြီးဖြစ်၍ ရေ မနီးသော ကုန်းခေါင်ခေါင်ကြီး၌ ပစ်၍ထားအပ်သော ထင်းနှင့် တူ၏၊ ထို့ကြောင့် အလောင်းတော်သည် ထင်လာသော ဥပမာ ၃ ချက်တွင် တတိယဥပမာနှင့် တူနေပေပြီ၊ ရှေ့ကို ကြိုးစားလျှင် တရားထူးမီး ထွက်ဘို့ရာ အဆင်သင့်ပင်တည်း၊ ထို့ကြောင့် ဗုဒ္ဓ အလောင်းတော်သည်(ငါလိုပုဂ္ဂိုလ်မျိုးအား ထူးခြားသော အသိ ဉာဏ် မရဘဲ နေနိုင်မလား-ဟု)အံကြိတ်၍ တောက်ခေါက်ပြီးလျှင် အကုသိုလ် စိတ်တွေကို ကုသိုလ်စိတ်ဖြင့် ( မီးပွတ်သလို ) အတင်း ဖိနှိပ်ကာ မဆုတ်မနစ် အပူတပြင်း ကြိုးစားတော် မူလေသည်၊ ထို

အခါ လက်ကတီးကြား( ဂျိုင်းကြား )တို့မှ ချွေးများ ယိုစီးလာ၏၊ ဝီရိယကား အလွန်ပြင်းထန်၏, ဆုတ်နစ်ခြင်း လုံးဝမရှိ၊ သတိလည်း အကုသိုလ်စိတ် မဖြစ်ရလေအောင် အလွန်ကောင်းစွာ ထားလျက် ရှိသည်၊ ထိုသို့ ဆင်းရဲပင်ပန်းခံကာ ကြိုးစားအားထုတ်မှုက နှိပ်စက် ထားသဖြင့် ခန္ဓာကိုယ်သည် အေးမြ ငြိမ်းချမ်းခြင်းမရှိဘဲ ပူလောင် နေသကဲ့သို့ ဖြစ်ရပြန်လေသည်။ [ ထိုအချိန်မှာ အလောင်းတော် သည် အာနာပါဏ ကမ္မဋ္ဌာန်းကို အားထုတ်တော်မူနေသည်။ ]

**ထွက်သက်ဝင်သက် ချုပ်ပုံ**

ထို့နောက် အလောင်းတော်သည် အသက် မရှူမရှိုက်ဘဲ ပါးစပ်နှင့် နှာခေါင်း တို့မှ လေဝင် လေထွက် မရှိရအောင် ချုပ်တည်း စမ်းတော်မူ၏၊ ထိုအခါ နားခေါင်းပေါက်တို့မှ လေတွေ ထွက်လာ ၏၊ ပန်းဘဲဖိုမှ ထွက်သော လေသံကဲ့သို့ ထိုလေသံသည် အလွန် ပြင်းထန်၏၊ ထိုအခါ နားခေါင်းပေါက်မှလည်း လေမထွက်အောင် ချုပ်တည်းတော် မူပြန်၏၊ ထိုအခါ ထွက်ပေါက် မရ၍ မထွက် ရသော လေတို့သည် ဦးထိပ်သို့ တက်ကာ( ထက်စွာသော စူးဖြင့် မွှေနေသကဲ့သို့ ) ဦးထိပ်ကို မွှေနှောက်လေတော့၏၊ ထိုနည်း အတိုင်းပင် ထွက်သက်ဝင်သက်တို့ကိုချုပ်တည်းထားပြန်ရာအလွန် ပြင်းစွာသော ခေါင်းကိုက်ဝေဒနာ ဖြစ်ပေါ်လာလေ၏၊ ဒူးလွန် တင်းကြပ်စွာ သားရေပိုင်းဖြင့် ဦးခေါင်းကို စည်းထားသကဲ့သို့ တင်းကြပ်ကြီး ဖြစ်နေတော့၏၊ ထိုမှတဖန်လေတို့သည် ဝမ်းဘက်သို့ လှည့်ကာ ( နွားသတ်သမားက ဒါးထက်ထက်ဖြင့် နွား၏ ဗိုက်ကို ဖြတ်လိုက် သကဲ့သို့ ) အလွန် ပြင်းထန်သော ဝမ်းကိုက် လေနာ ဖြစ်ပေါ်လာ၏၊ ထို့နောက် မီးကျီး တွင်းထဲ ဆွဲချလိုက်သကဲ့သို့

တကိုယ်လုံး ပုလောင်လာလေသော် စကြိန်သွားရင်း မူးမိုက်၍ လဲရှာလေတော့သည်၊ ထိုသို့ လဲ၍ မူးမေ့နေသည့်အခါ တချို့ နတ်များက " သေပြီ"ဟု ထင်၍ နတ်အချို့က " ရဟန္တာဖြစ်၍ သမာပတ် ဝင်စားနေတာ"ဟု ထင်မှားကြလေသတတ်။

**အစားလျှော့၍ ဒုက္ခဖြစ်ပုံ**

ထို့နောက်သတိရလာ၍ ဝီရိယမလျှော့သည့်ပြင် လုံးလုံးအစာမစားဘဲ ကျင့်ရန် ကြံပြန်လေရာ (အစာမစားလျှင် နတ်တို့က နတ်သြဇာကို သွင်းပေးမည် ဆိုသောကြောင့်) တလက်ခုပ်လောက် တလက်ခုပ် လောက်သော ပဲပြုတ်ရည်ကိုသာ သောက်၍ ကျင့်ပြန်လေသည်၊ ထိုသို့ အစာကို သိပ်လျှော့လိုက်ခြင်းကြောင့် ခန္ဓာကိုယ်သည် အလွန်အခင်း ပင်ပန်းတော်မူ၏၊ အရိုးအဆစ်တွေ ပေါ်နေ၏၊ တင်ပါးသားများပင် မရှိတော့ဘဲ ကုလားအုပ်တို့၏ ခွါကဲ့သို့ ဖြစ်နေလေ၏၊ ကျောရိုးများလည်း ကိုးရိုးကားရား ဖြစ်နေတော့၏၊ နံရိုးများလည်း မမိုးရသေးသော အိမ်အခြင်များကဲ့သို့ ကြိုးတို ကြဲတဲ ဖြစ်နေတော့၏၊ မျက်လုံးများလည်း မျက်လုံးအိမ် အတွင်းသို့ ဝင်ကာ ရေတွင်းထဲက ရေပွက်ကလေးကဲ့သို့ ထင်ရလေ၏၊ ဦးခေါင်းတော်ကား လေပူ နေပူ လောင်ထား၍ ရှုံ့တွနေသော ဗူးခါးသီးကလေးကဲ့သို့ ဖြစ်နေ၏၊ ဝမ်းရေလည်း ကျောသို့ကပ်နေ ရကား ဝမ်းဗိုက်ကို စမ်းလိုက်လျှင် ကျောရိုးများကို စမ်းသပ်မိ တော့၏၊ အားလုံးသော အသားအရေတွေ ရှုံ့တွ နေရကား ကျင်ကြီး ကျင်ငယ် စွန့်လျှင် လွယ်လွယ်နှင့် စွန့်၍မရဘဲ ထိုင်ရာမှ မှောက်ရက်များ လဲသွားတတ်လေသည်၊ အလောင်းတော်၏ နဂိုရ် အသား အရေမှာ ဖင်းဝါဝါ၌ပြေလျှ၏၊ ထိုစဉ်ကမူ မဲခြောက်၍

နေရှာလေတော့သည်။ [ ဤသို့ပင်ပန်းခံ၍ ကျင့်ခြင်းကို " အတ္တကိလမထ အကျင့်"ဟု ခေါ်၏၊(အတ္တ-ခန္ဓာကိုယ် အတ္တဘောကို+ကိလမထ-ပင်ပန်းခံကြောင်း အကျင့်၊ )ထိုခေတ်က ထိုကဲ့သို့ အပင်ပန်းခံသော အကျင့်များကို အသားယူ၍ ဘုရားတဆူ လုပ်နေကြသူတွေ ရှိ၏၊ ရေပူရေချမ်း ကမ်းလှမ်း လုပ်ကျွေးနေကြသော ပဉ္စဝဂ္ဂီတို့လည်း ထိုသို့ ပင်ပန်းစွာ ကျင့်ကြပုံကို မြင်ရသဖြင့် ဧကန် ဗုဒ္ဓဖြစ်တော့မှာဘဲ ဟု အားရ ပါးရ မြှော်လင့်နေကြ လေသည်၊ အလောင်းတော်မှာမူ ထိုမျှလောက် အပင်ပန်း ခံမှုကြောင့် ဗုဒ္ဓဖြစ်ခမ်းနှင့် ဝေးသော လမ်းမှားကို လိုက်သွားမိ လေသည်။]

**အစားစား၍ ကျင့်ပုံ**

အလောင်းတော်သည် တမျိုးပြီးတမျိုး ပြောင်း၍ ပြောင်း၍ ခန္ဓာကိုယ် ပင်ပန်းကြောင်း အကျင့်များကို ကျင့်နေမိသည်မှာ ၆ နှစ်နီးနီး ကြာခဲ့လေပြီ၊ မည်သည့် တရားထူးကိုမျှလည်း မရချေ၊ ထို့နောက် စဉ်းစားချက်တမျိုး ပေါ်လာသည်မှာ—ယခုခေတ် နောက်ခေတ်တို့၌ အပင်ပန်းခံ၍ ကျင့်ပါပေသည် ဟု မှတ်တမ်းတင်ရသူတို့သည်လည်း ယခု ငါကျင့်သည်ထက် မလွန်နိုင်ကြချေ၊ ဤသို့ အပင်ပန်းခံ၍ ကျင့်မှ ရတမ်းဆိုလျှင် ငါလည်း တရားထူးရဘို့သင့်ပြီ၊ ဤမျှလောက် ကျင့်ပါလျက် တရားထူး မရသည်မှာ ဤအကျင့်မျိုးသည် လမ်းမှန် မဟုတ်သိုက်သေး၊ ထူးသော အသိဉာဏ်ကို ရဘို့ရန် လမ်းမှန်သည့်အား တမျိုးဖြစ်တန်ရာသည်၊ ငယ်ရွယ်စဉ်အခါ ခမည်းတော် လယ်ထွန်မင်္ဂလာ ပွဲချိန်ဝယ် ဇမ္ဗုသပြေပင်အောက်မှာ ယောဉ်တော်ပေါ်မှာနေစဉ် အထိန်းတော်များ လယ်ထွန်မင်္ဂလာ သွား၍ ကြည့်ရိုက် အာနာပါနာ ပဌမဈာန်ကို ရ၍ ဝင်စားနေခဲ့ဘူး၏၊ ထို

အခါ အလွန်ချမ်းသာ လှပေ၏၊ ထိုဈာန်သည်ပင် ထူးခြားသော ဉာဏ်ကို ရဘို့ရန် လမ်းမှန်ဖြစ်လေရော့သလား-ဟု စဉ်းစားလေရာ၊ “အင်း....ဟုတ်သားဘဲ, အဲဒီဈာန်ဟာ လမ်းမှန် ပါဘဲကလား”ဟု အသိဉာဏ်လည်း ပေါ်လာ၏၊ ထိုသို့ ပေါ်လာသည့် အခါ ဝတ္ထု၊ အာရုံ ကာမဂုဏ်တို့နှင့်၎င်း အကုသိုလ်စိတ်များနှင့်၎င်း ကင်းကွာ၍ ချမ်းသာခြင်းကြီး ချမ်းသာ လှသော ထို ပဌမဈာန်တရားကို ဘာ့ကြောင့် ငါကြောက်နေရမှာလဲ , ထိုလမ်းကောင်း လမ်းမှန် ဖြစ်သော ပဌမဈာန် ကိုပင် ပြန်၍ရအောင် ကြိုးစားတော့မည်၊ သို့သော် ဤမျှလောက် ခန္ဓာကိုယ်ပင်ပန်းနေ လျှင် ထို ဈာန်ကို ရဘို့ မလွယ်ချေ၊ အစာကို မျှတအောင် စားဦးမှ သင့်မည် ဟု ကြံတော်မူ၍ စားရိုးစားစဉ် ဆွမ်း - မုံ့များကို ရဘို့ရန် ဆွမ်းခံတော်မူပြန်သည်။ [ထိုသို့ အစားအသောက်များကို ထုံးစံအတိုင်း ပြန်စားသည့် အခါ ပဥ္စဝဂ္ဂီတို့လည်း အလောင်းတော် အပေါ်၌ အထင်သေး၍ “ရဟန်း ဂေါတမသည် ကမ္မဋ္ဌာန်းက (လျှော)ကျ၍ လာဘ်လာဘ ပေါများအောင် ကျင့်နေပေါ့” ဟု မြော်လင့်ချက် လျော့ကာ စိတ်ပျက်စွာဖြင့် မိဂဒါဝုန်တောသို့ ရွှေ့သွားကြလေသည်။]

× × × × × ×

## ဗုဒ္ဓရှင်တော်နှင့် ပဥ္စဝဂ္ဂီ

**ပဥ္စဝဂ္ဂီတို့နှင့် တွေ့ပုံ**

ထိုသို့ ဆွမ်းစသည်ကို ဘုဉ်းပေးတော်မူလျှင် မကြာခင် နဂိုရ် အသားအရေ ဖြစ်၍ လမ်းမှန် ကျကျ တရား အားထုတ်တော် မူလေရာ ပဌမဈာန်မှ စ၍ လောကီဈာန်များ ရတော်မူပြီးလျှင် အတော်ကြာသည့်အခါ ဗုဒ္ဓအခန်း၌

ပြခဲ့သည့်အတိုင်း ဗုဒ္ဓအဖြစ်သို့ ရောက်တော်မူပြီးနောက် တရားဦး ဟောဘို့ရန် ပဉ္စဝဂ္ဂီတို့ရှိရာ ဗာရာဏသီမြို့အနီး မိဂဒါဝုန်တောသို့ ကြွတော်မူလေသော် ပဉ္စဝဂ္ဂီ တို့သည် ဗုဒ္ဓရှင်တော်မြတ်ကို “ ဗုဒ္ဓ မဖြစ်သေး ” ဟု အယူရှိသောကြောင့် “ အာဝုသော ဂေါတမ= ငါ့ရှင် ဂေါတမ ” ဟု သုံးနှုန်းပြောဆို ကြလေသည်၊ ပြောဆိုကြ ပုံကား—

ပဉ္စဝဂ္ဂီ။ ။ငါ့ရှင် ဂေါတမ······· ဥရုဝေလာတော၌ ကမ္မဋ္ဌာန်း အားထုတ်နေစဉ် ကျုပ်တို့က ငါ့ရှင်ရဲ့ သပိတ် သင်္ကန်းကို ယူပြီး (ဟိုဟို သည်သည်)လှည့်လည် ခဲ့ကြတယ်နော်, မျက်နှာသစ်ရေ ဒန်ပူတို့လဲ ပေးခဲ့ကြတယ် , ငါ့ရှင် နေတဲ့ ကျောင်းတလင်းကိုလဲ တံမြက်လှဲခဲ့ကြတယ်, သည့်နောက် ကျုပ်တို့ ဒီရွှေ့လာတဲ့အခါ ဘယ်သူက ဝတ်ကြီး ဝတ်ငယ်ပြုပါသလဲ, ကျုပ်တို့ ခွဲခွါသွားတဲ့ အတွက် စိတ်ထဲမှာ ဟိုတွေး သည်တွေးနှင့် မတွေးမိဘူးလား။

ဗုဒ္ဓ။ ။ဘိက္ခုတို့····ငါ့ကို ( ဂေါတမဟု ) နာမည် မခေါ်ကြနှင့်, ငါ့ရှင်လို့လဲ မပြောကြနှင့် , ယခုဗုဒ္ဓဖြစ်လာပြီ , အမတတရား ( နိဗ္ဗာန်တရား)ကို ငါသိပြီ , နားထောင်ကြ , တရား ဟောပြ မည်, ဟောတဲ့အတိုင်းကျင့်ကြလျှင် မကြာခင် မြတ်သော တရား ကို ကိုယ်တိုင် သိမြင်ကြရလိမ့်မည်။

ပဉ္စဝဂ္ဂီ။ ။ ( ဗုဒ္ဓဖြစ်တယ် ဆိုတာကို မယုံနိုင်ကြသဖြင့် ) ငါ့ရှင် ဂေါတမ····ခဲခဲယဉ်းယဉ်းနှင့် အပင်ပန်းခံပြီး(ပဲပြုတ်ရေကလေး တလက်ဆုပ်လောက် သောက်လျက်)ကျင့်တုန်းကမှ ဗုဒ္ဓမဖြစ်နိုင် ဘဲနှင့် ယခုလို ပစ္စည်းလာဘ် ပေါများအောင် ဟိုလယ် ဒီလယ်

လယ်ပြီးလျှင် ကမ္မဋ္ဌာန်းမှ ထွက်ခွါ၍ အစား အသောက်တွေ စားနေကာမှ ဗုဒ္ဓဖြစ်တယ်ဆိုဟာ ဘယ်မှာဟုတ်နိုင်မလဲ။

ဗုဒ္ဓ။ ။ဘိက္ခုတို့····ငါသည် ကမ္မဋ္ဌာန်းမှထွက်၍ ပစ္စည်းပေါများအောင် လှည့်လည်နေသည်မဟုတ်, ဗုဒ္ဓဖြစ်ပြီ,အမတ(နိဗ္ဗာန်)ကို သိပြီ , သင်တို့နားထောင်ကြ , တရားဟောမည်၊ ဟော တဲ့ အတိုင်းကျင့်လျှင် မကြာခင် တရားထူးကို ကိုယ်တိုင် သိကြရလိမ့်မည်။ [ ဤသို့ ၃ ကြိမ် တိုင်အောင် အပြန်အလှန် ပြောဆိုမိန့်တော်မူပြီးနောက်၊ ] ဘိက္ခုတို့····သင်တို့သည်( ဉရုဝေလာ တောမှာ နေကြစဉ်က ) ငါ့အပေါ်၌ ဗုဒ္ဓ ဖြစ်တော့မှာဘဲ ဟု အမြော်ကြီး မြော်လင့်၍ နေကြတယ် မဟုတ်လား၊ ထိုအခါတုန်းက ( ငါ့မှာ တရားထူးရဘို့ရန် အရိပ်နိမိတ်မျှ မပေါ်လာသေးသော်လည်း သင်တို့ စိတ်အား ထက်သန်ပါစေတော့ ဟူသော သဘောမျိုးဖြင့် ) " ငါ့မှာ အရောင် အဝါတွေ ပေါ်လာပြီ , မကြာမီ ဗုဒ္ဓဖြစ်တော့မည် , သင်တို့သည် မပျင်း မရှိကြနှင့်"စသော စကားမျိုးကို ပြောဘူးသလား။

ပဉ္စဝဂ္ဂီ။ ။(အထက်ပါ စကားကို မိန့်တော်မူလိုက်လျှင် ) "ဟုတ်သားဘဲ , ငါတို့ အမြော်ကြီး မြော်နေတုန်းကမှ ဒီစကားကို မပြောခဲ့ဘဲ ယခုမှပြောခြင်းကို ထောက်လျှင် ကေန် ဗုဒ္ဓဖြစ်ဟန် တူတယ် " ဟု သဘောပေါက်လာ ကြ၍ "ရှေးက ဒီစကားမျိုး မပြောဘူးပါဘုရား "ဟု တပြိုင်နက် လျှောက်ထားကြလေသည်။

ဗုဒ္ဓ။ ။ယခု ငါဗုဒ္ဓဖြစ်လာပြီ , အမတနိဗ္ဗာန်ကို သိပြီ , သင်တို့ နားထောင်ကြ, ငါသွန်သင် ပြသမည်၊ သွန်သင် ပြသသည့်နည်း

အတိုင်း လိုက်နာကြလျှင် မကြာခင်ပင် တရားထူးကို ကိုယ်တိုင် သိကြရလိမ့်မည်။ [ဤသို့ မိန့်တော်မူပြီးလျှင် ပဉ္စဝဂ္ဂီ တို့လည်း ယုံကြည်ကြပြီဖြစ်၍ "ဓမ္မစက္ကပဝတ္တနဲ=ဓမ္မစကြာ" ခေါ် တရား ဦးကို ဟောတော်မူသည်။]

× × × ×

## ဓမ္မစကြာတရားတော်

**အမှာစကား** ဤ တရားတော်ကို နဂိုရ် ဟောတော်မူရင်း အစဉ် အတိုင်း နားလည်လောက်အောင် ရေးနေရလျှင် ထို တရားတော်ဖြင့် ဓမ္မအခက်း တခက်းလုံး ဖုံးသွားဘွယ် ရှိ၏၊ ဤ ကျမ်းကား တရားတော်၏ လေးနက်ပုံကိုဎင်း, ထိုတရားတော်ကို ဟောပြတော်မူသော ဗုဒ္ဓ၏ ဉာဏ်တော်ကိုဎင်း, (မယုံကြည်တတ် သေးသူတို့ ) မှန်းဆကြစေလိုသည့်ပြင် , ထိုတရားတော် အရ တည်ဆောက်ထားသော သာသနာ အဆောက်အဦးကြီးကို ခိုင်ဖြည်း ခမ်းနားအောင်ပြုပြင်လိုသော ကျမ်းဖြစ်ရကား တရားတော်အစဉ် ကျအောင် လုံးစေ့ ပါဋ်စေ့ ရေးခွင့်မရတော့ပါ၊ ထို့ကြောင့် ထိုထို သုတ္တန်တော်ကြီးများမှ လိုရင်း အချက်များကိုသာ ဖေါ်ပြရပါ လိမ့်မည်။

**အချုပ်တရားများ** ဤ ဓမ္မစက္က ပဝတ္တနဲ (ဓမ္မစကြာ)သုတ်၌ အချုပ် တရားများကား ပဋိပဒါ ( အကျင့် ) ၃ ပါး, သစ္စာ ၄ ပါး , ဉာဏ် ၁၂ ပါးနှင့် ဗုဒ္ဓအဖြစ်ကို ဝန်ခံတော်မူခမ်း များတည်း၊ [ နတ်တို့၏ ကြွေးကြော်သံမှာ ဓမ္မစကြာ တရားရင်း၏ နောက်ဆက်တွဲသာတည်း။ ] ထိုတွင် အကျင့် ၃ ပါးဟူသည် ကာမ

သုခလ္လိကာနုယောဂ , အတ္တကိလမထာနုယောဂ , မဇ္ဈိမပဋိပဒါ တည်း၊ သစ္စာ ၄ ပါးဟူသည် ဒုက္ခသစ္စာ, သမုဒယ သစ္စာ, နိရောဓ သစ္စာ , မဂ္ဂသစ္စာတည်း၊ ဉာဏ်တော် ၁၂ ပါးဟူသည် ဤတရားစု တို့သည် ဒုက္ခသစ္စာတည်းဟု ဒုက္ခသစ္စာ တရားစုကို သိသော သစ္စ ဉာဏ်, ဤဒုက္ခသစ္စာသည် ( ပယ်ရှား စွန့်ပစ်ရော မဟုတ် ) ကွဲကွဲ ပြားပြား နားလည်စရာဖြစ်သည်ဟု ဒုက္ခသစ္စာ အပေါ်၌ ဖြစ်လိုက် သော ကိစ္စကို သိသော ကိစ္စဉာဏ်, ဤဒုက္ခသစ္စာ၌ ငါဘုရားသည် ကွဲကွဲပြားပြား ခွဲခြား၍သိပြီးလေပြီဟု ပြုပြီးကိစ္စကိုသိသော ကတ ဉာဏ်,ဤသို့လျှင် ဒုက္ခသစ္စာ၌ သစ္စဉာဏ်,ကိစ္စဉာဏ်,ကတဉာဏ်ဟု ဉာဏ် ၃ ပါးဖြစ်သကဲ့သို့ နောက်သစ္စာများ၌လည်း ဉာဏ် ၃ ပါးစီ ဖြစ်ရကား ဉာဏ်ပေါင်း ၁၂ ပါးပြားသည်၊ ဤသို့ သစ္စာ ၄ ပါး၌ ဉာဏ် ၁၂ ပါးမဖြစ်မီက “သမ္မာသမ္ဗုဒ္ဓ=ဘုရား”ဖြစ်ပြီဟု ဝန်မခံ သေးဘဲ ဉာဏ် ၁၂ ပါးဖြင့် သစ္စာ ၄ ပါးကိုသိမှ ဝန်ခံတော်မူသည်၊ ဤစကားအားသုံးကား ဓမ္မစကြာ၌ ဟောတော်မူလိုရင်း အချုပ် တရားများတည်း၊ ထိုတွင် ဉာဏ် ၁၂ ပါးမှာ အများနှင့် အရေး တကြီးမဆိုင်လှသဖြင့် ဖေါ်ပြတော့မည်မဟုတ်၊ ထို့ပြင်-ပါဠိတော် ရင်းကိုလည်း ပါဠိကို နားမလည်သူတို့အား ထူးခြားခြင်းမရှိသဖြင့် မဖေါ်ပြတော့ဘဲ အကျဉ်းချုပ်ဘာသာပြန်ကိုသာ ပြထားပါသည်၊ အောက်ပါစကားတို့ကား ပါဠိတော်ကို မြန်မာ ပြန်ထားချက်တည်း။

**အကျင့် ၃ ပါး တရားတော်**

ဘိက္ခုတို့····ရသေ့ ရဟန်း ဟူသမျှသည် ကာမ စည်းစိမ်ကို ခံစံသော အကျင့်နှင့် ခန္ဓာကိုယ် ပင်ပန်းသော အကျင့် ၂ မျိုးကို မကြိုးစား ထိုက်၊ ကာမစည်းစိမ်ကို ခံစားသော အကျင့်သည် ယုတ်မာ

ညစ်ညမ်း အောက်တန်းကျ၏၊ မြို့ရွာ နေသူ လူဝတ်ကြောင်များ၏ အကျင့် ဖြစ်၏၊ ( ရသေ့ ရဟန်းများ၏ အကျင့်မဟုတ် )၊ ပုထုဇဉ် လူ့ဗာလတို့၏ အကျင့်လည်း ဖြစ်၏၊ မြင့်မြတ်ဖြူစင်သော အရိယာတို့၏ အကျင့်မဟုတ်၊ ထိုကာမစည်းစိမ် ခံစားသော အကျင့်သည် အကျိုးစီးပွါး များအောင် မဆောင်နိုင်သည့်ပြင် အကျိုးမဲ့ကိုသာ ဆောင်နိုင်လေသည်၊ ခန္ဓာကိုယ် အပင်ပန်းခံ၍ ကျင့်သောအကျင့်မျိုးလည်း ဒုက္ခရောက်လှ၏၊ အရိယာ သူတော်စင်တို့၏ အကျင့်မဟုတ်, အကျိုးမဲ့ကိုသာ ဆောင်နိုင်သည်။

ဤ ၂ မျိုးသောကျင့်စဉ် လမ်းမှားကို မလိုက်သွားဘဲ ကာမချမ်းသာကို ခံစားသော လမ်းနှင့် ဒုက္ခခံသော လမ်းနှစ်သွယ်၏ အလယ်ဖြစ်သော ကျင့်စဉ် လမ်းတမျိုးကို ငါဘုရား ထူးထူးထွင်းထွင်း ရှင်းလင်းစွာ သိထားပြီ၊ " မဇ္ဈိမပဋိပဒါ " ခေါ်သော ထိုအလယ်လမ်းကား ဉာဏ်စက္ခု၊ အလင်းရအောင် ပြုနိုင်၏၊ ကာမဂုဏ် ခံစားလိုသော ကိလေသာမှစ၍ ဒေါသ မောဟ မာန်မာနစသော ကိလေသာ အပူတွေကို ငြိမ်းစေနိုင်၏၊ သစ္စာ ၄ ပါးကို ( မျက်မှောက် ပြုသော အားဖြင့်လည်း ) ဗိဗိ စီးစီး သိအောင် ပြုနိုင်၏၊ ထို သစ္စာ ၄ ပါးကို ( ပိုင်းခြား ဆုံးဖြတ်သော အားဖြင့်လည်း )သိအောင် ပြုနိုင်၏၊ နိဗ္ဗာန် ဟု ခေါ်ရသော အေးဓာတ် အငြိမ်းဓာတ်ကိုလည်း ရအောင် ပြုနိုင်ပေသည်။

ထိုမဇ္ဈိမပဋိပဒါခေါ် အလယ်လမ်း ကျင့်စဉ် ဟူသည်မှာ— အယူအမြင်မှန်ခြင်း , အပြစ်မရှိသော အကြံကောင်း ကြံခြင်း, မမှန်သော စကားကို ရှောင်၍ မှန်သော စကားကို သာပြောခြင်း,

မမှန်သော အလုပ်ကိုရှောင်၍ မှန်သော အလုပ်ကိုသာ ပြုလုပ်ခြင်း, တရားသဖြင့် ရသော ပစ္စည်းဥစ္စာဖြင့်သာ ကောင်းမွန်စွာ အသက်မွေးခြင်း, လမ်းမှန် ကိုသာ ကြိုးစားခြင်း, မှန်ကန်သော သတိ အမြဲရှိခြင်း, မှန်ကန်သော အရာ၌ သမာဓိရှိခြင်း, ဤရှစ်ပါးပင်ဖြစ်သည်၊ ဤရှစ်ပါးသော ကျင့်စဉ်များကို မိမိ စိတ်အစဉ်မှာ အမြဲ ဖြစ်အောင် ကြိုးစားကျင့်ပါလျှင် ဉာဏ်စက္ခု အလင်း ရ၍ အသိဉာဏ် တိုးပွားကာ ကိလေသာ အပူမီးတွေ ငြိမ်းအေးစေနိုင်၏၊ သစ္စာ ၄ ပါးကို ဗိဗိ ဓိးဓိး မှန်မှန် ကန်ကန် သိမြင်နိုင် နိဗ္ဗာန်ကိုလည်း ကိုယ်တိုင် မြင်နိုင်သည်။........ ဤကား ပါဠိတော်ကို မြန်မာပြန်ချက်တည်း။

× × × × × × ×

**အဓိပ္ပါယ် ရှင်းပြချက်**

ဤအခဏ်းကို ကြည့်ရှုသူတို့အား ဓမ္မစကြာ တရား၏ ဟောတော်မူချိန်ကို ခန့်မှန်း စေလိုပါသည်၊ ရှင်တော်မြတ်သည် ဗုဒ္ဓ ဖြစ်ပြီးခါစ သက်တော် ၃၅ နှင့် အရွယ်မျှဂယ် ကမ္ဘာလောက၌ ထူးခြားသောတရားတော်ကို ပဌမဆုံး ဟောတော်မူရမည့် အခါပေတည်း၊လူပုဂ္ဂိုလ်ထည်းက ၅ ဦးမျှသော ပဉ္စဝဂ္ဂီတို့သည် တရားဦးကို နာယူမည်ဟု မြော်လင့် တောင်းတ စောင့်ဆိုင်း ခဲ့ကြသည်မှာ ၃၅ နှစ်လောက်ပင် ကြာပါပေပြီ၊ ယခုအချိန်မှာ သူတို့ မြော်လင့်နေသော အဲလောင်းတော် မင်းသား၏ ဗုဒ္ဓဖြစ်ကြောင်းကို ယုံကြည်လာကြပြီဖြစ်၍ တရားတော်ကို နာလိုသော ဆန္ဒလည်း အလွန် ပြင်းပြလျက်ရှိကြပေလိမ့်မည်၊ နေရာဌာန မှာလည်း လူသံကင်းဝေး ဇေဆးငြိမ်သက်လှစွာ မိဂဒါဝုန် ရှုဂုံမြိုင်တွင်း ဖြစ်၏၊ ဒီ၊အချိန်မှာ ဝါဆို

ရှေးတုန်းက မာတုဂါမနှင့်အတူ ပျော်ပျော်ရွှင်ရွှင် ကြင်ကြင်နာနာ နေခဲ့ရဘူးသည်ကို တွေး၍ မျက်စိထဲ၌ တရေးရေး မြင်နေခြင်းလည်း မေထုန်တမျိုး ပင်တည်း၊ ၆ - ထိုသို့ မတွေးဘဲ မုနိုင်စေကာမူ လူ့ဝတ်ကြောင်များ၏ ခံစားမှုကို မြင်ရ၍ အားကျနေခြင်းလည်း မေထုန်တမျိုးပင်တည်း၊ ၇ - ထိုအားလုံးကို ရှောင်ရှားလျက် သူတော်ကောင်းပီပီ တည်ကြည်ပါသည်ဟု ချီးမွမ်းရမည်ဖြစ်သော်လည်း ယခုဘဝစောင့်စည်းရသော အကျင့်သီလဖြင့် နောက်ဘဝ၌ နတ်မင်း ဖြစ်ရတော့မည် ဟု မြော်လင့်လျက် နှစ်သက် သာယာနေခြင်းလည်း မေထုန်တမျိုးပင်ဖြစ်၏၊ ထိုစိတ်မျိုးဖြစ်နေသမျှ အမြဲဟူ စရိယ (မေထုန်)မှ ရှောင်ကြဉ်မှု သီလသည် ညှိုးနွမ်းပေါက်ကြား နေသေး၏ ဟု ဟောတော်မူသည်၊ ထို့ကြောင့် ကာမသုခလ္လိကာ နုယောဂအကျင့်ကို ရှောင်ကြဉ်၍ သူတော်စင်ပီပီ တည်ကြည်သော ရသေ့ ရဟန်း သီလရှင်ဖြစ်လိုသူများကား ထိုအားလုံးမှ ရှောင်ရှားနိုင်အောင် သတိထားကြရ ပေလိမ့်မည်။

**အတ္တကိလမထ အကျင့်**

[ အတ္တ = အတ္တဘော = ခန္ဓာကိုယ်+ကိလမထ ပင်ပန်းသော အကျင့်၊ ] ဗုဒ္ဓထွန်းပေါ်တော်မမူမီက ရသေ့ဘိုသည် ခန္ဓာကိုယ်အဘင်း၌ ကိလေသာ ကာမစိတ်တွေ သောင်းကြမ်းနေခြင်း၏ အပြစ်ကို မြင်ကြ၍ ထိုကာမ စိတ်ဓာတ် နည်းပါးစေနိုင်သော အကျင့်ကို ရှာကြလေရာ "ခန္ဓာကိုယ် ဝဝဖြိုးဖြိုးနှင့် တိုးတက် စည်ပင်နေလေသမျှ ကာမတဏှာ ကိလေသာ အစိုအစေးဓာတ်လည်း မပြတ်စိုနေစရာ ရှိ၏၊ ဤခန္ဓာကိုယ် မစိုမလန်း ခြောက်ခန်းခန်းလျှင် ထန်းနို့အခြောက်မှ ထန်းရည်မထွက်နိုင်သကဲ့သို့ ကိလေသာအစိုဓာတ်လည်း ခြောက်ကပ်

ပျောက်ကွယ်သွားဘွယ် ရှိ၏ ” ဟု ကြံဆပြီးလျှင် မိမိ ခန္ဓာကိုယ် ပင်ပန်းနွမ်းနယ်အောင် နှယ်ကြလေတော့၏၊ အစာကို ချိုးချန်ကာ ၀ပြုတ်ရည် ကလေးမျှသောက် ကိုသာ စားသောက်၍ ကျင့်ကြ၏၊ (အလောင်းတော်သည်ပင် ထိုအကျင့်ကို ကျင့်ခဲ့သေး၏)၊ အချို့ကား နွေခေါင်ခေါင် နေပူကြဲကြဲ၌ လေးမျက်နှာက မီးဖိုကြီးလေးဖို-ဖိုပြီး လျှင် ထို အလယ်ဝင်နေ၍ နေပူနှင့် တကွ အပူ ၅ မျိုး ခံကာ “ပဉ္စာ တပ= ပဉ္စ+အာတပ” ခေါ် အကျင့်ဖြင့် ကိလေသာ အစိုပျောက် အောင် ခန္ဓာကိုယ်ကို အပူဘိုက်ကြလေ တော့သည်၊ အချို့ကမူ ခဝုင်စသည်၌ သံဆူးတွေစိုက်ပြီးမှ အနာခံ၍ အိပ်ကြလေရာ, ထိုသို့ နာနေလျှင် ကိလေသာ စိတ်တွေ မဖြစ်နိုင်တော့ ဟု ယူဆကြလေ သည်၊ တချို့ကား “ချမ်းပါပွေ့” ဟု ဆိုရသော ဆောင်းကာလငယ် ရေများချိုးကာ ကိလေသာတွေကို ရေမြော ရှာကြ၏၊ ဤကဲ့သို့ အကျင့်မျိုးတွေကို အတ္တကိလမထ အကျင့် ဟု ခေါ်၏၊ ထို အကျင့် မျိုးလည်း ခန္ဓာကိုယ် ဒုက္ခရောက်ရုံမျှသာ ဖြစ်၏၊ အပင်ပန်းခံနေခိုက် မှာ ကာမကိလေသာ မဖြစ်ဘဲ ရှိရာသော်လည်း တခါထည်း အမြစ် ပြုတ်အောင် ခြောက်ကပ်၍ သွားလိမ့်မည် မဟုတ်၊ ထို အကျင့်ဖြင့် သေသွားစေကာမူ နောက်တဘဝ၌ ကိလေသာ အစိုဓာတ်သည် ပါမြဲ ပါနေဦးမည်သာ၊ ထို့ကြောင့် ထိုအကျင့်သည် ဒုက္ခရောက် သလောက် အကျိုးမရသဖြင့် အရိယာသူတော်စင်တို့၏ ကျင့်နည်း မဟုတ်သေးချေ၊ သို့ဖြစ်၍ ထို အကျင့်မျိုးကိုလည်း ရသေ့ ရဟန်း သူတော်စင်တို့ မကျင့်ထိုက် ဟု တားမြစ်တော်မူသည်။

**မှတ်ချက်။** ။ယခုကာလ “ ကျင့်နေပါသည် ” ဟု ဝန်ခံကြသော ပုဂ္ဂိုလ် များသည် မိမိခန္ဓာကိုယ် အင်အားလိုက်၍ အပင်ပန်း ခံသင့်မှခံရပေ

မည်၊ ခန္ဓာကိုယ် အားမရှိဘဲ ရုပ်ကို အတင်းဆောင်ထား ရမည် မဟုတ်ပေ၊ ကိလေသာ ကာမစိတ် မတိုးပွါးစေနိုင်သော ပစ္စည်းများကိုလည်း တရားအားထုတ်နိုင်ဘို့ရာသုံးစွဲကောင်းပါသည်၊ သို့ရာဝယ် စည်းစိမ်ခံစားသော သဋ္ဌာဘာ သက်ရောက်ဘွယ်ရာ အရောင်အဝါ တောက်လျှက် ဝင်းဝင်း စက်စက် အသုံး အဆောင်များကိုကား ရှောင်ရှားသင့်ကြပေသည်၊ ထို့ပြင်—" ကိလေသာ " ဟု ဆိုလျှင် ကာမစိတ်တမျိုးကိုသာ နားလည်နေကြသော်လည်း အမှန်အားဖြင့် စိတ်ဓါတ်ကို ငြိစွန်းစေသော ဒေါသ – မောဟ – မာန စသည်တို့လည်း ကိလေသာပင်ဖြစ်၏၊ ထိုကိလေသာတို့ကား ပြခဲ့သော အတ္တကိလမထ အကျင့်က (ခေတ္တခဏမျှ) တားဆီးနိုင်မည် မဟုတ်ချေ။

**မဇ္ဈိမပဋိပဒါ** [မဇ္ဈိမ-အလယ် အလတ် + ပဋိပဒါ-အကျင့် (နိဗ္ဗာန်သွားကြောင်း လမ်းစဉ်)။] ကာမဂုဏ် လိုက်စားသော ကာမသုခလ္လိကာ အကျင့်သည် လက်ျာလမ်း ဖြစ်၍ အောက်တန်းကျလှ၏, ပြေညံ့လှ၏၊ လျော့နေသော စောင်းကြိုးသည် အသံကောင်းကောင်း မမြည်သကဲ့သို့ ထိုအကျင့်ဖြင့် မဂ်ဖိုလ် နိဗ္ဗာန်ကို မရနိုင်၊ ခန္ဓာကိုယ် ဒုက္ခပေးသော အတ္တကိလမထ အကျင့်ကား လက်ဝဲလမ်းဖြစ်၍ တင်းလွန်း၏, အောက်တန်းကျသည် ယုတ်ညံ့သည် ဟု မဆိုရသော်လည်း ထို အလွန်တင်း၍ အပြင်းအထန် ကျင့်မှုလည်း (တင်းလွန်းသော စောင်းကြိုးသည် အသံကောင်း အသံမှန် မမြည်နိုင်သကဲ့သို့) မဂ်ဖိုလ်နိဗ္ဗာန်ရဘို့ရန် လမ်းမှန်မဟုတ်သေးချေ၊ မလျော့မတင်း စောင်းကြိုး ညှဉ်းသကဲ့သို့ လျော့လည်း မလျော့ တင်းလည်း မတင်းဘဲ ဉာဏ်စက္ခုအလင်းရအောင် ပြုနိုင် ထိုးထွင်း၍လည်း သိအောင် ပြုနိုင် နိဗ္ဗာန်ကိုလည်း သိမြင်စေ နိုင်သော အကျင့်သာလျှင် အလယ်အလတ် အကျင့်ဖြစ်၍ လမ်းမှန်သော

အကျင့် ဖြစ်နိုင်သည်၊ ဗုဒ္ဓ အဆုံးအမတော်လည်း ထိုကျင့်စဉ် အမှန်ကို တွေ့မှ ဗုဒ္ဓအဖြစ်သို့ ရောက်ရပေသည်၊ ထို အကျင့်ကား တခြားမဟုတ်, သမ္မာဒိဋ္ဌိ စသော မဂ္ဂင်ရှစ်ပါးပင်တည်း။

**သမ္မာဒိဋ္ဌိ** [ သမ္မာ=မှန်သော+ဒိဋ္ဌိ=အမြင် ( အသိဉာဏ် )။] မှန်သော ဉာဏ်အမြင်ကို သမ္မာဒိဋ္ဌိ ဟု ခေါ်၏၊ ထို သမ္မာဒိဋ္ဌိသည် ကမ္မဿကတာဉာဏ် - ဝိပဿနာဉာဏ် ဟု ၂ မျိုး ရှိ၏၊ ကောင်းသော အရာ ဖြစ်စေ မကောင်းသော အရာ ဖြစ်စေ သိသိသာသာ စိတ်ပါလက်ပါ ပြုအပ်သော ကိုယ်မှု နှုတ်မှု စိတ်မှု တို့သည် အမှတ်တမဲ့ စိတ်များနှင့် မတူဘဲ ဆိုင်ရာ ကိစ္စ၌ ဗျာပါရ ရှိနေကြလေသည်၊ စိတ်၏ ဗျာပါရ ( စိတ်၏ လှုံ့ဆော်မှု) ကိုပင် အဘိဓမ္မာ သဘောအားဖြင့်"စေတနာ စေတသိက်"ဟု ခေါ်၍ ထို လှုံ့ဆော်မှု စေတနာ ဗျာပါရ ကိုပင်"ကံ=အမှုသယ်=လက်သယ်" ဟု ဆိုရပါသည်၊ ပြုလုပ်ပြောဆို ကြံစီ စိတ်ကူးပြီးသည့် အခါ ထို ( စေတနာ )ကံသည် ချုပ်ကွယ်သွားသော်လည်း သူ၏ သတ္တိကား မပျောက်ကွယ်ဘဲ ခန္ဓာအစဉ်မှာ တည်ရှိရစ်ပါသည်၊ ဥပမာ-ပညာ သင်ကြား၍ တတ်မြောက်သူတို့ သန္တာန်၌ ထိုသင်ထားသော ကျက်စာတွေ မေ့ပျော် သွားသော်လည်း ထိုစာနှင့်ဆိုင်သော အသိ ဉာဏ် ဓာတ်ခံမှာမူ အဖတ်တင်ရစ် သကဲ့သို့တည်း၊ ထိုသို့အဖတ် တင်ရစ်သော ကံ၏ သတ္တိသည် ယခုဘဝမှာဖြစ်စေ နောက်နောက် ဘဝမှာဖြစ်စေ အကျိုးပေးခွင့်ကြုံလာလျှင်အကျိုးပေးနိုင်၏၊ အလွန် ထက်သန်သော ကံတချို့သည် ယခု ဘဝမှာပင် အကျိုးပေး၏၊ အချို့ကံများကား နောက်ဘဝ၌ သူနှင့်ထိုက်တန်သော ဘုံဘဝကို

ရခြင်း,သူ့ကို အကူအညီပေးမည့် ဉာဏ် ဝီရိယ စိုက်ထုတ်၍ အလုပ်လုပ်ခြင်း များနှင့် တွေ့ကြုံရသည့်အခါ အကျိုးပေး၏၊ ဤသို့လျှင် တစုံတယောက်၏ အလိုကြောင့် ကောင်းကျိုး မကောင်းကျိုးကို ခံစားရသည် ဟု မယူဆဘဲ မိမိပြုသော ကံနှင့် ဉာဏ် ဝီရိယတို့၏ ကောင်းမှု မကောင်းမှုကြောင့်သာ ကောင်းကျိုး မကောင်းကျိုး ခံစားကြရမည် ဟု သိမြင် နားလည်ခြင်းသည် " ကမ္မဿကတာ သမ္မာဒိဋ္ဌိ"မည်၏ [ကံသာလျှင် ရောံရာဘဝ၌ လိုက်ပါ၍ ကိုယ်ပိုင် ဥစ္စာရှိကြောင်း ပစ္စည်းဥစ္စာ ရတနာတို့ကား နောက်နောံဘဝသို့ မပါနိုင်သဖြင့် ကိုယ်ပိုင် ဟု မဆိုနိုင်ကြောင်းကို+သမ္မာဒိဋ္ဌိ= အမှန်အတိုင်း သိမြင်သောဉာဏ်၊]ဝိပဿနာဉာဏ်ဟုခေါ်ရသော သမ္မာဒိဋ္ဌိကား ကမ္မဿကတာသမ္မာဒိဋ္ဌိထက် အဆင့်အတန်း ရင့်သန်လာ၏၊ ကံနှင့် ကံ၏ အကျိုးကို ယုံကြည် သိမြင်ရုံသာ မကဘဲ ခန္ဓာကိုယ်ကြီး၏ မမြဲပုံ ဒုက္ခဖြစ်ပုံ အတ္တမရှိပုံတို့ကို အမျိုးမျိုး အဖုံဖုံ ဉာဏ်ဖြင့် ကြည့်ရှု ဆင်ခြင်နိုင်သည်။

**ခန္ဓာကိုယ် အနိစ္စဖြစ်ပုံ**

မိမိကိုယ်ကို လူသူတိတ်ဆိတ်၍ ဆိတ်ငြိမ်သောအရပ်သို့ ရောံနေပါခစ၊ ထက်နိုင်လျှင် တောရိပ် တောင်ရိပ်နားဝယ် စီးသွားသော ရေယဉ်တို့၏ ကမ်းပါး၌ ကမ္မဋ္ဌာန်းဘရား အားထုတ်ဘွယ် ကောင်းသော ကျောင်းသင်္ခမ်းကလေးမျိုးမှာ ရောက်နေပါစေ၊ ထိုနေရာ ကလေးကို ကြည့်၍ နှစ်သက်မှု ပီတိ ဖြစ်ကာ " ယခု အားထုတ်တော့မည့် ကမ္မဋ္ဌာန်းအလုပ်ဖြင့် အပါယ် လေးပါး ဒုက္ခများနှင့် အိုနာ သေရေးတို့မှ ကင်းဝေးရပေတော့မည် "ဟု ရွှင်ကြည် အားတက်သော စိတ်ကို

အခြေတည်ပြီးလျှင် ယောဂီ သူတော်စင်တို့ ထိုင်နည်းကျကျ(တရား ရပြီးသူတို့ သမာပတ် ဝင်စားနေကြသည့်ပုံ )တခြား အာရုံသို့ စိတ် မရောက်စေဘဲ မိမိ၏ ခန္ဓာကိုယ်၌ပင် စိတ်စွဲ၍ " မြဲသလား " ဟု စဉ်းစားချက် ထုတ်ကြည့်ပါ၊(အသက် ၄၀ ရှိသူ အတွက်)မိမိခန္ဓာ ကိုယ်သည် အမိဝမ်းမှ ဖွားမြင်ခဲ့ပြီးနောက် အနှစ် ၄၀ ကြာပြီ ဟု ဆိုကြပါစို့၊ ပဌမနှစ် ဖွားခါစ ရုပ်သည် ဒုတိယနှစ် ရုပ်နှင့် မတူ သကဲ့သို့ ၃၀ အရွယ်တုန်းက ရုပ်လည်း ယခု ၄၀ အရွယ် ရုပ်နှင့် မတူကြောင်း ထင်ရှားနေပြီ မဟုတ်ပါလော၊

ဆက်ဉုးအံ့ - ခန္ဓာကိုယ်သည် တနှစ်နှင့် တနှစ် မတူအောင် ပြောင်းလွဲ လာရာ၌ တနှစ်ပြည့်မှ မြုံးကနဲ ပြောင်းလွဲသည်မဟုတ်, တနှစ်အတွင်း, ၁၂ လ ရှိရာဝယ် လတိုင်း လတိုင်း ပြောင်းလွဲလျက် ပင်၊ တလ အပြည့် အပြည့်ကျမှလည်း မြုံးကနဲ ပြောင်းလွဲသွား သည် မဟုတ်, တလအတွင်း၌ ရက်ပေါင်း ၃၀ ရှိရာဝယ် ရက်တိုင်း ရက်တိုင်း ပြောင်းနေသည်သာတည်း၊ တရက် တရက်ပြည့်မှလည်း မြုံးကနဲ ပြောင်းလွဲသည် မဟုတ် , တရက် အတွင်း၌ ၂၄ နာရီရှိ ရာဝယ် နာရီတိုင်း နာရီတိုင်း ပြောင်းလွဲလျက်သာတည်း၊ တနာရီ တနာရီ ပြည့်မှလည်း မြုံးကနဲ ပြောင်းလွဲသည် မဟုတ် , တနာရီ အတွင်း မိနစ် ၆၀ ရှိရာဝယ် မိနစ်တိုင်း မိနစ်တိုင်း ပြောင်းလွဲလျက် သာတည်း၊ တမိနစ်၌ စက္ကန့် ၆၀ ရှိရာဝယ် , တစက္ကန့်၏ အစိတ် အပိုင်း အချိန် ကလေးမှာပင် ရုပ်တမျိုးပြီး တမျိုး ပြောင်းလွဲလျက် သာတည်း၊ ကျမ်းဂန်တို့၌ကား လက်ဖျောက် တချက်တီး အချိန် အတွင်း၌ ကုဋေပေါင်းများစွာ ဖြစ်၍ ပျက်နိုင်ကြ၏ ဟု ဆို၏၊ ထိုသို့ အလွန် လျင်မြန်စွာ ဖြစ်ပျက်နေသော်လည်း ရှေးရုပ်နှင့်

နောက်ရုပ်မှာ တထပ်တည်းပင် တူနေသောကြောင့် အဟောင်း အဟောင်းရုပ်တွေ ပျက်၍ အသစ်အသစ် ရုပ်တွေ ဖြစ်လျက် ဖြစ်လျက် နေသည်ကို မသိနိုင်ကြဘဲ တနှစ်လောက် ၂ နှစ်လောက် ၅ နှစ်လောက် ၁၀ နှစ်လောက် ကျော်မှ အလျင်ရုပ်များနှင့် မတူ ကြောင်းကို သိကြရလေသည်။

ပုလဲကုံး ဥပမာ

တနှစ်လျှင် ရက်ပေါင်း ၃၆၅ ရက်ရှိရာ အသက် ၄၀ ရှိသူ အတွက် ရက်ပေါင်း ၁၄၆၀၀ ( တသောင်း လေးထောင် ခြောက်ရာ ) ရှိသောကြောင့် တရက်လျှင် ပုလဲတလုံးကျ တလုံးနှင့်တလုံးလည်း မသိမသာ အရွယ်ချင်း ခြားနားစေ၍ ကြီးနေရာမှ တဖြေးဖြေး သေးငယ်လာစေ ပြီးလျှင် ပုလဲအလုံးပေါင်း တသောင်း လေးထောင် ခြောက်ရာ စီကုံး ထားရာဝယ် ရှေ့အလုံးနှင့် နောက်အလုံးကို ယှဉ်ကြည့်လျှင် ထူးခြား သည် ဟု မထင်ရ သော်လည်း အလုံး ၄-၅-၆ ဆယ် ခြားလောက် ယှဉ်ကြည့်လျှင် အတော် ထူးခြားသည်ကို တွေ့ရ၏။ ရှေ့ဆုံး ပုလဲ လုံးနှင့် နောက်ဆုံး ပုလဲလုံးကား အကြီးအငယ် အသွင် ကွဲပြား ခြားနားနေတော့၏၊ ထို့အတူ နေ့ရှိသမျှရုပ်တွေ ပြောင်းလွဲဖြစ်နေ ကြရာ၌ ရှေ့ရုပ်နှင့် နောက်ရုပ် ထူးခြားပုံကို မသိနိုင် သော်လည်း တနှစ်နှင့်တနှစ် ပြောင်းလွဲပုံ စသည်တို့မှာ အတော် သိသာလေ သည်၊ ငယ်မနှစ်ရုပ်နှင့် ၄၀ ပြည့် နှစ်ရုပ်တို့ ကွဲပြားကြောင်းမှာ ပြောစရာမလိုတော့၊ ဤသို့ရုပ်နာမ်များလျှင် ခန္ဓာကိုယ်သည် ဖြစ်သည့် အတိုင်း မတည်ဘဲ ပျက်၍ပျက်၍ နေသောကြောင့် မမြဲသောအနိစ္စ တရားပါတကား ဟု ဉာဏ်၌ ထင်ရှားလာပါလိမ့်မည်။

**အနိစ္စမှန်လျှင် ဒုက္ခချည်း**

မမြဲသော အရာဟူသမျှသည် ဒုက္ခချည်း ဖြစ်၏။ အလွန်ကြီးကျယ်သော စည်းစိမ်ရှင်တွေကို အများက သုခတုံးကြီး ဟု ထင်မြင်နေကြ၏၊ ထို စည်းစိမ်ရှင်ကြီးတွေ၏ ( အများ မသိနိုင်သော ) အတွင်းရေး ဒုက္ခတွေကို ဖယ်ထားလိုက်ပါဦးတော့၊ စည်းစိမ်ရှင်ကြီးတွေ မသေသေးခင် မင်းစိုးစသောဘေး , စစ်ဘေး စစ်ဒဏ်ကြောင့် စည်းစိမ် ပျက်၍ ဒုက္ခဖြစ်ပုံကိုလည်း ဖယ်ထားလိုက်ပါဦး၊ စည်းစိမ် မပျက်ဘဲနှင့် တနေ့ကျတော့ ထို စည်းစိမ်ရှင်တွေ သေကြရပါလိမ့်မည်၊ မြဟ္မာ့ စည်းစိမ်ရှင် နတ်စည်းစိမ်ရှင်တွေလည်း ဤ မရဏဒုက္ခမှ မလွတ်နိုင်ကြပါ၊ ဤ ဒုက္ခသည် ဝိပဿနာ သမ္မာဒိဋ္ဌိဉာဏ် မရှိသေးသော လူအားလုံးတို့ သိ နားလည်နိုင်သော ( မမြဲ၍ ပျက်စီးသည့်အတွက် ရေခံရသော )ဒုက္ခပေတည်း၊ ဝိပဿနာဉာဏ်ဖြင့် အဖန်ဖန်စဉ်းစား ကြည့်ရှုနေသော ယောဂီသူတော်စင်တို့ အလိုအား ဖြင့်ကား ထိုကဲ့သို့ သေဆုံးပျက်စီးကြရသော ဒုက္ခသည် အထူးအဆန်းမဟုတ်တော့ချေ၊ နေ့ရှိသရွေ့ နာရီ မိနစ်မလပ် ပျက်နေသော ရုပ်နာမ် ခန္ဓာကြီးကိုမြင်နေကြရသဖြင့် ခန္ဓာကိုယ်တကိုယ်လုံးကို ဒုက္ခတုံးကြီး (အမြဲပျက်နေသော အပျက်တုံးကြီး ) ဟု နားလည် နေကြပါတော့သည်၊ ဤသို့ နားလည်သိရှိနေသူတို့၏ ဉာဏ်သည် ဝိပဿနာ သမ္မာဒိဋ္ဌိ မည်၏။ [ ဇာတိဒုက္ခ စသည်ကို ဒုက္ခသစ္စာခဏ်းကျမှ , အနတ္တလက္ခဏာသုတ်ကျမှ , မဂ္ဂသမ္မာဒိဋ္ဌိကို မဂ္ဂသစ္စာခဏ်းကျမှ ပြမည်။] ဤသို့လျှင် မဇ္ဈိမပဋိပဒါ ခေါ် မဂ္ဂင်ရှစ်ပါး တို့တွင် ပါဝင်သော သမ္မာဒိဋ္ဌိဟူသည် ပြခဲ့သော ကမ္မဿကတာဉာဏ် ဝိပဿနာ ဉာဏ်နှင့် ပြအပ်လတ္တံ့သော မဂ်ဉာဏ်ပင်တည်း။

**သမ္မာ သင်္ကပ္ပ** [သမ္မာ=ကောင်းသော အပြစ်ကင်းသော+သင်္ကပ္ပ=ကြံစည်မှု, စိတ်ကူးမှု, စဉ်းစားမှု] လောက၌ "မိစ္ဆာသင်္ကပ္ပ" ဟုခေါ်ရသော မကောင်းသော အကြံ အစည် စိတ်ကူး စဉ်းစားမှုများသည် "ကာမ သင်္ကပ္ပ, ဗျာပါဒသင်္ကပ္ပ, ဝိဟိံသာသင်္ကပ္ပ" ဟု ၃ မျိုးရှိ၏၊ ချွဲသုံးအံ့—လှပသောအဆင်း, သာယာဘွယ် အသံ, မွှေးကြိုင်သော အနံ့, ကောင်းသော အရသာ, ကောင်းသော အတွေ့အထိအားဖြင့် ၅ ပါးသော ကာမဆိုင်ရာ အာရုံများကို ခံစားလိုချင်သောဇောဖြင့် တွေးတော ကြံစည် စိတ်ကူးနေခြင်း, ခံစားပြီးသည်ကို မှန်းဆ၍ တမ်းတအောက်မေ့နေခြင်း, ထိုအာရုံများကို ခံစားဘို့ရန် ပစ္စည်းဥစ္စာ နေရာထိုင်ခင်း အိမ်ဝင်းဥယျာဉ် စသည်တို့ကို ရအောင်ရှာဖွေ ကြံစည်နေခြင်းတို့သည် ကာမဆိုင်ရာကို ကြံစည်နေသော ကာမသင်္ကပ္ပ မည်၏၊ [ ပင်ကိုယ်အတိုင်း စိတ်ကောင်း မဟုတ်တော့ဘဲ စိတ်ဖေါက်ပြန် ပျက်စီးနေသော ဒေါသကို "ဗျာပါဒ" ဟု ခေါ်၏၊ ] ဒေါသ ဖြစ်လွန်းမက ဖြစ်လှ၍ မိမိနှင့်မတဲ့သူကို တွေးကာ "ဒီကောင်ဘယ်တော့များ သေပါ့မလဲ, ငါ့ကိုယ်တိုင် သတ်ရ ကောင်းမလား, ဘယ်သူလာပြီး သတ်ပါ့မလဲ" စသည်ဖြင့် ကြံစည်စိတ်ကူးမှုသည် ဗျာပါဒသင်္ကပ္ပ မည်၏၊ သူတပါးကို သေအောင် မဟုတ်ဘဲ စိတ်ဆင်းရဲရုံ ကိုယ်ဆင်းရဲရုံ ကိုယ်တိုင် ညှဉ်းဆဲလိုသော, သူတပါးက လာ၍ ညှဉ်းဆဲစေလိုသော ရုံးကန်ရောက်၍ ငွေကုန်ကြေးကျ ဖြစ်လိုသော ဒီ ကြံအစည်စိတ်ကူးညာဏ်မျိုးသည် ဝိဟိံသာသင်္ကပ္ပမည်၏၊ မိမိစိတ်၌ ထို ၃ မျိုးလုံး မဖြစ်အောင် စောင့်စည်း၍ "နေက္ခမ္မသင်္ကပ္ပ, အဗျာပါဒသင်္ကပ္ပ, အဝိဟိံသာသင်္ကပ္ပ" ဖြစ်နေခြင်းသည် သမ္မာသင်္ကပ္ပ မည်၏။

ချဲ့ဉုးအံ့—[ နေက္ခမ္မ = ကာမမှ ထွက်မြောက်သော + သင်္ကပ္ပ= ကြံစီစိတ်ကူးမှု၊ ] ကာမအာရုံကို စွန့်ပယ်၍ ရဟန်းကောင်း ပြောင်း မြတ် ပြုလုပ်မည် ဟု ကြံစီ စိတ်ကူးခြင်း , တောထွက်၍ ကျင့်မည် ဟု ကြံစီစိတ်ကူးခြင်း , ဈာန်ရအောင် အားထုတ်မည် ကမ္မဋ္ဌာန်းကို အားထုတ်မည် ဟု ကြံစီ စိတ်ကူးခြင်း , ကုသိုလ်တရားတွေ မိမိမှာ များများ ဖြစ်စေဖို့ရန် ဒါနပြုမည် ဥပုသ်စောင့်မည် ဟု ကြံစီခြင်း, ဤသို့ စသည်ဖြင့် ကာမလိုက်စားမှုမှ တဘက်တလမ်း ကြံစီ စိတ်ကူး ခြင်း ဟူသမျှသည် နေက္ခမ္မသင်္ကပ္ပတည်း၊[ဒေါသ၏ တဘက်တလမ်း ဆန့်ကျင်ဘက်ဖြစ်သော မေတ္တာကို အဗျာပါဒဟု ခေါ်၏၊]တယောက် အပေါ်၌ဖြစ်စေ,အများအပေါ်၌ ဖြစ်စေ, တရားသော နည်းလမ်း ဖြင့် အကျိုးလိုလားကာ ချမ်းသာကျန်းမာစေလို - အန္တရာယ်ကင်း ရန်ဘေးရှင်း စေလိုသော မေတ္တာ စိတ်ဖြင့် ကြံစီ စိတ်ကူး ခြင်း, ဆရာသွားဖြစ်၍ တပည့်များ၏ အကျိုးစီပွါးဖြစ်မည့် အလုပ်တွေကို ကြံစီ စိတ်ကူး ညွှန်ပြနေခြင်း , မိဘ - ရပ်ရွာ လူကြီး တိုင်းပြည် ခေါင်းဆောင် ဖြစ်၍ အိမ်သူ အိမ်သား - ရပ်သူ ရွာသား တိုင်းသူ ပြည်သား၏ အကျိုးစီပွါးကို ကြံစီစိတ်ကူးနေခြင်းသည် အဗျာပါဒ သင်္ကပ္ပမည်၏၊(မိမိစပ်ဆိုင်ရာ၏ စီးပွါးရေးကို ကြံစီရာ၌ သူတပါး၏ တရားသဖြင့် ဖြစ်သော စီးပွါးရေးကို ထိခိုက်နေပြန်လျှင် ဝိဟိံသာ သင်္ကပ္ပနှင့် ထွေးလားလုံးလား ဖြစ်ဘွယ် ရှိသောကြောင့် သူတပါး ၏ တရားသော စီးပွါးရေးကိုလည်း မထိခိုက်စေအောင် သတိ ဆောင်ရပေဉုးမည်၊ )ညှဉ်းဆဲလိုသော ဒေါသနှင့် တဘက်တလမ်း ဆန့်ကျင်ဘက်ဖြစ်သော ကရုဏာသည် အဝိဟိံသာ မည်၏၊ ထို ကရုဏာဖြင့် ဆင်းရဲသူများကို သနားကျင်နာ၍ ကယ်ဆယ်လိုခြင်း,

အောက်ကျ နောက်ကျ ဖြစ်နေသော တိုင်းသူပြည်သား, ရပ်သူနယ်သား, ကျောင်းသူ ကျောင်းသား, တပည့် ဒကာ ဒကာမများကို သနားညှာတာ၍ အထက်တန်းရောက်ဘို့ နည်းလမ်းရှာဖွေ စိတ်ကူးနေခြင်းသည် အဗျာပါဒ်သာသက်ပွမည်၏၊ ဤသက်ပွ ၃ မျိုးလုံးသည် မဇ္ဈိမပဋိပဒါ၌ ပါဝင်သော သမ္မာသင်္ကပ္ပ မဂ္ဂင်တပါးပေတည်း။

**သမ္မာဝါစာ** မုသာဝါဒ = မုသားပြောမှု ( လိမ်, လှည့်ပတ်မှု, ညာဖြန်းမှု )၊ ပိသုဏာဝါစာ = ရန်တိုက်မှု၊ ဖရုသဝါစာ- ကြမ်းတမ်းယုတ်မာ ဆဲဆိုမှု၊ သမ္ဖပ္ပလာပ=အဖျင်း စကား အပျက်စကား(သက်သက် ရယ်မောစရာသာဖြစ်၍ အကျိုးမရှိသော စကား)ပြောမှုများကို "ဝစီဒုစရိုက်=နှုတ်ဖြင့် မကောင်းပြုကျင့်မှု" ဟု ခေါ်၏၊ မိစ္ဆာဝါစာ ဟုလည်း ခေါ်၏၊ ထိုစကား ၄ မျိုးကို ပြောခွင့် ကြုံလာလျက် မပြောမိအောင် ရှောင်ခြင်းသည် သမ္မာဝါစာ မည်၏၊ မှန်သော စကားကိုသာ ပြောခြင်း, တယောက်နှင့် တယောက် မကွဲပြားအောင် ညီညီ ညွတ်ညွတ် သင့်သင့် မျှမျှ ရှိကြလေအောင် ပြောပေးခြင်း , နားထောင်သူတို့ အကျိုးများသော စကားကို သာယာခြေငံစွာ ပြေပြေပြစ်ပြစ် ပြောပေးခြင်း,ကြားနာသူတို့၏ ကောင်းကျိုးသက်သက်ကို မြော်၍(ဂုဏ်ရဘို့ လာဘ်ရဘို့ကို မမြော်ဘဲ)တရားဟောပြခြင်းများလည်း သမ္မာဝါစာပင်တည်း။

**သမ္မာကမ္မန္တ** ပါဏာတိပါတမှု, အဒိန္နာဒါနမှု, ကာမေသုမိစ္ဆာစာရမှု, ဤ ၃ ပါးကို "ကာယဒုစရိုက် = ကိုယ်ဖြင့် မကောင်းကျင့်မှု " ဟု ခေါ်၏၊ မိစ္ဆာကမ္မန္တ ဟုလည်း ခေါ်၏၊ ထို ၃ မျိုးမှရှောင်ကြဉ်ခြင်း(ပြုခွင့်ကြုံလာလျက် မပြုဘဲရှောင်ခြင်းသည်)

သမ္မာကမ္မန္တ မည်၏၊ သူတပါး၏ အသက်ရှည်ကြောင်း အနာ ရောဂါကင်းကြောင်း ဆေးဝါး စုဆောင်းမှု , ဆေးတိုက် ဆေးရုံ ဖွင့်၍ ကုသိုလ်ပြုမှု, သူတပါး၏ဥစ္စာ လုံခြုံအောင် စောင့်ရှောက်ပေးမှု, ဒါနပြုမှု, သူတပါးတို့ စိတ်ကြည်နူးအောင် တံမြက်လှည်းမှု, လမ်း ပြင်ပေးမှု , ဘုရားတံဆောင်း စသည်၌ သန့်ရှင်းစင်ကြယ်အောင် ပြုမှု,ကမ္မဋ္ဌာန်း အားထုတ်ဘို့ရာ နေရာထိုင်ခင်း သန့်ရှင်းမှုစသော ကိုယ်မှု ဟူသမျှသည် သမ္မာကမ္မန္တ ချည်းတည်း။

**သမ္မာအာဇီဝ** [အာဇီဝ=အသက်မွေးမှု=အသက်မွေးဘို့ ပစ္စည်း ရှာဖွေမှု။ ] လူဖြစ်လျှင် မှတ်တရားသော နည်းဖြင့် ပစ္စည်းဥစ္စာရအောင် ရှာမှုသည် မိစ္ဆာဇီဝမည်၏၊ ရဟန်းဖြစ်လျှင် လူတို့၌ ဖြစ်တတ်သော မိစ္ဆာဇီဝများ အပြင် ( ဝိနည်းတော်နှင့် မညီသော)ဒါကာ ဒကာမကို လောကွတ်ပျူငှါပြုခြင်း,သူတို့လာသည့် အခါ ဖျာသင်ဖြူး ခင်းပေးခြင်း , ထမင်း လဘက်ရေ ပေးခြင်း , သင့်တော်ရုံထက် ပိုမိုလျှက် မျက်နှာလို မျက်နှာရ အရေးပါခြင်း, ကလေးပါလာလျှင် ထိုကလေးကို ချော့မြူခြင်း,မုံ့ပေးခြင်းစသည် ကို မိမိအား လှူချင်လာအောင် ကျေးဇူးတင်အောင် ပြုသည့်အတွက် လူတို့က ပြန်၍လှူသော ပစ္စည်း , မိမိအား ကြည်ညိုလာအောင် လူတို့အိမ်၌ ထွက်ဝင်နှုတ်ဆက်၍ ကြည်ညိုသောကြောင့် ရသော ပစ္စည်း , သစ်သီး ပန်း ဆေးဝါးတို့ကို ပေးသဖြင့် ပြန်၍ လှူသော ပစ္စည်းများသည် မိစ္ဆာဇီဝမည်၏၊ အချုပ်မှာ—ကိုယ်တိုင်ဖြစ်စေ, အလံရှူးထား၍ ဖြစ်စေ , ဆွယ်မှုရသော ဆွမ်း သင်္ကန်း ကျောင်း ဆေးစသော ပစ္စည်းဟူသမျှသည် မိစ္ဆာဇီဝချည်းတည်း၊ လူများ၌ မိစ္ဆာဇီဝ ပစ္စည်းကို ရအောင် ရှာတုန်းက အပြစ်ရှိသော်လည်း

သုံးစွဲခိုက်မှာ တရားသဖြင့် သုံးစွဲပါမှု အပြစ်မရှိပေ၊ ရဟန်းများကား သုံးစွဲနေတုန်းလည်း အပြစ်ရှိ၏၊ ထိုပစ္စည်းကို ဥစ္စာရှင်ရဟန်းသာမက, အခြားရဟန်းများလည်း မသုံးစွဲကောင်း။

**သမ္မာဝါယာမ** အားထုတ်မှု ဝီရိယကို "ဝါယာမ" ဟု ခေါ်၏၊ မတရားသဖြင့် ပစ္စည်းရှာမှု ပါဏာတိပါတမှုစသည်ကိုပြုရာ၌ လုံ့လဝီရိယ ပါကြရသည်၊ ထိုဝီရိယမျိုးကို မိစ္ဆာဝါယာမဟု ခေါ်၏၊ ထိုဝီရိယမျိုးမဖြစ်စေဘဲ တရားသောနည်းလမ်းဖြင့် ကြိုးပမ်း အားထုတ်မှုသည် သမ္မာဝါယာမ ချည်းတည်း၊ ထိုဝါယာမကို ကျမ်းဂန်တို့၌ ၄ မျိုး ပြ၏။

၁-သူတပါး၌ ဖြစ်တတ်သော အကုသိုလ်မျိုးသည် ယခုဘဝ၌ မိမိမှာ တခါမျှ မဖြစ်ဘူးသေးလျှင် ထို အကုသိုလ်မျိုး မဖြစ်အောင် ကြိုးစား၍ ရှောင်ရှားခြင်းသည် မဖြစ်သေးသော အကုသိုလ် မဖြစ်အောင် ကြိုးစားသော သမ္မာဝါယာမတည်း။

၂- ထိုအကုသိုလ်မျိုး ဖြစ်မိပြန်လျှင် နောက်ထပ် မဖြစ်အောင် အကုသိုလ် မတိုးပွားအောင် ကြိုးစားခြင်းသည် ဖြစ်ပြီးသော အကုသိုလ်ကို ပယ်ရှားသော သမ္မာဝါယာမ တမျိုးတည်း။

၃-မိမိသန္တာန်၌ မဖြစ်ဘူးသေးသော ကုသိုလ်အထူးကို တမျိုးပြီး တမျိုးရအောင် ဈာန် အဘိညာဉ် မဂ်အထိ ကြိုးစားခြင်းသည် မဖြစ်သေးသော ကုသိုလ်ဖြစ်အောင် ကြိုးစားသော သမ္မာဝါယာမ တမျိုးတည်း၊ ထို့ကြောင့် စင်ရင်ကြယ်ကြယ် ဒါနမပြုဘူးသေးလျှင် ပြုဖြစ်အောင်,မိရိုးဖလာ ဥပုသ်စောင့်ခြင်းမှတပါး စာလာပေလာ ကျနသော ဥပုသ်ကို မစောင့်ဘူးသေးလျှင် စောင့်နိုင်အောင်,

ကမ္မဋ္ဌာန်း အားမထုတ်ဘူးလျှင် အားထုတ်နိုင်အောင် ကြိုးစား သင့်ကြပေသည်။

၄ - ဖြစ်လက်စ ကုသိုလ်ကို နောက်ဆုတ်စေဘဲ ရှေ့သို့သာ တိုးအောင် ရဟန္တာ ဖြစ်သည်အထိ ကြိုးစားခြင်းသည် ဖြစ်ပြီး ကုသိုလ်ကို တိုးအောင် အားထုတ်သော သမ္မာဝါယာမ တမျိုး တည်း။ [သေချာသော အဓိပ္ပါယ်ကို အဘိဓမ္မာ ဆိုင်ရာမှာ ရှု။]

[ဆောင်] ၁။ ဤဘဝရှိ, မိမိသန္တာန်, ခါတရံမျှ, မဖြစ်ကြသေး, ညစ်ကြေးအကု, မဖြစ်အောင်ပြု, မှတ်ရှု သမ္မာဝါယာမ။

၂။ မတော်တဆ, ဖြစ်မိကလည်း, နောက်မှတဖန်, မဖြစ်ရန် ဟူ, ပယ်လှန်ပြု, မှတ်ရှု သမ္မာဝါယာမ။

၃။ ကုသိုလ်အထူး, မဖြစ်ဘူး၍, ကြည်နူးရွှင်ပျ, ကုသိုလ် ရရန်, ကြိုးစားပြန်, သမ္မာဝါယာမ။

၄။ ကုသိုလ်အလုပ်, မဆုတ် ယုတ်ဘဲ, တိုးမြဲ တိုးရန်, ကြိုးစားပြန်, သမ္မာဝါယာမ။

**သမ္မာ သတိ** ကောင်းသော အမှတ်ရခြင်း ကောင်းသော သတိ ထားခြင်းကို"သမ္မာသတိ"ဟု ခေါ်၏၊ ခန္ဓာကိုယ်၌ ဆံပင်အမွေး စသည်ကို စိတ်ဖြင့်ခွဲခြား၍ ထိုအားလုံးကို အသုဘဟု (မတင့်တယ် ရွံစဘွယ် စက်ဆုတ်ဖွယ် ဟု) သတိထားခြင်းသည် သမ္မာသတိတည်း၊ ခံစားမှုဖြစ်သော ဝေဒနာတို့၌ ကောင်းသော ဝေဒနာဖြစ်လျှင် ထိုဝေဒနာ ပျက်သွားသည်နှင့် ဝ ပြိုင်နက် ဒုက္ခ ဖြစ်ရတော့၏၊ ကိုယ်ဆင်းရဲမှု စိတ်ဆင်းရဲမှု ဖြစ်ရသော ဒုက္ခ ဝေဒနာများကား သူ့နဂိုရ်အတိုင်းပင် ဒုက္ခဖြစ်ကြောင်း ထင်ရှား

၏၊ ဤသို့ ဝေဒနာဖြစ်သမျှ၌ ကောင်းသည်ဖြစ်စေ ဆိုးသည်ဖြစ်စေ ဒုက္ခဟုချည်း သတိထားနေခြင်းသည် သမ္မာသတိ တမျိုးတည်း၊ မိမိ၏ စိတ်အစဉ်ကို သတိထား၍ စဉ်းစားကြည့်သည့်အခါ ရုပ်ရှင်ကို ကြည့်နေစဉ်က ကြည့်စိတ်တမျိုး, သဒ္ဒါရုံကို ကြားပြန်တော့ ကြားစိတ်တမျိုး စသည်ဖြင့်၎င်း, ဘုရား အစရှိသည်ကို အာရုံပြု၍ ကုသိုလ်စိတ်ဖြစ်နေရာမှ မကျေနပ်ဘွယ်အကြောင်းတွေ ပေါ်လာ၍ ဒေါသ ဖြစ်ရသည့်အခါ ဒေါသစိတ် တမျိုး, ဤသို့ စိတ်အစဉ် ပြောင်းလွဲပုံကို သတိထား၍ စိတ်မမြဲကြောင်း အနိစ္စဖြစ်ကြောင်း ကို သိမှတ်နေသော သတိသည် သမ္မာသတိ တမျိုးတည်း၊ အဘိ ဓမ္မာကို လိုက်စား၍ အခုတော် အသားကျနေသူတို့သည် မည်သည့် ကိစ္စ၌မဆို အတ္တမရှိ,ဖဿ ဝေဒနာ သညာစသော တရားတွေသာ ဆိုင်ရာကိစ္စကိုပြုလုပ်ဆောင်ရွက်ခနေကြ သည်ဟု သတိထားကြည့်က သိရှိကြလေသည်၊ ဤသို့ ဖဿစသော တရားအစုကို သတိထား၍ အတ္တ မရှိကြောင်း သိမှတ်သော သတိသည် သမ္မာသတိ မည်၏၊ အချုပ်မှာ—သတိပဋ္ဌာန်ပါဠိတော်များ၌ ပြတော်မူသည့်အတိုင်း အရာရာ သတိထားနေခြင်းနှင့် ကုသိုလ်နှင့် ဆိုင်ရာကိစ္စ၌ သတိရှိ နေခြင်းများသည် သမ္မာသတိပင်တည်း။

**သမ္မာ သမာဓိ** ကျမ်းဂန်တို့၌ ဈာန်ဝင်စားသော သမာဓိကိုသာ သမ္မာသမာဓိ ဟု ပြထား၏၊ သို့သော် ကမ္မဋ္ဌာန်း၌ သမာဓိ ရနေခြင်း, ကောင်းသော စာပေကို ကြည့်ရှု ရေးသား နေရာ၌ သမာဓိ ရနေခြင်း, ဒါနကိစ္စ သီလကိစ္စ စသော ကုသိုလ် ကိစ္စကို စဉ်းစားစိတ်ကူး နေရာ၌ သမာဓိ ရနေခြင်းများကိုလည်း သမ္မာသမာဓိ=ကောင်းသောတည်ကြည်ခြင်း ဟု ဆိုထိုက်ပေသည်၊

ဤပြခဲ့သော သမ္မာဒိဋ္ဌိစသောရှစ်ပါးတို့“မဇ္ဈိမပဋိပဒါ”ဟုခေါ်၏၊ ဤတရားရှစ်ပါးကို မိမိသန္တာန်ဝယ် ဖြစ်အောင်ကြိုးစားရာ၌ တနေ့ တရက် တနံနက် တခဏမျှ ကြိုးစားရမည် မဟုတ်၊ အရကျက်သူ တခေါက်ကျက်ရုံမျှဖြင့် မရဘဲ, အခေါက်ခေါက် ကျက်ရ၏၊ ရပြန်ပါလည်း မကြေမခြင်း, ထပ်၍ ထပ်၍ အံရ၏၊ ထိုမျှလောက် ကြိုးစားထားမှ ထိုစာနှင့် ဆိုင်သော အကျိုးကို ရနိုင်သကဲ့သို့, ထို့အတူ ဝိပဿနာ သမ္မာဒိဋ္ဌိခဏ်းဝယ် ပြခဲ့သည့်အတိုင်း မိမိခန္ဓာကိုယ်ကို အာရုံပြု၍ မမြဲပုံ( အနိစ္စ )အခြင်းအရာကိုရှုကာ မဇ္ဈိမပဋိပဒါခေါ် မဂ္ဂင်ရှစ်ပါးကို မိမိသန္တာန်၌ ပဌမအကြိမ်ဖြစ်အောင် ကြိုးစားပါ။ ထို့နောက် ထပ်၍ထပ်၍ဖြစ်အောင် ကြိုးစားပါ။ ထို့နောက် အသားကျအောင် ကျေနေအောင်ကြိုးစားပါ၊ သမ္မာဝါယာမ အခဏ်း၌ ပြခဲ့သည့်အတိုင်း အကုသိုလ်ဟူသမျှ လုံးဝမဖြစ်နိုင်အောင်ကြိုးစား၍ ဝိပဿနာ ကုသိုလ် ရလက်စကို အထွဋ်အထိပ် ရောက်အောင် ကြိုးစားလျှင် “ စက္ခုကရဏီ=ဉာဏ်စက္ခု အလင်းရ၍” တသံသရာလုံး၌ မမြင်ခဲ့ရသော သစ္စာ ၄ ပါးကို သိမြင်နိုင်ပါသည်။

× × × ×

## သစ္စာ ၄ ပါး ပါဠိတော် မြန်မာပြန်

**ဒုက္ခ သစ္စာ** ဘိက္ခုတို့....ယခုပြမည့် တရားသည်“ ဒုက္ခ ”ခေါ်သော အရိယသစ္စာပေတည်း၊ ပဋိသန္ဓေနေရခြင်းလည်း ဒုက္ခ, အိုရခြင်းလည်းဒုက္ခ, နာရခြင်းလည်း ဒုက္ခ, သေရခြင်းလည်း ဒုက္ခ, မုန်းသူတို့နှင့် အတူနေရခြင်းလည်း ဒုက္ခ, ချစ်သူတို့နှင့် ကွဲရခြင်းလည်း ဒုက္ခ, လိုတာကို မရခြင်းလည်း ဒုက္ခ, အချုပ်အားဖြင့်ကား

(ဥပါဒါန်၏ အာရုံဖြစ်သော) ဤ ခန္ဓာတကိုယ်လုံး ဒုက္ခတုံးကြီး ဖြစ်လေသည်၊

**သမုဒယ သစ္စာ** ဘိက္ခုတို့……ယခုပြမည့် တရားသည် "ဒုက္ခ သမုဒယ" ခေါ်သော အရိယသစ္စာ ပေတည်း၊ တဏှာသည် နေခံဘဝသစ်ကို ပြုလေ့ရှိ၏, နှစ်သက်မှု တပ်မက်မှုနှင့် အတူဖြစ်၏၊ ခန္ဓာကိုယ် အတွင်းဖော ဖြစ်ဖြစ်သမျှ၌ လွန်စွာစုံမက် နှစ်သက်တတ်၏၊ ဤတဏှာဟူသည် အဘယ်နည်း— ကာမဂုဏ် တို့၌ တပ်မက်မှု ကာမတဏှာ, သဿတဒိဋ္ဌိနှင့် အတူ ဖြစ်သော ဘဝတဏှာ, ဥစ္ဆေဒဒိဋ္ဌိနှင့် အတူ ဖြစ်သော ဝိဘဝတဏှာ ဤ သုံးပါးတည်း။

**နိရောဓ သစ္စာ** ဘိက္ခုတို့…ယခုပြမည့် တရားသည်"ဒုက္ခ နိရောဓ" ခေါ် အရိယသစ္စာပေတည်း၊ ထို သမုဒယသစ္စာ ဟူသော တဏှာ ၃ မျိုး၏ပင် အကြွင်းမရှိ တပ်မက်ခြင်း ကင်း၍ ချုပ်ရာလည်း ဖြစ်, စွန့်ရာလည်း ဖြစ်, လွတ်မြောက်ရာလည်း ဖြစ်, မတွယ်တာရာလည်း ဖြစ်သော နိဗ္ဗာန်သည် "ဒုက္ခ နိရောဓ" ခေါ် အရိယ သစ္စာပေတည်း။

**မဂ္ဂသစ္စာ** ဘိက္ခုတို့…ယခုပြမည့် တရားသည်"ဒုက္ခနိရောဓ" ခေါ် နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်ဖြစ်သော မဂ္ဂသစ္စာ ပေတည်း၊ ထို သစ္စာဟူသည် ရှေး၌ ပြခဲ့သော မဂ္ဂင်ရှစ်ပါးပင်၊ မဂ္ဂင်ရှစ်ပါး ဟူသည် အဘယ်နည်း — သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, သမ္မာဝါယာမ, သမ္မာ သတိ, သမ္မာသမာဓိတည်း။

**ဒုက္ခသစ္စာ ရှင်းလင်းချက်**

[ဒုက္ခ=ဆင်းရဲတာ+သစ္စာ=အမှန်၊ ]စိတ်မှာဖြစ်စေ, ကိုယ်မှာဖြစ်စေ ဆင်းရဲနေရတာ မှန်သည်ကို"ဒုက္ခသစ္စာ" ဟု ခေါ်၏၊ ထိုသို့ ဒုက္ခ မှန်ကြောင်းကို ထိုးထိုး ထွင်းထွင်း ရှင်းလင်းစွာသိသည့်အခါ အရိယာဖြစ်ရသော ကြောင့်"ဒုက္ခအရိယသစ္စာ"ဟုလည်း ခေါ်ရသည်၊ လောက၌ အမိဝမ်းတိုက်ဝယ် ပဋိသန္ဓေ နေရသည်မှစ၍ ဖွားမြင်ရသည်အထိ ဒုက္ခရောက်ရပုံသည် မှန်းဆ၍ ကြည့်ခြင်းအားဖြင့်၎င်း ဖွားမြင်သည့်အခါ မျက်မြင် ကိုယ်တွေ့အားဖြင့်၎င်း ထင်ရှား၏၊ အိုမင်းမစွမ်း ဖြစ်ရသည့်အခါ ဒုက္ခဖြစ်ပုံသည် ဇရာဒုက္ခတည်း၊ နာကျင်ကိုက်ခဲမှုမှစ၍ ရောဂါ ဖြစ်နေရသည့်အခါ ဒုက္ခဖြစ်ပုံသည် ဗျာဓိဒုက္ခတည်း၊ [သေခါနီး၌ ရောဂါ ပြင်းထန်နေ၍ ဒုက္ခရောက်ပုံမှာ ဗျာဓိ ဒုက္ခ၌ ပါဝင်ပြီ၊ ] သေခါနီး၍ ဘဝသစ်ဖြစ်ဘို့ရန် နိမိတ်အမျိုးမျိုး ထင်လာသည့် အခါ ယုတ်ယုတ်မာမာ နေထိုင်ကြသူတို့သည် မကောင်းသော နိမိတ်များထင်လာ၍ လွန်စွာ ကြောက်ကြရ ဆင်းရဲကြရ၏၊ တချို့မှာ ညီးညူကြ ဟစ်ခေါ်အော်ယောင်ယမ်းကြ၏၊သူတော်ကောင်း ဖြစ်၍ နိမိတ်ကောင်းများထင်လာစေကာမူ လက်ရှိဘဝဟောင်းက ဆွေမျိုးဉာတိ စည်းစိမ်ဥစ္စာ အရာရာနှင့် ခွဲခွါရတော့မည် ဖြစ်၍ စိတ်ဒုက္ခ ရောက်ကြသေး၏၊ ဤဒုက္ခများသည် မရဏ ဒုက္ခများ ပေတည်း။

ဤဇာတိဇရာဗျာဓိမရဏ ဒုက္ခတို့နှင့်ကင်း၍ ကျန်းကျန်းမာမာ သန်သန်စွမ်းစွမ်း နေရတုန်းမှာလည်း သားဆိုး သမီးဆိုး ဆွေဆိုး မျိုးဆိုး အပေါင်းအသင်း မိတ်ဆွေဆိုး အခိုင်းအစေ အခြွေအရံ အစေခံဆိုး ဆင်မြင်း စသော အိမ်မွေးတိရစ္ဆာန်ဆိုး အိမ်ထောင်

ဘက်ဆိုးတို့နှင့် တွေ့ကြုံရသောကြောင့် ဒုက္ခ, မိမိကို မုန်းတီး၍ ရန်ရှာနေသော ရန်သူများနှင့် တွေ့ရသောကြောင့် ဒုက္ခ, ဤဒုက္ခများသည် အပ္ပိယေဟိသမ္ပယောဂ= မချစ်အပ်သူ မုန်းနေသူတို့နှင့် ပေါင်းနေရသော ဒုက္ခများ တည်း၊ ချစ်သူတို့နှင့် ကွဲနေရသဖြင့် ဝမ်းနဲ ပူဆွေးရသော ဒုက္ခသည် ပိယေဟိဝိပ္ပယောဂ ဒုက္ခမည်၏၊ ထို ဒုက္ခဘို့မှ ကင်းပါသည် ဆိုရသူဘို့မှာလည်း လိုတာကို မရ၍ စိတ်တိုင်းမကျနိုင်သော "ယံ ပိစ္ဆံ နလဘတိ တံ ပိ ဒုက္ခ"ကို ခံကြရ ပေသေးသည်။

**အခြေခံ ဒုက္ခအားလုံး**

[ခန္ဓာကိုယ်ကို "ဥပါဒါနက္ခန္ဓာ"လွယ်လွယ် မှတ်ထားပါ။ ]အားလုံးဒုက္ခတွေ၏ အခြေခံ သည် ဤ ခန္ဓာကိုယ်ပင်တည်း၊ ဤ ခန္ဓာကိုယ်ကြီးကို ရရှိနေ သောကြောင့်သာ ဤဒုက္ခတွေကို ခံရ၏၊ ဤခန္ဓာကိုယ် မရှိလျှင် မည်သည့် ဒုက္ခမျှ ရှိတော့မည် မဟုတ်၊ ထို့ကြောင့်"သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ = အကျဉ်းချုပ် အားဖြင့် ဤ ခန္ဓာကိုယ်ကြီး တခုလုံး ဒုက္ခတုံး ဒုက္ခခဲကြီးသာတည်း " ဟု ဟောတော်မူသည်၊ ဤနေရာ၌ မိမိနာမည်ကို တပ်၍ အောက်ပါ စကားကို စဉ်းစဉ်းစားစား ဖတ်ရွတ်ပါလော။

"မောင်ဋ္ဌေးမည်သော ခန္ဓာကိုယ်ကြီး ရှိနေလို့သာ မောင်ဋ္ဌေး ဖြစ်=ဖြစ်ရ , မောင်ဋ္ဌေး အို - အိုရ, မောင်ဋ္ဌေး နာ - နာရ, မောင်ဋ္ဌေးသေ-သေရ,မောင်ဋ္ဌေးချစ်သူတို့နှင့် ကွဲရ,မောင်ဋ္ဌေး မုန်းသူတို့နှင့် အတူ နေရ , မောင်ဋ္ဌေးလိုတာ မရ၍ ဒုက္ခ ဖြစ်ရသည်"။

"မောင်ဒွေး မရှိလျှင် မောင်ဒွေး ဖြစ် - မဖြစ်ရ, မောင်ဒွေးအို မအိုရ, မောင်ဒွေး နာ - မနာရ, မောင်ဒွေး သေ - မသေရ, မောင်ဒွေးချစ်သူနှင့်မကွဲရ, မောင်ဒွေးမုန်းသူနှင့် အတူမနေရ, မောင်ဒွေးလိုတာ မရှိ၍ ဒုက္ခအားလုံး ရှိတော့ပါတကား"။

ဆက်ဦးအံ့ - အပြင်း အထန် ပစ်ခတ်နေသော စစ်ပွဲ၌ ငင်နဲ့နေသော စစ်သားတယောက်သည် အမျိုးမျိုးသော စစ်ဒဏ်ကို ခံရသကဲ့သို့ ဒုက္ခမျိုးစုံ ဝိုင်းအုံနေသော လောကကြီးဝယ် ဤခန္ဓာကိုယ်ကို ရရှိနေသူမှန်သမျှ ဗုဒ္ဓရှင်တော်ပင်သော်လည်း ခါးတော်နာရ ဝမ်းတော်လားရ စသော ဒုက္ခမှ မလွတ်ရချေ၊ ဤပြခဲ့သော ဒုက္ခအားလုံးသည် ဒုက္ခ မဟုတ်ပါဘူး ဆင်းရဲ မဟုတ်ပါဘူး ဟု မည်သူမျှ မညင်းဆန်နိုင်, အမှန်ပင် ဒုက္ခဖြစ်၏၊ ဤသို့ ဒုက္ခဧကန် အမှန်ဖြစ်သောကြောင့် ပြအပ်ခဲ့သော ဒုက္ခအားလုံးကို "ဒုက္ခသစ္စာ=ဆင်းရဲတာအမှန်" ဟု ဟောတော်မူပေသည်။ [ဤ ဒုက္ခသစ္စာအရ ဒုက္ခတို့ကို ထုတ်ပြတော်မူရာ၌ လက်တွေ့ ကြုံရတတ်သော ဒုက္ခ အချို့ကိုသာ ပြတော်မူခြင်း ဖြစ်၏၊ ငရဲရောက်ရသည့်အခါ ပြိတ္တာ ဖြစ်ရသည့်အခါ တိရစ္ဆာန် ဖြစ်နေ၍ လူတို့ အနိုင်းအခဲ အသတ်အဖြတ် ခံရသည့်အခါ မစားရ မသောက်ရ ဖြစ်နေရသည့် အခါ ခံကြရသော ဒုက္ခကိုကား ထုတ်ပြတော် မမူချေ၊ ထိုဒုက္ခတွေကိုလည်း ချွတ်ကြည့်ကြပါလေ။]

**သမုဒယသစ္စာ ရှင်းလင်းချက်**

ပြခဲ့သော ဒုက္ခတွေသည် အကြောင်းမဲ့သက်သက် သူဖြစ်ချင်လို့ ဖြစ်ကြရသည် မဟုတ်, မြဟ္မာမင်းကြီးစသူတို့ဖန်ဆင်း၍ ဖြစ်ကြရခြင်းလည်း မဟုတ်၊ "သမုဒယ"ဟု ခေါ်သော တဏှာ လောဘကြောင့်သာ ဖြစ်ကြရ

သည်၊ ခြုံငုံ၍ဆိုသော် - သတ္တဝါတို့၌ ကိုယ့်ကိုယ်ကို နှစ်သက် တွယ်တာမှု (တဏှာ)သည် လွန်စွာအားကြီး၏၊ "သူများကို ချစ်ပါသည်"ဟု ဆိုသော်လည်း ထို အချစ်ခံရသူက ကိုယ့်အလိုကို ဖြည့်ပေးခြင်း- ကိုယ့်မှာရှိသော တဏှာ၏ အလိုကျ ဖြစ်နေခြင်းကြောင့်သာ သူ့ကို ချစ်ရခြင်းဖြစ်သည်၊ မိဘက သားသမီးကို ချစ်သည်ဟု ဆိုရာ၌ သား သမီးတို့ကို ကြည့်နေရလျှင် ကိုယ့်သန္တာန် ၌ တဏှာသည် သာယာ ယာယာရှိ၏၊ ထို့ကြောင့် မိဘက သားသမီးကိုချစ်၏၊ ထို ချစ်ပါ သည် ဟု ဆိုရသောသားက (သမီးက) ကိုယ့်နာမည် ပျက်အောင် ကိုယ့်စီးပွါး ဆုတ်ယုတ်အောင် လုပ်လိုက်လျှင် ထိုသားအပေါ် (သမီးအပေါ်)၌ အချစ် လျော့သွား၏၊ ကြပ်ကြပ် အပြစ်ပြုသည့် အခါ ထိုသားသမီးကိုပင် မုန်းသည် (သားသမီး အပေါ် တဏှာ အချစ်ကင်း၍ ဒေါသဖြစ်လာသည်)ဟု ဆိုရသည်၊ သမီးခင်ပွန်း တယောက်နှင့် တယောက် ချစ်ကြခြင်း မုန်းကြခြင်းများလည်း ဤ နည်းနှင်နှင်တည်း၊ အမှန်မှာ—"အတ္တသမံ ပေမံ နတ္ထိ=ကိုယ့်ကိုယ် ကို ချစ်ခြင်းနှင့် တန်းတူသော ချစ်ခြင်း မရှိ"ဟုသာ မှတ်။

**ဘဝသစ်ကို ဖြစ်စေသော တဏှာ**

ပြခဲ့သော နည်းအရ ကိုယ့်ကိုယ် ကိုသာ နှစ်နှစ်ကာကာ ချစ်ခြင်းဖြင့် တဘဝလုံး ချစ်လျက် နေခဲ့လေရာ သေခါနီးလာသော် လက်ရှိ ချစ်စရာ တဏှာအာရုံ ဟူသမျှ စွန့်လွှတ်ရတော့မည့် အရေး ကို တွေ့ ၍ ပြုကာ (ဒုက္ခခန်း၌ ပြခဲ့သည့်အတိုင်း) လွန်စွာ ဒုက္ခ ရောက်ကြ၏,ချစ်စရာတွေသာ မက-ချစ်စရာအားလုံး၏ အရင်းဆုံး ဖြစ်သော မိမိခန္ဓာ ကိုယ်သော်မှ စွန့်လွှတ်လိုက်ရတော့မည့် အရေး

ကို တွေးကြ၏၊ ဤသို့တွေး၍ ကြောက်နေရုံနှင့် မပြီးသေး, နေ့ဆုံး စုတေချိန်မှာ မလွတ်ချင့်လွတ်ချင်နှင့် ဤခန္ဓာကိုယ်ကို လွတ်ရ တော့မည့် အခြေသို့ ရောက်လေသော် ဤခန္ဓာကိုယ်၌ တွယ်တာမှု တဏှာ ပြတ်၍ အသစ် ထပ်မည့် ခန္ဓာကိုယ်ပေါ်ဝယ် ( သေတော့ မည့် ဆဲဆဲက နေ၍ )မှန်းမြော်တွယ်တာ ပါလေတော့သည်၊ ဤသို့ လျှင် ဤဘက် သေခါနီးဆဲဆဲက နေ၍လည်း ဘဝသစ် ခန္ဓာကိုယ် အပေါ်ဝယ် မှန်းမြော် တွယ်တာလျက် ရှိခြင်း, ကုသိုလ် ကောင်းမှု ပြုစဉ်တုန်းကလည်း ဘဝသစ်၌ ကောင်းကောင်း ဖြစ်နိုင်ဘို့ရာ မသိ မသာ ဖြစ်စေ( လူချမ်းသာ ဖြစ်ရပါလို၏ စသည်ဖြင့် ဆုတောင်းသူ့ အတွက် သိသိသာသာ ဖြစ်စေ ) တွယ်တာတမ်းတ မှန်းဆလျက် ရှိနေခြင်းကြောင့် ကံအားလျော်စွာ( ကံအစွမ်းကြောင့် )ဘဝသစ်၌ ဇာတိ အသစ် ဖြစ်ရပါသည်၊ အကုသိုလ်ကံ အကျိုးပေးမည့်သူများ လည်း(ပင်လယ်ထဲ ရေနစ်ရာဝယ် ဖွားကနဲ ပေါ်အလာ ဆွဲမိဆွဲရာ ဆွဲတတ်၍,မိကျောင်းကြီးပင် ဖြစ်သော်လည်း ပဌမသော် ဖက်ကြ သကဲ့သို့ ထို့အတူ) သေခါနီး၌ မကောင်းဆိုးဝါး ဖြစ်ရတော့မည့် အနာဂတ်ခန္ဓာကိုယ်ကိုသော်လည်း လက်ရှိခန္ဓာကိုယ် လွတ်ခါနီး၌ တဏှာဖြင့် လှမ်းမြှော် ဖက်မိပါသေးသည်၊ ဤသို့လျှင် ကံကြောင့် ဘဝသစ်၌ ဖြစ်ရသည်ဟု ဆိုသော်လည်း တဏှာ၏ တမ်းတမှု ကြောင့်သာ ဖြစ်ရသည်၊ တဏှာ ကုန်ခမ်းသော ရဟန္တာ တို့မှာ ကံတွေ အပြည့်အသိပ် ( အကောင်း အဆိုး ရှိသေးသော်လည်း ) ဘဝသစ် မဖြစ်တော့သဖြင့် ဘဝသစ်ကို ဖြစ်စေတတ်သူ လက်သည် ကို ရှာသည့် အခါ ဤ တဏှာ့ အပေါ်မှာသာ သစ္စာကျတော့၏၊

ထို့ကြောင့် သမုဒယတဏှာကို "ပေါနောဗ္ဘဝိကာ=ဘဝအသစ်ကို ပြုလေ့ရှိသည်"ဟု မိန့်တော်မူရ ပေသည်။

တဏှာ ၃ မျိုး

ကာမတဏှာ ဟူသည် ယခု လူတို့၌ ဖြစ်ရိုး ဖြစ်စဉ် ကာမဂုဏ် အာရုံတွေကို(သားသမီးနှင့် ပစ္စည်းဥစ္စာ စသည်ကို)တွယ်တာသော တဏှာတည်း၊ ကာမဂုဏ် အာရုံတွေကို မြဲ၏ ဟု ယူဆနေသော ဒိဋ္ဌိသည် သဿတဒိဋ္ဌိမည်၏၊ ထို ဒိဋ္ဌိကိုပင် "ဘဝဒိဋ္ဌိ"ဟု ခေါ်၏၊ ထိုဘဝဒိဋ္ဌိနှင့် အတူဖြစ်သော တဏှာသည် ဘဝတဏှာမည်၏၊ ကာမဂုဏ်အာရုံတွေကိုပင် ပြတ်စဲ၏ ဟု ယူဆသော ဒိဋ္ဌိသည် ဥစ္ဆေဒဒိဋ္ဌိ မည်၏, ဝိဘဝဒိဋ္ဌိလည်း ခေါ်၏၊ ထို ဝိဘဝဒိဋ္ဌိနှင့်အတူဖြစ်သော တဏှာသည် ဝိဘဝတဏှာမည်၏၊ ထို တဏှာလျှင် အရင်းခံ၍ ကောင်းကောင်း ဆိုးဆိုး ( ကုသိုလ် အကုသိုလ်)ကံအမျိုးမျိုးကို ပြုမိကြပြန်လေရာ ထို ကံအစွမ်းကြောင့် ဘဝသစ်မှာ ဇာတိဖြစ်ပြန်၏၊ ထို့ကြောင့်ဇာတိဒုက္ခဖြစ်ကြောင်းသည် ဤတဏှာ ၃ ပါးပင်တည်း ဇာတိရှိခဲ့လျှင် ဇရာ ဗျာဓိ မရဏာ ဒုက္ခတို့လည်း ဖြစ်ရသောကြောင့် ဇရာဒုက္ခစသည်၏အကြောင်းရင်းလည်း ဤ တဏှာသမုဒယ ပင်တည်း၊ တဏှာကြောင့် ဟိုဟာ သည်ဟာ လိုချင်ရ, လိုချင်၍ မရသောကြောင့် ဒုက္ခရောက်ရ, တဏှာကြောင့် ဤ ခန္ဓာကိုယ် အသစ်(ဥပါဒါနက္ခန္ဓာ)ကို ရရှိရ, ထို ဥပါဒါနက္ခန္ဓာကို ရသောကြောင့် ဒုက္ခအမျိုးမျိုးနှင့်ရောက်ရ , ဤသို့စသည်ဖြင့် ဒုက္ခ အားလုံး၏ အရင်းစစ်လိုက်သော် အမြစ် အခြေမှာ တဏှာသာ ဖြစ်ရကား တဏှာကို "သမုဒယ သစ္စာ=ဒုက္ခ၏ ဖြစ်ကြောင်းအမှန်" ဟု ဟောတော်မူပေသည်။

**နိရောဓသစ္စာ ရှင်းလင်းချက်**

[ နိရောဓ-ချုပ်ရာ, ကုန်ခမ်းရာ။] ဖြစ်သော သစ္စာ ၂ ပါးတို့တွင် သမုဒယ တဏှာသည် ဒုက္ခဖြစ်ဘို့ရန် အကြောင်းသစ္စာတည်း၊ ဒုက္ခ ဟူသမျှကား တဏှာအရင်းခံ၍ဖြစ်ရသော အကျိုးသစ္စာပင်တည်း၊ အကြောင်း တဏှာ သမုဒယချုပ်ဆုံးလျှင် အကျိုးဒုက္ခ အားလုံး လည်း ချုပ်ဆုံးရမည်ဖြစ်၏၊ ကမ္မဋ္ဌာန်းကို အားထုတ်နေသူတို့သည် ကမ္မဋ္ဌာန်း လမ်းစဉ်ဖြင့် တက်သွားသည့် အခါ ၌ "နိရောဓ" မည်သော နိဗ္ဗာန်ကို ဉာဏ်ဖြင့် အထင်အရှား မြင်ကြ၏၊ ပဌမ အကြိမ် မြင်လိုက်လျှင်ပင် ( သောတာပန် ဖြစ်၍ ) သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိ ၂ မျိုးနှင့် တွဲဘက်ဖြစ်သော ဘဝတဏှာ ဝိဘဝတဏှာ ၂ မျိုးလုံး ထိုပုဂ္ဂိုလ်၏သန္တာန်မှ ကင်းသွားတော့၏၊ ဆက်လက် အားထုတ်၍ ထို နိဗ္ဗာန်တရားကို ဒုတိယအကြိမ် မြင်လာသည့်အခါ သကဒါဂါမိဖြစ်၍ ကာမတဏှာသည် အခေါင်နဲ့သွား၏၊ တတိယ အကြိမ်မြင်ပြန်သည့် အခါ အနာဂါမိဖြစ်၍ ကာမတဏှာ အားလုံး ကုန်ဆုံးလေ၏၊ သို့သော် ဗြဟ္မာ့ဘဝကို နှစ်သက်၍ နေသော ဘဝ တဏှာတမျိုးကား ကျန်နေပေသေး၏၊ စတုတ္ထအကြိမ်မြင်ပြန်သည့် အခါ ရဟန္တာ ဖြစ်၍ ထိုဗြဟ္မာ့ဘဝကိုပင် မနှစ်သက်တော့ဘဲ တဏှာအားလုံး ကုန်ဆုံးလေတော့သည်၊ ထို့ကြောင့် " ယော တဿာယေဝ တဏှာယ အသေသ ဝိရာဂ နိရောဓော = ထိုဖြစ် သော တဏှာ ၃ မျိုး၏ အကြွင်း အကျန် အကပ်အသက် မရှိအောင် ကုန်ဆုံးရာ နိရောဓသစ္စာ" ဟု ဟောတော်မူသည်။

**နိဗ္ဗာန်၏ သဘော** "နိဗ္ဗာန်သည် သန္တိသဘောရှိ၏"ဟု ကျမ်းဂန်တို့၌ ဆို၏၊ သန္တိဟူသည် ငြိမ်းခြင်းတည်း၊ ယခုလက်ရှိ ရုပ်နာမ် ခန္ဓာကိုယ်နှင့် နိဗ္ဗာန်သည် ဟိုဘက်ကမ်းနှင့် ဤဘက်ကမ်းကဲ့သို့ တဘက်တလမ်း ဖြစ်၏၊ ထို့ကြောင့် နိဗ္ဗာန်၏ ငြိမ်းခြင်း သန္တိသုခကို ဤရုပ်နာမ်တို့၏ ပူလောင်ခြင်း ဒုက္ခနှင့် နှိုင်းယှဉ်ကြည့်မှ သာ၍သိသာသည်၊ "ဤခန္ဓာကိုယ် (ရုပ်နာမ်) အားသုံး မီးလောင်နေသလို ပူလောင် နေသည်" ဟု ပြောလျှင် ရုတ်တရက် သဘောပေါက် လိမ့်မည် မထင်၊ မိမိ ကိုယ်တိုင်ကပင် တရားအားထုတ်နေသူ ဖြစ်မှသာ သဘောပေါက်နိုင်စရာ ရှိသည်၊ ဥပမာ—နွေအခါ နေပူကြဲတဲ၌ အလုပ်လုပ်နေသူ တယောက်သည် ထိုကဲ့သို့ နေပူကြဲတဲမှာပင် ခရီးသွားစရာရှိပြန်သော်လည်း ထူးခြား၍ ပူသည်ဟု မထင်, အရိပ်၌ နေသူကသာ ထိုအပူများ၏ ပူကြောင်းကို သိသကဲ့သို့, ထို့အတူ ရုပ်နာမ်တို့တို မီးလောင်၍နေသလို ပူပါသည် ဟု ဆိုရာ၌ မိမိ ကိုယ်တိုင်ကပင် ရုပ်နာမ် တိုးပွါးအောင် ကြိုးစားနေသော ကာမဂုဏ်သမား ဖြစ်နေခဲ့လျှင် ရုပ် နာမ်တွေ မီးလို ပူနေကြောင်းကို သဘောကျမည် မဟုတ်၊ မိမိကိုယ်တိုင်က အတော်အဘန် အအေးခာတ် ရအောင် တရား အားထုတ်နေသူ ဖြစ်မှ ရုပ် နာမ် ပူကြောင်းကို သဘော ပေါက်နိုင်ပေမည်၊ ထိုသို့ လောကီအာရုံ ကာမဂုဏ်နယ်တွင်းမှမခွါနိုင်သေးသူ့ဘို့က ရုပ်နာမ် ခန္ဓာ၏ ပူလောင်နေကြောင်းကို သဘောမပေါက်နိုင်ကြသော်လည်း ရုပ်နာမ်ကား အမှန်ပင် ပူလောင်နေပါသည်။

**ရုပ်နာမ်ခန္ဓာ ပူလောင်ပုံ**

ရုပ်နှင့် နာမ် ၂ မျိုးလုံး ပေါင်းစပ်မိနေသော အရာကို"သတ္တာ"(လူ-စသည်)ဟု ခေါ်ထားရသည်၊ (လူ ဟု ခေါ်ရသော မိမိခန္ဓာကိုယ်၌ စိတ်စိုက် ထားပါ)၊ ဤ မိမိ ခန္ဓာကိုယ်သည် အမိဝမ်းခေါင်း အောင်းသည်က စ၍ ဖွားမြင်သည့်တိုင်အောင် ဇာတိဒုက္ခ ဖြစ်နေရသဖြင့် ဇာတိမီး အလောင်ခံရ၏၊ ဖွားပြီးနေခံ နုနယ်သော အသားတွေကို ဟိုဟာသည်ဟာဖြင့် ထိခိုက်ခံရခြင်း, ဆာလောင်မွတ်သိပ်ခြင်း, အတော်ကြီးပြင်းလာလျှင် လိုတာကို မရခြင်း, အမိအဘနှင့် ကွဲနေရခြင်း, ဝမ်းနဲဘွယ် ဖြစ်နေရခြင်း, ငိုရခြင်း, ကိုယ်ဒုက္ခ စိတ်ဒုက္ခဖြစ်ရခြင်း စသည်ကြောင့် ခန္ဓာကိုယ်မှာ ဒုက္ခမီးပူ အမျိုးမျိုး အလောင်ခံနေရ၏၊ ထို အတွင်းမှာပင် မကျန်းမမာ ရောဂါမီးပူ အမျိုးမျိုး အလောင်ခံရသေး၏၊ အိုမင်းလာလျှင် ဇရာမီး မရဏမီးတို့က လောင်ပြန်တော့၏၊ ထိုသို့ အထင် အရှား အပူမီးတွေ အလောင်ခံနေ ရရှာသ မက (နှမ်းအိုးခင်းကို မီးကျီးပေါ်တင်လိုက်သည့်အခါ ဖျစ်ဖျစ်-ဖျစ်ဖျစ်မြည်လျက် နှမ်းလုံးတိုင်း ကျက်နေသကဲ့သို့) ဤ ကိုယ်ခန္ဓာဝယ် ရုပ်ဟူသမျှ နေရာမလပ် ပျက်၍ နေရကား, အချိန်ရှိသမျှ ရုပ်ခန္ဓာကို မရဏမီးလောင်နေ၏၊ နာမ်ခန္ဓာကား ရုပ်ထက်ပင် အပျက်မြန်၍ မီးလောင်ခံရမှု များသေးသည်။

**ရောဂါဖြစ်နေသော ရွာကြီး**

ဤနေရာ၌ ဥပမာတခုကို စဉ်းစားကြစို့-ရွာအိုကြီး တရွာဝယ် ကူးစက်တတ်သော အနာရောဂါ ကျရောက်နေ၏၊ လူတွေကား တယောခံပြီး တယောက် သေနေကြသည်၊ ထိုအတွင်းမှာ ကိုယ်ဝန်

အရင့်အမာ တွေကလည်း ဖွားမြင် နေကြသေး၏၊ မီးဖွားပြီးသည်နှင့် တပြိုင်နက် အချို့မိခင်နှင့် ကလေးများလည်း ထို ကူးစက်သော ရောဂါကြောင့် ပျက်စီးကြ၏၊ တချို့လည်း ကိုယ်ဝန်အရင့်အမာ နှင့် မီးဖွားချိန် နီးနေပြီ၊ ဆွေတွေ မျိုးတွေ အတော်များစွာ သေကြပြီးနောက် ထိုရောဂါကူးစက်လျက်ကျန်နေသော တချို့ဆွေမျိုးများကို မိမိကိုယ်တိုင်လည်း ရောဂါဖြစ်လျက် မြင်နေရသော လူတယောက်သည် အဘယ်သို့ စိတ်ဖြစ်ရှာမည်နည်း၊ ဒုက္ခတွေ ဘလောင်ဆူနေကြသော ဤရွာကြီးကိုရင်း,ကျန်နေသေးသော ဆွေမျိုးတွေကိုရင်း, မိမိ ကိုယ်ခန္ဓာကိုရင်း မြော်လင့်ချက် ရှိနိုင်ပါဦးမည်လော, ခင်မင်တွယ်တာ သာယာနိုင်ပါဦးမည်လော၊ ( တကယ် အဟုတ်တန်း ကမ္မဋ္ဌာန်းကို အားထုတ်လျက် ပေါက်ရောက်ခါနီးဖြစ်နေသူ ပေါက်ရောက်၍ အရိယာဖြစ်နေသူတို့သည် မိမိတို့ ခန္ဓာကိုယ်ပေါ်မှာ တရံတခါ ကမ္မဋ္ဌာန်းစိတ်ဖြင့် ဆင်ခြင်ကြည့်သည့် အခါ) ယခု ပြခဲ့သော ဥပမာသည် အကြမ်းစားသာ ဖြစ်သေး၏၊ ဤ ခန္ဓာကိုယ်ကြီး၌ ဇာတိမီး အစ မရဏာမီး အဆုံးရှိသော မီးများအပြင် အချိန်ရှိသမျှ တို့၌ ခဏတိုင်းပျက်နေသောရုပ်နာမ်ခန္ဓာတို့၏ ပျက်နေပုံကို မြင်နေကြသော ကမ္မဋ္ဌာန်းပုဂ္ဂိုလ်တို့ကား တကိုယ်လုံးဒုက္ခလောင်မီး ဖိစီးလျက် နေပုံကို မြင်ကြသဖြင့် ရရှိဆဲ ခန္ဓာကိုယ်ကိုလည်း မနှစ်သက် မတွယ်တာနိုင်ကြချေ၊ နောင်ရဦးမည့်ခန္ဓာကိုယ်ကိုလည်း မမြော်လင့် မတောင့်တကြတော့ပေ၊ မလွဲသာ၍ဖြစ်နေသော ဤ ရုပ်နာမ် ခန္ဓာကိုယ်ကိုပင် ငြီးငွေ့လှပေပြီ၊ သူတို့အလိုဆန္ဒ ဖြစ်နေကြသည်ကား ဤ ရုပ် နာမ် အားလုံးတို့၌ အငြိမ်းသတ် ကုန်ဆုံးစေလိုခြင်းပင်တည်း၊

**အသင်္ခတဓာတ်** ကမ္မဋ္ဌာန်းပေါက်၍ ရဟန္တာအဖြစ်သို့ ရောက်နေသူ၏ သန္တာန်၌ (သမုဒယသစ္စာခဏ်း၌ ပြခဲ့သော) တဏှာသည် လုံးဝမရှိတော့ပြီ၊ တဏှာမရှိလျှင် နောက်တဘဝ ခန္ဓာအသစ်ကို မလိုလားတော့ချေ၊ ကံကြောင့် ခန္ဓာအသစ် ဖြစ်ရသော်လည်း ထိုကံသည် သူ့ချည်းသက်သက် ခန္ဓာသစ်ဖြစ်အောင် ပြုစီမံခြင်းငှါ မစွမ်းနိုင်၊ တဏှာအဖေါ် ပါမှသာ စီမံနိုင်၏၊ ထို့ကြောင့် ရဟန္တာသန္တာန်၌ ပြုသမျှကောင်းမှုတွေသည် (အသီး မသီးသော လေပွင့်များကဲ့သို့) နောင် သံသရာဝယ် ခန္ဓာအသီးကို မသီးစေနိုင်တော့ရကား ရဟန္တာတို့၏ နောက်ဆုံး ရုပ်နာမ်ချုပ်သည်နှင့် တပြိုင်နက်(စုတေသည်နှင့် တပြိုင်နက်)ရုပ် နာမ်ခန္ဓာ အဆက်ပြတ်လေ တော့၏၊ ရုပ်နာမ် ခန္ဓာ ဆက်ဘို့ နေရာဝယ် ရုပ်နာမ်ခန္ဓာ မဆက်တော့ဘဲ "အသင်္ခတဓာတ် တမျိုး တည်ရှိရစ်တော့သည်"ဟူလို။ [အသင်္ခတ=ကံလည်း မပြုရ, စိတ်ဥတုအာဟာရတို့လည်း မပြုရဘဲ + ဓာတု = မိမိ၏ ငြိမ်းခြင်း သန္တိ သဘောကို ဆောင်နိုင်သောဓာတ်။] မီးလောင်စာ သစ်ပင် ခြောက်တွေ စုနေသော တောဝယ် လေတိုက်၍ သစ်ပင်ချင်းပွတ်မိလေရာ မီးတောက်ဖြစ်ပေါ်လာ၏၊ လောင်စာ သစ်ပင်တွေ ကုန်လျှင် ထိုမီးတောက်လည်း ငြိမ်းသွား၏၊ ဤ၌ မီးငြိမ်းအောင် တမင်လာ မပြုလုပ်ရ, လောင်စာကုန်လျှင် အလိုလို မီးငြိမ်းသကဲ့သို့, ထို့အတူ ဇာတိမီးစသည်တို့၏ လောင်စာဖြစ်သော ရုပ်နာမ် ခန္ဓာ ကုန်ဆုံးလျှင် ငြိမ်းခြင်း သန္တိသုခဖြစ်အောင် တမင်လာ ပြုဘွယ်မလို, နဂိုရ်အတိုင်း သန္တိသဘော ထင်ရှားနေတော့၏၊ ထို့ကြောင့် ရုပ်နာမ်သည် ကံစသည်ဖြင့် စီမံပြုလုပ်မှ ဖြစ်ရသော သင်္ခတဓာတ်တည်း၊

မြေဖြိုးငြိမ်းချမ်းခြင်း သဘောကား ကံစသည်တို့ မပြုလုပ်ရသော အသင်္ခတဓာတ် ဖြစ်၏-ဟုမှတ်၊ ထိုအသင်္ခတ ဓာတ်သည် ဇာတိမီး စသော မီးအပေါင်းတို့၏ လောင်ခြင်းကို မခံရသဖြင့် ပင်ကိုယ် သဘောအတိုင်း အေးမြ ငြိမ်းချမ်းနေ၏၊ ထိုအသင်္ခတ ဓာတ်သည် ပျက်သွားသည် ဟူ၍ မရှိရကား မြဲသော နိစ္စတရား ဖြစ်ပေသည်။

**သုခ ၂ မျိုး**

ခံစားရသော ချမ်းသာကို "ဝေဒယိတသုခ" ဟု ခေါ်၍, မခံစားရဘဲ ငြိမ်းချမ်းသာမှုကို "သန္တိသုခ" ဟုခေါ်၏၊ များစွာသောလူတို့သည် ခံစားဘူးကြ-ခံစားနေရ-ခံစားရ၍ ပြုံးပြနေသူ တို့ကို မြင်ကြရသဖြင့် မခံစားရဘဲ **သုခ** ဖြစ်သည်ကို မယုံကြည်လိုကြ၊ ရုပ်နာမ်ခန္ဓာမရှိ-ခံစားစရာ မရှိသော နိဗ္ဗာန် ဆိုသည်ကိုပင် အဟုတ် မလိုချင်ကြ၊ ထိုသို့ ဖြစ်နေရာဝယ် စဉ်းစားဘွယ်ကား- ခွေးဘဝ ရောက်နေလို့သာ မစင်ကို စားချင် သည်၊ ခွေးဘဝမှ လွတ်၍ လူဖြစ်သည့် အခါ စားပါ ဆိုတောင် မစင်ကို မစားနိုင်-စားချင် စိတ်လည်း မရှိ၊ စင်စစ်ကား မြင်ရုံမျှဖြင့် အော့နှလုံးနာကြသည်၊ ထို့အတူပင် ခံစားတတ်သော ဝဋ်ကျွော မကုန်သေး၍သာ ခံစားချင်နေသည်၊ တကျော့ကုန်းခမ်း၍ ရဟန္တာ ဖြစ်သည့် အခါ ခံစားပါ ဆိုတောင် မခံစားတော့၊ ခံစားချင်စိတ် လည်း မရှိတော့၊ စင်စစ်သော် ကာမဂုဏ်တွေကို စက်ဆုပ် ရွံမုန်း၍ မခံစားဘဲ ငြိမ်းသောသန္တိသုခကိုသာ နှစ်သက်နေပေတော့သည်။

**သန္တိသုခ၏ မြင်ပုံ**

ဤနေရာဝယ် သေဌေးဒကာနှင့် ကမ္မဋ္ဌာန်းဆရာ တော်တို့ ဖြစ်ပုံကို ပြသင့်၏၊ တရားနှင့် နေသော ဆရာတော် တပါးထံသို့ သေဌေး အခေါ်ခံ ဒကာ တယောက် ရောက်လာ၏၊ ထိုအချိန်မှာ ဆရာတော်သည် သစ်ပင်

အောက်ရှိ ခုတင်ကြမ်းကလေးပေါ်ဝယ် ရေသနုပ်သက်န်းဟောင်းကလေးကို ခင်းကာ သစ်တုံးငယ် ခေါင်းအုံးကို အနားထား၍ တပါးထည်း ထိုင်နေ၏၊ ရောက်လာသော သေဌေး ဒကာသည် "အမယ်လေး ကောင်းလိုက်တာဘုရား, ချမ်းသာလိုက်တာဘုရား" ဟု အားရပါးရ ဥဒါန်းကျူးလေ၏၊ " ဘာကို ခံစားရ၍ ချမ်းသာလိုက်တာဘုရား"ဟု ဥဒါန်းကျူးရသလဲ၊ ဘာမျှ မခံစားရပါ, မြေပြင်မြမ်းချမ်းပုံကို မြင်ရ၍ အားကျသော သဘောဖြင့် ကျူးရင့်ခြင်း ဖြစ်ပါသည်၊ ထို့ကြောင့်ပင် မကြာခင် ထို သေဌေးလည်း ထို ဆရာတော့်ထံ ဒုလ္လဘရဟန်း ပြုလေသည်၊ ဤသို့လျှင် ထိုတရားတော်၏ လက်တွေ့ သန္တိသုခသည် သေဌေးစည်းစိမ်ထက်ပင် သာ၍ ကောင်းလှပေသည်။

**သန္တိသုခကို အတွလည်း မခံစား**

တချို့က မှု သန္တိသုခကို မှန်းဆ၍ သဘောပေါက်ကြ၏၊ သို့သော်(ရုပ်လည်း ဟုတ် နာမ်လည်း မဟုတ် ရုပ်နာမ်ချုပ်၍ အနှစ် အမတေကဲ့သို့ ကျန်နေသော အတ္တရှိ၏၊ ထို အတ္တသည် သန္တိသုခကို ခံစား၏- ဟု တွေးဆကြ၏၊ တရားတော်အလို အတ္တဆိုသော အရာသည်ပင် မရှိသောကြောင့် ထို အတွေးအဆသည် အတွေးအဆမျှသာဖြစ်၏၊ မခံစားရဘဲချမ်းသာပုံကို ဥပမာတမျိုးဖြင့် ပြဉ်းအံ့— အလွန် စည်းစိမ်ကြီးသော လူချမ်းသာကြီးတယောက်သည် တီးကြမှုတ်ကြ ကခုန်ကြနှင့် ယုယ ဖျော်ဖြေသူကလေးများ၏ အလယ်မှာ ထယ်ထယ်ဝါဝါ အိပ်ပျော်နေ၏၊ ဆင်းရဲသား လယ်သွားကလေး တယောက်ကား နေပူကြဲတော့သစ်ပင်အောက်မှာ လယ်ကံသင်းရိုးကို ခေါင်းအုံးကာ အိပ်ပျော်နေရှာ၏၊ အိပ်ပျော်ချိန်၌ ထို ၂ ယောက်

လုံးပင်ဘာမျှ မခံစားကြရ၊ အိပ်ရာမှ နိုးကြသော် ကိုယ်စီ ကိုယ်င "အိပ်ရ-ကောင်းလိုက်တာ"ဟု ကြူးရင့်ကြ၏၊ ဘာကောင်းသလဲ, ငြိမ်းချမ်းသာသော အကောင်းမျိုးပင် ဖြစ်သည်၊ ထို စည်းစိမ်ရှင်သည် ထို စည်းစိမ်ထဲ၌ နေ့ဆက်လဆက် တစိမ်ထဲစိမ်၍ မနေနိုင်၊ အိပ်လို့ဖြစ်နိုင်ပါလျှင် နှစ်ပေါင်းများစွာအိပ်နေနိုင်၏၊ ခံစားမှုနှင့် ငြိမ်းမှုကား ဤမျှလောက် ကွာခြားပါသည်၊

**ရုပ်နာမ် အပြစ်မြင်မှ သန္တိ အကျိုးထင်**

အခါတပါး၌ ဘုန်းကြီး၏ ဖြစ်ပုံကို ရေးပြဦးမည်၊ မိဘမျိုးရိုးနှင့် တကွ ပစ္စည်းဥစ္စာ ဉာဏ် အရည်အချင်း အထက်တန်းကျသော တပည့်ကိုရင်ကလေးတပါးသည် ဆောင်းအခါ၌ ဝမ်းရောဂါလိုလို ဖြစ်နေ၏၊ ဘုန်းကြီးကား သူ့ဆွေမျိုးဉာတိများနှင့် ဆရာရင်းများ အတွက်တွေး၍(တကယ်လို့မတော်တဆဖြစ်လျှင်-ဟု စဉ်းစားကာ) လွန်စွာ ကြီးသော တာဝန်တမျိုး ဖြစ်လာ၏၊ ဆိုင်ရာ ဆေးဝါးများနှင့် အစောင့်အရှောက် ထား၍ အိပ်သော်လည်း တခဏမျှ ပျော်ပြီးနေဘိ နိုးလာ၏၊ အလွန် ချမ်းသေသော အခါဝယ် မကြာခဏ ထ၍ ကြည့်ရ၏၊ အိပ်ရာနားထိုင်၍ စဉ်းစားမိသည်မှာ—ယခုဖြစ်ရသော စိတ်ဒုက္ခ ကိုယ်ဒုက္ခသည် တပည့်ခေါ်သော ရုပ် နာမ် ခန္ဓာကိုယ်ကြောင့်သာ ဖြစ်ရ၏၊ သူတို့မရှိလျှင် ဤ ဒုက္ခမျိုး မဖြစ်ရ၊ သူတို့မရှိ၍ ငါချည်း အမြဲဖြစ်နေမလား၊ ဒီလိုလည်း မနေသာ၊ "အင်း—သူတို့လဲမ ငါ, ငါဆိုတဲ့ ရုပ် နာမ် ခန္ဓာလည်း မရှိမှသာ ဤလို ဒုက္ခမျိုးမှ လုံးဝအောင်းဝေတော့မည်"ဟု သဘောပေါက်ကာ ရုပ် နာမ် လုံးဝမရှိဘဲ ငြိမ်မည့် နိဗ္ဗာန် အရသာကို မှန်းဆနိုင်ခဲ့ပါသည်၊ စာရှုသူအားလုံးလည်း ပြခဲ့သော အစဉ်ကိုရှု၍ ဖြစ်စေ-ရုပ်

နာမ် ခန္ဓာ (သံယောဇဉ်)များကြောင့် ဒုက္ခရောက်သည့်အခါဖြစ်စေ နိဗ္ဗာန်၏ ငြိမ်းချမ်းမည့် အရသာကို မှန်းဆနိုင်ကြပါစေ။

**မဂ္ဂသစ္စာ ရှင်းလင်းချက်**

"မဇ္ဈိမပဋိပဒါ" ဟူသော နာမည်ဖြင့် ပြခဲ့သော မဂ္ဂင်ရှစ်ပါးကိုပင် "မဂ္ဂသစ္စာ"ဟု ခေါ်၏၊ [ မဂ္ဂ= နိဗ္ဗာန်သို့ ရောက်ကြောင်းလမ်း+သစ္စ = အမှန်၊ ] သမ္မာဒိဋ္ဌိ အစရှိသော တရားရှစ်ပါးသည် မိမိသန္တာန်၌ ဖြစ်ပေါ်လာသည့်အခါ အရိယာ အဆင့်အတန်းသို့ တိုးတက်တော့၏၊ ထို အရိယာအဆင့်သို့ရောက်လျှင် နိဗ္ဗာန်ကို ထင်ထင်ရှားရှား( မျက်စိဖြင့် မြင်ရသလို)မြင်နိုင်ပြီ၊ ချဲ့၍ဆိုအံ့—သမ္မာဒိဋ္ဌိသည် ကံနှင့် ကံ၏ အကျိုးကို လက်ခံသော သိမြင်နိုင်သော ကမ္မဿကတာ သမ္မာဒိဋ္ဌိ, အနိစ္စ ဒုက္ခ အနတ္တ ဟု ရုပ်နာမ်တရားကို ရှုနိုင် သိမြင်နိုင်သော ဝိပဿနာသမ္မာဒိဋ္ဌိ အပြင်, မဂ္ဂသစ္စာ အဆင့်အတန်းသို့ ရောက်သော မဂ္ဂသမ္မာဒိဋ္ဌိလည်း ရှိသေး၏၊ ထို ၃ မျိုးတွင် ရှေ့ ၂ ပါးကို မဇ္ဈိမ ပဋိပဒါအခန်း၌ ပြခဲ့ပြီ၊ ရုပ်နာမ် ခန္ဓာကို အနိစ္စ ဒုက္ခ အနတ္တ ဟု ဝိပဿနာသမ္မာဒိဋ္ဌိဖြင့် ရှုဖန်များလတ်သော် ကိလေသာ အနေခံ အကျုံ့တွစိတ်အစဉ်မှကင်း၍(ဝိပဿနာသမ္မာဒိဋ္ဌိအဖြစ်မှ အဆင့် အတန်း တိုးတက်ရင့်သန်လာ၍ ) မဂ်ဉာဏ်အဖြစ်သို့ ရောက်သော (မဂ္ဂသစ္စာတွင် ပါဝင်သော ) မဂ္ဂသမ္မာဒိဋ္ဌိ ဖြစ်လာ၏၊ ဤနည်း အားဖြင့် အဆင့်အတန်းမြင့်၍ ရင့်သန်လာသော မဂ္ဂင်ရှစ်ပါးသည် နိဗ္ဗာန်သို့ရောက်ကြောင်း လမ်းကောင်း လမ်းမှန် အစစ်ဖြစ်ရကား "မဂ္ဂသစ္စာ"ဟု အမည်ရလေသည်။

**မဂ်ရအောင်ဝိပဿနာဖြင့်တက်**

အလွန်ချောမွေ့သော အဝတ်ထည်ကို အလွန်သိမ်မွေ့သေးငယ်သောအပ်ဖြင့်သာ ချုပ်ထိုက်၏၊ ထို အပ်ကလေးနဖါးကို ဖေါက်ထွင်းသော (အပ်နဖါးထွင်း)စူးကလေးကား ထိုအပ်ကလေးထက်ပင် သိမ်မွေ့ သေးငယ်သော သံမဏိကလေး ဖြစ်ထိုက်၏၊ ထို့အတူ အလွန်သိမ်မွေ့သော နိဗ္ဗာန်ကို သိမြင်နိုင်သော မဂ်ဉာဏ်ဟူသည် အလွန်သိမ်မွေ့ထက်သန်သော ဉာဏ်သာ ဖြစ်ထိုက်၏၊ ထိုမဂ်ဉာဏ်မျိုး ရအောင် ကြိုးစားသော ပုဂ္ဂိုလ်သည် အလွန် ထက်သန်သော (လောကီဉာဏ်တို့တွင် အထက်ဆုံးဖြစ်သော)ဝိပဿနာ ဉာဏ်ကို မိမိသန္တာန်၌ ဖြစ်အောင် ကြိုးစားထိုက်၏၊ ထို ဝိပဿနာဉာဏ် ရအောင် ကြိုးစားသူလည်း ထိုသို ဤ၌ အရှုပ် အခွေ ကိစ္စကြီးငယ် တွေဖြတ်တောံ့ပါရှင်း၍ကင်းကင်းကြီးနေနိုင် လွတ်လွတ်ကျွတ်ကျွတ် အားထုတ်နိုင်မှ ဖြစ်မည်၊ ထို့ကြောင့် တကယ် မလုပ်နိုင်ကြသေး သော်လည်း စိတ်ကူးအားဖြင့် မိမိကိုယ်ကို ယောဂီ သူတော်စင် ဖြစ်အောင် ရိုးရိုးကလေး ဆင်ပြင်ကြည့်ကာ သစ်ပင်တောတန်း သန့်ခန်း ရိပ်သာဝယ ဝိပဿနာ ကမ္မဋ္ဌာန်းကို တကယ်တန်း အားထုတ်နေပုံကလေးကို တွေးကြည့်ပါလေ၊ ဤသို့ နေရခြင်းသည် သမုဒယ သစ္စာ တဏှာလောဘစိတ်ဖြင့် ပျင်းစရာထင်ရသော်လည်း တဏှာလောဘကို အတင်း ပယ်မည့် ဝိပဿနာဉာဏ်ဖြင့်ကား ကြည်နူးပျော်မွေ့ဘွယ် ကောင်းလှပေသည်။

ထိုနေရာ၌(အလွန်အိပ်ချင်လှမှ အိပ်သောအချိန်ကလေးကိုသာ အနားပေး၍ ) အချိန်မလပ်အောင် ဝိပဿနာခန်း၌ ပြခဲ့သည့် အတိုင်း အားထုတ်လေရာ , စိတ် အဆင့်အတန်း ဉာဏ် အဆင့်

အတန်းမှာ တဆင့်ထက် တဆင့် ရင့်၍ရင့်၍ လာပါလိမ့်မည်၊ ထိုသို့ ရင့်စပြုလာလျှင် တိုး၍သာ ကြိုးစားပေတော့၊ ဤသို့ ကြိုးစားခိုက်၌ မဂ္ဂါခပဋိပဒါ ခေါ် ( ဝိပဿနာ မဂ္ဂင်ရှစ်ပါး ) အပြည့်အစုံ မိမိမှာ ဖြစ်နေပေသည်၊ ထိုသို့ ဆက်၍ ဆက်၍ ကြိုးစားသည့် အခါ ဤ ဝိပဿနာ မဂ္ဂင်ရှစ်ပါးသည်ပင် ဒ. ဆင့်အတန်းရင့်ကာ သောတာ ပတ္တိမဂ် ဟု ခေါ်သော မဂ္ဂသစ္စာအဖြစ်ဖြင့် မိမိသန္တာန်မှာ ဖြစ်လာ ပါလိမ့်မည်၊ ထိုအခါ၌ကား မိမိသန္တာန်၌ဖြစ်လေ့ရှိသော ကိလေသာ တချို့သည် ဘယ်လိုအာရုံနှင့် တွေ့လို့မှ မပေါ်နိုင်အောင် အလိုလို ခမ်းခြောက် ပျောက်ကွယ် သွားပါလိမ့်မည်၊ ကိလေသာ အနေ့ံ အကျုံနည်းသွားသလောက် မဂ္ဂသစ္စာသည်လည်း သန့်ရှင်းရကား ထို၌ ပါသော သမ္မာဒိဋ္ဌိလည်း တခါတရံမျှ မမြင်ရဘူးသော နိရောဓ နိဗ္ဗာန်ကို အထင်အရှားပင် မြင်လာနိုင် ပါလိမ့်မည်၊ ထိုမှ ဆက်၍ တိုးတက် အားထုတ်ပြန်လျှင် အဆင့်ဆင့် အတန်းမြင့်၍ ရင့်သော မဂ္ဂသစ္စာတို့ကို ရကာ ရဟန္တာ အဖြစ်သို့ ရောက်သဖြင့် လောက၌ တွေ့ရသော ဒုက္ခသစ္စာ အားလုံးမှ လွတ်မြောက်ကြရ ပါသည်။

**သစ္စာ ၄ ပါး**
**အကြောင်း၊ အကျိုးဆက်ပုံ**

ယခုအချိန် အခါသည် မြန်မာနိုင်ငံကို လက်အောက်ခံ ကျွန်ဘဝမှလွတ်အောင် ကြိုးစား၍ လွတ်လုခါနီး ဖြစ်နေသော အချိန်အခါတည်း၊ ဘာ့ကြောင့် ကျွန်ဘဝသို့ ရောက်ခဲ့ရာ လဲ.... ၁၂၄၇ - ခုနှစ် ( ထောင့်နှစ်ရာ လေးဆဲ့ ခုနစ်ခုနှစ် ) မရောက်မီ အတွင်းက မြန်မာပြည်သူ ရှင်လူ ဟူသမျှတို့သည် တိုင်းရေး ပြည်ရာဝယ် အမြင်မကျယ်ခဲ့ကြ( အသိဉာဏ် နည်းခဲ့ကြ၏၊ )မြန်မာ

ပြည် အောက် ငင်းကို ပေးလိုက်ရသည့် တိုင်အောင်လည်း သတိမရ ခဲ့ကြ၊ တိုင်းခရီးပြည်ရာဂယ် အမြင်မကျယ်ခြင်းသည် အကြောင်း, ကျွန်ဘဝ၌ ဒုက္ခဖြစ်ရခြင်းသည် အကျိုး၊ ယခုအခါ လွတ်လပ် အောင် ကြိုးစားကြခြင်းသည် အကြောင်း , နောင်လွတ်လပ်ခွင့် ရခြင်းသည် အကျိုး၊ ဤသို့လျှင် လက်ရှိနိုင်ငံရေး၌ မကောင်းသော အကြောင်းနှင့် အကျိုးသည်ဂင်း, လွတ်လပ်ရေးနှင့် ဆိုင်သော ကောင်းသောအကြောင်းနှင့် အကျိုးသည်ဂင်း ဆက်သွယ်နေသကဲ့ သို့,ထို့အတူပင် တဏှာလောဘ သမုဒယသစ္စာသည် အကြောင်း, ဇာတိမိ အစရှိသည်တို့၏ လောင်စာဖြစ်သော ရုပ်နာမ်ခန္ဓာသည် အကျိုးတည်း၊ ( ဤကား မကောင်းကြောင်းနှင့် မကောင်းကျိုး တည်း၊)သမုဒယသစ္စာ တဏှာလောဘကြောင့် ကျွန်ဘဝ ရောံနေ သော ဒုက္ခသစ္စာခန္ဓာအနေမှ လွတ်လပ် ထွက်မြောက်အောင်ကြိုးစား သော ဝိပဿနာ အခြေခံပါသော မဂ္ဂသစ္စာသည် အကြောင်း, ဒုက္ခအားလုံးမှ ကုန်ဆုံး လွတ်လပ်ရာ နိဗ္ဗာန်ရောသစ္စာသည် အကျိုး, (ဤကားကောင်းသော အကြောင်းနှင့် အကျိုးတည်း။)

**မဇ္ဈိမလမ်းကို လိုက်စမ်းကြည့်ပါ**

ဤသို့လျှင် မကောင်းကြောင်းနှင့် မကောင်း ကျိုး ၂ ပါးကို လောကီ သစ္စာ, ကောင်း ကြောင်းနှင့် ကောင်းကျိုး ၂ ပါးကို လောကုတ္တရာသစ္စာ( လောကမှ လွတ်မြောက်သော သစ္စာ )ဟု ခွဲခြား၍ လောကီ အကြောင်း ဖြစ်သော တဏှာ သမုဒယ များလေ ဒုက္ခ များလေ , တဏှာသမုဒယနဲလေ ဒုက္ခနဲလေ၊ တဏှာ သမုဒယ လုံးလုံးမရှိလျှင်(ကိုယ့်ကိုယ်ကို သော်မှ မခင်တွယ်တော့လျှင် နောင် ရဘို့ရန်လည်း အမှန်မလိုလားတော့လျှင်)ဒုက္ခသည်လည်း လုံးလုံး

မရှိတော့ပြီ၊ မဇ္ဈိမပဋိပဒါခေါ် မဂ္ဂင်ရှစ်ဖြာ ဝိပဿနာရင့်သန်လေ နီးရောခရှင့် နီးလေ,ဝိပဿနာ အစွမ်းကုန်ရင့်၍ မဂ္ဂသစ္စာဖြစ်လေ နီးရောခသစ္စာကို သိနိုင်လေပင်တည်း၊ ဗုဒ္ဓရှင်တော် မြတ်သည် နိဗ္ဗာန်တရားကိုသာ ဟော၍ နိဗ္ဗာန်သို့ သွားကြောင်း လမ်းကို မပြခဲ့ မဟုတ် , ပြခဲ့ပေသည်၊ ထို့ကြောင့် ယခုကာလ နိဗ္ဗာန်၏ သဘောကို ကြီဆနေသူတို့သည် မဂ္ဂင်ရှစ်ပါး လမ်းကြောင်းကို မတိမ်းမစောင်းလိုက်၍ ကြည့်သင့်ကြ၏၊ ရန်ကုန် မရောက်ဘူးသေး သူသည်" ရန်ကုန်ရောက်စမ်းချင်ပါဘိ, ရွှေတိဂုံ ဖူးစမ်းချင်ပါဘိ" ဟု မြည်တမ်းနေရုံမျှဖြင့် ကိစ္စမပြီး , ရန်ကုန်သွားဘို့ရာ ရိက္ခာ စုဆောင်း၍ မြန်မြန် သွားနိုင်မှ ရွှေတိဂုံ ဖူးရပေမည်၊ ထို့အတူ ယခုအခါ " နိဗ္ဗာန်ကို မြန်မြန် ရပါလို၏ " ဟု ဆုတောင်းရုံဖြင့် တင်းတိမ် ရမည့်အချိန် မဟုတ်၊ မိမိအစွမ်းဖြင့် သတ္တာအကျိုးများ အောင် ဆောင်နေသူမှ တပါး, သူတော်ကောင်း မှန်သမျှ နိဗ္ဗာန် သွားဘို့ရာ လမ်းကြောင်းဖြစ်သော မဇ္ဈိမပဋိပဒါမဂ္ဂသစ္စာလမ်းကို လိုက်ကြမှ အပြောနှင့်အလုပ် ညီမျှ၍ နိဗ္ဗာန်ကို မြင်နိုင်ကြပေမည်။

သတိပြုဘွယ်　　ထိုလမ်းသို့လိုက်နေသူ ( ယောဂီ ) ပုဂ္ဂိုလ်မှန်လျှင် လောကီဂုဏ် ပကာသနကို ( ကိုယ့်ကိုယ်တိုင်က မသိနိုင်သော တဏှာဖြင့် ) မသိမသာ လိုလား နေတတ်ကြ၏၊ ထို တဏှာကို ပီပီသသ ဖြတ်နိုင်ရမည်၊ ထို့ပြင်- ခန္ဓာကိုယ် ရုပ်နာမ် အနိစ္စ ဒုက္ခ ထင်မြင်ပါသော်လည်း အတ္တ စွဲလမ်းချက် မကင်းဘဲ ရှိတတ်သေး၏၊ ထိုသို့ အတ္တ စွဲလမ်းနေသည်ကို ကိုယ့်ကိုယ်တိုင်ပင် သိနိုင်ခဲ၏၊ အတ္တစွဲ ကျန်နေသေးလျှင် တရားပေါက်ပြီ ဟု ထင်နေ

သော်လည်း မပေါက်သေး၊ သောတာပန်ဖြစ်လာလျှင် သက္ကာယဒိဋ္ဌိ ခေါ် အတ္တစွဲမရှိ ၊ ထို့ကြောင့်အနတ္တလက္ခဏာသုတ်တော်ကို အဓိပ္ပါယ် ရှင်းလင်းချက်များနှင့် တကွ လေးလေးပင်ပင် ဆင်ခြင်ရှုပွားကြပါကုန်၊

စမ္မစကြာမှတ်ဘွယ် ပြီး၏။

## အနတ္တလက္ခဏာ သုတ်တော်

**အတ္တ၏ပုံသဏ္ဌာန်နှင့် တည်ရာဌာန**

အနတ္တ လက္ခဏာသုတ်ကို သိလိုသူသည် ရှေးဦးစွာအတ္တ အယူဝါဒကို နားလည်သင့်၏၊ အတ္တနှင့် စပ်၍ နားလည်ဘွယ်ကား အတ္တ၏ ပုံသဏ္ဌာန် , အတ္တ၏ တည်ရာ , အတ္တ၏ နာမည်, အတ္တ၏သတ္တိ , အတ္တဟု စွဲချက်များတည်း၊ အတ္တ ဟူသည် အစစ်အမှန် ထင်ရှားရှိသော အရာမဟုတ်,ဗုဒ္ဓ မပွင့်ရာ ခေတ်ကိုပရမတ္ထ သဘာဝကို ကျနစွာ မသိနိုင်သော ရှေးပညာရှိတို့ အမျိုးမျိုး အဖုံဖုံ တွေးဆကြည့်သည့်အခါ “ ဒီလိုဖြစ်တန်ရာ၏”ဟု ကြံစီမှန်းဆအပ်သောအရာသာတည်း၊ ထို့ကြောင့် အစစ် အမှန် မဟုတ်သော အတ္တ၏ပုံသဏ္ဌာန်ကို ကြံစီကြရာ၌ ဆရာတဦးနှင့်တဦး အယူအဆ မတူကြသည်မှာ ဓမ္မတာပင် ဖြစ်၏၊ ဥပမာ - မိန်းမမြုံ၏သားကလေးပုံသဏ္ဌာန်ကို ကြံကြံဖန်ဖန် တွေးကြည့်ရာ၌ တယောက်နှင့် တယောက် မတူနိုင်သကဲ့သို့တည်း။

ထို့ကြောင့် ဆရာ တချို့က “ အတ္တသည် အလွန့်အလွန် သေးငယ်၏, ပရမာဏုမျှခေါ် ( လူတို့မျက်စိဖြင့် ကြည့်၍ မမြင်နိုင်

သော ) အသေးဆုံး မြူမှုန်မျှလောက်သာ ရှိ၏ ” ဟု ယူဆကြ၏၊ နိဂဏ္ဌနာဋပုတ္တဟု ထင်ရှားသော(ဂျိန်း)ကျမ်းဆရာတို့ကမူ“အတ္တသည် ခန္ဓာကိုယ်တခုလုံး ပြန့်နှံ့နေရကား ခန္ဓာအိမ် ကြီးသလောက် အတ္တလည်း ကြီး၏ ” ဟု ဆိုကြ၏၊ ဝေဒန္တ ကျမ်းဆရာ တို့ကား “ အတ္တ ဟူသည် ကမ္ဘာကို ဖန်ဆင်းသော ဗြဟ္မာကြီး၏ အစိတ်အပိုင်း ဖြစ်ရကား ဗြဟ္မာ့တန်ခိုး ကြီးသလို အတ္တလည်း တန်ခိုးကြီး၏ , ကြီးမားသင့်သည့်အခါ ကြီးမားသော ပမာဏရှိ၏၊ ခန္ဓာဟောင်းကို စွန့်ခွာ၍ ခန္ဓာအိမ်သစ်ကို ရှာနေခိုက်မှာ အလွန်သေးငယ်သော ပမာဏရှိ၏”ဟုဆိုကြ၏၊တချို့က“အတ္တသည် ဗြဟ္မာ၏ အစိတ်အပိုင်း ဖြစ်သည် အားလျော်စွာ တခုထည်းသာ ရှိ၏ ” ဟု ယူ၍ တချို့ကား“ခန္ဓာအိမ်တခုလျှင် အတ္တတခုစီ ရှိ၏”ဟု ယူဆကြလေသည်၊ ဤကားအတ္တ၏ ပုံသဏ္ဌာန်ကို ကြံစီကြပုံတည်း။

ဂျိန်း ဆရာတို့အလို အတ္တသည် ခန္ဓာကိုယ် တကိုယ်လုံး၌ ပြန့်နှံ့တည်နေ၏ ဟုဆိုလို၏၊ မိတက္ခရာကျမ်း၌ကား–နှလုံးသား၏ ဝဲယာ ၂ ဘက်မှ အထက်သို့တက်၍ နှာခေါင်းပေါက်နှင့် ဆက်စပ်တည်နေသော အကြောကြီး ၂ ခု တည်ရှိကုန်၏၊ ထို အကြောတို့သည် ထွက်သက် ဝင်သက်လေတို့၏ သွားလာရာလမ်း ဖြစ်ကုန်သတတ်၊ အခြား အကြောကြီး တခုကား နှလုံးသားမှ အထက်သို့ တက်၍ ဦးခေါင်း၌ ရှိသော အပေါက်သို့ ဆိုက်ရောက်၏၊ ( ယေထိပ်သို့ ရောက်သည် ဟု ဆိုလိုဟန်တူသည် )၊ ထိုအကြော ၃ ခုတို့၏ အလယ်၌ လေချောင်းကဲ့သို့ အခေါင်ဝန်း ရှိ၏၊ ထိုအခေါင်ဝန်း၏ အလယ်၌ အတ္တသည် ( လေငြိမ်ရာ၌ ထွန်းအပ်သော ဓာတ်မီးကဲ့သို့ ) မတုန်

မလုပ် တည်နေသည်ဟု ဆိုသတတ်၊ ဤကား အတ္တ၏ တည်ရာဌာန ကို ကြံဆကြပုံတည်း။

**အတ္တ၏ နာမည်နှင့် သတ္တိ** ပါဠိဘာသာဖြင့် "အတ္တ" ဟု ထင်ရှားသော ထို အရာကို မြန်မာတို့က "အသက်ကောင်, ဝိညာဉ် ကောင်, လိပ်ပြာ" ဟု ခေါ်ကြသည်၊ ထိုအတ္တ၏ သတ္တိကား (ကာရက) ပြုဘွယ် ကိစ္စ အဝဝတို့ကို ဖြစ်စေနိုင်၏၊ (ဝေဒက) ခံစားစရာ ဟူသမျှကို ကောင်းကောင်း ဆိုးဆိုး ခံနိုင် စံနိုင်၏၊ (သာမိ)ခန္ဓာအိမ်၏ အရှင်သခင်လည်း ဖြစ်၏၊ (နိဝါသီ) ခန္ဓာအိမ်၌ အမြဲနေ၏၊ (သယံဝသီ)ခန္ဓာအိမ်နှင့် ဆိုင်သော ကိစ္စ ဟူသမျှကို သူ့အလိုသို့ လိုက်စေနိုင်၏, ဟု ယူဆကြသည်။

ချဲ့ဉုးအံ့—(မိမိကိုယ်ကို စဉ်းစားကြည့်ပါ) အဆင်းကို မြင်ရာ၌ မျက်လုံးအတွင်းရှိ စက္ခုပသာဒခေါ်သော ပသာဒဖြင့် အသက် ကောင် ဝိညာဉ်ကောင်ဖြစ်သော အတ္တက မြင်၏၊ အတ္တသည် မြင်ခြင်းကိစ္စကို ဖြစ်စေ၏၊ ထို့အတူ နားဖြင့် ကြားရာ နှာခေါင်းဖြင့် အနံ့ယူရာ လျှာဖြင့် အရသာခံရာတို့၌ အတ္တသည် ကြား၏, အတ္တ သည် အနံ့ကိုသိ၏, အတ္တသည် အရသာ၏ အကောင်း အဆိုးကို ခံစား၏, ဒုတ်ဖြင့်သည်ဖြင့်ထိ၍ နာကျင်ရာ၌ အတ္တသည် နာ၏, မီးဖြင့် ထိရာ၌ အတ္တသည် ပူ၏, ရေဖြင့် ထိရာ၌ အတ္တသည် အေး၏, ဖဲမွေ့ရာ စသော အခင်းအနှီး နုနုညံ့ညံ့ကို တွေ့ထိရာ တယောက်ကိုယ်နှင့် တယောက်ကိုယ်ကို တွေ့ထိရာတို့၌ အတ္တသည် အရသာကိုခံစား၏, စိတ်ကူး၍ တရားကို အာရုံပြု၍ အာရုံကခုခု ထင်လာရာတို့၌ အတ္တ သည် ထိုအာရုံကို သိ၏, ဤသို့စသည်ဖြင့် ပြုဘွယ် ခံဘွယ် စံဘွယ်

သိဘွယ်ဘိုကို **အတ္တ**သည်**သာ** ပြီးစေနိုင် ခံစံနိုင် သိနိုင်ရကား ခန္ဓာ အိမ်ကို ပိုင်ဆိုင်နေသော အိမ်ပိုင်ရာပိုင် ဖြစ်၏၊ စားချင် သွားချင် အိပ်ချင်ခြင်းစသော အလိုဟူသမျှသည် အတ္တ၏ အလိုဆန္ဒချည်းပင် တည်း၊ အတ္တသည် ( ခန္ဓာကိုယ်ကို မခွဲ့မြွှ မဒိုမင်း အောင် မတတ်နိုင်သော်လည်း)ခန္ဓာကိုယ် အဟောင်းပျက်ချိန် ခန္ဓာသစ်ကို ရှာမှီး၏၊ ထိုသို့ ရှာမှီးသည့်အခါ **အတ္တ** ပြုထားသော ကံအား လျော်စွာ ခန္ဓာသစ်ကို ရပြန်၏၊ ထို့ကြောင့် အတ္တသည် ခန္ဓာအိမ် တခုဟောင်းလျှင် တခုပြောင်း၍ဖြစ်ကာ ခန္ဓာအိမ်၌ အမြဲနေသော အချာ**ဝတ္တု**ဖြစ်၏၊ ဤသို့စသည်ဖြင့် ကံ ဉာဏ် ဝီရိယနှင့် စိတ်၏ အစွမ်းဟူသမျှကို **အတ္တ**၏ သတ္တိချည်းဟု အထင်မှားလျက် အစစ် အမှန်မရှိ**သော** အတ္တကိုပင် သတိ အမျိုးမျိုးဖြင့် အမှန်းတင်ကာ စိဘ်ထည်း၌ ထင်လာ မြင်လာအောင် ကြံစီ စိတ်ကူး ကြလေ တော့သည်။

**ရုပ်ကို အတ္တဟု စွဲချက်**

အတ္တစွဲလမ်းရာ အချက်မှာ ရုပ် - ဝေဒနာ - သညာ သင်္ခါရ - ဝိညာဉ် ဟု ၅ ဌာနရှိ၏၊ အချုပ်အားဖြင့် ရုပ်ကို **အတ္တ** ဟု စွဲလမ်းခြင်း, ( ဝေဒနာ စသော ၄ ပါးတွင် တပါးပါးသော )နာမ်တရားကို **အတ္တ** ဟု စွဲလမ်းခြင်း ဟု ၂ မျိုးရှိ၏၊ ထိုတွင် ရုပ်ခန္ဓာကို အတ္တဟု စွဲလန်းသူတို့ အလိုအားဖြင့် ရုပ်ခန္ဓာကိုယ်၏ **အ**ရပ်တိုင်းမှာ **အမ**တေကဲ့သို့ ခိုင်မာ၍ ခန္ဓာအိမ် တခုလုံးကို အုပ်ချုပ် စီမံနေသော ရုပ်မှုန့်ကလေးတွေရှိ၏၊ ဤခန္ဓာ ကိုယ် ပျက်စီးချိန်ကျသဖြင့် ဆွေးမြေ့ပျက်စီးရသည့် အခါ ထို **အတ္တ** ရုပ်မှုန့်ကလေးများသည်(ဥစ္စာဒိဋ္ဌိအယူရှိသူတို့အလို တခါထည်း ပျက်ပြုန်းရတော့၏ဟု ဆိုလိုသော်လည်း, သဿတဒိဋ္ဌိ အယူရှိသူတို့

အသိုအားဖြင့် မပျက်ပြားဘဲ ) မိမိပြုထားသော ကံအားလျော်စွာ ဘဝသစ်၌ ရုပ်ခန္ဓာသစ်ဖြစ်၍ ကြီးပွားပြန်သည် ဟု ယူဆကြသည်၊ နောက်ဆုံး၌ ဘဝ ကမ္ဘာကြီးပျက်စီးချိန်ကြ၍ ကမ္ဘာမီးလောင်သည့် အခါ၌ အတ္တရုပ်မှုန့်ကလေးတွေသည် မျက်စိဖြင့် မမြင်နိုင်လောက်အောင် အလွန်ငယ်သော ပရမာဏုမြူ အနေအားဖြင့် ကမ္ဘာလောကဝယ် အနှံ့အပြားကျန်ရစ်၏၊ ထိုသို့ ကျန်ရစ်သောကြောင့်သာ ကမ္ဘာသစ်တည်ပြီးသည့်အခါ ပရမာဏုမြူတခုနှင့်တခု ရောနှောပေါင်းစပ်မိ၍ ဒွိအဏုက(အဏုမြူ ၂ ခုတွဲ ) ဖြစ်၏၊ ဒွိအဏုမြူချင်း ပေါင်းမိပြန်ရာ စတုအဏုက ( အဏုမြူ ၄ ခုတွဲ ) ဖြစ်၏၊ ဤသို့စသည်ဖြင့် အဏုမြူ အတ္တကလေးတွေ ပေါင်းမိရာမှ စ၍ သတ္တ အမျိုးမျိုး ပေါ်ပေါက်လာကာ ကမ္ဘာလောကကြီး၌ လူ၊ နတ် ဗြဟ္မာထိအောင် သတ္တဝါတွေ ပြည့်လာသည်ကိုတွေ့ကြရသည်၊ ဤကား အဏုမြူကစ၍ သတ္တဝါတွေ ဖြစ်လာသည်ဟု ယူဆသောဝါဒတမျိုးဘည်း၊ "ဗြဟ္မာက လောကကို ဖန်ဆင်းပြီးနောက် သတ္တဝါတွေကို ဖန်ဆင်းသည် " ဟု ယူဆကြသော ဝါဒ၌လည်း ဗြဟ္မာမင်းသည် ထိုအဏုမြူကလေးတွေကိုပင် ပေါင်းစပ် အသက်သွင်း၍ သတ္တဝါဖြစ်လာအောင် ဖန်ဆင်းဟု သည်ယူဆဟန်တူသည်၊ ဤပြခဲ့သော ဝါဒ၌ အတ္တစွဲရာဌာနသည် ရုပ်တရားပင်ဖြစ်၏ ဟု ဆိုလိုသည်။

ဝိညာဏ်ကို အတ္တဟုစွဲပုံ

ခံစားတတ်သော ဝေဒနာကို အတ္တဟုရင်း, ဟိုဟာ သည်ဟာ မှတ်သားတတ်သော သညာကို အတ္တဟုရင်း , ထိုထို ကိစ္စ၌ လှုံ့ဆော် ပေးတတ်သော စေတနာသင်္ခါရကို အတ္တဟုရင်း, (တွေ့ထိမှု ဖဿစသည်ကို အတ္တဟုရင်း), စိတ်ဝိညာဉ်ကို အတ္တဟုရင်း အတ္တဟုစွဲလမ်းကြ၏၊ ထိုတွင်

ဝိညာဉ်ကို အတ္တဟု စွဲလမ်းခြင်းသည် ယခုအခါ ဗုဒ္ဓကျမ်းစာ တို့၌ (အထူးအားဖြင့် အဘိဓမ္မာ သဘော၌ ) မကျွမ်းကျင်သူ မြန်မာ လူမျိုးတို့ စွဲလမ်းပုံနှင့် ထင်တူကျ၏၊ မြန်မာလူမျိုးတို့သည် လူ တယောက် သေဆုံးသည့်အခါ အသက်ကောင် ဝိညာဉ်ကောင် ဟု ထင်မှတ်ထားသော အရာသည် ဤခန္ဓာအိမ်မှ ထွက်ခွါသွား၍ ကံအားလျော်စွာ ခန္ဓာအိမ် အသစ်မှာ ငြိတွယ်၏၊ ခန္ဓာအိမ်အသစ် တွယ်စရာ မရှိသေးလျှင် ခန္ဓာအိမ် အဟောင်းကိုပင် မလွှတ်သေး၊ ခန္ဓာဟောင်း၌ တစွန်းတစတွယ်ကပ်လျက် ခန္ဓာသစ်ကို ထောက်လှမ်း ရှာဖွေနေ၏၊ ခန္ဓာသစ် တွေ့၍ ထိုခန္ဓာသစ်၌ တစွန်း တစ ငြိတွယ် မိမှ ခန္ဓာဟောင်းကို စွန့်လွှတ်သည် ဟု ကြံစီ ယူဆကြလေသည်၊ အကယ်၍ ခန္ဓာသစ် မရခင် ခန္ဓာဟောင်းကို မနေသာသဖြင့် စွန့်လွှတ်ရပြန်သော် ခန္ဓာသစ် မရသေးသမျှ အတ္တကလေးသည် မိမိအိမ် အနီးအပါးဝယ် သွားလာလှည့်ပတ်နေ၏၊ (တစ္ဆေဖြစ်နေ သည် ဟု ဆိုလိုသည် )၊ ကလေး ငယ်ငယ် ရွယ်ရွယ် လန့်သွား၍ မေ့သွား၍ မတုန်မလှုပ်ဖြစ်နေလျှင် ဝိညာဉ်ကောင် လိပ်ပြာစင်ထွက် သွားသည်ဟု ယူဆ၍ လိပ်ပြာ ပြန်ခေါ်နည်းကို (ရှေးလူကြီးသူမတို့) ပြုကြသည်၊ တရုပ်လူမျိုးတို့ကား ဝိညာဉ်လိပ်ပြာ၏ နေထိုင်ရာ အိမ်ကိုပင် တခမ်းတနား ပြုလုပ် ထားကြသေး၏၊ တရံတခါ သေသူ ၏ လိပ်ပြာသည် သားသမီး စသော ကျန်ရစ်သူများ၏ လိပ်ပြာကို မကြာခဏလာခေါ်နေသဖြင့် (ကျန်ရစ်သူကိုပါ သေလိုက်သွားမည် စိုးသောကြောင့်) လိပ်ပြာခွဲနည်း အစီအရင်ကိုပင် ပြုလုပ်ကြရသေး ၏၊ ဤကား စိတ်ဝိညာဉ်ကို အတ္တ ဟု ယူဆ၍ ( အသက်ကောင် ဝိညာဉ်ကောင် ဟု ခေါ်ကြသော မြန်မာလူမျိုးတို့ )အတ္တ စွဲလမ်း

ချက်တည်း။ [ သေပြီးနောက် အိမ်စသည်ကို တွယ်တာ၍ အနီး အပါးမှာ တစ္ဆေဖြစ်နေသူသည် ဝိညာဉ်ကောင် မဟုတ်, ပြိတ္တာဘဝ ရောက်နေသူသာတည်း။]

**သာတိ ရဟန်း၏ အယူဝါဒ**

ဗုဒ္ဓလက်ထက်တော်၌ " သာတိ " မည်သော ရဟန်းတော်တပါးသည် ဇာတ်တော်များကို အထူးလိုက်စားသူဖြစ်၏၊ ဇာတ်ပေါင်းသည့် အခါ "ရှေးတုန်းက ဝေဿန္တရာမင်းသည် မဟာဇနက မင်းသည် တေမိမင်းသည် သုမေဓာရသေ့သည် ယခုအခါ ငါဘုရား ဖြစ်လာ၏"ဤသို့ စသော စကားအသုံး အနှုန်းကို လေးနက်စွာ စဉ်းစား၍ သုမေဓာ ရသေ့ ဘဝတုန်းက စိတ်ဝိညာဉ်သည် မပျက်မစဲ ခိုင်မြဲ တည်တန့်လျက် တေမိမင်း စသော ဘဝသို့ရောက်လာကာ ဘုရား ဖြစ်သည့်အခါ အလွန်ရင့်မာသော ဝိညာဉ်ကောင် ဖြစ်လာရသည်၊ ကံကောင်း ကံဆိုး အမျိုးမျိုးကို ပြု၍ မိမိပြုသော ကံအကျိုးကို ဤ ဝိညာဉ်သည်ပင် ခံစားရ၏၊ ပြုလုပ်သူလည်း ဤ ဝိညာဉ်ကောင်, ခံစားသူလည်း ဤဝိညာဉ်ကောင်ပင်တည်း,ဟု ယူဆလေသည်၊ ဤ သာတိ ရဟန်းကား ယခုခေတ် မြန်မာလူမျိုး တရုပ်လူမျိုး စသူတို့ ကဲ့သို့ ဝိညာဉ်ကိုပင် အတ္တဟု ယူဆသူတည်း၊

**ဝိညာဉ်ကောင် အတ္တ၏ သံသရာလည်ပုံ**

ရုပ်ကို အတ္တဟု သူတို့က ကမ္ဘာပျက် သော်လည်း အကျုံမြူ ရုပ်မှုန့် ကလေး ဘွေ အနှံ့အပြား တည်ရှိနေ၏ ဟု ယူဆကြသဖြင့် သူတို့အလို သတ္တာအဆက် မပြတ်နိုင်သလို,ဝိညာဉ် ကို အတ္တ ဟု စွဲသူတို့ကလည်း သတ္တာ အဆက်မပြတ်အောင် ကြံစီ စဉ်းစား ထားကြ၏၊ ကြံစီ စဉ်းစားပုံကား - စိတ်ဝိညာဉ် ဟူသော

အတ္တသည် ဒါနသီလစသောကုသိုလ်အသက်သတ်မှု အစရှိသော ကံများကို ပြုလုပ်ထားသည်အားလျော်စွာ ကောင်းသော ဘဝ၌ ခန္ဓာအိမ်ကောင်းကိုရင်း, မကောင်းသောဘဝ၌ ခန္ဓာအိမ် ညံ့ကို ရင်း ရကြ၏၊ ကမ္မဋ္ဌာန်းအားထုတ်၍ ဖိုဝိညာဉ် စင်ကြယ်သန့်ရှင်းလာလျှင်(ဈာန်ရလျှင်)ဗြဟ္မာ့ပြည်သို့လည်း ရောက်နိုင်၏၊ ဝိပဿနာ ကမ္မဋ္ဌာန်းကို(အနိစ္စနှင့် ဒုက္ခမျက်)အားထုတ်၍ တရားမပေါက်လျှင် ဈာန်နှင့် တကွ ရဟန္တာ အဖြစ်သို့ ရောက်နိုင်၏၊ ထို အတ္တသည် နိဗ္ဗာန်သို့ ရောက်၏။[ သူတို့ဆိုလိုသော နိဗ္ဗာန်ဟူသည် ဗုဒ္ဓရှင်တော်မြတ်ဘုရား မူအပ်သော အားလုံးချုပ်ဆုံးရာ နိဗ္ဗာန မဟုတ်, အတ္တ ဝိညာဉ် အထင်အရှားရှိသော "လောကထုပိကာ"ဟု ခေါ်ဝေါ်သမုတ်အပ်သော ယင်းတိုး ဗြဟ္မာ့ပြည်ပင်တည်း။ [ ထို နိဗ္ဗာန်၌ ကမ္ဘာများစွာ ချမ်းသာယာလျက် အတ္တဝိညာဉ် တည်နေပြီးနောက် အသက်တမ်းစေ့သည့်အခါ၊ ထိုအတ္တဝိညာဉ်သည် နိဗ္ဗာန်မှ တဘန်ပြန်လာကာ ကမ္ဘာ့လောကသို့ အဖြူး အတ္တတွေ့ နည်းတူ ကျင်လည် ရပြန်လေသည် ဟု ယူဆကြလေသည်၊ ဤ နည်းအားဖြင့် ဝိညာဉ်ကို အတ္တ ဟု ယူဆသူတို့ အလိုအားဖြင့်လည်း သံသရာစက် လည်ကာ သတ္တဝါ မကုန်နိုင်ဘဲ ရှိလေသည်။

**အချုပ်မှတ်ဘွယ်** အတ္တ ဖွဲ့လမ်းသူတို့သည် တချို့က ရုပ်ကို အတ္တ ဟု ဖွဲ့လမ်း၍,တချို့က စိတ်ဝိညာဉ်နှင့် ဝေဒနာစသော နာမ်ကို အတ္တ ဖွဲ့လမ်းချက် ၂ မျိုးလုံးပင် အတ္တ အဆက် မပြတ်ကြ၊ ထိုထို အလုပ်ကိစ္စကို မျက်စိ နား နှာ အင်္ဂါ ခြေလက် တို့ဖြင့် ပြုလုပ်နေရာ၌ အတ္တပွမ်းကြောင့်သာ ထိုအလုပ်များ ပြီးစီး ရသည်၊ လက်မြှောက်ရာ၌ အတ္တသည် မြှောက်လို၏, မြှောက်လို၍

အတ္တ စိမ့်သည့်အတိုင်း လက်သည် မြောက်လျက် ဖြစ်ရ၏၊ ဖြေဖြင့် ဖွားလာရာ တို့၌လည်း အတ္တ အလိုအတိုင်း ဖြစ်ခြင်းသာတည်း၊ ထို အတ္တသည် ယခုဘ ဝလိုက ကံအမျိုးမျိုးကို ပြု၍ နောက်ဘဝ များစွာ၌ မိမိပြုသော ကံ၏အကျိုးကို မိမိသည်ပင် ခံစံရလေတော့ သည်၊ ထို့ကြောင့်"အတ္တသည် မပြတ်မစဲ မြဲ၏"ဟု သဿတဝါဒီ ပုဂ္ဂိုလ်တို့က ယူဆကြ၏၊"အတ္တသည် တဘဝ တခါဖြစ်၏၊ တဘဝ ဆုံးလျှင် ထို အတ္တလည်း ပြတ်၏"ဟု ယူဆကြသော ဥစ္ဆေဒဝါဒီ ပုဂ္ဂိုလ်တို့ကမူ အသစ်အသစ် **အတ္တကို** ဖြဗ္ဗာမင်းက ဖန်ဆင်းပေး သည်၊ တနည်း— ဗြဟ္မာမင်း၏ ကိုယ် အစိတ် အပိုင်းမှ အတ္တသည် ပေါက်ပွါးလာရကား သေလျှင် အတ္တသည် ဗြဟ္မာ့ကိုယ်သို့ ပြန်၍ ပေါင်းစပ်၏ဟု ယူဆကြသည်၊ ဤသို့လျှင် ဗုဒ္ဓရှင်တော် ပွင့်တော် မမူမီကပင် "အတ္တ" အယူဝါဒသည် ("ညာရှိလေ အတ္တစွဲ **အား**ကြီးလေ"ဖြစ်ကာ ) ကမ္ဘာ တခုလုံး ပြဗ္ဗာကြီးတွေ အထိ လွှမ်းမိုး နေရကား ဗုဒ္ဓ ပွင့်တော်မူသည့် အခါ၊ ထို အယူဝါဒကို ပဌမဆုံး ဖျက်ဆီးဘို့ရာ ဓမ္မစကြာ တရားတော် ထပ်ကာ ထပ်ကာ ဟောတော်မူပြီးနောက် ဝါဆိုလပြည့်ကျော် ၅ ရက် မြောက်မှာ အနတ္တလက္ခဏာသုတ်ကို ဟောတော်မူပါသည်။

**အနတ္တလက္ခဏာသုတ် မြန်မာပြန်**

၁။ ဘိက္ခုတို့……ရုပ်သည် အတ္တ မဟုတ်- (ရုပ်မှာအတ္တမရှိ)၊ ထင်ရှားစေဦးမည်- ဘိက္ခုတို့……ရုပ်ခန္ဓာသည် အကယ်၍ အတ္တဟုတ်အံ့၊ ( အတ္တ ဟုတ်ရိုးမှန်လျှင် ) ဤရုပ်သည် နာကျင်ခြင်း မဖြစ်ရာ၊ "ငါ၏ ရုပ်သည် ဤကဲ့သို့ ကျန်းကျန်းမာမာ လှလှပပ ဖြစ်ပါစေ, ဤသို့ ကျန်းမမာ ဆိုးဆိုးဝါးဝါး မဖြစ်ပါစေနှင့်"ဟု

ကိုယ့်အလိုကျအောင် တောင့်တ၍ ရကောင်းရာ၏၊ ဘိက္ခုတို့.... ရုပ်သည် အတ္တမဟုတ်သောကြောင့်သာ နာကျင်ခြင်းလည်း ဖြစ်၏၊ "ငါ၏ရုပ်သည် ဤသို့ ကျန်းမာ လှပစွာ ဖြစ်ပါစေ, မကျန်းမမာဘဲ ဆိုးဆိုးဝါးဝါး မဖြစ်ပါစေလင့်" ဟု တောင့်တ၍လည်း မရနိုင်။

၂။ မုဒ္ဒ။ ။ဘိက္ခုတို့....သင်တို့ ဘယ်လို ထင်မြင်ကြသနည်း— "ရုပ်သည် မြဲသလား, မမြဲဘူးလား"

ပဉ္စဝဂ္ဂီ။ ။ရုပ်သည် မမြဲပါဘုရား။

မုဒ္ဒ။ ။မမြဲသောအရာသည် သုခလား, ဒုက္ခလား။

ပဉ္စဝဂ္ဂီ။ ။မမြဲသော အရာဟူသမျှ ဒုက္ခချည်းပါဘုရား။

မုဒ္ဒ။ ။မြဲလည်း မမြဲ, ဆင်းလည်း ဆင်းရဲ, ဖေါက်ပြန်ခြင်း သဘောလည်း ရှိသော အရာကို " ဤဟာသည် ငါ့ဟာ, ဤဟာသည် ငါတည်း, ဤဟာသည် ငါ၏ အတ္တတည်း" ဟု တဏှာစွဲ မာနစွဲ ဒိဋ္ဌိစွဲတို့ဖြင့် စွဲစွဲလမ်းလမ်း ကြည့်ရှုဘို့ရာ သင့်ပါဦးမည်လော။

ပဉ္စဝဂ္ဂီ။ ။မသင့်ပါဘုရား။ [ဝေဒနာ စသည်ကိုလည်း ဤနည်း အတိုင်း မေး၍ ပဉ္စဝဂ္ဂီတို့က ဖြေကြသည်။]

၄။ ဘိက္ခုတို့........ရုပ်ခန္ဓာကိုယ်သည် ယခု ပြခဲ့သည့်အတိုင်း အနိစ္စ ဒုက္ခ အနတ္တဖြစ်ခြင်းကြောင့် အတိတ် အနာဂတ် ပစ္စုပ္ပန်၌ ဖြစ်လေသမျှ ရုပ်တွေ, ကိုယ်တွင်း ကိုယ်ပ ဖြစ်လေသမျှ ရုပ်တွေ, ရုပ်ကြမ်း, ရုပ်နုတွေ, အောက်တန်းစား အထက်တန်းစား ရုပ်တွေ, မိမိ၏ အဝေးအနီးမှာရှိသော ရုပ်တွေကို " ဤရုပ်အားလုံးသည်

ငါ့ဟာမဟုတ်, ငါဆိုတာလည်းမဟုတ်, ငါ၏အတ္တလည်းမဟုတ်" ဟု မှန်ကန်စွာသိသော ဝိပဿနာဉာဏ် မဂ်ဉာဏ်ဖြင့်ရှုကြ မှတ်သားကြပေတော့။ [ဝေဒနာ စသည်ကိုလည်း ဤနည်းအတိုင်း မိန့်တော်မူသည်။]

၄။ ဘိက္ခုတို့……ဤသို့ ဉာဏ်စက္ခုဖြင့် ကြည့်ရှုသော စာပေဗဟုသုတ မဂ်ဖိုလ်ဗဟုသုတလည်း ရှိသော အရိယာတပည့်သည် ရုပ်ခန္ဓာ၌လည်း ငြီးငွေ့၏, ဝေဒနာ၌လည်း ငြီးငွေ့၏, သညာ၌လည်း ငြီးငွေ့၏, သင်္ခါရတို့၌လည်း ငြီးငွေ့၏, ဝိညာဉ်၌လည်း ငြီးငွေ့၏၊ ငြီးငွေ့ခြင်း ပြင်းပြလာလျှင် ထိုခန္ဓာ ၅ ပါး ရုပ်နာမ်တရား၌ တပ်မက်တွယ်တာမှု ကင်းတော့၏၊ တပ်မက်တွယ်တာမှု ကင်းလျှင် ထိုခန္ဓာ ၅ ပါးမှ စိတ်အားဖြင့် လွတ်မြောက်တော့၏၊ စိတ်လွတ်မြောက်သတ်သော် ငါ့စိတ် ကျွတ်လွတ်ပေပြီ ဟု အသိဉာဏ် ဖြစ်လာ၏၊ "နောင်တဖန် ပြန်၍ သန္ဓေနေရခြင်း မရှိပြီ, မြတ်သော အကျင့်ကို ကျင့်ပြီးပြီ, ပြုဖွယ်ကိစ္စဟူသမျှကို ပြုပြီးပြီ, နောက်ထပ် ဤကိစ္စမျိုးပြုဖို့ရာ မလိုတော့ပြီ" ဟု ပိုင်ပိုင်နိုင်နိုင်ကြီး သိနိုင်လေတော့သည်။

× × × × × × ×

**အဝိပ္ပါယ် ရှင်းလင်းချက်**

အနတ္တဖြစ်ကြောင်း သက်သေ

၁။ "အတ္တသည် မိမိကိုယ်နှင့် စပ်ဆိုင်ရာဝယ် ဖြစ်စေသို့ကျအောင် စီမံနိုင်၏" ဟု အတ္တလမ်းသူတို့က ယူဆကြ၏၊ သူတို့ယူဆကြသည့်အတိုင်း ရုပ်ခန္ဓာသည် အတ္တဖြစ်နေလျှင်(သို့မဟုတ် အတ္တရှိနေ

လျှင်)အတ္တသည် ရုပ်ခန္ဓာ၏ အနာရောဂါ မဖြစ်ခြင်းကို အလိုရှိပေ လိမ့်မည်၊ သို့သော် ရုပ်ခန္ဓာကား အနာရောဂါ ကင်းကင်းရှင်းရှင်း မဖြစ်ဘဲ မကြာမကြာ ရောဂါရုပ်တွေ ဖြစ်နေ၏၊ ထိုသို့ မကြာမကြာ ရောဂါရုပ်တွေ ( မဖြစ်ချင်ဘဲ ) ဖြစ်ရပုံကိုထောက်လျှင် ဤ ရုပ်ခန္ဓာ သည် မိမိအလိုကျ စီမံနိုင်သော အတ္တလည်း မဟုတ် , အတ္တလည်း မရှိ ဟု သိသာလေသည်၊ [ ထို့အတူ ဝေဒနာသည် အတ္တဖြစ်ရိုး မှန်လျှင် ကောင်းသောဝေဒနာ(သုခဝေဒနာ)ချည်းသာ ဖြစ်သင့်၏၊ ယခုသော် မကောင်းဆိုးဝါး ဒုက္ခများလည်း ဖြစ်ရ၏၊ သညာသည် ကောင်းသော အရာကိုသာ မှတ်ချင်ပေလိမ့်မည်၊ ယခုသော် မနှစ် သက်ဘွယ် တွေကိုလည်း မှတ်နေရ၏၊ သင်္ခါရ စေတနာသည် ကောင်းသောအရာ၌သာ စေ့ဆော် အားထုတ်လိုက်၏၊ ယခုသော် မကောင်းသော အရာကိုလည်း ( အားမထုတ်ချင်ဘဲ ) အားထုတ် နေရ၏၊ ဝိညာဉ်သည် ကောင်းသော အရာကိုသာ သိလို မြင်လို ကြားလို တွေ့လိုပေလိမ့်မည်၊ ယခုသော် မကောင်းသော အရာကို လည်း သိမြင်ကြားတွေ့နေရ၏၊ ထို့ကြောင့် ဝေဒနာ စသည်ကို လည်း အတ္တမဟုတ်, အတ္တလည်း မရှိကြ-ဟု သိသာလေသည်။

**အနိစ္စ ဒုက္ခ ဖြင့် အနတ္တထင်ပုံ**

၂။ အတ္တ ဟု စွဲလမ်းသူတို့က “ အတ္တသည် မပျက် မစဲ ခိုင်မြဲ၏”ဟုလည်း ယူကြ၏၊ သို့သော်“ဤ ရုပ်ခန္ဓာသည် မြဲသလား မမြဲဘူးလား ” ဟု စစ်ဆေးကြည့်လျှင် မမြဲကြောင်း ထင်ရှား၏၊[ဝိပဿနာ သမ္မာဒိဋ္ဌိ ခန်း၌ အနိစ္စဖြစ်ပုံကို ပြခဲ့ပြီ၊ ]မမြဲသည့်အတွက် တပျက်ပဲ ပျက်နေ သော ရုပ်ခန္ဓာကို“ဒုက္ခလို့ ဆိုမည်လား , သုခလို့ ဆိုမည်လား”ဟု မေးလျှင် ဒုက္ခဟုပင် ဖြေကြလိမ့်မည်၊ ထိုသို့ မခိုင်မြဲ၍ ဒုက္ခ အတုံး

အခဲဖြစ်လျက် ဖေါက်ပြန်တတ်သော ဤရုပ်ခန္ဓာကို "ငါ့ရုပ် ငါ့ခန္ဓာ ငါ့ဥစ္စာ" ဟု တဏှာသဘောအားဖြင့်လည်း စွဲလမ်းသင့်ပါဦးမည်လော, "ငါဆိုတာ ဒီရုပ်ခန္ဓာဘဲကွ" ဟု မာနသဘောအားဖြင့်လည်း စွဲလမ်းသင့်ပါဦးမည်လော, "ဒီရုပ်ခန္ဓာသည်ပင် ငါ၏ အတ္တ = ငါ၏ အသက်ကောင် လိပ်ပြာကောင်" ဟု ဒိဋ္ဌိသဘောအားဖြင့်လည်း စွဲလမ်းသင့်ပါ ဦးမည်လော၊ "မစွဲလမ်းသင့်တော့ပြီ"။ [ဝေဒနာ စသည်ကိုလည်း ဤသို့ စစ်ဆေးကြည့်ပါ။]

**ရုပ်နာမ်အားလုံး မစွဲလမ်းသင့်**

၃။ ယခုဘဝဝယ် ရှေးရှေးနှစ် လ နေ့ ရက် အချိန် များစွာတုန်းက ဖြစ်ခဲ့ကြသော ရှေးရှေး ဘဝများစွာက ဖြစ်ခဲ့ကြသော ရုပ်နာမ် အားလုံးသည်ပင် အမြဲ မရှိသော အနိစ္စတရား ပျက်စီး ဖေါက်ပြန်သော ဒုက္ခတရား ( အသက်ကောင် လိပ်ပြာကောင် ဝိညာဉ်ကောင်ဟူ၍ စွဲလမ်း ထင်မှတ်အပ်သော အတ္တမရှိ၍) အနတ္တတရားဖြစ်ကြသောကြောင့် ထို ရှေးရှေးက ရုပ်နာမ်များ ယခုဘဝ- ယခုအချိန်၌ ရှာ၍မရအောင် ပျက်ခဲ့ကြပြီး, နောက်နောက် ဖြစ်သမျှလည်း ဤကဲ့သို့ ပျက်ကြရဦးမည်၊ ယခု ဖြစ်ဆဲရုပ်နာမ် တရားစုတွေလည်း ဝိပဿနာ ဉာဏ်ပညာစက္ခုဖြင့် မကြည့်ရှုနိုင်ကြသေး၍ မျက်ဝါးထင်ထင်မမြင်ရစေကာမူ နှမ်းအိုးခင်း၌နှမ်းတွေတဖျစ်ဖျစ် မြည်လျက် ကျက်နေသကဲ့သို့ အချိန်မလပ် ခန္ဓာကိုယ်အရပ်တိုင်းမှာ အမှန်ပင် ပျက်နေကြသည်၊ ကိုယ့်သန္တာန်က ရုပ်နာမ်တွေ ဖြစ်လိုက် ပျက်လိုက် နေကြသလို သူတပါးသန္တာန်မှာလည်း ဖြစ်ပျက်နေကြသည်၊ ထို့အတူ အကြမ်းအနု အယုတ်အမြတ် အနီးအဝေး ဖြစ်သော ရုပ်နာမ် အားလုံးကို " ငါ့ဥစ္စာ မဟုတ်" ဟု ဝိပဿနာ

ဉာဏ်,ထို့ထက် ထက်သန်သောမဂ်ဉာဏ်ဖြင့် တဏှာစွဲကို ဖြတ်သင့်ကြချေပြီ,"ငါ=ငါ"ဟု မာနစွဲကိုလည်း ဖြတ်သင့်ကြချေပြီ, "ရုပ်နာမ်ကို ငါ၏ အတ္တ"ဟု ဒိဋ္ဌိစွဲကိုလည်း ဖြတ်သင့်ကြချေပြီ။

**အဆင့်ဆင့်တက်၍ ရဟန္တာဖြစ်ပုံ**

၄။ ဤပြခဲ့သောနည်းဖြင့် ရုပ်ခန္ဓာနှင့်ဝေဒနာစသော နာမ်ခန္ဓာကို ဉာဏ်ဖြင့် ဆင်ခြင်ကြည့်လေ့ရှိသော သူတော်ကောင်း ပညာရှိသည် ထိုရုပ်နာမ် ခန္ဓာအပေါ်၌(မွေ့လျော်ပျော်ပိုက်ခြင်း မရှိဘဲ) ငြီးငွေ့လာ၏၊ ငြီးငွေ့လာလျှင် ထိုရုပ်နာမ်ခန္ဓာအပေါ်၌ နှစ်သက်တွယ်တာမှု ကင်းရှင်းသွား၏။ [တွယ်တာမှု ကင်းရှင်းသွားလျှင် မဂ်ရပြီ ဟု ဆိုရ၏၊] တွယ်တာမှု ကင်းရှင်း၍ မဂ်ကိုရလျှင် ရုပ်နာမ်အပေါ်၌ တွယ်တာနေခြင်းမှ လွတ်မြောက်သွားတော့၏။ [ဖိုလ်ကိုရပြီဟု ဆိုလိုသည်၊]ထို့နောက် မိမိစိတ်အစဉ်သည် ကိလေသာတို့မှ လွတ်ပြီဟု ကိုယ်တိုင်လည်း သိ၏၊ ငါသည် နောက်ဘဝ၌ ပဋိသန္ဓေနေဘွယ် မရှိ၊ ကျင့်ဘွယ် တရားများကို ကျင့်ပြီးပြီ, နောက်ထပ်ကျင့်ဘွယ် မလိုတော့ပြီ ဟုလည်း ကိုယ်တိုင် သိနိုင်ပေသည်၊ ဤစကား အစဉ်ဖြင့် "ရုပ်နာမ်ကို အနိစ္စ ဒုက္ခ အနတ္တ ဟု ပိုင်နိုင်စွာ ရှုနိုင်သူသည် သောတာပန် စသော အရိယာ အဖြစ်သို့ ရောက်၍ နောက်ဆုံး ရဟန္တာဖြစ်သည်"ဟု ဆိုလိုသည်။ [ဤကဲ့သို့ လေးနက်သောတရားစာများကိုကြည့်ရှုသူတို့သည် စာကြည့်ရင်း စာဆိုသည့်အတိုင်း ဉာဏ်ကို စိုက်၍စိုက်၍ စဉ်းစားကြပါလေ, ဝတ္ထုကြောင်းများကို ဖတ်နေသကဲ့သို့ အပေါ်ယံ ဖတ်သွားရုံမျှဖြင့်ကား အကျိုးများလှမည် မဟုတ်ပါ ]

**အခြားဘာသာ၌ အနတ္တ ဟု ဟောချက်ရှိသလော**

ယခုလောက၌ ထင်ရှားသော ဘာသာဝါဒကြီးတို့တွင် ဟိန္ဒူဝါဒသည် ဗုဒ္ဓဝါဒနှင့် အဘော်နီးစပ်၏၊ ဗုဒ္ဓသည်ပင် ဗုဒ္ဓ မဖြစ်ခင်က ဟိန္ဒူဝါဒကို လိုက်နာခဲ့သော အမျိုးပေတည်း၊ ထို ဟိန္ဒူဝါဒီ တို့သည် ကံနှင့် ကံ၏ အကျိုး နားလည်၍ ယုံသည်းယုံကြည်ကြ၏၊ သို့သော် အတ္တအယူအဆကား အလွန် ယုံကြည်စွဲမြဲလေသည်၊ ဗုဒ္ဓ သာဝကတွင် ပါဝင်ကြသော ဥပါသကာ ဥပါသိကာတို့၌သော်မှလည်း ထို အတ္တစွဲလမ်းမှုများ ရှိသေး၏၊ အတ္တနှင့် အနတ္တသည် ဟိုဘက်ကမ်းနှင့်သည်ဘက်ကမ်း အလှမ်းဝေးသလို ဖြောင့်ဖြောင့် ဆန့်ကျင်ဘက်ဖြစ်ကာ တဝါဒနှင့် တဝါဒ အလွန်ခြားနားလျက်ရှိ၏၊ အတ္တ ဟု စွဲလမ်းနေသမျှလည်း ရုပ်နာမ် တို့၏ အနိစ္စ ဒုက္ခကို ပိုင်နိုင်စွာ မသိနိုင်, သဘော မကျနိုင်ကြချေ၊ အပေါ်ရံ ရုပ်အသား နာမ်တရား ပျက်သော်လည်း အခံအထည်ကိုယ် အတ္တကလေးကား မပျက်ဘဲ ကျန်နေသေး၏ ဟု ယူကြဦးမည်သာ၊ ထို့ကြောင့် အခြား ဝါဒ၌ "အနတ္တ" ဟူသော အရိပ် အရောင် အသံကလေးမျှ ရှိချင် ရှိပေလိမ့်မည်၊ သို့သော် ဗုဒ္ဓ၏ အလိုတော်ကျ ဖြစ်သော အနတ္တ အယူအဆကား မုချမရှိနိုင်၊ အတ္တဟု မယူနိုင်သေးသမျှလည်း အနတ္တဟု ထင်မှတ်ရာ ခန္ဓာ ၅ ပါးမှ မလွတ်လပ်နိုင်၊ ထိုသို့ မလွတ်လပ်သမျှ "အနတ္တ" ဖြစ်သော နိဗ္ဗာန ဓာတ်သို့ မပြောင်းနိုင်ကြ ဟု မုချဆက်ဆက် မှတ်သားကြပါလေ။

**အနတ္တလက္ခဏသုတ် ပြီးပြီ၊**

# ပဋိစ္စသမုပ္ပါဒ်တရားတော်

[အကြောင်းရှိ၍ အကျိုးဖြစ်ပုံကို ပြသောတရားတော်]

**အဏ္ဏဝါဒ စခဲ့ပုံ**

ကမ္ဘာလောကၥ် များစွာသော သတ္တဝါတို့သည် မိရိုးဖလာ ထုံးစံအတိုင်း လိုက်နာ ကျင့်ကြံကာ နက်နက်နဲနဲ စဉ်းစားလေ့ မရှိကြသော်လည်း အချို့သူကား မိရိုးဖလာမျှဖြင့် အားမရနိုင်သေးဘဲ လေးလေး နက်နက် တွေးတောကြံစည်လေ့ ရှိပေသည်၊ "ဤလူသတ္တဝါတွေ ဘယ်ကစ၍ ဖြစ်လာကြသနည်း, မျက်မြင် လူတွေကို မိဘတို့ကြောင့် ဖြစ်လာသည် ဟု ဆိုလျှင် ထိုမိဘတို့၏ မိဘ အစဉ် အဆက်တွေ မရေမတွက်နိုင်လောက်အောင် များသည်ပင် ရှိစေဦးတော့, အစပဌမ မိဘဖြစ်သူသည် ဘယ်လိုဖြစ်လာသနည်း, လူသတ္တဝါတွေသာမက တိရစ္ဆာန်စသော အခြားသတ္တဝါတွေ ဘယ်လိုစ၍ဖြစ်နေကြသနည်း" ဤသို့စသည်ဖြင့် တွေးတောကြံစည်သည့်အခါ.... " ဤကမ္ဘာလောကကြီးနှင့် တကွ သက်ရှိ သတ္တဝါ သက်မဲ့အရာ ဝတ္ထုတွေကို ဗြဟ္မာမင်းကြီးက ဖန်ဆင်းလိုက်သည်၊ သက်ရှိသတ္တဝါတို့၏ ကိုယ်တွင်း၌ ဗြဟ္မာမင်း၏ ကိုယ်တွင်း၌ ဗြဟ္မာမင်း၏ အစိတ်အပိုင်း ဖြစ်သော အတ္တ ( ဇီဝ ) ကလေးသည် ပါရှိ၏၊ ဖန်ဆင်းသူ ဗြဟ္မာမင်းကား ဘယ်တော့မှ မပျက်စီးနိုင်ဘဲ မြဲ၏၊ ဝါ-ထာဝရ တည်ရှိသော ဘုရား ( ထာဝရ ဘုရား ) တည်း၊ ဗြဟ္မာမင်း ဖန်ဆင်းထားသော သတ္တဝါတို့ကား မမြဲကြ၊ တဘဝမှ တဘဝသို့ ပြောင်းသွားကြရ၏၊ သို့ရာတွင် ထို သတ္တဝါတို့၏ ကိုယ်တွင်း၌ရှိသော အတ္တကား ဗြဟ္မာမင်း၏ အစိတ်အပိုင်းဖြစ်သောကြောင့် မပျက်စီးနိုင်" ဤသို့စသည်ဖြင့် ဗြဟ္မာမင်း

ကို(ထာဝရဘုရားကို)"ပရမအတ္တ=ပရမိဿရ"ဟု ခေါ်ဝေါ်ကြ၍ သတ္တဝါတို့၏ အသက်ကို ဇီဝအတ္တ ဟု ခေါ်ဝေါ်ကာ အလွန်စွဲမြဲသော အတ္တအယူဝါဒကြီး သူတို့စိတ်မှာ ထင်မြင် လာလေသည်။

တချို့ကသည်း—သတ္တဝါတို့၏ အစသည်"ပကတိ"ခေါ် ပရမာဏုမြူကစ၍ ဖြစ်၏၊ ခွဲ၍ မရနိုင်သော အသေးဆုံး မြူမှုန်ကို"ပရမာဏုမြူ"ဟု ခေါ်၏၊ ထို မြူမှုန်ကလေးတွေ ၂ ခုပေါင်း ၄ ခုပေါင်း ၈ ခုပေါင်းစသည်ဖြင့် ပေါင်းစပ်မိရာမှ အကောင် အထည်အမျိုးမျိုး ပြောင်းလွဲကာ သတ္တဝါအမျိုးမျိုး ဖြစ်ရသည်၊ သတ္တဝါအမျိုးမျိုး ဖြစ်ဘို့အရေး၌ မည်သူကမျှ ဖန်ဆင်းရသည် မဟုတ်, အဏုမြူတွေ ပေါင်းချင်သလိုပေါင်းမိကာ သတ္တဝါအမျိုးမျိုး ပုံသဏ္ဌာန်အမျိုးမျိုး များချင်တိုင်း များလာပေသည်၊ သတ္တဝါတွေ၏ အရင်း အစကား ပရမာဏုမြူတို့ ပင်တည်း ဟု တွေးတော ကြံဆကြ၏၊ ဤဝါဒမျိုး၌ ဖန်ဆင်းသူလည်း မရှိ,သတ္တဝါတို့၏ ကိုယ်တွင်းဝယ် မပျက်စီးနိုင် ဟု ယူဆအပ်သော အဏုမြူကလေးကိုကား အတ္တဟု တချို့က ယူဆလိုကြပေလိမ့်မည်။ [ယခုကာလ၌ "လူ၏ အစသည် ရေမှုန် ရေမွှားက"ဟု ယူကြသေး၏၊ ထိုအယူကား ဤအဏုမြူဝါဒနှင့် သဘောခပ်ဆင်ဆင်ပင်ဖြစ်သည်။]

**အတ္တဖျက် တရား**

ဤသို့ အမျိုးမျိုး ကြံစီတွေးတော ကြသော်လည်း နောက်ထပ် ကြံစီသူတို့က အားရနှစ်သက် လက်ခံနိုင်လောက်သော ဝါဒမဟုတ်ကြသဖြင့် နောင်ထပ် စဉ်းစားသူတို့မှာ မရေမရာ ဇဝေဇဝါကြီးဖြစ်လျက် တိုးတက်၍လည်း မကြံနိုင်တော့ရကား ချီတုံချတုံ ယုံမှားသံသယကြီးတွေနှင့်သာ အချိန်ကုန်ရတော့၏၊ ဗုဒ္ဓရှင်တော်မြတ်သည်" အမေမှာ မှာတဲ့အတိုင်း ဆိုသလို မိရိုး

ဖလာ လိုက်တတ်သော ပုဂ္ဂိုလ်မဟုတ်ရကား ထီးနန်းကို စွန့်ခွါ၍ ရဟန်း ပြုတော်မူကာ ကောင်းနိုးရာ ဆရာ့အထံ ချဉ်းကပ်၍ ထူးမြတ်သော တရားတော်ကို နာယူပါ သော်လည်း မရခဲ့ဘဲ ကိုယ်တော်တိုင် မဇ္ဈိမပဋိပဒါ ( မဂ္ဂင်ရှစ်ပါး ) ကို ကြိုးစားတော်မူ ကာမှ ဤ အကြောင်းအကျိုးဆက်သွယ်သော ပဋိစ္စသမုပ္ပါဒ်နည်းကို သိတော်မူရ၍ အတ္တ စွဲလမ်းချက်နှင့် တကွ ယုံမှား သံသယတွေ အလိုလို ကင်းရှင်းသွားပေသည်၊ ထိုအခါ အလွန်ရွှင်ပျ နှစ်သက် တော်မူရကား "ယဒါ ဟဝေ ပါတု ဘဝန္တိ ဓမ္မာ" စသော ဂါထာ ကို ကြုံးရင့်တော်မူပါသည်။ ဂါထာ၏ မြန်မာပြန်ကား—

"အကြင် အခါ၌ အပူတပြင်း ကြိုးစား၍ ကိလေသာ အစိုင်ခတ် တွေကို ခြောက်ကပ်အောင် လောင်ကျွမ်း စေသော ရဟန္တာ ပုဂ္ဂိုလ်၏ သန္တာန်၌ သစ္စာ ၄ ပါးတရားတို့ ထင်ရှားပေါ်လာ ကုန်၏၊ ထိုအခါ ယုံမှားသံသယ အားလုံး ကင်းသွားလေပြီ၊ ဘာ့ကြောင့်နည်း,....ပဋိစ္စသမုပ္ပါဒ်(ကြောင်းကျိုးဆက်သွားပုံ) ကို အစုံအလင် သိမြင်နိုင်ခြင်းကြောင့်တည်း။

ဉာဏ် ၄ မျိုး၊ ထို့ကြောင့် အတ္တစွဲလမ်းချက်ကို ဖျောက်၍ အနတ္တ ချည်းဟု သဘောပေါက်ဘို့ရာ ယခုအခါ၀ယ် ပဋိစ္စ သမုပ္ပါဒ်တရားတော်ကြီးကို အကျဉ်းချုပ်မျှ ပြရပါတော့မည်၊ ထိုသို့ ပြရာ၀ယ် သတ္တဝါတို့ သန္တာန်၌ သုတမယဉာဏ် စိန္တာမယဉာဏ် ဘာဝနာမယဉာဏ် ပဋိဝေဓဉာဏ် ဟု ၄ မျိုးရှိရာ မိမိမှာ ရှိသော စိန္တာမယဉာဏ်လေးဖြင့်သာ ပြနိုင်ပါသည်၊ ချဲ့ဦးအံ့— စာပေ လိုက်စား၍ ရရှိသော အသိဉာဏ်သည် သုတမယဉာဏ် မည်၏၊

[သုတ = ကြားနာကြုံတွေ့အပ်သော စာပေစသည်ကြောင့်+မယ= ဖြစ်သောဉာဏ်။]ထို သုတမယဉာဏ်ကို အခြေခံ၍ ကြံစီခြင်းကြောင့် ဖြစ်စေ,သုတမပါဘဲ သက်သက်တွေးတော ကြံစီခြင်းကြောင့်ဖြစ်စေ, တိုးတက် နားလည်သော ဉာဏ်သည် စိန္တာမယဉာဏ် မည်၏၊ ကမ္မဋ္ဌာန်း ပွားများခြင်းကြောင့် ဖြစ်သောဉာဏ်သည် စိန္တာမယ ဉာဏ်ထက် သာလွန်ထက်မြက်၏၊ ထိုဉာဏ်ကို ဘာဝနာမယဉာဏ် ဟု ခေါ်၏၊ ထို ဘာဝနာဉာဏ် အခြေခံ၍ ထိုးထွင်းသိမြင်သော ဉာဏ်သည် ပဋိဝေဓ(မဂ်)ဉာဏ်မည်၏၊ ဤသို့ အဆင့်ဆင့် ဉာဏ် ၄ မျိုးရှိရာဝယ် ဘုန်းကြီးမှာရှိသော ဉာဏ်သည် ဒုတိယာ အဆင့် လောက်သာ ရောက်သော စိန္တာမယ ဉာဏ်မျိုးမျှဖြစ်၍ ပဋိစ္စသမုပ္ပါဒ် တရားတော်ဆိုင်ရာ၌ အကုန်အစင် မသိသေးချေ၊ သို့သော် ကံနှင့် ကံ၏အကျိုးကိုငင်း , သတ္တဝါတို့ ကိုယ်တွင်း၌ အတ္တ မရှိကြောင်းကို ငင်း, ကမ္ဘာကို ဖန်ဆင်းနိုင်သော ပရမ အတ္တ(ထာဝရ)မရှိကြောင်း ကိုငင်း, သဘောပေါက်ပြီး ဖြစ်ရကား မိမိစိတ်၌ ရှင်းပြီးသမျှကိုသာ တဆင့်နားလည်အောင် ရှင်းပြပါမည်။

× × × × × × ×

ပဋိစ္စသမုပ္ပါဒ် ပါဠိတော်

အဝိဇ္ဇာပစ္စယာ သင်္ခါရာ,သင်္ခါရ ပစ္စယာ ဝိညာဏံ, ဝိညာဏပစ္စယာ နာမရူပံ, နာမရူပ ပစ္စယာ သဠာ ယတနံ , သဠာယတနပစ္စယာ ဖဿော , ဖဿ ပစ္စယာ ဝေဒနာ,ဝေဒနာပစ္စယာ တဏှာ,တဏှာပစ္စယာ ဥပါဒါနံ, ဥပဒါနပစ္စယာ ဘဝေါ , ဘဝပစ္စယာ ဇာတိ , ဇာတိပစ္စယာ ဇရာ မရဏံ-သောက ပရိဒေဝ ဒုက္ခဒေါမနဿုပါယာသာ သမ္ဘဝန္တိ၊ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။

မြန်မာပြန် မသိမှုကြောင့် ပြုလုပ်မှုတွေ ဖြစ်ကြ၏၊ ပြုလုပ်မှုကြောင့် အကျိုးဝိညာဉ်ဖြစ်ရ၏၊ ဝိညာဉ်ကြောင့် နာမ်ရုပ် ဖြစ်ရ၏၊ နာမ်ရုပ်ကြောင့် အာယတန ၆ ပါးဖြစ်ရ၏၊ အာယတန ၆ ပါးကြောင့် ဖဿဖြစ်ရ၏၊ ဖဿကြောင့် ဝေဒနာ ဖြစ်ရ၏၊ ဝေဒနာကြောင့် တဏှာဖြစ်ရ၏၊ တဏှာကြောင့် ဥပါဒါန်ဖြစ်ရ၏၊ ဥပါဒါန်ကြောင့် ဘဝဖြစ်ရ၏၊ ဘဝကြောင့် ဇာတိဖြစ်ရ၏၊ ဇာတိကြောင့် ဇရာ မရဏလည်း ဖြစ်ရ၏၊ ဝမ်းနည်းမှု- ငိုကြွေးမှု- ကိုယ်ဆင်းရဲမှု- စိတ်ဆင်းရဲမှု- ပြင်းစွာ ပင်ပန်းမှုတို့လည်း ဖြစ်ကြရ၏၊ ဤသို့ အတ္တ မဘက် သက်သက် ဒုက္ခအစု၏သာ ဖြစ်နေရပုံ ထင်ရှားလေသည်။

× × × ×

## အဝိဇ္ဇာပါယ် ရှင်းလင်းချက်

အဝိဇ္ဇာ မည်သူမဆို လွန်ခဲ့ပြီးသောဘဝ ယခုနေရသောဘဝ ဖြစ်ရဦးမည်ဘဝ ၃ ဘဝလောက်ကို ပိုင်နိုင်လျှင် အခြားဘဝများစွာကိုလည်း ဤနည်းချည်း ဟု မှန်းဆနိုင်ဘွယ်ရှိ၏၊ ထို့ကြောင့် ၃ ဘဝလောက် ဖြစ်ပျက်စဉ်ကို ရေးပြပေအံ့—ဤဘဝသို့ မရောက်ခင် ရှေးဘဝ၌ အဝိဇ္ဇာနှင့် သင်္ခါရတို့ ဖြစ်ကြလေပြီ၊ ထိုတွင်အဝိဇ္ဇာ ဟူသည် သိသင့် သိထိုက်သည်ကို သူ့ကိုယ်တိုင်လည်း မသိတတ်, အခြားတရားတို့ မသိအောင်လည်း ဖုံးလွှမ်း ကွယ်ကာတတ်သော တရားတည်း၊ ထင်ရှားစေအံ့— အဝိဇ္ဇာသည် မှောင်မိုက်ကြီးနှင့် ၎င်း မျက်မမြင်နှင့်၎င်း တူ၏၊ အိမ်တဆောင်အတွင်း၌ မီးမလင်းဘဲ မှောင်ကြီး ဖြစ်နေသည့်အခါ ထို မှောင်ကြီးသည် အိမ်တွင်းရှိသမျ

အရာဝတ္ထု တွေကို သူ့ကိုယ်တိုင် မသိ မမြင်နိုင်သည့်ပြင် မှောင်အကွင်း ရောက်နေသူတို့ကိုလည်း အိမ်တွင်းရှိသမျှ မြင်စရာတွေကို မမြင်နိုင်အောင် ဖုံးကွယ် ထားသကဲ့သို့ရှင်း, မျက်စိ မမြင်သူသည် မြင်ဘွယ်ရာ ဟူသမျှကို သူ့ကိုယ်တိုင်လည်း မမြင် , သူများကို မြင်အောင်လည်း မညွှန်ပြနိုင် သကဲ့သို့ရှင်း , ထို့အတူ အဝိဇ္ဇာသည် သိဘွယ်ဟူသမျှကို သူ့ကိုယ်တိုင်လည်း မသိ,အခြားတရားတို့ မသိအောင်လည်း ဖုံးကွယ်၍ ထားတတ်လေသည်၊ မိမိ၏ ခန္ဓာအစဉ်မှာ ထိုအဝိဇ္ဇာခေတ် အမြဲကပ်၍ ပါနေရကား ရှေးဘဝ၌ ထိုအဝိဇ္ဇာ ဖြစ်ခဲ့ပြီဟု မုချဆတ်ဆတ် မှတ်ထားလိုက်ပါ၊ ဤအဝိဇ္ဇာကို“မောဟ”ဟုလည်း ခေါ်သည်။

**အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်**

ပြုလုပ်မှုကို “ သင်္ခါရ ”ဟု ခေါ်၏၊ ထို သင်္ခါရသည် ကိုယ်ဖြင့် ပြုလုပ်မှု=ကာယ သင်္ခါရ, နှုတ်ဖြင့် ပြောဆိုပြုလုပ်မှု=ဝစီသင်္ခါရ,စိတ်ဖြင့် ကြံစိစိတ်ကူးမှု-မနောသင်္ခါရဟု ၃ မျိုး ရှိ၏၊ အမှောင်တွင်း၌ ရောက်နေသူသည် ငြိမ်ငြိမ်နေမည် မဟုတ်, တစုံတခု လုပ်ချင်တာကို လုပ်ပေလိမ့်မည်၊ မျက်မမြင်သူလည်း ရှေ့တတ်ရာရာ သွားလာ လှည့်ပတ်နေပေ လိမ့်မည်၊ အမှောင်တွင်း၌ ရောက်နေသူသည် အမှန်ကို လုပ်မိခြင်းထက် အမှားကို လုပ်မိခြင်းက များဘွယ် ရှိသကဲ့သို့ရှင်း, မျက်မမြင်သည် လမ်းမှန်ကို သွားမိခြင်းထက် လမ်းမှားကို သွားမိခြင်းက များဘွယ် ရှိသကဲ့သို့ရှင်း , ထို့အတူ အဝိဇ္ဇာ ဟူသောအမှောင် အကာကျား တရား အရင်းခံ၍ ဖြစ်ကြသော သင်္ခါရ ( ကိုယ်မှု နှုတ်မှု စိတ်မှု ) တို့လည်း အကောင်း အဆိုး နည်းပါး၍

မကောင်း မမှန်တွေသာ များဘွယ် ရှိလေသည်၊ မျက်မမြင်သည် မြင်သူက ဒုတ်ဆွဲ လမ်းပြမှ လမ်းမှန်ကို ရနိုင်သကဲ့သို့ အဝိဇ္ဇာ ဖုံးလွှမ်း၍ ဉာဏ်မျက်စိ ကာဏ်းသူ တို့လည်း အဝိဇ္ဇာ နည်းပါး၍ အတောင်အတာန်ဝိုးတို့ဝါးတားမြင်ရသော ပုထုဇဉ်သူတော်ကောင်း (ထို့ ယက် တန်းမြင့်သော ဘုရား အစရှိသော သူတော်ကောင်း) တို့က နည်းလမ်း ညွှန်ပြ ပေးမှသာ မှန်ကန် ကောင်းမွန်သော သင်္ခါရတို့ကို ပြုနိုင်ဘွယ် ရှိလေသည်၊ ယခုကာလ၌ လမ်းကောင်း ညွှန်ပြမည့် သူတော်ကောင်း မရှိကြသူတို့တွင် ဗုဒ္ဓဘာသာဝင် အခေါ်ခံသူတို့ပင် အမှားလမ်း သင်္ခါရ တွေကို မည်မျှလောက် လိုက်နေကြပါသနည်း, ထိုသို့ လမ်းညွှန် မရသဖြင့် နိုင်ငံခြား၌ ပညာရှိ အခေါ်ခံသူတွေ စစ်တိုက်ဘို့ အရေးကို ရှေ့ဆောင်ကာ မည်မျှလောက် ကြမ်းတန်းသော လမ်းဆိုးကြီးကို သွားနေကြ ပါသနည်း။ [ ဤသင်္ခါရကို ကံဟု ခေါ်၏၊ ထိုကံကို ကမ္မသကတာ သမ္မာဒိဋ္ဌိ၌ ပြခဲ့ပြီ။ ]

**သင်္ခါရကြောင့် ဝိညာဉ်ဖြစ်**

[ ဝိညာဉ်သည် အကျိုးဝိညာဉ် ကုသိုလ်ဝိညာဉ် အကုသိုလ် ဝိညာဉ် ကြိယာ ဝိညာဉ် ဟု ၄ မျိုး ရှိရာ၌ ဝိပါကဟု ခေါ်သော အကျိုး ဝိညာဉ် တမျိုးသာ ကံ ( သင်္ခါရ)ကြောင့်ဖြစ်ရသည်၊ ] ထို ဝိပါက်ဝိညာဉ် စိတ်သည်လည်း ပဋိသန္ဓေ တည်နေခါစ၌ ဖြစ်သော ဝိညာဉ် ( ပဝတ္တိအခါဟု ကျမ်းစာတို့၌ ခေါ်ရသော ) ပဋိသန္ဓေမှ နောက် ကာလ၌ ဖြစ်ရသော ဝိညာဉ်ဟု ၂ မျိုးကွဲ၏၊ ထိုတွင် ကံသင်္ခါရ ကြောင့် ပဋိသန္ဓေဝိညာဉ် ဖြစ်ပုံကို ပြမည်၊ ထိုသို့ ပြရာဝယ် ပဋိ

သန္ဓေ ၄ မျိုးကို နားလည်ပြီးမှ ဝိညာဉ်ဖြစ်ပုံ နားလည်မည်ဖြစ်သော ကြောင့် ရှေးဦးစွာ ပဋိသန္ဓေ ၄ မျိုးကို ပြပေအံ့—

**သံသေဒဇ သတ္တာ**

သံသေဒဇ ပဋိသန္ဓေ, ဩပပါတိက ပဋိသန္ဓေ, အဏ္ဍဇပဋိသန္ဓေ, ဇလာဗုဇပဋိသန္ဓေအားဖြင့် ပဋိသန္ဓေ လေးမျိုးရှိ၏၊ [သံသေဒ=ကပ်ငြိတွယ်တာရာ အရပ်၌+ဇ=ဖြစ်သောသတ္တာ။] ရေပုတ်,ငါးပုတ်,ပန်းအမှိုက်ပုတ်, (ကစည်ရည် စသည်တို့ဖြင့် စေးကပ်အောင် ပြုရသော) သင်္ကာလပ်စသော အဝတ်,မစင် ကျင်ငယ် စသည်တို့၌ ငြိတွယ်၍ဖြစ်ရ, ပဒုမ္မာ ကြာတိုက် စသည်၌ ဖြစ်ရသော သတ္တာတို့သည် သံသေဒဇ သတ္တာ များတည်း၊ ထိုသတ္တာတို့၌ မိဘမရှိကြ,မိဘ၏သုက်သွေးကို မမှီရဘဲ ရှေးက ပြုထားသော ကံသင်္ခါရ အားလျော်စွာ ဆိုင်ရာအရပ်၌ ဝိပါက်ဝိညာဉ်ခေါ် ပဋိ သန္ဓေစိတ် ဖြစ်ရသည်၊ ပဒုမ္မာ ကြာတိုက် ဝါးလုံးခေါင်း မန်ကျည်းပင်စသည်၌ ဖြစ်ရသော ပဒုမဝတီမိဖုရား အာသက်ာမိဖုရား ဝေဠုဝတီမိဖုရားနှင့် (စိဥ္စမာဏာ - ဟု ခေါ်ကြ သော) စိဥ္စမာဏဝိကာတို့သည် ကုသိုလ်ကုသိုလ်သင်္ခါရ အစွမ်းကြောင့် ကောင်းကျိုးဝိညာဉ်ဖြင့် သန္ဓေတည်ရသူများတည်း၊ ထိုသူများကို "သံသေဒဇသူ" ဟု ခေါ်ကြသည်၊ မစင်ပုတ် စသည်၌ ဝိညာဉ်တွယ်ရ သော သတ္တာတို့ကား မကောင်းဆိုးဝါးသော သင်္ခါရကြောင့် ဖြစ်ရသူများတည်း။ [ တချို့ ပိုးလောက်များသည် မိဘကိုမှီကာ ယင်ကောင်၏အုမှဖြစ်ရသောကြောင့်အဏ္ဍဇများလည်းရှိကြပေ၏၊ သေတ္တာတွင်း၌ ထည့်သွင်းသိမ်းထားသော သင်္ကာလပ်စသည်ဝယ် ပဋ္ဌမဆုံးဖြစ်ရသော ပိုးကောင်များကား မိဘကိုမမှီဘဲ ဖြစ်ရသော သံသေဒဇများတည်း။]

ဩပပါတိက သတ္တဝါ

[ ဥပပါတ = ရှေးဘဝမှ ခုန်ကျော် ကျရောက် လာသကဲ့သို့ + ဣက = ဖြစ်ကြရသော သတ္တဝါ ] လက်ခြေ အင်္ဂါ ကိုယ်ခန္ဓာ အပြည့် အစုံဖြင့် အထင်အရှား တပြိုင်နက် ဖြစ်ပေါ်လာသောကြောင့် ရှေးဘဝမှ ခုန်ကျော် ကျရောက်လာသကဲ့သို့ ထင်ရသော သတ္တဝါတည်း၊ ထို သတ္တဝါကို "ဥပပတ်ပုဂ္ဂိုလ်"ဟု ခေါ်၏၊ ထိုပုဂ္ဂိုလ်များကား နတ် ဗြဟ္မာများနှင့် ကမ္ဘာဦးက လူ သတ္တဝါများတည်း၊ ထိုသတ္တဝါတို့ လည်း မိဘမရှိ၊ မိဘ၏ သုက်သွေးကို မမှီကြရဘဲ ကံသက်သက်ကြောင့် ကိုယ်ခန္ဓာ အထင်အရှား ဖြစ်ပေါ်လာကြရသည်၊ ပြဲ့သော ပိုးမွှား တိရစ္ဆာန် များ၌လည်း ဤ ဥပပတ်ပဋိသန္ဓေနေသူ တချို့တလေ ရှိနိုင်သေး၏၊ ["ကမ္ဘာဦးက ဗြဟ္မာကြီး ၄ယောက် လူ့ပြည်ဆင်း၍ လူတွေဖြစ်လာကြသည် " ဟု ဗုဒ္ဓဘာသာ ကျမ်းစာများ၌ မိန့်ဆို ကြောင်းကို ရေးသားပြောဟောကြ၏၊ ဗုဒ္ဓကျမ်းစာများ၌ ဤသို့ မဆိုပါ၊ " ကမ္ဘာကြီး အသစ်စတည်ပြီးသည့်အခါ ဗြဟ္မာ့ပြည်မှ စုတေချိန်ကျ၍ စုတေသူတချို့သည် အောက်အောက် ဗြဟ္မာပြည်နှင့် နတ်ပြည် လူ့ပြည်ဝယ် ဥပပတ်ပဋိသန္ဓေ တည်နေကြသည် " ဟုသာ ဆိုပါသည်၊ ]

မှတ်ချက်။ ။သံသေဒဇသတ္တဝါတို့သည် အလွန်သေးငယ်စွာ ဝိညာဉ် တွယ်ပြီးမှ တဖြေးဖြေး ကြီးပွါးကြရ၏၊ ဥပပတ်သတ္တဝါတို့ကား စ၍ ဖြစ်လျှင်ပင် ကိုယ်ခန္ဓာအပြည့်အစုံနှင့် ကြီးသင့်သလောက် ကြီးပြီး သား အနေဖြင့် အထင်အရှား ဖြစ်ကြရသည်။

အဏ္ဍဇနှင့် ဇလာဗုဇ သတ္တဝါ

[အဏ္ဍ = ဥခွံတွင်း၌+ဇ = ဖြစ်ရသော သတ္တဝါ၊] ဥခွံအတွင်း၌ ဖြစ်သော ငှက်စသော သတ္တဝါများတည်း၊ တချို့လူများလည်း ဥခွံ၌ဖြစ်ကြရသည် ဟုဆိုကြ၏၊ [ဇလာဗု=မိခင်၏ သားအိမ်၌+ ဇ = ဖြစ်ရသော သတ္တဝါ၊] လူ-ခွေး စသည်တို့ သည် ဇလာဗုဇ သတ္တဝါများတည်း၊ ဤအဏ္ဍဇနှင့် ဇလာဗုဇ ၂ မျိုးကို ပေါင်း၍"ဂဗ္ဘသေယျက သတ္တဝါ"ဟု ခေါ်၏၊ [ဂဗ္ဘ=အမိဝမ်းတိုက်၌+သေယျက=ကိန်းအောင်းရသောသတ္တဝါ၊] ဤဂဗ္ဘသေယျက သတ္တဝါ ၂ မျိုးသည် များသောအားဖြင့် မိဘ၏သုက်သွေးကိုမှီ၍ ဝိညာဉ်ဖြစ်ကြရသည်။

ပဋိသန္ဓေတည်ခြင်း၏ အကြောင်း ၃ ပါး

မိခင်လောင်းသည် ရာသီပန်း ပွင့်ပြီးစ ဖြစ်၍ သားအိမ်၌ သန့်ရှင်း စင်ကြယ်နေခြင်း , ထိုမိခင်နှင့် ဘခင်တို့ ပေါင်းသင်း ပျော်မြူး၍ အဘ၏ သုက်သွေးသည် သားအိမ်၌ နဲ့နဲ့ပါးပါး ဖြစ်စေ ရောက်ရှိနေခြင်း , ထို အမိဝမ်း၌ ပဋိသန္ဓေ တည်နေမည့် သတ္တဝါလောင်းသည် ထိုအချိန်၌ ဘဝဟောင်းမှ စုတေခြင်း , ဤ အင်္ဂါ ၃ ပါးစုံမှ ဂဗ္ဘသေယျကပဋိသန္ဓေ တည်နိုင်သည်၊ ရှေ့အကြောင်း ၁ ပါး, ၂ ပါး စုံနေရုံမျှဖြင့် ပဋိသန္ဓေမတည်နိုင်၊ ["မိဓာတာ ကြာခမ်းက, ပန်းရေတုရာသီ၊....ပွင့်စဲစ ခါဆီ, တူယှဉ်မှီပျော်ပါး၊.....ကိန်းထိုက်သည့် ထိုသသူငယ်, ထင်ရှေးရှု စုတေနိုက်ငြား....သည်အင်္ဂါ စုံစေ့မှ, ဘုံခလေ့ ဤလူ့ပြည် , တည်သန္ဓေအများ"....သတပဒိက ပုဏ္ဏ။]

**စုတေခါနီး ကံအာရုံ ထင်လာပုံ**

လူတယောက် စုတေခါနီးသည့်အခါ အချို့ အတော် ကြာကြာ မျောမေ့ နေတတ်၏၊ ရောဂါ မပြင်းထန်ဘဲ သတိအလွန်ကောင်း နေသူ တချို့သော်မှ စုတေတော့မည့် ဆဲဆဲခဏ၌ မိနစ်ခန့်မျှဖြစ်စေ, သတိ လစ်သွားတတ်သေးသည်၊ ထိုအခါ မိမိရှေးက ပြုခဲ့သော ကံ ဖြစ်စေ, ထို ကံပြုစဉ်က အဆောက်အဦး အာရုံဖြစ်စေ, ( ၎င်းကို "ကမ္မနိမိတ်"ဟု ခေါ်၏၊ )နောက်ဘဝ၌ တွေ့ကြုံရမည့် အရာဝတ္ထု ဖြစ်စေ, ( ၎င်းကို " ဂတိနိမိတ် " ဟု ခေါ်၏၊ ) ဤ ၃ မျိုးတွင် တမျိုးမျိုးသည် ထို သတိလစ်နေသော စိတ်တွင် ထင်လာမြဲ ဖြစ်၏၊ ထိုတွင် ကံထင်လာရာ၌(အိပ်မက် မက်နေသူကဲ့သို့)ရှေးတုန်းက ကံ ကိုပင် ယခုပြုနေရသလို ထင်လာ၏၊ ဥပမာ—ဒါနပြုနေသော ကံ ထင်လာလျှင် ယခုလောလောဆယ် ပြုနေရသလို ထင်လာ၏၊ သူ့ အသက်သတ်မှု ကံထင်လျှင် ယခုလောလောဆယ် သတ်ဖြတ်နေရ သကဲ့သို့ ထင်လာ၏၊ ယခုလောလောဆယ် ပြုနေသလိုမထင်ဘဲ ထို ကံကို ပြန်၍ အမှတ်ရသော အားဖြင့်လည်း ထင်လာ၏၊ ဆိုလိုရင်း ကား—ထိုကံကို ယခုပြုနေသလို ထင်လာသောနည်း, ထို ကံကို ပြန်၍ အမှတ်ရသော နည်းအားဖြင့် ကံအာရုံ ထင်လာပုံ ၂ နည်း ရှိသည်— ဟူလို၊ ထိုအခါ စုတေမည့်သူ၏ မျက်နှာ အနေသည် ကောင်းသောကံထင်လာသည့်အခါ၌ ကြည်လင်ရွှင်ပျ၍ မကောင်း သော ကံထင်လာသည့်အခါ သူ့အသက် သတ်မှုဖြစ်လျှင် ဒေါသ ဖြစ်နေသော အမူအရာမျိုး ဖြစ်နေ၏၊ တဏှာပေမနှင့် ဆိုင်ရာ ၌ ကား ရွှင်ပျသော အမူအရာလည်း ရှိပေလိမ့်မည်။

**ကမ္မနိမိတ် ထင်ပုံ**

ကံပြုစဉ်က တွေ့ကြုံခဲ့ အသုံးပြုခဲ့သော အဆောက်အဦး အာရုံ(ကမ္မနိမိတ်)ထင်လာရာ၌ ကျောင်းရေစက်ချ ဒါနပြုရာဝယ် ကျောင်းကြီးဖြစ်စေ, ထို ရေစက်ချပွဲ၌ လှူအပ်သော သင်္ကန်း ဆွမ်း စသည် ဖြစ်စေ, ရဟန်းတော်များ လှူအများ စားသောက်နေပုံ ဖြစ်စေ , သတိလစ်နေသော စိတ်တွင် ထင်လာတတ်၏၊ သူ့အသက်ကိုသတ်ရာ၌ အသတ်ခံရသူဖြစ်စေ, သတ်သည့်အခါ သုံးစွဲသောလက်နက် စသည် ဖြစ်စေ , ထင်လာတတ်၏၊ ထိုပြုခဲ့သော ကံနှင့် ကမ္မနိမိတ်တို့သည် စုတေချိန်မကျမီ ခပ်စောစောကမူ သတိမလစ်ဘဲ မိမိဘာသာ ကောင်းမှုတွေကိုပြန်၍ တွေးသောအားဖြင့်လည်း ထင်လာနိုင်၏၊ အနီးအပါး ဆွေမျိုး စသူများက သတိပေးပြောပြသော အားဖြင့်လည်း ထင်လာတတ်၏၊ သို့ရာဝယ် စုတေတော့မည့် အချိန်၌ကား သတိလစ်လျက် ထင်မြဲထင်နေပေလိမ့်မည်၊ သီဟိုဠ်ကျွန်း၌ ဒုဋ္ဌဂါမဏိ အဘယမင်းသည် ကောင်းမှုများစွာ ပြုကာ သာသနာ ပြုစုသော မင်းတပါး ဖြစ်သည်အားလျော်စွာ စုတေခါနီး၌ မဟာစေတီကြီးကိုပင် တည်နေဆဲဖြစ်၏၊ ကံတော်ကုန်ခါနီးအချိန်ဝယ် ကောင်းမှု စာရင်းစာအုပ် ဖတ်စေရာ " အရှင်မင်းမြတ်သည် ညီတော် တိဿနှင့် စစ်ဖြစ်၍ မြင်းတစီး အမက်တယောံမျှဖြင့် တောသို့ရှောင်နေရစဉ် တယောက်စာပွဲတော်ကို ၄ ပုံ-ပုံစေ၍ ကိုယ်တော့်အတွက် တပုံကို ပွဲတော်မတည်ဘဲ အလှူခံ အရှင်မြတ်ကို ကြွးကြော် ပင့်ဖိတ်၍ လှူတော် မူခဲ့ဘူးပါသည်"ဟု အဓိပ္ပါယ်ပါသော ကောင်းမှုစာရင်းကို ဖတ်လိုက်သည့်အခါ လွန်စွာအားရ စိတ်တက်ကြွ၍ မဟာစေတီ ဒါနကြီးကိုပင် အမှတ် မရနိုင်ဘဲ ထို ဆင်းဆင်းရဲရဲ ပြုရသော ဒါနကို စိတ်စွဲ၍

နတ်ရွာစံကာ တုသိတာ၌ ဖြစ်ရလေသည်။ [ ယခုကာလ ဒါန အားကြီးသူတို့လည်း " ပုညပေါတ္ထက " ခေါ် ကောင်းမှု စာရင်း ပြုလုပ်ကာ မကြာမကြာ သတိရလေအောင် ဖတ်လေ့ ရှိသင့်ကြ ပေသည်။]

ဂတိနိမိတ် ထင်ပုံ

ကံအားလျော်စွာ ရောက်ရတော့မည့် ဘဝကို "ဂတိ" ဟု ဆို၏၊ ထိုဂတိ၌ တွေ့ကြုံရမည့် အာရုံ နိမိတ်ကို " ဂတိ နိမိတ် " ဟု ခေါ်သည်၊ သတ္တဝါရောက်ရမည့် နေရာဘဝ ဂတိသည် ၁-ဒေဝဂတိ = နတ်ဖြစ်ရာဘဝ , ၂-မနုဿဂတိ = လူ့ ဘဝ, ၃-နိရယဂတိ = ငရဲသားဘဝ , ၄-ပေတဂတိ= ပြိတ္တာဘဝ (တစ္ဆေ့,မှင်စာ, အစိမ်း, သရဲ,သဘက်, ဘီလူး, အသူရကာယ်ခေါ် ပြိတ္တာ အကြီးစား များသည် ဤ ပေတဂတိ၌ ပါဝင်ကြသည်၊ ) ၅-တိရစ္ဆာနဂတိ = တိရစ္ဆာန်ဘဝ, ( အခြေ ၄ ချောင်း ရှိသော သားကောင်များ, အခြေ ၂ချောင်းရှိ ငှက်များ,အခြေမရှိသောမြွေ စသည်တို့နှင့်တကွ ရေနေသတ္တဝါ ငါး လိပ်စသည်တို့ ပါဝင်ကြ၏)၊ နတ်ဘဝ ရောက်ရမည့်သူ၌ ဘုံဗိမာန် ဥယျာဉ် ရေကန် နတ်သမီး နတ်သား စသည်ထင်လာ၏၊ လူ့ပြည်ရောက်မည့် သူ၌ အမိဝမ်းရေ ထင်လာ၏၊ တိရစ္ဆာန် ဖြစ်မည့်သူ၌လည်း တိရစ္ဆာန်အမိ၏ဝမ်းရေ ထင်လာဘွယ်ရှိ၏၊ ငရဲရောက်မည့်သူ၌ ငရဲမီးစသည် ထင်လာ၏၊ ပြိတ္တာ ဖြစ်မည့်သူ၌ မိမိတို့ ဖြစ်ရမည့် တောတောင် စသည်တို့ ထင်လာ၏၊ မီးပူဇော်၍ ယာဇ်နတ်ကို ကိုးကွယ်သော လုတယော်သည် သေခါနီး၌ မီးနိမိတ်ထင်လာ၏၊ သူ၏ ဆရာများလည်း အနီး အပါးမှာ ရှိနေစဉ် သူ့မှာ ထင်နေသည်ကို သတိရ၍ ပြန်ပြောသည့် အခါ ဆရာများက ဗြဟ္မာ့ပြည်သို့ ရောက်ရတော့မည်ဟု အားပေး

ကြ၏၊ "မြဟ္မာ့ပြည်ဆိုတာ ဘယ်မှာရှိသလဲ " ဟု မေး၏၊ "အထက်မှာ ရှိဘယ် " ဟု ပြောကြ၏၊ " ယခု ထင်လာတာက အောက်က ထင်လာတယ်"ဟု ပြန်ပြောရာ, "ကိစ္စမရှိဘူး အောက်က ထင်လာပေမဲ့ အထက်ရောက်မှာဘဲ " ဟု အားပေးကြစဉ် စုတေ၍ ငရဲသို့ကျသွားလေသတဲ့။

**နိမိတ်ထင်ပုံကို ပြရကျိုး**

ကံသိမ်ရကြောင့် ဘဝသစ်ဝယ် ဝိပါက်ဝိညာဉ်ဖြစ်ရာ၌ ဘာ့ကြောင့် စုတေခါနီး အာရုံထင်ပုံတွေကို ပြနေပါလိမ့်မည်နည်းဟုစဉ်းစားကြပေလိမ့်မည်၊ ရည်ရွယ်ချက်ကား— ယခုဘဝ၌ သေချိန်မကျမီ ရှေးကဖြစ်စေ ရှေးရှေးဘဝများစွာက ဖြစ်စေ ပြုခဲ့သော ကံသိမ်ရတို့သည်အကျိုးပေးဘို့ အခွင့်ရောက်လာသည့် အခါ သူတို့နှင့် စပ်သောအာရုံများသည် သေခါနီး၌ ဟနည်းနည်းဖြင့် ထင်လာရကား ယခုလောလောဆယ် ပြုရသော ကံများနှင့် မခြားမနားပင် ဖြစ်သည်-ဟု နားလည်စေလိုသောကြောင့် ဤသို့ သေခါနီး၌ အာရုံထင်လာပုံဘွေကို ကြားဖြတ်၍ ပြရပေသည်၊ ဤ သေခါနီး ထင်လာသောအာရုံသည် ဘဝသစ်ဝယ် ဝိညာဉ်သစ် ဖြစ်ဘို့အာရေး၌ အချက်ပေးသော အာရုံများ ဖြစ်ရကား စုတေခါနီး၌ အာရုံကောင်း ရဘို့အရေးကြီးလှပေ၏၊ သတိမလစ်သူဖြစ်ပါလျှင် မိမိနေရာကို သန့်ရှင်းစင်ကြယ်စွာ ပြင်ဆင်၍ ကိုယ်တိုင်ပင် ကိုယ့်ဘတ်ကိုပြုပြင်ကာ ဘုရားတရားအာရုံများကို စဉ်းစားနေသင့်၏၊ သတိလစ်တတ် ပါလျှင်အနီးအပါး မိတ်ဆွေကောင်း များက အာရုံကောင်း ထင်လာအောင် ကြိုးစားပေးသင့်၏၊ ပန်းများစွာပူဇော်ခြင်း ပရိတ်ရွတ်ခြင်းတရားရွတ်ခြင်းစသည်ကို ပြုပေးသင့်၏၊ ယခုကာလ၌ကား သေခါနီး

ကျက ၁မှ(ရေနှစ်သူများလို)များပါသော က များကြသဖြင့် ထင်ချင်ရာ အာရုံတွေကထင်၁ ဘဝသစ်၌ ဖြစ်ချင်သလိုဝိညာဉ်တွေ ဖြစ်ကြရလေတော့သည်၊ ထိုသို့ အပြု အပြင် မရှိဘဲ စုတေကြရ သူတို့မှာ ရှေးကပြုခဲ့သော ကံကိုသာ အားကိုးရပေတော့သည်၊ ကံကောင်းများသူမှ အာရုံကောင်း ထင်နိုင်မည်၊ ကံဆိုးများလျှင်ကား အာရုံဆိုးပင် ထင်ဘွယ်ရှိသည်-ဟူလို။

သန္ဓေအသစ်တည်ပုံ ပြခဲ့သော နည်းဖြင့် ရှေးဘဝ စုတေခါနီး၌ ကံဖြစ်စေ ကမ္မနိမိတ်ဖြစ်စေ ဂတိနိမိတ်ဖြစ်စေ ထင်သာပြီး၍ စုတေစိတ်(တဘဝအတွက် နောက်ဆုံးစိတ်) ဖြစ်ပြီးသည်နှင့် တဆက်ထည်းပင် ယခုဘဝ၌ ဝိညာဉ် အသစ်သည် ရှေးသင်္ခါရ ကံကြောင့် ဖြစ်ရတော့၏၊ ထိုသို့ ကံကြောင့် အသစ်ဖြစ်သော ဝိညာဉ်ကို"ပဋိသန္ဓေစိတ်"ဟု ခေါ်၏။ [ဘဝဟောင်း၌ နောက်ဆုံး စုတေစိတ် ဖြစ်ပြီးသည့်အခါ နောက်ထပ် အဆက်အစပ်မရှိလျှင် ထိုသတ္တဝါသည် ပြတ်စဲရတော့မည်၊ ထိုသို့ မပြတ်စဲရလေအောင် နောက်ထပ်ဆက်စပ်သော စိတ်ဟု ဆိုလိုသည်၊ ပဋိ=တဖန်(ထပ်မံ၍)+သန္ဓိ=ဆက်စပ်သောစိတ်၊ ထို ပဋိသန္ဓေစိတ် ဖြစ်ခြင်းကို "သန္ဓေတည်ခြင်း"ဟုခေါ်စမှတ်ပြုကြသည်၊]ဆက်ဦးအံ့-"ရှေးကံ(သင်္ခါရ)"ဟူရာ၌"ရှေး"ဟူရာဝယ် ရှေးလွန်ပြီးသော တဘဝမျှကို မဆိုလို၊ ရှေးဘဝပေါင်း များစွာက ပြုခဲ့ဘူး၍ အကျိုးပေးခွင့် မရသဖြင့် ထိုသူ့သန္တာနဝယ် သတ္တိခါတ်ခံအနေအားဖြင့် တည်လျက်ရှိသော ကံအားလုံးတွင် အခွင့်သင့်ရာ ကံသင်္ခါရ တခုကြောင့် ယခုဘဝ၌ ပဋိသန္ဓေဝိညာဉ်သစ် ဖြစ်ရသည်-ဟု ဆိုလိုသည်။

မည်သည့်ကံမျိုး အကျိုးပေးရမလဲ

သေခါနီး၌ သူတော်ကောင်းများနှင့် ပေါင်းသင်း၍ တရားစကားပြောကြား နာနေရသူ တရားနှလုံးသွင်း၍နေသူ စသည်များ ဖြစ်လျှင် ကောင်းသော ကံသခ်ါရသည် အကျိုးပေးခွင့် ရမည်၊ မကောင်းမှု ပြုခိုက် ကြုံလျှင်၎င်း, သားသွီး ပစ္စည်း ဥစ္စာ စသည်ကို စွဲလန်း၍ သောကစသည် ဖြစ်နေလျှင်၎င်း,မကောင်းကံ သခ်ါရသည် အကျိုးပေးခွင့်ရ၏၊ လွန်ခဲ့သောဘဝနှင့် ရှေးဘဝပေါင်းများစွာ ပြုခဲ့သော ကံအများတွင် သေခါနီးမှ ကပ်၍ ပြုအပ်သော ကံ - သို့မဟုတ် ရှေးရှေးက ပြုထားသော်လည်း သေခါနီး၌ သတိရလာသော ကံသည် အကျိုးပေးခွင့် ရလာ၏၊ ဘုရားလက်ထက်တော်၌ ဘုရင့် အခိန့်အရ အပြစ်ရှိသူများကို သတ်ဖြတ်၍အမှုထမ်းရသော“လက်မရွံ့ အာဏာသား” ခေါ် သူသတ်ကြီးသည် ထိုသူသတ်ရာထူးမှ ထွက်သော နေ့၌ ပင် အရှင်သာရိပုတြာ တရားတော်ကို နာယူရ၍ အလွန်စိတ်ကြည်သင်ရွှင်ပျလျှက် စုတေသွားရာ,နောက်ဆုံးပြုသော ကံ့သခ်ါရသည် လူသတ်မှု ကံတွေကို လွှမ်းမိုး၍ နတ်ပြည်၌ အကျိုး ဝိညာဉ်ကို ဖြစ်စေလေသည်။ [ လူသတ်မှုကံတွေကား နောက်နောင် ဘဝ၌ အခွင့်သင့်သည့်အခါ အကျိုးပေးလိမ့်ဦးမည်၊] ဒုဋ္ဌဂါမဏီ အဘယမင်းလည်း ညီတော်နှင့် စစ်ဖြစ်ရာ၌က တောထဲ၌ လှူခဲ့ရ သော ပွဲတော်စာကို သတိရ၍ ကံတော်ကုန်လေရာ လောလော ဆယ် တည်နေသော မဟာစေတီကုသိုလ်ကြီးကိုပင် ထိုပွဲတော် တနပ်စာအလှူ ကံသခ်ါရက လွှမ်းမိုး၍ တုသိတာနတ်ပြည်၌ ဝိပါက် ဝိညာဉ် အကျိုးကို ပေးလေသည်။

**ရှေးရှေးကကံများ အကျိုးပေးပုံ**

(နာရဒဇာတ်တော်၌ လာသော)အလာတအမတ်သည် ကဿပဘုရားရှင်၏စေတီတော်ကို ပန်းပူဇော်ခဲ့ဘူး၏၊ ထိုဘဝမှ စုတေ၍ ကံအမျိုးမျိုးကြောင့် ဘဝအမျိုးမျိုးဝယ် ကျင်လည်ခဲ့ရာ တဘဝ၌ နွားသတ်သမားကြီး ဖြစ်၏၊ ထိုဘဝမှ စုတေခါနီးသော် ထိုနွားသတ်မှု ကံသည် (ပြာဖုံးနေသော မီးကျီးကဲ့သို့) မထင်လာဘဲ အလွန်ကြာမြင့်သော ဘဝတုန်းက စေတီကိုပန်းပူဇော်မှု ထင်လာ၍ ထိုအလာတအမတ်ဘဝ၌ ဝိညာဉ်အသစ် ဖြစ်ပေါ်ရလေသည်၊ ဗီဇကမည်သော ကျွန်ကား ကဿပဘုရားရှင် လက်ထက်တော်၌ မျက်စိလည် လမ်းမှားနေသော ရဟန်းတပါးက လမ်းမေးရာ မပြောဘဲ နေခဲ့ဘူး၏၊ ရဟန်းက ထပ်၍မေးပြန်ရာ စိတ်ဆိုးဆိုးနှင့် "ရဟန်း....ကျွန်မျိုးဆိုတာ (တောင်မေး မြောက်မေးနှင့်) နှုတ်မစောင့်တတ်ကြဘူး,ကျွန်ဖြစ်ဟန် တူတယ်"ဟု ပြောမိခဲ့၏၊ သူသည် အခြားကံအမျိုးမျိုးကြောင့် ဘဝပေါင်းများစွာ ဖြစ်ခဲ့ရာ ကုသိုလ်ကံကြောင့် သာကေတမြို့၌ သေဌေးဖြစ်၍ ကောင်းမှု အမျိုးမျိုးကို ပြု၏၊ ထိုဘဝမှ စုတေသော် ကောင်းမှုကံတွေ အခွင့်မသာဘဲ ရှေးရှေးက ရဟန်းကို"ကျွန်"ဟုဆိုခဲ့သော အကုသိုလ်ကံ ပေါ်ထင်လာသဖြင့် ထိုသခါရကြောင့် ကျွန်မဝမ်း၌ ဝိညာဉ်အသစ် ဖြစ်ရလေသည်။

မှတ်ချက်။ ။ ဤပြခဲ့သော စကားစဉ် အရ ကံသခါရသည် အလွန်ဝေးကွာသော ဘဝတုန်းက ပြုခဲ့သော်လည်း သူ၏ သတ္တိ (ပဋ္ဌာန်းတရားတော်အရ ကမ္မပစ္စည်း) သည် ၎င်းသူ့သန္တာန်မှ ပျောက်ကွယ်မသွားဘဲ အကြောင်းအခါ လျော်စွာ စုတေခါနီး၌ (ယခု လောလောဆယ် ပြုရ

သကဲ့သို့)ထင်ပေါ်လာတတ်၏၊ ထိုသို့ ထင်လာလျှင် ရှေးရှေးက ပြုခဲ့သော ထို ကံသည် ကောင်းကျိုးပေးတော့မည် ဖြစ်ရကား စုတေစိတ်ကျသည်နှင့် တပြိုင်နက် ထို သင်္ခါရကြောင့် ဘဝသစ်၌ ပဋိသန္ဓေ ဝိညာဉ် အသစ် ဖြစ်ရ၏၊ ထိုသို့ ဖြစ်ရာဝယ် လူ့ပြည်၌ စုတေစိတ်ကျလျှင် စုတ်ချုပ်သည်နှင့် တပြိုင်နက် နတ်ပြည်မှာဖြစ်စေ, ငရဲပြည်မှာဖြစ်စေ, ကံအားလျော်စွာ ချက်ခြင်းဆက်၍ ပဋိသန္ဓေတ် ဖြစ်ရသည်၊ ရှေးဘဝ စုတိနှင့် ဤဘဝ ပဋိသန္ဓေသည် စက္ကန့်တစိတ်မျှ ကာလကြာခြင်း မရှိ, တဘဝထည်းဝယ် စိတ်တခုနှင့်တခု ဆက်နေသလို ရှေးဘဝစုတိစိတ်နှင့် နောက်ဘဝပဋိသန္ဓေ ဝိညာဉ်စိတ်လည်း တဆက်ထည်းပင် ဖြစ်ရသည်–ဟုမှတ်။

ဘဝဟောင်း မပြောင်း

"ရှေးရှေးဘဝ ကံသင်္ခါရကြောင့် ဤဘဝ၌ ပဋိသန္ဓေ ဝိညာဉ် အသစ်ဖြစ်ရ၏" ဟု ဆိုရာ၌ ထပ်၍ ရှင်းပြဦးမည်၊ တဘဝမှ တဘဝ၌ ဖြစ်ရသည့်အခါ ရုပ်ခန္ဓာကိုယ်ကြီးသည် ဟောင်းနွမ်း ဆွေးမြေ့၍ ဘဝဟောင်း ပျက်စီးချုပ်ပျောက် ရစ်သော်လည်း ဝိညာဉ်ကောင် (စိတ်)ကလေးကား မိမိကံအားလျော်စွာ ဘဝသစ်၌ ရုပ်ခန္ဓာအသစ် ရပြန်လေသည်၊ ပဋိသန္ဓေဝိညာဉ် ဟူသည်မှာ "ဘဝသစ်၌ အသစ် ဖြစ်ရသော ဝိညာဉ်မဟုတ်, ဘဝဟောင်းက ဝိညာဉ်ပင် ဖြစ်သည်" ဟု ယခုကာလ၌ ဗုဒ္ဓဘာသာဝင်ဆိုသူတို့ပင် မှတ်ထင်နေကြ၏၊ ထို့ကြောင့်ပင် တယောက်ယောက် စုတေသည့်အခါ "အသက်ထွက်သွားပြီ" ဟု ယူဆကြလေသည်၊ ထိုအယူသည် အနတ္တလက္ခဏာသုတ်၌ ခွဲပြခဲ့သော ဝိညာဉ်စိတ်ကို အတ္တ ဟု စွဲလမ်းသင်မှားနေသော အတ္တဒိဋ္ဌိ တမျိုးဖြစ်သည်၊ အမှန်မှာ သူဘို့ယူဆသည့်အတိုင်း ဘဝဟောင်းက ရုပ်နာမ် (ဝိညာဉ်ပါ) ဘစုံတရာမျှ ပြောင်းရွှေ့၍ အသစ်ဘဝ၌

ဖြစ်ရသည် မဟုတ်၊ ရှေးရှေးဘဝက ပြုထားသော ကံသင်္ခါရနှင့် အစွမ်းသတ္တိကြောင့်သာ ယခုလို ဘဝသစ်၌ ဝိညာဉ်သစ် စ၍ ဖြစ်ရခြင်းသာတည်း။

**ပဲ့တင်သံ စသော ဥပမာ**

ဤနေရာဝယ် ဒိဋ္ဌိ ၂ မျိုးမဖြစ်အောင် ရှင်းပြရန် အရေးကြီး၏၊ ဘဝဟောင်းက ဝိညာဉ်ကောင်သည် ဘဝအသစ်၌ ပြောင်းရွှေ့၍ ဖြစ်၏ဟု ယူဆလျှင် ဝိညာဉ်သည် မပျက်မစဲ ခိုင်မြဲ၏ ဟု ယူဆသော သဿတဒိဋ္ဌိ ဖြစ်ရာ၏၊ ဘဝဟောင်းက ရုပ်နာမ်ဟူသမျှ လုံးဝ အဆက်အသွယ်မရှိဘဲ ပြတ်စဲကြ၏၊ "ဤဘဝ ဤကိုယ်, နောက်ဘဝ နောက်ကိုယ်သာတည်း" ဟု ယူပြန်လျှင် "သတ္တ ဟူသမျှ သေလျှင် ပြီးတာဘဲ ပြတ်တာဘဲ" ဟု ယူဆသော ဥစ္ဆေဒဒိဋ္ဌိ ဖြစ်ရာ၏၊ ထို့ကြောင့် ထို ဒိဋ္ဌိ ၂ မျိုး မဖြစ်အောင် ပဲ့တင်သံ စသော ဥပမာကို စဉ်းစားရာ၏၊ တောတောင် အနီးအပါး၌ "ဟေး" ဟု ဟစ်အော်သည့် အခါ တောင်နံရံဆီမှပြန်၍ "ဟေး"ဟုအသံတခုပေါ်လာ၏၊ (ထိုအသံကို "ပဲ့တင်သံ"ဟု ခေါ်သည် )၊ ထို အသံသည် အစပဌမ အော်လိုက်သော လူ့အသံလည်း မဟုတ် , လူ့အသံနှင့် ကင်း၍လည်း ထို ပဲ့တင်သံ မဖြစ်နိုင်၊ ဆီမီးတခုမှ မီးကူး၍ ယူရာ၌ မူလ ဆီမီးသည် နောက်ဆီမီးခွက်သို့ ပြောင်း၍ မသွား, မူလဆီမီးနှင့် ကင်း၍လည်း နောက်ဆီမီးအသစ် မဖြစ်နိုင်၊ ဤသို့စသော ဥပမာအတိုင်း "ရှေးဘဝက ဝိညာဉ်သည် နောက်ဘဝသို့ ပြောင်း၍ ဖြစ်သည် မဟုတ်, ရှေးဘဝ သင်္ခါရတို့နှင့် ကင်း၍လည်း ဘဝသစ်၌ ဝိညာဉ်သစ် မဖြစ်နိုင်, ရှေးသင်္ခါရကြောင့်သာ ဝိညာဉ်အသစ် ဖြစ်ရသည်" ဟူသော ဝါဒကို မှတ်သားထိုက်လှပေသည်။

**ဝိညာဉ်ကြောင့် နာမ်ရုပ်ဖြစ်ပုံ**

ရှေးရှေး ဘဝများစွာတို့၌ ပြုခဲ့သော သင်္ခါရကံ များစွာတွင် အခွင့်သင့်ရာ ကံတပါးပါးကြောင့် ယခုဘဝ ဝိညာဉ်သစ် ဖြစ်ရာဝယ် စိတ်ဝိညာဉ် တခုထည်းဖြစ်သည် မဟုတ်, စေတသိက် ဟု ခေါ်အပ်သော နာမ်တရားနှင့်(ရုပ်ရှိရာ ဘဝဝယ်)ရုပ်တရားလည်း တပြိုင်နက် ဖြစ်ကြ၏၊ ဆိုလိုရင်းကား—ယခုလို လူ့ဘဝ၌ " ပဋိသန္ဓေ တည်သည် " ဟု ဆိုလျှင် " ၁-စိတ်ဝိညာဉ်, ၂-စေတသိက်နာမ်, ၃-(ကံကြောင့် ဖြစ်သော)ရုပ်ခန္ဓာကလေး" ဤ ၃ မျိုးသည် တပြိုင်နက် ဖြစ်ကြ၏- ဟု ဆိုလိုသည်၊ ထိုသို့ တပြိုင်နက် ဖြစ်ကြရာဝယ် စိတ်ဝိညာဉ်သည် ခေါင်းဆောင်ပဓာန ဖြစ်၏၊ စေတသိက်နာမ်နှင့် ရုပ်ခန္ဓာကား ဝိညာဉ်၏ နောက်လိုက်များဖြစ်၏၊ ထို့ကြောင့် " ဝိညာဏပစ္စယာ နာမရူပံ = ဝိညာဉ်ကြောင့် နာမ်ရုပ်လည်း ဖြစ်ပေါ်ပေါ်ဝင်ရသည်" ဟု ဟောတော်မူသည်၊ " ဝိညာဉ် မဖြစ်လျှင် စေတသိက် နာမ်နှင့် ရုပ် မဖြစ်၊ ဝိညာဉ်ဖြစ်သောကြောင့်သာ နာမ်နှင့် ရုပ်လည်း ဖြစ်ရသည်" ဟုလို၊

**ရုပ်ခန္ဓာကလေး၏ ပမာဏ**

ဝိညာဉ် နာမ်ရုပ် ၃ ပါးစုံ စုမိနေသော လူသတ္တဝါ ကလေးဝယ် ရုပ်တရား သာလျှင် အသည်ကိုယ် ထင်ရှား၏၊ ထို ခန္ဓာကိုယ် ကလေး၏ ပမာဏလည်း ပဋိသန္ဓေ တည်နေခါစ၌ မှန်ပြောင်း ကောင်းကောင်းနှင့်သော်မှ ကြည့်၍ မမြင်နိုင်လေအံ့အောင် မှုန်မွှား သေးငယ်လှ၏၊ အဘိဓမ္မာ သင်္ဂြိုဟ်အားဖြင့်ဆိုလျှင် ရုပ်မှုန့်ကလေး ၃၀ မျှသာဖြစ်၏၊ သို့ရာတွင် ထိုခန္ဓာကိုယ်ကလေး၌ အချိန်ရှိသရွေ့ ရှေးကံ သင်္ခါရကြောင့် ရုပ်မှုန့်ကလေးတွေ ထပ်၍တိုးပွါး၏၊ အဒိ၏

ကိုယ်ငွေ့နှင့် နဂိုရ်ကပါလာသော မိမိ၏ ကိုယ်အငွေ့များကြောင့် ရုပ်သစ်ကလေးတွေ တိုးပွါး၏၊ စိတ်ကြောင့်ရုပ်ကလေးတွေ တိုးပွါး၏၊ ရက်သတ္တ ၂ ပါတ်လောက်ကြာလျှင် အမိစားသော အစာမှ ရုပ်ကလေးတွေ ဆက်၍ တိုးပွါးပြန်၏၊ ဤသို့အားဖြင့် တစတစ ခန္ဓာကိုယ် ကြီးထွား၍ လူ့သဏ္ဌာန် ပေါ်လာရသည်၊ [ ရှေးသင်္ခါရကြောင့်ဖြစ်သော ရုပ်ကလေးတွေကို ကမ္မဇရုပ်, ကိုယ်ငွေ့ဥတုမှ ဖြစ်သော ရုပ်တွေကို ဥတုဇရုပ်, မိမိစိတ်ဖြစ်တိုင်း ဖြစ်ပေါ်ပါလာသော ရုပ်တွေကို စိတ္တဇရုပ်, အစာကြောင့်ဖြစ်သော ရုပ်တွေကို အာဟာရဇရုပ် ဟု ခေါ်သည်၊ ဤသို့လျှင် ခန္ဓာကိုယ် ဟု ခေါ်သော အကောင်အသည်၌ ထိုကမ္မဇစသော ရုပ်တွေ ပေါင်းစပ် ကြီးထွားနေသည် ဟုဆိုင်း, စိတ်ဝိညာဉ်နှင့် စေတသိက်တို့ကား ရှေးကံသင်္ခါရကြောင့် တဘဝလုံး(အခြားဝိထိစိတ် မဖြစ်သမျှ) ဆက်ကာစဉ်ကာ ဖြစ်ခဲ့ရသေးသဖြင့် ကံကြောင့်ဖြစ်သော ဝိညာဉ်နှင့် ကံကြောင့် ဖြစ်သော စေတသိက်များ ဟု မှတ်ပါ။]

**ရုပ်အဆင်းကွဲပြားမှု**

ရှေးရှေးဘဝ၌ ပြုအပ်သော ကံသင်္ခါရကြောင့် ယခုဘဝဝယ် စိတ်ဝိညာဉ် စေတသိက်နာမ်နှင့် ကံကြောင့်ဖြစ်သော ရုပ်တရားတို့ ပဋိသန္ဓေ တည်စ ပဋိသန္ဓေအချိန်မှ အစပြု၍ ဖြစ်ကြရသည် ဟု ဗုဒ္ဓရှင်တော် မိန့်တော်မူသည့်အတိုင်း ယခုကာလ၌ ရုပ်အဆင်းချင်း မတူကြပုံကို ကိုယ်ကိုင်ဒိဋ္ဌ မြင်နေကြလေပြီ၊ သို့သော် ထပ်၍ ရှင်းပြပါဦးအံ့— ပဋိသန္ဓေ တည်စဝယ် ရှေးကံ သင်္ခါရကြောင့် ရုပ်မှုန်ကလေး ဖြစ်သည်မှစ၍ တစတစ ကြီးထွားလာရာ၌ အမိအဘတို့၏ သုက်သွေး သည် ထို ရုပ်မှုန်ကလေးအား အငွေ့ဓာတ် ( တေဇောဓာတ် = ဥတု)

ပေးလျှက်ရှိ၏၊ ထို့ကြောင့် မြေနီတွင်းအောင်း ဖွတ်သတ္တဝါသည် "ဖွတ်နီ"ဖြစ်၍ မြေနက်တွင်းအောင်း ဖွတ်သတ္တဝါကား "ဖွတ်နက်" ဖြစ်ရသကဲ့သို့ ထို့အတူ မိဘတို့၏ သုက်သွေးလိုက်၍ ရုပ်ဖြူ ရုပ်ဝါ ရုပ်မဲ များ ဖြစ်လာရသောမက မိဘတို့နှင့် ပုံသဏ္ဌာန်လည်း အတော်အတန် တူလာကြပေသည်၊ ထိုသို့ဖြစ်ရာ၌ အမွှာမွေး ညီနောင် ၂ ယောက်၏ ရုပ်အဆင်း ပုံသဏ္ဌာန်ကို သေချာစွာ ကြည့်သည့်အခါ တူသယောင်ယောင် ရှိနေသော်လည်း တထပ်ထည်းကား မတူနိုင်ပုံ အဖြူ အမဲကွဲပြားပုံ လက် ခြေ အနေအထားကွဲပြားပုံ အနိမ့်အမြင့် ကွဲပြားပုံကို တွေ့ရ၏၊ ဘာ့ကြောင့် ထိုသို့ကွဲပြားရသနည်း, မိဘသုက်သွေးနှင့် မိခင်၏ အစာသည် တခုထည်းပင် မဟုတ်ပါလော ဟု စဉ်းစားသည့်အခါ ရှေးရှေးဘဝ ကံသင်္ခါရ ပြုတုန်းက တယောက်နှင့် တယောက် မတူခဲ့သဖြင့် ထိုကံကြောင့် ဖြစ်ရသော ပဋိသန္ဓေ ရုပ်မှုန့်ကလေး သည်လည်း တယောက်နှင့် တယောက် မတူဘဲ ရှိရသည်၊ ထိုအရင်းခံ ရုပ်မှုန့်မျိုးစေ့၏ မတူခြင်းကြောင့် ကြီးထွားလာသည့် အခါတို့၌လည်း တယောက်နှင့် တယောက် တထပ်ထည်း မတူနိုင်ဘဲ ရှိရသည် ဟု ထင်ရှားလာတော့သည်၊ ထို့ကြောင့် ကံချင်းကွဲပြား၍ ဖြစ်ကြရသော သတ္တဝါ အမျိုးမျိုး၌ ပုံသဏ္ဌာန်အမျိုးမျိုး ရှိ၍ အဆင်းလှသူ-မလှသူစသည်ဖြင့် အမျိုးမျိုး ရှိကြရသည် ဟု မှတ်၊

ဤနေရာဝယ် အမိဝမ်းမှစ၍ မိခင်ဖြစ်သူ၏ အစောင့်အရှောက် ကောင်းမှု လက်သည် ဆရာမတို့ အစောင့်အရှောက် ကောင်းမှု ကြောင့် ကျန်းမာသန်စွမ်း၍ ရုပ်အဆင်း လှပစေနိုင် ကြောင်းကို မငြင်းပါ၊ ထိုသို့ မိခင်စသူတို့က စောင့်ရှောက်၍ လှပသော ရုပ်

အဆင်းသည် ပြခဲ့သော ရုပ် ၄ မျိုးတွင် ဥတုဇ အာဟာရဇ ၂ မျိုး သာ ဖြစ်၏၊ ထို ၂ မျိုးက မူလကမ္မဇရုပ်ကို ထောက်ပံ့ခြင်း ကြောင့် မူလ ကမ္မဇရုပ်လည်း ကြည်လင် သန့်ရှင်းရခြင်း ဖြစ်ပေသည်၊ အကယ်၍ စိတ်ကိုလည်း ချမ်းသာအောင် စောင့်ရှောက်နိုင်ပါမူ စိတ္တဇရုပ်လည်း ကြည်လင်သန့်ရှင်းကာ တကိုယ်လုံး လှအောင် ထောက်ပံ့နိုင်ပါ၏၊ ထိုသို့သော ဤသို့ အပြုအပြင် အကောင်းဆုံး ဖြစ်နေသူ ၂ ယောက်ကို ( အပြုအပြင် ကောင်းသော အမွှာမွေး ၂ ယောက်ကို ) နှိုင်းယှဉ်ကြည့်ပြန်လျှင်လည်း သူတို့ချင်း လှ- မလှ ကွဲပြားကြဦးမည်သာ၊ ထိုသို့ ကွဲပြားပြန်သဖြင့် အရင်းစစ်လျှင် အမြစ်မြေမှာ ရှေးကံသခ်ါရအပေါ်၌သာ သက်ကြမည်သာတည်း၊ သို့ဖြစ်၍ ရှေးကံ သခ်ါရမတူမှုကြောင့် ရုပ်အဆင်းချင်း မတူကြပုံမှာ ယုံကြည်လောက်စရာ မှတ်သားဘွယ်ကောင်းလှပေသည်။

**စိတ်ချင်းကွဲပြားပုံ**　　ရှေးကံသခ်ါရကြောင့် ရုပ်ချင်းသာကွဲပြားကြသည် မဟုတ်, စိတ်ချင်းလည်း ကွဲပြားရသေး၏၊ ချွဲဥပုံ အိုး- ယခုကာလ၌ တမိတဘထည်း တဆရာထည်း ဖြစ်ရသော ညီနောင်တို့သည်ပင် စိတ်ရင်း စေတနာရင်းမှာ အကောင်းအဆိုး ကွဲပြားကြသည်ကို တွေ့ရ၏၊ နဲနဲ ပါးပါး ကွဲပြားနေသည် မဟုတ်, တယောက်သည် လူလိမ္မာ, တယောက်သည် လူမိုက် ဖြစ်ရသည့် ဟိုင်အောင်ပင် ကွဲပြားကြသေး၏။ [ အပေါင်း အသင်း မကောင်းခြင်း စသည်ကြောင့် ကွဲပြားရ၌လည်း သူတို့၏ စိတ်ရင်းပိုက်၍ တယောက်သည် ပျက်စီး၏, တယောက်ကား မပျက်စီး၊ ] စိတ်ရင်း(ပဋိသန္ဓေဝိညာဉ်)ကောင်းသူသည် အရာရာစိတ်ကောင်း ၍ အပေါင်း အသင်း ကြောင့်လည်း မပျက်စီးနိုင်၊ ထိုသူမျိုးကို(ပဋိ

သန္တေ၀ိညာဉ်ကို နာမည်တပ်၍)“တယ် ညာဉ်ကောင်းတဲ့ ကလေး= အလွန် သန္တေကောင်းတဲ့ ကလေး ”စသည်ဖြင့် ကလေးဘ၀ကပင် အချီးအမွမ်း ခံရ၏၊ စိတ်ရင်း ဆိုးလာသူကား သူ့ဘာသာလည်း မကောင်း, အပေါင်းအသင်းကြောင့်လည်း ပျက်စီးတတ်ကြ၏၊ သူလုပ်သမျှ အရာရာ မကောင်းတွေ များလှ၏၊ ထိုသူမျိုးကို“တယ် ညာဉ်ဆိုးတဲ့ အကောင်ဘဲ=သန္တေဆိုးကလေးဘဲ ”ဟု ကလေးဘ၀ ကပင် အပြောခံရလေသည်။

ထိုသို့ ဆိုးတေ နေရာ၌ ပြင်၍ ရလောက်အောင် ဆိုးသူလည်း ရှိ၏၊ ထိုသူမျိုးကား အပြင်ကောင်းသူနှင့် တွေ့လျှင် လူကောင်း သူကောင်း ဖြစ်နိုင်ပေသေး၏၊ ပြင်၍ မရအောင် ဆိုးသော သန္တေ ဆိုးလည်း ရှိ၏၊ ထိုသူမျိုးကိုကား ပြုပြင်ပေးသော်လည်း သန္တေ စိတ်ရင်းကညံ့ဖျင်းခဲ့သောကြောင့်“ခွေးမြီးကောက် ကျည်တောက် စွပ်ပေးခြင်းပင်”ဖြစ်ပေလိမ့်မည်၊ မှန်၏--ခွေးပဋိသန္တေကို ရသဖြင့် ခွေးဘ၀ ရောက်နေသော ခွေးကို ရာဇပလ္လင်ပေါ် တင်၍ ဘုရင် မြှောက်ကာ ခမ်းနားသော ပွဲတော်စာကို အ၀ကျွေးထားသော် လည်း ဘိနပ်စုတ်ကလေး မြင်လျှင် စားချင်နေဦးမည်သာ, ၀နေ၍ မစားနိုင်ပါမူ နမ်းကြည့်ရဦးမှ စိတ်ကျေနပ်ရှာပေလိမ့် မည်၊ ဘာကြောင့်နည်း .... သန္တေစိတ်ရင်း ညံ့ဖျင်းခဲ့ခြင်းကြောင့် တည်း၊ ဤသို့လျှင် ရှေးကံသင်္ခါရကြောင့် ပဋိသန္တေ တည်ခါစ၌ ပဌမဆုံး ဖြစ်သော ၀ိညာဉ် နာမ်ရုပ်တို့သည် တဘ၀လုံးအတွက် အကောင်းအဆိုး ကွဲပြားဘို့ရန် အခြေခံမျိုးစေ့ ဖြစ်ရကား နိဗ္ဗာန် ရေးသားသမျှ နောက်နေ့ဘ၀၌ ညာဉ်ကောင်း သန္တေကောင်း ရုပ်ကောင်း ဖြစ်ဘို့ရာ ယခုလို အသိဉာဏ်ရှိသော ဘ၀၀ယ်(ကိုယ်မှု

နှုတ်မှုစိတ်မှု)သင်္ခါရဟူသမျှ အကောင်းဆုံး အထက်ဆုံးဖြစ်အောင် ထူထောင်ပြုသင့်ကြပေသည်။

**နာမ်ရုပ်ကြောင့် သဠာယတနဖြစ်ပုံ**

" သဠာယတန " ဟူသည် စက္ခာယတန သောတာယတန ဃာနာယတန ဇိဝှါယတန ကာယာယတန မနာယတနတည်း၊ [သ = ဆ = ၆ ပါး+အာယတန။ ] အာယတန သဒ္ဒါသည် စိတ် စေတသိက်တရားတို့၏ " ဖြစ်ရာ တည်ရာ = ဖြစ်ကြောင်း တည်ကြောင်း"ဟူသော အနက်ကိုဟော၏၊ စက္ခာယတန ရှိမှ စက္ခုနှင့် ဆိုင်သော စိတ်စေတသိက်များ ဖြစ်နိုင်ကြ၏ , စသည်ဖြင့် သိလေ၊ ရှေးကံ သင်္ခါရကြောင့် ဤဘဝ၌ ဝိညာဉ်နာမ်ရုပ်တို့ ဖြစ်ကြသည့် အခါ စက္ခာယတန စသော အာယတန၆ ပါးလည်း ပါဝင်လျက် ရှိ၏၊ ချဲ့ဦးအံ့—ပဋိသန္ဓေ ဝိညာဉ်မျိုးစေ့တည်လျှင်ပင် ထိုဝိညာဉ်နှင့် အလားတူသော နောက်နောင် ဝိညာဉ်များ ( ဝီထိစိတ် မကျသမျှ ) ဆက်ကာ ဆက်ကာ ဖြစ်ကြ၏ ထိုဝိညာဉ်မျိုးကိုပင် "မနာယတန" ဟု ခေါ်၏၊ ထိုဝိညာဉ်များ ဖြစ်တိုင်းလည်း စေတသိက်နာမ်တွေ ပါရ၏၊ စေတသိက်နာမ်မပါလျှင် ဝိညာဉ်ချည်း မဖြစ်နိုင်၊ ဤစကား အရ နာမ်ကြောင့်"မနာယတန ဖြစ်ရ၏"ဟု သိပါ။

လူ့ဘဝ၌ ပဋိသန္ဓေ ဝိညာဉ်တည်ပြီးနောင် ရက်သတ္တ ဆဲ့တပတ် လောက်ကြာမှ"စက္ခု-သောတ-ဃာန-ဇိဝှါ" ၄ ခုတို့ ဖြစ်ကြ၏၊ "ကာယ"ကား ပဋိသန္ဓေဝိညာဉ်နှင့် အတူ တပြိုင်နက်ဖြစ်ခဲ့၏၊ [နတ်ဘဝ စသည်မှာမူ ထို ၆ ပါးလုံး သန္ဓေတည်သည်နှင့် တပြိုင်နက် ဖြစ်ကြရ၏၊ ]ထို ၆ ပါးလုံးပင် ရှေးကံသင်္ခါရကြောင့် သူတို့နှင့် အတူ

ဖြစ်ဘက်“ပထဝီ-အာပေါ-တေဇော-ဝါယော=မြေ-ရေ-မီး-လေ” ဟူသော ဓာတ်ကြီး ၄ ပါးက အမြဲထောက်ပံ့ ထားရသေးသောကြောင့် ( ထိုဓာတ်ကြီး ၄ ပါးက မထောက်ပံ့လျှင် ကွေ့ဆုံသည်တို့ မဖြစ်နိုင်သောကြောင့် ) ထိုစက္ခုစသော အာယတန ၅ ပါးတို့ “ရုပ်ကြောင့် ဖြစ်ကြသည်” ဟု မိန့်တော်မူသည်၊ သို့သော် စက္ခုစသော အာယတန ၆ ပါး၏ အရင်းအမြစ် အကြောင်းမှာ ရှေးကံသင်္ခါရသာတည်း — ဟုမှတ်။ [ ဤသက် အနုစိတ်၍ ရေးရလျှင် အဘိဓမ္မာ မကျွမ်းကျင်သူတို့ သာ၍ စိတ်ရှုပ်ဘွယ်ဖြစ်သောကြောင့် အကြမ်းအကြဲမျှသာ ပြလိုက်ရသည်။]

**သင်္ခါရကြောင့် ပဝတ္တိအကျိုးဖြစ်ပုံ**

ပဋိသန္ဓေတည်နေပြီး နောက် တဘဝလုံးကို “ပဝတ္တိ = ဖြစ်ပျက်နေချိန်” ဟု ခေါ်၏၊ ထို ပဝတ္တိ အခါ၌လည်း ရှေးကံ သင်္ခါရကြောင့် ဝိညာဉ်နှင့် နာမ်ရုပ်တို့ ဖြစ်ကြရ၏၊ ဥပမာအား— သစ်ပင်ပေါက်ဘို့ရာ မျိုးစေ့ ၅ မျိုး ရှိသည်(နှင်း-ခြင်းစသည်တို့၏ မျိုးစေ့ကဲ့သို့)အမြစ်မျိုးစေ့, (ပင်လုံးမှ အတက်ထွက်၍ ပေါက်ရသော နဘဲစသည်တို့၏ မျိုးစေ့ကဲ့သို့)ပင်စည်မျိုးစေ့, ကြံ စသည်တို့ကဲ့သို့ အဆစ်မျိုးစေ့, အညွန့်ချိုး၍ စိုက်ရသော အညွန့်မျိုးစေ့, အစေ့ မျိုးစေ့အားဖြင့် ၅ မျိုး ရှိကုန်၏၊ ထိုမျိုးစေ့များကြောင့် ပေါက်သော သစ်ပင်တို့တွင် မြေကောင်း, ရေကောင်းရှိရာ၌ ပေါက်ရသော သစ်ပင်တို့သည် မပြုမပြင်ဘဲ စည်ပင် ကြီးမားထွားကြိုင်း သီးပွင့်ကြကုန်၏၊ လူသူ မနီးသောသဲပြင် ခြောက်သွေ့သော တောင်ကုန်းစသည်၌ ပေါက်ကြရသော သစ်ပင်တို့ကား စည်ပင် လန်းဆန်း သန်စွမ်းခြင်း မရှိဘဲ ခြောက်ကပ်လိမ်ခွေ ကြက်သရေမဲ့အနေဖြင့်သာ တာရှည် တည်နေကြ

ရကုန်၏၊ အလယ် အလတ် မြေရေမှာ ပေါက်နေကြရသော သစ်ပင်တို့ကား ပြုပြင်သူ ရှိ = မရှိ လိုက်၍ စည်ပင်ထိုက်သမျှ စည်ပင်ကြရပေသည်၊ ထို့အတူပင် ကံ သင်္ခါရကြောင့် ဝိညာဉ်ဖြစ်ရာ၌လည်း ကံသည် မျိုးစေ့နှင့်တူ၏၊ တဘဝလုံး ဝိညာဉ် နာမ်ရုပ်အစုဖြစ်သော ခန္ဓာကိုယ်သတ္တဝါကား သစ်ပင်နှင့်တူ၏၊ အလွန်ကောင်းသော ကံ သင်္ခါရတို့ကြောင့် နတ်ပြည် ဗြဟ္မာ့ပြည်နှင့် တက်ကပ်အခါ အသက်တမ်းရှည်ရာအခါတို့၌ ဖြစ်ကြရသောသတ္တဝါတို့သည် ရေ မြေကောင်းသော တောတောင်ဝယ် ပေါက်ရသော သစ်ပင်များကဲ့သို့ ဉာဏ် ဝီရိယ(ပယောဂ)တို့ဖြင့် မပြုပြင်ရဘဲ ကျန်းမာ ချမ်းသာကြကုန်၏၊ ဆိုးဝါးသော ကံ သင်္ခါရကြောင့် အပါယ် ၄ ပါး၌ ဖြစ်ရသော သတ္တဝါတို့သည် သွေ့ခြောက်သော မြေပြင်၌ ရေလောင်းသူမရှိဘဲ ပေါက်ရသော သစ်ပင်များကဲ့သို့ ဒုက္ခ များကြရကုန်၏၊ ထိုသစ်ပင်များသည်ပင် တောမီး လောင်ခံကြရပြန်သကဲ့သို့ ဒုက္ခပေါ် ဒုက္ခလွှမ်းမိုးကာ ညှဉ်းဆဲနှိပ်စက် ခံကြရကုန်၏။

ယခုခေတ် လူသတ္တဝါတို့ကား အလယ်အလတ် ရေမြေ၌ ပေါက်ရသော သစ်ပင်များနှင့် တူကုန်၏၊ ရေလောင်းနိုင်လျှင် မြေဩဇာကောင်းကောင်းပေးနိုင်လျှင် ထိုသစ်ပင်များ စည်ပင်ကြီးထွားကုန်သကဲ့သို့ ဉာဏ်ဝီရိယ(ပယောဂ)ကောင်းလျှင် ချမ်းသာခွင့်ရှိကုန်၏၊ ရေမလောင်းဘဲ မြေဩဇာမပေးလျှင် တမြေးမြေး ညှိုးနွမ်းရသကဲ့သို့ ဉာဏ်ဝီရိယ ညံ့ဖျင်းနေလျှင် အကျိုးပေးလည်း ညံ့ဖျင်းဘွယ်ရှိသည်၊ ဤစကားစဉ်အရ(အသွင်နှံ့ထူးခြားသော ကံပါသူမှ တပါး)များစွာကုန်သော သတ္တဝါတို့၏ တဘဝလုံးအတွက် ချမ်းသာ ဆင်းရဲကွဲပြားမှုသည် ဉာဏ်ဝီရိယ ( ပယောဂ )အကူအညီ ကောင်း - မကောင်း

အပေါ်မှာ တည်သည် - ဟု မှတ်။ [ အကျယ်စိတ်ဖြာ၍ ရေးဘွယ်ရှိသော်လည်း ပဋိစ္စသမုပ္ပါဒ် တရားတော် ရှည်မျောသွားမည် စိုး၍ အကျဉ်းမျှ ပြရတော့မည်။]

[ဆောင်] ကံဟုမူလ, သမ္ဘာရဒွါ, ဟောကြသည်မှာ, အရင်းသာတည်း၊ ဥစ္စာဘောဂ, ဓိဝိတနှင့်, သုခပွားရန်, ၌လူ့ထံ၌, ဉာဏ်ဝိရိယ–ပဓေယာဂတည်း။–(မူလဒေဝလက်ဒ)။

သဠာယတန၏ သရုပ်နှင့်သတ္တိ

မျက်လုံးအတွင်း မျက်နက်ဝန်း၏ အလယ်ခေါင်၌ "စက္ခုပသာဒ" ခေါ် အကြည်ဓာတ်ပါ၏၊ ထိုအကြည်ဓာတ်ကို စက္ခာယတန ဟု ခေါ်၏၊ နားရွက်၏ လိုင်ခေါင်းအတွင်း၌"သောတပသာဒ" ခေါ် နားအကြည်ဓာတ်ပါ၏၊ "သောတာယတန" ဟု ခေါ်၏၊ နှာခေါင်းပေါက်၏ အတွင်း၌ "ဃာနပသာဒ" ခေါ် နှာခေါင်း အကြည်ဓာတ်ပါ၏၊ "ဃာနာယတန" ဟု ခေါ်၏၊ လျှာ၏ အလယ်၌ "ဇိဝှါပသာဒ" ခေါ် လျှာအကြည်ဓာတ်ပါ၏၊ "ဇိဝှါယတန" ဟု ခေါ်၏၊ ခန္ဓာကိုယ်၏ ထိုထိုအရပ်ဌာန၌ "ကာယပသာဒ" ခေါ် ကိုယ်အကြည်ဓာတ်ပါ၏၊ "ကာယာယတန" ဟု ခေါ်၏၊ ပဋိသန္ဓေတည်သည်မှစ၍ (ဝိညာဉ်စိတ် မ[ဖြ]စ်သမျှ)အမြဲဆက်၍ ဖြစ်ပွက်နေသော ဝိညာဉ်ကို "မ[နာ]ယတန"ဟုခေါ်၏၊ အပြင်ဘက်၌ အဆင်းအရောင် အမှောင်အမဲ ဟူသမျှသည် ရူပါရုံမည်၏၊ စက္ခုအကြည်ဓာတ် ရှိရာတိုင်း၌ ရှေးရှုတွေ့နေသော ရူပါရုံ ဟူသမျှသည် ဓာတ်သဘာဝအလိုက် တိုက်ဆိုက်လျက်ရှိ၏၊ (စက္ခုအကြည်ဓာတ် မရှိလျှင် မည်မျှလေခံပင်ကြိုးစားသော်လည်း ထို ရူပါရုံများ မတိုက်ဆိုက်နိုင်၊ )ထို့အတူပင်

နားအကြည်ဓာတ်ရှိရာ၌ ကြားလောက်ရာအရပ်က အသံအာရုံများတိုက်ဆိုက်၏၊ နှာခေါင်းအကြည်ဓာတ် ရှိရာတိုင်း၌ ရေခံလာသော အနံ့အာရုံဟူသမျှ တိုက်ဆိုက်၏၊ လျှာပေါ်၌ ရောက်သော အစာအာဟာရများဝယ် ချို ချဉ် စပ် ဖန် အငံ အခါး အရသာများသည် လျှာအကြည်ဓာတ်၌ တိုက်ဆိုက်၏၊ ထိုထို အတွေ့အထိအာရုံများသည် ခန္ဓာကိုယ်နှင့် ထိခိုက်သမျှ အရပ်တိုင်း၌ ကာယအကြည်ဓာတ်ဝယ် တိုက်ဆိုက်လျက် ရှိ၏၊ ထို အဆင်း အသံ အနံ့ အရသာ အတွေ့အထိ အာရုံ ၅ ပါးအပြင် အကောင်အထည် မရှိသော စိတ်ဖြင့်သာသိရသော အာရုံများကို ဓမ္မာရုံ ဟု ခေါ်၏၊ ထိုဓမ္မာရုံများကား အရေအတွက် မကုန်အောင် များ၏၊ ထိုဓမ္မာရုံများလည်း စိတ်စွမ်းသတ္တိရှိသည့်အလိုက် ထိုမနော အကြည်ဓာတ်၌ ထင်ပေါ်လာကြရလေသည်။

**သဠာယတနကြောင့် ဖဿဖြစ်ပုံ**

စက္ခုအကြည်ဓာတ် စသည်၌ ဆိုင်ရာအာရုံ ထင်လာသည့် အခါ ( အာရုံတိုင်းမဟုတ်သော်လည်း တချို့အာရုံအတွက် ) ဓာတ်သဘာဝ အလိုက် စိတ်၌ ထိခိုက်မှု ဖဿဖြစ်၏၊ ( အရာဝတ္ထုချင်း မထိဘဲလျက် ထိရသလို ဖြစ်အောင် ထိခိုက်လာ၏၊ )ထိုသို့ ဓာတ်ခိုက်ခြင်း ဓာတ်ထိခြင်း ဓာတ်တွေ့ခြင်းကိုပင် “ ဖဿ ” ဟု ခေါ်၏၊ ထင်ရှားစေအံ့ - အချဉ်စားနေသူကို မြင်ရာ၌ ( မိမိ မစားရဘဲ ) လျှာရည် ကျလာတတ်၏၊ ဒါးသွေးကျောက် ၌ ရှပ်ရပ်နှင့် ဒါးသွေးနေသည်ကို မြင်ရာ၌ အနားက နေသူမှာ သွားကျိန်းသလို ဖြစ်နေတတ်၏၊ သတ်ပုတ်ရိုက်နှက် သွေးထွက် သံယို ဖြစ်နေသည်ကို မြင်ရာ၌ ကြောက်တတ်သူ အချို့မှာ မျောမေ့၍ပင် သွားတတ်၏၊ သစ်ပင်

ခေါင်ဖျား ဘက်နေသည်ကို မြင်ရာ၌ ကြောက်တတ်သူမှာ မြေပေါ် နေပါလျက် ကြောက်ဒူးတုန်နေ တတ်၏၊ မြေ ငြိမ်းချမ်း ကျောင်း သင်္ခမ်း ရိပ်သာဝယ် ဘာဝနာ ကမ္မဋ္ဌာန်းဖြင့်ရွှင်လန်း ကြည်လင် နေသော သူတော်စင်ကို မြင်ရာ၌ ထိုမြင်ရသူမှာ သာယာ ကြည်နူးလျက် စိတ်ဓာတ် မြေ့လာ၏၊ ဤသို့ ဖြစ်ရခြင်းများသည် အာရုံနှင့် စိတ်၏ ထိခိုက်မှု ဖဿပင်တည်း၊ ရှေးကံ သင့်ရကြောင့် စက္ခာယတနစသော အာယတန ၆ ပါးတို့ ခန္ဓာကိုယ်၌ ဖြစ်ခဲ့ ရကား စက္ခာယတန ရှိ၍ ရူပါရုံနှင့် ခတ်ထိမှု ဖဿ ဖြစ်ရ၏၊ သဒ္ဒါယတနရှိ၍ သဒ္ဒါရုံနှင့် ခတ်ထိမှု ဖဿ ဖြစ်ရ၏၊ ဃာနာ ယတနရှိ၍ ဂန္ဓာရုံနှင့်, ဇိဝှါယတနရှိ၍ ရသာရုံနှင့်, ကာယာယတန ရှိ၍ ဖောဋ္ဌဗ္ဗာရုံနှင့်, မနာယတနရှိ၍ သိဘွယ်ဟူသမျှနှင့် ခတ်ထိမှု ဖဿဖြစ်ရ၏၊ ရှေးကံ မကောင်း၍ စက္ခုအလင်းမရသူမှာ အဆင်း အာရုံကို ခတ်ထိ - ထိနိုင်သော စက္ခုဖဿ မဖြစ်၊ ထို့အတူ နားပင်းသူ, ဃာနပသာဒပျက်စီးသူ, ဇိဝှါပသာဒ ပျက်စီးနေသူတို့ ၌လည်း သောတဖဿ ဃာနဖဿ ဇိဝှါဖဿများ မဖြစ်နိုင်၊ ထို့ကြောင့် "သဠာယတနပစ္စယာ ဖဿော = အာယတန ၆ မျိုး ကြောင့် ဖဿ ၆ မျိုး ဖြစ်ရ၏" ဟု မိန့်တော်မူသည်၊ အာယတန တပါးပါး ချို့ယွင်းလျှင် ထိုနှင့် ဆိုင်သော ဖဿလည်း မဖြစ်၊ အာယတန ၆ ပါးလုံး မရှိလျှင် ဖဿ ၆ မျိုးလုံး မရှိနိုင်။

**ဖဿကြောင့် ဝေဒနာ ဖြစ်ပုံ**

ခံစားမှုကို ဝေဒနာဟု ခေါ်၏၊ တကယ်ကောင်း သည် ဖြစ်စေ, မကောင်းသည် ဖြစ်စေ, မျိုးရိုး အလိုက် ( သို့မဟုတ် မိမိစိတ်အကြိုက် အားဖြင့်) အကောင်းဟု ထင်နေသော အာရုံနှင့် တွေ့သည့်အခါ သာယာ

ခံစားမှုဝေဒနာ ဖြစ်၏၊ ကျမ်းစာတို့၌ " သုခဝေဒနာ " ဟု ခေါ်သည်၊ မျိုးရိုးအလိုက် စိတ်အကြိုက် အားဖြင့် " မကောင်း " ဟု ထင်နေသောအာရုံနှင့် တွေ့ရသည့်အခါ၌ မသာယာသော ခံစားမှုဝေဒနာဖြစ်၏၊ "ဒုက္ခဝေဒနာ "ဟု ခေါ်သည်၊ အကောင်းဘက်လည်းမပါ, မကောင်းဘက် လည်းမပါသော အာရုံနှင့် တွေ့သည့်အခါ သာယာမှု မသာယာမှု မရှိသော ဝေဒနာဖြစ်၏၊ ဥပေက္ခာဝေဒနာ ဟု ခေါ်သည်၊ [ ဥပေက္ခာ = ဥပ+ဣက္ခာ၊ ဥပ = သင့်ရုံတော်ရုံ+ဣက္ခာ=ခံစားခြင်း၊ "ခံစားတယ် " ဟု ဆိုရုံ မသိမသာ ခံစားခြင်းတည်း၊ ထို မသိမသာ ခံစားခြင်းကို "လစ်လျူရှုခြင်း "ဟုလည်း ပြောကြသည်၊ ]အာရုံနှင့် ခေတ်ခိုက်မှုဖြစ်သော ဤဝေဒနာလည်း ဖြစ်နိုင်၏၊ ဖဿမဖြစ်သော အာရုံ၌ ဝေဒနာမဖြစ်၊ မုက်စိကွယ်နေသူသည် အဆင်းအာရုံ၌ ခေတ်ခိုက်မှု ဖဿ မရှိသောကြောင့် အဆင်းအာရုံကို ခံစားမှုဝေဒနာလည်း မဖြစ်တော့ချေ။

**ဝေဒနာကြောင့် တဏှာဖြစ်ပုံ**

တပ်မက် - ခင်မင် - လိုချင် - တောင့်တမှုကို "တဏှာ"ဟု ခေါ်၏၊ သုခဝေဒနာ ဖြစ်ရသည့်အခါ ထိုသုခဖြစ်ခိုက်၌ တပ်မက်မှုတဏှာဖြစ်၏၊ ထိုသုခမျိုး ထပ်၍ထပ်၍ ရအောင် လိုချင်တောင့်တမှုတဏှာလည်း ဖြစ်၏၊ ဒုက္ခဝေဒနာ ဖြစ်ပြန်လျှင် ထိုဒုက္ခမှ လွတ်မြောက်၍ သုခရောက်အောင် တောင့်တမှုတဏှာ ဖြစ်ပြန်၏၊ ဥပေက္ခာဝေဒနာ ( မသိမသာ ခံစားမှု ) ဖြစ်ပြန်လျှင်လည်း မသိမသာ တောင့်တမှုတဏှာလည်း ဖြစ်ပြန်၏၊ တဏှာဖြစ်သမျှ၌ လောလောဆယ် ခံစားခံစားမှု ဝေဒနာသော်လည်း အရင်းခံရှိ၏၊ သို့မဟုတ် ရှေးတုန်းက ခံစားခဲ့ရသော ဝေဒနာကို တွေး၍လည်း တောင့်တမှုတဏှာ

ဖြစ်သေး၏၊ ယခုဘဝမှာပင် မတွေ့ဘူး မကြားဘူး မခံစားဘူး(မနောသမ္ဘဿ ဖြစ်ပုံမျှ ) စိတ်မကူးဘူးသော အာရုံတို့၌ ဖဿ မဖြစ်သောကြောင့် ဝေဒနာမဖြစ် , ဝေဒနာ မဖြစ်သောကြောင့် ထိုမတွေ့ဘူး စိတ်မကူးဘူးသော အာရုံတို့၌ တဏှာမဖြစ်၊ နတ်ပြည်ရှိသည်ဟု မကြားဘူးသော လူမျိုးတို့၌ နတ်သမီးနတ်သားအကြောင်း စိတ်ချ မကူးဘူး၍ ( သောတသမ္ဘဿ - မနောသမ္ဘဿ မဖြစ်ဘူးချေ၊ ) ထို့ကြောင့် နတ်သမီး နတ်သားဘက်ကိုမှန်း၍ စိတ်ကူးအားဖြင့် ခံစားမှု ဝေဒနာ မဖြစ်၊ ဝေဒနာ မဖြစ်သောကြောင့် နတ်သမီး နတ်သားဘက်ကို တောင့်တမှု တဏှာလည်း မဖြစ်ချေ။

**တဏှာကြောင့် ဥပါဒါန်ဖြစ်ပုံ**

ဖါးကို မြွေဖမ်းရာ၌ စွဲစွဲလမ်းလမ်း မလွှတ်တမ်း ဖမ်းထားသကဲ့သို့ တဏှာဖြင့် တပ်မက်ခင်မင်လိုချင်တောင့်တမိသော အာရုံ၌ တန်းတန်းစွဲ ငန်းငန်းဘက် ဖြစ်နေသော တဏှာအကြီးစားကို " ဥပါဒါန် " ဟု ဆိုအပ်၏၊ ထိုတဏှာဖြင့်တပ်မက်မိသော အာရုံ၌ အထင်အမျိုးမျိုး ဖြစ်ကာ အယူမှားနေသော ဒိဋ္ဌိကိုလည်း ဥပါဒါန်ဟု ခေါ်၏၊ [ဥပ= လွန်လွန်ကဲကဲ စွဲစွဲလမ်းလမ်း+အာဒါန=ယူခြင်း။ ] မြန်မာရာဇဝင်၌ ရှင်ဘုရင် တဦးသည် တောလယ်သွားရာမှ နတ်သမီးနှင့် တွေ့ခဲ့၍ စွဲလမ်းအားကြီးသဖြင့် ရူးဘူးသတတ်၊ နတ်သမီးနှင့် တွေ့ရခြင်းသည် စက္ခုဖဿဘည်း၊ ထိုဖဿကြောင့် သာယာမှု သုခဝေဒနာဖြစ်၏, ထိုသုခဝေဒနာကြောင့် တဏှာဖြစ်၏၊ ထိုတဏှာကြောင့် လွန်ကဲပြင်းပြစွာ ဥပါဒါန်ဖြစ်ရလေသည်၊ နဂိုရကနတ်သမီးကို တပ်မက်မှု တဏှာမဖြစ်ခဲ့လျှင် ဥပါဒါန်လည်း ဖြစ်မည်မဟုတ်၊ ထို့ကြောင့် ဥပါဒါန်ဟူသမျှ တဏှာကြောင့် ဖြစ်ရသည်ဟု မှတ်။ [ဘဝ အဆက်

မပြတ်အောင် သံသရာလည်ပုံ သတ္တဝါတယောက် ဆက်ကာ ဆက်ကာ ဖြစ်ရပုံကို ပြနေသော တရားတော်ဖြစ်၍ "ဝေဒနာကြောင့် တဏှာဖြစ်, တဏှာကြောင့် ဥပါဒါန်ဖြစ်ရသော" အဆက်ကို ပြထားတော်မူသည်၊ ဝေဒနာကြောင့် သဒ္ဓါတရားစသည်တို့ ဖြစ်၍ ဝိပဿနာအားထုတ်လျက် သံသရာ အဆက်ပြတ်နည်းလည်း ရှိပါသေးသည်။]

**ဥပါဒါန်ကြောင့် ဘဝဖြစ်ပုံ**

"ဘဝ" ဟူရာ၌ ကမ္မဘဝ-ဥပပတ္တိဘဝ ဟု ဘဝ ၂ မျိုးရှိ၏၊ ထိုတွင် သင်္ခါရ အရ၌ ပြခဲ့သော ကုသိုလ်ကံ အကုသိုလ်ကံသည် ကမ္မဘဝမည်၏၊ ထိုကံကြောင့် နောက်ဘဝ၌ ပဋိသန္ဓေဝိညာဉ်နှင့် ကမ္မဇရုပ်တို့ ဖြစ်ရခြင်းသည် ဥပပတ္တိဘဝမည်၏၊ ချဲ့ဦးအံ့—ယခုဘဝ၌ အာရုံတခုခုကို (သား-မယား စသည်ကို) ဥပါဒါန်ဖြင့် စွဲလမ်းနေရာ, ထိုဥပါဒါန်အရင်းခံ၍ သူ့ကို ရအံ့ရန်- ရပြီးပြန်လည်း ကျွေးမွေးစောင့်ရှောက်အံ့ရန် အကုသိုလ် ကံကိုလည်း ပြု၏၊ နောက်ဘဝ၌ အတူ တကွ ချမ်းသာသုခ ရအံ့ရန် ကုသိုလ်ကံကိုလည်း ကြိုးကြိုးစားစား ပြု၏၊ ဤကံမျိုးသည် ယခု လက်ရှိအာရုံကို စွဲလမ်းသော ဥပါဒါန်ကို အရင်းခံ၍ ဖြစ်ရသော ကမ္မဘဝတည်း၊ တချို့ကား— နောက်ဘဝ၌ လူ့ပြည် နတ်ပြည်၌ ကာမဂုဏ်တွေကို ခံစားလိုသော ဥပါဒါန်ဖြစ်၏၊ ထိုဥပါဒါန်ကြောင့် (မသူတော်တို့ တရားနာမိ၍ ကောင်းမှုအထင်ဖြင့်) မကောင်းမှုကံကိုလည်း ပြုမိ၏။ (သူတော်ကောင်းတို့ တရားကို ကြားနာရ၍) ကောင်းသော ကံကိုလည်း ပြုမိ၏၊ ရူပဘုံ အရူပဘုံ၌ကား ထိုကာမ ချမ်းသာထက်ပင် ချမ်းသာသေး၏—ဟု စွဲလမ်းမှု ဥပါဒါန်ကြောင့် ရူပကံ အရူပကံကိုလည်း ပြုပြန်၏၊ အယူမှားမှု ဒိဋ္ဌိဥပါဒါန်ကြောင့် ကုသိုလ်ကံ အကုသိုလ်ကံ ဟူသော ကမ္မ

ဘဝဘော ဖြစ်သေး၏၊ ထိုသို့ကမ္မဘဝဖြစ်လျှင် နောင်ဘဝ၌ ပဋိသန္ဓေ ဝိညာဉ်နှင့် ကမ္မဇရုပ် ဟူသော ဥပပတ္တိဘဝလည်း ဖြစ်ရတော့မည် သာ၊ ထို့ကြောင့် ဥပါဒါနပစ္စယာ ဘဝေါ=ဥပါဒါန်ကြောင့် ဘဝ ဖြစ်သည် ဟု ဟောတော်မူသည်။

### ဘာကြောင့် ဇာတိ ဇာတိကြောင့် ဇရာ မရဏ

နောက်ဘဝ၌ ဝိညာဉ်နှင့် ရုပ်တို့ ပဌမ ဖြစ်မှုကို "ဇာတိ" ဟု၎င်း "ပဋိသန္ဓေ" ဟု၎င်း ခေါ်၏၊ ပဋိသန္ဓေ တည်ခြင်း လည်း ခေါ်သည်၊ ထိုသို့ ပဋိသန္ဓေ ( ဇာတိ ) ဖြစ်လျှင် ရင့်ရော်မှု ဇရာလည်းဖြစ်ရ၏, သေကြေမှု မရဏလည်းဖြစ်ရတော့၏၊ မည်သူ မဆို မသေမီ ရင့်မှု ဇရာဖြစ်သေး၏, သေတော့မည် ဆိုလျှင် နဂိုရှိရုပ် ကလေးတွေ ဆွေးမြေ့သွား၏၊ ထို ဆွေးမြေ့မှုလည်း ဇရာပင်တည်း၊ ဤစကားစဉ်အရ– " သတ္တဝါတွေ ဘာ့ကြောင့် သေရပါလိမ့် " ဟု စဉ်းစားလျှင်, ဆွေးမြေ့ရင့်ရော်မှု ဇရာကြောင့် သေရ၏ ဟု အဖြေ တွေ့ရလိမ့်မည်, " ဘာ့ကြောင့် ဇရာဖြစ်ရပါလိမ့် " ဟု စဉ်းစားပြန် လျှင် ပဋိသန္ဓေ တည်နေမှု ဇာတိရှိသောကြောင့် ဇရာဖြစ်ရသည်" ဟု အဖြေတွေ့၏၊ " ဘာ့ကြောင့် ဇာတိဖြစ်ရသနည်း " စသည်ဖြင့် ဆက်ကာ ဆက်ကာ စဉ်းစားပြန်လျှင် ရှေးဘဝကံ ယခုဘဝဝိညာဉ် နှင့် ကမ္မဇရုပ်တို့ကြောင့် ဇာတိဖြစ်ရသည် , ဥပါဒါန်ကြောင့် ကမ္မ ဘဝဖြစ်ရသည် , တဏှာကြောင့် ဥပါဒါန် ဖြစ်ရသည် , ဝေဒနာ ကြောင့် တဏှာဖြစ်ရသည် , ဖဿကြောင့် ဝေဒနာ ဖြစ်ရသည်, ဤသို့ စသည်ဖြင့် အဝိဇ္ဇာကြောင့် သင်္ခါရ ဖြစ်ရသည် - ဟု အဖြေ တွေ့နိုင်ပေသည်။

သောကစသည် ဖြစ်ပုံ

ဆွေမျိုး ဥစ္စာ အစရှိသည်တို့၏ ဆုတ်ယုတ်ပျက်စီးမှုကြောင့် ဖြစ်ရသော ဝမ်းနည်းခြင်းသည် သောက မည်၏၊ ငိုကြွေးခြင်းသည် ပရိဒေဝ မည်၏၊ ခန္ဓာကိုယ်မှာ ဖြစ်စေ ၊ စိတ်မှာဖြစ်စေ ဆင်းရဲနေခြင်းသည် ဒုက္ခမည်၏၊ စိတ်မချမ်းမသာ ဖြစ်ရခြင်းသည် ဒေါမနဿ မည်၏၊ အလွန်ပြင်းထန်စွာ စိတ်ပင်ပန်းခြင်းသည် ဥပါယာသမည်၏၊ ဤ သောကစသည်တို့သည် ဘဝတိုင်း၌ တွေ့ကြုံရသောတရားများ မဟုတ်ကြ၊ လူ့ဘဝ၌ ပဋိသန္ဓေတည်ပြီး၍ မကြာခင်သေရ သူ-နတ်ဘဝ ဗြဟ္မာ့ဘဝ၌ ဖြစ်ရသူ့မှာ ဤသောကစသည် ဖြစ်ခွင့်မရှိ၊ သို့သော် ဇာတိရှိလျှင် တချို့ဘဝ၌ တွေ့ကြုံရတတ်သောကြောင့် ဇာတိ၏ အကျိုးအဆက်ဆက်မျှကို ပြတော်မူလိုခြင်း(သံသရာ၌ ကျင်လည် နေရသမျှ ဤ ဒုက္ခမျိုးနှင့် မကင်းနိုင်ကြ ဟု ပြတော်မူလိုခြင်း)ကြောင့် " ဇာတိ ပစ္စယာ ဇရာမရဏံ "ဟု ဟောတော်မူပြီးနောက် သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ သမ္ဘဝန္တိ " ဟု ဆက်လက်၍ ဟောတော်မူသည်။

သံသရာစက် လည်ပုံ

ဤပဋိစ္စသမုပ္ပါဒ် တရားတော်၌ " အဝိဇ္ဇာပစ္စယာ သင်္ခါရာ " ဖြင့် လွန်ခဲ့ပြီးသော အတိတ်ဘဝ ရှိနေကြောင်းကို ပြ၍ " သင်္ခါရပစ္စယာ ဝိညာဏံ "မှစ၍ " ဥပါဒါနပစ္စယာ ဘဝေါ " ၌ ကမ္မဘဝထိအောင် ယခုဘဝ၌ ဖြစ်ပျက်ပုံ ကို ပြတော်မူ၏၊ မှန်၏-ရှေးဘဝ၌ သင်္ခါရကြောင့် ယခုဘဝ၌ စိတ်ဉာဉ် စေတသိက်နှင့် ရုပ်ခန္ဓာ ဖြစ်ရသဖြင့် သတ္တဝါ တယောက် အကောင်အထည် ပေါ်လာ၏၊ ထို နာမ်ရုပ်ကြောင့် သဠာယတန ဖြစ်ရလျှင် ယခုဘဝ၌ မြင်မှု ကြားမှု နံမှု အရသာခံမှု

တွေ့ထိမှု စိတ်သိ သိမှုတွေ ဖြစ်ပေါ်ကာ လုပ်မှုရေးရာတွေ အကုန် အစင် ဖြစ်နေနိုင်လေပြီ၊ ထိုအခါ ဖဿ ဝေဒနာစ၍ ဥပါဒါန် ဖြစ်သဖြင့် နောင်ဘဝ၌ ဆက်၍ ဖြစ်ဘို့ရာ "ကမ္မဘဝ" ဟု ခေါ်သော ကံသင်္ခါရတရားတွေ ဖြစ်ရပြန်လေသည်၊ ထို ကံသင်္ခါရ ဖြစ်လာကတည်းက အဝိဇ္ဇာလည်း အရင်းခံပြီး ဖြစ်နေပြန်၏၊ ထို ကမ္မဘဝကြောင့် နောက်ဘဝ၌ ပဋိသန္ဓေဝိညာဉ်အသစ် ဟူသော ဥပပတ္တိဘဝ ဖြစ်ပြန်ရကား ဇာတိ ဇရာ မရဏတွေဆက်၍ ပွားပြန်တော့သည်၊ ဤနည်းအရ စဉ်းစားလိုက်လျှင် သတ္တဝါ ဟုဂရင်း "ငါ = သူ = ယောကျ်ား=မိန်းမ" ဟုဂရင်း ခေါ်ဆိုနေကြခြင်းသည် နာမည်မျှသာ ဖြစ်၏၊ အမှန်မှာ—သတ္တဝါမရှိ, သူ ငါ စသည်မရှိ, ရုပ်နာမ်တရားကို သူ့သဘာဝအတိုင်း ဆိုင်ရာကိစ္စကို ရွက်ဆောင် နေခြင်းသာဖြစ်၏၊ စီမံဖန်ဆင်း၍ ပေးနိုင်သူ မရှိ၊ အနတ္တလက္ခဏာသုတ်၌ ပြခဲ့သော အတ္တလည်း မရှိ၊ အဝိဇ္ဇာနှင့် သင်္ခါရ စသည်တို့လည်း မည်သည့် ကမ္ဘာကစ၍ ဖြစ်ခဲ့ကြသည် ဟု အစမရှိရကား မိမိအဘို့ဆိုလျှင် မိမိလည်း အစမရှိပင် ဖြစ်ရတော့သည်။

**အစမရှိသော်လည်း လက်တွေ့မှန်ပုံ**

ဤပဋိစ္စသမုပ္ပါဒ်တရားစဉ်အရ ရှေ့အစွန်းအစကို ဉာဏ်ဖြင့် လိုက်၍ကြည့်သည့်အခါ အစွန်းအစ မတွေ့ရဘဲ "လိုက်လေ ပြေးလေ" ဖြစ်နေရကား "ရှေ့အစွန်းအစ မရှိ" ဟုပင် မှတ်ထားရတော့မည်၊ သို့သော် ထိုသို့ မှတ်ထားခြင်းကား ပုထုဇဉ်တို့ ဉာဏ်ဖြင့် ကောန်ဒိဋ္ဌ သိရှိရ၍ အားရပါးရ သဘောကျသော မှတ်ထားခြင်း မဟုတ်သေးချေ၊ ဤနေရာဝယ် ပြောစမှတ် တမျိုးကို ပြဉ္စုး

မည်၊ ပဌာန်းပစ္စည်း တနေရာ၌ ဆရာ အစဉ်အဆက် မကျေနပ်သော အယူအဆကလေး တချက် ရှိ၏၊ စာသင်သား တပါးက ဆရာတော်တပါးအား လျှောက်သည့်အခါ " အရိမေတ္တေယျ ဘုရားရှင် ပွင့်တော်မူလာပါလိမ့်မည် , အဲဒီအခါကျမှ သေသေချာချာ လျှောက်ပေတော့"ဟု အဖြေပေးတော်မူသတဲ့၊ ဆရာတော်တပါးကမူ"ကိုယ့်ကိုယ်တိုင် ဘုရားဖြစ်အောင် ပါရမီဖြည့်ပါ,ဘုရားဖြစ်တော့မှ သေသေချာချာ သိရပါလိမ့်မည် " ဟု အဖြေပေးသတတ်၊ ထိုဆရာတော်များ အဖြေပေးကြသလို ရှေ့အစွန်းအစကို တွေးကြရာ၌ ယခုခေတ်ဝယ် မည်သည့် ပညာရှိတို့မှ ကျနအောင် ဖြေနိုင်တော့မည် မဟုတ်၊ မိမိကိုယ်တိုင် အရိယာ အဖြစ် ရောက်၍ တရားပေါက်မှ ဖြစ်စေ နောက်ဘုရားတဆူ ပွင့်တော်မူမှ ဖြစ်စေ ပိုင်နိုင်သော အဖြေကို ကြေပေလိမ့်မည်၊ ယခုစာတို့၌ တွေ့ရသည်မှာကား " ပုဗ္ဗကောဋိ နပညာယတိ= ရှေ့အစွန်း အစကို မသိအပ် မသိနိုင် " ဟုသာ တွေ့ရပေသည်၊ ဤသို့ ရှေ့အစွန်း အစကို မသိရသော်လည်း ပဋိစ္စသမုပ္ပါဒ်နည်း အရ လက်တွေ့ အဖြစ်အပျက်တွေကား မှန်ကန်လှတော့သည်၊ စက္ခာယတန မရှိလျှင် စက္ခုနှင့်ဆိုင်သော ဖဿ မဖြစ်, ဖဿ မဖြစ်လျှင် ဝေဒနာ မဖြစ် , ဝေဒနာ မဖြစ်လျှင် တဏှာ မဖြစ်, စက္ခာယတန ရှိသောကြောင့်သာ ဖဿ စသည် ဖြစ်ရ၏၊ ထို စက္ခာယတနလည်း ရှေးကံ သင်္ခါရကြောင့် စိတ်ဝိညာဉ် နာမ်ရုပ် ဖြစ်ရာတွင် ပါဝင်ခဲ့ရ၏၊ ဤသို့ စသည်ဖြင့် စစ်ဆေးကြည့်သည့်အခါ လက်တွေ့အားဖြင့် မှန်ကန်နေသည်ကို တွေ့ရပါလိမ့်မည်။

**အချို့ဖွင့်ပုံ** ဘာသာခြား အယူရှိသူတို့က " ဗုဒ္ဓဘာသာဝင်တို့၏ အယူအဆ၌ လူအစသည် အဝိဇ္ဇာ ( ဘာမျှ မသိခြင်း)က စ၍ အဆုံးကား နိရောဓ( ဘာမျှ မရှိခြင်း)မှာ ဆုံး၏၊ " မသိခြင်းကစ၍ မရှိခြင်းမှာ ဆုံးသည် " ဟု ဆိုလိုကြ၏၊ သူတို့ ယူဆသလို အဝိဇ္ဇာကို အစဟု မဆိုလိုပါ၊ ပဋိစ္စသမုပ္ပါဒ် တရားတော်ကို ဟောရာ၌သာ ရှေးဘဝအကြောင်းကိုပြလို၍ အဝိဇ္ဇာနှင့် သင်္ခါရကို ပဌမ ပြလိုက်ပါသည်၊ အဝိဇ္ဇာကစ၍ ဖြစ်သည် - ဟု ဟောလိုရင်းမဟုတ်ပါ၊ အဆုံးဝယ် နိဗ္ဗာန်လည်း ဘာမျှမရှိသော အရာမဟုတ်၊ စိတ် စေတသိက်များ ထင်ရှား ရှိသလို နိဗ္ဗာန်လည်း ထင်ရှားသော ဓာတ်တမျိုးပင် ဖြစ်ပါသည်၊ ထို့ကြောင့်"မသိခြင်းကစ၍ မရှိခြင်းမှာဆုံးသည်"ဟု မစွပ်စွဲထိုက်ပါ။

**သံသရာ အဆုံးသတ်ပုံ** ဝိညာဉ်နာမ်ရုပ်တို့ ဆက်ကာဆက်ကာ ဖြစ်ရခြင်းကို သံသရာ ဟု ခေါ်၏၊ တယောက်အတွက် ဆိုလျှင် ထိုသူ၏ ဝိညာဉ် နာမ်ရုပ်တို့ ဆက်ကာဆက်ကာ ဖြစ်ခြင်းကို ထိုသူ့အတွက် " သံသရာ " ဟု ခေါ်၏၊ တယောက်အတွက် သံသရာ၏ အခြေအမြစ်ကို ရှာလျှင် ရှေးဘဝ၌ အဝိဇ္ဇာကို တွေ့ရ၍ ဤဘဝ၌ ( နောင်ဆက်၍ ဖြစ်ဘို့ရာ ) တဏှာကို တွေ့ရ၏၊ မှန်၏-ရှေ့ဘဝ၌ အဝိဇ္ဇာမဖြစ်ခဲ့လျှင် ကံ သင်္ခါရပင် မဖြစ်တော့ရကား ဤဘဝ၌ ဝိညာဉ် နာမ် ရုပ်ဘို့ စုပေါင်းလျက် သတ္တဝါဟု ထင်မြင်ရသောအကောင်အထည် ပေါ်လာမည်မဟုတ်၊ ဤဘဝ၌ ဝေဒနာကြောင့် တဏှာမဖြစ်ဘဲ သဒ္ဓါစသော တရားကောင်းတွေ ဖြစ်နေလျှင် ဥပါဒါန်နှင့် ကမ္မဘဝ မဖြစ်တော့ရကား နောက်ဘဝ

ဆက်ဘွယ်မရှိ၊ ဝေဒနာကြောင့် တဏှာစသည် ဖြစ်သောကြောင့် သာ နေ့ခံဘဝကို ဆက်ရပြန်လေသည်၊ ထို့ကြောင့် အဝိဇ္ဇာနှင့် တဏှာသည် သံသရာစက်၏ အခြေအမြစ် ဟု သိရ၏၊ သို့ဖြစ်လျှင် အဝိဇ္ဇာနှင့် တဏှာအမြစ်ကို ဖြတ်နိုင်ဘို့ အရေးကြီး၏၊ ဘယ်နည်း ဖြင့် ဖြတ်မည်နည်း,.... တဏှာသည် သူများသန္တာန်မှာ ဖြစ်သည် မဟုတ်, ကိုယ့်သန္တာန်မှာဖြစ်၏၊ ထိုတဏှာဖြစ်တိုင်းလည်း အဝိဇ္ဇာ ပါနေ၏၊ ကိုယ့်သန္တာန်မှာ ဖြစ်သော တဏှာနှင့် အဝိဇ္ဇာတို့ကို ကိုယ်တိုင်ဖြတ်လျှင် ဘာ့ကြောင့် မပြတ်ဘဲ ရှိမည်နည်း၊ အထူး စင်ကြယ်သော သီလ မြေပြင်ဝယ် ကြိုးစား အားထုတ်ချင်သော ဝီရိယခြေအစုံကို တည့်မတ်စွာ ရပ်တည်၍ သမာဓိ တည်းဟူသော ဒါးသွေးကျောက်၌ ထက်မြက်စွာ သွေးအပ်သော ဝိပဿနာဉာဏ် သန်လျက်ကို အချက်ကျ စွဲကိုင်ကာ ဝိညာဉ်နာမ်ရုပ်တို့ ဆက်ကာ ဆက်ကာ ဖြစ်နေသော ကိုယ်ခန္ဓာဝယ် " အထည်ကိုယ် အမာခံ အနှစ်အမတေ" ဟုခေါ်ဝေါ်ပြောဆိုရလောက်သောအတ္တလည်း မရှိ,မပျက်စီးဘဲ အမြဲချမ်းသာနေသောအရာ လည်း မရှိ,တင့်တယ် သောအရာလည်း မရှိ," အားလုံးသော ဝိညာဉ်နာမ်ရုပ်တို့သည် အနတ္တ - အနိစ္စ - ဒုက္ခဖြစ်၍ အမြဲ ပျက်စီး သေပျောက်နေသော အသုဘတွေချည်းပါတကား"....ဟု စိတ်ပါလက်ပါ ဆင်ခြင်ဖြတ် တောက်ပါလျှင် အဘယ်မှာနှစ်သက်မှုတဏှာနှင့် အဝိဇ္ဇာမပြတ်ဘဲ နေနိုင်ပါတော့မည်နည်း၊ တဏှာနှင့် အဝိဇ္ဇာပြတ်လျှင် သင်္ခါရ လည်း မဖြစ်, ကမ္မဘဝလည်း မဖြစ်တော့ရကား နောက်ဘဝ၌ ဝိညာဉ်အဆက် မရှိတော့ဘဲ သတ္တာတယောက်အတွက် သံသရာ အဆက်ပြတ်၍ အသခ်တခုတ်သာ့ တည်ရလေတော့သည်။

အနာဒိံ ဘဝစက္ကံ, ဝိတ ကာရက ဝေဒကံ၊
နိစ္စ သုခ သုဘတ္တေဟိ, သုညံ ပဿေ ပုနပ္ပုနံ။

ဣဓံဘဝစက္ကံ- ဘဝများမြောင်, ဒုက္ခဆောင်လျက်, အခေါင်ရှည်ကြာ, သံသရာဘက်ယွန်း, ဤစက်ဝန်းသည်၊ အနာဒိ,အနာဒိဝတ- ကမ္ဘာ့ကမ္ဘာ, အစရှာလည်း, ရစရာပိုင်ပိုင်, မရှိနိုင်လေစွတကား၊ ဝိတ ကာရက ဝေဒကံ-သူပြုစိမံ, သူခံစံ ဟု,ဆိုရန်အတွ, မရအလျင်း, ကင်းလေစွ တကား၊ နိစ္စ သုခ သုဘတ္တေဟိ - မြဲရန်အချက်, ချမ်းသာကွက်နှင့်, သက်သက်မနော, တင့်တယ်သောသဘောတို့မှ၊ သုညံ-မရှိလုံးလုံး, သုဉ်းနဲ့လေစွတကား၊ ဣတိ-ဤသို့၊ ပုနပ္ပုနံ-တနေ့တရက်, တနံနက်မျှ, မက စိတ်စွဲ, ထပ်တလဲလဲသာလျှင်၊ ပဿေ- ဝိဋ္ဋာန် မြင့်မြင့်, နိဗ္ဗာန်ပွင့်အောင်, မလင့်ပုံသေ, ရှုစားသင့်လေတော့သတည်း။

ပဋိစ္စသမုပ္ပါဒ် မှတ်ဘွယ်ပြီးပြီ။

အမှာ။ ။ဤနေရာငယ် သတိပဋ္ဌာန် တရားတော်အရ သီလ—သမာဓိ-ပညာ တို့၏ ဖြစ်ပုံကို ပြသင့်သော်လည်း ဓမ္မအခက်းဖြင့် ကျမ်းကြီးကျယ်ဝန်းမည်စိုး၍ ထို သတိပဋ္ဌာန်တရားတော်ကို ချန်လှပ်ကာ သာသနာပြုပြင်ရေးနှင့် ဆိုင်သော တရားများကိုသာ ထုတ်ဖေါ်ပြပါတော့မည်။

# အနာဂတဘယသုတ်တော်

၁။ အနာဂတ်ဘေး ၅ မျိုး

ဘိက္ခုတို့...ဤ ပြလတ့ံ ဘေးတို့သည် ယခု (ထိုသုတ်တော်ကို ဟောတော်မူချိန်မှာ)မဖြစ်သေးဘဲ နောင်အခါဖြစ်ကြလိမ့်မည်၊ ထိုဘေးများကို သင်တို့သိထားနှင့်ကြ၊ သိပြီး၍ ထိုဘေးများ မပေါ်လာအောင် ကြိုးစားကြ၊ ထိုဘေးတို့ကား—

၁။ (မိမိကိုယ်ကို ဇာနေ့ရရန်နှင့် နေတတ်အောင် ပြုပြင်သောအားဖြင့်) ခန္ဓာကိုယ်၏ တိုးတက် ကြီးပွားမှုလည်း မရှိကြသော, သီလ သိက္ခာ တိုးတက်မှုလည်း မရှိကြသော, စိတ်နေ စိတ်ထား သမာဓိတိုးပွားမှုလည်း မရှိကြသော, လောကုတ္တရာပညာ တိုးပွားမှုလည်း မရှိကြသော ရဟန်းတို့သည် သူတို့ကိုယ်တိုင် ဥပဇ္ဈာယ်ဆရာကြီး(သွန်သင်ဆုမ္မမည့် သိက္ခာပေးဆရာကြီး)လုပ်ကာ အခြားသူတို့ကို ရဟန်းပြုပေးကြ လိမ့်မည်၊ ထိုသို့ အချည်အချင်း မရှိသော ဥပဇ္ဈာယ် ဆရာတို့သည် မိမိတပည့်များကို ကိုယ်နေစိတ်ထား သီလ သမာဓိ ပညာ တိုးပွါးအောင် ဆုမ္မနိုင်ကြတော့မည် မဟုတ်၊ ထိုတပည့်များလည်း ကိုယ်နေ စိတ်ထားနှင့် သီလ သမာဓိ ပညာ တရား တိုးပွားခြင်း မရှိဘဲ မိမိတို့၏ လက်အောက် တပည့်များကို ရဟန်းပြုပေးကြလိမ့် ဦးမည်၊ ဤသို့ အဆက်ဆက် တရားပျက်ခြင်းကြောင့် ဝိနည်းပျက်ပြားခြင်း ဟူသောဘေး ပေါ်လာလိမ့်မည်။

၂။ ဤ ၂ နံပါတ်၌ နိဿယည်း ဆရာလုပ်၍ တပည့်များကို နိဿယည်းပေးခြင်းသာ ထူးသည်၊ [ဆရာရင်း တပည့်ရင်း မဟုတ်

ဘဲ အရပ်တပါးမှ လာနေသော တပည့်များ၏ အမှီခံ ဆရာကို နိဿယည်းဆရာ ဟု ခေါ်၏။]

၃။ ခန္ဓာကိုယ်နှင့် သီလ သမာဓိ ပညာ တိုးပွားမှု မရှိကြသော နေခံခေတ်ရဟန်း'တို့သည် အဘိဓမ္မာတရား ဉာဏ်ရမှုနှင့် ယှဉ်သော တရားများကို ဟောကြသည့်အခါ မကောင်းသော စိတ်ထားဖြင့် သူတပါးတို့ကို ပုတ်ခတ်စော်ကားခြင်း ပစ္စည်းရအောင် ဟောခြင်း တို့ဖြင့် စိတ်ဆိုး စိတ်ညစ်တွေ ပေါ်ပေါက်၍ တရားစစ် သဘောမှန် ကို သိကြတော့မည် မဟုတ်၊ ဥပမာ — သင်္ဂြိုဟ်စကားပြောရင်း ညင်းကြခုံကြ ကိုယ်တတ်ကြောင်းပြကြ လာဘ်ရမှုများကိုလိုလားကြ သဖြင့် လောဘ၏ လိုချင်မှု ဒေါသ၏ စိတ်ဆိုးမှု စသည်တို့ကြောင့် သဘောအမှန်ကို ဝေဘန်နားလည်မှု မရှိကြတော့ဘဲ သူတို့ကိုယ် တိုင်ပင် ပစ္စည်းလိုချင်ကြသော လောဘ , သူတပါးကို စော်ကား လိုသော ဒေါသတွေ ဖြစ်နေတော့သကဲ့သို့တည်း။

၄။ ကိုယ်အနေအထားနှင့် သီလ သမာဓိ ပညာတိုးပွားမှု မရှိ သော နေခံခေတ် ရဟန်းတို့သည် ဗုဒ္ဓကိုယ်တော်တိုင် ဟောထား တော်မူခဲ့၍ လေးနက်လှစွာ ခန္ဓာ , အာယတန, ဓာတ် , သစ္စာ, ပဋိစ္စသမုပ္ပါဒ်တရားတော်များကိုဟောလျှင် မနာချင်ကြ၊ ထိုတရား များကို သင်ယူထိုက်သည် ဟုပင် မမှတ်ထင်ကြ၊ သာသနာ့ပြင်ပ ဖြစ်သူတို့က ရွတ်၍ကောင်းအောင် အဆန်းဘကြယ် ဖွဲ့စီအပ်သော ဂါထာများကိုသာ နားထောင်လိုကြ သင်ယူလိုကြလိမ့်မည်၊ [ယခု အခါဝယ် ဘုရားဟောတော် ပါဠိတော် အစစ်အမှန်ကို မသင်ယူ

လိုဘဲ သင်ရသော်လည်း စိတ်တက်ကြွခြင်းမရှိဘဲ အခြားဘာသာစကားများကို သင်ရမှ စိတ်အားထက်သန်ကြပုံမျိုးတည်း။]

၅။ ကိုယ်နေကိုယ်ထား သီလ သမာဓိ ပညာတိုးပွါးခြင်း မနှံကြသော နောက်ခေတ် ရဟန်းတို့သည် အလျော့အတင်း ၂ မျိုး ရှိရာ ဝယ် အလျော့ဘက်၌သာ ရွှေသွားခေါင်းဆောင် လုပ်ကြလိမ့်မည်၊ တောကျောင်းစသည်၌ ငြိမ်သက်စွာ တရားနှင့် နေမှုကိစ္စ၌ လုလ္လဝိရိယ လျှော့ချထားကြလိမ့်မည်၊ "အပေါင်း အဖေါ်မှ ခွဲခွါ၍ တကိုယ်ထည်းနေဘို့ရန်နှင့် မကောင်းသောစိတ်တွေမှခွဲခွါ၍ တရားစိတ်ဖြင့်နေဘို့ရန် စိတ်ကူးမျှ ထည့်ကြတော့မည်မဟုတ်"ဟူလို။

**စဉ်းစားဘွယ်** ။ ။ ထိုဘေးငါးမျိုးလုံးပင် ယခုအခါဝယ် သာသနာတော်၌ ဆိုက်ရောက်လျက် ရှိ-မရှိကို စဉ်းစားသင့်၏၊ ၁-၂ နံပါတ်အ (အချို့ဆရာတော်များကို ထား၍)များစွာသော ဆရာဥပဇ္ဈာယ်တို့သည် တပည့်များကို နိုင်နင်းအောင် ဆုံးမနိုင်ကြပါ သေး၏လော၊ မိမိတို့ကိုယ်တိုင်ကလည်း တပည့်များ ခံ့ညားရိုသေ အောင် သီလ သမာဓိ ပညာ တိုးပွားလျက် ရှိကြပါ၏လော၊ ထို ဆရာသမား၏ တပည့်တို့က အသက်ကြီး၍ ဆရာဥပဇ္ဈာယ် လုပ်နေ ပြန်လျှင် ယခင်ဆရာသမား၏ အဆင့်အတန်းကိုမျှ မှီကြပါဦးမည် လော၊ ၃-၄-၅-နံပါတ် အနာဂတ်ဘေးများလည်း ယခုအချိန်မှာ ဘယ်အခြေ အနေ ရောက်နေပါပြီလဲ၊ စာသင်စာချကြရာ၌(စာမေးပွဲ များ၏ စည်းကမ်းကြောင့် ) ဗုဒ္ဓဘာသာတော်ထက် ဗုဒ္ဓဘာသာတော် မဟုတ်သော သဒ္ဒါ သင်္ချိုဟ် စသည်ကိုရင်း ဗုဒ္ဓ တရားတော်ကို အနည်းငယ်ပြ၍ အဓိကျမ်းစာများကိုရင်း သင်ယူရသောအချိန်က

များနေပြီ မဟုတ်ပါလော၊ ထို့ကြောင့်လည်း အချိန်ကြာသလော ဗုဒ္ဓဟောတော်မူရင်းကို အသိ မများကြသဖြင့် သဒ္ဓါတရားလည်း မတိုး,သာသနာတော်ဆိုင်ရာ သမထဝိပဿနာ ပညာလည်းမတိုး, စိတ်နေစိတ်ထားကြီးမားရင့်သန်မှုလည်း မတိုးပွါးဘဲ ထို ဘေးကြီးများဝယ် တဝဲလယ်လယ် ဖြစ်နေကြရပြီ။

**၂။ အနာဂတ်ဘေး တနည်း**

ဘိက္ခုတို့…ယခုအခါမဖြစ်သေးဘဲ အနာဂတ် ကာလ၌ ဖြစ်မည့်ဘေးငါးမျိုး ရှိသေး၏၊ ထို ဘေးများကို သင်တို့သိထားနှင့်ကြ , သိထားပြီးလျှင် ထိုဘေးမျိုးတို့ကို စွန့်ပယ်နိုင်ဘို့ရာ ကြိုးစားကြရမည်၊ ဘေး ၅ မျိုး ဟူသည်မှာ—

၁။ အနာဂတ် ကာလ၌ ရဟန်းတို့သည် သင်္ကန်းကောင်းကောင်းကို အလိုရှိကြလိမ့်မည်၊ သင်္ကန်းကောင်းကောင်းကိုအလိုရှိကြသဖြင့် ပံ့သုကူစုတင်ဆောင်ကြတော့မည်မဟုတ်၊ တောကျောင်းများ၌သည်း နေကြတော့မည် မဟုတ်၊ ရွာ - နိဂုံး - မင်းနေပြည်များ၌ နေထိုင်၍ သင်္ကန်းကောင်းကောင်းရဘို့ရာ အမျိုးမျိုးသော မအပ်မရာ နည်းတို့ဖြင့် ရှာမှီးကြလိမ့်မည်။

၂။ အနာဂတ်ကာလ၌ ရဟန်းတို့သည် ဆွမ်းကောင်းကောင်း အလိုရှိကြလိမ့်မည်၊ ဆွမ်းကောင်းစားလိုကြသဖြင့် ပိဏ္ဍပါတ်ဓုတင်ကိုလည်း မဆောင် , တောကျောင်း၌လည်း မနေကြတော့ဘဲ, ရွာနိဂုံး မင်းနေပြည်တို့၌ နေထိုင်ကာ ဆွမ်းကောင်းရမှု အတွက် အမျိုးမျိုးသော မအပ်မရာ နည်းတို့ဖြင့် ရှာမှီ ကြလိမ့်မည်။

၃။ အနာဂတ် ကာလ၌ ရဟန်းတို့သည် ကျောင်းကောင်းများကို အလိုရှိကြလိမ့်မည်၊ ကျောင်းကောင်းနေလိုကြသဖြင့် ရုက္ခမူ ရဘင်ကို မဆောက်တည်ကြတော့, တောကျောင်း၌ မနေကြတော့ဘဲ, ရွာနိဂုံး မင်းနေပြည်တို့၌ နေထိုင်ကာ အမျိုးမျိုးသော မအပ်မရာ နည်းတို့ဖြင့် ကျောင်းရှာမှီကြလိမ့်မည်။

၄။ အနာဂတ်ကာလ၌ ရဟန်းတို့သည် ဘိက္ခုနီ သိက္ခမာန် သာမဏေမတို့နှင့် (ယခုခေတ်- သီလရှင် ရသေ့မတို့နှင့်) ရောရော နှောနှော နေကြလိမ့်မည်၊ ထိုသို့ နေခြင်းကြောင့် ဖြစ်ဘွယ် အပြစ်တို့ကား- မပျော်မွေ့ဘဲသော်လည်း သာသနာတော်၌ နေရလိမ့်မည်, ရှုန့်ရင်းကြမ်းတန်းသော အာပတ်သို့သော်လည်း ရောက်လိမ့်မည်, လူသော်လည်း ထွက်လိမ့်မည်။

၅။ အနာဂတ် ကာလ၌ ရဟန်းတို့သည် ကျောင်းတိုက်၌ ရှိသော အာရာမိကစောင့် (ကပ္ပိယ) သာမဏေများနှင့် ရောရော နှောနှော နေကြလိမ့်မည်၊ ထိုသို့ နေသဖြင့် ဖြစ်ခွင့်ရှိသော အပြစ်တို့ကား — စားသောက်ဘွယ် များကို နောက်တနေ့ စားသောက်ဘို့ရာ သိမ်းထားမှုကိုသော်လည်း ပြုကြလိမ့်မည်၊ ဟင်းသီးဟင်းရွက် မြက်ပျိုးဘို့ရာ မြေကို ကိုယ်တိုင် သော်လည်း တူးဆွကြ လိမ့်မည်၊ (မအပ်သော အသုံးအနှုန်းဖြင့်)အတူး အဆွသော်လည်း ခိုင်းလိမ့်မည်၊ ဟင်းသီးဟင်းရွက်ကို ကိုယ်တိုင်သော်လည်း ဆွတ်ခူးလိမ့်မည်၊ (မအပ်သော အသုံးအနှုန်းဖြင့် အဆွတ် အခူးသော်လည်း ခိုင်းလိမ့်မည်)၊ [ဤ ဘေး ၅ မျိုးလည်း ယခုအခါ သာသနာတော်၌ ဆိုက်ရောက်နေပြီ၊ .... အင်္ဂုတ္တိုရ်ပဉ္စကနိပါတ် ယောဓာဇီဝဝဂ်။]

## သာသနာကွယ်ကြောင်းတရား

က။ သာသနာ ကွယ်ကြောင်း ၅ ပါး

ဘိက္ခုတို့.... (ပရိယတ် ပတိပတ် ပတိဝေဓသဒ္ဓမ္မ ခေါ်) သာသနာတော်၏ ကွယ်ဘို့ရာ မကောင်းတရား ၅ ပါးရှိ၏—၁။ ရဟန်းများ တရားမနာကြခြင်း။

၂။ ပိဋကတ တရားတော်များကို လေးလေး စားစား မသင်ယူခြင်း၊

၃။ ပိဋကတတရားတော်များကို နှုတ်ရ ဆောင်ရွက် ထားသော်လည်း ထိုတရားတော်များ၏ အနက်အဓိပ္ပါယ် တို့ကို မစဉ်းစား မကြံစီခြင်း။

၅။ အနက်အဓိပ္ပါယ်ကို စဉ်းစားကြံစီ၍ သိပါသော်လည်း သိသည့်အတိုင်း တရားနှင့် လျော်အောင် မကျင့်ခြင်း, ဤ ၅ မျိုးဘည်း၊

**မှတ်ချက်။** ။ ဤသာသနာကွယ်ကြောင်း ၅ ပါးတွင် ၁-"တရားမနာ"ဟူရာ၌ ဆိုင်ရာတိုက်တာကို အုပ်စီးသော ဆရာတော်များ၏ ပါဠိအဘာသာမှ ထုတ်ဖေါ်ဟောပြသော တရားမျိုးကို မနာကြခြင်းတည်း၊ ယခုအခါ၌ ဘား ထိုသို့ လေးနက်သော တရားတော်ကို ဟောပြမည့်သူ ပုဂ္ဂိုလ်သင် ရှားပါးလေပြီ။ ၂-"စာပေမသင်ခြင်း" ဟူရာ၌ သဒ္ဒါသင်္ဂြိုဟ်ဘို့သို့ စာမျိုးကို သင်ရုံမျှဖြင့် အချိန်ကုန်၍ ဗုဒ္ဓရှင်ဘော်မြတ်၏ သေးနက်သော သုတ္တန်များကို မသင်ကြလျှင် သင်ယူရာသင် မရောက်သေးချေ၊ ၃-"နှုတ်ရမဆောင်ခြင်း"ဟူရာ၌

ပေထက်အက္ခရာ မထင်ရသေးမီ အချိန်၌ နှုတ်ရကျက်လျှင် ကေန် ပိဋကတော်များကွယ်ပဘွယ် ရှိ၏၊ ယခုအခါ စာအုပ်များ ရှိနေပြီ ဖြစ်၍သာ နှုတ်ရ မဆောင်သော်လည်း သာသနာ မကွယ်နိုင်ပါ၊ ၄ -"အနက် အဓိပ္ပါယ် မသိခြင်း"ဟူရာ၌ ပါဠိတော်၏ အနက်ကို အဋ္ဌကထာ အဆိုဖြင့် နားလည်ခြင်း, အဋ္ဌကထာ အဆိုကို ဋီကာ ဖြင့် သိနိုင်ခြင်းတည်း၊ ထိုသို့ သိရှိနားလည်အောင် ပါဠိအဋ္ဌကထာ ဋီကာ ဟူသမျှ၌ အနက်ဉာဏ်ကြီးတို့ အရေးကြီးလှပေသည်၊ သဒ္ဒါ သဂြိုဟ် စသော ယခုခေတ် စာမေးပွဲစာများဖြင့် အချိန်မကုန် သင့်ကြပေ၊ ၅- "တရားနှင့် လျှော်အောင် မကျင့်ခြင်း" ဟူရာ၌ ဝိနည်းတော်နှင့်လျော်အောင်နေထိုင်နိုင်ခြင်း သုတ္တန်အဘိဓမ္မာနှင့် လျော်အောင် စိတ်ကို ဆုံးမ၍ တရား အားထုတ်ခြင်း များတည်း၊ ယခုအခါ ပြခဲ့သော ၅ ပါးလုံး၌ပင် ကြိုးစားမှု နည်းပါးလှပြီ ဖြစ်သောကြောင့် ဤနည်း အတိုင်း သာလျှင် ကြာရှည်၍နေပါမူ သာသနာကွယ်ဘို့ အရေးသည် ငါးထောင် တိုင်အောင် ဧရြွှနေး တော့မည် မဟုတ်ပေ၊

ခ၊ သာသနာကွယ်ကြောင်း ၅ မျိုး တနည်း

ဘိက္ခုတို့...သာသနာတော် ကွယ်ပ ဘို့ရာ အကြောင်းအရာ ၅ မျိုးရှိသေး ၏ ၁ - ပိဋက ပါဠိတော် များကို မသင်ခြင်း, ၂ - သင်ပါသော်လည်း ထို သင်အပ်ပြီးသော ပိဋက တရားတော်များကို သူတပါးအား အကျယ်မဟောခြင်း , ၃- ထို သင်အပ်ပြီးသော ပိဋက တရားတော်ကို အကျယ် ပြာပြ၍ မပို့ချ ခြင်း , ၄- ထိုသင်အပ်ပြီးသော ပိဋက တရားတော်ကို အကျယ် အားဖြင့် မရွတ်ဆို မအံခြင်း , ၅ - ထို သင်အပ်ပြီးသော ပိဋက

တရားတော်၏ အနက် အဓိပ္ပါယ်ကို မကြံဖန် မစဉ်းစားကြခြင်း, ၅၊ ၅ ပါးတည်း၊

**မှတ်ချက်။** ။ ၅ပါးပါးကား စာပေပိဋကတော် ကွယ်မှု နှင့် ဆိုင်သော အကြောင်းများတည်း၊ စာပေပိဋက ကွယ်လျှင် အကျင့်ပဋိပတ်လည်း ကွယ်တော့မည်သာ၊ ပဋိပတ် ကွယ်ပါမူ ကျင့်ပြီးမှသိရမည့် ပဋိဝေဓ သာသနာတော် ကွယ်တော့မည်မှာ ပြောဘွယ်ရာမရှိပြီ၊ ထို့ကြောင့် စာချပုဂ္ဂိုလ်တို့သည် သဒ္ဒါသဂြိုဟ် တို့ကဲ့သို့ အောက်တန်း စာတွေမှာ အချိန်ကုန် မခံစေဘဲ သဒ္ဒါ ပညာ မြန်စွာတိုးပွားစေမည့် အထက်တန်း ပိဋကပါဠိအဋ္ဌကထာ များကိုသာ အရေးတကြီး ပို့ချသင့်ကြပါသည်၊ ပါဠိတော်များကို မသင်ရဘဲ သဒ္ဒါသဂြိုဟ်လို အောက်တန်းစာတွေကိုမည်မျှလောက် သင်ကြစေကာမူ ဗုဒ္ဓနှုတ်မတော်မှ ထွက်ပေါ်လာသော ပိဋက တရားတော်တွေမှာ ကောန်ကွယ်ပါလိမ့်မည်၊ "အကျယ်မပေါ- အကျယ်ချ" ဟူရာ၌လည်း ထိုပါဠိတော်၏ အနက် အဓိပ္ပါယ်ကို အဋ္ဌကထာဖွင့်ပြသကဲ့သို့ အကျယ်မဖွင့်ပြခြင်းကို ဆိုလိုပါသည်၊ ယခုကာလ အနုသန္ဓေ အဘက် အထွက်နှင့် သဒ္ဒါရေးစိစစ်ချက် တွေကို ဆိုလိုရင်း မဟုတ်ပါ။

**ဂ။ သာသနာကွယ်ကြောင်း ၅ ပါး တနည်း**

ဘိက္ခုတို့…သာသနာကွယ်ခြင်း အကြောင်း တရား ၅ မျိုးရှိသေး၏၊ ၁ - အက္ခရာ ပုဒ်ပါဠိများ မှားမှား ယွင်းယွင်းနှင့် ပိဋကကိုသင်ယူခြင်း, [ အက္ခရာပုဒ် မှားလျှင် အနက်အဓိပ္ပါယ် အယူ အဆလည်း မှားတော့မည်သာ၊ အနက် အဓိပ္ပါယ် အယူအဆမှားလျှင် ဘုရားအဆုံးမတော်များ ပျောက်ကွယ်

သွားဘွယ်ရှိ၏ - ဟူလို , ] ၂-ရဟန်းတို့၏ ပြောဆိုသုံးမ ခက်ခြင်း, ၃-စာချနိုင်လေခံသော ပုဂ္ဂိုလ်တို့က စာမချခြင်း, [ ထိုပုဂ္ဂိုလ်များ ကွယ်လွန် သွားကြသည့်အခါ ထို ပုဂ္ဂိုလ်များ တတ်သိထားသော တရားတော်များ အဆက်ပြတ်၍ သာသနာကွယ်ကြောင်း တမျိုး ဖြစ်ရတော့၏-ဟူလို၊ ] ၄- ပစ္စည်းလာဘ် ပေါများခြင်းကို အလိုရှိကြသဖြင့် အလျော့ဘက်သို့ လိုက်ကာ သာသနာ ဆုတ်ယုတ်ရေး၌ ရှေ့သွားခေါင်းဆောင်လုပ်လျက် သာသနာ တိုးတက်မှု၌ကား ဆန္ဒ ဝီရိယ လျော့ချထားခြင်း, ၅-သံဃာကွဲပြားခြင်း, ဤ ၅ ပါးတည်း။

မှတ်ချက်။　　၂ နံပါတ်အရ ပြောဆို ဆုမ္မခက်ခြင်းတို့ ယခုအခါ တိုက်တာတိုင်းမှာလို တွေ့ကြရ၏၊ စာချရာ၌ ဝိနည်း သိက္ခာပုဒ်နှင့် စပ်၍ မသင့်တော်သော အချက်များကို မပြောဝံ့အောင် ရှိနေကြလေပြီ၊ ၃ - နံပါတ်အရ နဂိုရ်က စာချဝါသနာပါသော ဆရာတော်အများပင် တပည့်များ၏ အပြောခက်အဆိုခက်မှု-မိမိတို့ ယယ်စဉ်က ကြိုးစားခဲ့သလို မကြိုးစားကြမှုကြောင့် စာမချလိုတော့ဘဲ ဆေး၍ နေလိုသောဆန္ဒများ အသီး အသီး ပေါ်ပေါက်နေကြသဖြင့် စာချပုဂ္ဂိုလ်လည်း နည်းသည်ထက် နည်းပါးလာလေပြီ၊ ၄-နံပါတ်အရ လာဘ်လာဘပေါများအောင် လိုက်စားသူတွေများနေရုံမက ထိုသူတို့ကပင် အလျော့အတင်းနှစ်မျိုးဝယ် အလျော့ဘက်ကို လိုက်ကာ သာသနာဆုတ်ယုတ်ရေး၌ အားပေးခေါင်းဆောင်လုပ်သူများ မရှားတော့ချေ၊ ၅ - နံပါတ်အရ သံဃဘေဒကကို ထိုက်သော သံဃာကွဲပြားမှုမျိုး မဟုတ်သော်လည်း တဘက်နှင့် တဘက် မကြေနပ်သော ကွဲပြားမှုမျိုးကား အရပ်တိုင်းလို ရှိနေကြ၏၊ တဘက်နှင့် တဘက် မကြားကောင်းမနာသာ ပြောဆိုစွပ်စွဲကြ

ကာ ဆိုင်ရာ ဒကာ ဒကာမတို့ကိုလည်း မိမိတို့ဘက်သား ဖြစ်အောင် သွေးဆောင်ကြသဖြင့် ဒကာ ဒကာမတို့ မှာလည်း " ဆန်စင်ရာ ကျည်ပွေ့လိုက်" သကဲ့သို့ ရိုက်ကြနှက်ကြ ရုံးတက်ကြနှင့် အကုသိုလ်များကြလေပြီ၊ သာသနာနှင့် စပ်၍ အစိုးရကိုယ်တိုင် မပြုပြင်လျှင် မကွယ်သောလည်း အကျိုးနဲ ဘိုကိစ္စတွေ လက်ငင်းကြုံ တွေ့နေပါပြီ၊ [ ခအာံပါလက်ာကား အင်္ဂလိပ်ရပါဠိတော်ကြည့်၍ ဆရာတော်ကြီး စီစဉ်အပ်သော လက်ာတည်း။ ]

[လင်္ကာ] (က) အင်္ဂလိပ်ရှိလာ, သာသနာကွယ်ကြောင်း, တရားပေါင်းကား, ရဟန်းများတို့, တရားမနဲ[၁], စာပေမှုသင်[၂], နှုတ်တွင် မဆောင်[၃], သိအောင် မမှတ်[၄], ပတိပတ်ကွာ[၅], ဤငါးဖြာတည်း။

(ခ) နောက်သာထို့ပြင်, စာသင်ယဉ်လျော[၁], ကျယ်မဟောကြ[၂], ကျယ်မချနှင့်[၃], ကျယ်စွာမအံ့[၄], မကြံမစီ[၅], ဤငါးလီတည်း။

(ဂ) ဝါတနည်းမှာ, အကျွရာပုဒ်ပျက်, လေ့ကျက်သင်ကြ[၁], ဆုမ္မမယူ[၂], စာချသူရှား[၃], လာဘ်များအောင်ကြံ[၄], ခိုက်ရန်ကွဲပြား[၅], ဤငါးပါးသည်, ဘုရားသာသနာ ကွယ်ကြောင်းတည်း။

အနာဂတ ဘာယသုတ်နှင့်
သာသနာကွယ်ကြောင်း တရားပြီး၏။

**တရား ကိုးကွယ်ပါ၏**

[ကိုး=အားကိုး+ကွယ်=ကာကွယ်၊ ]လောကဝယ် မည်သူမဆို မိမိနှင့် ထိုက်တန်သမျှ **အားကိုးစရာ** ကာကွယ်စရာ ရှိကြရ, မရှိသေးလျှင် ရှာထားကြ ရ၏၊ များစွာသော လူတို့အားကိုး၍ နေကြသော အရာများကား- **ဆွေမျိုးအားကိုး**, ပစ္စည်း ဥစ္စာအားကိုး, **ပညာအားကိုး** , ရုပ်ရည် **အားကိုး**, သတ္တိ**အားကိုး** , ခွန်အား အားကိုး, မိတ်ဆွေ **အားကိုး**, ဆရာ **အားကိုး** , လက်နက် **အားကိုး** , ( တိုင်းပြည်များ၌ စစ်တပ် **အားကိုး** , မဟာမိတ်များ**အားကိုး**)ဟု **အမျိုးမျိုး**ရှိကြ၏၊ ဘေးရန် ပေါ်လာလျှင် ဆင်းရဲဒုက္ခ ရောက်လာလျှင် ထို **အားကိုးစရာများဖြင့်** ကာကွယ်ကြ၏၊ ထို များစွာသော ကိုးကွယ်(အားကိုး+ကာကွယ်) စရာတို့သည်လည်း တရားတော်ကိုးကွယ်ရသလောက် အရာမရောက် ကြပါ၊ ချဉ်းအုံ—ပြခဲ့သော **အားကိုးစရာ** တို့သည် ဘေးရန်ပေါ် လာလျှင် အထိုက် အလျောက် ကွယ်ကာနိုင်ကြသဖြင့် သူနေရာနှင့်သူ ကိုးကွယ်ရာ ဖြစ်ကြပေ၏၊ သို့သော် ဆွေမျိုး ဥစ္စာ ပညာ ရုပ်ရည် စသည်တို့သည် သူတို့ကိုယ်တိုင် ပျက်စီးတတ်သောကြောင့် မိမိက အားကိုးနေတုန်းမှာ သူတို့က ပျက်ပြုံးသွားတတ်ကြ၏၊ ဆွေမျိုး မိဘ မောင်နှမ သားချင်း သေကြ ပျက်စီးမှု - ဥစ္စာ ညည်းစိမ် ဂုဏ်ရှိန် ဥစ္စာ ပျက်စီးမှု စသည်များကြောင့် ဒုက္ခရောက်ရသည့် အခါ၌ရင်း မိမိကိုယ်တိုင် အိုရ နာရ သေခါနီးကျသည့်အခါ၌ရင်း ထိုလောက အားကိုးစရာတွေသည် လုံးလုံး အားကိုးရာ မရတော့ ဘဲ တရားတော်သာ အားကိုးရာ ပေတော့သည်၊

**ကိုယ်ကျင့်တရားမှ အားကိုးရ**

"တရား"ဟူရာ၌ ကြားနာရွတ်ဖတ်ရုံတွင် မကဘဲ ထို တရားတော်လာတိုင်း မိမိစိတ် ဖြစ်အောင် အလေ့အထပြုထားသော ကိုယ်ကျင့်တရားဖြစ်မှ သာ အရေးပေါ်လာလျှင် ကိုးကွယ်ရာ ရနိုင် သည်၊ ခန္ဓာကိုယ် ကျန်းမာအောင် အစားအသောက် အနေအထိုင် စည်းကမ်းကျကျ ပြုပြင်ပါလျှင် ကျန်းမာနိုင်သကဲ့သို့ စိတ်ကိုလည်း တရားစည်းကမ်း ကျအောင် အလေ့အထပြုလျှင် စိတ်ချမ်းသာ၍ ဒုက္ခတွေ့သည့်အခါ ခံနိုင်ရည်ရှိလာ၏၊ ထိုသို့စိတ်ပြုပြင်သော ကိုယ်ကျင့်တရားမဟုတ်ဘဲ နားထောင်ကောင်း၍ နာကြသော တရားမျိုးကား အရေးကျလျှင် ကိုးကွယ်ရာ မရနိုင်ပေ၊ ရှင်းပြဦးအံ့— စစ်မဖြစ်မီက မြန်မာပြည်၌ ဟောကြပြောကြသော တရားသံတွေသည် မြန်မာပြည်၏ အောက်ဆုံး နယ်နိမိတ်မှ အထက်ဆုံး နယ်နိမိတ် တိုင်အောင် တရားသံချင်း ဆက်တော့မတက် များပြား ကျယ်ပြန့်ခဲ့ပေ၏၊ သို့သော်စစ်အတွင်း ၌ကား ထိုတရားသံကို နာခံခဲ့သူအများပင် ပါဝင်၍ လုကြ ယက်ကြ ဒါးမြတိုက်ကြ၏၊ အလှူ အရက် အဘိုက်ခံရသော တရားနာပရိသတ် တို့ကလည်း ဝမ်းနဲပူ ဆွေး ငိုကြွေး လိုက်ကြသည်မှာ ( ကေား စပ်မိ လျှင် ယခုပင်)မျက်ရည်ကျကြသေး၏၊ ထိုလိုရင်းကား— ထို ဟောခဲ့ သမျှ နာခဲ့သမျှ တရားတွေသည် နှလုံးသွင်းခံ့ ကိုယ်ကျင့်တရား တွေ ဖြစ်နေပါမှ လုယက်တိုက်ခိုက်သူလည်း မဖြစ်နိုင်, အလု အရက် အဘိုက်အခိုက်ခံရစေကာမူ သောက ပရိဒေဝလည်း ဤမျှလောက် မဖြစ်နိုင်–ဟု ဆိုလိုပါသည်။

ကြားနာသူတွေကို ကားလိုက်ပါဦးတော့၊ ဟောပြောပို့ချ နေသော တရားသူ ၌ ကိုယ်တိုင်လည်း ကိုယ်ကျင့်တရား လုံလောက်

ပါလေ၏လော- ဟု တွေးတောဘွယ်ရာ အကြောင်းများ ရှိနေ၏၊ ကိုယ်တော် တပါးသည် လူအများ၏ ဆွေမျိုးမိဘ သေဆုံးသည့် အခါတိုင်း စိတ်သက်သာအောင် အဟောကောင်းလှ၏၊ သို့သော် သူ့မယ်တော်ဆုံးသည့်အခါ၌ကား ယူကြုံးမရ ချုံးချုံးချ၍ငိုလေရာ, သူ့တရားဖြင့် သက်သာရာ ရဘူးသူတို့က "အရှင်ဘုရား .... သူများ အမေ ဆုံးတုန်းကတော့ တရားဟောပြီး, ကိုယ့် မယ်တော် ဆုံးတဲ့ အခါ ဒါလောက်ငိုရသလား" ဟု လျှောက်ကြသောအခါ "ဟ.... အဲဒါက နင်တို့အမေ, ဒီဟာက ငါ့အမေ" ဟု ပြန်ပြောပါလေသတဲ့၊ ထို့ကြောင့် "အဟော-အနာတရားတို့သည် အရေးကြုံက ကိုးကွယ်ရာ မရဘဲ, ကိုယ်ကျင့်တရားသည်သာ ကိုးကွယ်ရာ ရနိုင်သည်" ဟု သတိပြုကြစေလိုပါသည်၊ ဤနေရာ၌ တရားအားကိုး၍ တရားဖြင့် ကွယ်ကာခဲ့ရသော ကိုယ်တွေ့ဒုက္ခ တချို့ပြပါဦးမည်။

**မိဘတို့ ပစ္စည်း ခွဲဝေယူချိန်**

ဘုန်းကြီး၏ ဆွေမျိုးများမှာ ငရိုးဖလာ အားဖြင့် ကိုယ်ပိုင် လယ် ယာကို မှီ၍ရင်း, အတိုးအပွါး ချထား၍ရင်း, အသက် မွေးမြူသူများ ဖြစ်ကြကား ရှေးခေတ်ကသော် အလောက်အစား ကားအားသွားလည်း မရှိ၊ ဆင်းရဲနွမ်းပါးသူ ကြွေးတင်သူလည်း မရှိ၊ [ ယခုအခါ နယ်မှာမူ ကြွယ်ဝသူများလည်း ရှေးကထက်ပင် ကြွယ်ဝကြ၍ ဆင်းရဲသူများလည်း ရှိကြလေပြီ ] ထိုရှေးပိုင်း ခေတ်ဝယ် ဘုန်းကြီး၏ ဒကာကြီးနှင့် အမိုးလေး တော်စပ်သူ ၂ယောက်ကား လယ်ယာလုပ်ကိုင်မှုကို ပင်ပန်းသည် ဟု အထင် ရ၍ စပါးကုန်သည်ကြီး ပွား လုပ်ခါ အသက်မွေးကြ လေသည်၊

ထိုအခါ ဘကြီးခေတ်သစ် နေရှင်တယောက်က " ဟဲ့....ငါတို့အမျိုးဟာ ရိုးရာ အလုပ်အကိုင်ဖြင့် မမွဲခဲ့ကြပါဘူး, မင်းတို့ ၂ ယောက်လူ လူးဆန်းဆန်း မလုပ်ကြပါနဲ့ " ဟု တားမြစ်ဘူးသေး သတဲ့၊ သို့ရာတွင် မန္တလေး ပွဲစား စက်ပိုင်များနှင့် အသိမိတ်ဆွေဖြစ်၍၊ ထိုအလုပ်ကိုမှ ဟုတ်တယ်လို့ အသင်ရှိကာ အမြတ်အစွန်း ရသည့်အခါ ဖေါခ်ဖေါ်သီသီသုံးစွဲ၍ ရှုံးတဲ့အခါ အိမ်ကစိုက်ထုတ်ခြင်းဖြင့် နှစ်ဒေပါင်းအတော်ကြာလတ်သော် ဆွေမျိုးနေရှင်များ၏ကြွေးများ ပတ်လည်ဝိုင်းခနဟန် တူပါသည်၊ ဘုန်းကြီး၏ ချက်မြုပ်အိမ်ရာလည်း အခေါင်သုံးကာ အခမ္ဘူအိမ်ရာတခုသို့ ပြောင်းရွှေ့ကြရပါတော့သည်၊ မိဘ ၂ ဦးလည်း ကြည်နူးခြင်း မရှိလှ, ဘုန်းကြီးကား မန္တလေး၌ စာသင်နေရာက ထိုအကြောင်းကို ကြားရသော်လည်း စိတ် မဆင်းရဲလှသေးပါ၊ ၂ ဘက် ဘိုးဘွား၏ အမွေအနှစ်များဖြင့် ငါ့မိဘများ မဆင်းရဲနိုင်တန်ရာ ဟုသာ တွေးတောမိပါသည်။

**စာသင်သားဘဝ ဒုက္ခ**

ရဟန်းမဖြစ်မီ ဆင်းရဲသောနည်းဖြင့် ဆွမ်းမခံခဲ့ရသော်လည်း ရဟန်းဖြစ်သည့် အခါ ဆရာရင်း၏ အမိန့်တော်အရ ပခုက္ကူ မူလ စာသင်တိုက်ကြီး၌ စာသင် နေရစဉ်ကား အမှတ်တရ ဒုက္ခကလေးတွေများလှပေ၏၊ ရောက်ခါ မကြာမီ ကိုယ်တော် တပါးက " ဆွမ်းဖိဘ်ရအောင်" ဟု ခေါ်သွား၍ တော်တော် ခံသွားသော အိမ်ကြီးရှေ့မှာ ရပ်နေကြ၏၊ အိမ်ရှေ့မှာလည်း အိမ်ရှင်များနှင့် အမျိုးသမီးတယောက် ရှိလေသည်၊ ထုံးစံအတိုင်း "ဘာ အလိုရှိပါတုန်း ဘုရား"

ဟု မေးလိုက်သည့် အခါ ထိုကိုယ်တော်က " ဟောဒီကိုယ်တော်ကလေး မိဝေး ဘဝေးနှင့် စာသင်ချင်လွန်းလို့ " အစချီသော ပုန်းတောင်းယာစကားသံ အင်မတန်သနားဘွယ်ရာ မဟာကရုဏာဖြစ်လောက်သော အချက်များကို မိန့်မြွက်တော်မူလေသော်.... တခါမျှ ဆွမ်းမဖိတ်ဘူး၍ နားရှိုင်းနေသော ဘုန်းကြီးမှာ ရင်မနေနိုင်တော့ဘဲ ထိုကိုယ်တော်ပြော၍ မပြီးမီပင် တိတ်တိတ်ကလေး ပြန်ပြေးခဲ့ပါတော့သည်။

ထိုကဲ့သို့ ဆွမ်းမဖိတ်လိုသည့်အတွက် အများ မုံလောင်း ရသမျှ မျှဘနေစဉ် တရံတခါ ရဟန်းအမကြီးများထံမှ ငွေဟင်လိုက်သော်လည်း အဆင်သင့် ကပ္ပိယကျောင်းသား မရှိသည့်အခါ ( ရဟန်းအမကြီးများနှင့် ထိုဒကာမကြီးများ၏ ကိုးကွယ်နေသော ဝိနည်းမိုရ် ဆရာတော်များ အထင်သေးမည်စိုးသောကြောင့် ) ပြန်ပို့လိုက်ရတော့၏၊ ကျောင်းသားကပ္ပိယ အဆင်သင့်တဲ့အခါ အပ်သော ပစ္စည်းများကို သုံးစွဲခွင့်ရ၏ သင်္ကန်း လုံလောက်၍ ထိုငွေဖြင့် ကပ၊သင်္ကန်းကို ဂ.ပွိ ( ငယ် ) မှ ဘူးသေး၏၊ အခါတပါးသော် ဆွမ်းခံ ပြန်အလာတွင် ပုဉ်းရှင် ကံရှင် ဖြစ်သော မိတ်ဆွေ ဟာပါးက သပိတ်ကို ဖွင့်ကြည့်ကာ.... " မင်းလိုသာ ဆင်းရဲလျှင် ငါတော့ စာမသင်ဘူး" ဟု အားပေးရှာသေး၏၊ ရသမျှမုံလောင်း ဆွမ်း ဟင်း ၄-၅ ခွက်သည် မနက်စာမျှ မလောက်၊ ည - အဆာ မခံနိုင်၍ ဆွမ်းသန့်သန့်ကို နေ့စာချန်ကာ တရံတခါ သူများပေးသော ဟင်း , တရံတခါ ထန်းလျက် , တရံတခါ ရေနှင့်ရော၍ အလိုက်သင့် မြိုချခဲ့ရသည်။

တရားကိုသာ သတိရပုံ

ထိုမျှ ကိုယ်ဆင်းရဲပါသော်လည်း စိတ်ကား မညှိုးငယ်ပါ၊ "ငါသည် ရှေးဘဝက ပညာဘက်၌ အားဘက်သရော ကောင်းမှုကို ပြုခဲ့သော်လည်း ဒါနဘက်၌မူ အမှတ်ထ မဲ့ နေခဲ့မိဟန် တူသည်၊ ထို့ကြောင့် ယခုဘဝ၌ ပညာက အကျိုးပေး၍ ဒါနအကျိုးမှာ ချို့ချို့ငဲ့ငဲ့ ရှိနေပေသည်၊ ဒါနချို့တဲ့မှုကြောင့် ပညာသင်ရာမှာပင် ဆွမ်းမပြည့်စုံ၍ အားအင် နည်းပါးစွာဖြင့် သင်ကြားနေရသည်၊ နောင်သံသရာ ပညာကျိုး ပေးရာငယ် ဒါနကျိုးလည်း မညှိုးရအောင် ယခုဘဝက သတိကြီးစွာ ကြိုးစားရပေလိမ့်မည်" ဟု တရားကိုသာ သတိရခဲ့ပါသည်၊ ထိုအချိန်မှာ စစ်ကိုင်းနှင့် မန္တလေးကို မြှော်ကြည့်လျှင် မိဘလည်း ပစ္စည်း မပြည့်စုံ, ဆရာငြင်းလည်း (ထိုစဉ်က ပုဉ်းကံ မရှိရှာ)၊ မိမိစိတ်အလိုအားဖြင့်မည်သည့်ပစ္စည်းရှင်ကိုမျှ လေးကွတ်ပျူငှါသွားလာဝင်ထွက်၍ (ပစ္စည်းရမှု အတွက်) မဆက်ဆံနိုင်၊ ယခုခေတ် ဖြစ်ပုံမှာလည်း နိုင်းထိအောင် ပညာတတ်ကောမူ စသူတို့နှင့် အလွမ်းမသင့်သမျှ အရေးဝိုက်ကြတော့မည် မဟုတ်၊ ထို့ကြောင့် "ပညာသင်ရင်း သေလျှင်လည်း သေပေစေ, မသေလျှင်လည်း အပြည့်အစုံ တတ်ပေစေ, ပညာပြည့်စုံမှ သင့်တော်သလို စီစဉ်ရတော့မည်" ဟု ကြံစီကာ "ဤကဲ့သို့ ဆွမ်းဒုက္ခ ရောက်ရခြင်းသည် ပါရမီနုသေးသော ငါ့အတွက် မထူးဆန်းချေ၊ ဗုဒ္ဓရှင်တော်သည်ပင် တောထွက်တော်မူစဉ်က ဆန်ကြမ်းထမင်းများကို မြင်ရ၍ ကျောဝတောင်ခြေမှာ ခေတ္တခဏမျှ စဉ်းစားခဲ့ရဘူးသေး၏၊ ဗုဒ္ဓ ဖြစ်ပြီးသည့်အခါ ဝေရဉ္ဇာပြည်မှာ ဝါတွင်း ၃ လပတ်လုံး မုယောဆန်ကို (နောက်ပါ သံဃာတော်ငါးရာနှင့် အတူ) ဘုဉ်းပေး

တော်မူရသေး၏၊ ဗုဒ္ဓ ရှင်တော်မြတ်သော်မှ ၃ လ ဆင်းရဲတော်မူလျှင် ငါလိုလူကား ၃ နှစ်-၃ ဘဝ ဆင်းရဲသော်လည်း မထူးဆန်းလှ''ဟု ဆွမ်းဆင်းရဲမှုကို တရားနှင့်ကာကွယ်နိုင်ခဲ့ပါသည်၊အောက်ပါ တေးထပ်ကလေးကိုပင် ထိုစဉ်က ရေးဖွဲ့ခဲ့ပါသည်။....

ရွှေနန်းရှင် သဗ္ဗညုသို့, ကပ်ဝင်လှုခါတွင်,
နတ်တွင်လူ့ ပဝရာသခင်တောင်, တခါစဉ်ဆီက၊
ဆွမ်းအတွက် ပဏ္ဏဝါပေါ်မှာ, ကြံ့ရှာတော် ဘူးခဲ့သဖျ။
ရှေးဝဋ်ကြောင့် နေစံရှာ, ဝေရံဇာပြည်မ၊
ခြွေရံပါ မကြည်မြအောင်ပ, ထွီစရာ့ဘောဇဉ်၊
မုယော ဆန် သုံးဆောင်မွေ့ခဲ့ရ, ဘုဉ်းရောင်ငွေ တောက်တဲ့အရှင်။
သုံးဆောင်၍ နှောက်မဲ့ယှဉ်သော်, ကြေခံဘွယ့်အင် ဘာမရှိပါဘူ့၊
ပါကဋ္ဌ—မဟုတ်ကြလူမှု၊, နုတ်ဖွဲ့သူငါ၊
အစာတွက်ကြောင့် လျှာ မထွက်ပါတယ်,ဘာအတွက်တာ ပူရပချိမ့်
ငြလ။

**ခမည်းတော်ကြီး မကျန်းမာချိန်** ဤသို့အားဖြင့် ဝမ်းနည်း ညှိုးငယ်ဘွယ်ရာ ကိုယ်ခန္ဓာ ဆင်းရဲကလေးများကို''ဘယ်သူ မပြုမိမိမှု'' ဟု တွေးတော ဆင်ခြင်ကာ စိတ်သက်သာစွာဖြင့် ပညာ သင်ကြားနေရာ ရဟန်း ၃ ဝါ အရတွင် ပခုက္ကူတိုက်ကြီး၌ စာချအဖြစ်ချီးမြှောက်ခံရ၍ ဆွမ်းဒုက္ခမှကျွတ်လွတ်ပြီးနောက် ၆ ဝါ မြေခံမှစ၍ သကျသီဟ စာသင်စာချနှင့် အစိုးရ ပဌမကျော်တန်းကို ၈ ဝါအတွင်း ပြီးမြောက်စေလျက် စာပေပို့ချရင်း ကျမ်းစာများကို ရေးသား၍နေစဉ် ခမည်းတော်ကြီး မကျန်းမမာ ဖြစ်လာလေ၏၊ ဆေးကုဘို့ရာ ငွေလဲ မယ်မယ်ရရ မရှိ၊ ဘယ်တော့ကမှလည်း ငွေကို မစုဆောင်းခဲ့၊ အကျော်တန်းအောင်စဉ်က ရခဲ့သော ခြေခံရာကျော်

လောက်ကိုလည်း ရန်ကုန်သို့ သွားဘွယ် ကိစ္စရှိသဖြင့် စရိတ်ကိုချန်၍ ဒကာကြီးအား အားလုံး စွန့်လိုက်၏၊ ထိုအချိန်၌ ကျမ်းစာအုပ်များလည်း တအုပ်မျှသာရိုက်၍ ပြီးသေး၏၊ ရဟန်းအမကြီး များ၏ ကျန်ရစ်ခဲ့သော သွီးကလေးက ဇလတဆယ်တန်(နွားနို့နှင့် ညနေ ဖျော်ရည်သောက်ရန်)ကပ္ပိယထံ အပ်နှံထားလေ့ ရှိ၏၊ ထိုကဲ့သို့ မရှိမဲ့ ရှိမဲ့ ဖြစ်နေသော်လည်း အများကမူ (ရပ်ရွာရှိ ဆွေမျိုးများက ပေါ်) ငွေတွေ အလွန်ပေါများနေသည်-ဟု ထင်ကြ၏၊ ထို့ကြောင့် ဒကာကြီးအတွက် ရပ်ရွာသို့ရောက်သည့်အခါ အဖိုးလေးတော်သူက "ကိုယ်တော့် ဒကာကြီး တော့ ရမယ်ထင်ဘူး, ငွေဘယ်လောက် ပါတုန်း"ဟု မေးရှာလေသည်။

**ကြွေးစာရင်း ရှင်းရပုံ**

ခမည်းတော်ကြီးကား ထိုရောဂါဖြင့်ပင်ကွယ်လွန်ရှာလေပြီ၊ ထိုကိစ္စအတွက် မည်သူ့ထံမှလည်း အလှူမခံလို၊ ထို့ကြောင့် နံနက် စောစောတွင် ကွယ်လွန်၍ ညနေကိစ္စပြီးဘို့ရန် ပြောရာ, အားလုံးက တားကြ၏၊ ရပ်ရွာထုံးစံအတိုင်း ၅ ရက်ထားပြီးမှ ကိစ္စပြီးရ၏၊ ကိစ္စပြီးသော ညမှာ ဝါဆိုဘို့လည်း နီးနေသဖြင့် မန္တလေးမပြန်ခင်(ငယ်တော်ကြီးကို ကြွေးတွေနဲ့ ပစ်မထားချင်သောကြောင့်)ခမ်းကွဲ အစ်ကိုကြီးနှင့် ဦးကြီးကို ခေါ်၍ ကြွေးစာရင်း ရှင်းပေးဘို့ရန် ပြောရတော့၏၊ "ရှင်း"ဆိုသော်လည်း ငွေထုတ်ပြီးရှင်းနိုင်သော အရှင်းမျိုးမဟုတ်၊ ပေါင်နှံထားသောလယ်ယာများကို အပြီးအပိုင်အပ်သောအားဖြင့် ရှင်းရသော အရှင်းမျိုးတည်း၊ ကြွေးရှင်များလည်း ဆွေမျိုးများ ဖြစ်ကြသောကြောင့် ဘုန်းကြီးကိုငဲ့ညှာ၍ လွယ်ကူစွာရှင်းပေးကြရုံမက "မနောင်ခါ ပြန်ရွေး ယူနိုင်ပါသည်"ဟုပင် ဝန်ခံကြပါသေးသည်။

**တရားဖြင့် ကာကွယ်ပုံ**

ဘုန်းကြီး၏ ထိုအချိန်တိုင်အောင် လွန်ခဲ့သော တသက်တာသည် သက်သာလှသည် မဟုတ်၊ ပဋ္ဌာန်းကျော်, ဓမ္မာစရိယ, ကျမ်းပြု, စာချ, ဓမ္မကထိက ဟု အမျိုးမျိုး အမွန်းတင်ကြသော်လည်း ခမည်းတော်ကြီး အသဲအသန်ဖြစ်သည်ကိုမျှ အား ရပါး ရ ကုနိုင်သော အရည်အချင်း မရှိရုံသာမက , ခမည်းတော်ကွယ်လွန်စဉ် ကြွေးရှင်းရသူဖြစ်သည့် တိုင်အောင် ဒါနအကျိုးပေး ချို့ငဲ့လှ၏-ဟု ကိုယ့်ကိုယ်ကို တွေးကာ နိမ့်ဗွာနိကို မျက်မှောက် မ နိုင်သေး၍ သံသရာ ကျင်လည်ဦးမည် ဖြစ်လျှင် "ဒါနအတွက်ကြောင့် မျက်နှာငယ်ရသော ဘဝသို့မရောက် စေရ, ရှေးရှေးဘဝက အသိဉာဏ်နဲ့လှ၍ ကံအမျိုးမျိုး ပြုခဲ့ကြသော ငါတို့ မိသားတစုသည် ယခုဘဝ ထိုက်ကျိုးခံရပေမည်၊ ငါ့အတွက် ကား သည့်ထက်ကြီးလေးသော ဒုက္ခကို ခံရသော်လည်း ငါသိထား သော တရားတွေသည် ငါ၏ အဖေါ်ကောင်းပမာ ကူညီအားပေး စေနိုးမည်၊ ဘုရားအလောင်း အရှင်အမာကြီးတွေပင် တရံတခါ ဒွန်စဏ္ဍာဘဝ၌ ဖြစ်ရသေး၏၊ ငါလိုလူမှာ ဘာပြုလို့ ဒီဒုက္ခမျိုး မ ုံဘဲ ရှိရမည်နည်း" စသည်ဖြင့် တွေးတော ဆင်ခြင်ကာ တရား ကိုသာ အားကိုး၍ တရားဖြင့်သာ ဒုက္ခကို ကာကွယ်ခဲ့ရပါသည်။

**ရည်ရွယ်ချက် များ**

ဘုန်းကြီး၏ ဒုက္ခဘိုကား ပြခဲ့သမျှ မကသေး, မယ်တော်ကြီးနှင့် စပ်၍ ခံဆက်တွဲ ဒုက္ခတွေ များချေသေး၏၊ ျသို့ ကိုယ်တွေ့ ဒုက္ခတချို့ကို တ်ပြရာ၌ ရည်ရွယ်ချက် အကျိုးကို ပြဦးအံ့ — ဘုန်းကြီး ား ဘုဂ်က ခပ်ဧးဧးနေထိုင်လေ့ရှိ၏၊ အ ယ်ရောက်၍ ဒုက္ခတွေ ပေါ်ပေါ်သည့် ါ မျက်နှာတင်းတင်း နေလေ့ရှိ၏၊ စာပေ

ပညာဘက်ကမူ ငယ်ရွယ်စဉ်က နာမည်ရခဲ့၏၊ အစိုးရ အငယ်အသတ်တန်းကို ကျောင်းသားဘဝ၌ အောင်၍ ပဌမကြီးတန်းကို ကိုရင်ဘဝက အောင်ခဲ့၏၊ တရားကိုကား ကိုရင်ဖြစ်လျှင် ဖြစ်ချင်း ဟောခဲ့သည်၊ ထိုစာပေ ဂုဏ်တွေနှင့် မျက်နှာထား တင်းမှုကို အကြောင်းပြု၍ အများက ပင် “ အလွန် ပုဉ်းကံကြီးသူ, မာနလည်း အလွန်ကြီးသူ ” ဟု ထင်ကြ၏၊ အမှန်မှာ - ပညာနှင့် လိုက်အောင် ပုဉ်းကြီးသူလည်း မဟုတ်ပါ, မာနကြီးသူလည်း မဟုတ်ပါ၊ ထိုကဲ့သို့ မျက်နှာ မတင်းလျှင် သာ၍ အောက်ကျနောက်ကျ ဖြစ်မည်စိုးသောကြောင့် မတင်းချင်ဘဲ တင်းခဲ့ရပါသည် - ဟု အများကို သိစေလိုပါသည်၊ ထို့ပြင် တချို့လူများသည် အများတွေ့နေကျ ပစ္စည်းဆုတ်ယုတ်မှု ဆွေကွဲ မျိုးကွဲ သေကွဲကွဲရမှုကြုံလာလျှင် ထိုဒုက္ခများကို မခံနိုင်အောင်ရှိကြ၏၊ ထိုသို့ဖြစ်သည့်အခါ ဘုန်းကြီးလို သဘောထား၍ တရားဖြင့်ကာကွယ်ကာ တရားကိုသာ အားကိုးစေလိုသောကြောင့်လည်း ဘုန်းကြီး၏ကိုယ်တွေ့ဒုက္ခတချို့ကို ထည့်သွင်းပြလိုက်ပါသည်။

**ဓမ္မရတနာ နိဂုံး**

ဤ ဓမ္မရတနာအခန်း၌ ဗုဒ္ဓ ရှင်တော်မြတ်၏ လေးနက်လှစွာ ဓမ္မစကြာစသော တရားရတနာကိုရင်း, ဗုဒ္ဓလက်ထက်တော်က “ အနာဂတဘယ” ဟု ဟောပြထားသော ဘေးများ ယခုအခါ ဆိုက်ရောက်နေကြောင်းကိုရင်း , သာသနာတော် ကွယ်ခြင်း၏ အကြောင်း မကောင်း တရားများ ယခုရေခံနေပုံကိုရင်း, ဘုန်းကြီး၏ ကိုယ်တွေ့ဒုက္ခ၌ တရားကိုသာ ကိုးကွယ်ခဲ့ရပုံကိုရင်း , ပြပြီး၍ ယခုအခါ ဓမ္မရတနာခန်း အတွက် နိဂုံးချုပ်ရပါတော့မည်၊ ဗုဒ္ဓ၏ တရားတော်များသည် ဟောပြောထုတ်ဖတ်နေသည်ကို ကြားနာနေရလျှင်လည်း

စိတ်ကို ချမ်းသာစေနိုင်၏၊ ရန်ကုန်မှာ ဘာသာခြား လူများ၏ အနီးရှိ ကျောင်းကလေးဝယ် ဘုန်းကြီး တပါးထည်း တည်းခိုနေရာ မဟာသမယ သုတ်ကို ညစဉ်ရွတ်၏၊ ကျောင်းအမ လာသည့်အခါ ဘာသာခြား လူများက ထိုတရား အသံကြောင့် အလွန် စိတ်ကြည်နူးကြောင်း ပြောပြကြသတဲ့၊ တရားတော်အတိုင်း ကျင့်ကြံလိုက်နာ နေလျှင်လည်း အလွန် ချမ်းသာစေနိုင်၏၊ ဘုန်းကြီး၏ ကိုယ်တွေ့ ဒုက္ခများကို တရားတော်က သက်သာစေသကဲ့သို့တည်း၊ ကျောက်မြောင်းက ဒကာမတယောက်သား ခင်ပွန်းသည် ကွယ်လွန်၍ သောက ဖြစ်သည့်အခါ ကိုယ်ကျင့်အဘိဓမ္မာစာအုပ်မှ သောကအကြောင်း များကို သတိထား၍ ဖြေဖျောက်နိုင်ပါသတဲ့၊ မကြာမီက လယ်မြေ ကိစ္စကြောင့် စိတ်ဒုက္ခရောက်ရသော မြေပိုင်ရှင် ကျောင်းဒကာ တယောက်လည်း ကိုယ်ကျင့်အဘိဓမ္မာကို ကြည့်ရှုလိုက်နာ၍ စိတ် ဒုက္ခကိုဖြေနိုင်ပါသတဲ့၊ ဤသို့လျှင်ဗုဒ္ဓတရားတော်များသည်အများ တွေ့နေကျ ဒုက္ခဟူသရွေ့တို့ကို သက်သာစေနိုင်ရုံ မက, ကိုယ်ကျင့် အလေ့အလာ ရနေသူဖြစ်ပါမူ "ဘဝကူးဘို့ အချိန်နီးလေ အားကိုး ရလေ"ဖြစ်ရုံမက,တနည်းအားဖြင့်စဉ်းစားလျှင် "ဘဝပြောင်းခါ နီးလေ, ပျော်စရာကောင်းလေ "ဖြစ်စေလိမ့်မည်။

ရှေးခေတ်က ကျန်းမာရေး မကောင်း၍ စာချကိစ္စမှ အနားယူရင်း ရေးနေဆဲ ကျမ်းစာကိုလည်း တွင်ကျယ်စွာ ရေးရင်း နေ အခါ အောက်ပြည်သို့ တပါးထည်း သွားလေ့ရှိ၏၊ ထိုသို့သွားခါနီး ဘုတာကြီးဝယ် လိုက်ပို့သော တပည့်များ ပြန်ကြ၍ ဘုန်းကြီးမှ "ဒုတိယတန်း ရထားပက်မှတ် စာအုပ်သေတ္တာ အိပ်ရာလိပ်နှ ကိုလပ်ရေ ၂ လုံးစာ ထည့်ထားသောခေါတ်ဗူး" ဤမျှသာ ရှိရစ်၏

ပိုက်ဆံလဲ မပါ၊ တွဲထဲ၌ တယောက်ထည်း စဉ်းစားမိသည်ကား— "သေတယ်" ဆိုတာ ကိုယ့်စပ်ဆိုင်ရာ အားလုံးနှင့် ခွဲပြီး ယခုလို တယောက်ထဲ သွားရတာဘဲ၊ ယခု မန္တလေးက ဆိုင်ရာတွေ နေရာထိုင်ခင်းနှင့်ဘကွ အားလုံးကျန်ရစ်ပြီ၊ ငါ၏လက်မှာ စားစရာဆို၍ ဘိသပ်ရည် ၂ လုံးစာသာ ရှိ၏၊ နက်ဖန်အတွက် စိုးရိမ်သလား ဟု ကိုယ့်ကိုယ်ကိုမေး၏၊ မစိုးရိမ်သည့်ပြင်, စိတ်ချမ်းသာသေး၏၊ ဘာ့ကြောင့်လဲ, နံက်ဖန်နံနက် ပြွန်တန်ဆာရထားဆိုက်လျှင် အကြိုလာလိမ့်မည့်၊ အစားအသောက် အနေအထိုင်မှာလည်း ချမ်းသာမည်၊ ပြွန်တန်ဆာ၌ နားနေပြီးနောက်, သူတို့က ရန်ကုန်ပို့, ရန်ကုန်မှ ကျွန်းကုန်း ဝါးခယ်မ သွားရမည်၊ ဤသို့လျှင် ထိုလမ်းစဉ်နှင့် နေရမည့်နေရာ သွားလာမည်ကိုသိထားသောကြောင့်တည်း၊ နောင်ဘဝ၌ ရောက်ရမည့်လမ်းစဉ်သည် ယခုဘဝထက် အောက်မကျနိုင်ပါဘူး ဟု တဆစ်ချလောက် သိအောင် ကြိုးစားထားလျှင် "မသေခါနီးလေ, ပျော်စရာကောင်းလေ" ဖြစ်မှာဘဲ ဟု တွေးတောကာ တယောက်ထည်း ကိုယ်ကျင့်တရားကုသိုလ်များကိုအားကိုးမိသည်၊ ထို့ကြောင့် တရားတော်ကိုယုံကြည်သူတိုင်း အ[illegible]တရား အဖတ်တရားအနာ တရားတွင်မကမစေဘဲ ကိုယ်ကျင့်တရားဖြစ်အောင် တရားတော်များကို စိတ်ထဲ၌ လေ့လာသွင်းထား၍ဖြစ်စေ ကမ္မဋ္ဌာန်း ဘာဝနာ ပွါးများ၍ဖြစ်စေ "ဓမ္မံ သရဏံ ဂစ္ဆာမိ" အရ တရားတော်ကို အားကိုးနိုင်ကြ, အရေးပေါ်လျှင် တရားတော်ဖြင့် ကာကွယ်နိုင်ကြ, နောင်ဘဝ သံသရာ အတွက် ကိုယ်ကျင့်တရားလုံအောင် တအားကုန် ကြိုးစား၍ စိတ်ထားကြည်လင် သူတော်စင် ဖြစ်နိုင်ကြစေသတည်း။

ဓမ္မရတနာအခန်း ပြီးပြီ။

# ၃။ သံဃာ့ရတနာ အခန်း

## သံဃံ သရဏံ ဂစ္ဆာမိ။

သံဃာ ၂ မျိုး

"သံဃ"ဟူသော ပါဠိစကားသည် "အပေါင်း=အသင်း=အဖွဲ့=အစည်းအရုံး"ဟူသော အဓိပ္ပါယ်ကို ပြ၏၊ ထိုသံဃာတော်သည် ပရမတ္ထသံဃာ- သမ္မုတိသံဃာ ဟူ၍ ၂ မျိုးရှိ၏၊ သုပ္ပဋိပန္နတာ စသော ဂုဏ်တော်များနှင့် ပြည့်စုံ၍ အရိယာဖြစ်ပြီးသော သံဃာတော်များသည် ပရမတ္ထသံဃာ တော်မည်၏၊ [ပရမတ္ထ-အစစ်အမှန် မဖေါက်ပြန်နိုင်သော, ရဟန်းတော် သံဃာတော် အဖြစ်မှ ပြောင်းလွဲ၍ လူ အဖြစ် စသည်ကို ဘယ်နည်းနှင့်မျှ မရောက်နိုင်သော+သံဃ- အရိယာ အပေါင်းအဖွဲ့ ]သုပ္ပဋိပန္နတာ အစရှိသော ဂုဏ်တော်များနှင့် အထိုက် အလျောက်သာ ပြည့်စုံနိုင်၍ အရိယာသံဃာများနှင့် ဂိုဏ်းသင်္ဂြိုဟ် ကျင့်ကြံရာ ဟူသောကြောင့် သံဃာဟု သမုတ်အပ်သော(အစစ်အမှန် မဟုတ်ပါသော)သံဃာတော်သည် သမ္မုတိ သံဃာမည်၏၊ [သမ္မုတိ-(အစစ် အမှန် မဟုတ် ) အများ သမုတ်အပ် အသိအမှတ် ပြုအပ်သော + သံဃ-ပုထုဇဉ် ရဟန်းတော်များ၏ အပေါင်းအဖွဲ့ ]

ပရမတ္ထသံဃာ အား ရှာရမည့်ကို

"သံဃံ သရဏံ ဂစ္ဆာမိ" ဟု သရဏဂုံ ဆောက်တည် ကိုးကွယ်ရာ၌ ညွှန်းရသည့် "သံဃ" ဟူသည် ပုထုဇဉ်သံဃာ မဟုတ်, အရိယာသံဃာများ သာတည်း။ ဆဋ္ဌမာဏဝက ဝိမာန၌ ဗုဒ္ဓရှင်တော်မြတ်ကိုယ်တိုင် "အရိယာသံဃာတော်ကို ကိုးကွယ်

ဆည်းကပ်ခလာ”ဟု သရဏဂုံပေးတော်မူသည်၊ သံဃာ့ဂုဏ်တော်များကို ရည်မှန်း၍ သံဃာနုဿတိ ကမ္မဋ္ဌာန်း စီးဖြန်းသည့် အခါလည်း“ သုပ္ပဋိပန္နော ဘဂဝတော သာဝက သံဃော၊ ပေ၊ ယဒိဒံ စတ္တာရိ ပုရိသယုဂါနိ အဋ္ဌပုရိသပုဂ္ဂလာ ” စသည်ဖြင့် အရိယာ သံဃာတော် ရှစ်မျိုး၏ “ သုပ္ပဋိပန္နတာ - ကောင်းစွာ ကျင့်ခြင်း” စသော ဂုဏ်ကို အာရုံပြုရသည်၊ ရတနသုတ် ပရိတ်တော်လာ သံဃာ့ ရတနာ ဟူရာ၌“ယေပုဂ္ဂလာ အဋ္ဌသတံ ပသတ္ထာ, စတ္တာရိ တောနိ ယုဂါနိ”စသည်ဖြင့် အရိယာ သံဃာတော်ကိုသာ သံဃာ့ ရတနာဟု ဟောတော်မူသည်၊ ကျမ်းပြုဆရာတော်များ ကျမ်းမပြုမီ သံဃာကို ရှိခိုးကြရာ၌လည်း“ နတွာ သံဃံ နိရင်္ဂဏံ=ကိလေသာ အညစ် အကြေး ကင်းဝေးတော်မူသော အရိယာသံဃာတော်ကို ရှိခိုးပြီး၍”ဟု ပဏာမပြုကြရသည်။

**သံဃာ ၂ မျိုးလုံး ဆိုင်သောကိစ္စ**

သံဃိကဒါန ( ကျောင်းလှူ-ဆွမ်းလှူ စသော အလှူ ) ကို ပြုရာ ရည်စူးရမည့် သံဃာကား ပရမတ္ထသံဃာတော်လည်း ပါဝင် - ပုထုဇဉ် သမ္မုတိ သံဃာများလည်းပါဝင်ကြသည်၊ ယခုကာလ စေတီ ပုထိုး ရုပ်ပွား ဆင်းတုတော်များအား ပူဇော်ရာ၌ သက်တော်ထင်ရှား ဘုရားရှင်ကိုပါ ရည်စူး၍ ပူဇော်နိုင်ကြသကဲ့သို့ ထို့အတူ ဆွမ်း-ကျောင်းစသော ပစ္စည်း ၄ ပါးကို လှူဒါန်းကြရာ၌လည်း မိမိ ဆွမ်းကပ်သော သံဃာတွင် ပုထုဇဉ်ချည်းသာဖြစ်စေကာမူ သံဃိကဒါန ဖြစ်အောင် ရည်မှန်းနိုင်ပါမူကား သူ၏အာရုံပြုရာ သံဃာများတွင် အရိယာဖြစ်ပြီးသော သံဃာများလည်း ပါဝင်နိုင်ပေသည်၊ အခါ တပါး၌ ဗုဒ္ဓရှင်တော်မြတ်အထံသို့ သူကြွယ်ဘယေ၁် ရောက်လာ၏၊

ရှင်တော်မြတ်က"သင်တို့အမျိုး၌ အလှူအဒါန်း ပေးကမ်းရဲ့လား" ဟု မေးတော်မူရာ " အလှူအဒါန်း ပေးကမ်း လှူဒါန်းပါ၏ ကြောင်း၊ သို့သော် တောကျောင်း ဘုန်းကြီးများ - ဓုတင်ဆောင် ဘုန်းကြီး များနှင့် ရဟန္တာဖြစ်ပြီးပုဂ္ဂိုလ်- ရဟန္တာဖြစ်အောင် ကျင့်နေသော ပုဂ္ဂိုလ်များ ကိုသာ လှူပါသည်"ဟု လျှောက်လေရာ,အိမ်ရာ တည် ထောင် လူ့ဘောင်မှ နေသူက " ဤဘုန်းကြီးသည် ရဟန္တာဘဲ, ဤဘုန်းကြီးသည် ရဟန္တာဖြစ်အောင် ကျင့်နေသူဘဲ " ဟု သိနိုင်ဘို့ ခဲယဉ်း၏၊ တောကျောင်းနေသူတိုင်း ဓုတင်ဆောင်သူတိုင်း(စိတ်နေ မကောင်းနေလျှင်)မချီးမွမ်းထိုက် စိတ်ရင်းကောင်းနေလျှင် ရွာနီး ကျောင်းနေသူ ဓုတင်မဆောင်သူများလည်း ချီးမွမ်းထိုက်၏၊ ဤသို့ လျှင် ပုဂ္ဂိုလ် အကောင်းအဆိုး ရွေးချယ်နိုင်ဘို့ ခဲယဉ်းသောကြောင့် "သံဃာကိုသာ ရည်မှန်း၍ လှူဒါန်းလေ"ဟု မိန့်တော်မူလေသည်။ [ဆက္ကဂ်ိသွရ။]

**သာသနာ့ ဝန်ဆောင်များ**

ပရမတ္ထသံဃာ ဖြစ်ဖြစ် သမ္မုတိသံဃာ ဖြစ်ဖြစ် သာသနာ့တာဝန်ကို ရွက်ဆောင်တော် မူကြသော ပုဂ္ဂိုလ်ဖြစ်လျှင် ယခုခေတ် လူများ အထိ ကျေးဇူးများလှပေ၏၊ မှန်၏- အရှင်မဟာကဿပ အရှင်အာနန္ဒာ စသော ပုဂ္ဂိုလ်များသည် ပရမတ္ထသံဃာ အဖြစ်ဖြင့် သာသနာ့ တာဝန်ကို ဆောင်တော်မူကြ၏၊ အဋ္ဌကထာ အကျယ်ကို ကျဉ်း ချုံး၍ စီရင်တော်မူပေသော အရှင်မဟာဗုဒ္ဓဃောသ, မူလဋီကာ အရှင်အာနန္ဒာ,အနုဋီကာဆရာ အရှင်ဓမ္မပါလစသော ဆရာတော် များသည် သမ္မုတိ သံဃာတော် အဖြစ်ဖြင့် သာသနာ့တာဝန်ကို

ဆောင်တော် မူခဲ့ကြ၏၊ ထို့ကြောင့် ယခုအခါ ထို သာသနာ့ ဝန်ဆောင် ထိပ်ခေါင်တင် သံဃာများ၏အကြောင်းကို အကျဉ်းမျှ ထုတ်ပြတော့မည်။

× × × × × × ×

## အရှင်ယသ အကြောင်း

လူ့ဝည်းစိမ် ခံစားပုံ

ဗုဒ္ဓဖြစ်တော်မူမည့် ကဆိုလပြည့်နေ့ နံနက်မစောစော ဝယ် ဃနာနို့ဆွမ်းကို လှူဒါန်းခဲ့သော သုဇာတာ သေဋ္ဌေး ကတော်၏သားဦးရတနာဖြစ်သော "ယသ" သတို့သားသည် ဗုဒ္ဓ ရှင်တော်မြတ်၏ မဓ္ဓစကြာ တရားဦးကို ဟောတော်မူချိန်မှာ ဗာရာဏသီမြို့၌(ဗုဒ္ဓအလောင်း စံနေပုံကဲ့သို့) ဆောင်း နွေ မိုယ်း ဥတု ၃ ပါးအလိုက် စံစားဘို့ရာ ခမ်းနားလှစွာသော ပြာသာဒ် ၃ ဆောင်ဖြင့် တင့်တင့်တယ်တယ် ထယ်ထယ် ဝါဝါ စံနေခိုက် ဖြစ်လေသည်၊ ဇနီး သေဋ္ဌေးကတော်ကလေး၏ အထိန်းအယ မောင်းမဒိသံ အခြွေအရံတို့လည်း ယသော်ရှေ၏ အခြွေအရံတမျှ များပြားလှတော့၏၊ ဖြေဖျော်ယုယ တီးမှုတ်ကြသူ များမှ စ၍ တံခါးစောင့်(ဒရဝမ် ) အထိ ယောက်ျားတယောက်မျှ မရှိစေရ, အားသုံး မိန်းမသားတွေချည်း ဖြစ်ကြပေသည်။

အနာဂါမ်တည်ပုံ

တညဉ့်၌ကား ထို ယသ သတို့သား သည် အချား အိပ်ပျော်နေခိုက် နိုးလာလေရာ ညှိုးခွန်းထားသော မီးရောင်အောက်၌ မတော်မလျော် အိပ်ပျော် လျက် မလှုပ်မလှက် နေကြသော မောင်းမတစုကို မြင်လေသော် စိတ်ဘည်း၍ ကြီးကျယ် ခမ်းနားသော တိုက်ကြီးအလယ် ဖွယ်ဖွယ်

ရာရာ နေရသည် ဟု မယူဆတော့ဘဲ သုသာန်တစ သင်းချိုင်းဝ၌ အတုံးအရုန်း ဖြစ်နေသော သူကောင်တို့အလယ် ရောက်နေရသလို ထင်မြင်လာရကား " ဥပဒ္ဒုတံ တဝ ဘော, ဥပသဋ္ဌံ ဝတ ဘော= အနှိပ်စက် ခံနေရလေစွ သြ, ဘေးရန်များလေစွ သြ " ဟု နှုတ်က တတွတ်တွတ်ပြောလျက် " ဘယ်ရောက်ရော့, ဒီနေရာကလွတ်လျှင် ပြီးရော " ဆိုတဲ့ ဆန္ဒဖြင့် တိုက်ပေါ်မှ ဆင်းလာလေရာ အိမ်ဝင်း တံခါးနှင့် မြို့တံခါးကိုပါ နတ်များက ဖွင့်ထားနှင့်၍ အဆင်သင့် ထွက်ကာ မိဂဒါဝုန်လမ်းသို့ ခြေလှမ်းလျက် ရှိလေသည်၊ ဗုဒ္ဓရှင်တော်မြတ်လည်း နံနက်စောစော စင်္ကြန်လျှောက်တော်မူစဉ် ယသ သတို့သား လာနေသည်ကို မြင်တော်မူ၍ စင်္ကြန်မှ ဆင်းကာ ထိုင်တော်မူလေသည်၊ ယသသတို့သားလည်း ဗုဒ္ဓနှင့်မလှမ်းမကမ်း ရောက်လာသည့် တိုင်အောင် " အနှိပ်စက် ခံရလေစွ , ဘေးရန် များလေစွ " ဟု တတွတ်တွတ် ပြောလျက်နေရာ, ဗုဒ္ဓရှင်တော်က " ဒီနေရာမှာ အနှိပ်စက် မခံရဘူး , ဒီနေရာမှာ ဘေးရန် မရှိဘူး, ဒီလာခဲ့ , ထိုင်ပါ , သင့်အား တရားဟောမည် " ဟု ခေါ်တော် မူလေလျှင် အလွန်ပင် ဝမ်းမြောက်၍ ဗုဒ္ဓအထံ ရောက်လေသော် ဟောတော်မူသော တရားအဆုံး၌ အနာဂါမိတည်လေသည်။

**ရဟန္တာဖြစ်၍ ရဟန်းပြုပုံ**

ယသ သတို့သား ထွက်သွားသည်ကို နံနက်မှ သိ၍ ဖခင်သေဋ္ဌေးကြီးသည် အရပ် ၄ မျက်နှာသို့ မြင်းစီး တမန်တို့ကို စေလွှတ်ရှာဖွေစေ၍ ကိုယ်တိုင်လည်း မိဂဒါဝုန်ဘက်သို့ အရှာထွက်လေ၏၊ ထိုအခါ ယသစီးသွားသော ရွှေခြေနင်းရာကို မြင်ရ၍ ခြေရာခံပြီး လိုက်သွားလေရာ ဗုဒ္ဓအနီးသို့

ရေခံသော်လည်း ( သားနှင့် ချက်ခြင်းတွေ့လျှင် တရားနာရာ၌ စိတ် မဝင်စားမည် စိုးသောကြောင့် ချက်ခြင်း မတွေ့စေသေးဘဲ တန်ခိုး တော်ဖြင့် ကွယ်ထားရကား ) သတို့သားကို မတွေ့ရသည့်အတွက် "ယသ သတို့သားကို မမြင်ပါလား" ဟု မေးလေရာ ရှင်တော်မြတ် လည်း "ဒီနေရာမှာထိုင်ပါဦး, သတို့သားကို တွေ့ကောင်း တွေ့ရ ပါလိမ့်မည် " ဟု မိန့်တော်မူ၍ ထိုင်နေသော သေဋ္ဌေးကြီးအား တရားဟောတော် မူလေလျှင် သောတာပန် တည်၍ ငါတို့ ဗုဒ္ဓ သာသနာ၌ လူသည်းမှ ရတနာ ၃ ပါးလုံးကို ပဌမဆုံး ကိုးကွယ် ရသော ဥပါသကာ ဖြစ်လေသည်၊ ဖခင် တရားနာနေစဉ် ယသ သတို့သားလည်း မိမိသိပြီးသောတရားကို ထပ်၍ စဉ်းစား ဆင်ခြင် လေရာ အနာဂါမိအဆင့်မှတိုး၍ ရဟန္တာဖြစ်လေသည်၊ [တပုဿ ဘလ္လိကတို့ ဗုဒ္ဓနှင့် တွေ့စဉ်က သံဃရတနာ မရှိသေး၍ ရတနာ ၂ ပါးကိုသာ ကိုးကွယ်ကြရသည်]

ထိုအခါ ဗုဒ္ဓရှင်တော်သည် ကွယ်ထားသော တန်ခိုးတော်ကို ရုပ်သိမ်းလိုက်သဖြင့် သေဋ္ဌေးကြီးသည်း သားကို မြင်ရလေလျှင် "ချစ်သား...သင်၏ မိခင်သည် လွန်စွာဝမ်းနည်းနေတယ်, မိခင်၏ အသက်ကို ပေးပါဦး" ဟု တောင်းပန်ပါသော်လည်း ( ရဟန္တာ ဖြစ်နေပြီး ဖြစ်သောကြောင့် ) " လူ့ဘောင် နေလို့ မဖြစ်တော့ ကြောင်း " ဗုဒ္ဓက မိန့်တော်မူမှ ရဟန္တာ ဖြစ်သည်ကို အားရ ရှိုးကျူး၍ ဗုဒ္ဓနှင့်အတူ ယနေ့ ဆွမ်းစားလိုက်ခဲ့ဘို့ရန် ဖိတ်မန်၍ ပြန်သွားလေသည်၊ ခနည်းတော် ပြန်သွား၍ မကြာခင်ပင် ယသ သတို့သားလည်း ရဟန်းပြု၍ ဗုဒ္ဓနှင့်အတူ ခမည်းတော်နေအိမ်သို့ ကြွတော်မူသည်၊ ဆွမ်းဘုဉ်းပေးတော် မမူမီပင် အရှင် ယသ၏

မိခင်နှင့် ဇနီးသည်အား ဗုဒ္ဓရှင်တော်မြတ်က တရားဟောတော်မူပြန်ရာ ၂ ယောက်လုံး သောတာပန် တည်ကြလေသည်။ [ ထိုအချိန်မှာ လူထည်း၌ ဗုဒ္ဓ, ပဉ္စဝဂ္ဂီ ငါးဦး, အရှင်ယသဟု ရဟန္တာ ရဟန်းတော် ၇ ပါးသာ ရှိသေးသည်။ ]

**ပဉ္စမဝါ**
**ရဟန္တာ ၆ ကျိပ်တစ်**

ယသ သတို့သား ရဟန်းပြုသွားကြောင်း သူငယ်ချင်း ဖြစ်ကြသော သေဋ္ဌေးသား ၄ ယောက်တို့ကြား၍ စဉ်းစားကြသည်မှာ " ယသလို အမျိုးကောင်းသား တယောက်သည် ဆံပင်ကိုရိတ် မုတ်ဆိတ်ကိုပယ် သုံးထယ်မျှ သင်္ကန်းကိုဆင်မြန်း၍ ရဟန်းပြုတယ်" ဆိုလျှင် " ထိုဗုဒ္ဓ၏အဆုံးအမ ဩဝါဒ သာသနာသည် ကေန်မုချ အောက်ကျ နောက်ကျ မဖြစ်တန်ရာ , ယသ သတို့သားလို အထက်တန်း အမျိုးသား တယောက် စိတ်ဝင်စား လောက်ဘွယ် ကြီးကျယ် မြင့်မြတ်သော အရာများ ရှိပါပေလိမ့်မည် " ဤသို့ တွေးတော ကြံဆ၍ အရှင်ယသထံ သွားကြလေရာ, အရှင်ယသမှတဆင့် ဗုဒ္ဓ အထံတော်သို့ ရောက်ကြ၍ အစဉ်အတိုင်း တရားတော်ကို နာကြရ သဖြင့် ရဟန္တာ ရဟန်းတော်များ ဖြစ်သွားကြလေသည်၊ ထို့နောက် ဇနပုဒ်၌ အရှင် ယသ၏ သူငယ်ချင်းများဖြစ်ကြသော ဆွေကောင်း မျိုးကောင်း သတို့သားပေါင်း ၅ ကျိပ်လည်း ထိုနည်းအတိုင်းပင် ကြံဆကြ၍ အရှင်ယသထံလာကြလေရာ ရဟန္တာရဟန်းတော်များ ဖြစ်ကြလေသည်၊ ဤကား မိဂဒါဝုန်တော ပဉ္စမဝါ၌ ရဟန္တာ ဖြစ်ကြကုန်သော ရဟန်းတော်များတည်း၊ ဗုဒ္ဓ, ပဉ္စဝဂ္ဂီ ၅ ဦးနှင့် အရှင်ယသတို့ အပေါင်းအဖေါ် ၅ ကျိပ် ၅ ပါးပေါင်းလျှင် ထို ပဉ္စမဝါ၌ ရဟန္တာ ၆ ကျိပ်တပါး ရှိလေပြီ၊ ဗုဒ္ဓကိုချန်ထား၍ ထို

၆ ကျိပ်သော အထက်တန်းအမျိုးကောင်းသား ရဟန္တာများကား ဗုဒ္ဓ၏ အဆုံးအမဖြစ်ဝါ ဒသာသနာ့ဝန်ကို အားသွန်ကြိုးပမ်းလျက် ဆောင်ရွက်တော်မူကြမည့် သာသနာ့ဝန်ဆောင် ထိပ်ခေါင်တင် အရှင်မြတ်များပေတည်း။

**အရှင်ယသတို့ ရှေးကောင်းမှု**

အရှင်ယသ အလောင်းနှင့် သူငယ်ချင်း ၅ ကျိပ် ၅ ယောက် တို့သည် တခုသော ရှေးဘဝ၌ အသင်းဖွဲ့၍ ကောင်းမှုပြုကာ ကိုးကွယ်ရာမရှိသော သူသေ အလောင်းတို့ကိုလည်း မီးသဂြိုဟ်ပေးလေ့ ရှိကြလေသည်၊ အခါ တပါး၌ကား ကိုယ်ဝန်ဆောင် မိန်းမ၏ အလောင်းကို သုသာန်သို့ ယူသွား၍ အသင်းသား ၅ ယောက်ကို မီးသဂြိုဟ်ရန် ချန်ထားလျက် အခြားသူတို့ ပြန်သွားကြလေသည်၊ ကျန်ရစ်သော ၅ ယောက်တို့တွင် အရှင် ယသအလောင်း သတို့သားသည် မီးသဂြိုဟ်ရင်း အသုဘ ကမ္မဋ္ဌာန်းထင်လာသဖြင့် သူထင်လာသည့်အတိုင်း အခြား ၄ယောက် ကိုလည်း ပြောပြလေရာ အားလုံး အသုဘကမ္မဋ္ဌာန်း ပွားများ ပြီးနောက် ပြန်လာ၍ အခြား ၅ ကျိပ်သော မိတ်ဆွေတို့အားလည်း ပြောပြကြသဖြင့် အားလုံးပင် အသုဘကမ္မဋ္ဌာန်း ထင်ကြလေသည်၊ ယသ အလောင်း သတို့သားကား အိမ်ရောက်သည့်အခါ မိဘနှင့် ဇနီးသည်အားလည်း ပြောပြပြန်သဖြင့် ထိုတခဏမျှ အသုဘ ကမ္မဋ္ဌာန်း ရကြလေ၏။

ထိုရှေးသော အသုဘ ဘာဝနာသည် ယသတို့သား၏ စိတ် အစဉ်၌ မသိသော ဘာဝတိုင်း ကပ်ပါနေလေရာ နောက်ဆုံးဘဝ၌ ခမ်းနား ကြီးကျယ် တင့်တယ်သော တိုက်ခန်းဝယ် စံမြန်းနေစဉ်

မှာပင် ဝတ်စား ဆင်ပြင်လျက် အိပ်ပျော်နေသော မောင်းမင်းသံ အခြွေအရံတွေကို ကြည့်ရှုကာ ရှေးတုန်းက ရခဲ့သော အသုဘဘာဝနာသည် အလွန်ထင်ရှားစွာ ပေါ်လာ ပြန်ရကား ထိုတိုက်ခန်းမှာပင် မနေနိုင် မထိုင်နိုင်အောင် ရှိရလေသည်၊ ထိုအသုဘဘာဝနာကို အခြေခံ ရခဲ့သောကြောင့် မိဘ ဇနီး နှင့် သူငယ်ချင်း ၅ ကျိပ် ၄ ယောက်တို့လည်း အရှင်ယသ နောက်သို့ လိုက်ကာ တရားထူး ရကြပါလေသည်။

**သာသနာပြု စေလွှတ်တော်မူခန်း**

မုဒ္ဓရှင်တော်သည် ပဉ္စမဝါကျွတ်သည့်အခါ ခြောက်ကျိပ်သော ရဟန်းတို့ကို ခေါ်တော်မူ၍ မိန့်တော်မူသည်မှာ— "ဘိက္ခုတို့…. ငါသည် လူ့ဦဖြစ်သော ကာမ အနှောင်အဖွဲ့ ကျော့ကွင်းတို့မှ လွတ်ကင်းခဲ့လေပြီ၊ သင်တို့လည်း ထိုကျော့ကွင်းတို့မှ လွတ်ကင်းကြပြီ၊ ဘိက္ခုတို့…..သင်တို့သည် များစွာသော သတ္တဝါတို့၏ စီးပွါးချမ်းသာ ဖြစ်ဘို့ရာ ဒေသစာရီ လှည့်လည်ကြ, (တလမ်းကို ၂ ပါး သွားလျှင် အရပ်ဒေသ အနှံ့နည်းမည်စိုးသောကြောင့်)တလမ်းကို ၂ ပါး မသွားကြလေနှင့်, ကိုယ့်သမ်းနှင့်ကိုယ် ခွဲ၍ သွားကြလေ၊ အစကောင်း အလယ်ကောင်း အဆုံးကောင်း တရားကို ရောက်ရာအရပ်ဟိုင်းမှာ ဟောပြောကြလေ၊ ငါ့တရား၏ ဩဝါဒ သာသနာ ဘာသာကို အရပ်တိုင်း ထင်ရှားအောင် အနှံ့အပြား ဟောပြကြလေ၊ ပညာစက္ခု၌ အဝိဇ္ဇာ တိမ်သလာ နည်းပါးသော သတ္တဝါတွေ အများအပြား ရှိကြပေ၏၊ ထိုသတ္တဝါတို့သည် တရားကို မနာရသည့်အတွက် ရသင့် ရထိုက်သော အသိဉာဏ်မှ ဆုတ်ယုတ်ရှာကြပေလိမ့်မည်၊ ဟောပြောသည့်အခါ သိလွယ်မည့် သတ္တဝါတွေလည်း

ရှိကြလေလိမ့်မည်၊ ထို့ကြောင့် သင်တို့အနွံ့အပြား တရားစစ် တရားမှန်ကို ဟောကြလေ၊ ငါဘုရားကား ဥရုဝေလတောသို့ ကြွ၍ ရသေ့တထောင်ကို တရားဟောမည် ” ဟု မိန့်တော်မူကာ ထိုပဉ္စမဝါကျွတ်စမှစ၍ သာသနာပြုကိစ္စကြီးကို စတည်တော်မူခဲ့ပေသည်၊ ထိုသို့ စေလွှတ်အပ်သော ရဟန္တာအရှင်မြတ်တို့လည်း အရပ်ရပ်၌ တရားဟောတော်မူကာ အရည်အချင်းရှိသော အမျိုးသား တို့ကို သာသနာတွင်းသို့ သိမ်းသွင်းတော်မူကြလေရာ , ထိုအချိန်မှ စ၍ ဗုဒ္ဓသာသနာသည် ဇမ္ဗူဒိပ်တိုင်း၌ တစတစ ကျယ်ပြန့်၍ အတော်ခိုင်ခံ့ လာလေသည်။

**မှတ်ချက်။** ။အရှင်ယသ၏ သူငယ်ချင်း ၅ ကျိပ် ၄ ယောက်တို့သည် အရှင်ယသ ရဟန်းပြုသည်ကို အားကျကြ၏၊ ဘာ့ကြောင့်နည်း,....“အလွန်အထက်တန်း ရောက်နေသော ယသ သတို့သား၏ ရဟန်းပြုရာ သာသနာသည် အလွန့် အလွန် အထက်တန်းကျပေလိမ့်မည် ” ဟု စဉ်းစားကြသောကြောင့် တည်း၊ ထို့ကြောင့်မည်သည့်ကိစ္စ၌မဆို အထက်တန်းလူတွေ လုပ်သော အလုပ်သည် အထင်ကြီးခံရသကဲ့သို့ အောက်တန်းလူတွေ လုပ်နေသော အလုပ်မျိုးလည်း ( အလုပ်ကောင်းလာသည့် အခါကျမှ အထင်ကြီးတန်လျှင်ကြီးမည်,ပဉ္စမသော်)အထင်သေးခံရမြဲပင်ဖြစ်၏၊ ရှေးတုန်းကလက်ရှိရှင်ဘုရင်ဘဝမှ ထွက်၍ ရဟန်းပြုတော်မူသော ဗုဒ္ဓနှင့်တကွ အရှင်ယသ တို့ကဲ့သို့ အထက်တန်းပုဂ္ဂိုလ်များစွာ ဝင်ရောက်ကြသော ငါတို့သာသနာကို အများကမော်၍ ဖူးမြော်ကြရသလော်, ယခုအခါမူ အတော်များစွာသော လူတွေကငုံ့၍ အကြည့်ခံနေရချေပြီ၊ ထို့ကြောင့် များစွာသော လူကြီး လူကောင်း ဆိုသူတို့၏

သားတွေ ရဟန်းပြုဘို့ရန် စိတ်မဝင်စားကြ၊ မိဘဖြစ်သူတို့ကလည်း လူ့ဘောင်၌ အဆင့်အတန်းနိမ့်ပုံမရသော သားကို ရဟန်းမပြုစေလိုဘဲ မိမိကိုယ်တိုင်က အားမရလှ၍ နောင်ခါ အောက်ကျ နောက်ကျဖြစ်မည်ဖိုးရသော သားကိုသာ "မကောင်းကျောင်းပို့ဘာ" ဟု ရဟန်းပြုစေချင်ကြ၏၊ ထို့ကြောင့် သာသနာတော်ပျက်စီးရ တန်းလျောရခြင်းသည် သာသနာဝင်တွေနှင့် ကိုးကွယ်သူတွေ ဖျက်ဆီးနေမှုကြောင့် သံကို သံဖျက်၍ သံချေးတက်ရခြင်းသာတည်း၊ ထိုကဲ့သို့ မဖြစ်ရအောင် စနစ်တကျ ငါတို့ပြုပြင်ပါလျှင် ဤသာသနာတို့ကို မြန်မာလူမျိုးသာမက ကမ္ဘာကပင်မော်၍ ဖူးရပါလိမ့်မည်။

× × × ×

## အဂ္ဂသာဝက ၂ ပါးအကြောင်း

**အရှင်သာရိပုတြာနှင့် အရှင်မောဂ္ဂလ္လာန်**

ဗုဒ္ဓရှင်တော်မြတ်၏ လကျ်ာဘက်နေရာ၌ ထိုင်တော်မူရ၍ ပညာဘက်၌ တေဒဂ်ရသောကြောင့် "လကျ်ာတော်ရံ" ဟုသမုတ်အပ်သော အရှင်သာရိပုတြာနှင့် လက်ဝဲဘက်နေရာ၌ ထိုင်တော်မူရ၍ တန်ခိုးဣဒ္ဓိဘက်၌ တေဒဂ်ရသောကြောင့် လက်ဝဲတော်ရံ ဟု သမုတ်အပ်သော အရှင်မောဂ္ဂလ္လာန်သည် ဗုဒ္ဓသာသနာတော်ဝယ် အမြတ်ဆုံး တပည့်များ ဖြစ်ကြသော အဂ္ဂသာဝက ပေတည်း၊ ["တေဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ = ငါ၏ သာဝက (တပည့်) တို့တွင် ဤသူသည် အသာဆုံး" ဟု ချီးမြှောက်တော်မူရာ၌ "တေဒဂ္ဂံ" ဟူသော ပါဠိတော်ကို " ဘေဒဂ် " ဟု မြန်မာပြန်ထား၏၊ ထိုသို့

“တေဒဂ္ဂ” စသည်ဖြင့် ချီးမြှောက်ခံရသော ပုဂ္ဂိုလ်သည် တေဒဂ်ရ ပုဂ္ဂိုလ်မည်၏၊ တေဒဂ္ဂ = တေံ+အဂ္ဂ - ဤသူ အသာဆုံး၊ အဂ္ဂ+ သာဝက-မြတ်သောတပည့်။ ] ထိုအဂ္ဂသာဝက ၂ ပါးတွင် တရားဟောရာ၌ ဆုံးမရမည့် ပညာရေး ကိစ္စ၌ အရှင် သာရိပုတြာသည် လွန်စွာ အကူအညီရ၍၊ တန်ခိုးဖြင့် ဆုံးမရမည့် အရာဝယ် အရှင်မဟာ မောဂ္ဂလ္လာန်သည် အလွန် အကူအညီရပေသည်။

**အမျိုးနှင့်စိတ်ထား**

ထိုအရှင် ၂ ပါးလုံးပင် ရာဇဂြိုဟ်မြို့၏အနီး ဗြာဟ္မဏ ရွာကြီး၌ အမျိုး အဆက်ဆက် သူငယ်ချင်း ဖြစ်လာခဲ့၍ လူပျိုဘဝ ပွဲကြည့်ရာမှ သံဝေဂ ရကြ၏၊ ရာဇဂြိုဟ်မြို့၌ ၇ ရက်မျှ တောင်ထိပ်ပွဲသဘင် ကျင်းပလေရာ အများနည်းတူ ပျော်ရွှင်စွာ ကြည့်ရှု နေကြရင်းပင် “ ဒီလို ပွဲသဘင်ထဲ၌ ကြည့်ချင်စရာ ဟူ၍ ဘယ်မှာရှိတော့မှာလဲ , ယခု မြင်နေရသော ပွဲကြည့် ပရိတ်နှင့် ပွဲကသူ လူအားလုံးပင် အနှစ်တရာ အတွင်း၌ ကြက်ပျောက် ငှက်ပျောက် သေပျောက်ကြတော့မှာ အမှန်ဖြစ်တယ်, ငါတို့လွတ်လင်ခွင့် တရားကို ( နိဗ္ဗာန်ကို ) ရှာကြဘို့ သင့်တယ်”ဟု စဉ်းစားမှု ထိတ်လန့်မှုများရောနှော၍ ဖြစ်ပေါ်လာကာ ၂ ယောက်လုံးပင် သဘောတူ ရသေ့လုပ်ခဲ့ကြပြီး(တိတ္ထိဆရာကြီး ၆ ယောက်တွင် ပါဝင်ထင်ရှားသော )သဉ္စည်း ဆရာကြီး အထံမှာပင် နေကာ ထို ဆရာကြီး တရားဖြင့် အားမရသေးဘဲ “ တရားအထူးကို ရှာတွေ့ စုံစမ်း၍ အလျင်တွေ့သူက ပြောလာစေတမ်း”ဟု ကတိကဝတ်ပြုလျက် ဆက်လက် တရားရှာနေကြလေသည်။ [ ဤစကားဖြင့် သဒ္ဓါတရား သက်သက် တရားထူးရလိုသော စိတ်ထားဖြင့်ရသေ့ ရဟန်းပြုလာခဲ့

သူများ ဖြစ်သည်”ဟု ဆိုလိုသည်၊ ထိုအရှင် ၂ ပါးတို့ရသော့ပြုချိန်မှာ မုဒ္ဒရှင်တော်လည်း ပွင့်တော်မမူသေးချေ၊ ဒုက္ကရစရိယာ ကျင့်ချိန် လောက် ဖြစ်ကောင်း ဖြစ်နေပေလိမ့်မည်။ ]ထို့နောက် ပဉ္စဝဂ္ဂီ ၅ ပါး တွင် အပါအဝင်ဖြစ်သော အရှင်အဿဇိနှင့်တွေ့၍ သောတာပန် ဖြစ်ကြပုံ-ဗုဒ္ဓအထံတော် ရောက်လာကြပုံကို ထိုထို ကျမ်းစာတို့၌ ရှုပါလေကုန်။

**အရှင်သာရိပုတြာ** ထို အရှင်မြတ် ၂ ပါးတွင် အရှင် သာရိပုတြာ သည် ရဟန္တာမဖြစ်မီကပင် စိတ်သဘောထား နည့်ပုံရ၏၊ ခန္ဓာကိုယ်တော်လည်း အလွန်ခန့်ကျန်းတော် မူပုံမရ၊ အခါတပါး၌ လေနာထ၍ သပ္ပါယဖြစ်သော ဆွမ်းဟင်းကို အရှင် မောဂ္ဂလ္လာန် ကိုယ်တော်တိုင် ရှာဘွေရဘူးသေး၏၊ ရောက် လရာ ကျောင်းတိုက်၌ အများ ဆွမ်းခံကြွပြီးနောက် လှည့်ပတ်ကြည့်ရှုကာ မတော်မလျော်ထားသော အရာများကို သိမ်းဆည်းပြီးမှ ဆွမ်းခံ ကြွတော်မူလေ့ရှိ၏၊ အခါတပါး၌ကား သင်းပိုင်တစ္စန်း မညီမညွတ် ကျနေပုံကို ၇ နှစ်အရွယ် ကိုရင်ကလေးက “ အရှင်ဘုရားများ၏ သင်းပိုင်စွန်း ကျနေပါသည် ” ဟု လျှောက်ရာ , သင့်တော်သော နေရာသို့ ကြွပြီးလျှင် ညီညွတ်စွာ ပြင်ဝတ်ပြီးမှ “ သည်လို ဆိုလျှင် တော်လေပြီလား ဆရာ” ဟု အဉ္စလိပဂ္ဂဟ အဌာသိ-လက်အုပ် ချီကာ ရပ်၍ ပြီတော်မူပါသတဲ့၊ [ ဓေဝပုဏ္ဏသံယုတ္တဋ္ဌကထာ။] အရှင်သာရိပုတြာကား ထိုမျှလောက် စိတ်နေ ကိုယ်ထား နည့်တော် မူပါပေသည်၊ အရှင်အဿဇိထံတော်မှ တရားထူးကိုသိရ၍ အရှင် အဿဇိရှိရာဘက်သို့ ဦးခေါင်းပြုလျက် ကျိန်းစက်လေ့ ရှိတော်မူ သည် ဆရာဖြစ်ဘူးသော သဉ္စည်းဆရာကြီးကိုလည်း ဗုဒ္ဓ၏ အထံ

တော်သို့ ပါအောင် ခေါ်ရှာသေး၏၊ သို့သော် အတင်းငြင်းပယ်သောကြောင့်သာ လက်လျှော့တော်မူရသည်၊ နောက်ဆုံးအချိန်၌မူ မိမိဖွားတော်မူရာတိုက်ခန်း၌ ကြီးကျယ်စွာ သွေးအန်သော ရောဂါဖြင့် ပရိနိဗ္ဗာန် စံတော်မူရရှာလေသည်။

**အရှင်မောဂ္ဂလ္လာန်** အရှင်မောဂ္ဂလ္လာန်သည် ရဟန္တာ မဖြစ်မီကပင် စိတ်နေထက်သန်၍ ကိုယ်နေလည်း ခန့်ကျန်းတော်မူဟန် ရှိ၏, ခင်ကြမ်းကြမ်း ဆုံးမဘို့ ကိစ္စ၌ အရှင်မောဂ္ဂလ္လာန် သည်ပင် ဆုံးမတော်မူလေ့ရှိ၏၊ နန္ဒောပနန္ဒနဂါးမင်းကို ဆုံးမခဏ်း၌ အရှင်အနုရုဒ္ဓါစသော တံခိုးရှင်ရဟန္တာများက "ဆုံးမပါရစေ" ဟု ခွင့်တောင်းသော်လည်း ခွင့်ပြုတော်မမူဘဲ အရှင်မောဂ္ဂလ္လာန် ခွင့်တောင်းမှ ဘုရားရှင်ခွင့်ပြုတော်မူ၏၊ အခါတပါး၌ ဗုဒ္ဓရှင်တော်မြတ်သည် ဥပုသ်ပြုဘို့ရာ ဘိက္ခုပရိသတ်၌ ထိုင်နေတော်မူစဉ် ပရိသတ်ကို ဆင်ခြင်တော်မူရာ ယုတ်မာသူတပါး ပါရာဇိက ကျနေသည်ကို မြင်တော်မူသဖြင့် ညဉ့်ဦးယာမ် ကုန်သော်လည်း ဩဝါဒ မပေးဘဲ တိတ်ဆိတ်စွာ နေတော်မူသဖြင့် ဩဝါဒပေးပါရန် အရှင်အာနန္ဒာ တောင်းပန်၏-မရ, သန်းခေါင်ယာမ်ကုန်လွန်ပြန်လျှင် တောင်းပန်၏, မရပင်၊ အရုဏ်တက်၍ တောင်းပန်ပြန်သည့်အခါ "ပရိသတ် မသန့်ရှင်ဘူး အာနန္ဒာ" ဟု မိန့်တော်မူမှ အရှင်မောဂ္ဂလ္လာန်သာ အများအပြား ရှက်ဆောင်တော် မူလေသည်။ [ **သာ** သနာပြုရေး ကိစ္စ၌ အနုသမားချည်း မပြီးသေး, အကြမ်းသမားကလည်း အားပေးကြဉ်းမှ အထမြောက်နိုင်ကြောင်း သာဓကတရပ် ဟု မှတ်ခဲ့ကြပါ။]

**အဂ္ဂသာဝက ၂ ပါး နှင်ထုတ်ခံရပုံ**

ဗုဒ္ဓရှင်တော်မြတ်သည် စာတုမာရွာကိုမှီ၍ ရှစ်ရှား တောကျောင်း၌ သီတင်းသုံးတော်မူ၏၊ အဂ္ဂသာဝက ၂ပါးလည်း ဗုဒ္ဓကို မဖူးတွေ့ဘူးသော ကျေးလက်သား ရဟန်း ၅ ရာကို ခေါ်၍ ကြွလာကြ၏၊ ထို့နောက် ရဟန်းများသည် ကျောင်းနေ ရဟန်းများနှင့် အတူ ကျယ်လောင် ကျယ်လောင်နှင့် စကားပြောကာ ဆူညံနေကြသည့်ကို ဗုဒ္ဓရှင်တော် ကြားတော်မူ၍ "အာနန္ဒာ.... တံငါသည်တွေ ငါးလုရာ၌ ဆူညံနေသလို ဆူညံနေသူတွေဟာ ဘယ်သူတွေလဲ" ဟု မေးတော်မူ၍ အဂ္ဂသာဝက ၂ ပါး၏ တပည့်များ ဖြစ်ကြောင်းကို သိတော်မူရသဖြင့် ခေါ်စေတော်မူကာ အဂ္ဂသာဝက ၂ ပါးနှင့် ရဟန်း ၅ ရာကို နှင်ထုတ်သော်, စာတုမာရွာ၌ စည်းဝေးနေကြသော သာကီဝင် မင်းများက ဆိုင်းငံ့ကြပါဦး, ဗုဒ္ဓကို တောင်းပန်ပါဦးမည်" ဟု လျှော်ထားကြ၍ ထိုသာကီဝင်မင်းများတောင်းပန်၍ ခွင့်မှ ပြန်လာကြသည့်အခါ ဗုဒ္ဓရှင်တော်က "သာရိပုတြာ.... ငါဘုရား နှင်ထုတ်တုန်းက ဘယ်လိုများ စိတ်ထားသလဲ" ဟု မေးတော်မူရာ "ယခုအခါ ဗုဒ္ဓရှင်တော်မြတ်သည် သံဃာရိသတ် အပေါ်၌ ကြောင့်ကြစိုက်တော် အမူလိုက်ဘဲ အေးအေးဆေး ဖလသမာပတ် ဝင်စားကာ ချမ်းသာစွာ နေတော်မူလိမ့်ပြီ၊ ငါတို့လည်း ဗုဒ္ဓရှင်တော်မြတ်ကို အတုလိုက်၍ အေးစွာ နေကြတော့မည်" ဟု စိတ်ဖြစ်ကြောင်း လျှော်ထားလေသည်၊ ထိုအခါ "သာရိပုတြာ.... (ဖလသမာပတ် ဝင်စား၍ အေးအေးဆေး နေဘို့ရန်) ဆိုင်းငံ့ဦး ဆိုင်းငံ့ဦး" ဟု မိန့်တော်မူ၍ အရှင်မောဂ္ဂလာန်ကို မေးတော်မူပြန်ရာ "ယခုအခါ ဗုဒ္ဓရှင်တော်မြတ်သည် ကြောင့်ကြမဲ့နေတော် မူလိမ့်ပြီး

ငါနှင့် အရှင်သာရိပုတြာက သံဃာကို ရွက်ဆောင်ရတော့မည် ” ဟု စိတ်ဖြစ်ပါကြောင်း လျှောက်ထားလေသော် “သာဓု သာဓု” ဟု ခေါ်တော်မူ၍ “ မောဂ္ဂလ္လာန်… ငါဘုရားလဲ ရဟန်းသံဃာကို ရွက်ဆောင်မည်,သင်တို့လဲ ရဟန်းသံဃာများကို ရွက်ဆောင်ကြ” ဟု မိန့်တော်မူလေသည်။

မှတ်ချက်။ ။ဤဝတ္ထု၌ ကျောင်းတိုက်အတွင်း၊ဝယ် ဆူညံခြင်း၊ကို မလိုလားအပ်, တိတ်ဆိတ်ခြင်းကိုသာ ဗုဒ္ဓရှင်တော် လိုလားတော် မူကြောင်း, စာတုမာရွာ သာကီဝင်မင်းများသည် သာသနာ့အရေးအရာ၌ ယဝင်ရေခံ စွက်ဖက်၍ သာသနာ့ဝန် ဆောင်ကြသကဲ့သို့ ဒကာများလည်း သာသနာ့ဝန်ဆောင်များ ဖြစ်သင့်ကြကြောင်း, အရှင် သာရိပုတြာ၏ သာသနာရေး၌ ကြောင့်ကြမဲ့ နေလိုစိတ်ကို ခွင့်ပြုတော်မမူဘဲ အရှင်မောဂ္ဂလ္လာန်၏ သံဃာ့တာဝန်ကို ဆောင်မည် ဟု ကြံစိတ်ကိုသာ သာဓုခေါ်တော်မူပုံ ထောက်၍ သံဃာ့တာဝန် ဆောင်ခြင်းကို များစွာလိုလားတော်မူကြောင်း သိသာလှပေသည်၊ အဂ္ဂသာဝက ၂ ပါး၏ အကူအညီကြောင့်လည်း ဗုဒ္ဓသာသနာ များစွာကြက်သရေ ရှိတော်မူခဲ့ပါ ပေသည်၊ သို့ရာတွင် ထို အဂ္ဂသာဝက အရှင် ၂ ပါးသည် ဗုဒ္ဓအလျင် ပရိနိဗ္ဗာန် စံတော်မူနှင့်ကြသောကြောင့် ဗုဒ္ဓရှင်တော် ပရိနိဗ္ဗာန်စံတော်မူပြီ နောက်၌ အရှင်မဟာကဿပလောက် သာသနာ့တော် တာဝန်ကို ဆောင်ခွင့်ရတော် မမူကြချေ။

## အရှင်မဟာကဿပ အကြောင်း

အမျိုးဂုဏ်

အရှင်မဟာကဿပ၏ အကြောင်း အရာကို စဉ်းစားရသည်မှာ ကြက်သီး ထလောက်အောင် အရသာ ရှိပါပေ၏၊ စိတ်အားတက်ကြွ အားရဘွယ်တွေ အတုယူဘွယ် သံဝေဂ ဖြစ်ဘွယ်တွေ များလှပါပေ၏၊ သာသနာပ ကာလ၌ ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့ကို ကိုးကွယ်ဆည်းကပ်နေသော နန္ဒမင်းဘဝမှ (ပစ္စေကဗုဒ္ဓါများ ပရိနိဗ္ဗာန်စံကြသည့်အခါ သံဝေဂရ၍ မင်းမိဖုရား ၂ ပါးလုံး) ရသေ့ရဟန်း ပြုလုပ်ကာ တရားအားထုတ်၍ ဗြဟ္မာ့ပြည်၌ ဖြစ်ကြပြီးနောက် ငါတို့ ဘုရားရှင်ပွင့်တော်မူချိန်မှာ ဗြဟ္မာ့ပြည်မှ စုတေခဲ့ကြ၍ ဗြာဟ္မဏ သေဋ္ဌေးမျိုး၌ "ပိပ္ပလိ"ဟူသော နာမည်ဖြင့် ထင်ရှားသော သတို့သား တယောက် ဖြစ်လေသည်၊ အနွယ်အားဖြင့် ကဿပ အနွယ် ဖြစ်သောကြောင့် ကျမ်းစာတို့၌ အရှင်မဟာကဿပ ဟု ထင်ရှား၏၊ မိဘပိုင်ပစ္စည်းများမှာ-လယ်ယာထည်းသို့ ရေသွင်းပေးဘို့ရန် ရေကန်ကြီးပေါင်း မြောက်ဆယ်, လယ်ယာမြေ ၁၂ ယူဇနာ, လုပ်သားများ နေထိုင်ရာ အနုရာခမြို့ကြီးလောက်ကြီးကျယ်သော တဆဲ့လေးရွာနှင့် မြင်းတပ်ဆင်တပ် ရထားတပ်များလည်း ၁၄ တပ်စီလေ၌ ရှိရကား မဟာရာဇာ တမျှ ကြီးကျယ်ခမ်းနားလေသည်။

ကြောင်းလမ်း စေ့စပ်ခြင်း

ပိပ္ပလိသတို့သား အသက် ၂၀ အရွယ်ရောက်သည့် အခါထို သားတယောက်တည်း ရှိသော မိဘများက လက်ထပ်ဘို့ရန် ပြောပြကြ၏၊ ကာမစိတ် သန့်ရှင်းသော ဗြဟ္မာ့ပြည်မှ စုတေလာခဲ့ရသူ ဖြစ်၍ ကာမမှုကို စက်ဆုပ်

ရှိရှာရကား အခါခါ ငြင်းဆန်၍ တောထွက်ရန်သာ ဇွဲသန်သန် ပြောနေ၏၊ မိခင်ကြီးကား မိမိတို့ပစ္စည်းများ အမွေခံမရှိလျှင် မင်းဘဏ္ဍာတော် ဖြစ်ရစ်မည်စိုး၍ အမျိုးမျိုး ဖြောင့်ဖျပြောဆိုလေရာ, ပန်းပုသမားထံ အလှဆုံးရွှေရုပ်ကို အထူခိုင်း၍ ထိုရွှေရုပ်လောက် ချောသူကိုရမှ လက်ထပ်မည်ဟု ပြောလေသည် (မရနိုင်ဘူးထင်၍ ပြောခြင်းဖြစ်သော်လည်း) မိခင်ကြီးက အားမလျှော့ဘဲ "ငါ့သား ကောင်းမှုပြုတုန်းက တယောက်ထဲ ပြုခဲ့မှာမဟုတ်ဘူး, ကောင်းမှု ပြုဘက် အမျိုးသမီးဟာ ဒီရွှေရုပ်လောက် ချောမှာပေါ့"ဟု ယူဆ၍ ပြာဟ္မဏရှစ်ယောက်ထံ ရွှေရုပ်ကို အပ်နှံကာ ချွေးမလောင်း အရှာ ခိုင်းလေတော့သည်၊ နန္ဒမင်းဘ၀ မရောက်ခင်ကပင် မကြာမကြာ ရေစက်ဆုံးလာသော အမျိုးသမီးသည် နန္ဒမင်း၏ မိဖုရားဘ၀၌ အတူဘက္ကရသေ့သုပ်ခဲ့ကြ၍ ပြဟ္မာ့ပြည်ရောက်, ထို့နောက် လူ့ပြည် မှာ မိန်းမချော မိန်းမလှ အများဆုံးထွက်သော ( ပဘာဝတီတို့ တိုင်းပြည် ဖြစ်ခဲ့သော ) မဒ္ဒရာဇ်တိုင်း ပြာဟ္မဏ သဋ္ဌေးမျိုး၌ ဖြစ်လျက်ရှိရကား ထိုပြာဟ္မဏရှစ်ယောက်တို့ မဒ္ဒရာဇ်တိုင်းအရောက် တွင် တဆဲ့ခြောက်နှစ်အရွယ်ဝင် သူတော်စင် " ဘဒ္ဒါမယ် " ကို တွေ့ကြ၍ ထိုရွှေရုပ်ကို အပ်နှင်းကာ စေ့စပ်ကြောင်းလမ်း၍ ပြန် သွားကြလေသည်၊

**မကြေမနပ်နှင့် လက်ထပ်ကြရပုံ**

ထိုအကြောင်းကို သတို့သား သတို့သမီးတို့ အသီးအသီး ကြားသိရလျှင် စိတ်အဆင်း ရဲကြီး ဆင်းရဲသွားကြတော့၏၊ သတို့သား စဉ်းစားသည်မှာ-"ငါသည် ထို ရွှေရုပ်လို အမျိုးသမီးကို မရနိုင်ဘူး ထင်ခဲ့၏၊ ယခုသော်ရပြီ ဟု ပြောကြသည်၊ ဘာဘဲဖြစ်ဖြစ် မိဘများ

ကွယ်လွန်လျှင် တောထွက်မည် အမှန်ပင် ဖြစ်ရကား သတို့သမီးကလေး စိတ်ဆင်းရဲရစ်ရှာတော့မည့်,ကိစ္စမလွန်ခင်က သတိပေးရလျှင် သင့်တော်စရာရှိရဲ့” ဟု စဉ်းစား၍ တိတ်တိတ်ပုန်း စာရေးသည်မှာ—“ဒိုဘဒ္ဒါ…နှမအတွက် ဂုဏ်အသရေချင်းတူမျှသော အမျိုးသားကို ရပါစေ- ဟု ဆုတောင်းပါသည်၊ ကျုပ်တော့ မိဘများ ကွယ်လွန်လျှင် အမှန်ပင် ရဟန်း ပြုရပါလိမ့်မည်၊ နောင်တမရဘို့ရန် ယခုကသတိပေးပါသည်”ဤသို့ စာရေး၍ လူယုံတော်ကို ပေးလွှတ်လိုက်လေသည်၊ အမျိုးသမီးလည်း ထိုအတိုင်းပင် စဉ်းစား၍ မိဘလက်မထပ်လိုကြောင်း စာကို ရေးသား ပေးလွှတ်လေရာ, ထိုစောမန် ၂ ဦးတို့ ခရီးအကြားမှာ တွေ့ကြ၍ အကျိုး အကြောင်းမေးကာ(ဝမ်းမြောက် ကျေနပ်ကြောင်း ကျင်ကျင်နာနာ ရေးသားကြလိမ့်မည်-ဟု ယင်၍ ) ပေးလိုက်သော စာကို သဘောတူဖွင့်၍ ဖတ်ကြည့်သည့်အခါ သူ့ကိုထင်ကြေးနှင့်မကိုက်သော စာ ၂ စောင်ကို ဆုတ်ပစ်ပြီးလျှင် သဘောတူကျေနပ်ကြောင်းစာကိုသာ ပြင်ဆင်ရေးသား၍ ပို့ကြလေသတဲ့၊ ဤသို့အားဖြင့် ကာမစိတ်ကင်းရှင်းနေသော ရေစက်ဟောင်း ၂ ဦးတို့ လက်မထပ်ချင်ဘဲနှင့် လက်ထပ်ပွဲဝင်ကြရလေသည်။

**တောထွက်ကြပုံ** လက်ထပ်ပြီးနောက်၌ အိပ်ရာဝင်ချိန် မရောက်မီကပင် ပန်းကုံးများကို ကုံးစေပြီးကာ အိပ်ရာအလယ်၌ ချထား၍ အိပ်ရာဝင်ကြသည့်အခါ“ပန်းကုံးကို မယိုင်စေနဲ့ , ညှိုးတဲ့ပန်းကုံးရှင်ဟာ စိတ်မစင်ကြယ်လို့ဘဲ” ဟု ပြောဆို၍ ပန်းကုံးခြား၍ လျောင်းစက်ကြလေသော် တယောက်နှင့်တယောက်ထိမည်စိုးသောကြောင့် စိတ်ချလက်ချ အိပ်ရပျော်ကြ၊

၌နည်းအားဖြင့် အိမ်ရာတည်ထောင် လူ့ဘောင်မှာ နေကြသော လည်း ကာမစိတ်ဓာတ် လွတ်လပ်စင်ကြယ်လေရကား မောင်နှမ အရင်းပမာ တဦးနှင့်တဦး အထူးကျင်နာစွာ နေထိုင်ကြပြီးနေခဲ့ မိဘတို့ ကွယ်လွန်သည့်အခါ စည်းစိမ်ဥစ္စာကို ထိန်းသိမ်းစီမံရင်း သံဝေဂဖြစ်ကြ၍ သဘောတူ တောထွက်ကြလေသည်၊ သို့သော် ထို အချိန်အခါ၌ "ဗုဒ္ဓ" ရှိသည် ဟူသော သတင်းကို သူတို့မသိရသေး သဖြင့် "လောက၌ ရဟန္တာအစစ်ဖြစ်ပြီးသူကို ရည်မှန်း၍ ထိုသူ့ထံ တည့်ရည်ခံဆိုရာ ငါတို့ရဟန်းပြုပါသည်" ဟု ပြောဆိုကာ ရဟန္တာ အစစ်ကို ရှာသောအားဖြင့် တောထွက်လာခဲ့ကြခြင်း ဖြစ်သည်။

ဗုဒ္ဓနှင့်တွေ့ပုံ

တောထွက် လာခဲ့ကြပြီးနောက် လမ်းနှစ်ခွသို့ ရောက်သည့်အခါ အရှင်ပိပ္ပလိသည် ရပ်တန့်၍ "ဘဒ္ဒါ.......သင်ကဲ့သို့ အထက်တန်းကျသော ရသေ့မကလေး တယောက် နောက်က ပါနေသည်ကို မြင်ရသူတို့က သူတို့ ၂ ယောက် သည် ရသေ့ရဟန်း ပြုပြီးသော်မှလည်း မခွဲနိုင် မခွါရက်ကြ" ဟု အပြစ်မြင်ကြလိမ့်မည်, သင်အလိုရှိရာလမ်းကိုယူကာ ငါတို့ ၂ ယောက် လမ်းခွဲကြစို့" ဟု မိန့်တော်မူရာ, ဘဒ္ဒါကလည်း " မှန်ပါတယ်, လူအများ အပြစ်မြင်စရာ ဖြစ်နေပါတယ်၊ နှမတော်က လက်ဝဲဘက် လမ်းကို လိုက်သွားပါ့မယ်, အရှင်ကလက်ျာလမ်းကို ကြွပါတော့" ဟု လျှောက်၍ အလွန်ရိုသေစွာ ကန်တော့ရာ, မြေစောင့်နတ်များ မနေနိုင်မထိုင်နိုင်ဖြစ်၍ ဤမဟာပထဝီမြေကြီးလည်း သွက်သွက်ခါ တုန်လှုပ်လေသည်၊ ထိုသြဿုံခြင်း၏ အကြောင်းကို ဗုဒ္ဓရှင်တော် မြတ် ဆင်ခြင်တော်မူသည့်အခါ သာသနာ့ဝန်ဆောင် ထိပ်ခေါင် တင် သားတော်ကြီး အလောင်းအလျာ အရှင်ပိပ္ပလိ သတို့သားနှင့်

မယ်ဘဒ္ဒါတို့ ထွက်လာ၍ လမ်းခွဲကြကြောင်းကို သိတော်မူသဖြင့် ဝိပ္ပလိအရှင် လာမည့်လမ်းသို့ ၃ ဂါဝုတ်ဝေးအောင် ရှေးဦးကြို ပြုကာ ပြည့်ညောင်ပင်အောက်၌ ရောင်ခြည်တော် ခြောက်သွယ်ဖြင့် တင့်တယ်စွာ ထိုင်တော်မူနှင့်လေသည်၊ ဝိပ္ပလိ အရှင်လည်း ဗုဒ္ဓ ရှင်တော်ကို မြင်လျှင်မြင်ခြင်းပင် "မိမိရည်မှန်းခဲ့သော ဆရာသည် ဤပုဂ္ဂိုလ်သာတည်း" ဟု ဆုံးဖြတ်ပြီးလျှင် အလွန်လေးမြတ်စွာ ရှိခိုး ဝပ်ချလျက် တပည့်အဖြစ်ကို ခံလေသည်။

ရဟန်းဖြစ်ပုံ ဗုဒ္ဓ ရှင်တော်မြတ်သည် ဝိပ္ပလိအရှင်အား ထို နေရာတွင်ပင် ရဟန်းအဖြစ်ကို ပေးတော်မူ၍ အရှင်မဟာကဿပနှင့်အတူကြွတော်မူလေရာ ရှေးအကြားသစ်ပင် အောက်၌ အရှင်မဟာကဿပ ခင်းပေးအပ်သော သင်္ကန်းကြီး ပေါ်တွင် ထိုင်နေတော်မူ၍ ထိုသင်္ကန်းကြီးကို လက်တော်ဖြင့် သုံးသပ်တော်မူကာ "ကဿပ…. (လူ့ဘဝတုန်းက အဝတ်ဖြစ်ခဲ့ သော) သင့်ရဲ့သင်္ကန်းဟာ တယ်ပြီး နူးညံ့ပါဘကား" ဟု မိန့်တော် မူလေသော်….

**အရှင်ကဿပ။** ။ဒီသင်္ကန်းကို မြတ်စွာဘုရား ခြုံတော်မူပါ ဘုရား။

**ဗုဒ္ဓ။** ။သင်ကော ဘာကို ခြုံမည်လဲ။

**အရှင်ကဿပ။** ။မြတ်စွာဘုရား၏ သင်္ကန်းဟောင်း အပေါင်း ရပါလျှင် ခြုံပါမည်ဘုရား။

**ဗုဒ္ဓ။** ။ကဿပ….အဟောင်းအနွမ်း ဖြစ်သော ဤ သင်္ကန်းကို ငါဘုရားကိုယ်တိုင် ပုဆိုးမည်သော ကျွန်မအလောင်းမှ

လောက်တပြည်သားလောက်ကို ဖယ်၍ ပံသုကူကောက်ယူ ခဲ့ရတယ်၊ ဤသက်န်းကို ပံသုကူ ကောက်ချိန်က မဟာပထဝီ မြေကြီးပင် တုန်လှုပ် ခဲ့ရတယ်၊ ငါ့ဘင် အားလုံးဆောင်သူမှ ဤသင်္ကန်းနှင့် ထိုက်တန်တယ်,ဤသင်္ကန်း ကို ဆောင်နိုင်ပါ့မလား၊ (ဤသင်္ကန်းနဲ့ တန်အောင် ကျင့်နိုင်ပါ့မလား ဟူလို၊) ဤသို့ မေးတော်မူ၍ အရှင်ကဿပက "ဆောင်နိုင်ပါကြောင်း" လျှောက်ထားသဖြင့် သင်္ကန်း ချင်းလဲ၍ဝတ်ရုံတော်မူလေသော် မဟာပထဝီမြေကြီးလည်း တအံ့ တသြ ဖြစ်သည့်ပမာ မြိုင်းစွာတုန်လှုပ်ပြန်လေသည်၊ အရှင်ကဿပ လည်း ငါ့ဘင် အားလုံးကို ဆောင်၍ ကြိုးစားအားထုတ် လေရာ ရှစ်ရက်မြောက် အရုဏ်တက်ချိန်မှာ ရဟန္တာ ဖြစ်တော်မူသည်။

**ကျင့်တော်မူပုံ**

အရှင် မဟာကဿပသည် ဓုတင်ကျောင်း၌ သီတင်းသုံးတော်မူ၏၊ သင်္ကန်း ၃ ထည်သာ ကိုယ်ပိုင် ထားတော်မူ၏၊ အမြဲဆွမ်းခံ၍ ဘုဉ်းပေးတော်မူ၏၊ ဆွမ်း ခံရာမှာလည်း အိမ်စဉ် မကျော်ဘဲ ဆွမ်းခံတော်မူ၏၊ ဤသို့ စသည် ဖြင့် အမြဲရတင်ဆောက်တည်တော်မူကာ တရံတခါ၌မူ ဆွမ်းခံ မကြွမီ သမာပတ်ဝင်စားတော်မူပြီးလျှင် သမာပတ်မှ ထပြီးနောက် ဆင်းရဲသူများကို ချီးမြှောက်သောအားဖြင့် ဆင်းရဲသူများ ရပ်ကွက် သို့ ဆွမ်းခံဝင်တော်မူ၏၊ အခါတပါး၌ကား သကြားနှင့် သုဇာ မိဖုရားတို့ပင် လူဆင်းရဲ ဟန်ဆောင်၍ အရှင်မဟာကဿပအား ဆွမ်းလောင်းဘူး၏ လယ်တောစောင့် ဆင်းရဲသူမလေး တယောက် ကား သူ၏ သရည်ထဲက ပေါက်ပေါက်လှော်က လေးကို အရှင်မဟာ ကဿပ ကိုယ်တော်မြတ်အား လှူပြီးနောက် လယ်ကန်သင်းမှ မြွေပေါက် ခံရ၍ စုတေလေရာ ချက်ခြင်း တာဝတိံသာသို့ ရောက်

သွားဘူးလေသည်၊ တရံတခါ၌ နူနာစွဲသူတို့၏ လက်ဖြင့် နယ်၍ လှူဒါန်းအပ်သော ဆွမ်းကိုပင် မြိန်ရှက်စွာ ဘုဉ်းပေးတော်မူပါ သတဲ့၊ ဒို့ အရှင်မြတ်ကြီး ဘုရား.... အရှင်မြတ်၏ လူ့ဘဝတုန်းက စည်းစိမ်နှင့်အရှိန်အဝါကို တွေးကာ ရဟန်းတော်ဘဝ၌ ကျင့်တော်မူပုံ များကို နှိုင်းယှဉ်၍ စဉ်းစားလိုက်သည့် အခါ တပည့်တော်၏ အဖြစ်ကို အားမရနိုင်အောင် ရှိပါသည့်ပြင်, အရှင်မြတ်ကြီးကိုကား ဦးဘော်ညွှတ်ကာ ပျပ်ဝပ်ရှိခိုးလျက်ပါတော့သည် ဘုရား။

**ဗုဒ္ဓရှင်တော် မြှောက်စားတော်မူပုံ**

နောင်အရေးကို မြော်မြင်သော ဘုရင် မင်းမြတ်သည် မိမိ၏ အရိပ်အရာကိုဆက်ခံနိုင်မည့် သား ရတနာအား မိမိဝတ်ဆင်မြဲ ဖြစ်သော မင်းမြောက်တန်ဆာကို ပေးသနားတော်မူသကဲ့သို့ ဗုဒ္ဓရှင်တော်မြတ်သည်လည်း ကိုယ်တော်မြတ်၏ အရိပ်အရာသာသနာတော်ကို ဆက်လက်၍ ဆောင်ရွက်မည်ကို မြင်မြော်တော်မူကာ ကိုယ်တော်မြတ်၏ ပံသုကူ သင်္ကန်းတော်ကို အရှင်မဟာကဿပ ရဟန်းဖြစ်စကပင် ပဌမအကြိမ် ချီးမြှောက်တော်မူခဲ့ပြီ၊ ထို့နောက် မကြာမကြာလည်း သံဃာပရိသတ်အလယ်မှာ အရှင်မဟာကဿပကို မြှောက်စားတော်မူ၏၊ ဘိက္ခုတို့.... သင်တို့သည် ကဿပလို နေနိုင်, ကဿပလို ကျင့်နိုင်အောင် ကြိုးစားကြ၊ တရားဟောတဲ့ နေရာမှာပင် ကဿပ၏ စိတ်ထားမျိုးနှင့် ဟောကြ၊ ကဿပတရား ဟောတဲ့အခါ တရားတော်၏ သဘောဝကျပုံ မှန်ကန်ပုံကို အာမခံထား၍ "ငါဟောပြောတဲ့ တရားကို သူတို့နာကြလျှင် ကောင်းမှာဘဲ, နာပြီး နားလည်ကြလျှင် ကောင်းမှာဘဲ, နားလည်ပြီး၍ လိုက်နာကျင့်ကြံလျှင် ကောင်းမှာဘဲ" ဟု မေတ္တာ ကရုဏာစိတ်ဖြင့် ဟော

သည်၊ ဘိက္ခုတို့....ငါဘုရားသည် ဈာန် အဘိညာဉ် ဝင်စားတော်မူလိုသည့် အခါ အလိုရှိရာ ဈာန်အဘိညာဉ်ကို ( အချိန် မကြာစေဘဲ)ချက်ခြင်း ဝင်စားနိုင်သကဲ့သို့ ကဿပလည်း ငါဘုရားလိုပင် ချက် ခြင်း ဝင်စားနိုင်ပေသည်ဟု တန်ခိုးဇုဒ္ဓိပါဒ်အရာ၌ ကိုယ်တော်မြတ်နှင့် တန်းတူထား၍ မြွက်စားတော်မူသည်။

**●မြွက်စားရာ၌ ရည်ရွယ်ချက်**

ဘာ့ကြောင့် ထိုမျှလောက် မြွက်စားတော်မူပါသနည်း, ..... အရှင်သာရိပုတြာ အရှင်မဟာ မောဂ္ဂလ္လာန်တို့သည် ဗုဒ္ဓရှင်တော်မြတ်၏ အလျှင် ပရိနိဗ္ဗာန် စံတော်မူသည့် အခါဝယ် အရှင်မဟာကဿပသာလျှင် သာသနာ့ တာဝန်ကို ဆောင်ရပေမည်၊ ထိုအခါ "ဗုဒ္ဓရှင်တော်သည်ပင် တန်းတူထား၍ မြွက်စားအပ်သော အရှင်မြတ်ပေတကား "ဟု အရှင်မဟာ ကဿပကို သံဃာတော်အားလုံးက လေးစားချစ်ခင်တော်မူလိုသောကြောင့် အင်္ဂသာဝက ၂ ပါးထက် ပို၍ အရှင် မဟာကဿပကို သံဃာ့ အလယ်မှာ မြွက်စားတော်မူပေသည်။ [အရှင်မဟာပဿပသည် သက်တော်တရာ့နှစ်ဆယ် ရှည်တော်မူသောကြောင့် ဗုဒ္ဓရှင်တော် ပရိနိဗ္ဗာန်စံတော်မူပြီးနောက် နှစ်ပေါင်း အတော်ကြာအောင် သာသနာ့တာဝန်ဆောင် အရှင်မြတ်ကြီး ဖြစ်တော်မူခဲ့ပေသည်၊ ထိုကဲ့သို့လူ့ဘဝ၌လည်း အချို့မြတ် စည်းစိမ်ရှင် ဖြစ်၍ သာသနာတော်သို့ ဝင်လာသည့် အခါလည်း တန်ခိုးဇုဒ္ဓိပါဒ်နှင့် အရပ်ရပ် အကျင့်ထူးတော်မူသော သက်တော ရှည် သားတော်ကြီး တပါးကို ဗုဒ္ဓရှင်တော် ရတော်မူလိုက်သည်မှာ သာသနာတော် အတွက် လွန်စွာ ကံကောင်းပါပေသည်။]

**သာသနာတော်၏ ပဥ္စမ ဝန်ဆောင်များ**

(သာသနာတော်၏)ပဥ္စမအပိုင်းဟု ဆိုထိုက်သော ဗုဒ္ဓရှင်တော်မြတ်၏ လက်ထက်တော်ကြီး၀ယ် မိမိတို့၏ စွမ်းရာ စွမ်းရာဘက်မှ တာဝန်ကိုယူ၍ သာသနာ့တာဝန်ကို ဆောင်တော်မူကြသော ထိပ်ခေါင်တင်အရှင်မြတ်တို့သည် များပြားလှပါပေကုန်၏၊ အရှင်သာရိပုတြာ အရှင်မောဂ္ဂလာန်တို့ကဲ့သို့ အချို့ထေရ်များသည် သဒ္ဓါဘ၀နှင့် သဒ္ဓါသားဘ၀မှ ထွက်လာကြကုန်၏၊ တချို့ထေရ်များကား အရှင်အနုရုဒ္ဓါ အရှင်အာနန္ဒာတို့ကဲ့သို့ မင်းညီမင်းသားဘ၀နှင့် အရှင်မဟာကပ္ပိန့ထေရ် အရှင်ဘဒ္ဒိယထေရ်တို့ကဲ့သို့ ကိုယ်တိုင် ဘုရင်အဖြစ်မှ ထီးနန်းကို စွန့်၍ ရဟန်းပြုလာကြကုန်၏၊ ထို့ကြောင့်လည်း သာသနာ့အရေးအရာသည် ထိပ်တန်းရောက်အောင် ထွန်းပြောင်ကာ မဇ္ဈိမဒေသ ဣန္ဒိယနယ်တွင် ဗုဒ္ဓဘာသာကို မိန္ဒသာရမင်း - အသောကမင်း စသော ဘုရင်တို့ကိုးကွယ်ရာ အထက်တန်း ဘာသာတရားပ်ဟု ဟိန္ဒူဘာသာဝင်ပညာရှင်ကြီးများပင် အသိအမှတ် အပြုခံခဲ့ရပေသည်၊ ထိုကဲ့သို့ သာသနာ့ အရောင် ထိပ်တန်းရောက်အောင် ထွန်းပြောင်ချိန်၌ သာသနာ ရေးမှိန်အောင် ပြုနေသော ရဟန်းများလည်း အများအပြား ရှိပါပေသေး၏၊ ထိုရဟန်းများ၏ မတော် လျော်သော ကိုယ်မှု နှုတ်မှုများကြောင့် "ဝိနယ" ခေါ် ဥပဒေတော်ကြီးကို အမှုအားလျော်စွာ အမျိုးမျိုး ထားတော်မူပါသည်၊ ထိုသို့ ပြစ်မှုကျူးလွန်သော ရဟန်းပေါင်း များစွာတို့တွင် အနည်းငယ်ကို ယုတ်ပြပါဦးမည်၊

× × × × × × ×

# ဆဗ္ဗဂ္ဂိရဟာန်းများ အကြောင်း

[ဆ - ၆ ယောက်+ဝဂ္ဂ - အစုအရုံး ရှိသူများ၊]

ရဟာန်းပြုရာ၌ သူတို့ရည်ရွယ်ချက်

သာဝတ္ထိမြို့၌ သူငယ်ချင်း ခြောက်ယောက်တို့ တိုင်ပင်ကြသည်မှာ–"မိတ်ဆွေတို့…လယ်လုပ်နိုင်မှ ကုန်ရောင်းနိုင်မှ နွားကျောင်းနိုင်မှ(တခုခု လုပ်နိုင်ကိုင်နိုင်မှ) အသက်မွေးဝမ်းဝသော လူ့ဘဝဆိုတာ အလွန်ကြပ်တယ်၊ ငါတို့တစု ဘုန်းကြီးလုပ်ရလျှင် မကောင်းပေဘူးလား" ဟု တိုင်ပင်ရာ, သူငယ်ချင်း ၆ ယောက်လုံး သဘောတူကြပြီးနောက် "ဘုန်းကြီးလုပ်ပြန်လျှင် မထင်မရှားတဲ့ နေရာမှာ သက်နံမပတ်ဘဲ ကိစ္စ တစုံတရာ ကြုံလာလျှင် ထုတ်ဆောင် ကယ်တင်နိုင်မည့် ပုဂ္ဂိုလ်ထံ ဘုန်းကြီးလုပ်မှ နေရာကျမယ်, ဒါ့ကြောင့် အဂ္ဂသာဝက ၂ ပါးထံ ကပ်ကြရအောင်ရဲ့" ဟု ဆုံးဖြတ်ကြပြီးလျှင် အရှင်သာရိပုတြာနှင့် အရှင်မဟာ မောဂ္ဂလ္လာန် ၂ ပါးထံ ရဟာန်းပြုကြလေသည်။[ဤနေရာငယ် အသက်မွေးကျောင်းအောင် ဘုန်းကြီး လုပ်ကြပုံကို သတိပြုပါ။]

ထိုသို့ ရဟာန်းပြုကြပြီးနောက် ဝိနည်း ညတ် တော်အတိုင်း ၅ ဝါ ရအောင် ဆရာထံမှာ ဝိနည်းဆိုင်ရာကို သင်ကြားပြီးလျှင် တိုင်ပင်ကြပြန်သည်မှာ - "နေပုဒ်- ဒိစတြိတ်မြို့ဆိုသည်မှာ အမြဲသာသော မပြနေတဲ့ ခဲယဉ်းသည်၊ တရံတခါ ဒုဗ္ဘိက္ခကပ် ကြုံလာခဲ့မယ် တပါးနှင့် တပါး အားထားကျည်းနိုင်ဘို့ရာ တပည့်တော်တို့ ၆ ပါးတွင် ၂ ပါးစီ ခွဲနေကြစို့" ဟု တိုင်ပင်ကာ နေရာဌာနကို စိတ်ကူးကြလေသည်။

**နေရာဌာနနှင့် ဆဗ္ဗဂ္ဂိ အစုအရုံး**

သာဝတ္ထိမြို့ဆိုတာ သိန်းပေါင်း များစွာသော လူထု၏ နေထိုင်ရာ ဒေသဖြစ်၍ ကာသိတိုင်း ကောသလတိုင်းဟူသော တိုင်းကြီး ၂ တိုင်း၌ ရှိကြသော ကျေးရွာပေါင်း ရှစ်သောင်း၏ အခွန်တော်သွင်းရာ မြို့တော်ဖြစ်သည်၊ ထို့ကြောင့် အရှင်ပဏ္ဍုက နှင့် အရှင်လောဟိတက တို့သည် ဤသာဝတ္ထိမှာ နေပြီးလျှင် ကျောင်းပိုင်ရအောင် ပဌမကြိုးစား" ထိုကျောင်းမှာ သရက် ပိန္နဲ အုန်းစသော သစ်ပင် ပန်းပင် အမျိုးမျိုးစိုက်, လာလာသမျှ ဒကာ ဒကာမတွေကို လက်မလွတ်ရအောင် သစ်သီးပေး ပန်းပေး၍ ချီးမြှောက်, ထို့နောက် အကျွမ်း ဝင်လာသည့်အခါ သူတို့၏ သားကလေးများကို ရှင်-ရဟန်းပြုပေးကာ ပရိသတ်တိုးပွါးလာအောင် ကြိုးစားကြပေတော့၊ ရာဇဂြိုဟ်မြို့ ဆိုတာလည်း ကုဋေပေါင်း များစွာသော လူထု၏ နေထိုင်ရာဖြစ်သည့်ပြင် အင်္ဂတိုင်း မဂဓတိုင်း ဟူသော တိုင်းကြီး ၂ တိုင်း၌ ရှိသော ရွာပေါင်းရှစ်သောင်းတို့မှ အခွန်တော် သွင်းရာ ဌာနကြီးပင် ဖြစ်ပေသည်၊ အရှင် မေတ္တိယနှင့် အရှင်ဘူမဇကတို့သည် ရာဇဂြိုဟ်ဝယ် နေရာကောင်း ရအောင်ရှာ၍ ကျောင်းတိုက်တည်ကာ (ရှေးနည်းအတိုင်း) အမြဲအရံ ပရိသတ်တိုးပွါးအောင် ကြိုးစားကြပါ၊ ကိဋာဂိရိ နယ်ပုဒ်ဆိုသည်မှာ မိုးဥတု ဆောင်းဥတု ၂ မျိုးလုံး မိုးရွာ၍ အသီးအနှံများကို တနှစ်သုံးကြိမ်မယားရသဖြင့် သာယာပြောသော နေရာဖြစ်သည်၊ အရှင်အဿဇိနှင့် အရှင်ပုနဗ္ဗသုကတို့သည် ထိုကိဋာဂိရိနယ်ပုဒ်မှာ ကျောင်း တိုက်ဖြစ်အောင် ကြိုးစားလျက် အမြဲ အရံ ပရိသတ်တို့ကိုလည်း တိုးပွါးအောင် အားယုတ်ကြပါ၊ ဤသို့အချင်းချင်းတိုက်တွန်း၍ တနေရာစီကြိုးစား

ကြလေရာ သူတို့ရည်ရွယ်ချက် အတိုင်း တနေ့ရေလျှင် ငါးရာစီ ရှိသောကြောင့် သာသနာတော်၌ ဆမ္ဗုဂ္ဂိဂိုဏ်းဝင် သံဃာသည် ခေါင်းဆောင် ဆရာကြီး ၆ ပါးနှင့်တကွ တထောင့်ငါးရာကျော် ရှိလေသည်။

ကိဋာဂိရိ၌ ဖြစ်ပျက်နေပုံ

ထို ဆမ္ဗုဂ္ဂိဂိုဏ်း ရဟန်းများတို့တွင် သာဝတ္ထိပြည်နေ အဿဇိနှင့် ပုနဗ္ဗသုကတို့ ဆရာတပည့်တို့သည် လဇ္ဇီသူတော်ကောင်း သီလရှိသူများ ဖြစ်ကြ၍ ကြွင်းသော ဆမ္ဗုဂ္ဂိဂိုဏ်းသားတို့ကား အလဇ္ဇီမသူတော်တွေသာ များကြလေသည်။ ကိဋာဂိရိ၌ နေကြသူတို့ကား နှင်းပင်အမျိုးမျိုး စိုက်၍ ပန်းကုံးအမျိုးမျိုး ကုံးပြီးလျှင် အမျိုးသမီး ကြီးကြီးငယ်ငယ် တို့အား ပန်းပေးကြ၏၊ ထို အမျိုးသမီး ကြီးငယ်များနှင့် အတူနေကြ ရုံတွင်မက အိပ်ရာ ခင်းတခင်းလည်းမှာ ရှောင်အတူ မြို၍ပင် အိပ်ကြ သည် ဟု ဆို၏၊ သူတို့ညစာလည်း စားကြ၏၊ ပန်းနံ့သာ လိမ်းကျံ ခြယ်လှယ်၍ ကိုယ်တိုင်လည်းကကြ,သီချင်းဆိုကြ, တီးကြမှုတ်ကြနှင့် သက်နှန်းကြီးများကို ခင်းပေးကာ "ဟော ဒီအပေါ် ကစမ်းပါကွ နှမရဲ့" ဟု အကလည်း ခိုင်းကြ , ကပုံ ဆိုပုံကိုလည်း သင်ပေးကြနှင့် ဖြစ်ချင်တိုင်း ဖြစ်နေကြသည့်ပြင်, ကျွဲချကန်း, စစ်ဘုရင်ထိုးတန်းမှ စ၍ ကစားအမျိုးမျိုးကိုလည်း ကစားကြလေကုန်သတဲ့၊ ထိုသို့ ပြုနေ သည့်အတွက် အကြည်ညို ဂုဏ်သူတွေထက် သူတို့ အကပ်ပါနေသူ များနေကြောင်းမှာ ပြုလတံ့ ဝတ္ထုကလေးဖြင့် သိသာပါလိမ့်မည်။

သူတော်ကောင်း မကောင်းထင်

ထိုကဲ့သို့ ကိဋာဂိရိဇနပုဒ်၌ သာသနာ ဆတ်ယုတ် နေမြဲမှာပင် ကာသိတိုင်းမှ သီတင်းဝါလကျွတ် သဖြင့် သာဝတ္ထိသို့ဘုရားဖူးကြမည့်ရဟန်းတော် ကလေးတပါးသည် နံနက်အချိန် ယိုက်မှာဂိရိ၌ ဆိုက်ရောက်နေသော

ကြောင့် စက္ကူ‌ခြေ ချလျက် ကြည်ညိုဘွယ် ဆွမ်းခံ ဝင်တော်သော်, ထို ရဟန်းတော်ကို မြင်ရသူတို့ စိတ်ထည်း၌ ကြည်ညိုစရာဟု မထင်နိုင်ကြဘဲ အထူး အသန်း မှတ်နေပါ၏ ဟု သင်တော့ "ဒီကိုယ်တော်က ဘယ့်နှယ် ကိုယ်တော်ပါလိမ့် အဲ-အဲနဲ့ ဟုလိုက်သာ, သွားပုံ လာပုံ ကလဲ နွဲ့နွဲ့=နွဲ့နွဲ့နဲ့, ပြီးတော့ မျက်မှောင်ကုပ် နေသလိုဘဲ မျက်နှာက ရှုံ့လို့, ဒီလိုကိုယ်တော် ဆွမ်းရပ်လာလို့ ဘာသူက လှူချင်မှာတဲ့လဲ၊ ဟော.... ဒို့ဦးအဘေ ဦးပုန်ဗွသူ့ ဂိုဏ်းကတော့ အင်မတန် သိမ်သိမ်မွေ့မွေ့ ပြေပြေပြစ်ပြစ် ရှိတယ်, ခေါ်ပုံ ပြောပုံ ကလဲ အမေတန် အခဲလို့ အမတန် အမေလို့ ခေါ်လေ့ ပြောလေ့ ရှိကြတယ်၊ စကားများ ပြောကြပလေ ဆို (ဒီကိုယ်တော်လို မျက်မှောင်ကုပ်ကုပ်ကြီး လုပ်မထားဘဲ ) မပြောသေးခင် အရင်ပြုံးပြီးမှ ပြောလေ့ ရှိတယ်, မျက်နှာတော် ကလေးများက လဲ အင်မတန် ပေါ်လွင်ထင်ရှားတဲ့ အခါ, တွေ့ကြပလားဆိုလျှင် သူတို့က အရင် နှုတ်ဆက်လိုက်သာဘဲ၊ ဒီလိုကိုယ်တော်များမှ ဆွမ်းကွမ်း လှူထိုက်သာ" ဟု အချင်းချင်း ကြားတကြား ပြောဆိုကြ တုံ့အရှင်မြတ်မှာ ဆွမ်းတစ္စ မျှ မရရှာသေးချေ၊ ထိုအခါ ကံအားလျော်စွာ ရှေးမှ နောက်မှ ဥပါသကာကြီး တယောက်က မြင်၍ အနားကပ်လာပြီး....

ဒကာ ၊ ၊ "ဆွမ်းကလေးများ ရတော်မူပါရဲ့လားဘုရား"

ရဟန်းတော်၊ ၊ "မရသေးဘူး ဒကာ"

ဒကာ ။ ။"တပည့်တော်အိမ် ကြွတော်မူပါဘုရား"[ဆွမ်းကပ်ပြီးသည့်အခါ] "ဘယ်ကြွတော်မူမလို့ပါတုန်းဘုရား"

ရဟန်းတော်။ ။သာဝတ္ထိသို့ ဘုရားဖူးသွားမလို့ဘဲ။

ဒကာ ။ ။"ဒါဖြင့် တပည့်တော်အစား လျှောက်နဲ့ ဗုဒ္ဓရှင်တော်မြတ်ဘုရားရဲ့ ခြေတော်ကို ရှိခိုးတော်မူပါလေ ဘုရား၊ ပြီးတော့…. ကိဋာဂိရိကျောင်းတိုက်မှာ ပျက်စီးလောက်အောင် အဿဇိ ပုနဗ္ဗသုကတို့ ကျင့်ကြံနေကြတဲ့အကြောင်းကိုလဲ လျှောက်တော်မူပြီးလျှင် သာသနာပြု လွှတ်တော်မူပါရန် လျှောက်လိုက်တဲ့ အကြောင်း လျှောက်တော်မူပါလေဘုရား" ဟု မှာထား၍ ထိုရဟန်းများ ကျင့်ကြံနေထိုင်ကြပုံတွေကို ခရေစေ့တွင်းကျ လျှောက်ထားလိုက်လေသည်။

**အဂ္ဂသာဝက ၂ ပါး ကြွလာ၍ နှင်ထုတ်ရပုံ**

ထိုခရီးသွားရဟန်းတော်လည်း ဗုဒ္ဓအထံတော်ရောက်၍ တွေ့ကြုံခဲ့ရသမျှနှင့် ထိုဥပါသကာလျှောက်လိုက်သမျှကို လျှောက်ထားလေရာ, ဗုဒ္ဓရှင်တော်သည် အဂ္ဂသာဝက ၂ ပါးကို ခေါ်တော်မူ၍ "သင်တို့သွားပြီး အဿဇိ-ပုနဗ္ဗသု ဂိုဏ်းသားတွေကို ကိဋာဂိရိမှ နှင်ထုတ်ချေကြ၊ သူတို့တတွေဟာ သင်တို့ရဲ့ တပည့်များ ဖြစ်ကြသည်"ဟု အမိန့်ရှိလေလျှင် ထိုအရှင် ၂ ပါးက ပြန်၍ လျှောက်ကြသည်မှာ - "အဿဇိ - ပုနဗ္ဗသုကတို့သည် လူကြမ်း လူရမ်းတွေ ဖြစ်ပါတယ်,တပည့်တော်တို့ ဘယ်နည်းဖြင့် နှင်ထုတ်ရမှာပါလဲ"…. "ရဟန်း များများ ခေါ်သွားကြပေတော့ ( သူတို့က မထွက်ဘဲ

ငြင်းဆန်နေလျှင် သံဃာအားဖြင့် အတင်းနှင်ထုတ်ရန် အလိုတော်ရှိပါ ဟန်တူ၏)" ဤသို့လျှင် "တပည့်မကောင်း ဆရာ့ခေါင်း" ဖြစ်သည်အားလျော်စွာ အဿဇိ-ပုနဗ္ဗသုကတို့ရဲ့ ဆရာဖြစ်တော်မူကြသော အဂ္ဂသာဝက ၂ ပါးလည်း ကိဋာဂိရိသို့ ကြွသွား၍ မိမိတို့တပည့်ကြီးများကို ကိဋာဂိရိမှ နှင်ထုတ်ကာ ထုံးဇနပုဒ် သာသနာကို အသစ်ပြုကြရလေတော့သည်။

ဆက်ဦးအံ့ — ဗုဒ္ဓဖြစ်အောင် ပါရမီ ဖြည့်ရာ၌ပင် သတ္တဝါအားလုံးကို ကယ်တင်နိုင်မည် ဟု ရည်ရွယ်တော်မူချက် ရှိမည်မဟုတ်ပါ၊ စကားတော်ကို လိုက်နာသူ အချို့သတ္တဝါများကိုသာကယ်တင်မည် ဟု ရည်ရွယ်တော်မူချက် ရှိပါလိမ့်မည်၊ ထို ကျွတ်ထိုက်သူများကို ကျွတ်အောင် ချွတ်နိုင်လျှင် ဗုဒ္ဓဘာဝန် ကြေပွန်တော့၏၊ မကျွတ်ထိုက်သော သူများကား ဗုဒ္ဓပွင့်တော်မူသည်ဖြစ်စေ မပွင့်သည်ဖြစ်စေ ထူးမခြားနားပင် ဖြစ်လေ၏၊ ထို့ကြောင့်ယခုနှင့် နောင်အခါ၌ သာသနာ ပြုပြင်ရာဝယ် အမျိုးသား - သမီးကောင်းကလေးများ စနစ်ကျကျနှင့် အမှန်အကန် သိကြပြီးလျှင်ယခုဘဝ၌လည်း အမျိုးဘာသာနှင့် သာသနာကျိုးကို ဆောင်နိုင်-နောက်နောင်ဘဝ အတွက်လည်း အထက်တန်း ကျကျနှင့် နိဗ္ဗာန်ရသည်အထိ လမ်းမှန်မှန် သွားနိုင်ကြဖို့ရန် ရည်သန်၍သာ မိမိကိုးကွယ်ရာ အရင်း၏ သာသနာကို ပြုပြင်သင့်ကြပါသည်။

× × × × × ×

## အရှင်မဟာကဿပ ဝန်ဆောင်ပုံ

**နောက်လိုက်ရဟန်းများ လမ်းခရီး၌ဖြစ်ပုံ**

ဗုဒ္ဓရှင်တော် ပရိနိဗ္ဗာန်စံတော်မူချိန်၌ အရှင်မဟာကဿပသည် ဒေသစာရီ လှည့်လည်နေခိုက် ဖြစ်၏၊ ပရိနိဗ္ဗာန် စံတော် မူပြီးနောက် ၇ ရက်မြောက် နေ့၌ကား ပါဝါပြည်မှ ကုသိနာရုံသို့ နောက်ပါ ရဟန်းငါးရာနှင့် အတူ ကြွလာတော် မူသည်။ ထိုအချိန်မှာပင် ကုသိနာရုံ ပြည်၌လည်း ဗုဒ္ဓ၏ အလောင်းတော်ကို အဟောင်း တရာ့နှစ်ဆယ် မြင့်သော စန္ဒကူး နံ့သာပုံ ပေါ်သို့ တင်၍ မလ္လာမင်းတို့ မီးရှို့ ပူဇော်ကြသော်လည်း မီးကူးအောင်မျှ မတတ်နိုင်ကြ။ [ ထို အစည်းအဝေးတွင် ပါဝင်ကြသော နတ်တို့တွင် အရှင်မဟာကဿပကိုဆည်းကပ်၍ နတ်ပြည် ဖြစ်ရသော နတ်တို့က သူတို့အရှင်မြတ်ကို ပရိသတ်၌ မမြင်ရသဖြင့် "ငါတို့အရှင် မရောက်မချင်း မီးမတောက်စေရ"ဟု ကြံကာ မီးမွှေး၍ မရနိုင်အောင် စီမံထားကြသတတ်။ ] အရှင်မဟာကဿပသည် ကုသိနာရုံ ပြည်၌ ဗုဒ္ဓပရိနိဗ္ဗာန် စံတော် မူကြောင်းကို သိပြီး ဖြစ်သော်လည်း နောက်ပါရဟန်းများမသိရှာကြသေး၍ ဗုဒ္ဓပရိနိဗ္ဗာန် စံနေတော်မူသည်ကို ရုတ်တရက်တွေ့ကြရလျှင် နောက်ပါရဟန်းတို့ အလူးအလဲငိုကြွေးမည့် အရေးကိုလည်း, လူဝတ်ကြောင်များကို ထိုရဟန်းတို့ ငိုကြွေးပုံကို မြင်၍ ပြစ်တင် ကဲ့ရဲ့ဖွယ် ရှိသည်ကိုလည်း, မြော် တွေးမိသောကြောင့် လူမြင်သူမြင် မရောက်သေးမီ မိုးချုပ်မှ ရောက်အောင် နားနားနေနေ ကြွတော်မူလာ , တနေ့ရာ၌ နားနေကြစဉ် အဝေးမှ နတ်ပန်းကြီးကို ထီးဆောင်းလာသော

တက္ကဒွန်းကို မြင်ရ၍ " ဦးနေရာကပင် ဗုဒ္ဓပရိနိဗ္ဗာန် စံတော်မူကြောင်းကို နောက်ပါရဟန်းတွေ သိစေမှတော်မည်, တောထည်း၌ အားရအောင် ငိုကြရလျှင် ကုသိနာရုံရောက အငိုသက်သာရော ရှိ၏" ဟု ကြံတော်မူကာ ဗုဒ္ဓကို ရှိခိုးသေသောအားဖြင့် နေရာမှထ၍ "ဒိုဘက္ကဒွန်း…ငါတို့ဆရာ ဗုဒ္ဓရှင်တော်မြတ်ကို သိပါရဲ့လား"ဟု စကားဆို၍ မေးလိုက်လေသည်၊ ထိုအခါ တက္ကဒွန်းက "သိပါ၏ သာတော့, အရှင်တို့ဗုဒ္ဓကွယ်လွန်သည်မှာ ယနေ့ ၇ရက်တောင်ရှိပြီ"ဟု ပြောလိုက်သည်နှင့် တပြိုင်နက် ပုထုဇဉ်သောတာပန် သကဒါဂါမိ ရဟန်းများ မဖြေနိုင် မဆည်နိုင် အလူးအလိမ့် ငိုကြွေးလေတော့သည်။

**သုဘဒ္ဒစကားကြောင့် သံဝေဂဖြစ်ပုံ**

" သုဘဒ္ဒ " ဆိုသူကား သားကလေး ၂ ယောက်နှင့်တကွ ရဟန်းပြုလာသော တောထွက်ရဟန်းကြီးတည်း၊ သူသည် သားကလေးများကို ဆန် ဆီ စသည် အတောင်းခိုင်းပြီးလျှင် မိမိ ရှိပြီး ပစ္စည်းများနှင့်တကွ အကုန်အကျ များစွာခံ၍ ဗုဒ္ဓနှင့် ရဟန်းတော်များကို ဆွမ်းကပ်လှူလိုကြောင်း ခွင့်တောင်းရာ, မအောင်မရာ ရသော ပစ္စည်းဖြစ်၍ အလှူခံတော် မမူသောကြောင့် ထိုအချိန်က စ၍ ရှုဂါ ရန်ငြိုးဖွဲ့၏၊ ထိုရဟန်းကြီးသည် ယခုမဟာကဿပ၏ နောက်လိုက်ညီးတွင် ပါဝင်နေရာ, ဗုဒ္ဓပရိနိဗ္ဗာန် စံကြောင်းကို ကြားရလျှင်(ထန်း ကု-တော့မလေ)ဝမ်းမြောက်ဝမ်းသာ ဖြစ်ကာ ငိုနေကြသော ရဟန်းကလေးများကို "ကိုယ်တော်တို့…ဝမ်းမနည်းကြစမ်းပါနဲ့, မငိုကြစမ်းပါနဲ့, ရှေးတုန်းက ဘယ်ဟာ မအပ်ဘူးလေး ဘယ်ဟာ အပ်သလေးနှင့် တပည့်တော်တို့မှာ အချုပ် အနှောင်

ခံနေခဲ့ကြရတယ်, ယခုနေတော့ လုပ်ချင်တာလုပ်နိုင်ပြီ”ဟု ဝမ်းသာ
အားရ ပြောသည်ကို အရှင်မဟာကဿပ ကြားတော်မူရ၍
ဒီရဟန်းယုတ်ကို ယခုနှယ်ဘာ နှင်ထုတ်လိုက်ရလျှင် “ဟော……
ကြည့်ကြစမ်း, ရှင်ဂေါတမကွယ်လွန်လို့ ၇ ရက်သာရှိသေး, သူ့
တပည့်တွေ ရန်ဖြစ်ကုန်ကြပြီ”ဟု တိတ္ထိတို့ပြောစရာဖြစ်မည်စိုးသော
ကြောင့် အောင့်အီးသည်းခံတော်မူကာ“ဗုဒ္ဓအလောင်းတော်ရှိစဉ်
မှာပင် ယခုလို စော်ကားသော သာသနာ့ ရန်ဆူးရန်ငြောင့် ပေါ်
လာလျှင် နောင်ခါ ဒီလိုလူစားတွေကြောင့် သာသနာကြီး ပျက်စီး
ရချေရဲ့”ဟု သံဝေဂ ဖြစ်တော်မူလျက် အနာဂတ်သာသနာရေး
ကိုသာ လေးလေးနက်နက် တွေးတော်မူရှာပေသည်။

**အလောင်းတော်ကို ကတော့ပုံ**

ကုသိနာရုံ ပြည်၌လည်း “အရှင်မဟာကဿပ
မကြွလာသေး၍ မီးပူဇော်ရာ၌ မီးမတောက်
အောင် နတ်များက တားထားသတဲ့”ဟူသော
သတင်းကို အရှင်အနုရုဒ္ဓါထံမှကြားကြရ၍ အရှင်မဟာကဿပကို
မမြင်ဘူးသူ လူအချို့သည် “ဘယ်လိုကိုယ်တော်များ ဖြစ်ပါလိမ့်”
ဟု မျှော်လင့်ကာ အရှင်မဟာကဿပ လာမည့်လမ်း၌ နံ့သာပန်း
လက်စွဲ၍ ခရီးဦးကြိုပြုနေကြစဉ်, နောက်ပါ ရဟန်းတော်များနှင့်
အတူ ကြွလာတော်မူ၍ ဗုဒ္ဓ အလောင်းတော်မြတ်ကို လကျာရစ်
လှည့်လည်တော်မူကာ ခြေတော်ရှိရာ အရပ်၌ မတ်မတ်ရပ်ပြီးလျှင်
ဈာန် အဘိညာဉ် ဝင်စား၍ ဈာန်မှ ထတော်မူပြီးနောက် “ဗုဒ္ဓ
ရှင်တော်၏ ခြေတော်တို့သည် ငါ၏ဦးခေါင်းပေါ်၌ တည်တော်
မူပါစေသတည်း” ဟုဓိဋ္ဌာန်တော်မူလိုက်ရာ, တိမ်တိုက်ကြားမှ
လခြမ်းကြီး ထွက်ပေါ်လာသကဲ့သို့ ခြေတော် ၂-စုံ ထွက်ပေါ်

လာလေသော်၊ လက်တော်ကို ဆန့်တန်း၍ ဗုဒ္ဓ ခြေတော်တို့ကို တင်းတင်းကြပ်ကြပ် ကိုင်ပြီးလျှင် မိမိ ဦးခေါင်းပေါ်သို့ တင်ကာ အားရပါးရ ရှိခိုးတော်မူရှာလေသည်၊ ထိုအံ့ဖွယ်ကို မြင်ရ၍ အုံအုံကြွက်ကြွက် ဖြစ်သော လူများလည်း ပန်းနံ့သာတို့ဖြင့် အားရဝမ်းသာ ပူဇော်ကြပြန်လေသည်၊ အရှင်မဟာကဿပနှင့် နောက်ပါ ရဟန်းတော်များ ရှိခိုးကန်တော့ပြီးနောက် ခြေတော်အစုံလည်း လမင်းကြီးဝင်သွားသကဲ့သို့ ငွေကူးနံ့သာပုံအကြား၌ ကွယ်သွားသည်နှင့် ဝ ပြိုင်နက် အုံအုံကြွက်ကြွက်ဖြစ်ကာ မြည်တွန်တောက်တီးလျက် အငိုကြီး ငိုကြရှာလေတော့သည်။

**သံဂါယနာတင်ရန်**
**ဆွေးနွေးပုံ**

ဗုဒ္ဓ ရှင်တော်မြတ်၏ အလောင်းတော်ကို မီးပူဇော်ပြီးလျှင် အရိုးဓာတ်တော်များကို ဝေဘန်ပြီးနောက် သံဃာ့ပရိသတ်ကြီး၏ အကြီးအကဲ ဖြစ်နေသော ပုဂ္ဂိုလ်သည် အရှင်မဟာကဿပ ပင်တည်း၊ ထိုအရှင်မြတ်သည် သံဃာ့ပရိသတ်ကို စည်းဝေးစေပြီးလျှင် ပါဝါပြည်မှ ကုသိနာရုံသို့ လာစဉ်က သုဘဒ္ဒ ရဟန်းကြီး၏ "ငါတို့ ရဟန်းဂေါတမလက်မှ လွတ်ကြရပေပြီ" စသည်ဖြင့် နှစ်နှစ်နာနာ ပြောဆိုသော စကားကိုလည်း ပြောပြ၏၊ "ငါ့ရှင်တို့... ဗုဒ္ဓရှင်တော်၏ စပ်ရာစပ်ရာ ဟောတော်မူအပ်သော တရားတော်များသည် မသီကုံးအပ်သော ပန်းတွေကဲ့သို့ အစီအစဉ်မရှိဘဲ ဖြစ်နေပါသည်၊ ပန်းတွေကို မကုံးဘဲထားလျှင် လေတိုက်ခတ်တိုင်း လွင့်ကာ မကြာခင် ကုန်ဘွယ်ရှိသကဲ့သို့ တရားတော်များကို စီကာစဉ်ကာ သဘောတူ ပေါင်းစု၍ မထားလျှင် အဓမ္မဝါဒီ အလဇ္ဇီတို့က (ဘုရားဟော မဟုတ်သော တရားတွေကို ထည့်သွင်း၍ ဘုရားဟော အစစ်

တရားတွေကို တချို့တလေ နှုတ်ပယ်ပြီးလျှင် သူတို့ထင်သလို ပြုလုပ်ခြင်း ဟူသော ) လေမုန်တိုင်း တိုက်လွှင့်သောကြောင့် မကြာခင် တရားတော်များ ဟောတော်မူရင်းအတိုင်း မဟုတ်တော့ဘဲ တမျိုးတမည် ပြောင်းလွဲကာ အစစ်အမှန် တရားတော်များ ပျောက်ပျက်ကုန်ဘွယ်ရာရှိသည်၊ ငါ့ရှင်တို့……သုဘဒ္ဒ ကဲ့သို့သော အဓမ္မဝါဒီ တစတစ တိုးပွား၍ အင်အားကြီးကာ ဓမ္မဝါဒီလဇ္ဇီပုဂ္ဂိုလ်များ အင်အားနည်းဘို့ အချိန်အခါမှာ ကြာကောင်းမှ ကြာတော့မည်၊ သို့ဖြစ်၍ ယခုနှယ်က ဗုဒ္ဓတရားတော်များကို ဝိနည်းဆိုင်ရာ တသန့်, သုတ္တန်ဆိုင်ရာ တသန့်, အဘိဓမ္မာဆိုင်ရာ တသန့်, ခွဲခြား၍ သူ့အခန်းနှင့်သူ ( ပန်းတွေကုံးသလို ) ပေါင်းစုကြစို့” ဟု မိန့်တော်မူကာ ထိုနေရာမှာပင် အများ၏တောင်းပန်ချက်အရ အရှင်မဟာကဿပသည် သံဂါယနာတင် ကိစ္စကို ရွက်ဆောင်ကြဘို့ရာ ဈာန်အဘိညာဉ်လည်းရ ရဟန္တာလည်းဖြစ်၍ ပိဋိတို့ဆိုင်ရာ၌ နှံ့လိုက်များစွာဖြင့် သံဃနာယကကြီးသည်း ဖြစ်တော်မူကြ ဗုဒ္ဓဘုရားတော်ကို နှုတ်တက် ဆောင်ထားကြသော (၄၉၉) လေးရာ့ကိုးကျိပ်ကိုးပါးသော သံဃနာယကကြီးများကို ရွေးချယ်တော် မူလေသည်။

မှတ်ချက်။ ။အဓမ္မဝါဒီ=မတရားဘက်က ပြောလေ့ရှိသူ၊ အလဇ္ဇီ=မကောင်းမှုကို ( မကောင်းမှန်းသိလျက် ) ပြုရဲသူ၊ ထိုပုဂ္ဂိုလ်အားရှိသည့်အခါ ဓမ္မဝါဒီ လဇ္ဇီပုဂ္ဂိုလ်များသည် အမှန်ကို ပြောသော်လည်း မအောင်မြင်နိုင်၊ ထို့ကြောင့် အဓမ္မဝါဒီဘို့ အားမရှိခင် သင်္ဂါယနာ တင်ဘို့ရန် အရေးတကြီး စီမံတော်မူသော အရှင်မဟာကဿပသည် သာသနာ့တာဝန်ဆောင် ထိပ်ခေါင်တင်ပီသပါပေသည်။

**အရှင်အာနန္ဒာနှင့် နေရာဌာန**

ထိုသံဂါယနာ တင်ကြမည့် သံဃာတော်ကြီး များကို ရွေးချယ်ချိန်မှာ အရှင်အာနန္ဒာ ရဟန္တာ မဖြစ်သေး၊ (သံဂါယနာတင်ခါနီး ကျမှ ရဟန္တာဖြစ်သည်)၊ ရဟန္တာပေါင်းများစွာကို ချန်လှပ်၍ ရဟန္တာ မဖြစ်သေးသော အရှင်အာနန္ဒာကို ရွေးချယ်လိုက်လျှင် ပုထုဇဉ် သံဃာများက အပြစ်တင်ဘွယ်ရှိ၏၊ အရှင်အာနန္ဒာကား ဗုဒ္ဓတရားတော် အားလုံးကို နှုတ်တက်ဆောင်ထားသူ များတွင် ပဌမတန်းပုဂ္ဂိုလ်ဖြစ်၏၊ ထို့ကြောင့် တဘက်ကကြည့်ပြန်လျှင် သံဂါယနာတင်ကိစ္စဝယ် အရှင်အာနန္ဒာသည် ပဌမဆုံး ရွေးချယ်ထိုက်သူ ဖြစ်နေပြန်၏၊ ဤသို့လျှင် အရှင်မဟာကဿပ ကိုယ်တော်တိုင် ရွေးဘို့လည်း မတော်, ချန်ထားဘို့လည်း မလျော်သောကြောင့် "အရှင်အာနန္ဒာကို သံဃာများ အလိုကျ ရွေးကြပေစေတော့" ဟူသော သဘောဖြင့် ငါးရာပြည့်ဘို့ရာ တပါးချန်၍ ရွေးချယ်တော်မူခြင်းဖြစ်သည်၊ ထိုသို့တပါးကိုချန်ထားသည့်အခါ အားလုံးလိုလိုကပင် အရှင်အာနန္ဒာကို ထည့်ပါကြ၍ သံဂါယနာတင်မည့် မဟာထေရ် ပေါင်း ငါးရာ ပြည့်စုံတော်မူလေသည်၊ ထိုသို့ သံဃာများကို ရွေးချယ် ပြီးနောက် နေရာဌာနကို စဉ်းစားကြသည့်အခါ ရာဇဂြိုဟ်ပြည်ကို အားလုံး သဘောတူသဖြင့် "...မည့် ဝါတွင်း၌ ရာဇဂြိုဟ်ပြည်ဝယ် သံဂါယနာတင်ကြမည်၊ (အခြားသော ပုဂ္ဂိုလ်တွေ လာရောက် နှောက်ယှက်ခြင်း မရှိစေသောကြောင့်) မည်သည့်ပုဂ္ဂိုလ်မျှ ရာဇဂြိုဟ် ဝါမကပ်ရ" ဟု အတိအလင်း ကျေညာတော်မူလေသည်၊

**သံဂါယနာ တင်ပုံ**

ဝါဆိုဝါနီးသော် သံဂါယနာတင်မည့် မဟာထေရ်ကြီးများအပြည့်အစုံ ရာဇဂြိုဟ်မြို့သို့ ရောက်လာကြ၍ ဝါကပ်တော်မူပြီးလျှင် ပျက်စီး ယိုယွင်းနေသော ကျောင်းများကို ပြုပြင်နေကြခြင်းဖြင့် တလလုံးလုံး အချိန်ကုန်သွားလေသည်၊ ထို့နောက် အဇာတသတ်မင်းထံ ကြွတော်မူကြ၍ "မဟာရာဇာ ယခု သံဂါယနာတင်ကြတော့မည်" ဟု မိန့်တော်မူကြလေရာ, မဟာရာဇာကလည်း "အရှင်ဘုရားတို့…လွတ်လွတ်လပ်လပ် ရဲရဲဝံ့ဝံ့ တင်တော်မူကြပါ, အရှင်ဘုရားများဘက်က စေ့ဖြစ် ရှိပါစေ, ဒကာတော့ဘက်က အာဏာစက် ရှိပါစေမည်"၊ ( "တစုံတရာ အနှောက်အယှက် ပေါ်လာလျှင် အာဏာစက်ဖြင့် တားမြစ်ပါမည်" ဟုလို၊) ဤသို့ လျှောက်ပြီးလျှင် "သံဂါယနာတင် မထေရ်များထိုင်ဘို့နေရာ လိုကြောင်း" အမိန့်ရှိကြသဖြင့် အလွန် ခမ်းနားသော ဝေဘာရ ဂူကြီး ကို ဆောက်လုပ်စေလေသည်၊ အရှင် အာနန္ဒာလည်း ရဟန္တာ မဖြစ်သေးတဲ့ သံဂါယနာတင်ပွဲ ဝင်ရန် မလျော်ကန်သဖြင့် ပြင်းပြင်းထန်ထန် အားထုတ်တော်မူလေရာ သံဂါယနာတင်မည့်နေ့၏ အရှေ့တစ်ရက်နေ့မှာ ရဟန္တာ ဖြစ်တော်မူသည်၊ ဤသို့လျှင် ရဟန္တာငါးရာလုံး ဂူကြီး၌ စုဝေးမိသည့်အခါ…

**အရှင်မဟာကဿပ** ။ ။ ငါ့ရှင်တို့…ဘယ်တရားတော်ကို ပဌမဆုံး သံဂါယနာ တင်သင့်သလဲ၊

**မဟာထေရ်များ** ။ ။ ဝိနည်းတရားတော်သည် သာသနာ၏ အသက်သဖွယ် ဖြစ်ပါသည်၊ ဝိနည်းတရားတော် ကွယ်ပျောက်

လျှင် ( သို့မဟုတ် ကျင့်သူမရှိလျှင် ) သာသနာတော်မှာ အသက်မရှိတော့ပါ၊ ထို့ကြောင့် ဝိနည်းတရားတော်ကို ပဌမဆုံး သံဂါယနာ တင်ကြပါစို့။

ဤသို့ စီစဉ်ပြီးလျှင် အရှင်မဟာကဿပကို ဝိနည်းမေးမည့် ပုဂ္ဂိုလ်, အရှင်ဥပါလိကို ဖြေမည့်ပုဂ္ဂိုလ်ဟု သမုတ်ကြပြီးနောက် ရဟန်းတော်များ နှုတ်တက် ဆောင်ထားသော ဝိနည်းတရားတော်ထဲမှာ ပဌမပါရာဇိက သိက္ခာပုဒ် ရှိ၏၊ ထိုသိက္ခာပုဒ်တော်ကို ဗုဒ္ဓကိုယ်တော်တိုင် ပညတ်တော် မူချက် ဟုတ် - မဟုတ် သေချာအောင် စိစစ်ဘို့ တာဝန်ရှိကြ၏၊ ထို့ကြောင့် သိက္ခာပုဒ် ပညတ်တော်မူရာအရပ်, ထိုသိက္ခာပုဒ်နှင့် ဆိုင်သော အမှုသည်, ထိုသိက္ခာပုဒ်ကို ပညတ်တော်မူရခြင်း၏ အကြောင်းတွေ, ဤသို့ စသည့် အစုစုကို အရှင်မဟာကဿပ ထေရ်က မေးတော်မူ၍ အရှင်ဥပါလိကလည်း အားလုံး ဖြေတော်မူ၏၊ ထိုသို့ မေး-ဖြေပြီးနောက် အရှင်ဥပါလိဖြေပုံကို အားလုံးသဘောတူကြလေရာ, ပဌမပါရာဇိက သိက္ခာပုဒ်တော်နှင့် ဆိုင်သော ပါဠိတော်များကို ရဟန္တာငါးရာလုံး ပေါင်းရုံးကာ ရွတ်ဆိုကြလေသည်၊ ဤသို့ စုပေါင်း၍ ရွတ်ဆိုကြခြင်းကို " သံဂါယနာ "ဟု ပါဠိလို ခေါ်ထားသည်။ [ သံ= သဘောတူ ပေါင်းစု၍+ ဂါယနာ = ရွတ်ဆိုခြင်း။ ] ဤနည်းအားဖြင့် ဝိနည်းတရားတော်ကို သံဂါယနာတင်ကြပြီးနောက် သုတ္တန်နှင့် အဘိဓမ္မာ တရားကို သံဂါယနာ တင်လှည့်ရောက်သည့် အခါ အရှင်အာနန္ဒာကို အကြီးအကဲ ထားကာ သံဂါယနာ တင်တော်မူကြ လေသည်၊ ဤသို့လျှင် ဗုဒ္ဓတရားတော်များကို

သဘောတူချင်း ပေါင်းစပ်၍ စီကာစဉ်ကာ သံဂါယနာတင်တော်မူကြသည်မှာ ၇ လလောက်ကြာလေသည်။

သံဂါယနာ တင်ပြီးနောက်

ဝိနည်းဝိဋကကို ဗုဒ္ဓ လက်ထက်တော်ကပင် အရှင်ဥပါလိသည် တာဝန်ယူ၍ ပို့ချတော်မူခဲ့၏၊ သံဂါယနာ တင်ပြီးသည့် အခါ ဒီဃနိကာယ်ကို အရှင်အာနန္ဒာအား လွှဲအပ်၍ တပည့်အဆက်ဆက်ကို ပို့ချ စေတော်မူ၏၊ ထို သံဂါယနာတင် ပွဲ၌ အရှင် သာရိပုတြာ ကိုယ်တော်တိုင်(ပရိနိဗ္ဗာန် စံတော်မူပြီး ဖြစ်၍)မပါနိုင်သော်လည်း ထင်ရှားသော တပည့်ကြီးများ ပါဝင်လျက် ရှိသည်၊ ထို့ကြောင့် မဇ္ဈိမ နိကာယ်ကို အရှင် သာရိပုတြာ၏ တပည့်ကြီးများအား အဆက်ဆက် ပို့ချရစ်ကြဘို့ရန် အပ်နှံတော်မူလေသည်၊ သံယုတ္တနိကာယ်ကို အရှင်မဟာကဿပထံ , အင်္ဂုတ္တရ နိကာယ်ကို အရှင်အနုရုဒ္ဓါထံအပ်နှံ၍ မိမိ၏တပည့်တို့အား ပို့ချတော်မူကြလေသည်၊ ဤသို့လျှင်အရှင်မဟာကဿပစသော ရဟန္တာအရှင်မြတ်တို့သည် ဗုဒ္ဓဘုရားတော်များ အစီအစဉ်ကျကျနနနှင့် ကြာရှည်စွာတည်တန့်ရစ်ဘို့ အခရာကို မြော်ခတွေးတော်မူပြီး၍ သံဂါယနာ တင်ပြီးနောက်လည်း အဆက်ဆက် တာဝန်ယူကာ ဆောင်ရွက် ပို့ချတော်မူလာခြင်းကြောင့်သာ ဗုဒ္ဓဘုရားတော်များ ယခုလောက်ကြာအောင် တည်ရှိနိုင်ပါပေသည်၊ ( ထိုခေတ်၌ ပေစာ - စာရွက်ပေါ်တွင် ရေးတင်ခြင်း မရှိကြသေးသော ကြောင့် ) ထို ကျေးဇူးလောက်ကြောင့်ကြ မစိုက်ခဲ့ကြပါလျှင် ( သံဂါယနာ တင်ရုံကိုသာ ကြောင့်ကြ စိုက်၍ အဆက်ဆက် ပို့ချဘို့ ကြောင့်ကြ မစိုက်ခဲ့ကြလျှင် ) သံဂါယနာ တင်ထားသော်လည်း တရားတော်များ ယခုလောက် ကြာအောင်

တည်ရှိနိုင်မည် မဟုတ်ချေ၊ ဤသို့လျှင် ရဟန္တာအရှင်မြတ်တို့သည် ကိုယ်ကျိုးမပါ၊ သာသနာတော် တည်တန့်ရေး သက်သက်ကို လေးလေးနက်နက် ကြောင့်ကြစိုက်တော်မူကြပုံကို အာရုံစွဲကာ ယခုခေတ် သူတော်စင်များလည်း တနည်းအားဖြင့် ကြိုးစားဘို့ အချိန်ရောက်လာပါပြီ။

## ဒုတိယ သံဂါယနာတင်ခန်း

အရှင်မဟာယသ　　လောကနှင့် ရှိကြသော အရာဝတ္ထုတို့တွင် အကောင်းဟူသမျှသည် မကြာခဏပြုပြင် ပေးသူရှိမှသာ အကောင်းတစ်ခု အတော်ကြာ ကြာနေနိုင်၏၊ ပြုပြင် ပေးမည့်သူများ မရှိလျှင်, သို့မဟုတ် ပြုပြင်လိုကြသူများ အားနည်း နေလျှင်, မကောင်းသော အာဃာတပတွေ ပေါ်ပေါက် လာကြပြီ ဖြစ်လေရာ ကောင်းသော အရာဝတ္ထုသည် တိမ်မြုပ်ကွယ်ပျောက် သွားတတ်လေ၏၊ ဥပမာ — မိမိဝတ်နေကျ ဖြူစင်သန့်ရှင်းသော အဝတ်သည်ပင် မကြာခဏ ဖွပ်လျှော်မပေးခဲ့ပါမူ ဟောင်းနွမ်း၍ ပွဲလမ်း မဝင်နိုင်တော့သကဲ့သို့တည်း၊ ထို့ကြောင့် စင်ကြယ်သော ဗုဒ္ဓသာသနာတော်ကို အရှင်မဟာကဿပ စသော အရှင်ကောင်း တို့ အသစ်အကြေး အနည်းငယ် ဖြစ်စက ဖွပ်လျှော်ပေးခဲ့ကြသော်လည်း အနှစ်တရာလောက် ကြာသည့်အခါ ဝေသာလီပြည် ဝဇ္ဇီတိုင်းသား ရဟန်းများကြောင့် ဆယ်ပါးသော အပြစ် အညစ်အပေ တွေ့ရပြန်လေသည်၊ ထိုဆယ်ပါးတို့တွင် လူအများ နားလည်နိုင် လောက်သောအပြစ်ကား "ကပ္ပတိ ဇာတရူပ ရဇတံ ရဟန်းတော် များအား ရွှေငွေ အပ်၏" ဟူသော အယူဝါဒတည်း၊ ကာဂ ဏ္ဍက

ဗြာဟ္မဏ၏ သားတော်ဖြစ်သော ရဟန္တာ အရှင်မဟာယသသည် ဒေသစာရီ လှည့်လည်တော်မူရင်း ထို ဝဇ္ဇီရဟန်းတို့၏ သတင်းကို ကြားတော်မူရလေသော်....

“ဗုဒ္ဓသာသနာတော် ပျက်စီးနေကြောင်းကို ကြားရပါလျက် ကြောင့်ကြ မစိုက်ဘဲနေလို့ မလျော်ချေ၊ ယခုပင် ငါသွား၍ အဓမ္မဝါဒီများကို နှိမ်နင်းကာ ဓမ္မ အစစ်အမှန်ကို ပြုမည်”

ဟု ကြံတော်မူကာ အာဝဇ္ဇနီ ဆင်မြတ်ရကာနာသည့် ရသ ရှိရာကို မရှောင်ကွင်းဘဲ အတင်းနှဉ့်နင်းသကဲ့သို့ အဓမ္မဝါဒီ အသင်းတို့၏ စစ်တလင်းဟု ဆိုထိုက်ရာ ဝေသာလီပြည်သို့ သာလျှင် ကိုယ်တော် တပါးထည်း ကြွ၍ ကူဋာဂါရသာလာ၌ သီတင်းသုံးတော် မူပါသည်။

**ဥပုသ်နေ့၌ ဖြစ်ပုံ**

ဝဇ္ဇီရဟန်းတို့သည် ဥပုသ်နေ့၌ ရွှေခွက်ကို ရေအပြည့် ထည့်၍ သံဃာ့အလယ် ချပြီးလျှင် လာလာသမျှ ဥပုသ်သည်တို့ကို “ဒကာတို့.... ကျပ်ဖြစ်စေ ငါးမူးဖြစ်စေ တမတ်ဖြစ်စေ တပဲဖြစ်စေ တတ်နိုင်သမျှ ကုသိုလ်ပါဝင်ကြပါ၊ ဒီငွေနဲ့ အသုံးအဆောင် ပရိက္ခရာများကို ဝယ်ရပါလိမ့်မည်” ဟု ပြော၍ အလှူခံကြလေရာ , အရှင်ယသသည် ထို ငွေအလှူခံမှုကို မအပ်ကြောင်း-အလှူမခံထိုက်ကြောင်းကို ကန့်ကွက်ပါသော်လည်း ဥပုသ်သည်တို့ကမူ ထုံးစံဖြစ်နေကြ၍ ထို ရွှေခွက်ထည်း၌ တတ်အားသမျှ ထည့်ကြလေကုန်သည်၊ ထိုသို့ အလှူခံကြပြီးနောက်ရသမျှကို ခွဲဝေကြသည့်အခါ အရှင်ယသ အတွက်လည်း တပုံထား၍ အရှင်ယသအား “ဒီငွေဟာ အရှင်ဘုရားဘို့ဘဲ” ဟု ပြောလေသော် “တပည့်

တော်ဘို ငွေမရှိပါ,ငွေကို တပည့်တော် မသာယာပါ”ဟု ငြင်းပယ်လေသည်၊ ထိုအခါ ဝဇ္ဇီရဟန်းတို့ စည်းဝေးကြ၍ “ ငါ့ရှင်တို့… ယသမထေရ်ဟာ သဒ္ဓါတရား ရှိသော ဒကာတို့ကို သဒ္ဓါတရား ပျက်အောင် ပြုတယ် , ယခုယသကို ပဋိသာရဏီယကံပြုကြစို့ ” ဟု တိုင်ပင်ကြပြီးလျှင် အရှင် ယသမထေရ်ကို ကံပြုကြလေတော့သည်။

**မှတ်ချက်။** ။ “ ရေများ ရေနိုင်, မီးများ မီးနိုင် ” ဆိုသည့် အတိုင်း ဓမ္မဝါဒီ လဇ္ဇီသူတော်စင်ဖြစ်သော ရဟန္တာ အရှင်မြတ်ကိုပင် အဓမ္မဝါဒီအလဇ္ဇီတွေက အများအားနှင့် ဖိလိုက်ကြခြင်းပင်တည်း၊ “ ပဋိသာရဏီယကံ ” ဆိုသည်မှာ ထိုပုဂ္ဂိုလ်က ပြောလိုက်သော ဒကာများကို ပြန်၍ မိမိအပြောမှားကြောင်း တောင်းပန်ရသော ကံတည်း၊ ထိုကံမျိုး အပြုခံရသူသည် ဒကာများထံ သွား၍ တောင်းပန်ရ၏။ ထိုသို့ တောင်းပန်ရာ၌ ဒကာများက မကျေမနပ် ဖြစ်နေသေးလျှင် ကူညီ၍ တောင်းပန်ပေးဘို့ရာ အဖော်တပါးကို လည်း ပေးရသည်၊ ထို့ကြောင့် အရှင်ယသသည် သူတို့၏ ကံပြုခြင်းကို သဘောကျ၏၊ ဘာ့ကြောင့်နည်း,……ထိုသို့ ပြန်၍ ရှင်းလင်း ပြောပြခွင့်ရမည် ဖြစ်သောကြောင့်တည်း။

အရှင်ယသ
ဒကာများထံကြွပုံ

ရှင်ယသသည် အဖော်ရဟန်းတပါးနှင့် အတူ ဝေသာလီမြို့သို့ဝင်၍ ဥပါသကာများကို ပြောသည်မှာ — ဥပါသကာတို့……ဘုန်းကြီးက မတရားမှုကို “မတရားပါ”ဟုရင်း ပဲ့ရည်းတော်နှ့ မညီသော အရာကို “ ဝိနည်းတော်နဲ့ မညီပါ ” ဟုရင်း ပြောဆိုသည်ကိုပင် အသင် ဒကာတို့ကို ဆဲရေးရောက်၍ , အကြည်ညို ပျက်အောင် လုပ်သတဲ့၊

ဒါ့ကြောင့် " ဘုန်းကြီးပြောနေတာက မှားသလား ၊ ဒကာတို့ ကိုယ်တော်တွေ ပြုလုပ်နေကြတာက မှားသလား" ဆိုတာ နားရှင်းအောင် ဗုဒ္ဓရှင်တော်၏ တရားကိုပြောပြမယ်, နားထောင်ကြစမ်း။ [တရားတော်ကို အကျဉ်းချုပ်၍ ပြမည်။]

ဘိက္ခုတို့…လ နေတို့မှာ အညစ်အကြေး ၄ မျိုးရှိ၏ ထိုအညစ်အကြေးများနှင့် တွေ့ကြုံနေရသော လ နေတို့သည် မထွန်းလင်းနိုင် မတောက်ပနိုင် မတင့်တယ်နိုင်ကြကုန်၊ ၄ မျိုးဆိုသည်မှာ—တိမ်တိုက်, ဆီးနှင်း, မြူမှိုး, ( ငပုတ်ဟု ခေါ်ရသော ) ရာဟု၊ ဘိက္ခုတို့…ထို့အတူပင် ရဟန်းများ၌လည်း အညစ်အကြေး ၄ မျိုး ရှိသည်၊ ထို ၄ မျိုးဖြင့် ညစ်နွမ်းနေသော ရဟန်းများသည် ရဟန်းအရှိန်အဝါ ကင်း၍ တင့်တယ်တောက်ပခြင်း မရှိနိုင်ချေ၊ ၄ မျိုး ဟူသည်မှာ—သေရည် အရက် သောက်ခြင်း , မေထုန်မှီဝဲခြင်း , ရွှေငွေ အလှူခံခြင်း( လှူသည်ကို လက်ခံခြင်း ) မိစ္ဆာဇီဝဖြင့် အသက်မွေးခြင်း တည်း။

ဤသို့ " ငွေအလှူခံခြင်းသည် ဝိနည်းတော်နှင့် မညီပါ " ဟု ပြောခဲ့သော ဘုန်းကြီး က ငွေလှူနေသော အသင်ဒကာတို့ကို ဆဲမျိုးရာ ရောက်သတဲ့ , အကြည်ညိုပျက်အောင် သဒ္ဓါတရားပျက်အောင် လုပ်သတဲ့ ဒီကိစ္စနဲ့ စပ်ပြီး ဗုဒ္ဓ လက်ထက်တော်တုန်းက ဖြစ်ပျက်ခဲ့သော ဝတ္ထုကလေးကို ပြောပြဦးမည်— ဗုဒ္ဓရှင်တော် ရာဇဂြိုဟ်မြို့၌ သီတင်းသုံးနေတော်မူစဉ် စကားတခု ဖြစ်တယ်၊ တချို့က "ဗုဒ္ဓသာဝကဖြစ်သော ရဟန်းတော်များမှာ ရွှေငွေကို သာယာ နှစ်သက်ကြတယ် , ရွှေငွေကို အလှူခံကြတယ်" ဟု ပြော

တယ်၊ ထိုအခါ"မင်္ဂလိစုဋ္ဋက"မည်သော စစ်သူကြီးက"ဒီလိုမပြော ကြပါနဲ့,ရဟန်းတော်များမှာ ရွှေငွေမအပ်ပါ,ရွှေငွေကို မသာယာ ကြပါ, အလှူမခံကြပါ" ဟု ဟန့်ကွက်လိုက်တယ်၊ အစည်း အဝေး ပြီးတဲ့နောက် ထိုစစ်သူကြီး ဗုဒ္ဓအထံတော် လာရောက်၍ မိမိပြောခဲ့ သော စကား၏ အမှားအမှန်ကို လျှောက်ထားသည့်အခါ,"ပြောခဲ့ တာတွေ အားလုံးမှန်ကြောင်း"မိန့်တော်မူပြီးလျှင်....

"ရွှေငွေ အပ်စပ်သူမှာ ကာမဂုဏ်ငါးပါးလုံး အပ်စပ်၏၊"ရွှေ ငွေ အပ်တယ်"ဆိုတဲ့ တရားကို ရဟန်းတရား မဟုတ်ဘူးလို့ မှတ်၊ ရွှေငွေကိုတောင် ကိုယ်ပိုင် ခံယူသုံးစွဲ သိမ်းဆည်းထားကောင်းလျှင် မိန်းမလဲ ယူကောင်း မှာဘဲ ဟု မိန့်တော်မူလို၏၊ (ရွှေငွေ အလှူမခံ ရပေမဲ့ နေသာထိုင်သာ ရှိအောင် ) ကျောင်းမိုးဘို့ သက်ငယ် မြက် ကလေးလိုလျှင် ထိုမြက်ကိုတော့ အိမ်ခြ အနီးအပါးသွား၍ ဆွမ်းရပ် သလို ရပ်ကြီး အလှူခံကောင်းပါရဲ့၊ သစ်သားလိုလျှင်, သစ်သား တိုက်ယူဘို့ လှဲ့သိုလျှင်, လုပ်ကိုင်ပေးမည့် ယောက်ျားလိုလျှင် သွား၍ ရပ်ကာ ( ဘာ အလိုရှိပါလဲဘုရား- ဟု မေးလျှင် ) အလိုရှိတာကို ပြောကောင်းပါရဲ့ ဟု ငါဘုရား ဟောပါသည်၊ ရွှေငွေကို ဘယ် နည်းနှင့်မျှ ကိုယ်ပိုင်ထားကောင်း ရှာဖွေကောင်းသည်ဟု မဟော ပါ"ဤသို့ မိန့်တော်မူဘူးသည်။

ဤသို့ ဗုဒ္ဓ တရားတော်အတိုင်း လိုက်၍ ပြောနေသော ငါ့ကို ပင် အသင်ဒကာတို့ ဆရာ ဘုန်းတော်ကြီး များက " ဒကာတို့ကို ဆဲတယ်,ငွေ့ရေးပျက်အောင် လုပ်တယ်"လို့ ပြောနေကြတယ်- ဟု အကျင်ယသက မိန့်တော်မူရာ, အားလုံး ဒကာတွေသည် အစစ်

အမှန်ကို နားလည်ကြ၍ "အရှင်မဟာယသတပါးသာ ရဟန်းတော် အစစ်ရှိပါတော့တယ်, တခြားကိုယ်တော်တွေ ရဟန်း မဟုတ်ကြ တော့ပါ"ဟု ပြောဆိုကာ အရှင်ယသကို ဝေသာလီပြည်မှာ အမြဲ သီတင်းသုံးဘို့ရာ ပင့်လျှောက် ကြလေတော့သည်၊ သို့သော် အရှင် ယသကား ယုံကိစ္စနှင့် စပ်၍ သာသနာပြုဘွယ် အများ အပြား ရှိနေသေးသောကြောင့်(နေမည်-မနေဘူး ဟု)မိန့်မြွက်တော် မမူဘဲ ကျောင်းတိုက်သို့ ပြန်ကြွတော်မူလေသည်။

**သာ၍ စိတ်ဆိုးကြပုံ**

ကျောင်းတိုက်သို့ ပြန်ရောက်ကြ၍ အဖော် လိုက်သွားသော ကိုယ်တော်လေးကို အကျိုး အကြောင်း မေးကြသည့်အခါ အရှင်ယသကပြောပုံ,ဒကာများက "အရှင်ယသတပါးက လွဲလျှင် ဝေသာလီမြို့မှာ ရဟန်းစစ် မရှိ"ဟု လျှောက်ပုံကို ကြားရသဖြင့် သာ၍ ဒေါသ အမျက် ချောင်းချောင်း ထွက်ကာ သံဃာ စည်းဝေးစေလျက် အရှင်ယသကို " ဥက္ခေပနီယကံ"ပြုဘို့ရန် စီမံ စိုင်းပြင်းကြလေသော်,သူတို့ စီမံနေတုန်းမှာပင် အရှင်မဟာယသသည် ကောင်းကင်သို့ ပျံကြွ၍ ကောသမ္ဗီပြည်၌ သက်ဆင်းတော် မူလေသည်။ [ ဥက္ခေပနီယကံ ဟူသည် နှင်ထုတ်သော ကံတည်း၊ အရှင်ယသသည် တန်ခိုးရှိပြီးသော ရဟန္တာသော မဟုတ်ပါလျှင် မည်မျှလောက် ဗိုလ်ကျ ကျွမ်းကျင်သော်လည်း သူတို့ အနှိပ်အစက်ကို ခံရှာရပေလိမ့်မည်။]

**အရှင်ယသ သံဃာစုတော်မူပုံ**

အရှင် ယသသည် ပါဝါပြည်နှင့် အဝန္တီ ဒက္ခိဏာပထတိုင်းတို့၌ သီတင်းသုံးတော်မူကြ သော သံဃာတော်များ၏ အထံသို့ အဓိ ကရုဏ်း ( အမှုအခင်း )ဖြစ်ပုံကို လျှောက်ဘို့ရန် တမန်စေလွှတ်၍

မိမိကိုယ်တိုင်မူ အပေါ်ဂင်္ဂါတောင်၌ သီတင်းသုံးနေသော အရှင်သမ္ဘူတ အထံသို့ ချဉ်းကပ်၍ အရပ်ရပ်ဖြစ်ပုံ လျှောက်ထားလေသည်၊ ထိုအခါ ပါဝါပြည်မှ ဓုတင်ဆောင် ထိပ်ခေါင်တင်ချဉ်းဖြစ်တော်မူသော ရဟန္တာ ၆ ကျိပ်ခလောက် ကြွရောက်တော်မူလာကြ၏၊ အဝန္တိဒက္ခိဏာပထတိုင်းမှလည်း ရှစ်ကျိပ် ရှစ်ပါးသော ရဟန္တာများ ကြွရောက်တော်မူလာ ကြ၏၊ ထိုရဟန္တာများ စုဝေးမိသည့်အခါ "ဤအဓိကရုဏ်းသည် အလွန်ခက်ထန်မှုရှင့်လှ၏၊ မိမိတို့ဘက်က အားရှိအောင် ဘယ်ပုဂ္ဂိုလ်ကိုရှာကြဦးမည်လဲ" ဟုတိုင်ပင်ခါ ဝိဋကအားလုံးကို နှုတ်ငုံဆောင်ထားသော ရဟန္တာမထေရ် အရှင်ရေဝတကို ပင့်ကြဖို့ရန် သဘောတူကြလေသည်၊ အရှင်ရေဝတလည်း တိုင်ပင်သံကို ဒိဗ္ဗသောတအဘိညာဉ်ဖြင့် ကြားတော်မူနှင့် အကူ ရောရော နှောနှော ခရီးမကြွလိုသောကြောင့် အများဆုံး၌လောက်ရာ "သဟံဇာတိ" အရပ်တိုင်အောင် ခရီးစဉ် အတိုင်းကြွတော်မူနှင့်လေသည်၊ ယိုအရပ်၌ အရှင်ယသတို့လည်း ရောက်လာကြ၍ ဝဇ္ဇီတိုင်းသား ရဟန်းများ၏ အယူဝါဒတွေ အရှင်ရေဝတအား လျှောက်သည့်အခါ "အားလုံး ဝိနည်းတရားတော်နှင့် မညီ" ဟု မိန့်တော်မူလေသော် "ဤအဓိကရုဏ်းကို တပည့်တော်များ ကိုင်ကြပါကို့ရဲ့" ဟု လျှောက်၍ အရှင်ရေဝတလည်း သဘောတူတော်မူသဖြင့် "နဂိုရှိရင်းက အဓိကရုဏ်းစ၍ ဖြစ်ရာဌာနဝယ် ဤအဓိကရုဏ်းကို ငြိမ်းဖြတ်မှသာ ငြိမ်းနိုင်မည်" ဟု ယူဆကာ ဝေသာလီပြည်သို့ ကြွတော်မူကြလေသည်၊

ဒုတိယသံဂါယနာ တင်ခဏ်း

ထိုအချိန်မှာ တမြေပြင်လုံး သံဃာပေါင်းတွင် သက်တော် ဝါတော် အကြီးဆုံးဟု ဆိုရလေ‌ာ့ အောင် ဝါတော် တရာ့နှစ်ဆယ် ပြီးသော "သဗ္ဗကာမီ" မဟာထေရ်ကြီးသည် ဝေသာလီပြည်၌ပင် သီတင်းသုံးတော်မူလျက် ရှိ၏၊ အရှင်အာနန္ဒာ၏ တပည့်လည်း ဖြစ်၍ ဗုဒ္ဓရှင်တော်ကို ဖူးတွေ့လိုက်ရဘူးသော ပုဂ္ဂိုလ်ကြီးပေတည်း၊ အရှင်ရေဝတသည် ထိုမဟာထေရ်မြတ်ကြီးထံ ကြွ၍ တည်းခိုတော်မူ၏၊ အရှင်သမ္ဘူတလည်း အရှင်သဗ္ဗကာမီထံ ကြွလာ၍ ဝဇ္ဇီရဟန်းတို့ အသုံးပြုသော ဝိနည်းတရားတော်နှင့် ညီ - မညီကို ဆွေးနွေး၍ ဝိနည်းတော်နှင့် မညီကြောင်းကို မိန့်တော်မူ၏၊ ထို့နောက် အဓိကရုဏ်းကို ဆုံးဖြတ်ဖို့ရန် သံဃာစည်းဝေးကြသည့်အခါ တယောက်တခွန်း ဆိုသလို ပြောနေကြသည်မှာ မပြီးပြတ်နိုင်အောင် ရှိသည့်ပြင် "ဘာကို ဆိုလိုသည်" ဟု အဓိပ္ပါယ် ကောက်ချက်ချ၍ မရနိုင်ဘဲ ရှိရကား ထိုသံဃာ့အစည်းအဝေးမှ ရဟန္တာရှစ်ပါးကို (အဓိကရုဏ်း ဆုံးဖြတ်ဖို့ရန်) ရွေးချယ်လိုက်ရလေသည်၊ [ ရွေးချယ်အပ်သော ရှစ်ပါးတွင် အရှင်သဗ္ဗကာမီ, အရှင်သာဠှ, အရှင်ခုဇ္ဇသောဘိတ, အရှင်ရေဝတ, အရှင်သမ္ဘူတ, အရှင်ယသ,၅ ပါးတို့သည် အရှင်အာနန္ဒာ၏ တပည့်များတည်း၊ အရှင်ဝါသဘဂါမိယ, အရှင်သုမန ၂ ပါးကား အရှင်အနုရုဒ္ဓါ၏ တပည့်များဖြစ်သည်၊ ထိုရှစ်ပါးလုံး ဗုဒ္ဓရှင်တော်ကို ဖူးတွေ့လိုက်ကြရဘူး၏၊ ထို့ပြင် — မနေရာထိုင်ခင်း ခင်းပေးဖို့ ၁၀ ဝါမျှသာ ရှိသေးသော အရှင်အဇိတ ရဟန်းတော် တပါးကိုလည်း ရွေးချယ်တော်မူကြသေး၏။ ] ထို့နောက် ဝါလိကာရုံ ကျောင်းဘို့ ဂဝယ

ထို မဟာထေရ်ကြီးများချည်း စုဝေးတော်မူကာ အဓိကရုဏ်းကို ဆုံးဖြတ်တော်မူပြီးလျှင် နောက်ထပ် ရဟန်းတော်ပေါင်း ခုနစ်ရာ ပြည့်အောင် ထပ်မံရွေးချယ်၍ အရှင်မဟာကဿပတို့ ပဌမ သံဂါယနာ တင်တော်မူသကဲ့သို့ သုတ်ဝိနည်း အဘိဓမ္မာကို သံဂါယနာ တင်တော်မူပြန်လေသည်။ [ ထို ဒုတိယသံဂါယနာတင်ရာ၌ အကူ အညီပေးသော မဟာရာဇာ ကာလာသောကမင်း၏ သားတော် "ကာဠာသောက"မည်သော မဟာရာဇာတည်း၊ ထို မဟာရာဇာ ၏ အကူအညီဖြင့် အဓမ္မဝါဒီ အလဇ္ဇီဖြစ်သော ဝဇ္ဇီတိုင်းသားတို့ကို နှင်ထုတ်လိုက်ရာ သူတို့လည်း အသင်းအပင်းစုလျက် သူတို့သဘော ကျသလို တရားတော်ကို ပြင်ဆင် ဖြည့်စွက်၍ သံဂါယနာ တမျိုး တင်ကြလေကုန်သတတ်။ ]

မှတ်ချက်။ ဒုတိယ သံဂါယနာ တင်ရခြင်း၏ အကြောင်း ရင်းကို ရှာလျှင် ငွေအလှူခံခြင်းကို တွေ့ရသည်၊ ဗုဒ္ဓရှင်တော်မြတ် ကလည်း " ငွေကို ခံယူကောင်းလျှင် ကာမဂုဏ် ငါးပါးကိုလည်း ခံယူကောင်းတော့မှာပေါ့ " ဟု မိန့်တော်မူ၏၊ ယခုကာလ၌ကား အလှူ အဒါန်း ဟူသမျှ၌ ငွေအလှူတွေ အများအပြား ပါဝင်နေ၏၊ "သာသနာကို ပြုနေပါသည်" ဟု နာမည်ကောင်း ယူနေသော ဓာပြန်ပွဲများ၌ ဆုတော်ငွေနှင့် ငွေဒေသာတွေ ဝေဆာနေတော့ ၏၊ " ပဌမ သံဂါယနာတင် ဘုရင်မင်းမြတ်" ဟု သမုတ်ခံရသော မင်းတုန်းမင်းတရားကြီး လက်ထက်တော်ကပင် " ဆွမ်းဆန် အလှူ တော် " ဟု နာမည်တွင်ကာ ငွေအလှူတွေ များသာခဲ့ဟန် တူ၏၊ ထို့ကြောင့်ပင်....

"မိုးသည်းချုပ်လို့ ပြန်ချိန်တော် , ....မြလေးစွယ်တော် ပေါ်သည့်
ချောင်းမှာ , ဒေါင်းတွေကအော်၊ ....ဒေါင်းအော်လျှင် ကြိုသူ
လွတ်ပ, ပျိုတို့မောင် ဝါဝါဝတ်ကို , ဒေါင်းခွပ်ချည့်လေး။"

ဟု တဘောင်ပေါ်ခဲ့သေး၏၊ ဆိုလိုရင်းမှာ — "သာသနာတော်၌ ဒေါင်းဒင်္ဂါးတွေ အချွင်ချွင် မြည်အောင်လျက် ပေါ်ပေါက်နေပြီ၊ သင်္ကန်းဝါဝါကို ဝတ်နေကြသော အရှင်တို့မှာ ဒေါင်းအခွပ်ခံကြရတော့မည်" ဟု ဆိုလိုသည်၊ [ ထိုကဲ့သို့ ဖြစ်နေပုံကို မင်းတရားကြီး ကြားသိသောကြောင့် ဓမ္မဝိနယ အဓိပ္ပါယ်တော် ပြန်တမ်းကိုပင် ထုတ်ရပေသေးသည်၊ အဓိပ္ပါယ်တော်ကို နောက်၌ပြမည်။ ] ထို့ပြင်— ဝဇ္ဇီတိုင်းသား ရဟန်းများတို့ အဓမ္မမှုတွေ ပြုနေရာဌာန၏ အနီးမှာပင် အရှင်အာနန္ဒာ၏ တပည့်လည်းဖြစ် ရဟန္တာလည်းဖြစ်၍ တမြေပြင်လုံးမှာ သက်တော်ဝါတော် အကြီးဆုံးလည်း ဖြစ်သော အရှင်သဗ္ဗကာမီ မဟာထေရ်ကြီး သီတင်းသုံးလျက် ရှိတော်မူ၏၊ သို့ပါလျက် ဝဇ္ဇီရဟန်းတို့ကို (မိုးများမိုးနိုင် ဆိုသလို) နှိပ်နင်းတော် မမူနိုင်ချေ၊ အရှင်ယသ၏ လှုံ့ဆော်မှုကြောင့် လဇ္ဇီသူမွန် သီလဝန် အရှင်များ စုပေါင်းမိကြ၍ အားရှိလာခါမှ ဦးစီး ဦးကိုင် ပြု၍ သာသနာတော်ကိစ္စကို ရွက်ဆောင်တော်မူရလေသည်။

**လဇ္ဇီရဟန်းတော်များ ကြိုးစားချိန်**

ယခုခေတ်၌ လဇ္ဇီသူမွန် သီလဝန် အရှင်မြတ်တွေ ထိုထို အရပ်၌ ကေန်ရှိပါပေသေး၏၊ သာသနာတော် ကိုလည်း ပြုစုချီးမြှောက်တော်မူလိုကြ ပေလိမ့်မည်၊ သို့ရာတွင် မိမိတို့အင်အား နည်းပါးတော်မူကြကြောင်းကို သိမြင်တော်မူ၍ တကိုယ်ရေတကာယဖြင့် ( သို့မဟုတ် - အနည်းငယ်မျှသော ပရိသတ်ဖြင့် ) ဖြစ်သလို

တော်သလို သိတင်းသုံးတော်မူကာ ကုသိုလ်ဖြစ်ဘို့ကိုသာ ပဓာန ထား၍ သာသနာတော်ပြုပြင်ရေး၌မူ လစ်လျူရှုတော်မူနေကြဟန် တူသည်၊ ဗုဒ္ဓ သာသနာတော်သည် ယခု အချိန်မှာ ၂ ထောင့် ၄ ရာကျော်မျှသာရှိသေး၏၊ ဤသာသနာကြီးကို တည်ထောင်တော်မူကာ သတ္တဝါများကို ကျွတ်တန်းဝင်စေမည် ဟူသော ဆန္ဒတော်ကြီးဖြင့် ပါရမီကိုဖြည့်တော်မူစဉ်က ဤသာသနာတော်ကြီးအတွက် အသက် စည်းစိမ်ကို စွန့်လွှတ်တော် မူခဲ့ရသည်မှာကား ဘဝကို မဆိုထားဘိ ကမ္ဘာပေါင်း ၂ ထောင့် ၄ ရာကျော်လည်း မက , ၅ ထောင်လည်းမက , ၅ သောင်း , ၅ သိန်း , ၅ သန်းစသည်လည်း မကပေ၊ ထိုဗုဒ္ဓရှင်တော်မြတ်ကြီး စွန့်လွှတ်တော် မူခဲ့ရသော အသက်စည်းစိမ်များနှင့် နှိုင်းစာလျှင် ဗုဒ္ဓရှင်တော်မြတ် ပရိနိဗ္ဗာန် စံတော်မူပြီး၍ အနှစ် ၂ ထောင့် ၄ ရာကျော်မျှသာ ရှိသေးသော အချိန်အခါ၌ သာသနာတော် ဤမျှလောက် ဆုတ်ယုတ် ထိုက် သေးပါ၊ ထို့ကြောင့် ယခုအခါ ဗုဒ္ဓသားတောင်း ရဟန်းတော် အပေါင်းသည် မိမိတို့မျက်မှောက်၌ နိမ့်ကျနေသော သာသနာတော် ကို ( ဘယ်လို အရာမျိုးမှာ နိမ့်ကျနေသည် , ဘာကြောင့် နိမ့်ကျရ လေသည်, ဘယ်လို မြှင့်တင်သင့်သည် - ဟု စဉ်းစားစိစစ်ကြကာ) သာသနာမြှင့်ဘို့ အချိန်အခါရောက်နေပါပြီ။

ဇေကာသလအိပ်မက်။ ။ကားသစ်များကိုလ , ဆိတ်ဘားကို့ ကုန်ချေ ပြီ၊.... ဆိတ်ကုံမြင်, သစ်တွေပုန်းတယ် . ထုံးနှင့်မညီ၊... သု လဓ္ဓိ ဥဿီတို့ နှပ်နင်း၊....သီလဝန် အရှင်မြတ်တို့, ဥဿီကို့ အမြင်ကပ်လို့ , တောရပ်သို့ချဉ်း။

× × × × × ×

## တတိယ သံဂါယနာတင်ခန်း

**မဟာထေရ်များ၏ အမြော်အမြင်** ဒုတိယ သံဂါယနာတင်တော်မူကြပြီးသည့် အခါ မဟာထေရ်တို့သည် "နောက်နောင် အခါဝယ် သာသနာတော်၌ ယခုလို ဘေး အန္တရာယ်များ ဖြစ်ဘွယ် ရှိသေးသလား" ဟု စဉ်းစားတော်မူကြ သောလျှင် နောင် နှစ်ပေါင်း တရာ့ တဆဲ့ ရှစ်နှစ်မြောက်ဝယ် ဓမ္မာ သောက မဟာရာဇာ၏လက်ထက်၌ ဘေးရန်အန္တရာယ် ဖြစ်ဘွယ် ရှိကြောင်းကို မြင်တော်မူရ၍ ထိုအချိန်မှာ မိမိတို့ မရှိကြတော့ ကြောင်းကိုလည်း သိတော်မူရကား ထိုအခါ၌ သာသနာပြုနိုင်မည့် ပုဂ္ဂိုလ်ကို လူ့ပြည် နတ်ပြည်မှာ ရှာသော်လည်း မတွေ့ကြဘဲ ဗြဟ္မာ့ ပြည်၌ "တိဿ" မည်သော အသက်ကုန်ခါနီး၍ အထက်ဗြဟ္မာ့ ပြည်သို့ ဆက်လက် ဖြစ်ဘို့ရန် ကုသိုလ်ဈာန်လည်း ရှိနေသော ဗြဟ္မာမင်းကြီးကို တွေ့ကြ၍ သာသနာပြုရေး အတွက်ကြောင့် အထက်သို့ မဖြစ်ဘဲ လူ့ပြည်၌ ဖြစ်ဘို့ရန် တောင်းပန်တော်မူကြ လေသည်၊ ဗြဟ္မာမင်းလည်း "ငါသည် သာသနာတော်၌ ဖြစ်ပေါ် မည့် ဘေးရန်ကို နှိပ်နင်း၍ သာသနာတော်ကို ချီးမြှောက်နိုင်မည့် သူပါတကား" ဟု လွန်စွာ အားတက်လျက် ရဟန္တာ အရှင် မြတ်ကြီးတို့၏ တောင်းပန်ချက်ကို ဦးထိပ်ရွက် ပန်ဆင်ကာ အချိန် အခါ ရောက်လေသော် မောဂ္ဂလိဗြာဟ္မဏ၏ အိမ်၌ ပဋိသန္ဓေ တည်လာလေသည်၊ ထို ရဟန္တာ အရှင်မြတ်တို့လည်း (၎ ထိုစဉ် အခါ ရဟန်းငယ် များသာဖြစ်၍ သံဂါယနာတင်ကိစ္စ၌ မပါနိုင်ကြ သေးသော ပိဋကတ်သုံးပုံဆောင် ရဟန္တာများလည်း ဖြစ်ပြီး မသော)အရှင် သိဂ္ဂဝ, အရှင်စဏ္ဍဝဇ္ဇီထေရ် ၂ ပါးတွင် တပါးက

မောဂ္ဂလိ ပြာဟ္မဏာအိမ်မှ သတို့သားကို ရဟန်းဖြစ်အောင် သွေး ဆောင်ရစ်ရမည်, တပါးက ပိဋကတော်ကို သင်ပေးရစ်ရမည်”ဟု အမိန့်ပေးကာ အနာဂတ် သာသနာရေးကို ရှက်ဆောင်တော် မူပြီးမှ ပရိနိဗ္ဗာန် စံဝင်တော်မူကြလေသည်။ [မှတ်ချက်—ဤနေရာ ဝယ် ရှေးရှေး သာသနာ့ဝန်ဆောင် ထိပ်ခေါင်တင် ပေါ်ဟန္တာကြီး များ၏ သာသနာတော်အတွက် ကြိုးစားတော် မူချက်ကို ယခုခေတ် ပုဂ္ဂိုလ်များ လေးလေးနက်နက် စဉ်းစားသင့်ကြပေသည်။]

**အရှင် မောဂ္ဂလိပုတ္တတိဿ**

မောဂ္ဂလိပြာဟ္မဏာ၏သားတော် ဖြစ်သော ကြောင့် “ မောဂ္ဂလိပုတ္တ ” ဟု ထင်ရှား၍ တိဿမြဟ္မာမင်း ဖြစ်ခဲ့ရဘူးသောကြောင့် “မောဂ္ဂလိပုတ္တတိဿ ” ဟု ထင်ရှားသော ရဟန္တာ အရှင်မြတ် အလောင်းအလျာ သတို့သားသည် ၁၆ နှစ်အရွယ် ရောက်သည့် အခါ ဝေဒကျမ်းများ၌ ကျွမ်းကျင် တတ်မြောက်လေပြီ၊ အရှင် သိဂ္ဂဝထေရ်သည်လည်း ထို သတို့သား ပဋိသန္ဓေနေသည်မှ စ၍ ထိုအိမ်၌ ဆွမ်းခံဝင်လေရာ ၇ နှစ်လုံးလုံး ကတော့ဆွမ်းမျှ မရဘူး ချေ၊ သို့သော် မိမိရည်ရွယ်ချက်အား လျော့စွာ ရပ်မြဲ ရပ်လေရာ, ၇ နှစ်လောက်ကြာမှ(သူတို့ဘာသာဖြင့် “ အတိစ္ဆထ ” မြန်မာလို “ကတော့ဆွမ်း ” ဟူသော စကားကို ရလေ၏၊ ထို့နောက် ဆွမ်း အနည်းငယ် လောင်းရာမှ ဇုန္ဒြေရပုံ ကြည်ညိုလာသဖြင့် နေ့တိုင်း ဆွမ်းဘုဉ်းပေးရလေရာ, ထို သတို့သား ၁၆ နှစ်အရွယ်ရောက်သည့် အခါ ပြဿနာ မေးမြန်း၍ သတို့သားမဖြေဆိုနိုင်ရကား ထိုပညာရပ် ကို တတ်သိလိုသော ဆန္ဒဖြင့် ရဟန်းပြုသွားလေသော် သိဂ္ဂဝ ဆရာ တော်သည် “ ကေသာ လောမာ ” စသော ကမ္မဋ္ဌာန်းကို စီးဖြန်း

စေကာ မကြာခင် သောတာပန် ဖြစ်စေလေသည်၊ ထို့နောက် စဏ္ဍဝဇ္ဇီ ဆရာတော်အထံ၌ ပိဋကကို သင်စေလေရာ ရဟန်းဖြစ်ပြီးစ အသက် ၂၀ အရွယ်မျှဖြင့်ပင် ပိဋကအားလုံးကို တတ်မြောက်သော ရဟန္တာဖြစ်၍ များစွာသော ပရိသတ်အား ပိဋကပို့ချလျက် သာသနာ့တာဝန်ကို ဆောင်ရွက်နေတော်မူလေသည်။

**ဓမ္မာသောကမင်း**

သာသနာ့ဝံသ( သာသနာ့ အဆက် အနွယ်) ရေးသူတိုင်း ဓမ္မာသောက မဟာရာဇာကို ချန်လှပ်၍ မဖြစ်နိုင်ချေ၊ အရှင် မဟာကဿပနှင့် အဇာတသတ် မဟာရာဇာတို့ မုဒ္ဓမြတ်စွာ ဓာတ်တော်ကို စုဆောင်း၍ ရာဇဂြိုဟ်မြို့ အနီးဝယ် ဌာပနာစဉ်ကပင် အသောက မဟာရာဇာ၏ သာသနာ ပြုရစ်မည့် အကြောင်းကို အရှင်မဟာကဿပ ဗျာဒိတ်ပေးတော် မူခဲ့၏၊ အသောက၏ ခမည်းတော် ဖြစ်သော ဗိန္ဒုသာရ မဟာရာဇာသည် ခမည်းတော် စန္ဒဂုတ္တ မဟာရာဇာ လက်ထက်မှ စ၍ ပြဟ္မဏာပေါင်း ခြောက်သောင်းလောက်ကို နန်းတော်၌ အမြဲ ထမင်းကျွေးလေ၏။ (အဘယ့်ကြောင့်နည်း,...စန္ဒမည်သော ပြဟ္မဏာ၏ နည်းပေးလမ်းပြမှုကြောင့် ကောရာဇ်နိုင်ငံ အဖြစ်ကို ရခဲ့သည့် အတွက် ပြဟ္မဏာတို့ကို ကျေးဇူးဆပ်လိုသောကြောင့်တည်း၊) အသောကမဟာရာဇာလည်း ထိုဘိုးတော် ခမည်းတော်တို့ ဝတ်ပြုမြဲအတိုင်း ဝတ်ပြုခဲ့ရ၏ တနေ့သ၌ လေသာနန်းတံခါးမှ ထိုပြဟ္မဏာတို့ စားသောက်ပုံကို ဂရုစိုက်၍ ကြည့်လိုက်မိရာ ရာဇသွမ်းမဲ့စွာ စားသောက်နေကြပုံကို မြင်ရသဖြင့် "ဤမျှလောက် များပြားသော အလှူကို စဉ်းစားနှိုင်းချိန်၍ လှူသင့်ရာဌာန၌ လှူမှသင့်လျော်မည်" ဟု စဉ်းစားမိလေသည်။

နိဂြောဓ သာမဏေ

ထိုသို့ မကြာခဏ စဉ်းစားမိနေရာ တနေ့သော အခါ ဝယ် နန်းတော် မြေသမ်း၌ သွားလာ နေသော လူ အများတွင် စက္ခုဣန္ဒြေချုပ်လျက် ဦးခေါင်းလက်တို့ မလှုပ်မလှုပ် ငြိမ်သက်စွာ ကြွသွားနေသော ကိုရင်တပါးကို နန်းတော်ပေါ်မှ လှမ်းမျှော်ကြည့်မိလေရာ, လွန်စွာ ကြည်ညိုခြင်း ဖြင့် စဉ်းစားသည်မှာ - အခြားလူတွေ သွားလာကြပုံမှာ မငြိမ် မသက် ဣန္ဒြေမရရှိလှ၏၊ ဤသာမဏေ၏ သွားပုံသည် ငြိမ်သက် တည်ကြည်လှပေ၏၊ သူ့သန္တာန်မှာ ထူးခြားသော တရားရှိပေ လိမ့်မည်၊ ဤသို့ ကြည့်ရင်း ကြည့်ရင်း စဉ်းစားမိ၍ စဉ်းစားရင်း စဉ်းစားရင်းလည်း လွန်မင်းစွာ ချစ်ခင် ကြည်ညိုလာရကား အနီး အပါး၌ ရှိသော အမတ်များကို အမြန်သွား၍ အပင့်ခိုင်း, ခိုင်းပြီး မကြာခင် နေ့သည် ဟု ထင်သောကြောင့် “ မြန်မြန် ကြွခဲ့ပါ ”ဟု မှာလျက် ၂ ခါ ၃ ခါ ထပ်ကာ လွှတ်၍ ဇွတ်အရွတ်ကြီး ကြည်ညို လေသည်၊ သို့သော် သာမဏေကား ( မလျင်မမြန် ) မှန်မှန်သွား လျက် နန်းတော်ပေါ် တက်မိသည့်အခါ “သင့်တော်သော နေရာမှာ ထိုင်ပါ ”ဟု (စုံစမ်းသော သဘောဖြင့်) လျှောက်ထားလျှင် အခြား ဘုန်းတော်များ မရှိကြောင်းကို သိ၍ ရာဇပလ္လင်ပေါ်မှာပင် ထိုင်တော်မူလေသည်။ [ စိတ်နေ စိတ်ထားနှင့် အမျိုးအနွယ် အောက်ကျသူ ဖြစ်လျှင် ဘုရင့်အထက် မြင့်သောနေရာ၌ ထိုင်ဝံ့မည် မဟုတ်။ ]ထို့နောက် ဆွမ်း ကပ်ပြီးသည့်အခါ—

မင်းတရား။ ။ကိုရင်တို့ဘုရား၏ ဩဝါဒကို သိပါရဲ့လား။

ကိုရင်။ ။တချို့တလေ့ကလေးတော့ သိပါရဲ့။

မင်းတရား။ ။ကိုရင်... အဲဒီတရားကို ဟောပြစမ်းပါ။

ကိုရင်။ ။အပ္ပမာဒေါ အမတံ ပဒံ, ပမာဒေါ မစ္စုနော ပဒံ = ထိုထို ကိစ္စ၌ မမေ့တတ်သော သတိသည် မအိုမသေရာ နိဗ္ဗာန် ရောက်ကြောင်း တရားဖြစ်၏၊ မေ့မေ့ လျော့လျော့ ပေါ့ပေါ့ ဆဆ နေရခြင်းကား တသေသေ သေခြင်း၏ အကြောင်း ရင်း ဖြစ်၏။

မင်းတရား။ ။ဤမျှလောက်သော စကားလိုက်လျှင် သဘောကျ၍ တရားဆုံးသည့် အခါ "အမြဲနိစ္စဘတ်ဝတ် အဖြစ်ဖြင့် ဆွမ်းရှစ်အုပ် လှူဒါန်း ပါ၏"ဟု လျှောက်လေသည်။

ကိုရင်။ ။ဤဆွမ်းအုပ်များကို ဥပဇ္ဈာယ်အား လှူပါ၏။

မင်းတရား။ ။ဥပဇ္ဈာယ်ဆိုတာ ဘယ်လိုပုဂ္ဂိုလ်ပါတုန်း။

ကိုရင်။ ။မဟာရာဇာ....အပြစ်ကြီး အပြစ်ငယ် အသွယ်သွယ်ကို (မိဘက ကြည့်ရှု၍ ပြုပြင်ပေးနေသလို) ပြုပြင်ပေးတတ် သော မိဘသဘွယ် ပုဂ္ဂိုလ်ကို "ဥပဇ္ဈာယ် ဆရာ" ဟု ခေါ်ပါတယ်။

မင်းတရား။ ။နောက်ထပ်ပြီး ဆွမ်းရှစ်အုပ် အမြဲလှူပါဦးမည်။

ကိုရင်။ ။မဟာရာဇာ....အဲဒီဆွမ်းတို့ကိုတော့ ဆရာအား လှူပါရဲ့။

မင်းတရား။ ။ဆရာဆိုတာက ဘယ်လိုပုဂ္ဂိုလ်ပါလဲ။

ကိုရင်။ ။အတတ်သင်ပေးတဲ့ ပုဂ္ဂိုလ်ကို ဆရာ (အာစရိယ) လို့ ခေါ်ပါတယ်။

မင်းတရား။ ။ဒါဖြင့်နောက်ထပ် ဆွမ်းရှစ်အုပ် လှူပါဦးမည်။

ကိုရင်။ ။အဲဒီဆွမ်းအုပ်ကိုတော့ သံဃာအား လှူပါရဲ့။

မင်းတရား။ ။သံဃာဆိုတာက ဘယ်လိုပုဂ္ဂိုလ်ပါလဲ။

ကိုရင်။ ။ရဟန်းတော် အစုအဝေးကို "သံဃာ" ခေါ်ပါတယ်၊ ထိုသံဃာတော် အစုအဝေးကို မှီပြီးတော့မှ ဥပဇ္ဈာယ်—အာစရိယတို့ ရဟန်းပြုခဲ့ကြရပါတယ်၊ ကိုရင်လဲဒီသံဃာကို မှီပြီး နောင်ခါ ရဟန်းဖြစ်ရပါမယ်။

မင်းတရား။ ။နေဦးထပ်လဲ ဆွမ်းရှစ်အုပ် လှူဒါန်းပါဦးမည်။ [အားလုံး ဆွမ်းအုပ် ၃၂ အုပ် ရှိလေပြီ။]

သံဃာတော် ၆ သောင်း

သာမဏေသည် "ကောင်းပြီ" ဟု လက်ခံ၍ နက်ဖန်ခါ၌ ၃ ကျိပ် ၂ ပါးသော သံဃာများနှင့် အတူ နန်းတော်သို့ ဆွမ်းဘုဉ်းပေးကြွတော်မူရာ (ဒုနေ့ သိက္ခာမှစ၍ ဗြာဟ္မဏာဘို့ စားသောက်ပုံနှင့် သပိတ်ချင်းကွာခြားလေရကား)နက်ဖန်ခါ၌ နောက်ထပ် ၃ ကျိပ် ၂ ပါးပင့်ခဲ့ပါဦး ဟု လျှောက်ထား၍ ဤနည်းအားဖြင့် နေ့စဉ် ဆထက်ထမ်းပိုး တိုးကာ တိုးကာ နောက်ဆုံးအချိန်မှာ ၆ သောင်းသော ဗြာဟ္မဏာနှင့် ရသေ့ ပရိဗိုဇ်တို့အား ကျွေးနေကျ ဆွမ်းဝတ်ကိုဖြတ်၍ ၆ သောင်းသော ရဟန်းတော်တို့အား နိစ္စဘတ် ဆွမ်းလှူပြီးလျှင် နိဂြောဓသာမဏေ အတွက်ကြောင့် ဗုဒ္ဓဥပါသကာဖြစ်ကာ မတ္တ မဟုတ်ဘဲ, သာသနာတော်ကို အလွန် ယုံကြည်နေသော သာသနာပြု မဟာရာဇာကြီး အဖြစ် ရောက်၍ နောက်မကြာမှီပင် အသောကာရုံ မည်သော ကျောင်းတိုက်ကြီးကို တည်ဆောက် ကိုးကွယ်လေသည်။

နိဂြောဓသာမဏေ၏ဇာတ်မြစ်

အသောက မဟာရာဇာသည် ခမည်းတော် ဗိန္ဒုသာရမင်း နတ်ရွာစံလျှင် စံချင်း ငါကွဲ ဘတူ ဖြစ်သော ညီနောင် ၉ ကျိပ် ၉ ယောက် တို့ကို ရှင်းလင်းလေရာ အကြီးဆုံးသုမနမင်းသား၏ ကြင်ယာတော်

သည့် ကိုယ်ဝန် အရင့်အမာဖြင့် လွှက်ပြေ၊တိမ်းရှောင်ကာ ဖလ္လာလ ရွာဝယ် ကျောလအကြီးအကဲ၏ သမီးအမှတ်ဖြင့် အစောင့်အရှောက်ကို ခံယူနေစဉ် နိဂြောဓသာမဏေ အလောင်းတော် ကလေးကို ဖွားမြင်ရလေသည်၊ ထိုနေ့ခံ ကလေး၏ အသွင်အစကို( ရဟန္တာ ဖြစ်သည့်တိုင်အောင် ) မြင်တော်မူသော မဟာဝရုဏ ရဟန္တာ အရှင်မြတ်ကြီးသည် စောင့်ရှောက်တော်မူ၍ ၇ နှစ် အရွယ်၌ ရှင်သာမဏေ ပြုပေးတော်မူလေသည်၊ ထိုသို့ သာမဏေဖြစ်ပြီး၍ အာတော်ကြာသည့်အခါ မယ်တော်ရှိရာသို့ သွားမည်ဟု ကြံကာ နန်းတော်မြေလမ်းဖြင့် ကြွသွားစဉ် အသောက မဟာရာဇာ မြင်ရလေသည်၊ ထို့ကြောင့် နိဂြောဓသာမဏေ ဟူသည် အသောက မဟာရာဇာ၏ တူတော်အရင်း ဖြစ်သော မင်းမျိုးမင်းနွယ် တပါး ဖြစ်သည် ဟု မှတ်ပါ။

**မှတ်ချက်** ။ ။ အသောက မဟာရာဇာသည် ဗြာဟ္မဏ-ရသေ့တို့ကို ထမင်းကျွေးနေရာ၌ ၎င်းတို့၏ စားသောက်ပုံ ဣန္ဒြေ မရှိခြင်းကို မြင်ရသဖြင့် ကြေချင်စိတ် ကုန်ခမ်းလောက်အောင် သဒ္ဓါတရားပျက်၍၊ နိဂြောဓသာမဏေ၏ ငြိမ်သက်စွာဖြင့် ဣန္ဒြေ စောင့်စည်း၍ သွားနေပုံကို မြင်ရသဖြင့် ကြည်ညိုစိတ် သဒ္ဓါစိတ် ဖြစ်ရ၏၊ သာမဏေ၏ ပဌမဆုံး တရားဟောသည့် ဒါန်၏ အကျိုးတွေကို ပြသော( အလှူခံပုဂ္ဂိုလ်က ကိုယ့်ဘက်ရက်သံ ပါနေသော) တရားမျိုးမဟုတ်ဘဲ,မဟာရာဇာ၏ ကိုယ်ကျင့်ကိုပြသော အပ္ပမာဒ တရားတော်ဖြစ်၏၊ ဤ ၃ ချက်ကို ကောက်ချက် ချလိုက်သည့်အခါ စဉ်းစားဉာဏ် ပါရှိသူတိုင်း ဗုဒ္ဓသာသနာကို မကြည်ညိုဘဲ မနေနိုင် အောင် ဖြစ်လာလောက် ပါပေသည်၊ ထို့ကြောင့် ယခုခေတ်၌

အနာဂတ်သာသနာကိုပြုပြင်လိုသော သာသနာဝင်အရှင်တို့သည် အနေအထိုင် အပြောအဆို အသွားအလာ စားသောက်ပုံမှ စ၍ လူကြီးလူကောင်း ဆိုသူတွေထက်ပင် ဣန္ဒြေရရ သိက္ခာရှိရှိဖြစ်နေအောင် မိမိတို့ ကိုယ်တိုင်ပြုပြင်ဘို့ အရေးမကြီးပါလော၊ ဟောခမ်းပြောခမ်းမှာလည်း(သူတို့လှူချင်လှူ, မလှူချင်နေပေစေ,တော်၍ကားမသေနိုင်)ဒါနခမ်းထက် ကိုယ်ကျင့်ကိုသာ မူရင်းထား၍ ဟောထိုက်သည် မဟုတ်ပါလော၊ ထိုသို့ တမျိုးတဖုံ ပြောင်းလွဲလိုက်ပါလျှင် မကြာခင် အသောကမဟာရာဇာလို စဉ်းစားသော တက်လူတွေက သာသနာကို အထင်ကြီးလာကြရပါလိမ့်မည်၊ ယခုသော် ထိုကဲ့သို့ အထင်ကြီးလောက်သော အကြောင်းများ ချို့ငဲ့နေမှုကြောင့် သာသနာတော်၏ အတွင်းကျကျ ဘုရားဒကာ ကျောင်းဒကာ စသူတို့၏ သားစဉ်မြေးဆက် တက်လူတွေကပင် အထင်သေးနေကြပြီ မဟုတ်ပါလော၊ ဗုဒ္ဓရှင်တော်မြတ်၏ သာသနာ့ဝန်ဆောင်ဘက်က စိတ်အထက်တန်းကျသော အမျိုးသားကောင်း ဟန်းတော် အပေါင်းတို့ စုပေါင်း ညီညာလျက် ကိုယ်ကျင့်ဘက်က တိုးတက်အောင် ကြိုးစားဘို့ အချိန်ရောက်နေပါပြီ။

## အသောကမင်း သာသနာပြုခန်း

အိမ်ရှေ့မင်း ရဟန်းပြု

အသောက မဟာရာဇာ၏ ညီတော်ရင်း ဖြစ်၍ အိမ်ရှေ့မင်းလည်း ဖြစ်သော တိဿ မင်းသားတောကစားထွက်စဉ် သမင်များ၏ မြူးထူးပျော်ပါးကြပုံကို မြင်၍ "အင်း… မြက်စားနေကြရသော သမင်များပင် ယခုလို ပျော်ပျော်ပါးပါး မြူးနေကြသေးလျှင် ဘုရင့်ပွဲတော်စာများ

ကို သုံးဖွားနေကြသော ရဟန်းတော်တွေကား အဘယ်မှာ မမြူးဘဲ နေနိုင်ကြမည်နည်း”ဟု အတွေးပေါ်ကာ သူ၏ နောင်တော် မဟာရာဇာကိုပြောပြမိလေသည်၊ မဟာရာဇာလည်း ထိုစကားကို ကြားရလျှင် အကျိုးအကြောင်းကို မစိစစ် မပြောပြသေးဘဲ“တနေ့ကျမှ သူ့ကို နားလည်အောင် ပြရတော့မည်”ဟု ကြံစီကာ အတော်ကြာသော် အကြောင်း တခုကို ရှာ၍ ဝိတ်ဆိုးဟန် ဆောင်ပြီး “ မင်းသား.... တိုင်းပြည်ကို လက်ခံ၍ ၇ ရက်မျှ စံစားပေတော့၊ ၇ ရက်လွန်သည့် အခါ သင့်ကို သတ်မည် ”ဟု အာဏာပေးကာ တိုင်းပြည်ကို လွှဲအပ်လိုက်လေသည်၊ မင်းသားကား တိုင်းပြည်ကို ရသော်လည်း(သေရမည့် အရေးကို တွေးကာ)စံစားချင်စိတ် မပေါ်လာဘူး, မအိပ်နိုင် မှိုင်၍သာ နေရှာလေတော့၏၊ ထိုအနေကို မြင်ရသော မဟာရာဇာသည် ညီတော်ကို ခေါ်ပြီးလျှင်“ဟဲ့တိဿ....၇ ရက်ကြာလျှင် သေရမည်ဟု ထင်နေရုံမျှဖြင့် သင့်ကိုယ်တိုင် မပျော်နိုင်ပုံကို စဉ်းစား ကြည့်လော့,ရဟန်းတော်များကား ရှုရင်းရှိက်ရင်း သေရခြင်းနှင့် ဆက်သွယ်နေပုံကို အမြဲဆင်ခြင်နေကြရကား အဘယ်မှာ ပျော်ပါး နိုင်တော့မလဲ ” ဟု မိန့်တော်မူမှ “ ဪ.... ရဟန်းတော်များ ဆိုတာ ဒီလိုပါတကား ”ဟု သဘောကျ၍ သာသနာတော်ကို ကြည်ညိုကာ, နောင်တခါ တောလည်အသွားတွင် ရဟန္တာတပါး ၏ တန်ခိုးကို မြင်ရပြန်သဖြင့် ချက်ခြင်း ရဟန်းပြုချင်စိတ် ပေါ်ကာ ပြန်လာ၍ မဟာရာဇာ့ထံ ခွင့်ပန်ပြီးလျှင် သူ ဖူးမြင်ခဲ့ရသော အရှင် မဟာဓမ္မရက္ခိတ ရဟန္တာအရှင်မြတ် အထံ၌ ရဟန်းပြုလေသည်၊ ထိုအခါ မဟာရာဇာ၏ နှမတော်သား လည်း ဖြစ်၍ သမီးတော်သံဃမိတ္တာ၏ ကြင်ဘက် ( သားမက်တော် ) လည်း ဖြစ်သော အဂ္ဂိဗြဟ္မ

မင်းသားနှင့်တကွ အိမ်ရှေ့မင်းကို အားကျ၍ ရဟန်းပြုသူတွေကား မရေတွက်နိုင်အောင် များမြောင်သတဲ့။

**ရှစ်သောင်းလေးထောင် ကျောင်း-စေတီ**

ထို အသောက မဟာ ရာဇာသည် "ဓမ္မက္ခန္ဓာတော်ပေါင်း ရှစ်သောင်း ၄ ထောင် ရှိသည်" ဟု ကြားသိရ၍ ဓမ္မက္ခန္ဓာတပါးလျှင် ကျောင်းတိုက် တတိုက်ကျ ပူဇော်လိုသော ဆန္ဒဖြင့် ၉၆ ကုဋေမျှသော ဥစ္စာကိုစွန့်၍ တမြို့လျှင် ( ရွာကြီးများလည်း ပါပေလိမ့်မည် ) တကျောင်း တည်ဆောက်ဘို့ရန် အမတ်တို့ကို စေခိုင်းလေသည်၊ ထိုအမတ်များလည်း အသောက မဟာရာဇာ၏ စိုးပိုင်ရာ ဒေသတိုင်း၌ ကျောင်းတိုက်များ တည်ကြလေရာ ကျောင်းနှင့်တကွ စေတီတော်ပါ အပြီးအစီး တည်ထားကြလေသည်၊ ထို့ကြောင့် မဟာရာဇာ၏ ကုသိုလ်တော်များကို ကျောင်းတိုက်နှင့် စေတီတော်ပေါင်း ရှစ်သောင်း လေးထောင်စီ ရှိသည် ဟု ပြောစမှတ်ပြုကြသည်။

**သားတော်-သမီးတော် သာသနာဝင်ခဏ်း**

ထို ကျောင်းတိုက်များကို လှူဒါန်းပူဇော် ( ရေစက်ချ )ရာ နေ့၌ကား မဟာရာဇာသည် အလွန် အမင်း ဝမ်းမြောက်ရကား "ဗုဒ္ဓရှင်တော်မြတ်၏ သာသနာတော်ဝယ် အဘယ်သူ၏ စွန့်ကြဲလှူဒါန်းမှုသည် အကြီးကျယ်ဆုံး ဖြစ်ပါသနည်း" ဟု မေးလျှောက်လေရာ အရှင်မောဂ္ဂလိပုတ္တတိဿထေရ်က မိန့်တော်မူသည်မှာ:—

မ ထင်ရ၊ ။မဟာရာဇာ....ပစ္စည်းလေးပါး လှူဒါန်းရေး၌ ဒကာတော်နှင့် တူသူသည် ဗုဒ္ဓမြတ်စွာ လက်ထက်တော်တုန်းက

ပင် မရှိခဲ့ပါ၊ ဒကာတော်၏ စွန့်ကြဲမှုသာ အကြီးကျယ်ဆုံး ဖြစ်ပါပေသည်။

မဟာရာဇာ။ ။(ထို စကားကို ကြားရလျှင် အလွန့် အလွန် နှစ်သက် ရွှင်ပျ၍) "ဒီလိုဖြစ်လျှင် ဒကာတော်သည် သာသနဒါယာဒ (သာသနာအတွင်းသား=သာသနာ့ဆွေတော် မျိုးတော်)ဖြစ်ပြီ မဟုတ်ပါလား"။

မထေရ်။ ။(ထိုစကားကို ကြားရလျှင် မဟိန္ဒမင်းသားကို သတိ ထားတော်မူမိ၏၊ သာသနာတော်၌ ဤ မင်းသား ရောက် လာလျှင် သာသနာတော် အလွန် တိုးတက် လာမည်ကို လည်း မြင်တော်မူ၏၊ ထို့ကြောင့် အမှန်လည်းကျ စကားသုံးလည်း လှလှလေးအောင် ) မဟာရာဇာ....မြေပြင်မှ အထက် ဘဝဂ်ဘုံအောင် ပစ္စည်းပုံကြီးကို လှူဒါန်းသော် လည်း "သာသနာ့ ဒါယာဒ ( သာသနာ့ ဆွေတော် မျိုး တော်)"ဟု မခေါ်နိုင်သေး၊ "ပစ္စယဒါယက" ဟုသာ ခေါ်နိုင်သည်၊ ဆင်းရဲချမ်းသာမဟူ မည်သူမဆို မိမိရင်သွေး ကိုသာသနာတွင်းသို့ သွင်းမိုချီးမြှင့်သူသာ လျှင် သာသနာ နှင့်သွေးစပ်၍ "သာသနဒါယာဒ" ဟု ဆိုအပ်ပေသည်။ [ သားက သာသနာဝင် ဖြစ်သောကြောင့် မိဘလည်း သာသနာနှင့် သွေးစပ်၍ သာသနာ့ဒါယာဒ (သာသနာ့ ဆွေတော်မျိုးတော်)ဖြစ်ရသည် ဟူလို။]

မဟာရာဇာ။ ။ထိုအခါ သာသနာ့ဒါယာဒ အဖြစ်ကို လွန်စွာ လိုလားနေသော မဟာရာဇာသည် အိမ်ရှေ့ ရာထူးကို

ပေးအပ်ဘို့ရန် ရည်မှန်းထားသော မဟိန္ဒမင်းသားကို ( အိမ်ရှေ့ ရာထူးထက် ရဟန်းအဖြစ်ကပင် သာလွန်၍ မြတ်သေး၏ ဟု အကြံဖြစ်ကာ ) "ချစ်သား…ရဟန်းပြုနိုင်ပါမလား" ဟု မေးလေသည်။

မင်းသား။ ။ ( ထိုအချိန်မှာ သာသနာတော် ဂုဏ်တက်ချိန်ဖြစ်သောကြောင့် ရဟန်းပြုရခြင်းကို အထင်မသေးသော ခေတ်ဖြစ်ရကား ဘတွေးတော် အိမ်ရှေ့မင်းရဟန်းပြုတုန်းကပင် အားကျနေသော မင်းသားက) "ပြုနိုင်ပါသည်" ဟု သံတော်ဦး တင်လေသည်။

မဟာရာဇာ။ ။ ( သမီးတော်ဘက်သို့ လှည့်၍ ) " ချစ်သမီးကော ဘိက္ခုနီ မဖြစ်ချင်ဘူးလား " ဟု မေးကာ " ဖြစ်ချင်ပါကြောင်း" လျှောက်သဖြင့် သားတော် သမီးတော် ၂ ပါးလုံးကိုပင် သာသနာတွင်းသို့ သွင်းပို့ ချီးမြှောက်တော်မူလေသည်။

တိတ္ထိများ သာသနာဝင်လာပုံ

သာသနာဘောင်ဝင် အရှင်မြတ်တို့ဘက်၌ တန်ခိုးဇုဒ္ဓိပါဒ်နှင့် ပြည့်စုံသော ရဟန္တာ ပုဂ္ဂိုလ် အများအပြား ရှိ၍ အရှင် မဟိန္ဒကဲ့သို့သော အထက်တန်း အမျိုးကောင်းသား များလည်း ဗုဒ္ဓသာသနာ့ဝန်ကို ထမ်းနေကြရုံမက, မဟာရာဇာ့ ကိုယ်တိုင်ပင် အမြတ်တနိုး ကိုးကွယ်ကာ မဟာရာဇာ၏ အာဏာပြန့်နှံ့ရာ အရပ်တိုင်းဝယ် ဗုဒ္ဓဘုရားဒေတာ်မှ ပူဇော်တော်ကြောင်းများနှင့်သက်ဆိုင်သော တရားဒေတာ်များကို ရေးသား၍ ကျောက်တိုင် စိုက်ထူလျက် လူအများ

ပင် တရားတော်ကို ယုံကြည်သက်ဝင်လာအောင် ကြိုးစားမနေသော
အခါဝယ် ဗုဒ္ဓသာသနာတော်၌ ပစ္စည်း ၄ ပါး ပေါများပြည့်စုံ
သလောက် ရသေ့ တိတ္ထိတို့မှာ ပစ္စည်း ၄ ပါး ရှားပါးလေရကား
များစွာသော ရသေ့ တိတ္ထိတို့သည် အစားအသောက် အနေအထိုင်
ကြပ်တည်းမှုကြောင့် သာသနာတွင်းသို့ တိတ်တိတ်ပုန်း ဝင်ရောက်
လာကြပြီးလျှင် သံဃာစစ်များနှင့် ရောနှောနေထိုင်ကာ တချို့ကမူ
မိမိတို့ယူမြဲ မိစ္ဆာအယူကိုယူကြခြင်းဖြင့် သာသနာတော် မသန့်ရှင်း
ဘဲ ဖြစ်ခဲ့လေသော် ရဟန်းစစ် ရဟန်းမှန်တို့သည် သူတို့နှင့် အတူ
သံဃာ့ကံများကို မပြုနိုင်ကြသောကြောင့် အသောကာရုံ တိုက်၌
၇ နှစ် ကိုင်တိုင် ဥပုသ်ပြုကိစ္စ ရပ်စဲခဲ့သတဲ့။

**တတိယ သံဂါယနာတင်ရပုံ**

ထိုအချိန်မှာ အရှင်မောဂ္ဂလိပုတ္တတိဿထေရ်
လည်း အဓိကရုဏ်းကြီးကျယ်မည့် အရေးကို
မြင်၍ ( ထိုသူတို့နှင့် နီးကပ်စွာနေလျှင် နောင်
အဆုံးဖြတ်ပေးသည့်အခါ အလေးမပြုမည် စိုးသောကြောင့်)ဂိုဏ်း
သံဃာကို မဟိန္ဒရဟန်းတော်အားလွှဲအပ်၍ အဟောဂင်္ဂါတောင်
သို့ ကြွရောက်သီတင်းသုံးတော်မူလေသည်၊ ထို့နောင် အဓိကရုဏ်း
ကြီးသည်ထက် ကြီးလာသည့်အခါ မဟာရာဇာမင်းသည် အရှင်
မောဂ္ဂလိပုတ္တတိဿကို ပင့်ယူ၍ ထိုထေရ်၏ အထံ၌ ဗုဒ္ဓအယူဝါဒ
အစစ် အမှန်ကို သင်ယူလေ့လာပြီးမှ ရဟန်းစစ် ရဟန်းမှန်ကို
ရွေးချယ်ဘို့ရန် အယူဝါဒ တူမျှသူတွေကို တသန့်စီထား၍ ဗုဒ္ဓအယူ
ကို ကျနစွာ မပြောနိုင်သူအားလုံးကို လူဝတ် လဲစေလေသည်၊
ထို့နောက် သန့်ရှင်းသောသာသနာဖြစ်သည့်အခါ အရှင်မောဂ္ဂလိ
ပုတ္တတိဿ မဟာထေရ်သည် သံဃပရိသတ်အလယ်၌ အယူဝါဒ

အမျိုးမျိုးကို ရှင်းပြသော ကကာဝတ္တုကျမ်းကို ဟောတော်မူ၍ တန်ခိုးဣဒ္ဓိပါဒ်နှင့်ပြည့်စုံသော ရဟန္တာကယောင်ကို ရွေးချယ်ကာ တတိယအကြိမ် သံဂါယနာတင်ပြန်လေသည်။

**မှတ်ချက်။** ။ အသောကမဟာရာဇာ၏ ချီးမြှောက် ထောက်ပံ့မှုကြောင့် သာသနာတော်၌ ပစ္စည်းလေးပါး ပေါများလာသည့်အခါ အစားအနေသာက် ကြပ်သော တိတ္ထိတစုတို့ သာသနာ၌ အချောင်ဝင်လာကြပုံကို ထောက်၍ မည်သည့် သာသနာဆို ပစ္စည်းပေါများလွန်းလျှင် အချောင်သမားများ ဝင်ရောက်လာတတ်သည်မှာ မမှတာ တခုဟု မှတ်။ ထို တိတ္ထိများကြောင့်ပင် သာသနာတော် ကစဉ့်ကရဲ ဖြစ်ရသကဲ့သို့ ထို့အတူ အချောင်သမား ပေါများသော နေရာလည်း ကစဉ့်ကရဲဖြစ်ရမည်မှာ မမှတာပင်တည်း။ ထို့ကြောင့် သာသနာပြုသည့်ပုဂ္ဂိုလ်တို့သည် မိမိတို့သာသနာ၌ ပစ္စည်းလေးပါးဘက်က ဆင်းရဲနွမ်းပါး၍ အလုပ် - လုပ်ဘို့ အင်အားမရှိလောက်အောင် ရှားပါးခြင်းလည်း မဖြစ်စေသင့်, ပစ္စည်းလေးပါး အသုံးအဆောင် အခမ်းအနားတို့ဖြင့် အချောင်သမားတို့ ခိုဝင်လာချင်လောက်အောင်လည်း မပေါများစေသင့်။ " မတ္တိမပဋိပဒါ"ဟူသော စကားကို ဤနေရာမျိုး၌လည်း အသုံးပြုကာ အလုပ်-လုပ်နိုင်လောက်အောင် မရှိမရှား အလယ်အလတ်စား သာလျှင် ဖြစ်စေသင့်ကြပေသည်။

**သာသနာပြုလွှတ်ခန်း။** တတိယ သံဂါယနာတင်ပြီးနောက် အရှင်မောဂ္ဂလိပုတ္တ ထေရ်သည် နောင်နောင်အခါ သာသနာတည်ရစ်မည့် ဌာနကို စဉ်းစားတော်မူလေသော် ဇမ္ဗူဒီယ

နယ်ခွန် နယ်ဖျားနှင့် သီဟိုဠ်ကျွန်းစသော ဒေသတို့၌ တည်ရစ်လိမ့်မည်ကို မြင်တော်မူ၍ ကသ္မီရ ဂန္ဓာရတိုင်းစသော ၉ တိုင်း ၉ ဌာနသို့ သံဃာတော်များကို သာသနာပြု စေလွှတ်တော်မူလေရာ, အရှင်မဟိန္ဒထေရ် အမှူးရှိသော သံဃာတော်များကို သီဟိုဠ်ကျွန်းသို့ စေလွှတ်တော်မူသည်၊ ထို သီဟိုဠ်ကျွန်း၌ကား ဒေဝါနံ ပိယတိဿ မဟာရာဇာသည် အသောကမဟာရာဇာနှင့် အပြန်အလှန် မဟာမိတ်ဖြစ်ရကား အသောက မဟာရာဇာ၏ ရင်သွေးတော် အရှင်မဟိန္ဒထေရ်ကို စေလွှတ်တော်မူခြင်းမှာ သာသနာတော် စည်းကားဘို့ရန် အားကြီးသော အခြေခံဖြစ်ပါပေသည်၊ ထိုမဟိန္ဒထေရ်နှင့် နှမတော် သံဃမိတ္တာဘိက္ခုနီတို့၏ အစွမ်း အရှိန်ကြောင့်ပင် သီဟိုဠ်ကျွန်း သာသနာသည် အခြေခိုင်မြဲစွာ တည်တန့်လျက် ရှိခဲ့ရသည့်ပြင် နောက်နောင် ဇမ္ဗူဒီပ၌ သာသနာဆုတ်ယုတ်လာသည့်အခါ ဇမ္ဗူဒီပမှ သာသနာ့ဝန်ဆောင် ထိပ်ခေါင်တင်တို့သည် သီဟိုဠ်ကျွန်းကို အခြေခံဌာနလုပ်၍ ပေထက် အက္ခရာတင်ကိစ္စကို ရွက်ဆောင်တော်မူကြရပေသည်။

## ဒုဋ္ဌဂါမဏိမင်းအကြောင်း

စစ်ရှုံးစဉ်လည်း ဒါနကိုမမေ့

မဟာဝင်၌ တွေ့ရသော သီဟိုဠ်မဟာရာဇာတို့တွင် ဒုဋ္ဌဂါမဏိမဟာရာဇာ၏ သာသနာကြည်ညိုပုံသည် ဗုဒ္ဓဘာသာဝင်တို့ စိတ်ကို အားအရစေဆုံး အနှစ်သက်စေဆုံး ဖြစ်၏၊ ထို မဟာရာဇာသည် ညီတော်တိဿနှင့် စစ်ဖြစ်၍ စစ်ရှုံးသဖြင့် မြင်းတစီးအမတ်တယောက်မျှဖြင့် တိမ်းရှောင်နေရာ တောထည်းမှာပင် လွန်စွာဆာလောင်

နေစဉ် အပတ်၏ ပွဲတော်တယောက်စာကို ( မြင်း , အမတ်, မိမိတို့ အပြင် လူတို့ပါ)၄ ဘို့ခွဲ၍ အလှူခံပုဂ္ဂိုလ်ကို ကြွေးကြော်လျှံထား သေး၏၊ အလှူခံပုဂ္ဂိုလ်လည်း ဒိဗ္ဗသောတ အဘိညာဉ်ဖြင့် ကြား၍ ကြွရောက်လာသဖြင့် မိမိတို့ဘို့မှန်းထားသော အဘို့ကိုပါ အားလုံးပင် လှူလိုက်ကြလေသည်၊ နတ်ရွာ တေခါနီး၌ကား မိမိ၏ အလှူတော် စာရင်းကိုဘတ်စေရာဝယ် အခြားသော စေတီတော်ကြီး ကျောင်း တော်ကြီးများ အလှူထက် ဤအလှူကို သာ၍ နှစ်သက်တော်မူလေ သတဲ့။

**စစ်တိုက်ရာ၌ ရဟန်းများကို ပင့်သွားပုံ**

ညီတော်ကို ဘဖန်ပြန်၍ စစ်အောင်မြင် သည့်အခါ စစ်ဗိုလ်ကြီး ( သူရဲကောင်း) တကျိပ်ကို အမှူးထား၍ များစွာသော စစ်တပ်ဖြင့် ဂင်္ဂါဘက်သို့ ကူး၍ ကျေးမင်းများကို နှိပ်နင်းသော ကြောင့် သံဃာများထံ လျှောက်သည်မှာ “ ဒကာတော်သည် သာသနာတော်ကို ပြုစုခြင်းငှါ ဂင်္ဂါမြစ်တဘက်သို့ သွားရပါဦး မည်၊ ရဟန်းတော်များကို ဖူးမြင်နေရခြင်းသည် ဒကာတော် အတွက်မှာ မြတ်သောမင်္ဂလာ ဖြစ်သည်၊ သို့ဖြစ်ပါ၍ ရဟန်းတော် များကိုလည်း မပြတ်ဖူးမြင်ရ-ဒါနကိုလည်းပြုရအောင် ဒကာတော် များကို ပင့်သွားလိုပါသည် ” ဤသို့ လျှောက်ပြီးသော ပျိုမြစ်သော ရဟန်းတော် ၅ ရာကို စစ်မြေပြင်သို့ ပင့်ဆောင်သွားလေသည်။

မဟာရာဇဝင်၏ အလိုအားဖြင့် “ ဖူးမြင်ဘို့ရန်နှင့် ဒါနပြုဘို့ရန် ပင့်သွားသည်”ဟု ဆိုရသော်လည်း ထိုရဟန်းတော်များ အတွက် ဝိနည်းတော်နှင့် သင့်လျော်မည့်နေရာဝယ် “စစ်သားတို့ စည်းကမ်း မပျက်အောင်, သိမ်းပိုက်မိသော နယ်သူနယ်သားများကို သနား

ညှာတာ၍ နှိပ်စက်မှု - မိန်းမများကို စော်ကားမှု မပြုရအောင်” စသည်ဖြင့် ဩဝါဒ ပေးနိုင်သော အကျိုးများလည်း ရနိုင်ပေသေးသည်။]

**နတ်ရွာစံခါနီး အဘယထေရ်သတိရပုံ**

စစ်ကိစ္စအားလုံး ပြီးဆုံးသွားသည့် အခါ သူရဲကောင်း စစ်ဗိုလ်ကြီးများ တို့တွင် အဘယ ဗိုလ်မှူးသည် ချီးမြှောက်တော်မူသော စည်းစိမ်ကို မခံယူဘဲ “ ကိလေသာ ရန်သူပုန်ကို နှိပ်နင်းဘို့ ကိစ္စ ရှိပါသေးသည်”ဟု သံတော်ဦးတင်ကာ ရဟန်းပြုပြီးနောက် ရဟန္တာ ဖြစ်လေသည်၊ မဟာရာဇာကြီး မခံမကျန်း ရှိတော်မူသည့်အခါ ရဟန်းတော်များစွာ ကြွလာ၍ တရားတော်မြတ်ကို ရွတ်ဆိုကြလေ၏၊ ထို သံဃာ့ပရိသတ်၌ အဘယထေရ်ကို မမြင်သောကြောင့် “ အဘယ သူရဲကောင်းကြီးသည် ကျေးမင်းတို့နှင့် ၂၂ ကြိမ်တိုင်တိုင် စစ်ထိုးရာ၌ ငါ့ရှုံးမည်ကို မြင်၍ ငါ့အထံမှာ ရဲဘော်လုပ်လာခဲ့ပေသည်၊ ယခု သေမင်းနှင့် စစ်ထိုးရာ၌ကား ငါရှုံးတော့မည်ကို မြင်သောကြောင့် ငါ့အနားသို့ မလာတော့ပြီ ”ဟု အဘယထေရ်ကို သတိရတော်မူရှာလေသည်၊ ထိုအကြံကို အဘယထေရ် သိတော်မူ၍ ရဟန္တာ ငါးရာနှင့်အတူ ကြွလာတော်မူလေသော် လွန်စွာ အားရတော်မူသဖြင့် အနီး မျောက်အောင် ပင့်ဆောင်စေပြီးကာ - “ ရှေးအခါက သူရဲကောင်းတကျိပ် ဖြစ်ကြသော အရှင်မြတ်တို့နှင့် အတူ စစ်တိုက်၍ ဒကာတော် ဘက်က စစ်အောင်ခဲ့ရပေပြီ၊ ယခုသော် ဒကာတော် တယောက်ထည်း သေမင်းနှင့် စစ်တိုက်နေရသောကြောင့် သေမင်းကို ရှုံးစေခြင်းငှါ မွှတက်နိုင်တော့ပါ”ဟု လျှောက်ရှာလေသည်။

**အဘယအထေရ်**
**စစ်ကူးတော်မူပုံ**

မဟာရာဇာ၏စကားကို အဘယထေရ်ကပြန်၍ မိန့်တော်မူသည်မှာ "အလုံးစုံသော ရုပ်နာမ် ခန္ဓာတို့သည် မမြဲနိုင်ကြပေ၊ ဗုဒ္ဓရှင်တော်မြတ်၏ ကိုယ်ခန္ဓာတော်သော်မှ မြဲနိုင်ခြင်း သဘော မရှိ၍ ပျက်စီးခဲ့ရပေသည်၊ ရုပ်နာမ်ခန္ဓာဟူသမျှ၏ မမြဲခြင်းသဘော(အနိစ္စ)၊ဆင်းရဲခြင်းသဘော(ဒုက္ခ)၊ အနှစ်သာရ မရှိခြင်းသဘော (အနတ္တ)ချည်းဖြစ် ကြောင်းကို နှစ်လုံးသွင်းပါလော၊ ဒကာတော် မင်းမြတ်သည် လွန်ခဲ့သော ဘဝက နတ်ပြည် ရောက်ကြောင်း ကောင်းမှု ရှိသူ (သာမဏေ) ဖြစ်ပါသော်လည်း နတ်စည်းစိမ်ကို မတောင့်တဘဲ သာသနာပြုဘို့ရာ မင်းဘေး ဖြစ်လာရပေသည်၊ အသင်မင်းမြတ်၏ ယနေ့ တိုင်အောင် ပြုခဲ့သမျှကုသိုလ်တို့ကိုသာ အမှတ်ရနေပါလော" ဟု မိန့်တော်မူသည်ကို ကြားရသော ဒုဋ္ဌဂါမဏိမင်းကြီးသည် ဝမ်းမြောက်ဘော် မူလှသဖြင့် "အရှင်မြတ်သည် အကျွန်ုပ်၏ သေမင်းနဲ့ စစ်တိုက်ရာ၌လည်း အဘော်သဟဲဖြစ်ပါပေသည်" ဟု လျှောက်ထား၍ ပြုခဲ့ဘူးသော ကောင်းမှုစာရင်းကို ဖတ်စေသည်၊ ထိုကောင်းမှုစာရင်း ဖတ်သည့်အခါလည်း မဟာရာဇာစိတ်၌ သာ၍ထင်လာအောင် ရှေးကောင်းမှု အကြောင်းကို အကျယ် ပြောပြတော်မူ၏၊ ဤသို့ ကောင်းမှု စာရင်းကို ကြားနာဖတ်စေပြီးလျှင် ကောင်းမှုဆိုင်ရာ မှာထားဘွယ်တို့ကို မှာထားပြီးမှ စပါဒ်တက်ကျ၍ တုသိတာ နတ်ပြည်၌ ဖြစ်ရလေသည်။

## ပေထက်အက္ခရာတင်ခြင်း

**မဟာထေရ်များ ကြိုးစားတော်မူခဲ့ပုံ**

သီဟိုဠ်ကျွန်းဝယ် ( ပိတုရာဇာ - ဟုလည်း ထင်ရှားသော)ဝဋ္ဋဂါမဏိမင်း လက်ထက်၌ တိဿ မည်သော ဗြာဟ္မဏ တယောက် သူပုန်ထသည့်ပြင် စောဠတိုင်းမှ ကျေးမင်းတို့ကလည်း စစ်ဖက်လာကြ၏၊ တိုင်းသူ ပြည်သားတို့သည် အိမ်ခြေ ရာခြေ မတည်နိုင်အောင် ရှိရကား သံဃာတော်များ ဆွမ်း ခဲယဉ်းစဉ်မှာပင် စိတ္တလပဗ္ဗတကျောင်းတိုက် မဟာဝိဟာရ ကျောင်းတိုက်၌ ၃ နှစ်တိုင်တိုင် စုဆောင်းထားအပ်သော ဝတ္ထုကမ်စပါးများကို ကြွက်ကြီးများစွာ ဖျက်ဆီးကြသဖြင့် တညအတွင်း၌ပင် ဖွဲမျှသာ ကျန်လေတော့၏၊ ရဟန္တာ ဖြစ်ပြီးသော ရဟန်းတော် များစွာ ပရိနိဗ္ဗာန်စံကြ၏၊ များစွာသော ရဟန်းတော်တို့သည် ဇမ္ဗူဒိပ် ( ဣန္ဒိယ ) ဘက်သို့ ကူးပြောင်း နေထိုင်ကြရ၏၊ ထိုအချိန်၌ ပိဋက ကျမ်းစာများကို ပေထက်၌ မရေးကြရ သေးသောကြောင့် ဇမ္ဗူဒိပ်သို့ မကူးဘဲ ဖြစ်သလိုနှင့် နေရစ်ခဲ့ကြသော ရဟန်းတော်များသည် မိမိတို့ နှုတ်တက် ဆောင်ထားသော ပါဠိတော်နှင့် အဋ္ဌကထာများကို အလွန်ပင်ပန်းစွာ ရွတ်အံတော်မူရှာကြရပေသည်၊ တချို့ရက်များ၌ ဆွမ်းကို မဆိုထားဘိ, စားကောင်းဘွယ်ရာ အာဟာရတစုံတရာကိုမျှ မရကြရှာချေ၊ သို့သော် ပိဋကတ်များ တိမ်းပါး ချို့ယွင်းမည်စိုးသောကြောင့် ဝမ်းမီးဆောင်သဖြင့် ပူလောင်နေသော ရင်ပေါ်မှာ သဲအိတ်များကို တင်ထား၍ ကြိုးစား ရွတ်အံတော်မူခဲ့ကြပါသတဲ့။

ပေထက်အက္ခရာ
တင်ခြင်း

ထို အခြင်းအရာကို ကိုယ်တွေ့ ကြုံခဲ့ရသော မဟာထေရ်တို့သည် နောက်နောင်အခါဝယ် ပိဋကတော်များကို နှုတ်တက် ဆောင်နိုင်လောက်အောင် ဉာဏ်အား ကိုယ်အား နည်းပါးကြလိမ့်မည်ကို မြော်မြင်မိရကား ယခုလို ဘေးဖြစ်လာလျှင် ပိဋကတော်များ တိမ်းပါးချို့ယွင်းမည့် အချက်ကို လေးနက်စွာ စဉ်းစားတော်မူကြသဖြင့် သုပုန်ဘေးငြိမ်း၍ ဝဋ္ဋဂါမဏိမင်း နန်းစံသည့်အခါ အကျိုးအကြောင်းစုံ ပြောပြတော်မူကာ ထိုမင်း၏ အကူအညီဖြင့် ပိဋကတော်များကို ပေ၌ ရေးသားခဲ့ကြ ပေသည်။ [ ပြီးခဲ့သော ဒုတိယကမ္ဘာစစ်ကြီး အတွင်း၌ များစွာသော စာသင်တိုက်များဝယ် သင်အံ့ပို့ချမှု ရင်ဆဲခဲ့ရပုံကို ထောက်၍ ထိုအချိန်၌ ထိုအရှင်မြတ်တို့ ပိဋက ဆောင်ခဲ့ကြပုံမှာ အလွန်ကြည်ညိုထိုက်ပါပေသည်၊ ထိုအရှင်များသည်ထိုအချိန်က ပေထက် အက္ခရာ မထင်ခဲ့ပါမူ ယခုလောက်ကြာလျှင် ပိဋကတော်များ တိမ်းပါး ချို့ယွင်းခဲတော့မည်မှာ သေချာသလောက်ပင် ဖြစ်၏၊ ထို အရှင်များ၏ နောင်ရေးအတွက် မြော်မြင်တော်မူချက်မှာ ယခုခေတ်ဘာသာပင်တိုင်း ကျေးဇူးဆပ်၍ မကုန်နိုင်လောက်သော အချက်ပါပေတည်း။ ]

ဝိသုဒ္ဓရတနာခဏ်း
နိဂုံး

ဗုဒ္ဓ ရှင်တော်မြတ်သည် ညဉ့်အခါဝယ် အမှောင် ခမ်းမကြီးကို လင်းစေသော လမင်းနှင့်တူတော်မူ၍ အရိယာသံဃာတော်များကား လမင်း၏ ဝန်းကျင်ဝဲယာ၌ ထွန်းလင်းတောက်ပလျက်ရှိကြသော ကြယ်တာရာများနှင့် တူတော်မူကြ၏၊ ဓမ္မ အစစ်အမှန်တို့မှာ ဗုဒ္ဓလမင်းမှ ထွန်းလင်း ထွက်ပေါ်လာသော အရောင်

အဝါများနှင့် တူတော်မူပါပေသည်၊ လမင်း ဝင်သွားသည့်အခါ ကြယ်တာရာရောင်ကိုသာ အားပြုစေတော့သကဲ့သို့ ထို့အတူ ဗုဒ္ဓ မြတ်စွာ လရတနာကြီးကွယ်ပပြီးရာ ယခုလိုအခါ၌ သံဃာ့ရတနာမှ တဆင့် ထွက်ပေါ်လာသော တရားအရောင်ကိုသာ အားကိုးကြရ ပေတော့သည်၊ အရှင်မဟာကဿပမှစ၍ သံဃာ့ရတနာဝင် အရှင် မြတ်တို့လည်း ယခုနေ့တိုင်အောင်ပင် တရားရောင်ကို ထွန်းပြောင် စေတော်မူခဲ့ကြသည်မှာ ကျေးဇူးတင်ဘွယ်ရာ ကျေးဇူးတင်ဘွယ်ရာကြီး ပါပေတည်း၊ ထို့ကြောင့်ပင် ထို သံဃရတနာဝင် အရှင်မြတ်များ ကို ရည်စူး၍ "တံသံဃံ သရဏံ ဂစ္ဆာမိ=ထို အရိယာသံဃာတော် ကို ကိုးကွယ်ဆည်းကပ်ပါ၏" ဟု နှုတ်ဖြင့်လည်းရွတ်, စိတ်ကိုလည်း ညွတ်ပြီးလျှင် ထိုအရှင်မြတ်များ၏ သွားလမ်းကို ဖြောင့်တန်းစွာ လိုက်နေသော - လိုက်မည်ဟု ကြိုးစားနေသော အရိယာလောင်း ပုထုဇဉ် ရဟန်းကောင်း သာမဏေကောင်း များကို အကြောင်း အားလျော်စွာ ထိုက်တန်သလောက် အားပေးချီးမြှောက်နေကြသော သူတော်စင်တို့သည် ယခုလက်ရှိသာသနာကို အရေးအဘက်ဘက် က နက်နက်နဲနဲ ပေါ်ခွဲ စစ်ဆေးကြဘို့ရန် တသီးတခြား တကနွှတကန့် လိုသောကြောင့် ပေါက်အကွဲရာ တင်ရာအချိန်အထိ သံဃာ့ ရတနာများကို ရှိသေစွာ သိမ်းချုပ်၍ နိဂုံးချုပ်ရာဝယ် သံဃာ ကိုးကွယ်နည်းကိုလည်း အကျဉ်းမျှ ပြပါဦးမည်။

သံဃာနှင့်
အသင်းကောင်း ဥပမာ

"မည်သည့် ပုဂ္ဂိုလ်" ဟု သီးခြားသတ်မှတ် ခြင်း မရှိဘဲ သံဃာအားလုံးအပေါ်၌ စိတ် ရောက်နိုင်၍ သံဃာကိုကြည်ညိုသူအတွက် မှာ ပုဂ္ဂိုလ်တပါး ၂ ပါးက စ၍ ရာထောင်များစွာ အကြည်ညို

ပျက်စရာတွေ့နေရသော်လည်း သံဃာကြည်ညိုမှုကား မပျက်နိုင်ပါ၊ ဘုန်းကြီးတို့ ကိုယ်တိုင် သမ္မုတိသံဃာတွင် ပါဝင်နေရသော်လည်း အရိယာ သံဃာတော်များကို ရည်မှန်း၍ "သံဃံ သရဏံ ဂစ္ဆာမိ= သံဃာတော်ကို ကိုးကွယ်ပါ၏" ဟူသော သရဏဂုံ တည်စေရ ပါသေးသည်၊ ထင်ရှားပေါ်ဦးမည်—တိုင်းပြည်၏ ကောင်းကျိုး ကို လိုလား၍ ကြိုးစားနေသော "အသင်းကြီးတသင်း" ရှိနေသည်- ဟု ဆိုကြပါစို့၊ ထိုအသင်း၌ ဦးစီးခေါင်းဆောင်များလည်း လုံးဝ အပြစ်ကင်းသူများချည်း ဖြစ်နေ၏၊ ထိုအသင်း၏ နာမည်ကောင်းမှု ကြောင့် အသင်းဝင်တွေ တိုးပွား များပြားလာလေရာ, အတော် ကြာသော် အသင်းသားထည်းမှ မတရားသူတချို့ ပေါ်လာကြလေ ၏၊ သို့သော် အသင်း၏ ရည်ရွယ်ချက်ကောင်းပုံနှင့် ခေါင်းဆောင် ကြီးများ ကောင်းပုံကို ကျနစွာ နားလည်သူတို့က အသင်းကို အကြည်ညိုမပျက်ကြသေး၊ ထိုအသင်းကိုယုံကြည်ကိုးစားအားထား လျက်ပင် ရှိကြသေး၏၊ အတော်ကြာလျှင် မတရားအသင်းသားတွေ ကိုယ်ကျိုးရှာသမားတွေ ပေါများ ထင်ရှားလာ၏၊ အသင်း၏ ရည်ရွယ်ချင်းကို နားလည်သူတို့က မတရားသူတွေ ကိုယ်ကျိုးရှာသူ တွေကို အလွန်ရွံရှာ မုန်းတီးသော်လည်း အသင်းကြီးကိုကား အပြစ် မမြင်နိုင်ပေ၊ သာ၍ ကာလကြာသည့်အခါ အသင်းသား ထည်း၌ လူကောင်းဆိုလျှင် တယောက်တလေမျှ ရှာနိုင်မှရတော့မည်၊ ထိုမျှလောက် အသင်းသားတွေ ယုတ်မာနေသော်လည်း အသင်း ကြီး၏ ရည်ရွယ်ရင်းကို နားလည်သူ အတွက်မှာ အသင်းကြီးကို အကြည်ညို မပျက်ရက်ချေ။

**သံဃာတော်များ စီတန်းကြွ**

ဥပမာ ချို့ စာသင်တိုက်၌ တရံတခါ သံဃာကုန် လှူဒါန်းဘွယ် ရှိ၍ စီတန်း ကြွသွားသည်ကို မြင်ဘူးကြ ပါလိမ့်မည်၊ ထိုအခါ၌ မြင်ရသူ လူအများ၏စိတ်ဝယ် လွန်စွာကြည်ညို ကြမည်မှာ အထူးစဉ်းစား ဘွယ်ရာ မလိုပါ၊ ဘုန်းကြီးကိုယ်တိုင်ပင် ငြိမ်သက်စွာ ကြွတော်မူနေ သော ထိုသံဃာ့အဘန်းကြီးကိုကြည့်၍ ပီတိသောမနဿ(နှစ်သက် ဝမ်းမြောက်ခြင်း)ဖြစ်ရရုံ မက, ဗုဒ္ဓ၏လက်ထက်တော်က အရိယာ သံဃာတော် အတန်းကြီးကို မြော်မှန်းစိတ်ကူးကာ ရင်ထည်း၌ ဆို့ မှတတ် ဖြစ်ရပါသည်၊ ထိုဆို့ခြင်းလည်း ပီတိပျိုလျက် ဆို့ခြင်း ဖြစ်ရသောကြောင့် ကောင်းသောဆို့ခြင်းသာ တည်း၊ ထိုသို့ကြည် ညို နှစ်သက်ရာ၌ ပုဂ္ဂိုလ်တပါးပါး ကွက်၍ နှစ်သက်ခြင်း မဟုတ်, သံဃာအားလုံးအပေါ်မှာ အာရုံရောံနေသော နှစ်သက်ခြင်းသာ ဖြစ်သည်။ [ ယခုကာလ " သံဃိက ဆွမ်းလောင်း , သံဃာကုန် ဆွမ်းကပ် " စသော ကိစ္စများ၌ သံဃာအပေါ်မှာ စိတ်အာရုံ ရောက်အောင် သတိပြုသင့်ကြပါသည်၊ သံဃာတော်များကလည်း အလှူရှင်များ၏ သဒ္ဓါတရားကို စောင့်ရှောက်သောအားဖြင့် သံဃာ့ အစည်းအရုံးကိုဖွဲ့စည်းသဖြင့် အထူးဆုံးခြင်း ရသင့်ကြပါသည်။]

**သံဃာ မှန်း၍ လှူဒါန်း**

ပြခဲ့သောအစီအစဉ်ဖြင့် သံဃာ့အပေါ်၌ စိတ်အာရုံ ရောက်နိုင်ကြပါမူ တကျပ်တန် ပစ္စည်းပင် ဖြစ်သော် လည်း သံဃိကဒါန ဖြစ်နိုင်၏၊ သံဃာကို အမှန် ကြည်ညိုနေသူ တို့ကလည်း လှူစရာရှိလျှင် သံဃာကို ရည်မှန်း၍ လှူဒါန်းမည်သာတည်း၊ ထင်ရှားစေအံ့-ပြခဲ့သော အသင်းကြီးကို ရည်မှန်း၍ ငွေတကျပ် လှူဒါန်းရာ၌ ထို ငွေတကျပ်သည် အသင်း

ကိစ္စနှင့် စပ်ဆိုင်ရာ၌သာ သုံးစွဲခွင့်ရ၏၊ အသင်းဝင်တယောက်၏ ကိုယ်ရေးကိုယ်တာ ကိစ္စအတွက် သုံးစွဲခွင့် မရ၊ ထိုသို့ သုံးစွဲခွင့်မရဘဲ အချောင် သုံးစွဲလိုက်လျှင် ထိုငွေတကျပ်ကို အသင်းမှ ခိုးယူ သုံးစွဲရာရောက်သဖြင့် ထိုသူ့အတွက် အပင်းဖြစ်ရတော့ သကဲ့သို့ ထို့အတူ သံဃိက လှူဒါန်းအပ်သော တကျပ်တန် ပစ္စည်းသည် သံဃာတော် အားလုံးနှင့် ဆိုင်၍ သာသနာရေးကိစ္စ၌သာ သုံးစွဲခွင့်ရ၏၊ သာသနာရေး မဟုတ်သော ကိစ္စ၌ သုံးစွဲမိပါလျှင် ထို ပုဂ္ဂိုလ်အတွက် အပင်းဖြစ်ခြင်းထက်ပင် အပြစ်များသေး၏။

**ဗုဒ္ဓရှင်တော် သံဃာကိုညွှန်းပုံ**

မိထွေးတော် ဂေါတမီသည် ဗုဒ္ဓရှင်တော်အား သက်န်းလှူလို၍ ယက်ကန်းတော်များကို သီးခြား အမိန့်ပေးကာ တခါတခါလည်းကိုယ်တိုင်ဝင်၍ (သာဟတ္ထိကဒါန=မိမိ၏ လက်ဖြင့် လှူရာရေခံအောင်)ယက်ကန်း လက်ခတ်ကိုဆွဲကိုင်၍ယက်သေး၏၊ ထိုသက်န်းပြီး၍ ဗုဒ္ဓအား အလှူ လာလည့် အခါ ဗုဒ္ဓရှင်တော်သည် " သံဃေ ဂေါတမိ ဒေဟိ, သံဃေ တေ ဒိန္နေ အဟဉ္စေဝ ပူဇိတော ဘဝိဿာမိ, သံဃောစ= မိထွေးတော်ဂေါတမီ... သံဃာ လှူလိုက်, သံဃာအား လှူလျှင် ငါဘုရားလည်း ပူဇော်ရာ ရောက်လိမ့်မည် " ဟု မိန့်တော်မူသည်၊ ထို့ကြောင့် ဒါနပြုသူတို့သည် လှူဘွယ်ဝတ္ထု နည်းစေကာမူ မိမိ အလှူ၏ အကျိုးများဘို့ရာ သံဃာ့အပေါ်၌ စေတနာရေခံအောင် ထား၍ သံဃိကလှူဒါန်းပူဇော်သင့်ကြသည်၊ ကိုယ်ကျင့် အဆိုမွှာ ၌လည်း သံဃိကဒါနကို ညွှန်ပြခဲ့ပြီ။ [အာနန္ဒာ... အနာဂတ်ကာလ ၌ ရဟန်း အနွယ်ကို ဖျက်ဆီးတတ်ကုန် - သက်န်းကို လည်ပင်း ပတ်ရုံ သာ ပတ်ထားကုန်သော ဒုဿီလရဟန်းတို့ ဖြစ်ကြလိမ့်မည်၊

ထိုဒုဿီလတို့၌ သံဃာကို မှန်း၍ လှူဒါန်းနိုင်ပါမူ မရေမတွက်နိုင်အောင် အကျိုးပေးနိုင်၏ ဟု ငါဘုရား ဟောတော်မူသည်၊— ဒက္ခိဏာဝိဘင်္ဂသုတ်ပါဠိတော်။]

သံဃာကို ကိုးကွယ်ပုံ

မိမိဒါနကို သံဃာအားလုံး ရောက်အောင် စိတ်ထားခြင်းသည် သံဃာကို အားကိုးခြင်းဖြစ်၏၊ မကျန်းမမာခြင်း စသော ဒုက္ခ ရောက်လာသည့် အခါ သံဃာတော် အားလုံး၏ ပရိတ်တော် တရားတော်ကို နာယူခြင်းသည် ဒုက္ခကို သံဃာဖြင့် ကွယ်ခြင်းမည်၏။ [ပုဂ္ဂိုလ်တပါးထည်းက တရားဟောသော်လည်း သံဃာကို အားကိုးသောကြောင့် ထိုတရားကို နာယူခြင်း ဖြစ်ရကား သံဃာက ဟောရာရောက်၏။] ထိုကဲ့သို့ သံဃာ့အပေါ် စိတ်မရောက်နိုင်သော အလှူဒါန ပြုကြရာ အခါ ရှိသေကိုင်းညွှတ်ရာအခါတို့၌ ပုဂ္ဂိုလ်တပါး ၂ ပါး စသည် ဖြစ်မူ ထိုပုဂ္ဂိုလ်၏ သီလစင်ကြယ်မှု သီလဂုဏ်တော်ကိုင်း,သမာဓိကြီးမား၍ လောကီအာရုံများကြောင့် လှုပ်ရှားပုံမရသော သမာဓိဂုဏ်တော်ကိုင်း, ကမ္မဋ္ဌာန်း အားထုတ်နေသူ၊ သို့မဟုတ် စာပေလိုက်စား နေသူ ဖြစ်၍ ပရိယတ် ပတိပတ် ပညာဂုဏ်ကိုင်း အာရုံပြု၍ ရိုသေမြတ်နိုး ရှိခိုးလှူဒါန်းသင့်ပါသည်၊ ဒုက္ခကြုံမိ ထိုပုဂ္ဂိုလ်များကို အားကိုး၍ ဒုက္ခကြုံလာလျှင် ထိုပုဂ္ဂိုလ်၏ တရားကို နာယူလိုက်စားသောအားဖြင့် ထိုဒုက္ခကို ကာကွယ်သင့် (ကိုးကွယ်သင့်ကြ)ပေသည်၊ ထိုသို့ အားကိုးရာ မရသော ပုဂ္ဂိုလ်များကိုကား သံဃာကို ရည်မှန်း၍ လှူဒါန်း ကိုးကွယ်ခြင်း သာလျှင် အပြစ်ကင်း၍ ထိုက်သင့်သော အကျိုးကို ရစေနိုင်ပေလိမ့်မည်။

သံဃာ့ရတနာခန်း ပြီး၏။

× × × × × × ×

# ၄။ မြန်မာပြည် သာသနာခန်း

သထုံနှင့် ပုဂံ

သထုံပြည်၌ သာသနာ အစစ်အမှန် ရောက်နေသည်မှာ ပုဂံပြည်ထက်နှစ်ပေါင်းများစွာ အလျင်ကျသည် ဟု မှတ်ရပေမည်၊ အရှင် မောဂ္ဂလိပုတ္တတိဿထေရ် ကိုးတိုင်းကိုးဌာနသို့ သာသနာပြုလွှတ်စဉ်ကပင် " သုဝဏ္ဏဘူမိ " နာမည်ဖြင့် ထင်ရှားနေသော ထိုအချိန်မှာ သမုဒ္ဒရာနှင့်လည်း နီးကပ်နေသော သထုံပြည် နေရာဟောင်းသို့ သာသနာပြုလွှတ်တော်မူသည် ဟု ယူဆကြ၏၊ မည်သို့ယူဆကြသည် ဖြစ်စေ ပုဂံပြည်ထက်သာသနာ အစစ်အမှန် အလျင်ရောက်နေသည်ကား သေချာလောက်ပေသည်၊ ဘာ့ကြောင့်နည်း,.... အရှင်အရဟံ၏ အမိန့်တော်အရ သထုံပြည်သို့ ပိဋကစာပေ အတောင်းလွှတ်ရသဖြင့် ပုဂံပြည်၌ သာသနာ အစစ်အမှန် စတည်ချိန်ဝယ် သထုံပြည်၌ စာနှင့်ပေနှင့် ကျကျနနသာသနာတည်ပြီး ဖြစ်သောကြောင့်တည်း၊ ထိုသို့ သထုံပြည်၌ သာသနာမှန် တည်ရှိနေစဉ် ပုဂံပြည်၌ အရည်းကြီးဟု ထင်ရှားသော ရဟန်းတု ရဟန်းယောင်များသည် လက်ထပ်ခါနီး သတို့သမီးကို သူတို့ အထံသို့ တညလုံး ပန်းဦးဆက်ရန် ပို့ရလောက်အောင်ပင် သောင်းကြမ်းညစ်ညမ်းလျက်ရှိကြလေသည်။

သာသနာကို အတင်းပြုပြင်ပုံ

လောက၌ တိုင်းပြည်အုပ်ချုပ် မင်းလုပ်နိုင်လောက်အောင် ပုဉ်းသမ္ဘာ ရှိသူသည်၊ စဉ်းစားဉာဏ်လည်း မနည်းတော့ချေ၊ အနော်ရထာမင်းကား ထူးခြားသော ပုဉ်းသမ္ဘာရှင်တည်း၊ ထို့ကြောင့် စဉ်းစားဉာဏ်

လည်း ကြီးမားပုံရပေသည်၊ ထိုသို့ ဝဋ်းစားညာက်ကြီးသည့်အတွက် အရည်းကြီးဆိုသူတို့၏နေထိုင်ကျင့်ကြံပုံကို မကျေနပ်ချေ၊ သို့ရာတွင် မင်းကျင့်တရား ဆယ်ပါး၌ "အဝိရောဓနေ=တိုင်းသူပြည်သားတို့နှင့် မဆန့်ကျင်ရခြင်း" ပါသောကြောင့် အများနှင့် မဆန့်ကျင်စေဘဲ သာသနာပြုပြင်နိုင်မည့် အချိန်အခါကို စောင့်မြော်နေစဉ် သထုံပြည်မှ "အရှင်ဓမ္မဒဿီ" ကြွရောက်တော်မူလာသဖြင့် "အရှင် အရဟံ"ဟု ထင်ရှားကာ မင်းတရားကြီးကိုယ်တိုင် အလွန်ကြည်ညို ကျေနပ်တော်မူရကား....

"ရှေ့ဆောင်နွားလား၊ အဖြောင့်သွားမူ၊
နောက်နွားတသိုက်၊ အဖြောင့်လိုက်၏"

မှူးကြီး မတ်ကြီးမှ စ၍ တိုင်းသူပြည်သား လူအများပင် ကြည်ညို ကျေနပ်လာသည့် အခါ သထုံပြည်မှ ရဟန်းငယ် သာမဏေများ လည်း နေ့ံထပ်ရောက်လာကြရကား "သာသနာပြုချိန်တန်ပြီ"ဟု ယူဆ၍ နဂိုရ ကအောင့်သက်သက်ဖြင့် လက်ခံခဲ့ရသော အရည်းကြီး တစုကို သုတ်သင်အတင်းချွတ်၍ လူဝတ်လဲစေတော်မူသည်။

ပရိယတ်နှင့် ပဋိပတ် — စာပေသင်ယူ ပို့ချရေးသား ဟောပြောမှုများကို "ပရိယတ္တိသာသနာ"ဟု ခေါ်၍ ဝိနည်းတော်နှင့် အညီ ကျင့်ကြံ နေထိုင်မှုမှ စ၍ ကမ္မဋ္ဌာန်း အားထုတ်မှု တိုင်အောင် ကျင့်မှုများကို "ပဋိပတ္တိသာသနာ" ဟု ခေါ်၏၊ မြန်မာပြည်သို့ ပိဋကကျမ်းစာများ ရောက်လာသည့်အခါ ပါဠိဘာသာအားဖြင့် တည်၍နေသော ထို ပိဋကတော်များကို

နားလည်ဘို့ရာမှာ လွယ်ကူသော ကိစ္စ မဟုတ်ချေ၊ ထို့ကြောင့် ထိုစဉ်အခါဝယ် အရှင်အရဟံ ဖြစ်သော အရှင်မြတ်တို့၏ အကူအညီ ဖြင့်ရင်း အိန္ဒိယမှ ဆက်သွယ်၍ သက္ကတတတ် ဗြာဟ္မဏလူမျိုးတို့၏ အကူအညီဖြင့်ရင်း ပိဋကတော်များကို နားလည်အောင် အလွန် အမင်း ကြိုးစားကြရပေလိမ့်မည်၊ ထို့ကြောင့် ပါဠိနှင့် မြန်မာ ၂ ဘာသာ ယှဉ်ပြထားသော နိဿယများသည် ထိုခေတ်ကပင် စတင်ခဲ့ဟန်တူပေသည်၊ ထိုမျှလောက် ကြိုးစားခဲ့ကြသော်လည်း အသုံး အနှုန်းလွန်စွာ ကွဲပြားသောကြောင့် ပါဠိဘာသာကို ငရိုးဘာသာ ဘာသာကဲ့သို့ နိုင်နိုင်နင်းနင်း တတ်မြောက်သူကား တရာတထောင်မှ တပါးဆိုသလို ရှားမှရှား ဖြစ်ခဲ့ပေလိမ့်မည်၊ သို့ရာတွင် ထိုပုဂံခေတ် ၌ပင်"သဒ္ဒနီတိ"စသော သဒ္ဒါကျမ်းများကို ရေးသားနိုင်ကြသဖြင့် ထိုဆရာတော်များ၏ ဉာဏ်ဝီရိယများမှာ အားရဘွယ် ကောင်းပါ ပေသည်၊ ဆိုလိုရင်းမှာ—ထို ပုဂံခေတ်မှ စ၍ ပိဋကတရားတော် များကို နားလည်ရေးမှာ အထူး မကြိုးစားလျှင် မဖြစ်နိုင်သော ကြောင့် မြန်မာပြည်ဝယ် ပရိယတ်၌သာ ဉာဏ်ဝီရိယအစိုက်များ၍ ပဋိပတ်ဘက်မှာမူ ဝိနည်းတော် အရ ကျင့်မှုမှတို့၍ အားကြိုး မာန်တက် ကျင့်သူကား နည်းပါးခဲ့လိမ့်မည် ဟု ဆိုလိုပါသည်။

လူများ၏ သဒ္ဓါ

ထိုကဲ့သို့ သာသနာသစ်ကိုစ၍ တည်ထောင်ပြီးခဲ့ရာ ပုဂံပြည်၌ မင်းနှင့်တကွ တိုင်းသူပြည်သားတို့သည် သာသနာ့ဝန်ထမ်း ဘုန်းတော်ကြီး‌များ၏ အပေါ် ဝယ် လွန်စွာသဒ္ဓါတရားတိုးပွါးကြသည်နှင့် ကိုယ့်ခမ်း ကိုယ့်ချင်း ဖြစ်မှုလည်း သာသနာဝင်ပြောဟန်တူသောကြောင့် ထိုစဉ်အခါမှ စ၍

မြန်မာနိုင်ငံ၏ဘာသာရေးဝိဇ္ဇာ ပညာဖြင့် နှစ်နှစ်ကာကာစဉ်းစား ဆင်ခြင်မှုထက် သဒ္ဓါကို အရင်းပြုကာ သူထက်ငါ သာလွန်အောင် ဒါနမှုတွေက လွှမ်းမိုးလာခဲ့ဟန် တူပြန်သည်၊ မှန်၏-“သမ္မာဒိဋ္ဌိကို (အယူမှန်= ဉာဏ်မှန်ကို ) အမှီပြု၍ ဗုဒ္ဓရှင်တော်ကို ပန်း ဆီမီးဖြင့် ပူဇော်မှု , ကြီးကျယ်စွာ တရားပွဲပြုမှု , စေတီတည်ရသေးသော နေရာ၌ စေတီတည်မှုစသော ကောင်းမှုများကိုပြု၏”ဟု (မဟာဝဂ္ဂ, မဂ္ဂသံယုတ်, ဝိဘာဂဝဂ်)၌ဆို၏၊ သို့ပါလျက် သဒ္ဓါလွန်ကဲမှုကြောင့် စေတီတည်ပြီးသော အရပ်များ၌ ထပ်ကာထပ်ကာ တည်ထား အပ်သော စေတီတော်များမှာ ပုဂံပြည်၌ပင်“လှဲဝင်ရိုးသံ တည်သည့် ပုဂံဘုရားပေါင်း = ၄ သန်း ၄ သိန်း ၄သောင်း ၆ထောင် ၇ရာ ၃ ဆယ် ၃ ဆူ” အထိ များပြားခဲ့သတတ်၊ ထိုခေတ်က ဉုးကြိုး၍ လာခဲ့သောကြောင့်လည်း မြန်မာလူမျိုးများသည် အလှူဒါန ရက် ရောသောလူမျိုးဟု ဥဒါန်း ထိုးရလောက်အောင် ထင်ရှားခဲ့ကြ ပေသည်၊

**ပရိယတ်နှင့် သဒ္ဓါ ဒွန်တွဲလာပုံ**

ပြခဲ့သော မှန်းဆချက်အရ မြန်မာနိုင်ငံ သာသနာတော်သစ်ကို တည်ကြရာ၌ ရဟန်းတော် များသည် ပရိယတ် ကြိုး စားမှု ကိစ္စဝယ် မျိုးစေ့ချခဲ့ကြလေရာ ထိုမျိုးစေ့ကိုပင် မင်းနှင့်တကွ ဒကာဒကာမတို့က ဒါနတည်းဟူသော ရေစင်လောင်း၍ ကောင်းမွန် သော အပင်များ စည်ကား ကြီးမြင့်အောင် ပြုစုပျိုးထောင်ခဲ့ကြ သောကြောင့် ပုဂံခေတ်၌ ဆင်းသက်၍ ယခုလက်ထက်တိုင်အောင် ပရိယတ်သာသနာ တည် ဟူသော ပင်စည် ခက်မတို့ဖြင့် တက်ကြွ

စည်ပင်ပနေသော သစ်ပင်ကြီးများကို တွေ့မြင်နေရပေသည်၊ ဆိုလိုရင်းကား—"ရဟန်းတော်များသည် စာပေဆိုင်ရာကိစ္စကို အထူးကြိုးစား၍ လူ့ဝတ်ကြောင်များက ဒါနကိစ္စကို ကြိုးစားနေကြသဖြင့် ယခုအခါ သာသနာရေးဆိုင်ရာငယ် စာပေအလုပ်နှင့် ဒါနအလုပ်များ ကြီးကျယ်ထင်ရှားသလောက် ရဟန်းတော်များ၏ နယ်မှာ ပတိပတ်ကျင့်မှု ကိစ္စနှင့် လူ့ဝတ်ကြောင်များ နယ်တွင် သုစရိုက် ၁၀ ပါးလောက်မျှ ဖြစ်မှု ကိစ္စတို့ မကြီးကျယ် မထင်ရှားလှ" ဟု ဆိုလိုပါသည်၊ ဤစကားဖြင့်"ပတိပတ် ကျင့်သူများနှင့် သီလဖြစ်သူ လူ့ဝတ်ကြောင်များ မရှိ"ဟု မဆိုလိုပါ။

× × × ×

## အင်းဝခေတ် သာသနာ

[စတုတ္ထ အဝမြို့တည် မင်းတရား၏ ညီတော်လက်ထက်၌ ဝိနည်းဓာသာတထေရ် စီရင်၍ ဝေါဇာသကရာဇ် သောင်းတရာ့ကိုးဆယ့်ကိုးခု , သာသနာ သကရာဇ် ၂၃၀၀ ခု နှစ်၌ ပြီးစီးသော သီလဝိသောဓနီကျမ်းမှ ထုတ်နှုတ်ဖော်ပြချက်။]

အမတ်စည် ဝိမ် ထက်
ရဟန်းအဖြစ်သာပုံ

မြေဒံနန်းကျောင်း ဆရာတော်သည် မှူးမတ်မျိုးမှ ထွက်၍ ရဟန်းပြုခဲ့၏၊ အခါတပါး၌ အမတ်ကြီးများတို့က " အရှင် ဘုရားသည် တပည့်တော်တို့လို လူ့ဝတ်ကြောင်ဘဝဖြင့်နေလျှင် အမတ်စည်းစိမ်ကို ရလောက်စရာ ရှိပါကြောင်း " လျှောက်ကြလေသော်"သင်တို့ အမတ်စည်းစိမ်သည် ရေအိမ်ထက်၌ ငါပွားများအင်[illegible]အသုဘ

သညာ၏ ဟစ်တဲ့လောက် မြူ မှိန်နိုင်မည်လော”ဟု ပြန်၍ မိန့်တော်မူလေသည်၊ မိန့်လိုရင်းကား—ကျင်ငယ်စွန့်ရာ အိမ်ကို“ ရေအိမ်” ဟု ခေါ်၏၊ ထိုရေအိမ်၌ထိုင်စဉ် ပိုးလောက်ကလေးများကို မြင်၍ “ဤ ခန္ဓာကိုယ်မှ ထွက်သော ကျင်ငယ်ရေများသည် ပိုးလောက်တို့ ဖြစ်ပွားရာ ရွံရှာဘွယ်သာ ဖြစ်သကဲ့သို့ ဤခန္ဓာကိုယ်၌ ရွံရှာဘွယ် တွေ များလှချေဘကား—ဟု ခန္ဓာကိုယ်၏ အသုဘ(မတင့်တယ်ပုံ) အခြင်းအရာကို ဆင်ခြင်ရသော ကုသိုလ်၏ တစ်စိတ်တဘို့လောက်မျှ သင်တို့၏ အမတ်စည်းစိမ် အဖိုးမတန် , ထို့ကြောင့် ငါရနိုင်မည့် အမတ်စည်းစိမ်ကို ငါမတော်င့်တ ”ဟု မိန့်လိုရင်းဖြစ်သည်၊ [ ဤ စကားဖြင့်“ ထိုခေတ်က သာသနာရေးသည် အရှိန်မသေးရကား မှူးမတ်မျိုး များပင် သာသနာဝင်၍ တာဝန်ကို ထမ်းတော်မူကြကြောင်း”ထင်ရှား၏။]

ချိုးချန်သော
မင်းရွှာ ဆရာတော်

မင်းရွှာဆရာတော်ကား ဆွမ်းဘုဉ်းပေးသည့် အခါ မျက်စိမှိတ်၍ နှိုက်မိရာ ဟင်းကိုသာ ဘုဉ်းပေးတော်မူ၏၊ ကောင်းနိုးရာကို ရွေး၍ ဘုဉ်းပေးတော်မမူ၊ ဆွမ်းကိစ္စပြီးလျှင် လက်မသည်းခွံမျှလောက်သော လဘက်ကို ဘုဉ်းပေးတော်မူ၏၊ ထို့နေ့ ကွမ်း ၂ ယာ ဘုဉ်းပေး ပြီးလျှင် နှုတ်ခမ်း ပါးစပ်များကိုဆေး၍ ထိုနေ့ အဘို့၌ စားဘွယ် များကို နောက်ထပ် ဘုဉ်းပေးတော်မမူ၊(ကောသနိက်မှတင် အမြဲ ဆောက်တည်တော်မူဟန် တူ၏၊ ) သူတပါးကို မည်သည့်အခါမျှ ကဲ့ရဲ့ခြင်းမရှိ၊ မိမိအနား၌ ကဲ့ရဲ့စကားပြောလာလျှင် ယို စကားကို နောက်ပြောဆိုခြင်း မပြုဘဲ ဆိတ်ဆိတ်နေတော်မူလေ့ ရှိသည်၊

**မဆေးစေးပေး သစ်သီးပေး၍ ရှောင်ကြဉ်ပုံ**

အရှင်ဝရုဇ်မှ ဆရာတော်၏ အထံသို့ ကျောင်းအမ ကိုယ်တိုင်လာ၍ ဆေးတောင်းရာ "မပေးကောင်းဘူး" ဟု မိန့်တော်မူ၏၊ "ပစ္စည်းလေးပါး ဒါယိကာမ ဖြစ်ပါသည်" ဟု ထပ်၍ လျှောက်တောင်းပြန်ရာ "ပစ္စည်းလေးပါး ဒကာ ဒကာမ ဖြစ်လေ မပေးကောင်းလေ" ဟု မိန့်တော်မူ၏၊ နံမော် ဆရာတော်၏ ကျောင်းဒကာသွီးသည် ကန်ကြီး ပုဂ္ဂိုလ်ထံ ဆွမ်းပို့သွား၏၊ ထိုပုဂ္ဂိုလ်က ငှက်ပျောသီးနှင့် မုံကို လက်ဆောင်ပြန်လိုက်၏၊ အိမ်ရောက်၍ ကျောင်းဒကာကြီး သိသည့်အခါ "ငါတို့ ဆရာတော်နှင့် မတူ" ဟု ဆို၍ နေ့ံထပ် ဆွမ်းမပို့စေဘဲ ဘုန်းကြီးပေးလိုက်သော ငှက်ပျောမုံများကို စွန့်ပစ်စေလေသည်။ [ဤစကားဖြင့် ဝိနည်းသဘောကို နားလည်သော ကျောင်းဒကာ စသူတို့က လောကွတ်မချားသော ပုဂ္ဂိုလ်ကောင်းကိုသာ လေးစားကြည်ညိုကြောင်း ထင်ရှားပေသည်။]

**ဗေဒင်မဟောသော ဆရာတော်**

မင်္ဂလာဘုံကျော် ဆရာတော်၏ အထံသို့ ဝန်ကတော်ကြီးကိုယ်တိုင် လှူဘွယ် လက်ဆောင်များစွာဖြင့် လာ၍ ဝန်ကြီးဇာတာကို ဗေဒင်မေးလေရာ "ဗေဒင်မဟောကောင်းဘူး" ဟု မိန့်တော်မူ၏၊ ဝန်ကတော် ပြန်သွားသည့် အခါ လက်ဆောင် လှူဘွယ်များကို စွန့်ပစ်စေ၍ ဝန်ကတော်ကြီးကို ခေါ်ဆောင်လာသော "နီ" ဆိုသူကိုလည်း လွန်စွာ ခေါ်က်ငြင်းတော်မူလေသည်၊ အရှင်အဂ္ဂမှ ဆရာတော်ကား ဆေးကုသော ဘုန်းကြီးက လှူလာသော ပစ္စည်းများကို အကုန်စွန့်ပစ်၍ ထိုပုဂ္ဂိုလ်ထိုင်သော နေရာကိုပင် ရေဆေး

ခိုင်းတော်မူသတဲ့။ [ဤစကားဖြင့် အဝခေတ်က ဆရာတော်များသည် ဝိနည်းတော်အရ အတော်ကျစ်လစ်စွာ ကျင့်တော်မူကြကြောင်း ထင်ရှား၏၊ ဝိနည်းပညတ်တော် အလိုအားဖြင့် ဗေဒင်ဟော ဆေးကုစ၍လှူဒါန်းသော ပစ္စည်းများသည် ထိုပုဂ္ဂိုလ်သာမက ရဟန်း သာမဏေဟူသမျှ မသုံးစွဲကောင်းတော့ချေ။]

သာလွန်မင်းနှင့် ဆရာတော် ၂ ပါး

သာလွန်မင်းတရားကို သားတော် ရှင်တရုတ်က လုပ်ကြံသည့်အခါ လေးထပ်ကျောင်းသို့ မင်းကြီး ပြေးလာ၍ "လိုက်လာသူကို တော်ပြောဆွဲ၍ သိးကာပေးပါ" ဟု မင်းတရားက လျှောက်လေရာ "ငါ ရဟန်းဖြစ်သည်" ဟု ဆိုကာ သိးမကာဘဲနေစဉ် စံကျောင်း ဆရာတော်က သိးကာလေသည်၊ အရေးတော်ပြီးသည့်အခါ မင်းတရားကြီးက "လေးထပ်ဆရာတော် ရဟန်း ပီသပါပေ၏, စံကျောင်း ဆရာတော်သည်း စစ်သူကြီးပီသပါပေ၏" ဟု ဆိုသတတ်၊ နောင်ခါ သွီးတော်၏ လက်ထပ်ပွဲ၌ လေးထပ်ဆရာတော်နှင့် တပည့်သံဃာ အားပါင်းကိုသာ (သံဃာ ပီသသည့် အတွက်) ပင့်၍ စံကျောင်း ဆရာတော်မှာ အပင့်မခံရဘဲ ရှိလေသည်။ [" စံကျောင်း ဆရာတော်" ဟူရာ၌ မန္တလေးစံကျောင်း မဟုတ်။]

အနောက်လောင်းမင်း၏ ဆရာတော်များ

သာလွန် မင်းတရားကြီး၏ စကားမျိုးကို အနောက်လောင်းမင်းတရားလည်း ဆိုခဲ့ဘူး၏၊ အတုလ ဆရာတော်သည် ကျမ်းဂန်ကို သင့်ရုံသာ တတ်၏, နှုတ်ပြော ကောင်းလှ၏၊ အနောက်လောင်းမင်းတရားကြီး တိုင်းပြည်ကို တည်ထောင်ရာဝယ် တိုင်ပင်ဘော် တိုင်ပင်

ဘက် ဆရာဖြစ်၏၊ ပလိုင်းဆရာတော် ကြက်သွန်ခင်း ဆရာတော် တို့ကား ကျမ်းဂန်အရာမှာလည်း တတ်တော်မူကြ ၊ ဝိနည်းသိက္ခာ များကိုလည်း လေးစားတော်မူကြ၏၊ ထို့ကြောင့် အလောင်းမင်း တရားကြီးက “ အတုလ ဆရာတော်သည် ပစ္စုပ္ပန် ( ယခုဘဝ အတွက် ) ဆရာဖြစ်၏၊ နောက်ဆရာတော် ၃ ပါးကား သံသရာ ဆရာတော်( သံသရာအတွက် ဟောပြောစောင့်ရှောက်တော်မူသော ဆရာတော်များ ဖြစ်သည်)”ဟု ပြောဆိုလေသည်။ [ ဤစကားဖြင့် ရှေးက သာသနာ့ဒါယကာမင်းများသည် အရာဌာနအားလျော်စွာ ကိုးကွယ်ခဲ့ကြကြောင်း ၊ ဝိနည်း အရေးအရာကိုလည်း အထိုက် အလျောက် နားလည်၍ ပုဂ္ဂိုလ်အကောင်းအဆိုးကို ရွေးချယ်တတ် ကြကြောင်း ထင်ရှားပေသည်။]

ကြောက်၍တပါးထည်း နေသောဆရာတော်

သာလွန်မင်းတရားကြီးလက်ထက်ဝယ် ဝိနည်းပါဠိတော် အဋ္ဌကထာနိဿယ များကို “ အရှင်ဇမ္ဗုဓဇ ” မည်သော ရွှေဥမင်ဆရာတော်နှင့် တောင်ဘီလာ ဆရာတော်တို့ စီရင်တော် မူကြ၏၊ အခါတပါး၌ တောင်ဘီလာ ဆရာတော်သည် နိဿယ ချင်း တိုက်ဆိုင်ကြည့်လို၍ ပုခန်း – သာဂရပက်ကျဥ်မင်း၌ တောရ ကျောင်းနေသော ရွှေဥမင်ဆရာတော် အထံသို့ အငြိမ့် အရုံ ဂူကွယ် များစွာဖြင့် ကြွလာ၏၊ အလုပ် အကျွေး မိုးသူတော်တယောက်သာ ရှိသော ရွှေဥမင်ဆရာတော်သည် မင်းဆရာ အတွက် ခင်းပေးစရာ ဘာသာများရှိသော ကြောင့် မိမိ ... နေကျဖြစ်သော ဓမ္မ... (သားရေ နယ်) ကို ခေါ်၍ ခင်းပေးရလေသတတ်၊ ပညာရှိ သူတော်ကောင်းကြီး

၂ ပါး အားရဝမ်းသာ နှုတ်ခွန်းဆက်သ ပြီးသည့်အခါ မင်းဆရာတော်က "ပရိသတ် ခြွေရံ နည်းပါးလှပါသည်, ကြောက်တော်မမူပါလား" ဟု မေးလျှောက်၍ "ကြောက်သောကြောင့် ပရိသတ်နည်းနည်းနှင့် နေပါသည်" ဟု ပြန်ပြောလေသည်၊ ထိုအခါ "ဩော်....ငါကား ပရိသတ် အများနှင့် နေသူ ဖြစ်၍ သံသရာရေးကို တွေးကာ မကြောက်ရာ ရောက်ချေပေါ့" ဟု သံဝေဂ ဖြစ်တော်မူ၏၊ ထို့နောက် နိသျှယချင်း တိုက်ဆိုင်ကြည့်ရှုသည့် အခါ မင်းဆရာ နိသျှယသည် ကျယ်ဝန်း၍ ရွှေဥမင် နိသျှယသည် ကျဉ်းသောကြောင့် "နောင်လာ နောက်သားတို့အတွက် အကျဉ်းဖြင့်သာ တော်လောက်ပြီ" ဟု ယူဆ၍ မိမိနိသျှယကို ဧရာဝတီမြစ်မှာ မီးပူဇော်လေသည်၊ ပြန်လာသည့်အခါ ရခဲ့သော သတိသံဝေဂကြောင့် နေထိုင်ရင်းဖြစ်သော စစ်ကိုင်းလေးထပ်ကျောင်းတော်ကြီးသို့ မဝင်တော့ဘဲ တောင်ဘီလာ တောရသို့ကြွ၍ တောထွက်တော်မူပါလေသတဲ့။

သာသနာပိုင် စရစ်ဆရာတော် ပြန်လွန်တော်မူ၍ တူတော် ဖြစ်သော အရှင်သာပုံကို သာသနာပိုင် တင်လေရာ ထိုသာသနာပိုင်သည် ငယ်ရွယ်သူ ဖြစ်၍ ဂုဏ်ပကာသနကို လိုလားဟန် တူ၏၊ အခါတပါး၌ ဆွမ်းခံဝင်သည့်အခါ သိုင်းကိုင်သူ အခြံအရံဖြင့် ဝင်သည်ကို ကြက်သွန်ခင်း ဆရာတော်ကြီးနှင့် တွေ့၍ "ဟဲ့ သာပုံ ဒီနှင်တာန်(ဒုတ်)လောက်ဖြင့် နင့်ကို လူကြောက်မည်တဲ့လား, ကြောက်လောက်အောင် အခြောက်ဆောင်၍ ဆွမ်းခံဝင်" ဟု မိန့်တော်မူလေသည်၊ ထိုသာသနာပိုင်လည်း အရှက်ရ၍ ဝန်ချ

အခမ်းအနား
မကြိုက်သောဆရာတော်

လေ၏၊ မကြာခင်လည်း ပြန်လွှန်တော်မူလေရာ တိလောက ဂုရုဆရာတော်ကို သာသနာပိုင် တင်လေသည်၊ ၌ ကြက်သွန်ခင်းဆရာတော်ကား ခမ်းခမ်းနားနား ဟန်ကြီးပန်ကြီးလုပ်သည်ကို နှစ်သက်တော်မူဟန် မတူ၊ စရစ်ဆရာတော်တို့၏ ပဋ္ဌမစာတော်ပြန် အခမ်းအနားပွဲကိုလည်း ( တပါးနှင့် တပါး အပြိုင်အဆိုင် ပြန်ကြရသောကြောင့်) " စရစ် .... နင်တို့ လက်ဝှေ့ပွဲ မပြီးသေးဘူးလား " ဟု မိန့်တော်မူသတတ်။

ရှေးဆရာတော်များ ကျင့်တော်မူကြပုံ

နံမော် ဆရာတော် အရှင် သာရမဏ္ဍ ဘုရားသည် ဝိနည်းတော်ကို လေးစားတော်မူလှ၏၊ အခါတပါး၌ ကိုယ်တော်၏ ဇာတိ ( ဖွားမြင်ရာ ) ဖြစ်သော မိထိလာ - အုတ်ရှစ်ကုန်းသို့ ကြွတော်မူရာ ခရီးပန်းမည်စိုး၍ ရွာက လှည်းအကြိုလာသော်လည်း "မသွားနိုင်မှ ငါမပြောမည် " ဟု မိန့်တော်မူ၍ ရွာသို့ ရောက်တော်မူသည့် တိုင်အောင် လှည်းစီးတော်မမူ၊ [ သွားနိုင်သေးလျှင် နွားလှည်း မြင်းလှည်း ရထားယာဉ် ( လံချား ) အားလုံးပင် မစီးကောင်း၊ မသွားနိုင်လျှင် နွားထီးပါသော အထီးတပ်သည့် လှည်းစသည်ကို စီးကောင်း၏။ ]

ဒုတိယနံမော်ဆရာတော် အရှင်ဓမ္မပါလလည်း မိုယ်းမရွာ လျှင်မည်သည့်အခါမျှ ထီးဆောင်းတော်မမူ၊ မိုယ်းရွာ၍ ဆောင်းရှင့် ကြုံလျှင် သူတပါးကို ပေးမမိုးစေဘဲ ကိုယ်တိုင် ဆောင်းတော်မူ၏၊ အသုံးအဆောင် အလှအပ အဆင့်အတန်းများကို သုံးစွဲတော်မမူ၊ နေရာခင်းသည်း(စမ္မာသော်ခါ)သားမွေးမိုးအပြင် မရှိသည့်အခါ ပါကိုမပေါက် ၂ စောင်,အဘိဓာန္တာဒမသုတ်, ခုဒ္ဒသိက္ခာတို့ကို မပြန်

ဘဲ မအိပ်၊ နံနက်အခါလည်း ဘာဝနာပွားမှုမပျက်၊ စာသားမပြော ကျွန်းကျင်တော် မူလှ၏၊ ကျမ်းဂန်ကိုလည်း ဆရာကောင်းထံမှာ ချည်း သင်ခဲ့ရသည်။

သီလ ဝိသောဓနီကျမ်းပြု ဆရာတော်၏ ဆရာဖြစ်သော အရှင် အဂ္ဂဓမ္မနှင့် အရှင်သာရဓမ္မတို့လည်း ဝိနည်းကို ရိုသေတော်မူကြ၏၊ သက်နီးမရုံ ဘိနပ်မချွတ်ဘဲ မြို့ရွာတွင်သို့ဝင်လေ့မရှိကြ၊ ထိုခေတ်က ဆင်တဲ ဆရာတော်ကြီးသည် အော့အန်၍ အနံ့ကို ပယ်ခြင်းငှါ ကွမ်းရွက်တောင်းသည်ကို ထုံးရှားစေး ကွမ်းသီးအစုံနှင့် ကပ္ပိယက ကပ်သောကြောင့် “ နေလွဲပြီ မဟုတ်လော, ကွမ်းရွက်ချည်းပေး” ဟု ခပ်မာမာ မိန့်တော်မူသည်၊ ထိုဆရာတော် အစဉ်အဆက်များ သည် ကျောင်းတိုက်အတွင်းမှ တပါး မိုယ်းမရွာလျှင် ထီးကိုလည်း ဆောင်းတော်မမူကြချေ။

အရှင်ဝရဓမ္မကား ရသမျှပစ္စည်းကို ကိုယ်ပိုင်ဟု အမှတ်မထား ဘဲ ကိုယ်သုံးလောက်ရုံယူ၍ သံဃိကချည်း ပြုလုပ်ထား၏၊ တောင် လေးလုံး ဆရာတော်ကား ရသမျှကို စွန့်လှူဘို့ချည်း သဘောထား ၏၊ မင်းရွာဆရာတော် ဆုံတားဆရာတော်များလည်း ထို့အတူပင် တည်း၊ မောင်းထောင်ဆရာတော် ခဲခီးဆရာတော် များလည်း ဝိနည်းသိက္ခာကို ရိုသေတော်မူကြ၏၊ တပည့်တပန်း ချီးမြှောက် ဆောက်ငှာမှုလည်း အထူးဆင်ရှားတော် မူကြပေသည်၊ ထိုခေတ် ဆရာတော် များသည် နိဿယဂ္ဂပါဠိတ်၌ လာသော ရာဇဘောဂ သိက္ခာပုဒ် ဓာတုရူပ ရဇတ သိက္ခာပုဒ်, ကယဝိက္ကယသိက္ခာပုဒ် များကို အထူးစောင့်ထိန်းတော် မူကြသဖြင့် ရွှေ ငွေ စသော အနာ မသာ ပစ္စည်းများကို မခံယူကြပေ။

အရှင် သာရမေ့ဆရာတော်သည် စာရေးဘို့ရာ ပေရွက်ကို အလိုရှိ၍ မိမိမှာရှိသောဖျင်အဝတ်ဖြင့် ရဟန်းတပါးကိုအလဲခိုင်းရာ ထိုရဟန်းက အဖိုးဆစ်မိသောကြောင့် ရလာသောပေကို စွန့်ပစ်စေလေသည်၊ ပေ၌ရေးဘို့ရန် စာရေးဝါးသည့်အခါလည်း ကိုယ်တိုင်မဝါးဘဲ လူကပ္ပိယကိုသာ အဝါးခိုင်းတော် မူပေသည်၊ ဤသို့လျှင် အင်းဝခေတ်၌ ပရိယတ်-ပတိပတ် စွယ်စုံပေါက်၍ မုံသောက်ဇာနီ မဟာထေရ်တို့ တည်ရှိတော်မူကြခြင်းသည် ထိုခေတ် ဗုဒ္ဓသာဝက ဒါကာဒါကမတို့ အတွက် လူ့ဒါန်းသမျှ အကျိုးရှတို့ အကြောင်း ကုံကောင်းခသော အချက်ပါပေတည်း။

**အကောင်းရှိလျှင် အဆိုးရှိ**

ဆုတ်ကပ်ကာလ၌ အကောင်းအဆိုး ဒွန်တွဲ၍ လာခဲ့ရသည်မှာ ထုံးစံမွေ့ဘာကဲ့သို့ ဖြစ်နေ၏၊ ထို့ကြောင့် အရှိလျှင် အပူရှိရသကဲ့သို့ အကျင့်ကောင်း ပုဂ္ဂိုလ်များဆင်ရှားနေသည့်အခါ မကောင်းပုဂ္ဂိုလ်များ လည်း တထောင့်တနားက ထွန်းကားနေကြဉုးမည်မှာ ထူးဆန်းသော အရာမဟုတ်ချေ၊ သို့ဖြစ်၍ ဘုရား ဝိနည်းဒေသတ်တော်၌— "ဆယ်ဝါပြည့်တင်း, ဝိဘင်းနှစ်ဖြာ, ကမ္မာကမ္မ,ခန္ဓကပုဒ်,နာင်ရှပ်ပိုင်ပိုင်, ပဟောပြနိုင်, ကျောင်းထိုင်ငါးအင်္ဂါ"ဟူသည်နှင့် အညီ....

၁။ ရဟန်းဝါ ဆယ်ဝါရမြဲခြင်း,

၂။ ဥဘတောဝိဘင်းဟု ခေါ်သော ပါတိမောက် အကျယ်အကျဉ်းကို နားလည်ခြင်း,

၃။ ကံကြီး ကံငယ် ပြုထုံးကို နားလည်ခြင်း,

၄။ မဟာဝါရီဋ္ဌဝါဒနှင့်ကျွံလာသော အရာများကို
နားလည်ခြင်း၊

၅။ နာမ်ရုပ် တရားတို့ကို နားလည်၍ ဟောပြနိုင်ခြင်း ဟူ ကျောင်းထိုင်ပုဂ္ဂိုလ်၏ ဂုဏ်အင်္ဂါအရည်အချင်းငါးပါးကို အတင်းအကြပ် သတ်မှတ်ထားပါလျက် တဝါရ နှစ်ဝါရနှင့် ကျောင်းထိုင်ကြ၊ တပည့်တပန်း ရဟန်း သာမဏေများကို မွေးမြူကာ ဆရာလုပ်နေကြ၊ တချို့လည်း ဆောင်းလရောက်လျှင် စားပွဲသောက်ပွဲခံ၍ ပကာဘတ်တဲကို အလယ်မှာထားလျက် ဝတ်ပေါင်းကိုယ်စီနှင့် လူသိသူသိ ဝတ်စောင့်ကြလေသည်၊ ထိုသို့ဝတ်စောင့်နည်းကို "ကျောင်းပွဲပုဂ္ဂိုလ်တို့၏ အလေ့"ဟု မဲခီးဆရာတော် မိန့်တော်မူလေသတတ်။

ဝက်သုံးကောင်

ရှေးက ပွဲကျောင်းဂိုဏ်းဟု ဗ. ဂိုဏ်းခေါ်ခဲ့ဘူး၏၊ ထိုပွဲကျောင်း ဘုန်းတော်ကြီးတို့၏ လက်ထက်၌ ကထိန်ဝက်-ဝတ်နေဝက်-မင်္ဂလာသုတ်ဝက်-ဟု ဝက်သုံးမျိုးထင်ရှားသတဲ့၊ ကထိန်ဝက်ဟူသည် — ကထိန်သင်္ကန်း လှူဒါန်းသည့်အခါ ဝက်သားဟင်းဖြင့် ဆွမ်းကပ်ဘို့ရန် ရည်မှန်း၍ အသားတိုးပွားလာအောင် အထူးတလည်မွေးထားအပ်သော ဝက်ကောင်တည်း၊ ဝတ်နေဝက် ဟူသည်ကား-ဝတ်စောင့်သော ရဟန်းတို့အား ကျွေးဘို့ရန် ရည်မှန်း၍ မွေးမြူထားသောဝက်ကောင်တည်း၊ မင်္ဂလာသုတ်ဝက် ဟူသည်မှာ - ကျောင်းထားသော သားကလေး မင်္ဂလာသုတ်တက်ခါနီးလျှင် နတ်တင်ပြီးနောက် ဆရာရဟန်းကိုလည်း ဆွမ်းလှူရန် မှန်း၍ မွေးမြူထားအပ်သော ဝက်ကောင်တည်း၊ ဤသို့လျှင် ပွဲဂိုဏ်းပုဂ္ဂိုလ်ဘို့ လက်ထက်၌ ဝက်သုံးကောင် ထင်ရှားခဲ့သတဲ့၊

**မှတ်ချက်။** ။ဗုဒ္ဓဝိနည်းတော်၌ အသားစားခွင့် ပြုတားသော်လည်း ရဟန်းသံဃာတို့ ရည်မှန်း၍ သတ်အပ်သော အသားဟု ဟာနည်းနည်းအားဖြင့် သိနေလျှင် ထိုအသားကို မစားကောင်းဟု ပညတ်ထားတော်မူချက်ရှိ၏၊ ထို့ကြောင့် ထိုဝက်သားများသည် ထိုရည်ရွယ်ချက်ဖြင့် မွေးထားပြီးလျှင် အချိန်ကျမှသတ်၍ လှူအပ်သော အသား ဟု သိသူတိုင်းပင် မစားကောင်းတော့ချေ၊ ထို့ပြင်-ဝက်စောင့်ခြင်း အလုပ်သည် အထူးအဆန်း ကျင့်ရသော အလုပ်မဟုတ်၊ များသောအားဖြင့် ကာမစိတ်မောဟနှင့် စပ်၍ ခက်ကြမ်းကြမ်းအာ ဟသင့်ရာ, ထိုအာပတ်သည် သာမန်ဒေသနာ ကြားရုံမျှနှင့် မပြေပျောက်နိုင်၊ ဝတ်စောင့်သောအကျင့်ဖြင့် ရဟန်းတော် ခပ်များများကို အသိပေးကာ အရှက်ကွဲ အကျိုးနဲခံ၍ ဖြေမှ ပြေပျောက်သော အာပတ်ဖြစ်၏၊ ထိုအာပတ် ဟန်းလန်းနှင့် သေလျှင် အပါယ်သို့ ရောက်သိုရာ သေချာသလောက်နီးနီး ဖြစ်သော ကြောင့် ထို အပါယ်ကြောက်၍ အာပတ်ဖြေဖျောက်ခြင်းဖြစ်သည်။

ထိုခေတ်က ကမ္ဗာဝါစာရွတ်ပုံ

ကမ္ဗာဝါစာရွတ်ရာ၌ တချို့ကနွားမ၏သားငယ်ကို ခေါ်သံကဲ့သို့ ရွတ်၍ တချို့ကမူ သမုဒြာ ရေဝဲစုတ်သံကဲ့သို့ ရွတ်ကြသတဲ့၊ ထိုရွတ်ဆိုသံမျိုးကို စာကပ်ပေတတ် ဆရာတော်များနှစ်သက်တော်မူကြဟန် မတူ၊ ထို့ကြောင့် မင်းကွန်းဆရာတော်ဘုရားကြီးက “ ၁ ညံ့သည့် အက္ခရာမဟုတ် သူ့ဆိုင်ရာဌာန်သို့ ရောက်လျှင် ပီ၏၊ ဆိုင်ရာဌာန်သို့ မရောက်လျှင် မပီ၊ အသံမဟာစ်လွန်း၍၊ ဟစ်အော်မှ ပီသည် မဟုတ်၊ ၂ မကြာရွတ်အပ်သောအက္ခရာ တမကြာရွတ်အပ်သော အက္ခရာ မကြာခဲ့ရွတ်အပ်သော အက္ခရာတို့ကိုသာ မှတ်၍ ရွတ်”ဟု

မိန့်တော်မူသတဲ့၊ ကမ္ဘာ့ပါစာတို့၌ " ဗုဒ္ဓနာ ဗုဒ္ဓိဆယ်ပါး " ခေါ် ရုပ်ဘတ်နည်း ဆယ်မျိုးကို ကျကျနန နားလည်သူမှ ရုပ်ဘတ်ကောင်း၏၊ နှုတ်ရိုက နားလည်သူပင် ဖြစ်သော်လည်း သတိမထားလျှင် မှားတတ်သေး၏၊ နှုတ်ရိုက နားမလည်သူက ဘဲ့ သတိထားသော်လည်း မှားမည်သာ၊ ထို့ကြောင့် ပေဟားခံ - သိင်္ဂသမုတ်- သရဏဂုံပေးကိစ္စများ၌ သာမန်ပုဂ္ဂိုလ်တို့ အထမြောက်အောင် ရွက်ဆောင်နိုင်ဘို့ မလွယ်ကူကြောင်းကို သီလဝိသောဓနီ၌ သတိပေးထားလေသည်။

နှစ်ပေါင်း တရာကျော်က
သာသနာ့ အခြေအနေကို ပြသော သီလဝိသောဓနီကျမ်းမှ
ကောက်နှုတ်ချက်များ ပြီးပြီ။

× × × ×

## မင်းတုန်းမင်းတရားကြီး၏ သာသနာပြု အမိန့်တော်

[တချို့ကိုသာ ကောက်နှုတ် ဖော်ပြပါသည်။]

ပါဝရလေ စခြင်းနိုင်ကြသည့် ကိုယ်ကျိုးကိုရှဲ၍ မင်းအဖြစ်ကို ယူတော်မူသည် မဟုတ်၊ သီရိမဟာဓမ္မာသောကမင်း အစရှိသော သာသနာပြု မင်းကြီးတို့ကဲ့သို့ သာသနာတော်ကို ချီးမြှောက်တော်မူလို၍ သာသနာနုဂ္ဂဟ ဓမ္မတာ အဖြစ်ကို ယူတော်မူသည်၊ သာသနာတော်၏ တည်ရာ ဝိနည်းတရားတော် ထင်ရှားရှိသည့် အတိုင်း ရဟန်းတော်တို့ ကောင်းမွန်စွာ မကျင့်ဆောင်က သာသနာတော် ညှိုးနွမ်းသည်၊

တယောက်သော အလဇ္ဇီသည် အလဇ္ဇီတထောင်ကို ဖြစ်စေ၍ သာသနာတော်ကို ဖျက်ဆီးနိုင်သည်၊ ထိုအဇ္ဇီတို့၏ အကျင့်များကား—

၁။ ရွှေငွေစသည်ကို အသူခံခြင်း, ကိုင်ခြင်း။

၂။ ထိုခံယူထားသော ရွှေငွေဖြင့် ရောင်းဝယ်လဲလှယ်ခြင်း။

၃။ ရဟန်း၊ အသုံးအဆောင် (သက်နိုး စသော) ပရိက္ခရာဖြင့် ဝါခသည်စသူတို့ထံမှ ပစ္စည်းကို (ကျောင်းသားကပ္ပိယကို အလဲခနိုင်းဘဲ) ကိုယ်တိုင်လဲခြင်း။

၄။ ပန်းသစ်သီးပေးခြင်း စသော ကုလဒူသနအမှု ပြုခြင်း။

၅။ နှစ်ဆယ့်တပါးသော အနေသနအမှုကို ပြုခြင်း။ [နောက်၌သိးခြားပြမည်။]

၆။ ရဟန်းတို့ မသင်အပ် - သင်၍မပေးကောင်းသော ဆင်စီး မြင်းစီးအတတ် စသည်ကို သင်ခြင်း,သင်ပေးခြင်း။

၇။ ရောဂါမရှိဘဲ လှည်း(မြင်းရထား စသည်) ကို စီးခြင်း။

၈။ ရောဂါမရှိဘဲ ဘိနပ်စီး၍ မြို့တွင်း ရွာတွင်း ဝင်ခြင်း။

၉။ ရဟန်းတို့ မစီးအပ်သော အလုံးစုံ ဖြူသော ဘိနပ်, နီသော အသဲကြိုး-မဲသော အသဲကြိုးတပ်သော ဘိနပ်တို့ကို စီးခြင်း။

၁၀။ ဥင်ပြုတော်မှုအပ်သော ရောဂါမရှိ,သမ္မုတိမရဘဲ မြဲကောာ ... (နယ်)၌ ယိုး ဆောင်ခြင်း။

၁၁။ ပြောက်ကျားသော သင်္ဘော ကော်ဇော (ယခုခေတ် ကော်ဇော အမျိုးမျိုး)တရှပ်ကော်ဇောတို့သည် တရားဟော ပလ္လင် ဆွမ်းစားစရပ်တို့၌ လှူ၍ ခင်းပေးသော်၎င်း, မြေပြင် ကြမ်းပေါ် (သမံတလင်းပေါ် စသည်၌) ဘုရားရှိရာ ပြ၍ ခင်းသော်၎င်း, ထိုင်ကောင်း လျှောင်းကောင်း၏၊ (ခတင် စသည်၌ ခင်း၍ အိပ်ခြင်း ထိုင်ခြင်း၎ါ မအပ်၊) သို့ပါလျက် ခဘင်စသည်တို့၌ ခင်း၍ ထိုင်ခြင်း–အိပ်ခြင်း။

၁၂။ ဇာခြင်း, သီဆိုခြင်း, တီးမှုတ်ခြင်း တို့ကို ပြုလုပ်စေခြင်း, ကြည့်ရှုနားထောင်ခြင်း။

၁၃။ လှော်လှေ ပြုပြင်၍ ကစားပျော်ရွှင်လိုသော စိတ်ဖြင့် ထိုမှ ဤမှ သွားလာခြင်း။

၁၄။ ယာဝဇီဝိကဖြစ်သော ထိုနေ့အကပ်ခံအပ်သော ကွမ်းဆေး တို့ကိုနေလွဲသောအခါ အနာရောဂါမရှိဘဲ သုံးဆောင်ခြင်း။

ယင်းသို့ စသော အလဇ္ဇီမှုတို့ကို လွန်ကျူး ကျော်နင်း၍ ကျင့်သူတို့ကို အားပေးအားမြှောက် ပြုစော် လှူဒါန်း သူတို့သည် အလဇ္ဇီနှင့်၊ ပေါင်းဘက်၍ သာသနာတော်ကို ဖျက်ဆီးရောက်သော ကြောင့် ထို ပုဂ္ဂိုလ်များကို ရွှေမြို့တော်မှစ၍ အရပ်ရပ် မြို့ကျေးရွာ နေ လူတို့ ဒ မလှူဒါန်းကြစေနှင့် မြို့ရှင်ရွာရှင်တို့က နိုင်နင်းအောင် တားမြစ်စေ၊ ကိုးကွယ် လှူဒါန်းလိုလျှင် အလဇ္ဇီမှုကို စွန့်စေ၍ ဝိနည်းကိုငြိ ကုသိုလ်မှ ကိုးကွယ် လှူဒါန်းမြဲ လှူဒါန်းစေ၊ သာသနာတော် ဖျက်ဆီးသူတို့ကို အများကြောက်ရွံ့၍ သာသနာ တော် ဘေးရန် ကင်းငြိမ်းအောင် တင်းတင်းကြပ်ကြပ် ဝန်တို့က

စီရင်၊…ထိုးရုံ နန်းရုံ စော်ဘွား မြို့ဝန် မြို့သူကြီးတို့ကို စေ့နှံ့အောင် ပြန်ဆိုမှာထားစေ၊-[သက္ကရာဇ် ၁၂၁၇ ခု, တပို့တွဲလဆန်း ၁၀ ရက်နေ့ ထုတ်ပြန်အပ်သော အမိန့်တော်။]

× × × × × ×

## အနေသန ၂၁ ပါး

[ရဟန်း သာမဏေတို့နှင့် မအပ်စပ် ( မရှာကောင်း) သော ပစ္စည်း ရှာနည်းကို "အနေသန" ဟု ခေါ်၏၊ ထို့ကြောင့် အောက်ပါ အလုပ်များကို ပြုလုပ်ရာ၌ ဒကာ ဒကာမတို့ ပြန်၍ လှူအောင် ပြုလုပ်ခြင်းများ ဟုမှတ်။]

၁။ လူများကို ဆေးကုပေးခြင်း။ [ မိဘ , ကိုးကွယ်ရာမဲ့ ဖြစ်၍ ကျောင်းရောက်လာသူ , ကျောင်းတာဝန် ဆောင်နေသော ကပ္ပိယစသူ, ရန်မူမည့်မင်း,ခိုးသား, ဒါးပြ, သူပုံ, ဤသူများကို ဆေးကုပေးကောင်း၏၊ အခြားသူများကို ဆေးမကုကောင်း။]

၂။ လူတို့၏ စေတမန်လုပ်ခြင်း။(လူတို့ကစေလွှတ်သဖြင့် တရွာမှ တ္ရွာသို့ခရီးရှည်သွား၍ စာပေးစာယူ စကားပေးစကားယူ ပြုခြင်း) [ ရတနာ ၃ ပါးနှင့် စပ်သော ကိစ္စမှ တပါးအခြားကိစ္စ၌ မပြုရ။]

၃။ လူတို့၏ အစေအခိုင်းခံခြင်း။ [ ဟိုနား သည်နား ခရီးအတိုသွား၍ ယူစရာ ငင်စရာကို ယူပေးဘို့ရန် အစေအခိုင်းခံခြင်း။]

၄။ အနာကို ဒါးခွဲပေးခြင်း, ၅-ဆေးသိမ်းပေးခြင်း, ၆-ပျို့အန်ဆေးပေးခြင်း, ၇-ဝမ်းလျှောဆေးပေးခြင်း, ၈-နှာပေးခြင်း,

၉-ဖူက်စဉ်းပေးခြင်း , ၁၀ - ဝါးပေးခြင်း , ၁၁ - သစ်ရွက် (အိမ်မိုးဘိုရာ သက်ငယ် ဓနိစသည် ) ပေးခြင်း , ၁၂-ပန်း, ၁၃ - စားတွယ်သစ်သီး , ၁၄ - ရေချိုးဆပ်ပြာ , ၁၅-ဒန်ပူ (သွားပွတ်တန်), ၁၆-မျက်နှာသစ်ရေ, ၁၇-မျက်နှာချေမှုန့် (ပေါင်ဒါ), ၁၈-မြည်းကပ်ပေးခြင်း။

၁၉။ မိမိကိုယ်ကို အောက်ချခြင်း၊ [ စကားပြောသည့်အခါ မိမိကို အောက်ချ၍ လူတို့ကို မြှောက်ပင့်ပြောခြင်း။]

၂၀။ အနုပ်နည်းပါး မနုပ်များသော ပဲနောက်ဟင်းကဲ့သို့ အမှန်နည်းပါး အမှားများသောစကားကို ပြောခြင်း။

၂၁။ ကလေးထိန်းများကဲ့သို့ လူတို့၏ ကလေးများကို ချီပွေ့ချော့မြှူခြင်း၊

ဤသို့ပြုလုပ်၍ ဒကာ ဒကာမတို့နှင့် အကျွမ်းဝင် အလွမ်းသင့်ဖြစ်ကာ လူလေသမျှ ပစ္စည်းသည့်( ကျောင်းတိုက်ကြီးပင် ဖြစ်စေ) ထို ပုဂ္ဂိုလ်လည်း မအပ် , အခြားရဟန်းများလည်း မသုံးဆောင်ကောင်း၊ ထို့ကြောင့် ဝိနည်းကိုအလွန်ရိုသေသော ပုဂ္ဂိုလ်တို့သည် ယုံမှားသွယ်ရှိသူတို့၏ ပစ္စည်းများကို မသုံးစွဲကြ, ထိုသူတို့ကျောင်းသို့လည်း မသွားလိုကြချေ။

မှတ်ချက်။ ။ပြခဲ့သော အမိန့်တော်ပြန်တမ်းပါ အကြောင်းအရာ တို့ကို မင်းတုန်းမင်းတရားကြီး လျှောက်တောင်းပန်ချက်အရ ရှမ်းကလေးကျွန်းဆရာတော် ရေးသားဘင်သွင်းရော—"သာသနာပိုင် ဆရာတော် , ခမောက် ဆရာတော် , ဘုံကျော် ဆရာတော် ,

ဗားကရာဆရာတော်, ပြည်ဆရာတော်, ဆရာတော်ဦးနန္ဒမာလာ, ထီးလင်းဆရာတော်, သင်္ဂဇာဆရာတော်"၏ သာသနာပြုသုဓမ္မာ ဆရာတော်ကြီးများ သဘောတူညီမှု ထုတ်ဆင့်အပ်သော အမိန့်တော်ပြန်တမ်းဖြစ်ကြောင်းကို "ဓမ္မဝိနယ အမိန့်တော်ပြန်တမ်း" နံပါတ် ၁၅ အရ သိရပေသည်။ ထိုသုဓမ္မာ ဆရာတော်ဘုရားကြီးများ၏ သီးခြားဆင့်ဆိုချက် အမိန့်တော်များလည်း ရှိကြသေး၏။ ထို အမိန့်တော်များအနက် တချို့ကား—

၁။ ဆွမ်းကွမ်း လှူဒါန်းသူ အများတို့၏ သဒ္ဓါတရား ပျက်ပြားအောင် သူတောင်းစားကဲ့သို့ တိုးဝှေ့ချဉ်းနင်း အတင်းခံယူခြင်း။

၂။ သမဏသာရုပ္ပ မရှိ(ရဟန်းတော်များနှင့် မလျော်သောအောင်) သပိတ်ကို ပခုံးထက်၌ တင်ဆောင်းယူသွားခြင်း။

၃။ ကန္တား မလှုပ် စရပ်ဈေးဆိုင် စသည်၌ ခြေလက် တွဲလွဲဖရိဖရဲထိုင်ကာ ရော်တတ်ရာရာ(မဂ်ဖိုလ်နှင့် ဖီလာဖြစ်သော) စကားတို့ကို ပြောဆိုခြင်း။

၄။ ရွာတွင်း မြို့ပြင်ရပ်ကွက်များ၌ လေ့ရေး ပွဲကြ ပြန်ကြသည်ကို ကျောင်းဖြစ်ကြောင်းသလျှင် လူကုန်ကဲ့သို့ ပိုင်းဝန်းကြည့်ရှုခြင်း။

၅။ အပေါ်အင်္ကျီ မဝတ်ဘဲ လျှောက်နှုန်းတော် အိမ် စသည်များသို့ ဝင်ထွက်သွားသော၍ အနာမာသ ဝိသဂ္ဂိယ(ရွှေငွေ) များကို တောင်းခံမိခြင်း။

၆။ ဒါယကာတို့ လှူဒါန်းသည့် ပစ္စည်းဝတ္ထုကိုကို ဒုပ္ပရိဘောဂ (မကောင်းသော သုံးဆောင်ခြင်း)ဖြင့် သုံးစွဲခြင်း။

၇။ စရပ် တန်ဆောင်း စသည်၌ တရားတော်ကို သံရှည်သံလွင် ပြုပြင်ဆွဲငင်၍ သဘင်သည်တို့ကဲ့သို့ ၄ လုံးစပ် သံပေါက်စပ် စသည်ကို စပ်ဆိုဟောပြောခြင်း။

၈။ သုသာန်ဇရပ် စသည်၌ အပင့်အဖိတ် မရှိဘဲ စောင့်၍ အလှူခံခြင်း။

ဤသို့စသော အမှုများကို မပြုမကျင့်ရ၊ ကျူးလွန် ကျင့်ကြံ နေထိုင်သည်များကို တွေ့မြင်ကြားသိ၍ ဘမ်းဆည်းမိလျှင် ကျူးလွန်သူနှင့်တကွ တိုက်ရှင် တာရှင်တို့ကို အပြစ်အလျောက် စီရင်မည်။— သာသနာပြုဆရာတော် ရှစ်ပါး ဆင့်ဆိုအပ်သော အဒိန္နတော်။— ဤသို့လျှင် ကိုယ့်မင်း ကိုယ့်ချင်းနှင့် နေထိုင်ခဲ့ရာ ရှေးအခါ၌ ပြည့်ရှင်မင်းကလည်း အာဏာစက်, မင်းဆရာတော် များကလည်း ဓမ္မစက်ဖြင့် သာသနာတော်ကြီးကို စောင့်ရှောက်ခဲ့ကြသည်မှာ အားရဘွယ် လွမ်းဆွတ်ဘွယ် ကောင်းလှပါပေသည်။

× × × × × × ×

## ပစ္စက္ခသာသနာ့ အခြေအနေ

ကျောင်း ဘုရား

မြန်မာပြည်၏ ရှေးခေတ်သာသနာရေးကို ပြပြီး၍ ပစ္စက္ခ(လက်ရှိ)သာသနာ့ အခြေအနေဝယ် ပြုပြင်သင့်သော (ပြုပြင်၍ ရနိုင်လောက်သော )အချက်များကို ပြပါဦးမည်။ အနော်ရထာမင်းစော လက်ထက်မှ စ၍ သဒ္ဒါမျိုးစေ့ ကျသဖြင့် ယခုအခါ ပေါက်ရောက် စည်ကားနေသော သာသနာတော် ဥယျာဉ်၌ ကျောင်း ဘုရား စေတီ စသည်ထူးပြား သာသနာ့

အဆောက်အဦး သစ်သားကြီးများသည် သူ့ခေတ်သူ့ခါ စိုစိုပြေပြေ ရှိကြပါသော်လည်း မင်းအဆက်ပြောင်းသလောက် ကျောင်းတိုက်များလည်း အဆက်ပြောင်းကာ ထိုက်တန်သော ကျောင်းထိုင်ပုဂ္ဂိုလ်နှင့် ကွဲကွာ၍ မကြာမကြာ ပျက်စီးရှကြရလေတော့သည်၊ မင်းတုန်းမင်းတရားကြီးလက်ထက်၌ အလှူခံကြက်သရေရှိကြသော မန္တလေး တိုက်ကြီးများသော်မှ အနှစ် ၆၀ ကျော် ၇၀ အတွင်းမှာ ဒိုးခင်းပြိုကျ၍ အနိစ္စသဘောကို ဟောပြောနေကြလေပြီ၊ ဗြိတိသျှ အစိုးရလက်ထက်၌ တည်ဆောက်ခဲ့ကြသော တိုက်တာကြီးများလည်း မူလဆရာတော်တို့ သက်တော်ယိုယွင်းလျှင်ပင် သူတို့လည်း ဒိုးခင်း သာလက္ခဏာဖြင့် သာယာဘွယ်မရှိကြတော့ချေ၊ မူလဆရာတော်ကွယ်လွန်ပြီးနောက် ဒုတိယ တဆက်လောက်ဆိုလျှင် သိသိသာသာ အရှိန်အဝါလျော့ကျရသော ကျောင်းတိုက်တွေသာ စေတီတော် ဆင်းတုတော်များကား အလှူန် စည်ကားသော နေရာ၌ တည်ရှိသော တချို့ စေတီတော်များနှင့် အစိုးရ တာဝန်ယူထားသော စေတီတော်များမှတပါး ကျောင်းတိုက်တွေထက်ပင် အညှိအနွမ်း မြန်တော်မူကြသေး၏၊ အချို့ဆင်းတု စေတီတော်များမှာ ဆင်းတုတော် စေတီတော်ဘဝ၌ တည်ရှိကြရသေးသော်လည်း လူသူများ၏ လေးစားရှိသေမှုကို မခံယူကြရသဖြင့် တယ်ထယ်ဝါဝါ မရှိရှာကြပေ၊ ဤကဲ့သို့ ထုတ်ဖော်ပြနေခြင်းဖြင့် "ကျောင်းတိုက်စေတီများကို တည်ဆောက် ကိုးကွယ်ထိုက်သည်" ဟု ဆိုသည်။

စာပြန်ပွဲများ    စာချပေသင်ကြား ပို့ချမှုဟူသော ပရိယတ်သာသနာသည် ယခုအခါ၌ သာသနာတော်၏ အမိက

အလုပ်သဘွယ်    ကြီးကျယ် ထင်ရှားလျက် ရှိပေ၏၊ စာပြန်ပွဲတွေ

ကလည်း ရှေးမင်းများ၏ အမွေဟုခံယူကာ ပိုမို ဤနယ် အသွယ်သွယ်၌ ပေါ်များလှပေ၏။ [ဤနေရာဝယ် "စရစ်…နင်တို့လက်ဖွဲ့ပွဲ မပြီးသေးဘူးလား" ဟူသော ကြက်သွန်ခင်းဆရာတော်၏ စကားသည် စဉ်းစားဘွယ်ကောင်းလှပေ၏။] စာမေးပွဲ ဝင်ရာ၌ သူ့ထက်ငါ သာလွန်စိတ်တွေ များလှချေ၏၊ စာမေးပွဲ လုပ်သူတို့ကလည်း "တပါးနှင့်တပါးအားကျပြိုင်သင်မှ စာတတ်လွယ်သည်" ဟု ယူဆ၍ ၁ နံပါတ်အောင်သူ ၂ နံပါတ်အောင်သူ စသည်ဖြင့် ဆုလာဘ်နှင့်တကွ ချီးမြှောက်ကြသည်၊ မင်းတုန်းမင်းတရားကြီးကား သာသနာတော်ကို အစွမ်းကုန် ချီးမြှောက်သော သူတော်ကောင်းကြီးပင်တည်း၊ ထိုမင်းတရားကြီးသက်ထက်၌ "ပဌမစာတော်ပြန်" ဟူသောဂုဏ်သည် နယ်တုန်အောင် ကျော်ကြား၍ မိဘ ဆွေမျိုးများပင်ဂုဏ်အဘင် ခံရပေသည်၊ ငယ်ရွယ်သူ စာသင်သားတို့ကိုသာ ပဌမပြန်နှင့် မြှောက်သည်မဟုတ်သေး၊ ကြီးရင့်သော ဆရာတော်များကိုလည်း ဘွဲ့တံဆိပ်ဖြင့် မြှောက်ကြ၏၊ ထိုအမြှောက်ခံရသူအားလုံးပင် ပုထုဇဉ်တွေသာများ၍ ထိုဂုဏ်မျိုး ရရှိအောင်အမျိုးမျိုး ကြိုးဆောင်သူတွေလည်း အများအပြား ပါဝင်ရကားတရားလမ်းအတိုင်း ဂုဏ်ရသူတို့သော်မှ "နွားထိုး ငါးကျပ် နွားခံငါးကျပ်" ဖြစ်ကြရလေတော့သည်။

**စာအောင်ပုဂ္ဂိုလ် ချီးမြှောက်ပုံ**

စာအောင်ပုဂ္ဂိုလ်များကို ရှေးခေတ် မှ နောက်ထက်မှစ၍ ယခုအချိန် ကျအောင် ချီးမြှောက်ကြသည်မှာ (စာမေးပွဲအောင်၍ သွေးမြှောက်ခံရသူ့အတွက်) ခြိမ့်သောက်မျှ ကလောက်ပါပေ၏၊ လူဝတ်ကြောင်များကသာ ချီးမြှောက်ကြသည် မဟုတ်သေး၊ ရဟန်းသံဃာချင်း

ကလည်း စာမေးပွဲ အောင်သူကိုသာ အသိအမှတ် ပြုချင်ကြ၏၊ သာမန် ရဟန်း သံဃာချင်းသာ မက , ဆရာတော်များကပင် စာမေးပွဲအောင်သည် ဟု ဆိုလျှင် ချီးမြှောက်ချင်တော် မူကြ၏၊ စာမေးပွဲ မအောင်မီက ဆရာတော်ကြီးများ၏ အသိအမှတ်အပြုကို မခံရသူသည် စာမေးပွဲအောင်လာသည့်အခါ အသိအမှတ်အပြုကို ခံရ၏၊ "ဘယ်လိုနည်းဖြင့် အောင်လာသလဲ" ဟုကား မစဉ်းစား မိကြတော့ချေ၊ ရဟန်းဒကာ ရဟန်းအမ ဆိုသူတို့ကမူ သူတို့ ဦးပဉ္စင်း စာမေးပွဲအောင်မှ ကျေကျေနပ်နပ် ရှိကြ၏၊ ဤစာ ရေးသော ဘုန်းကြီးသည်ပင် စာမေးပွဲအကျိုးအပြစ်ကို စနစ်ကျကျ သိထားသူ ဖြစ်ပါလျက် အထက်တန်း စာမေးပွဲ အောင်ပြီးပုဂ္ဂိုလ်ဟု ဆိုလျှင် အသိအမှတ်ပြုချင်သလိုဖြစ်နေသေး၏၊ ဤမျှလောက် အရှိန် ကြီးနေသော စာမေးပွဲကို ယဉ်ရှယ်သူတွေ ( တရားသည့်ဖြစ်စေ မတရားသည် ဖြစ်စေ) အဘယ်မှာမအောင်လိုဘဲ ရှိချေတော့မည် နည်း၊ "နောင်ခါလာမှ နောင်ခါချေး, အောင်လျှင်ပြီးရော" ဟု သဘောထားကာ အစွမ်းကုန် ကြိုးစားရှာကြတော့သည်သာတည်း။

[ကိုယ်ကျင့်တရားကို "စရဏ" ဟု ခေါ်၏၊]

စရဏမရောက်သမျှ အကျိုးမရ

ဥဒ္ဒါလက ဇာတ်၌ ဥဒ္ဒါလ ရသေ့သည် ဝေဒ သုံးပုံကို တတ်သော ဂိုဏ်းစီးဆရာ ဆရာ ကြီးတည်း၊ သူသည် ဘုရားအလောင်း ပုရောဟိတ်ကြီးနှင့် စကား ပြောကြရာ၌ ပုရောဟိတ်ကြီးက "ဝေဒသုံးပုံကို တတ်ရုံမဆိုထား နှင့်,ဝေဒ အပုံတထောင်ပင် တတ်၍ နေသော်လည်း အကျင့်စရဏ သို့မရောက် သေးသမျှ (အောင်း ကောင်း မကျင့်သေး)ဒုက္ခမှ မလွတ် နိုင်သေးပါ" ဟု ပြောဆိုလေသော်....ရသေ့က "ဒါလိုဆို ... ဝေဒ

ကလည်း ရှေးမင်းများ၏ အမွေဟု ခံယူကာ ဟိုမြို့ ဤနယ် အသွယ်သွယ်၌ ပေါ်များလှပေ၏။ [ဤနေရာဝယ် "စရစ်…နင့်တို့လက်ဇော့ပွဲ မပြီးသေးဘူးလား "ဟူသော ကြက်သွန်ခင်းဆရာတော်၏ စကားသည် စဉ်းစားဘွယ်ကောင်းလှပေ၏။] စာမေးပွဲ ဝင်ရာ၌ သူ့ထက်ငါ သာလွန်စိတ်တွေ များလှချေ၏၊ စာမေးပွဲ လုပ်သူတို့ကလည်း "တပါးနှင့်တပါးအားကျပြီးသင်မှ စာတတ်လွယ်သည်"ဟု ယူဆ၍ ၁ နံပါတ်အောင်သူ ၂ နံပါတ်အောင်သူ စသည်ဖြင့် ဆုလာဘ်နှင့်တကွ ချီးမြှောက်ကြသည်၊ မင်းတုန်းမင်းတရားကြီးကား သာသနာတော်ကို အစွမ်းကုန် ချီးမြှောက်သော သူတော်ကောင်းကြီးပင်တည်း၊ ထိုမင်းတရားကြီးလက်ထက်၌ "ပဋ္ဌာန်းတော်ပြန်"ဟူသော ဂုဏ်သည် နယ်တုန်အောင် ကျော်ကြား၍ မိဘ ဆွေမျိုးများပင် ဂုဏ်အကာင် ခံရပေသည်၊ ငယ်ရွယ်သူ စာသင်သားတို့ကိုသာ ပဋ္ဌာန်းပြန်နှင့် မြှောက်သည်မဟုတ်သေး၊ ကြီးရင့်သော ဆရာတော်များကိုလည်း ဘွဲ့တံဆိပ်ဖြင့် မြှောက်ကြ၏၊ ထိုအမြှောက်ခံရသူအားလုံးပင် ပုထုဇဉ်တွေသာများ၍ ထိုဂုဏ်မျိုး ရရှိအောင် အမျိုးမျိုး ကြိုးဆောင်သူတွေလည်း အများ အပြား ပါဝင်ရကား တရားလမ်းအတိုင်း ဂုဏ်ရသူတို့သော်မှ "နွားထီး ငါးကျပ် နွားမ ငါးကျပ်"ဖြစ်ကြရလေတော့သည်။

**စာအောင်ပုဂ္ဂိုလ် ချီးမြှောက်ပုံ**

စာအောင်ပုဂ္ဂိုလ်များကို ရှေးခေါ်များလက်ထက်မှစ၍ ယခုအချိန် ကျအောင် ချီးမြှောက်ကျသည်မှာ (စာမေးပွဲအောင်၍ သွေးမြှောက်နေသူ့အတွက်) ခြံသောက်၍ ကလောက်ပါပေ၏၊ လူဝတ်ကြောင်များကသာ ချီးမြှောက်ကြသည် မဟုတ်သေး၊ ရဟန်းသံဃာချင်း

ကလည်း စာမေးပွဲ အောင်သူကိုသာ အသိအမှတ် ပြုချင်ကြ၏၊ သာမန် ရဟန်း သံဃာချင်းသာ မက, ဆရာတော်များကပင် စာမေးပွဲအောင်သည် ဟု ဆိုလျှင် ချီးမြှောက်ချင်တော် မူကြ၏၊ စာမေးပွဲ မအောင်မီက ဆရာတော်ကြီးများ၏ အသိအမှတ်အပြုကို မခံရသူသည် စာမေးပွဲအောင်လာသည့်အခါ အသိအမှတ်အပြုကို ခံရ၏၊ "ဘယ်လိုနည်းဖြင့် အောင်လာသလဲ" ဟုကား မစဉ်းစားမိကြတော့ချေ၊ ရဟန်းဒကာ ရဟန်းအမ ဆိုသူတို့ကမူ သူတို့ဦးပဉ္စင်း စာမေးပွဲအောင်မှ ကျေကျေနပ်နပ် နေကြ၏၊ ဤစာရေးသော ဘုန်းကြီးသည်ပင် စာမေးပွဲအကျိုးအပြစ်ကို စနစ်ကျကျ သိထားသူ ဖြစ်ပါလျက် အထက်တန်း စာမေးပွဲ အောင်ပြီးပုဂ္ဂိုလ်ဟု ဆိုလျှင် အသိအမှတ်ပြုချင်သလိုဖြစ်နေသေး၏၊ ဤမျှလောက် အရှိန်ကြီးနေသော စာမေးပွဲကို ယယ်ရှယ်သူတွေ (တရားသည့်ဖြစ်စေ မတရားသည် ဖြစ်စေ) အဘယ်မှာမအောင်လိုဘဲ ရှိချေတော့မည်နည်း၊ "နောင်ခါလာမှ နောင်ခါချေး, အောင်လျှင်ပြီးရော" ဟု သမားသားကာ အစွမ်းကုန် ကြိုးစားရှာကြတော့မည်သာတည်း။

စရဏမ ရောက်သမျှ အကျိုးမရ

[ကိုယ်ကျင့်တရားကို "စရဏ" ဟု ခေါ်၏၊] ဥဒ္ဒါလက ဇာတ်၌ ဥဒ္ဒါလ ရသေ့သည် ဝေဒ သုံးပုံကို တတ်သော ဂိုဏ်းဝိုးဝါယက ဆရာကြီးဘည်း၊ သူသည် ဘုရားအလောင်း ပုရောဟိတ်ကြီးနှင့် စကားပြောကြရာ၌ ပုရောဟိတ်ကြီးက "ဝေဒသုံးပုံကို တတ်ရုံမဆိုထားနှင့်,ဝေဒ အပုံတထောင်ပင် တတ်၍ နေသော်လည်း အကျင့်စရဏသို့မရောက် သေးသမျှ (ကောင်း ကောင်း မကျင့်သမျှ) ဒုက္ခမှ မလွတ်နိုင်သေးပါ၊" ဟု ပြောခဲ့လေသော်...ရသေ့က "ဒါလိုခ သ

တွေဟာ အကျိုးမပြီး အချိန်နှီးတွေဘဲ ဟု ဆိုလိုပါသလား ” ဟု မေးလျှင် ပုရောဟိတ်က “ဓေဒတွေကို အချိန်းနှီးတွေးဘဲ” ဟု မဆိုလိုပါ၊ ဝေဒတတ်ဘော့ “ဝေဒကျမ်းတတ် ပညာရှိကြီး ” လို့ နာမည်ကျော်တာပေါ့, လာဘ်လာဘပေါ၍ အခြွေအရံ များတာပေါ့, ဘယ့်လောက်ပင် နာမည်ကျော်ကြား၍ လာဘ်လာဘ ပေါများသော်လည်း ဒိဟာဘဝသာ နာမည်ကျော်နိုင် လာဘ်ပေါနိုင်တာဘဲ, အကျင့်စရဏ ကိုကျင့်မှသာ လျှင် နောက်နောင်အခါ သံသရာ၌ ချမ်းမှု ရှိနိုင်တယ်-ဟု ပြောလေသည်။

မှတ်ချက် ။ ။ဤဇာတ်တော်၌ ဓေဒသုံးပုံဟူသည် ဗိဒ္ဓကသုံးပုံကဲ့သို့ ဗြာဟ္မဏတို့ အလွန်လေးစားအပ်သော အတတ်ပညာတည်း၊ (ယခုအခါ “ဗေဒင်သုံးပုံ” ဟု ခေါ်သည်၊) ထိုဇာတ်၌ ပုရောဟိတ်ကြီး၏ စကားသည် ယခုအခါ စဉ်ပြန်ပွဲအောင်မှု တခုကိုသာ အဓိကထား၍ ကြိုးစားကြသူများ သတိထားသင့်သော စကားတရပ်ပေတည်း၊ ကျမ်းစာတို့၌ကား “နာမည်ကျော်ကြား လာဘ်ပေါများအောင် စာသင်ခြင်းထက် (ဘာမျှ မလုပ်ဘဲ) အိပ်နေခြင်းက တော်သေး၏” ဟု မိန့်သည်။ [မင်္ဂလမပဏ္ဏာသ, အလဂဒ္ဒူပမသုတ် အဋ္ဌကထာ။]

**စရဏ မပါခြင်း၏ အပြစ်များ** ယေဘုယျစဉ်က စ၍ ဆရာကောင်းများ အထံ၌ ကိုယ်ကျင့် (စရဏ) ကို မျိုးစေ့ရခဲ့သူ များသည် (များသောအားဖြင့်) သာသနာတော်၌ တာရှည် နေနိုင်ကြ, နေသလောက်လည်း မိမိအကျိုး သာသနာ့ အကျိုးကို ဆောင်နိုင်ကြ၏၊ မျိုးစေ့မရခဲ့သူများကား ကိုယ့်ကိုယ်ကို မကြည်ညိုနိုင်ဘဲ တာရှည်နေလိုစိတ်လည်း မရှိကြ, မထွက်သာ၍ အောင့်

အည်းနေရပြန်လည်း မိမိအကျိုး သာသနာကျိုးကို မဆောင်နိုင်ကြပေ၊ ထို့ကြောင့် ကိုယ်ကျင့်မရှိဘဲ သာသနာမှာ တည်တန့်နေသူများသက် လူဝတ်လဲ၍ အပြင်ဘက်က သာသနာရေး အားပေးနေသော လူဥပါသကာများကိုသာ ချီးမွမ်းထိုက်ပါပေသည်။ မှန်၏— လူပြန်တော် ဥပါသကာများသည် မိမိကိုယ်တိုင်က သာသနာမှ ဖဲ့ခွဲခဲ့ကြရသော်လည်း သာသနာတော်၏ အခြေ အမြစ်ကို စနစ်တကျ သိရှိခဲ့ကြရပြီးဖြစ်သောကြောင့် သာသနာဝင်ပုဂ္ဂိုလ်ကောင်းများကို လေးစားဘတ်ကြသေး၏၊ မိမိတို့ တတ်နိုင်သည့် ဘက်က သာသနာရေးကိုလည်း အားပေးတတ်ကြသေး၏၊ လူနှင့်ဆိုင်ရာ ဒါနသီလကို အားထုတ်ခြင်းဖြင့် နောင်သံသရာအတွက်နစ်နာဘွယ် အချက်မှ ကင်းလွတ်စေနိုင်ကြသေး၏၊ ကိုယ်ကျင့်မပါဘဲ သာသနာတော်၌ တည်နေသူကားစိတ်ရင်းမညီ့ပါမူ အခြားသူတော်ကောင်းတို့ကို ကြည်ညို လေးစားခြေ ဖြစ်သော်လည်း သူ့အတွက်ကား မသက်သာရှာတော့ချေ။

စာသင်တိုက်နှင့် စရဏ

ယခုအခါ စာသင်တိုက်များတည်ရှိပုံသည် စရဏကို အားပေးခြင်းထက် ပရိယတ်ကို အားပေးခြင်းက သာလွန်၍ များသကဲ့သို့ဖြစ်နေတော့၏၊ ရှင်းပြဦးအံ့ — ယခုအခါ စာသင်တိုက်များစွာသည် မြို့ကြီးများ၌သာ တည်ရှိ နေကြ၏၊ စာသင်သားများကား ကျေးလက် တောရွာမှ လာရောက်သူများ ဖြစ်ကြ၏၊ စာသင်တိုက်တာများ၌ စာသင်သား အနေရအထွက်သည်း များပြားလှပေ၏၊ တိုများလောက် များပြားနေသော စာသင်သားတွေကို ဆရာတော်တို့သည် နိုင်နိုင်နင်းနင်း ဆုံးမ ချုပ်ကိုင်ရန် မလွယ်ကူလှချေ၊ ထိုအားလုံးကို ဆွမ်း ကျွမ်းစသည်

လုံလောက်အောင် စောင့်ရှောက်ဘို့မှာကား ဆွမ်းတော်ထား၍ ဝမ်းတော်မှ မနိုင့်တနိုင် ဖြစ်နေကြ၏၊ ထို့ကြောင့် "စာသင်သွားမည်" ဟု ကြံစီလိုက်လျှင် (စာသင်တိုက်၏ အခြေအနေကို ကိုယ်တွေ့ကြုံပြီး စာသင်သားကြီးများထံမှ သတင်းကြားဖြင့်၊) ဆွမ်းရေးကို စဉ်းစားရှာကြရတော့၏၊ ထိုအခါ ပေါ့ပေါ့ပါးပါးယူဘို့ရာ (သိက္ခာပုဒ်ဖြင့် အဘင်းအကြပ် တားမြစ်ထားသော) ငွေကိုသာ ရှာကြံကြရလေတော့သည်။

ထိုငွေကို ရပြီးနောက် ငွေကိုကိုင်မည့် ကပ္ပိယကျောင်းသား ခေါ်သွားဘို့ရာလည်း (နေထိုင်ရေး စားသောက်ရေးမှစ၍) တာဝန်လေးလှုံးမည် ဖြစ်သောကြောင့် ခေါ်ဘို့ခဲယဉ်းပြန်၏၊ သို့ဖြစ်လျှင် ကိုယ့်ဝန် ကိုယ်ထမ်း ကိုယ့်လမ်း ကိုယ်သွားဘို့ရာ ကိုယ့်ငွေကို ကိုယ့်သေတ္တာထည်း ထည့်ကာ သိက္ခာပုဒ်တော် ရှိသေပါလျက် မတတ်သာ၍ ငွေကိုလည်း ကိုင်မိရှာပါတော့သည်၊ ပဌမသော် ငွေမကိုင်ကောင်းမှန် သိလျက်မလွှဲသာ၍ ရွံ့တွန့်တွန့်နှင့် ကိုင်မိရှာလေ၏၊ အခေါက်ကြာသည့်အခါ မကိုင်ကောင်းဘူးဆိုတဲ့ စိတ်များမေ့ပျောက်သွားပြီးလျှင် ကိုင်ရိုးကိုင်စဉ် ရဲရဲတင်းတင်း ကိုင်၏၊ မြို့ကြီး ပြကြီးရောက်စဉ် ပဌမသော် ဆွမ်းဆိုင်စသည်မှာ ကိုယ်တိုင်ဝယ်၍မစားဝံ့၊ ရှက်သလို ရွံ့သလိုဖြစ်နေ၏၊ အတော်အသားကျသည့် အခါ "ဒီလိုကိုယ်တိုင် ဝယ်စားရခြင်းသည် စာသင်သားတိုင်း မလွှဲသာသော မတော အလုပ်တည်း" ဟု ထင်လာပြီးလျှင် ဈေးဆိုင်ဟူသမျှသို့ သွားရဲ လာရဲ ဝယ်ရဲ ရောင်းရဲ ဖြစ်ကာ ဈေးသည် ဒကာမကာ အဘက်က မိမိက အဘောက်ကနေ၍ ဈေးဝယ် ဈေးဆစ် ရှာ ကို ရှက်စရာ ဟု မထင်တော့ချေ။

ဈေးသွားရင်း ကြက်ခွပ်စကျွ သိက္ခာပုဒ်ကိုရင်း ချုပ်ငြိမ်ဆွဲနေ စသော သိက္ခာပုဒ်များကိုရင်း မစောင့်စည်းနိုင်တော့သဖြင့် ထိုထို အာရုံများကို မြင်တွေ့ခဲ့ရကား ကျောင်းတော်ရောက်သော် အတွေး ပေါ်လာဘတ်ပြန်၏၊ စိတ်ပြေ လက်ပြေ အဖော်ကောင်းသဖြင့် ပွဲ သွားကြ ပွဲမိ၏၊ ပဌာန်းသော်မကျည့်ကောင်းမှန်းသိလျက် မနေနိုင်၍ ကျည့်မိ၏၊ နောက်၌ကား ရိုး နေလေတော့၏၊ ဤသို့ စသည်ဖြင့် ကိုယ်ကျင့်စာရိတ္တ ဖျက်ချင်စိတ်မရှိကြသော်လည်း နေရာဌာနလိုက်၍ ပျက်ကြရလေ တော့သည်၊ [ အားလုံး စာသင်သားများ ဤနည်း အားဖြင့် စာရိတ္တ ပျက်ကြရသည် ဟု မဆိုလိုသော်လည်း အများ အပြားကား ဤနည်းနှင်နှင် ပျက်ကြရသည်၊ ထူးခြားသော စာသင် တိုက် တချို့နှင့် ထူးခြားသော ဆရာသမားကို မှီခိုကြရသူများသာ ကံကောင်းထောက်မ၍ စာရိတ္တ မပျက်ဘဲ ရှိကြရပေသည်။]

စာသင်တိုက်နှင့် စာသင်ချိန်

များစွာသော မြို့ကြီးတိုက်များ၌ အမျိုးမျိုး အကြောင်း များကြောင့် စာသင်ချိန်လည်း နည်းပါးလှ၏၊ များသောအားဖြင့် ဝါတွင်း ၃ လလောက်သာ ကြိုးကြိုးစားစား သင်ယူရ၏၊ ဝါကျွတ်သည်မှ စ၍ နောက်ဝါဆိုအထိကား ဆရာနှင့် သင်ယူရခြင်း နည်းပါးလှတော့ သည်၊ ဤနည်းအတိုင်းသာ သင်နေကြရသမျှ (၊ ခေတ်အလိုက်) စာတော်ပုဂ္ဂိုလ်တပါး မဖြစ်နိုင်၊ "စာတော်"ဟူရာ၌ မိမိကိုယ်တိုင် ... ဉာဏ် ရှိ၍ ဆရာသမားထံ အနည်းငယ် သင်ယူပြီးနောက် ... ကျမ်းစာများကို ကြည့်ရှု၍ တော်သူ , ပင်ကိုယ်ဉာဏ်လည်း ... မှန်ရှိ ဆရာ အထံ၌လည်း နှစ်ရှည် လများ သင်ယူခြင်းဖြင့် တော်သူဟု ၂ မျိုးရှိ၏၊ ပဌမနည်းဖြင့်တော်သူသည် သူ့အတွက်သာ

တော်၏၊ တပည့်များကို သူ့လိုတော်အောင် ပို့ချတတ်ဘို့ကား မလွယ်ကူချေ၊ ဒုတိယနည်းဖြင့် တော်သူမှာ တပည့်များကိုလည်း တော်အောင် သင်ပြနိုင်၏၊ ယခုအခါ မြို့တိုက်များ၌ ဧဠမနည်းဖြင့် စာတော်သူသာ ဖြစ်ခွင့်ရှိ၏၊ စာသင်ချိန် နည်းပါးရကား ဒုတိယ နည်းဖြင့် စာတတ်သူမှာ အလွန် နည်းပါးပေလိမ့်မည်၊ မှန်၏— များစွာသော စာပြန်ပွဲဘို့၌ စာအောင်ပုဂ္ဂိုလ်များသည် ဆရာ့ထံ အပြ သွင်အစုံ ယင်၍ အောင်သူထက် ဆရာ့ထံအနည်းငယ်သင်ယူပြီး လျှင် မိမိတို့ ဉာဏ်သာ ကြိုးစား၍ အောင်သူတွေသာ များကြလေ သည်၊ ဤအချက်ကို ထောက်၍လည်း အနာဂတ်ကာလ၌ မြို့ကလေး နှင့် ရွာကြီးများဝယ် စာသင်တိုက်များ တည်ရှိစေလိုပေသည်။

စာတတ်ပြီးမှ လူထွက်ကြရပုံ

စာသင်သား ဘဝ၌ အများနှင့် လျော်အောင် ယောကော ယောကော နေထိုင်ကာ ဉာဏ် ဝိရိယအလျောက် စာပေတတ်မြောက်၍ စာပြန်ပွဲ များ၌လည်း ပေါက်ရောက်ပြီးသည့်အခါ ရှေ့ဟောင်း နှောင်းဖြစ် ကို ပြန်၍တွေးကြ၏၊ တချို့သည် မိမိတို့ ကျူးလွန်ခဲ့သော အပြစ် များ၌ ပြစ်မရအောင်(အာပတ် ဖြေသော်လည်း မပြေနိုင်အောင်) လွန်ကျူးခဲ့သောကြောင့် နှောင်တ-ရကာ လူဝတ်လဲကြရ ရှာ၏၊ ရဟန်းတော်ကလေး တပါးကား ဝိနည်းကို မသင်ရမီက လွန်လာ သော အပြစ်ကို ဝိနည်းသင်ကာမှ ပြင်မရတော့ဟု သိရ၍ ချုံချုံး ချလျက် ငိုရရှာလေသတဲ့၊ [ယခုကာလ၌ ရထားသင်္ဘောများဝယ် ကျသင့်သော နှုန်းကို မပေးရအောင် ကြံဆောင် ယူသွားသဖြင့် ကြီးမားသော ဝိနည်းအပြစ်ကို ရတတ်၏။ ]တချို့ စာတတ်ပြီးသူ များကား မိမိပြုမိခဲ့သော အမှုများက ကျူးကျူးလွန်လွန် မဟုတ်

သော်လည်း ပေါ့ပေါ့နေမှုက အသားကျနေသဖြင့် ရဟန်းသိက္ခာကို စောင့်စည်း၍ တနည်းပြုပြင်ကာ ကျန်ခဲ့အောင်နေနိုင်ဘို့ခဲယဉ်းလှသောကြောင့် "လူ့ဘဝဖြင့်ပင် သာသနာတော်ကို ကြည်ညိုချီးမြှောက်တော့မည်" ဟု လူထွက်ဘောင်သို့ ပြောင်းရှာကြ၏၊ စစ်အတွင်း၌ကား "ကမ္ဘာကြီးတောင် အပြောင်းအလဲ ရှိသေးတာဘဲ ရဟန်းဘဝမှ လူ့ဘဝပြောင်းဘို့ဟာ ဘာခဲယဉ်းတော့သလဲ" ဟု စိတ်ရဲကာ ဂျပန်ခေတ် ရှာလွယ်ချိန်မှာ အများအပြားလူ့ဘောင်သို့ပြောင်းကြလေသည်၊ မည်သို့ပင် ဖြစ်စေ ရဟန်းဘဝ၌ပေတေနေသူများထက် လူ့ဘဝပြောင်းသူများကို (သာသနာရေးနှင့် စီးပွါးရေးကို ကြည့်လျှင်) ကျေနပ်ထိုက်ပါသည်။

**အထင်သေး ခံနေရပုံ** ဒုတိယ ကမ္ဘာစစ်ကြီးဖြစ်မှ အတော်ကြာလောက်ကစ၍ များစွာသော ဒကာ ဒကာမတို့သည် ရဟန်းတော်များ အပေါ်၌ အထင်မကြီးကြ တော့ချေ၊ ထိုသို့ အထင်မကြီးရာ၌ ရဟန်းငယ်များအပေါ် အထင်မကြီးပုံနှင့် ဘုန်းတော်ကြီး ဆရာတော်ကြီးများ အပေါ် အထင်မကြီးပုံ မတူတတ်သေးချေ၊ ရဟန်းငယ်များ အပေါ်၌ မြို့ထဲလှည့်လည်ပတ်ခြင်း, ပွဲလမ်းသဘင် ကြည့်ရှုခြင်း, သွားလာနေထိုင်ပုံ မသပ္ပါယ်ခြင်းကြောင့် အထင်သေးကြ၏၊ သို့ရာတွင် သာသနာတော်ကို အဘွင်းကျကျ ကိုးကွယ်သူ အချို့ကမူ "စာသင် နေ...ဘာ ရလျှင် တော်...ရာပ, နောင်ခါ ကြီးတော့ ပြုပြင်နေပါလိမ့်" ဟု မြော်လင့်...ဖြေနိုင်ကြပါသေး၏၊ ကျောင်းထိုင်ဘုန်းတော်ကြီးများ အပေါ်၌ကား ရပ်ရွာ နယ်ပယ် ဒကာ ...တို့ကို ယဉ်...အောင် မဆုံး...နိုင်ကြ... ကပည့်ရဟန်း သာမဏေ ကျောင်း...

များကို ယဉ်ကျေးအောင် ဧဝကတ်အောင် ဖေသင်ပြနိုင်ခြင်း,ပစ္စည်းရှိသော ရပ်သူရွာသားတို့နှင့် အလှူမ်းသင့် ဖြစ်အောင် ဆက်ဆံပေါင်းသင်းခြင်း , အဓောင်းအရမ်း အခွဲအခန်း များပြားခြင်း , ကျောင်းကလေး ထိုင်ရလျှင် ဟုတ်ဟုတ် မဟုတ်ဟုတ် အပင့် ဒဲမိတ်ခံရမြဲဖြစ်သောကြောင့် ကျောင်းရအောင် ကြိုးစားကြခြင်း , ထိုသို့ကျောင်းထိုင် ဖြစ်အောင် လိုလားသဖြင့် ဘုန်းကြီးအားပြန်တော်မှုလျှင် ရှုံးရောက်လောက်အောင် ကျောင်းလုပွဲဖြစ်ခြင်း , ဤသို့စသော အပြစ်များ ကြောင့် အထင်သေးကြလေသည်၊ မြို့ကြီး တမြို့ရှိကျောင်းဒါယကာ အယံသို့"ဘုန်းကြီးက ကား လွှတ်လိုက်စမ်းပါတဲ့" ဟု ကျောင်းသားကလေး လာ၍ပြောရာ " မလွှတ်နိုင်ဘူးကွ "ဟု အော်ပြောပြီးလျှင် အနားရှိသော ဘုန်းကြီးတပါးက လှည့်၍ "သွားရော အလုပ်များလို့ ကားဝယ်ထားဒါ , ဘုန်းကြီးတွေက ခဏခဏ လာနောင်းတယ် " ဟု ညည်းညူသော အပြောဖြင့် ပြောသတတ်၊ အခြား မြို့တမြို့မှ အရာရှိကြီးကား အထက်မြို့မှ ခေတ္တကြွလာသော ဆရာတော်ထံ လည်ပတ်ဘို့ရန် ကားလွှတ်ပြီးနောက်"ကယ်...ဘုန်းကြီးများ အလိုက် မသိကြ၊ နောင် ကား ပြန်မပို့ပေးဘူး" ဟု အခြားအရာရှိ တဦးအား ညည်းတွားလေသတတ်၊ ဤသို့စသည်ဖြင့် အာဏာကျန်းလူများလည်း အထက်တန်းဆရာတော်များ ကို အထင်သေးကြကြောင်း သိရလေ၏။

ဝါဓမ္မဘက် နှင့်လည်း အထင်ကြီး မခံရ

မိမိကို ဘုန်းကြီးဘဝမှာ သူများပေးမှ စားရ သောက် နေထိုင်ရသော ဘဝမျိုးဖြစ်၍ ပစ္စည်းပေါ်ပါးသောက်၌ ( အဓောင်းအရမ်း များလှတို့ အပေါ်ဝယ် ) ပစ္စည်းရှင်တို့ အထင်အမြင် သေးခြင်း

ခံကြရသည်မှာ မထူးဆန်းလှပါ၊ အသက်နှင့် အမျှ ပညာဆည်းပူးရသော ဘဝဖြစ်၍ ပညာရေးဘက်၌မူ အများအပြားပင် အထင်သေးခြင်း မခံရထိုက်ပါ၊ သို့ရာဝယ် " ဘုန်းကြီးများ ပါဠိဘက်၌ ကျွမ်းကျင်မှု နည်းပါးကြောင်းကို စာပြန်ပွဲ၌ ပါဠိဘာသာဖြေဆိုပုံကို ကြည့်၍ သိနိုင်ပါသည် "ဟူသော ပဋ္ဌမပြန် ကော်မတီတဦး၏ စကားဖြင့် ပါဠိ ဘာသာဘက်၌လည်း အထင်သေး ခံနေရကြောင်း သိရပါသည်၊ ဤသို့ အထင်သေး ခံရခြင်းနှင့် စပ်၍ ပါဠိဘာသာ နိုင် မနိုင်ကို မိမိတို့ကိုယ်တိုင် အောက်ပါ အချက်များဖြင့် စဉ်းစားသင့်ကြ၏။

၁။ ပါဠိဘာသာကို သဒ္ဒါနည်းလဲ မှန်၍ ပါဠိသွားနည်းလဲ ကျအောင် ရေးနိုင် ပြောနိုင်သလား။

၂။ ပါဠိတော် အဋ္ဌကထာများကို ကြည့်ရှုပြန်လျှင် ( မြန်မာဘာသာလို)ရှင်းရှင်း လင်းလင်း နားလည်ရဲ့လား။

၃။ နှစ်ပေါင်းများစွာ ပါဠိဘာသာကို သင်ယူနေကြပါလျက် မပြောနိုင် မရေးနိုင်ကြပါလျှင် ပါဠိသင်နည်းကို မပြင်ဘဲ နေယိုက်ပါသလား။

နောင်အခါ
သာ၍အထင်သေးဘွယ်

လာမည့်ခေတ်ကား ပြောတိုင်းယုံမည့်ခေတ် မဟုတ်တော့၊ မှားသည်ဖြစ်စေ မှန်သည် ဖြစ်စေ စဉ်းစား ဝေဖန်လိုသော ပညာခေတ် ကြီးတော့မည်၊ ယခုခေတ် [illegible]ရေး လူကြီးသူမတို့ကဲ့သို့ "[illegible]ကောင်း[illegible] [illegible]သူ ယိုက်နှင့်သူ [illegible]" ဟုလည်း [illegible]သော ကြီးကြီး ထား[illegible]တော့မည် မဟုတ်၊ သူတို့ သင်ယူထားသော

ဆင်ခြင် စဉ်းစား ဉာဏ်ကို အရင်းခံ၍ အရေးရာ၌ ဝေဖန်ကြတော့မည်၊ ထိုအခါကျမှ ရဟန်းတော်များသည် သတိရ၍ ပြုပြင်ကြလျှင် အပြင် နောက်ကျ၍ အကျိုးရ နည်းပါးမည့်ပြင် “ အာဏာပိုင် အစိုးရတို့က ( သို့မဟုတ် လူဝတ်ကြောင်များက ) ပြုပြင်ပေးမှ သာသနာရေး အကျိုးကျလာသည် ” ဟူသော အကြောင်းအရာသည် ရာဇဝင်မှာ စာတင်ရာ ဖြစ်ရစ်တော့မည်၊ ထို့ကြောင့် မိမိတို့၏ အနာဂတ်သာသနာရေးကို မိမိတို့သာလျှင် စတင်၍ ပြုပြင်သင့်ကြပါ[illegible]။

\+ \+ \+ \+

## ကဿပရှင်တော်၏ နောက်ပိုင်းသာသနာ

**တောင်ထိပ်တက်၍ တရားကျင့်ပုံ**

ကဿပ ဗုဒ္ဓရှင်တော် ပရိနိဗ္ဗာန် စံတော်မူပြီး နောက် ကာဖြေးဖြေး သာသနာတော် ဆုတ်ယုတ် လာသည့် အခါ ရဟန်းတော် ၇ ပါးသည် သိက္ခာပုဒ်တော်ကို မလေးမစား ပြုနေကြသော အခြားရဟန်းများကို မြင်၍ “ဣဓ ကိံ ကရောမ= ဒီမှာ ဘာလုပ်ကြတော့မှာလဲ, ကော မနေ့ သမဏဓမ္မံ ကတွာ ဒုက္ခဿန္တံ ကရိဿာမ=သင့်တော်သော နေရာ၌ ရဟန်းတရားကို အားထုတ်၍ ဒုက္ခဆုံး အောင် ပြုကြစို့ရဲ့” ဟု တိုင်ပင်ပြီးလျှင် တောင်ထိပ်သို့ လှေခါးဖြင့်တက်၍ အထက်ရောက်မှ လှေခါးကို ကြိုးဖြတ်ချလေ၏ တရားကို အခါမပြတ် အားထုတ် ကြလေရာ, ရဟန္တာ တပါး ဖြစ်၍ အနာဂါမိ တပါး ဖြစ်လေသည်၊ ကျန် ၅ ပါးကား သိသရှု၌ ကျင်လည်ကြပြီးလျှင် ဝါလို ဗုဒ္ဓ၏

လက်ထက်တော်၌ တပါးသည် ဗေဏ္ဏုသာတိမင်း , တပါးကား ကုမာရကဿပထေရ် , တပါးကား ဗာဟိယဒါရုစိရိယထေရ်, တပါးကား မလ္လာမင်း၏သား အရှင်ဒဗ္ဗ, အခြားတပါးမှာ သုပ္ပိယ ငန်မင်းမှ ဖြစ်လာ၏ ဟု ( ဓမ္မပဒအဋ္ဌကထာ - ဗာဟိယဒါရုစိရိယ ဝတ္ထု၌ ) တွေ့ရသည်၊ [ ဤဝတ္ထု၌ ကဿပ ရှင်တော်၏သာသနာ နောက်ပိုင်းဝယ် ရဟန်းအများပင်သိက္ခာပုဒ်တော်ကို မလေးမစား ပြုချိန်၌ သူတော်ကောင်း ပုဂ္ဂိုလ်တို့မှာ သူတို့နှင့် အတူမနေသာ အောင် ဖြစ်လာပုံကို သတိပြုပါ။ ]

သကြား သာသနာပြုပုံ

ကဿပ ဗုဒ္ဓရှင်တော် ပရိနိဗ္ဗာန် စံတော်မူပြီးနောက် အတော်ကြာ၍ သာသနာတော် အဆုတ်ယုတ်ကြီး ဆုတ်ယုတ်လာသည့် အခါ ရဟန်း တို့သည် မသင့် မတော်သော ပစ္စည်းရှာနည်း ၂၁ မျိုးတို့ဖြင့် ပစ္စည်းရှာ၍ အသက် မွေးခမ်းကြောင်း ပြုကြ၏၊ [ ၂၁ မျိုး ကို ရှေ့၌ "အနေသန" ဟူသော နာမည်ဖြင့် ပြခဲ့ပြီ၊ ] လူဝတ်ကြောင်များနှင့် ရောနှော ဆက်ဆံမှု များကြကုန်၏၊ တချို့ကား သားသမီးတွေပင် ရှင်နှကြကုန်သတဲ့၊ ဥပါသကာဆိုသူ ( ဘုရားဒကာ ကျောင်းဒကာလို ) လူသူတော် ကောင်းများကလည်း ဥပါသကာကျင့်ဝတ်ကို မကျင့်ကြတော့ကုန်၊ များသောအားဖြင့် လူသတ္တဝါများတို့သည် အကုသိုလ် ဒုစရိုက်ကို ကျင့်ကာ အပါယ်ရောက်ရသူတွေသာ များ၏ ... ပြည့်၍ နယသစ် နည်းပါးလေရကား သကြားမင်းသည်လူတို့ဖြစ်ပုံကို ဆင်ခြင်သည့် အခါ သာသနာ... ဆုတ်ယုတ်ပုံမှစ၍ ... အကုသိုလ် လိုက်စား... ရလေသည်၊ ထိုအခါ မာတလိနတ်သားကို ... နက်ကြီး ... အောင်စေ၍ မိဂဒါး မှုဆိုးကြီးဟန် ... နှ်ဆင်း

လျက် လေးလက်နက်ကို စွဲကိုင်ပြီးလျှင်" ကမ္ဘာလောကကြီး ပျက်စီးပေါ့, ကမ္ဘာလောကကြီး ပျက်စီးပေါ့"ဟု အသံကျယ်ကြီးဖြင့် ဟစ်အော်ကာ ဥယျာဉ်ကမင်း၏ နေရာ ဗာရာဏသီဘက်သို့ ဆင်းသက်လာလေသည်၊ လူအားလုံး ကြောက်ရွံ့ ထိတ်လန့်ကြသော်လည်း ရှင်ဘုရင်ကား မြို့သူမြို့သားတို့ သက်သာရာရအောင် မကြောက်ဟန်ဆောင်၍,"အိုနတ်သားကြီး….ဘာကြောင့် အသင့်မြွေးကြီးက ဟိန်းပါသနည်း"ဟု မေးလေသည်။

ထိုအခါ"လူ့လောက၌ မတရားပြုကျင့်နေသော ရဟန်း ရှင်လူခပ်သိမ်းသူတို့ကို စားလို၍ ဟိန်းသည်" ဟု ပြောပြီးလျှင် လူအများတို့ အံ့သြအလွန် ထိတ်လန့်နေကြသည့်အခါ မုဆိုးအသွင်ကို စွန့်၍ ကောင်းကင်၌ နတ်အသွင်ဖြင့်တည်နေကာ မိမိသကြားဖြစ်ကြောင်းနှင့်, လူ့လောကကြီးတခုလုံး တရားပျက်လွန်လို့ လာခဲ့ရကြောင်း, လူတွေသင့်ကိုင်း နတ်ပြည်ခရီးဘဲ အပါယ်အရောက်များကြောင်းတို့ကို ပြော၍ တရားဟောပြီးလျှင် နတ်ပြည်သို့ ပြန်သွားလေသည်၊ ထိုအခါမှ ရဟန်းများလည်း ကိုယ်ကျင့်တရားကို ပြုပြင်ကြသောကြောင့် ဆုတ်နစ်နေသော သာသနာတော်သည် အနှစ်တထောင်လောက် ပြန်၍ တိုးတက်ကောင်းမွန်လာပြီးလျှင် ဥပါသကာ ဓသော လူသူတော်ကောင်းများလည်း ဒါနသီလများကို အားထုတ်ကြ၍ နတ်ပြည်ရောက်ကြလေသည်။….[မဟာကဏှဇာတ်။]

**မှတ်ချက်။** ။ဇာတ်ကြောင်း၌ အလွန်ယုတ်လျော့နေသော သာသနာတော်ကို တဘန်ထပ်၍ ပြုပြင်ကာ ရဟန်း ရှင်လူတို့ ကောင်းမွန်လာအောင် ကြည့်သည့်အခါ သာသနာသည် ပြန်၍ အနှစ်တထောင် ကြာအောင် ကောင်းလာကြောင်းကို တွေ့ရသောကြောင့် မည်သည့်အခါမဆို သာသနာတော်

အဆက်မပြတ်သေးသမျှ(ပါရာဇိကမကျသူ ၅ ပါးလောက် ရှိသေးသမျှ) သာသနာ အသက်ပြည့်နိုင်ကြောင်းကိုရင်း ၊ သာသနာတော် ကောင်းမှ လည်း ကိုးကွယ်သူ လူအပေါင်းတို့ ကိုယ်ကျင့်တရား ကောင်းနိုင်ကြောင်း ကိုရင်း ၊ သိရပေသည်၊ ထို့ကြောင့်—တောင်ထိပ်သို့တက်၍ သူတော်စင် အရှင် ကောင်း ၇ ပါးတို့ တရားအားထုတ်မှုလည်း ထိုသို့ သာသနာတော် ဆုတ် ယုတ်ချိန်မျိုး ဖြစ်ပေလိမ့်မည် ဟု ခန့်မှန်းရပေသည်။

**ဂိဇ္ဈကုဋ် ပြဿနာများ**

ငါတို့မြတ်စွာဘုရားလက်ထက်တော်၌ ရာဇဂြိုဟ်ပြည် အနီး ဂိဇ္ဈကုဋ် တောင်ကြီးဝယ် မုဂ္ဂလ္လာန်တကွ ရဟန်းတော်များ သီတင်းသုံးတော်မူနေလေ့ရှိကြ၏၊ အခါတပါး၌ အရှင် လက္ခဏနှင့် မဟာမောဂ္ဂလ္လာန်တို့သည် တောင်ပေါ်မှ ဆွမ်းခံ ဆင်းလာကြလေသော်, တနေရာ၌ အရှင်မဟာ မောဂ္ဂလ္လာန် သည် တန်ခိုးဖြင့် ဆင်မြင်တော်မူလေရာ လွန်စွာ ထူးဆန်းသော ပြိတ္တာတွေကိုမြင်လေသည်၊ ထိုအခါ "မိမိမှာ ဤပြိတ္တာအဖြစ်မျိုးမှ လွတ်ရလေပြီ" ဟု တွေးရှုရင်း, ကံ၏အကျိုးပေးပုံသည်(ကိုယ်တွေ့ မဟုတ်လျှင် ပြောရုံမျှဖြင့် မယုံနိုင်ကြအောင် ဆန်းကြယ်ရကား)မကြံစီ အပ်မကြံစီနိုင်" ဟု ဟောတော်မူသော ဗုဒ္ဓဘုရားတော်ကို သတိ ရ၍ရင်း ပြုံးတော်မူ၏၊ ပြုံးတော်မူခြင်း၏ အကြောင်းကို အရှင် လက္ခဏ မေးသည့်အခါ၊ "ဗုဒ္ဓရှေ့တော်မှောက်မှ မေးပါ" ဟု ပြောသဖြင့် ဆွမ်းစားပြီးနောက် ဗုဒ္ဓရှေ့တော်မှောက်၌ ထိုအကြောင်း ကို မေးလေသော်, "အရှင်လက္ခဏ...ယနေ့ ဂိဇ္ဈကုဋ်တောင်မှ ဆင်းတွင် ကျောက်... ပြိတ္တာကို မြင်ခဲ့ရသည်၊ သူ၏ သင်္ကန်းများလဲ မီးတောက်လို့, သပိတ်ကလဲ မီးတောက်လို့, ခါးပန်းကြိုးကလဲ မီးတောက်လို့, တကိုယ်လုံးလဲ မီးတောက်လို့, သူ၏ ပါးစပ်...

ကေလာသါယူပါ ဘစောေဒနှင့် နှာကျင်းသံကို အော်နေရှာတယ်၊ ထို ရဟန်းပြိတ္တာကို မြင်ရတဲ့အခါ " အော်…… အံ့သြစရာကောင်းပါ ပေစွ, ဒီလိုသတ္တဝါမျိုးရှိမှ ရှိရလေတယ်" ဟု တွေးမိတဲ့အကြောင်း ကို မပြောပြလေသည်။

ထိုအခါ ဗုဒ္ဓရှင်တော်မြတ်သည် အခြားရဟန်းများကို မိန့်တော် မူသည်မှာ— ငါ၏ သာဝကတို့သည် မျက်စိအမြင် (ဉာဏ်အမြင်) ကျယ်ကြပေစွ၊ သာမန်စက္ခုဖြင့် မမြင်နိုင်သော အရာကို မြင်နိုင်ကြ ပေစွ, ထိုသတ္တဝါတွေကို ရှေး( ဗုဒ္ဓဖြစ်ခါနီး )ဒိဗ္ဗစက္ခု အဘိညာဉ် ရသည်နှင့်ငါ မြင်ခဲ့တော်မူခဲ့၏၊ သို့သော် ငါ့စကားကို မယုံလျှင် မယုံသူမှာ အကျိုးမဲ့ဖြစ်စရာရှိသောကြောင့် မည်သူ့ကိုမျှ မပြောဘဲ နေခဲ့၏၊ ထိုသတ္တဝါတွေသည် ကဿပဗုဒ္ဓသာသနာတော်၌ ယုတ်မာ သော ရဟန်းဖြစ်ခဲ့ကြဘူး၏။ ထိုမကောင်းမှုကြောင့် ငရဲ၌ အနှစ် သိန်းပေါင်း များစွာ ခံရပြီးမှ ပြိတ္တာဖြစ်လာကြရသည်။ [ အရှင် မောဂ္ဂလ္လာန်သည် ဘိက္ခုနီပြိတ္တာ, သိက္ခမာန်ပြိတ္တာ, သာမဏေ, သာမဏေမ ပြိတ္တာများနှင့် လူပြိတ္တာအမျိုးမျိုးတို့ကို မကြာခဏ ဂိဇ္ဈကုဋ်တောင်၌ မြင်ရကြောင်းကို ဗုဒ္ဓရှေ့မှောက်မှာ လျှောက်၍ ယို အတိုင်းပင် ဗုဒ္ဓရှင်တော်ကလည်း သူတို့၏ ရှေးမကောင်းမှုများကို ဟောပြတော်မူသည်…… လက္ခဏသံယုတ်ပါဠိတော်။]

မဂြိုလ်ချင်ခက်ဘွယ် ကဿပရှင်တော်မြတ်၏ နောက်ပိုင်း သာသ နာဝယ် ကောင်းပေါ်တက်၍ ရဟန်းတော် ၇ ပါး တရားကျင့်ကြပုံ, မဟာကဿပ ဓာတ်တော်၌ သကြားမင်း ကိုယ်တိုင် သာသနာတော်ကို ပြုပြင်ခဲ့ရပုံ, ထိုစဉ်က ကိုယ်ကျင့်

မကောင်းသော ရဟန်းသာမဏေတို့ ငရဲကျ၍ ငရဲမှ လွတ်ပြီးနေ့ံ ဂိဠ္ဍကုဋ္ဌ်တောင်၌ ပြိတ္တာဖြစ်နေကြပုံကို ကောက်ချက်ချလိုက်သည့် အခါ ဤဗုဒ္ဓရှင်တော်မြတ်၏ သာသနာတော် နောက်ပိုင်း၌ နေထိုင်ရသော ငါတို့သည် အားလုံး အကောင်းတွေချည်း ဖြစ်အောင် မပြုပြင်နိုင်စေကာမူ ပေါင်းသင်းသူချင်းကျေကျေနပ်နပ် အကောင်းချည်း ဖြစ်ဘို့ရာ ပြုပြင်သင့်ကြပေသည်၊ "ထိုသို့ ပြုပြင်၍ မဖြစ်နိုင်တော့"ဟု ဆိုလျှင် မတိုးတက်နိုင်သောသာသနာကို ပြုပြင်နေရန် မလို၊ ကိုယ်လွတ် ရုံးကြဘို့သာ တာဝန်ရှိပေတော့သည်၊ ထိုသို့မှ ကိုယ်လွတ် မရုံးနိုင်လျှင် မိတ်ဆွေ ကိုယ်တော်ကြီးတပါး ပြောသလို နောက်ဘဝနေရာကို သေချာအောင် စိစဉ်ရပေလိမ့်မည်၊ စာသင်သား ဘဝတုန်းက ကိုယ်တော်ကြီးတပါး ပြောပုံကား— "ဟော့... ငါသေလို့ စာပေးချင်လျှင် ( အဝိစိဒိဧတြိတ် , သိဋ္ဌြဝ်းငရဲ အပိုင် ဂိဠ္ဍကုဋ္ဌ်တောင် , ဇောင်ချမ်းပင်အောက် ) လို့ လိပ်တပ်လိုက်ပေတော့"-ဟုသည်တည်း။

နိဂုံး　ဤ စတုတ္ထအခဏ်း၌ မြန်မာပြည် သာသနာဝင် အစဉ် အဆက်ကို အကျဉ်းအမြွက်မျှ ပြ၍ ကဿပ ဗုဒ္ဓရှင်တော် မြတ်၏ သာသနာနောင်ပိုင်းအဖြစ်အပျက်ကိုလည်း ပြခဲ့ပြီ၊ "မိန်းမနဲ့သီး အပိုင်းပုတ်နေလျှင် အကောင်းပိုင်းသည် အပုတ်ကို အကောင်း ပြန်ဖြစ်လာအောင်မစွမ်းဆောင်နိုင်ဘဲ သူသားလျှင် အပုတ်ဘက်သို့ ပါရတော့သကဲ့သို့ သာသနာဝင် အရှင်ကောင်းများကလည်း မကောင်းသူတွေကို အကောင်း ဖြစ်လာအောင် မတတ်နိုင်ဘဲ အကောင်းတွေသာလျှင် မကောင်းဘက်သို့ ပါရတော့မည်ကဲ့သို့ ဖြစ်ခဲ့ချေပြီ" ဟု ဆရာတော်ကြီးတပါး မိန့်တော်မူရှာပေသည် ဤ

စာရေးသူ၏ကလေးဘဝမှ ယခုအရွယ်ကျအောင် ဗုဒ္ဓရှင်တော်၏ သာသနာတော် ဆုတ်ယုတ်လာပုံမှာ မျက်မြင်အားဖြင့် ထင်ရှား လှပေသည်၊ ယခုနှယ်က ပြုပြင်တားဆီးမှု မရှိပါမူ အတော်ကြာလျှင် ကဿပ ရှင်တော်မြတ်၏ နောက်ပိုင်း သာသနာ အခြေအနေ တိုင်အောင် ပျက်စီးသွားမည်ကို စိုးရိမ်ကြရ၏၊ ယခုအခါ နေလ အသွင် ထင်ရှားတော်မူကြပေသော သာသနာ့ဝန်ဆောင် ဆရာတော်များလည်း ၆၀ အရွယ်တော် နည်းပါး၍ ၇၀ အတွင်း ၇၀ ကျော် အရွယ်တော်သာ များကြလေသည်၊ ထိုဆရာတော် များသည် ယခုပင် သာသနာ့ဝန်ကို အားသွန်၍ မဆောင်ရွက်နိုင်ကြတော့၊ နောက် ၁၀ နှစ်လောက် ကြာလျှင် ဖူးမြင်ခွင့် ရကောင်းမှ ရတော့မည်၊ ထိုဆရာတော် ဘုရားများ ကွယ်လွန်၍သွားလျှင် မည်သည့် ဂိုဏ်း မည်သည့် တိုက်တာ၌မျှ ( ယခု အခြေအနေအရ ) အစားသွင်းစရာ မရှိကြပါ၊ ထို့ကြောင့် အနာဂတ်ကာလ၌ မြန်မာပြည် သာသနာတော်၏ တည်တန့်ရေး ကို၎င်း, ထွမ်းကြပါမူ သာသနာတော်ကို အကြောင်းပြု၍ မြန်မာ့ကို ကမ္ဘာက အသိအမှတ် ပြုရေး ကို၎င်း တွေးတော၍ အနာဂတ်သာသနာရေး ၌ ညွှန်ပြဆိုရာ လက်ရှိသာသနာ့အခြေအနေပြ စတုတ္ထ ဤအခန်းကို ဆုံးခန်းသို့ ရောက်စေရ ပါသတည်း။

**ပစ္စက္ခသာသနာရေး ပြီး၏။**

# ၅။ အနာဂတ်သာသနာခဏ်း

## ကာလာမသုတ်တော်

မဇ္ဈိမနိကာယ် ဆယ်ဌာန

ကောသလတိုင်း အပါအဝင် ဖြစ်သော ကာလာမမင်းတို့၏အုပ်စိုးရာ ကေသမုတ္တနိဂုံးသည် တောအုပ်တခု၏ အဝင်ဝ၌ တည်ရှိသောကြောင့် ထိုတောလမ်းခရီးသွားတို့၏ တည်းခိုရာ အရပ်ဖြစ်နေ၏၊ အယူဝါဒအမျိုးမျိုးရှိကြသော ဆရာကြီးတို့သည် ထိုအရပ်ရောက်လျှင် မိမိတို့အယူကို ဝါဒဖြန့်၍ အခြားအယူများကို ဖိနှိပ်ပြောဟောတတ်ကြကုန်၏၊ ထိုနိဂုံးသားတို့သည် အယူဝါဒနှင့်စပ်၍ ယောင်ဝါးဝါးဖြစ်ကြစဉ် ဗုဒ္ဓရှင်တော်မြတ်လည်း ထိုအရပ်သို့ ရောက်တော်မူလာ၏၊ ထိုနိဂုံးသားတို့သည် "အယူဝါဒ အမျိုးမျိုးကို ကြားနေကြရသဖြင့် ဟိုလူပြောတာ ဟုတ်နိုးနိုး, ဒီသူပြောတာ ဟုတ်နိုးနိုး တွေးတောမနေကြရပါကြောင်း" လျှောက်ကြလေရာ ဗုဒ္ဓရှင်တော်မြတ်က အမျိုးမျိုးကြားနာနေရသောသင်တို့မှာ ယုံမှားတွေးတောစရာပေတဲ့ဟု မိန့်တော်မူပြီးလျှင်, နားတောင်ကြ ကာလာမအမျိုးသားတို့....

၁။ ကလေးဘဝမှစ၍ ကြားနာ မှတ်သားခဲ့ရခြင်း ဖြင့်လည်း "ဟုတ်တယ် မှန်ဘယ်"ဟု အစွဲအမြဲ မယူကြနှင့်။

၂။ မိဘ [illegible] စဉ်ဆက် [illegible] ဆင်း [illegible] = အစဉ်အဆက် [illegible] ဖြစ်၍လည်း [illegible] မယား[illegible]နှင့်။

၃။ "ဋတိ ကိရ = ဒီဟာက ဒီလိုတဲ့" ဟု အခြားတယောက်က ပြောလိုက်ရုံမျှဖြင့်လည်း အမြဲမှတ်ယူ မထားကြနှင့်။

၄။ "ဒီအသူ အဆသာ ငါတို့ သင်ထားသော ကျမ်းစာနှင့် ညီတယ်" ဟု မိမိတို့ကျမ်းစာနှင့် ညီနေရုံမျှဖြင့်လည်း အတည်တကျ မှတ်ယူမထားကြနှင့်။

၅။ မိမိဘာသာ ကြံစီထားသော အရာကိုလည်း "ဟုတ်လှပြီ မှန်လှပြီ" ဟု အမြဲအစွဲ ယူမထားကြနှင့်။

၆။ အခြားနေရာ (အခြားနိုင်ငံ) တို့၌ သူ့ဘာသာပါးတို့ လုပ်နည်းကိုင်နည်းကို သဘောကျ၍လည်း ဤနေရာ၌ သင့်တော်လှပြီ ဟု အမြဲအစွဲ ယူမထားကြနှင့်။

၇။ တစုံတခုပြုဘို့ရာအကြောင်း အထောက်အထားကို စဉ်းစားရာဝယ် အကြောင်း အထောက်ကောင်းရ၍ သဘောကျသဖြင့်လည်း အမြဲအစွဲ ယူမထားကြနှင့်။

၈။ "သူပြောသော အယူဝါဒသည် ငါတို့ စဉ်းစားကျေနပ်ထားသော အယူနှင့်ညီမျှပေသည်" ဟု အယူဝါဒချင်းတူမျှရုံဖြင့်လည်း အမြဲအစွဲ မယူကြနှင့်။

၉။ "ဤ ရသေ့ရဟန်းဘုန်းကြီး ယုံကြည်ထိုက်သော အထက်တန်းပုဂ္ဂိုလ်ဘည်း, ဒီလိုပုဂ္ဂိုလ်၏ စကားကို လေးလေးစားစား မှတ်သားထိုက်သည်" ဟုလည်း စွဲစွဲမြဲမြဲမှတ်ယူမထားကြနှင့်။

၁၀။ " ဤ ရသေ့ရဟန်းကား ငါတို့ ကိုးကွယ်ထားသော ဆရာ ဖြစ်၏၊ ငါ့ဆရာစကားကို ငါမှတ်သားသင့်သည် " ဟုလည်း စွဲစွဲမြဲမြဲ မှတ်ယူမထားကြနှင့်။

ကာလာမ အမျိုးသားတို့….. " ဤအကျင့်တွေသည် ကောင်းလည်း မကောင်း, အပြစ်လည်းမကင်း, ပညာရှိ ကဲ့ရဲ့စရာလည်း ဖြစ်၏၊ ထို အကျင့်အကြံ အလုပ်အကိုင်ကို ပြုလိုက်လျှင် စီးပွါးမဲ့ဘို့ ဒုက္ခ ရောက်ဘို့ဖြစ်၏ " ဟု ကိုယ်တိုင် နားလည်လာသည့်အခါ ထိုအကျင့် ထို အပြုအမူများကို စွန့်လိုက်ကြ၊ " စီးပွားတိုးတက်၍ သုခရဘို့ အကျင့်အကြံများ " ဟု ကိုယ်တိုင်နားလည်ထားသော အကျင့်အကြံ အပြုအမူများကိုသာ လိုက်နာပြုကျင့်ကြ၊…..ဤသို့ ဟောတော်မူပြီး လျှင် ဒုစရိုက် သုစရိုက်များကို ခွဲခြား၍ မေတ္တာ ကရုဏာ စသော တရားများကို ဟောတော်မူလေသည်။–(တိက ဂုတ္တရ ပါဠိတော်)။

[ ဆောင် ] ကလေးဆာဝ , စ၍မှလျှင် , ကြားရဘန်ဘန်၊ ပရံပရ , မိဘာ ဘိုးဘွား , ဆက်ဆက်အားဖြင့် , မှတ်သားခဲ့ဘိ , ပြုရိုးရှိ၏၊ ဇာတိ ကိုရ , ကြားလူကပြော၊ ကျမ်းသဘောနှင့် , နှီးနှော ညီပြန်၊ အကြံသက်သက်.ကြံစီချက်တည်း၊ တနည်းမှန်းဆ, နည်းလမ်း ရယူ၊ တမူအကြောင်း,ကြံကောင်းကြံရ၊ ကိုယ်ယူဆကို, အားရ နှစ်သက် , ညီညွတ်ချက်ပါ၊ ရဟန်း မှာမူ , ပြောရာမှန်ကန်, ဖြစ်သင့် တန်၏၊ ဘဝန် သူဘာ , တို့ ဆရာ ဟူ၊ ဆယ်ဖြာ ကြောင်းစု,တခုခုကြောင့် , ယူမှုကိုင်းစောင်း, မှားတတ်ကြောင်း သည်,….အပေါင်းစဉ်းစားကြစေသော်။

မှတ်ချက် ။ ။ ဤကာလာမသုတ်၌ " ဓိဒိကို ငယ်ရယ်ရာက သားတားသောအရာ မိရိုးဖလာ(ပြုရိုးပြုစဉ်)နှင့် ရစေ့ ရဟန်း

ပြောသမျှ ဆရာသမား ပြောသမျှတွေကိုပင် အကျိုးရှိ-မရှိ စဉ်းစား၍ အမှန်အကျိုးရှိကြောင်းကို ကိုယ်ပိုင်ဉာဏ်ဖြင့် ယူပြီးမှ မှတ်ယူလိုက်နာရမည်”ဟု အမိန့်တော်ရှိ၏၊ ယခုကာလ၌ မိရိုးဖလာ အစွဲသန်နေသူတို့သည် ဗုဒ္ဓရှင်တော်၏ ဤမိန့်ခွန်းတော်ကို ဦးထိပ်ရွက်ပန်ဆင်ကာ အစွဲသန်သင့်ရာ၌သာ အစွဲသန်ကြ၍ မစွဲလမ်းသင့်ရာတို့၌ကား လွယ်လွယ်ကလေးနှင့် ပြုပြင်နိုင်မှသာ သာသနာကျိုး နိုင်ငံကျိုး မိမိအကျိုး ပွားတိုးစေနိုင်ကြပေလိမ့်မည်၊ အနောက မဟာရာဇာသည် မိရိုးဖလာ ကိုးကွယ်ထားသော မြာပွဲကြီးတွေကို စွန့်လွှတ်၍ ရဟန်းတော်များကို ကိုးကွယ်ကာ အကြီးအကျယ် သာသနာပြုခဲ့ပါသည်၊ အနော်ရထာမင်းစောလည်း အရည်ကြီးများကို ဖယ်ရှား၍ အရှင်အရဟံ အမှူးထားသော သံဃာစစ်များကို နှစ်နှစ်ကာကာ ချီးမြှောက်ခဲ့ပါသည်၊ ယခုအခါ မြန်မာပြည်၌ သာသနာရေးရာယ် ပြုပြင်ဘွယ်တွေရှိသော်လည်း ထိုမင်းများကဲ့သို့ တမျိုးတမည် ပြောင်းလွဲဖစ်ဘို့ ရလိုပါ၊ အဆုတ်ဘက် အလျှော့ဘက်သို့ ငဲ့နေသော သာသနာကို အနည်းငယ် ဦးလှည့်ပေးလိုက်ရုံမျှဖြင့် အတိုးဘက် အဘက်ဘက်သို့ ရှေးရှုလျက် ဖြစ်ကာ ငါးမျိုးဘာသာ သာသနာကျိုးများ တိုးပွားစေနိုင်ပါလိမ့်မည်။

အမှာ။ ။ဤပြလတ္တံ့သော ပြုပြင်မှုများ၌ လက်ရှိ အခြေ အနေကို ပြောင်းလွဲနေဘို့ မဟုတ်ဘဲ ‚ အသစ်တည်ထောင်မည့် သာသနာ့ အရေးအရာများအတွက်သာ ရည်ရွယ်ထားပါသည်၊ “အသစ်တည်ထောင်” ဟုရာ၌ကား နေရာသစ် အဆောက်အဦးသစ်များလည်း ပါဝင်‚ အဟောင်းဖြစ်သော်လည်း စနစ်အသစ်ဖြင့် ပြုပြင်မှုများလည်း ပါဝင်စေလိုပါသည်။

× × × × × × ×

## အနာဂတ်ကျောင်းတိုက်များ

**ပရိယတ်နှင့် ပဋိပတ်ကျောင်း**

ဗုဒ္ဓရှင်တော်၏ ဩဝါဒ ပိဋကတော်များကို တာဝန်ယူကြရသော ရဟန်းတော်များ၏ သီတင်းသုံးရာ ကျောင်းတိုက်များသည် ဗုဒ္ဓဇလိုတော်ကျဖြစ်သို့ရ ကျင်းစာများကို သင်ယူပို့ချသော ပရိယတ် ကျောင်းတိုက်နှင့် တရားကျင့်သုံးနေသော ပဋိပတ် ကျောင်းတိုက် များသာ ဖြစ်စေသင့်ပါသည်၊ [ သံဃာအနည်းငယ်သာ သီတင်း သုံးရာဌာနကို "ကျောင်း" ဟု ခေါ်၍, သံဃာ အပါး ၃၀ စသည် စုပေါင်းလျက် သီတင်းသုံးရာ ဌာနကို " ကျောင်းတိုက် " ဟု ခေါ်တွင်စေသင့်သည်။ ] ထိုပရိယတ်ပဋိပတ် ၂ မျိုးတွင် တမျိုးမျိုးမျှ ကျကျနန မရှိသော ကျောင်း - ကျောင်းတိုက်များသည် နှစ်ပေါင်း အတော်ကြာလျှင် အလိုအလျောက် ကွယ်ပျောက်လောက်အောင် အစိုးရနှင့် တာဝန်ဆောင်များက ကြောင့်ကျ‌ဗျာပါရ စိုက်သင့်ပေ သည်။

**[illegible] ဘုန်းတော်ကြီးများ**

ကမ္မဋ္ဌာန်း အားထုတ်သော အချင်မြတ်တို့ သည် သက်တော်ကြီး ဝါတော်ကြီး ပုဂ္ဂိုလ် များနှင့် မကျန်းမာဖြစ်သော ပုဂ္ဂိုလ်များကို ချန်ထား၍ ကျန်ပုဂ္ဂိုလ်များမှာ ( အမြဲ ဆွမ်းခံစားရသော ) ပိဏ္ဍ ပါတိက ဓုတင်ဆောင်များချည်းသာ ဖြစ်စေသင့်၏၊ ထိုတရားကျင့် ပုဂ္ဂိုလ်များလည်း မြွေနှင့် စပ်သော သုမင်္ဂလ-ဒုမင်္ဂလ ကိစ္စတို့၌ ကြောင့်ကျစိုက်ဘွယ် မလိုတော့ရကား ဖိုးသူတော် ကပ္ပိယဒကာ များနှင့်တပါး ကျောင်းသားသူငယ် စသူတို့ ရှိဘွယ်မလိုတော့၊ သို့ရာ

ဥယ် အလွန်ထင်ရှား ကျော်စောသော တရားကျင့် ဆရာတော်များ ၏ ကျောင်းတိုက်များ၌ကား အခါအားလျော်စွာ ဥပါသကာ ဥပါသိကာတို့ ဆည်းကပ်လျက် ရက်ပေါင်းကြာမြင့်စွာ နေထိုင်ရာလည်း ဖြစ်ရလိမ့်မည်။ အလွန် ပုညကံကြီးမားသော ထိုတရားကျင့် ဆရာတော်များလည်း ပုညကံအလျောက် ပေါများလှသော လာဘ်များကို အနီးအပါး၌ရှိသော စာသင်တိုက်များအား ချီးမြှင့်ခြင်းဖြင့် ပရိယတ္တိ သာသနာကိုလည်း စောင့်ရှောက်တော် မူနိုင်ကြပေလိမ့်မည်။

**ကမ္မဋ္ဌာန်းကျောင်း** ကမ္မဋ္ဌာန်းအလုပ်ဟူသည် ကိစ္စနည်းလေ ကောင်းလေဖြစ်၍၊ ကမ္မဋ္ဌာန်းတရားကို အားထုတ်လိုသူတို့ မနေထိုက်သော ကျောင်းသည် "မဟာဝါသ = ကျောင်းကြီးတိုက်ကြီး၊ နဝါဝါသ = အလုပ်အကိုင် ပြုစရာတွေ များသော ကျောင်းသစ် တိုက်သစ်၊ ဇရာဝါသ = ပြင်စရာများသော ကျောင်းအို၊ ပန္ထနိ = လူသွားလူလာလမ်းနှင့် နီးကပ်သော ကျောင်း" ဤသို့ စသည်ဖြင့် တဆယ့်ရှစ်မျိုး ရှိ၏၊ ထို့ကြောင့် ကမ္မဋ္ဌာန်းတိုက်များ၌ ကြီးမားသောကျောင်းကို ဆောက်လုပ်လှူဒါန်းခြင်းသည် ကုသိုလ်ရသော်လည်း ကမ္မဋ္ဌာန်းအလုပ်ကိုကား နှောက်ယှက်ရာရောက်၏၊ ရှင်းပြဦးအံ့၊ ကမ္မဋ္ဌာန်းဘုန်းတော်ကြီးသည် တပါးနေလောက်ရုံ ကျောင်းကလေးဖြင့် ရိုးရိုးကုပ်ကုပ်တရားကိုသာ အားထုတ်နေ၏၊ ကြည်ညိုလှသော ဒကာ ဒကာမတို့က ကျောင်းကြီး တိုက်ကြီး ဆောက်လုပ်၍ လှူဒါန်းကြ၏၊ ထိုဘုန်းကြီးမှာ လက်သည်သွား ပန်းရံသွား ကူလီများနှင့် စကားပြောရသဖြင့် တရားအားထုတ်ချိန် နည်းသွား၏၊ နဂိုရှိက ရလတ်စ သမာဓိလည်း လျော့သွား၏၊ လက်သမားစသူ

တို့နှင့် စကားမပြောရစေကာမူ သူတို့ကို တွေ့ရ မြင်ကြရသူတို့၏ လုပ်ကိုင်သံကို ကြားရ၍ သမာဓိ ပျက်၏၊ ကျောင်းပြီးသည့် အခါ၌ကား ထိုကျောင်းကြီးကိုပိတ်ရ ဖွင့်ရ တံမြက်လှည်းရ စောင့်ရှောက်ရနှင့် အလုပ်တွေ များလာကာ တရား၏ အနှောက်အယှက်သာ ဖြစ်ရတော့သည်။

**ပြုပြင်ရေး** ဤ ပြခဲ့သော စကားစဉ်အရ ဒကာ ဒကာမများ၏ ကျောင်းကြီး ဆောက်လုပ် လှူဒါန်းမှုသည် ကုသိုလ် ရသော်လည်း အလှူခံပုဂ္ဂိုလ်မှာမူ တရားအလုပ် ဆုတ်ယုတ်ရကား ပတိပတ်ကို အားပေးရာ မရောက်ခဲတော့ဘဲ တနည်းအားဖြင့် ဖျက်ဆီးရာ ရောက်နေ၏- ဟု သတိပြုကာ အနာဂတ်ကာလ၌ ကမ္မဋ္ဌာန်း တိုက်များဝယ် ကျောင်းကြီး ဆောက်လှူမည့် အစား ထိုပုဂ္ဂိုလ် တယောက်တာမျှ ချမ်းချမ်းသာသာ အားထုတ်နိုင်အောင် ဆွမ်းဆေး နှင့် နေသာထိုင်သာရှိရုံ ကျောင်း စင်္ကြန်ရေကန် ရေတွင်းများကို သာ ကြည်နူးဖွယ် ရှိလောက်အောင် တည်ဆောက် လှူဒါန်းသင့် ကြပေသည်၊ အချုပ်မှာ—မည်သည့်အလှူဒါနမဆို မိမိကုသိုလ်ရရုံ မျှလောက်ကိုသာမတွေးဘဲ အလှူခံပုဂ္ဂိုလ်၌ အသုံးကျ-မကျ အလုပ်ကို အားပေးရာ ရောက် မရောက်ကိုပါ ထည့်သွင်း စဉ်းစားပြီးလျှင် ပရိယတ်ကို ဖြစ်စေ ပတိပတ်ကိုဖြစ်စေ အားပေးသော ဒါနကိုသာ ပြုသင့်ကြသည်၊ မစဉ်းမစား ဒါနပြုကြလျှင် ပင်ပန်းကြီးစွာ ရှာမှီး၍ ထားသော ပစ္စည်းများ အကျိုး ရသင့်သလောက် မရဘဲ ရှိကြ လိမ့်မည်။

**ဈေးစခတ် ကမ္မဋ္ဌာန်းတိုက်**

ပါစိနဝံသ တော၌ အရှင်အနုရုဒ္ဓါ၊ အရှင်နန္ဒိယ အရှင်ကိမိလတို့ သီတင်းသုံးတော်မူကြသည်၊ ထိုတောကျောင်း၌ သစ်ရွက်တို့ဖြင့် မိုး-ကာထားသော ကမ္မဋ္ဌာန်းကျောင်းကလေး ၃ ကျောင်း စင်္ကြံနှင့်သွားဘို့နေရာ ၃ ဌာနနှင့်, ရေကန်, ဆွမ်းစားကျောင်းကလေး ကုဋိအိမ် စသည်များသာ ရှိ၏၊ ထိုတောကျောင်းသို့ ဗုဒ္ဓရှင်တော် ရောက်တော်မူလာ၍ အရှင်အနုရုဒ္ဓါက "မိမိတို့သည် ရေနှင့် နို့ရည် ရောထားသကဲ့သို့ အချင်းချင်း တသဘောတည်း ဖြစ်၍ ချစ်ကြည်သော စက္ခုဖြင့် ကြည့်ရှုကာ ညီညွတ်ချမ်းသာစွာ နေထိုင်ကြရပါကြောင်း" အောက်ပါအတိုင်း လျှောက်လေသည်။

"ဤသီတင်းသုံးဘော်များနှင့် အတူနေရသော တပည့်တော်မှာ အလွန်ကြီးစွာသောလာဘ်ကို ရနေသည်ဟု ယူဆပါသည်၊ ရခဲန်း ဘဝကို ကောင်းသော ရခြင်းဟု ယူဆပါသည်၊ သီတင်းသုံးဘော် ၂ ပါး(အရှင်နန္ဒိယနှင့် အရှင်ကိမိလ)တို့ အပေါ်၌ ကိုယ်ဖြင့်ပြုစရာ ရှိလျှင် မေတ္တာပါသော ကိုယ်အမှုကိုပြုပါသည်၊ နှုတ်ဖြင့် ပြောစရာ ရှိလျှင် မေတ္တာပါသော စကားကိုသာ ပြောပါသည်၊ စိတ်ဖြင့် ကြံစရာရှိလျှင် မေတ္တာစိတ်ကိုသာ ဖြစ်စေပါသည်၊ ရှေ့မှာ ဖြစ်စေ ကွယ်ရာမှာ ဖြစ်စေ မေတ္တာထားမှုကား မထူးခြားပါ၊ မည်သည့်ကိစ္စမဆို တပည့်တော်၏ စိတ်အလိုကို ဖယ်ထား၍ သူတို့ ၂ ပါး၏ စိတ်အလိုကျသာ ဖြစ်စေပါသည်၊ တပည့်တော်တို့ ၃ ပါးမှာ ခန္ဓာကိုယ်သာ ကွဲပြား၍ စိတ်ထားမှာမူ တစိတ်တည်းလို ဖြစ်နေပါသည်၊ (၂ ကိုယ် တစိတ် ဆိုသလို, ၃ ကိုယ် တစိတ် ဖြစ်နေပါသည်-

ဟူလို၊)ဤသို့ လျှောက်ထားပြီးနောက် အရှင်နန္ဒိယ အရှင်ကိမိလတို့ကလည်း ထိုအတိုင်းပင် ညီညွတ်ပုံကို လျှောက်ကြလေသည်၊ ထို့နောက် နေတိုင်ပုံကို လျှောက် ပြန်သည်မှာ—

ဆွမ်းခံပြန်လာသည့် အခါ အလျှင်ရောက်သူက ဆွမ်းစားဘို့ နေရာခင်း, ခြေဆေးခုံ, ခြေဆေးရေ ထား၍ ဆွမ်းပိုသေးလျှင် ထည့်ဘို့ရာခွက်ကို ဆေးထားပါသည်၊ သောက်ရေ သုံးရေကိုလည်း ခတ်ထားနှင့်ပါသည်၊ ထိုအလျှင်ရောက်သူသည် မိမိဆွမ်းမှ ပိုမည်ထင်လျှင် ဆွမ်းပိုထည့်စရာ ခွက်၌ သန့်သန့် ထည့်ပြီးမှ ဆွမ်းစားပါသည်၊ ဆွမ်းစားပြီးနောက် သပိတ်ကို စင်ကြယ်စွာ ဆေးကြောသုတ်သင်ပြီးလျှင် သပိတ်အိပ်၌ ထည့်၍ ယူသွားပါသည်၊ နောက်ပြန်လာသော အရှင်လည်း ထိုအတိုင်း ဘုဉ်းပေးပါသည်၊ (ဆွမ်းမလောက်လျှင် အပိုထည့်ထားသော ခွက်မှ ယူ၍, ပိုနေလျှင်လည်း ခွက်၌ ထပ်ထည့်၍ ဘုဉ်းပေးပါသည်၊ )နောက်ဆုံးရောက်သော အရှင်ကား ထိုနည်းအတိုင်း ဘုဉ်းပေးပြီးနောက် နေရာထိုင် စသည်ကို ရုပ်သိမ်း၍ သောက်ရေ သုံးရေအိုးများကို သိမ်းပါသည်၊ ဆွမ်းပိုလျှင် ပိုးကောင် ကလေးတွေ မရှိသော ရေထည်း၌ ဖြစ်စေ မြက်သစ်ပင် မရှိသော မြေပြင်၌ဖြစ်စေ သွန်ပြီးမှ ခွက်ကိုဆေး၍ သိမ်းထားပါသည်။ [ သပိတ်၌ ဟင်းပါ ထည့်၍ ပတ္တပိုဏ် စားသောကြောင့် ပုဂံခွက်များ ဆေးစရာ မရှိပြီ။ ]

အခြားနေ့ကာ၌ သောက်ရေ သုံးရေများ မရှိသည်ကို မြင်လျှင် ရေအိုးကို မရောက်နိုင်သူ သွား၍ ဆေးကြောပြီးမှ ရေထည့်ပါသည်၊ ထို့နောက် ... ပါးသား ... မ နိုင်လျှင် ( သမောဂ ... ကမည် ... းသော

ကြောင့် အဝေးက လှမ်းမခေါ်ဘဲ ၇) မြင်လောက်သော အရပ်တိုင်အောင် သွားပြီးမှ (၊ အသံပြုလျှင် အခြားတပါးကြားမည် စိုးသောကြောင့် အသံမပြုဘဲ) လက်ယပ်ခေါ်ခဲ့၍ မူလနေရာသို့ ထိုရေအိုးကို ၂ ပါး ရွှေ့ယူပါသည်၊ ဥပုသ်နေ့များ၌ တရားစကား ဆွေးနွေးကြသည့်ပြင် ၅ ရက်တကြိမ်လည်း တညလုံး တရား ဆွေးနွေးကြပါသည်၊

ဤသို့ လျှောက်ပြီးသည့်အခါ ဗုဒ္ဓရှင်တော်ဘုရားသည် တရားစကားကို ဆက်လက်မိန့်တော်မူ၍ ထိုမှတဘန် ပါလိလေယျတောသို့ ကြွတော်မူလေသည်၊ ထိုအရှင် ၃ ပါးသည် ၅ ရက်တကြိမ်ကျ တရားဆွေးနွေးမှု ကိစ္စမှတပါး အခြားကိစ္စများ၌ အချင်းချင်း စကား ပြောခွင့်လည်း မရှိကြ-ပြောလည်း မပြောကြ တွေ့ဘဲ ကိုယ့်တရားနှင့် ကိုယ်သာ သီတင်းသုံးတော် မူကြသည်၊ ထိုအရှင်များ သီတင်းသုံးပုံသည် တောကျောင်း ဘုန်းကြီးများ နည်းယူဘွယ်ကောင်းပါပေသည်၊ ဤနည်းအတိုင်းသာ သီတင်းသုံးတော်မူကြပါမူ (၃ ပါး မက) ၃၀ လော် အတူနေကြသော်လည်း တိတ်ဆိတ်ငြိမ်၍ စိတ်ချမ်းသာဘွယ် ကောင်းသော တောရကျောင်းတိုက်ကြီးသာ ဖြစ်ဘွယ်ရှိပါသည်၊

စာသင် ကျောင်းတိုက်များ

အိမ်ခြေ နှစ်ရာ သုံးရာရှိကြသော ရွာကြီးနှင့်မြို့ကလေးများ၌ အစိတ်သုံးဆယ်အော် မနည်းသော သံဃာအများ သီတင်းသုံးရာ စာသင်တိုက်များ တကိုက်ကျစီ တည်ရှိကြစေသင့်သည်၊ အတော် အတန်ကြီးသော ရွာ၌မူ ၂ တိုက်လောက်ရှိစေကာမူ သင့်တော်ပေလိမ့်မည်၊

မန္တလေး ရန်ကုန် ကျောင်းတိုက်များကား အနာဂတ်ကာလ၌ အထက်တန်းစာသင်ပုဂ္ဂိုလ်တို့ သာနေထိုင်ရာဖြစ်၍ ပါဠိတက္ကသိုလ် အဖြစ်ဖြင့် တည်ရှိစေသင့်၏၊ စာသင်တိုက်များတည်ရာ မဟုတ်သော ရွာငယ်များကား ရှာ်ရွာ၏ သုဂ်လ(အလှူအဒါန်း)ဒုဂ်လ (အသုဘ)ကိစ္စတို့ကို ရှုက်ဆောင်ဘို့ရာနှင့် ရွာသားသူငယ်တို့အား မူလတန်းပညာ သင်ပြဘို့ရာ ရွာစာသင်ကျောင်း တကျောင်းသာ ရှိစေသင့်သည်၊ ထို စာသင်တိုက်- စာသင်ကျောင်းများမှ တပါး တည်ရှိနေ သာ ကျောင်းတိုက်များကား တရားကျင့်ရာ ဌာန ကျောင်းတိုက်များသာ ဖြစ်စေသင့်၏၊ ဤ ပြခဲ့သောစကားအရ ကျောင်းတိုက် အမျိုးအစားများကား— "၁-တက္ကသိုလ်ကျောင်း တိုက်, ၂-မြို့ရွာ စာသင်တိုက်, ၃-ရွာငယ် မူလတန်းကျောင်း, ၄-တရားကျင့်ကျောင်း"ဟု ၄ မျိုး ၄ စား ရှိသင့်ကြောင်းကို ပြသည်။ [မြို့ရွာ စာသင်တိုက်များ၌ ပဌမတန်း, ဒုတိယတန်း, တတိယတန်း စာသင်တိုက် ဟု ၃ မျိုး ခွဲယူ သင့်၏၊ ထိုသို့ ခွဲခြားရာ၌ အုပ်ချုပ် သော ဆရာတော်တို့၏ ... အဆင့်အခြား ... ခွဲခြားသင့် ၏၊ အ... [illegible] ... သာများပျက်သော ဂရု ... [illegible] ... ကြော ... [illegible] ... ည်။]

ကျောင်း မများ ခြင်း အကျိုး

"ဘုရား ... [illegible] ... ဘုရား ဝါ့ဘုရား ဟု ... [illegible] ... စိတ်ထားသကြင့် ... ရားမရ ... [illegible] ... ရှိ၏" ဟု ... [illegible] ... အဘူ ... [illegible] ... ကျောင်း-စာသင် တိုက် ၂ဌာန ... [illegible] ... ကျောင်း ... ကျောင်းဟု ရွာသူရွာသား

စိတ်ဝမ်းကွဲပြားရုံမက အချင်းချင်း ပဋိပက္ခဖြစ်၍ ရှုံးရှောင်သော အမှုတွေ ယခုနှက်မြင် များလှပေသည်၊ ထို့ကြောင့် တမြို့ တရွာ ထည်း၌ စာသင်ကျောင်းတိုက် ၂ ကျောင်း ၂ တိုက် မလိုလားအပ်ပေ၊ သို့ရာတွင် ကမ္မဋ္ဌာန်းကျောင်းတိုက်လည်း သီးခြားရှိရမည် ဖြစ်၍ ကျင့်လိုသော ပုဂ္ဂိုလ်များ ကမ္မဋ္ဌာန်းတိုက်၌ စုဝေါင်းသီတင်း သုံးကြ၍ စာသင်လိုသော ပုဂ္ဂိုလ်များကား စာသင်တိုက်မှာသာ တစုတဝေးထည်း နေသင့်ကြပေသည်။ သို့မှ ထောက်ပံ့လှူဒါန်းရေး ၌ လွယ်ကူမည့်ပြင် အလှူရှင်များလည်း သံဃာအားလုံးကို တစု တရုံးထည်း လှူကြရသဖြင့် ကုသိုလ်များများ ရကြပေလိမ့်မည်၊

ကျေးရွာတို့၌ စာသင်တိုက် မရှိပြစ်

ထိုထိုရွာ၌ ရှိကြသော စာသင်သား အရွယ် ရှင်ငယ် ရဟန်းငယ်တို့သည် မိမိတို့၏ ရပ်ရွာ အနီးအပါး၌ စာသင်တိုက် မရှိခြင်းကြောင့် ငယ်ရွယ်စဉ်က စည်းကမ်းတကျ စာမသင်ကြရဘဲ အသက်ကြီးမှ (ရဟန်းဖြစ်မှ) မြို့စာသင်တိုက်သို့ ရောက်လာတတ်ကြ၏၊ ထိုသူတို့ သည် ဉာဏ်အရည်အခြင်း ဘယ်ပေါက်ရှိသော်လည်း ထိပ်တန်း ရောက်အောင် မတတ်မြောက်နိုင်ကြတော့ချေ၊ ထိုသို့ကြီးရင့်မှ စာသင်ရ သဖြင့်လည်း စာသင်မှု၌ စိတ်မပါလှဘဲ ပျင်းရိလျှင် လည်ပတ်ချင် စိတ်သာများလျက် သွားလာလည်ပတ်ကာ မြို့ရွာ အတွင်း၌ ကြည် ညိုဘွယ်ရာတွေ ပျက်ပြားတတ်ကြ၏၊ ကိုရင်တုန်းက စာသင်လွက်ကြသူတို့ မှာလည်း ဆရာမိဘတို့နှင့် ဝေးကွာနေသည့်အတွက် ကျန်းမာရေး ကိုယ်ကျင့်ပျက်ရေးမှ စ၍ ကြောင့်ကြစိုးရိမ်ဘွယ် များလှ၏၊ အမှန် မှာလည်း ကျန်းမာရေး ချို့ယွင်းသဖြင့် ကိုယ်ကျင့်ပျက်သူ များလှ တော့၏။

ရှင်းပြဦးအံ့—မိဘနှင့်ဝေးကွာနေ၍ မြို့တိုက်များသို့ စာသင်ထွက်သောသူတိုင်း ငွေမပါလျှင်(ယခုအခါ)မပြီးနိုင်သလောက် ဖြစ်နေတော့၏၊ ငွေကို ခံယူသည်က စ၍ ဝိနည်းတော်အရ နိဿဂ္ဂိယပါစိတ် အာပတ်သင့်၏၊ ငွေကို ကိုင်တိုင်းကိုင်တိုင်း ဒုက္ကဋ်အာပတ်အပြည့်အကြပ် ထပ်နေပြန်၏၊ ထိုငွေဖြင့် ဝယ်ခြင်း စားသောက်သုံးစွဲသမျှ စားဘွယ် သုံးဘွယ်တွေလည်း နိဿဂ္ဂိယ ပစ္စည်းဖြစ်၍ မစွန့်ပစ်သမျှ နိဿဂ္ဂိယအာပတ်နှင့် စားတိုင်း သုံးတိုင်း ဒုက္ကဋ်အာပတ်တွေ မရေမတွက်နိုင်အောင် ဖြစ်နေ၏၊ ထိုပစ္စည်းကို အခြားပုဂ္ဂိုလ်များ သုံးစွဲလျှင်လည်း ထိုအတိုင်းပင် အာပတ်သင့်ကြရ၏၊ ဤသို့လျှင် မိဘနှင့် ဝေးကွာနေသော မြို့စာသင်တိုက်များ ဝယ် ငွေမပါလျှင် မပြီးနိုင်ကြသောကြောင့် အာပတ်အပြစ်တွေ မရေမတွက်နိုင်အောင် များလှတော့၏၊ ဗုဒ္ဓရှင်တော်၏ တရားတော်ကို သင်ယူနေကြပါသော်လည်း ဗုဒ္ဓရှင်တော် တားမြစ်ထားသော အပြစ်တွေကို နေ့ရှိသမျှ ကျူးလွန်နေရပါလျှင် အဘယ်မှာ ဗုဒ္ဓ အလိုတော် ကျပါတော့မည်နည်း။

ထိုကဲ့သို့ အပြစ်များကို ကျူးလွန်လာခဲ့ရသော စာတတ်ပုဂ္ဂိုလ်သည် အဘယ်မှာ သာသနာ၌ တရားနှင့် ပျော်ပိုက်နိုင်တော့မည်နည်း။ ဟနည်းအားဖြင့် စဉ်းစားရသော် - သူဆရာဖြစ်သည့် အခါလည်း တပည့်ပရိသတ်များကိုတော်သလိုသာ အုပ်ချုပ်တော့မည်၊ သို့ဖြစ်လျှင် မြန်မာနိုင်ငံ့ သာသနာသည် အဘယ်မှာ ကိုယ်ကျင့်ဘက်က တိုးတက်နိုင်တော့မည်နည်း၊ လှော်ငင်း နစ်ရသော လှေသဘွယ် မြုပ်ကွယ်ဘို့ အချက်သာ များတော့မည် မဟုတ်ပါလော၊ အုပ်ချုပ်သော ဆရာတော်တို့လည်း ထိုအပြစ်ကို မြင်တော်မူကြပေ

သည်၊ သို့သော် မိမိကိုယ်ကိုင်က ဆွမ်းမကျွေးနိုင်သော တပည့်ကလေးတွေကို “ ငွေနှင့်ဝယ်၍ မစားကြနှင့်, အငတ်နေကြ ”ဟု ဆိုရက်ကြမည်လော ထိုသို့ မဆိုရက်သဖြင့် အောင့်သက်သက်ကြည့်နေကြရသည်၊ ထို့ကြောင့် စာသင်တိုက်များကို မိမိတို့ရပ်ရွာနီးအပါး၌ မရှိ- ရှိအောင် အနာဂတ် ကာလ၌ ကေန်ကြိုးစားကြမှသာ ငွေမပါဘဲစာသင်နည်းဖြင့် သန့်ရှင်းစင်ကြယ်စွာ စာသင်နိုင်ကြပေလိမ့်မည်။

ကျေးရွာတို့၌ စာသင်တိုက် ရှိကျိုး

မိမိတို့၏ ရွာကြီးမှာ ( သို့မဟုတ် ရွာ၏ အနီးမှာ )စာသင်တိုက်ရှိလျှင် ဆဲ့သုံး လေးနှစ်သား အရွယ် မူလတန်းအောင်ပြီး၍ ၁၅ နှစ်သား အရွယ်မှာ စာသင်တိုက်၌ စာသင်နိုင်၏၊ ဥတု မြေ ရေ တူမျှသော ကြောင့် ကျန်းမာရေး၌လည်း မစိုးရိမ်ရ၊ အကယ်၍ မကျန်းမာပြန်လျှင် ချက်ခြင်း ဆရာမိဘ ရေခံလာနိုင်၏၊ ရပ်ရွာနယ်ပါယ် တနယ်လုံးမှ စာသင်တိုက် ထောက်သော ရှိသဖြင့် စားရေးသောက်တာ ပြည့်စုံနိုင်ရကား ငွေမပါဘဲ စာသင်နိုင်၏၊ သို့ဖြစ်လျှင် ငွေနှင့်စပ်သော အပြစ် အရပ်ရပ်ကင်း၍ သန့်ရှင်းလေပြီ၊ “မည်သူ့သား, မည်သည့်ဆရာ့ တပည့်”ဟု အချင်းချင်း သိကြပြီးဖြစ်၍ ဟောရမ်းသောသွမ်းမှုလည်း(ပွဲကြည့်မှု, အိမ်လယ်မှု စသည်လည်း ) မရှိနိုင်ဟော့ပြီ၊ [မျက်မြင် အားဖြင့် ရွာကြီးစာသင်တိုက် မြို့ငယ်စာသင်တိုက်များ၌ အုပ်ချုပ်၍ လွယ်ကူသည်ကို တွေ့ရပေ၏၊ ထို စာသင်တိုက် သံဃာများလည်း အချိုးကျကျ သီတင်းသုံးကြသည်သာများ၏၊ [ ထိုသို့ အချိုးကျကျနေထိုင်၍ စာသင်လာခဲ့သူ စာတတ်လျှင် ဒိဋ္ဌိပရိသတ်တို့ကိုလည်း အချိုးကျအောင် ပြုပြင်လိုသော မျိုးစေ့

ခါတ်ခံပါလာတတ်ကြ၏၊ ယခုခေတ် အဒုပ်အချုပ်ကောင်းသော ဆရာတော်များသည် ထိုခါတ်ခံ ပါလာသော ဆရာကောင်း၏ တပည့်များချည်းသာတည်း၊ ကျမ်းစာများ၌ "ရှင်သာမဏေ စ၍ ပြုခြင်းသည် ပဋိသန္ဓေနေခြင်းနှင့်တူ၏၊ အဆုံးအမ မကောင်းသော ကျောင်း၌ နေမိခြင်းသည် မကောင်းသော အမျိုး၌ ပဋိသန္ဓေ နေမိခြင်းနှင့် တူ၍ အဆုံးအမ ကောင်းသော ကျောင်း၌ နေထိုင်မိခြင်းကား အမျိုးကောင်း၌ ပဋိသန္ဓေ နေရခြင်းနှင့် တူ၏ " ဟု မိန့်သည်၊

ပိဋက ပါဠိအဋ္ဌကထာ ကျမ်းစာအရပ်ရပ်သည် ဉာဏ်မှန်မှန် ရှိသူ စနစ်တကျ မပျက် မကွက်သင်ရမည် ဆိုလျှင် ဆယ်နှစ်လောက် သင်က လုံလုံ လောက်လောက် အထမြောက်၏၊ သို့ဖြစ်လျှင် တဆယ့်ငါးနှစ်သား အရွယ်မှ၍ သင်ခဲ့သူသည် နှစ်ဆယ့်ငါးနှစ်သား အရွယ်မှာ ထယ်ထယ်ဝါဝါ စာချနိုင်ပေပြီ၊ သူသည် သက္ကတ အင်္ဂလိပ် ဟိန္ဒူစသော ဘာသာနှင့်ရကို သင်လိုလျှင် နောက်ထပ် ၅ နှစ် သင်နိုင်သေး၏၊ ပါဠိတက္ကသိုလ်မှာ တချိန်၌ ပိဋကကို ပို့ချ၍ တချိန်၌ ဘာသာနှင့်ရသင်နေ ပါလျှင် ၃၅ နှစ် အရွယ်မှာ မြန်မာ ပြည်တွင် မဂဒဲ့ ကမ္ဘာကို ခြေလှမ်းနိုင်ဘွယ်ရှိ၏၊ ထိုအတိုင်းသာ ကြီးစားပါမူ အနာဂတ် ကာလ၌ သားမယား မရှိဘဲ ဖြူစင်စွာရှိ စစ်စစ်ဖြင့် သီလ သိက္ခာပြည့်ဝ၍ ပညာရှာမိုးကြသော မြန်မာ ရဟန်းတော်များသည်(ယခုအခါ သာသနာတော်ကို အထင်သေး နေသော လူတစု၏)အဖူးအမြော် ကို ခံကြပေါ်လိမ့်မည်၊

**ဗုဒ္ဓလက်ထက်တော် ကျောင်းတိုက်**

ဗိမ္ဗိသာရ မဟာရာဇာသည် သောတာပန် ဖြစ်ပြီးနောက် ဗုဒ္ဓနှင့် သံဃာတော်များ သီတင်းသုံးတော်မူရာ ကျောင်းတိုက် နေရာကို စဉ်းစားသည်မှာ — "မြို့ ( ရွာ )နှင့် မဝေးလွန်း, မနီးလွန်း, သွားလာခြင်း လာလာခြင်းကောင်း, ဘုရားဖူးလို တရားနာလို သူတို့ သွားတိုင်းလည်း လွယ်ကူ, နေ့အခါ၌ လူများနှင့် ရောပြွမ်းခြင်း မရှိ, ညဥ့်အခါ မြို့ ( ရွာ ) ထည်းမှ ဆူညံသံ ကိုလည်း မကြားရ, လူတို့ ပြတ်သန်း သွားလာခြင်းလည်း မရှိ, ( လူတို့ တိုင်ပင်စရာ ရှိလျှင် ) တိုးတိုး တိတ်တိတ် တိုင်ပင်နိုင် လောက်အောင် လူသူတို့မှလည်း ကင်းရှင်း, ရဟန်းတော်များ ကမ္မဋ္ဌာန်းဘာဝနာ စီးဖြန်းကာဖြင့် ကိန်းအောင်းရာလည်း ကောင်းသော နေရာသည် အဘယ်မှာ ရှိပါလိမ့်မည်နည်း" ဟု စဉ်းစားသည့်အခါ ထိုဂုဏ်အင်္ဂါတို့နှင့် ပြည့်စုံသော ဝေဠုဝန်ဥယျာဉ်ကို တွေ့ရ၍ ထိုဥယျာဉ်ကို လှူဒါန်းလေတော့သည်၊ အနာထပိဏ်သူဌေး ကျောင်းတိုက်နေရာရှာစဉ်ကလည်း ထိုနေရာမျိုးကိုပင် ရွေးချယ်၍ ဇေတမင်းသား၏ ဥယျာဉ်ကို တွေ့ရသဖြင့် ဇေတဝန်တိုက် တည်ဆောက် လှူဒါန်းလေသည်၊ ဤသို့လျှင် ဗုဒ္ဓရှင်တော်၏ လက်ထက်တော်က ကျောင်းတိုက်ကြီးများသည် မြို့နှင့်ခပ်လှမ်းလှမ်းမှာတည်ရှိကြသည်ကို တွေ့ရပေသည်၊ မင်းတုန်းမင်းတရား လက်ထက်က ကျောင်းတိုက်ကြီး များသည် မြို့၏ အနောက်ဘက်၌ ( တချို့ မြောက်ဘက်ယွန်းယွန်း မန္တလေးတောင် ဘက်၌ ) တည်ရှိကြသည်မှာ မြို့နှင့် ပဏာရလှမ်းပ၏၊ နောက်မှ "ဆွမ်းခံ၍ လွယ်ကူအောင်" ဟု သဘောထား၍ တဖြေးဖြေး မြို့ အနောက်ဘက်သို့ရွှေ့, မြို့ တောင်ဘက်သို့ရွှေ့, ကျောင်းတိုက်များ

ရွှေပြောင်း ဂါ မြို့နှင့်နီးကပ် ဆက်စပ်လာကြဟန် တူသည်။ [ရွှေကျင် ဆရာတော်ကြီးက တပည့်ရင်း ဖြစ်သော မဟာဝိသုဒ္ဓါရုံ ဆရာတော်အား "အရွှေ ဝိသုဒ္ဓါရုံတိုက်သည် လူနေအိမ်များနှင့် နီးကပ်၍ မန္တလေးတောင်၏ မြောက်ဘက်၌ တော ကျကျ တည်ရှိသော ရွှေကျင်တိုက်လော မကောင်း" ဟုမိန့်တော်မူဘူးပါသတဲ့။]

**ကောင်းရွာ စာသင်တိုက်**

မြင်းမူနယ်၌ "ကောင်း, မင်းရွာ" ရှိ၏၊ ကောင်းရွာ၌ ရှေးကသီယာဝါးဆယ်ကျော်-ရှစ်ဆယ်မျှ သီတင်းသုံးရာ စာသင်တိုက် ရှိခဲ့ဘူး၏၊ ထိုစာသင်တိုက်၌ ကျေးဇူးတော်ရှင်(ယခု မြောင်းမြမြို့ပဇ္ဇောတာရုံတိုက်)ဆရာတော် သီတင်းသုံးခဲ့ဘူး၏၊ ရွာကားအိမ်ခြေများများ ရှိပုံမရ၊ စာသင်တိုက် ဆရာတော်သည် ထိုရွာဇာတိပင် ဖြစ်၍, စာသင်ချိန်က "နောင်ခါ စာသင်တိုက်တည်အံ့" ဟု ရည်ရွယ်ချက်ဖြင့် ဝမ်းကွဲညီနောင် ၃ ပါး တို့(တပါးက ဝိနည်း, တပါးက အဘိဓမ္မာ, တပါးက သုတ္တန်ကို) တာဝန်ယူ၍ သင်ယူတော်မူကြသတတ်၊ စာသင်ပြီးနောက် စာသင် တိုက် တည်ထောင်တော်မူကြ လေသည်၊ "ရွာ ဘုရား ရွာသား မရှိသေ" ဟု ဆိုရိုးရှိသော်လည်း ထို ဆရာတော်ဘုရားများ ၏ကား ရွာသားတို့က အပွန်ရှိလေကြ၏၊ စာသင်တိုက်အတွက် အားထားလောက်သရောကြ၏၊ ပေါ်ပါနှံ့၌ တပင်းစီ တင်းစီ တတ်အားသမျှ စုမြဲ, နှမ်း ပဲ ပေါ်ချိန်၌လည်း တပြည်စီ တခွဲစီ သည်စု၍ ဆရာတော်၏ နောင်တော်ကြီးထံ အပ်နှံကြ၏၊ ထိုပေါ၊ နှမ်းများကို ခါနှံ ဝပ်ချိန် ... ... ... ... ... ...၊ ... အားဖြင့် ထိုသံဃာတော်များ၏ ... ... ... လုံ သာက်ရောက၏၊ ... ... ... ...

တာဝန်ယူကြသေး၏၊ ရွာနှင့် သံဃာမမျှအောင် ရှိသော်လည်း ဝန်မလေးကြပေ၊ ထိုစာသင်တိုက်၌ ပိုက်ဆံကိုင်၍ ဝယ်စားရခြင်း-ပွဲလမ်းသဘင်ကြည့်ရှုခြင်း စသော အပြစ်များမှ ကင်းရှင်း၍ သံဃာတော်များလည်း ငြိမ်သက်ပျော်ရွှင်စွာ ကျမ်းစာကို သင်ယူကြရပေသည်။

ရပ်သူ ရွာသားတို့ ဘာသာရေး၌ ယဉ်ကျေးကြောင်းလည်း အရပ်ရပ်၌ နှံ့စပ်ကျော်ကြားလေ၏၊ ဝိနည်းဘက်က တာဝန်ယူသော ဆရာတော်သည် သက်တော်သာ၍ ရှည်၏၊ ကြီးရင့်ဟောင်မှုသည့်အခါ စာသင်တိုက်မှ မလှမ်းမကမ်း၌ ဗောဓိပင်စိုက်၍ တောကျောင်းကလေးဘည်ကာ ထိုတောကျောင်း၌ မကြာခဏ ကြွ၍ သီတင်းသုံးတော်မူသည် (ဤစာရေးသော ဘုန်းကြီးကိုယ်တိုင်ပင်) ထိုဆရာတော်ကို ဖူးလိုက်ရဘူး၏၊ ဘုန်းကြီးတသက်တာ၌ အကြည်ညိုဆုံး ဆရာတော်တို့တွင် တပါး အပါအဝင် ပါပေတည်း၊ ထိုစာသင်တိုက်မှ စာတတ်ဝိနည်းမိုရ် အတော်များများ ထွန်းကားခဲ့သော်လည်း ယခုအချိန်မှာမူ ထို စာသင်တိုက် မထင်ရှားတော့ချေ၊ ဝမ်းနည်းဘွယ် ကောင်းလေစွ၊ ဤ အကြောင်းအရာများဖြင့် တောရွာ၌ စာသင်တိုက်ကောင်း ဖြစ်နိုင်ကြောင်း, ဝိနည်း အပေါက်အကြား နည်းပါးသဖြင့် အကျင့်စရဏာပြည့်စုံသောပုဂ္ဂိုလ်ကောင်းများ ထွန်းကားနိုင်ကြောင်းကို ပြလိုပါသည်။

**စာသင်တိုက် ကျောင်းဆောက်မှု**

ကျောင်းဆောက်မှု၌လည်း စဉ်းစား ထိုက်သော အချက်တွေများလှချေ၏၊ စာသင်တိုက်ဟူသမျှ၌ အသစ် တည်ရတော့မည် ဖြစ်လျှင် ကံကြီးကံငယ်ကို ကြိုရန် သိမ်လည်း ဖြစ်နိုင် , စာချကျောင်းလည်း ဖြစ်နိုင်

ဘုရားဆင်းတုတော် သီတင်းသုံး၍ ဘုရားဝတ်ပြုကြဘို့ရာ ဘုရားကျောင်းလည်းဖြစ်နိုင်,ကာလအားလျော်စွာ စည်းဝေးဟောပြောဘို့ရာ ဓမ္မာရုံလည်း ဖြစ်နိုင်သောအလယ်ကျောင်းကြီးတကျောင်း (မြို့ရွာဒေသ လိုက်၍ )ခပ်ကောင်းကောင်းဖြစ်ရန် လိုပေသည်၊ ထိုကျောင်းကြီးကို ပစ္စည်းတတ်နိုင်သူ တဦးတယောက် တဆွေတမျိုးက မ - တည်၍ မြို့ရွာက ဝိုင်းဝန်းကြပြီးလျှင် တမြို့လုံး တရွာလုံးနှင့်ဆိုင်သော ကျောင်းကြီးဖြစ်မှသာ ရပ်သူရွာသားတို့ သာ၍ညီညွတ်ဘွယ် ရှိ၏၊ ထို့နောက် သံဃာများ နေထိုင်ဘို့ရာ ( စာချဘုန်းကြီးများနှင့် စာသင်သားများ အဘွက် ) ၂ ပါးနေ ၃ ပါးနေ မိုယ်းလိုလေလုံ ခပ်ကြမ်းကြမ်း ကျောင်းကလေးတွေနှင့် ဆွမ်းစားကျောင်းများကိုင်း , သံဃာအသွန်များလျှင် စာချဘို့ နေရာများကိုင်း, အဂ်ီအဝဥ်ကျကျနှင့် သပ်သပ်ယပ်ယပ် တည်ဆောက်သင့်ကြပေသည်၊ အနီးအပါး ကျောင်းဟောင်း ကျောင်းပျက် - ဇရပ်ပျက် များကိုလည်း " ဝိနည်းတော်နှင့် မဆန့်ကျင်သော ကျောင်း ဇရပ် " ဟု စိတ်ချရလျှင် ရွှေ့ပြောင်းဆောက်သင့်၏၊ နဂိုရ်ကဝိနည်းတော်နှင့် အပ်စပ်ပုံမရသော ကျောင်းများကို ပူလစပ်ဆိုင်သော ဆွေမျိုးများက သူ့ဘိုးဘိုင် ပစ္စည်းဟု [illegible]တား၍ သယ်ယူရွှေ့ပြောင်းလျှင်လည်း အပ်တော့သည်သာ၊ ထိုသို့ ကျောင်းဆောက်ပြီးနောက်စားရေး [illegible] ရပ်ရွာ ပြည်ပယ်ကို အားကား [illegible] ကျောင်းတိုက် [illegible] စည်းကမ်း [illegible]လည်း [illegible]ရေးသားသင့်၏၊ ]

**အုပ်ချုပ်သော ပုဂ္ဂိုလ်**

**အားလုံးသော** ကျောင်းထိုင်-တိုက်အုပ်ဆရာတော်များသည် မိမိတပါး **ကောင်းကျိုးထက်** အများကောင်းကျိုးကိုရှေ့ရှုသောစိတ်ဖြင့် တပည့်ပရိသတ်ရပ်ရွာဒကာ ဒကာမတို့ကို အမြဲညှာတာစိတ် ရှိသင့်၏၊ သူတို့၏ တိုးပွားကြောင်း နည်းလမ်းကိုသာ ပြုကျင့်နေထိုင်သင့်၏၊ ဝိနည်းတော်လာ " ကျောင်းသိုင် အင်္ဂါ " ခေါ် ဥပဇ္ဈာယ်ဆရာ ဖြစ်ထိုက်သော ဂုဏ်အင်္ဂါနှင့် ပြည့်စုံသောပုဂ္ဂိုလ်များချည်း ဖြစ်စေသင့်သည်၊ [ ဥပဇ္ဈာယ်ဆရာ၏ ဂုဏ်အင်္ဂါကို ရှေး၌ ပြခဲ့ပြီ၊ ] ထို့ပြင် ရွာကျောင်းကို အုပ်ချုပ်ခသော ဘုန်းတော်ကြီးသည် အနည်းဆုံး မူလတန်းနှင့် ညီမျှသော သင်ခန်းစာများကို ပို့ချနိုင်သောပုဂ္ဂိုလ်ဖြစ်စေသင့်သည်၊ ကျောင်းတိုက်ကို အုပ်ချုပ်ကြသော ဆရာတော်များကား သတ်မှတ်ထားသော အဆင့်အတန်းကို နိုင်နင်းစွာ ပို့ချနိုင်သော ဆရာတော်များချည်း ဖြစ်စေသင့်သည်၊ [ မူလတန်းကျောင်း၌ မိန်းကလေးများကို လက်မခံရ၊ မိန်းကလေးများနှင့် အချို့ယောက်ျားကလေးများ အတွက်ကား လူဝတ်ကြောင်များ၏ စာသင်ကျောင်း ရှိပေလိမ့်မည်၊ ထို စာသင်ကျောင်း များလည်း (ရွာသည်များအတွက် အနီးအပါး ၂ ရွာ ၃ ရွာ ပေါင်းစပ်၍)မရှိ-ရှိအောင်တည်ထောင်ပြီးလျှင် စာသင်ချိန် ကလေးဟူသမျှ စာသင်ကျောင်း၌ မသင်မနေရ နည်းဥပဒေ အစိုးရက ပညတ်သင့်သည်၊ ထို့ကြောင့် စာသင်တိုက် များရှိရာ ရွာတို့၌ မူလတန်းအတွက် စာသင်တိုက်က တာဝန်ယူဘွယ် မလို၊ ]

ဂေါပကအဖွဲ့

ကြီးသည်ဖြစ်စေ ငယ်သည်ဖြစ်စေ ကျောင်းတိုက်တိုင်း၌ ဂေါပက အဖွဲ့ရှိစေသင့်၏၊ ထိုဂေါပကအဖွဲ့များကား ကျောင်းဒကာ ကျောင်းအမ စသူတို့၏ ဆိုင်ရာနှင့် ရွာလူကြီးများအပြင် ထိုကျောင်းအတွက် အထူးကြောင့်ကြ စိုက်နေသော လူကောင်းများ ဖြစ်စေသင့်၏၊ ထိုဂေါပက အဖွဲ့၏ တာဝန်မှာ အလှူဒါနရေးသမျှကို ထိန်းသိမ်းစောင့်ရှောက်၍ ကျောင်း၌ လိုသမျှကိုသာ တဖြေးဖြေးလှူရန်ဖြစ်၏၊ ဂေါပကအဖွဲ့ဝင်တို့ ထိန်းသိမ်းရမည့် ပစ္စည်းမှာ ဆွမ်းအတွက် ဆေးအတွက် ( ၁ ကံနှုန်းလိုလျှင် သင်္ကန်းအတွက် ) စာအုပ်ခဲတန် စသည်တို့ အတွက် ရည်မှန်း၍ ကျောင်းနဝကမ္မ အဖြစ်ဖြင့် လှူဒါန်းထားသော နှင်ပြု စသည်မှ ရအပ်သော ပစ္စည်းများနှင့် အစိုးရက ထောက် ပံ့သော ပစ္စည်းများသာ ဖြစ်ပါလိမ့်မည်၊ ထိုဂေါပကအဖွဲ့ဝင်တို့၏ အထူးလိုလားအပ်သော အရည်အချင်းမှာ သာသနာကို စောင့်ရှောက်လိုသော စိတ်နှင့် ဝီရိယတော်ကို အတော်များများ နားလည်ထား ခြင်းတည်း။ [ဂေါပကအဖွဲ့၏ တာဝန်များကိုလည်း စည်းမျဉ်းထား၍ သီးခြား စီစဉ်သင့်ပေသည်၊]

ဒါနပစ္စည်း သိမ်းဆည်းမှု

ယခုမှုပြု သွီး၍ဂလာစသော ကိစ္စတို့၌ ဘာသာရေး အရ ဒါနမှုများ ပြုလေ့ရှိကြရာ အနာဂတ်ကာလဝယ် ကျောင်းတိုက်များ၌ အမှန်လိုအပ်သော ပစ္စည်းများကိုသာ လှူသင့်၏၊ ဥပမာ — သံဃာများ၌ ဆွမ်းရှားပါးနေလျှင် ဆွမ်းဆန် စသည်ကိုသာ ဂေါပကအဖွဲ့ထံ အပ်နှံ၍ သံဃာတော်များအား ပင့်ဖိတ် လှူဒါန်းသင့်၏၊ ဝိနည်း နားလည်ရသော ဂေါပကအဖွဲ့ကား နဝကမ္မအား လှူဒါန်းအပ်

သော ငွေကိုပင် ဝိနည်းတော်နှင့် လျော်ညီအောင် စီစဉ်၍ လှူဒါန်းကပ်ပါလိမ့်မည်။ [နဝ = အသစ်+ကမ္မ=အလုပ်၊ ကျောင်းတိုက်၌ အသစ်အသစ် ပြုလုပ်ဘွယ် အလုပ်ကို "နဝကမ္မ" ဟု ခေါ်၏၊ ထို အလုပ်များ၌ ကုန်ကျသုံးစွဲဘို့ရန် လှူဒါန်းခြင်းကို "နဝကမ္မအား လှူဒါန်းခြင်း" ဟု ခေါ်၏၊ ထိုသို့ လှူရာ၌ မည်သည့်ပုဂ္ဂိုလ်မျှမပိုင်၊ သို့သော် ထိုပုဂ္ဂိုလ်များ၏ သက်ဆိုင်ရာ အလုပ်၌ကား ထိုငွေဖြင့် ကပ္ပိယ ဒါယကာများက သုံးစွဲနိုင်သည်။] တစ်ရံတခါ ကျောင်းဒကာ ကျောင်းအမ စသူတို့က ဝတ္ထုကို ( ယခုကာလ၌ ဝတ္ထုကဟု ခေါ်သည်၊ ) အဖြစ်ဖြင့် လယ်ယာများကိုလည်း ကျောင်းအား လှူတတ်၏၊ ထိုဝတ္ထုကံ လယ်ယာ စသည်ကိုလည်း ဝေါပက အဖွဲ့ကပင် စီစဉ်ပေးရလိမ့်မည်၊ ပုဂ္ဂိုလ်တပါးအား ဖြစ်စေ တိုက်သံဃာများအား ဖြစ်စေ မည်သည့်နည်းနှင့်မျှ ငွေကိုဖြစ်စေ လယ်ယာကိုဖြစ်စေ တိုက်ရိုက် မလှူအောင်။

**စာသင်စည်းကမ်း** ရှေ့တန်း ကျောင်းများမှ စ၍ တက္ကသိုလ်ကျောင်းများအထိ စာသင်နည်း စည်းကမ်းရှိသင့်၏၊ ( ကျမ်းစာ အသုံးအနှုန်းချင်း ကွဲလွဲစေကာမူ ) အတန်းလားပုံချင်းမှာ တမျိုးတစားထည်းဖြစ်စေသင့်၏၊ ဥပမာ — သဒ္ဒါ ဗျာကရဏ်းကို လေ့လာကြရာ၌ ကျောင်းတိုက် အချို့က ဗာလာဝတာရ, အချို့က ကစ္စည်းသဒ္ဒါကြီး, အချို့က ရူပသိဒ္ဓိ, အချို့က မောဂ္ဂလ္လာန် ဟု အမျိုးမျိုး လေ့လာကြသော်လည်း ပဒမာလာ စဉ်ကတ်ခြင်း ရှပ်အကျဉ်း တွက်တတ်ခြင်း သဒ္ဒါနည်းအရ ပါဠိတော်ကို ရှင်းလင်းနိုင်ခြင်း အားဖြင့် အရည်အချင်း တူမျှပုံမှာ တူညီခြင်းနှင့်လည်း ဖြစ်စေသင့်၏၊ ထို့ကြောင့် အတန်း စာမေးပွဲများ၌

ဆိုင်ရာသုတ်-သုတ်နက်ရှိမြင်း-မခြင်းလိုလိုရှိင်းထား၍ မေးမြန်းခွင့် ရှိခဲ့လိမ့်မည် မဟုတ်၊ ထိုအဘန်းအသားလည်း အဓိပ္ပါယ် အသိ အမှတ် ပြုသွားသော အဘန်းချည်းသာ ဖြစ်ခဲ့ပေါ်လိမ့်မည်။

**ကျောင်းတိုက်ချင်း ဆက်သွယ်ပုံ**

မူလတန်းကျောင်းမှစ၍ မိမိတို့ နီးစပ်ရာ နယ်ပယ်တွင်းရှိ ကျောင်းတိုက်များသည် တကျောင်းနှင့် တကျောင်း ဆက်သွယ်ရ ပေလိမ့်မည်၊ ဥပမာ-မူလတန်းကျောင်းမှကျောင်းသားသားမလော များသည် ရှေ့သို့တိုးတက်၍ သင်လိုလျှင် မိမိတို့နယ်ရှိ ဒုတိယတန်း ဒုတိယတန်း ပေမကျောင်းကျောင်းချင်းကျော် နီးကပ်လျက်ရှိ သော ကျောင်းတိုက်များသို့သာ ပြောင်းရွှေ့သင်ယူစေကြရမည် [မြို့ကြီး တိုက်ကြီးများသို့ မသွားစေနှင့်၊ မြို့ကြီးမှာသည်ရှိသော တက္ကသိုလ် တိုက်ကြီးများ၌လည်း နယ်မှ အဘန်းမဆုံးသေးသူကို လက်မခံရ ဟု ဆိုလိုပါသည်၊ ဤသို့ မြို့တိုက်တက္ကသိုလ်သို့ ရုတ်တရက် မသွား စေဘဲ နယ်ပယ်ရှိ ကျောင်းတိုက်များသို့ သွားစေခြင်း၏ အကျိုးကို ရှေ့၌ ပြခဲ့ပြီ။]

**အတန်းနှင့် ကျောင်းစာ ပြဋ္ဌာန်းရေး**

ဤအချက်မှာ နောင်ခါ ကျန်စွာ အလုပ် လုပ်ချိန်၌ ညှိနှိုင်းတိုင်ပင်ရမည့် အချက် ဖြစ်၏၊ သို့ရာတွင် ဒုကြမ်းအားဖြင့် မှန်း ထားချက်ကို ဖေါ်ပြဦးမည်၊ မူလတန်းကျောင်းများ၌ ယခုခေတ် လူများ၏ မူလတန်းကျောင်းကဲ့သို့ အတန်းများ သတ်မှတ်သင့်၏၊ ဤအချိန်၌ ပါဠိမြန်မာစာပေဘာက်က များစွာအရေးမကြီးလှသေး၊ လူ့ဘောင်၌ ရေးတတ်ဖတ်တတ်ရုံ တွက်ချက်တတ်မှုနှင့် လူမှုရေးရာ

လိမ္မာမှုကိုသာ ဂရုပြု၍ ဘာသာရေး အခြေခံ သိတန်သော အချက်များကိုလည်း နားလည်အောင်သင်ပြလိုက်ရမည်၊ တတိယ ဒုတိယ ပဌမတန်း ကျောင်းတိုက်တို့ကား ရဟန်းဘဝ၌ နေထိုင်မည့် ပုဂ္ဂိုလ်များ အတွက်သာ ဖြစ်၍ ပါဠိပိဋက ပညာရပ်များကိုသာ သင်ပြရပေမည်၊ ထိုသို့ သင်ပြရာ၌ ပိဋက ပါဠိတော်ကို သဒ္ဒါ သင်္ဂြိုဟ် မှစ၍ ၁၀ နှစ်မျှ သင်ယူရလျှင် အားလုံးပေါက်ရောက် ပြီး ဖြစ်စေသင့်၏၊ ထိုသို့ ဖြစ်နိုင် လောက်အောင်လည်း ၁၀ တန်း ခွဲခြား၍ ထားရမည်၊ ထိုသို့ခွဲခြားပြီး လျှင် တတိယတန်း ကျောင်းများ၌ ၅ တန်း လောက် ဒုတိယတန်း ကျောင်းများ၌ ၇ တန်းလောက်, ပဌမတန်းကျောင်းများ၌ ပဌမတန်းမှ စ၍ ၁၀ တန်း အထိ သင်ပြနိုင်စေရမည်၊

တက္ကသိုလ်ပညာ — တက္ကသိုလ် ကျောင်းတိုက်ကြီးများ၌ကား ၁၀ တန်းအထိ သင်ယူပြီးနောက် ထူးခြားသော အရည်အချင်းရှိ ပုဂ္ဂိုလ်များကိုသာ ရွေးချယ် လက်ခံသင့်၏၊ ထိုတက္ကသိုလ်ဝင် အရှင်တို့ သင်ကြားရမည့် ပညာရပ်များကား .... ၁ - ကျောင်းတိုက် အုပ်ချုပ်၍ ဆရာ လုပ်နည်း, ၂ - ကျမ်းစာ ရေးသား ပြုစုနည်း, ၃- တရားဟောနည်းနှင့် ဩဝါဒပေးနည်း, ၄-သက္ကတကျမ်းစာများ, ၅-ဟိန္ဒီ, အင်္ဂလိပ် စသော ခေတ်အလိုက် သိထိုက်သော ဘာသာများတည်း၊ ထိုတွင် ၁-၂-၃ သည် မသင်မနေရသော မူလ ပညာရပ်ဖြစ်၍, ၄ - ၅ တို့မှာ သင်လိုမှ သင်ရမည့် အပိုဘာသာများ ဖြစ်စေသင့်သည်၊ တက္ကသိုလ်ပညာ လုံလောက်ပြီးသော ဆရာတော်များသည် မိမိဆိုင်ရာ ကျောင်းတိုက်များသို့ ပြန်၍ အုပ်ချုပ်ခြင်း ကျောင်းတိုက်သစ်တည်ထောင်ခြင်း စသပေ

ရေးသား ပြင်ဆင်ခြင်း တရားကျင့်ခြင်း တရားဟောခြင်း တို့ဖြင့် အမျိုးဘာသာ သာသနာကျိုးကို ရွက်ဆောင်နေကြ ပေလိမ့်မည်၊ ပါဠိနှင့် ဟိန္ဒီ သက္ကတ အင်္ဂလိပ် ( ဘာသာစုံ ) ထက်သူတို့ကား နိုင်ငံခြားတိုင်အောင် ဟောပြောခြင်း ရေးသားခြင်းတို့ဖြင့် မြန်မာပြည်၏ အောင်လံတံခွန် ထူးချွန်သူများ ဖြစ်သင့်ကြပါသည်။

**ကျောင်းတိုက်များနှင့် အထောက်အပံ့**

တက္ကသိုလ် ကျောင်းတိုက် မဟုတ်သော ကျောင်းတိုက်များကို ဆိုင်ရာ နယ်ပယ် အားကိုး၍ တည်ဆောက်ရမည် ဖြစ်သောကြောင့် ဆိုင်ရာနယ်ပယ်၏ အကူအညီကို မြော်လင့်စရာရှိ၏၊ ရှင်းပြဦးအံ့—ဆရာ့ဇာတ်မှစ၍ အားလုံးပုဂ္ဂိုလ်များသည် ( ကျန်းမာပါလျှင် ) ဆွမ်းခံကြရမည်ဖြစ်၏၊ ထို့ကြောင့် ဆွမ်းခံ၍ ရလောက်သော ရွာကြီးနှင့် မြို့များ၌သာ စာသင်တိုက် အကြီးအငယ် တည်ဆောက်ရ ပေလိမ့်မည်၊ စာသင်သားတို့ကို လက်ခံရာ၌သည်း အစားအသောက် တတ်နိုင်ရုံလောက်သာ နှိုင်းချိန်၍ လက်ခံသင့်ပေသည်၊ စာသင်သားနှင့် စာချပုဂ္ဂိုလ်ဟူသမျှသည် ၂ ထပ် ဘုဉ်းပေးရမှ သင့်လျော်မည်၊ ထိုကဲ့သို့ ၂ ထပ်မျှမပြည့်စုံလျှင် နံနက်စောစောတွင်ယာဂုဘုဉ်းပေး၍ မွန်းလတ်အချိန်၌ ဆွမ်းဟာထပ်နှင့်လည်း ပြီးနိုင်၏၊ ထိုမျှလောက် မပြည့်စုံလျှင်ကား တရားကျင့်ပုဂ္ဂိုလ်များ နေရာသာ ဖြစ်သင့်တော့သည်၊ စာအောင်ပုဂ္ဂိုလ် အနည်းအများလိုက်၍ အစိုးရထောက်ပံ့သော ပစ္စည်းများ ရပ်ရွာနယ်ပယ်မှ ဒါနပစ္စည်းများလည်း ရှိပေလိမ့်ဦးမည်၊ ထိုဒါနပစ္စည်းများကို ဝေါပကာ... သိမ်းဆည်း၍ အနေးကြီးသော ဆွမ်းဆေးကိုရွယ် အားချသင့်ပေသည်၊ နေရာ

ကျောင်းများကား ဆိုင်ရာစနေရှင်များနှင့် ကျောင်းဒကာ စသည်တို့က ကြည်ဖြူစွာလှူဒါန်းကြမည့်ပြင် သင်္ကန်းများကိုလည်း ဆွေမျိုး မိဘနှင့် ရဟန်းဒကာများက တာဝန်ယူကြပါလိမ့်မည်။]

**စာချ ရရှိရေးနှင့် သက်သာရေး**

သာသနာရေးကိုစပြုပြင်ရာ၌ ကျောင်းထိုင်စာချပုဂ္ဂိုလ်များကို ခပ်မြန်မြန်ရအောင် တက္ကသိုလ်ကျောင်းတိုက် တတိုက်လောက် အရေးတကြီး တည်ထောင်၍ ရွေးချယ်ကာ အစိုးရ အသိအမှတ် ပြုအပ်သော ကျောင်းတိုက်များ အမြန်ဆုံးရစေရမည်၊ နှစ်ပေါင်း အတော်ကြာလျှင် တက္ကသိုလ်ကျောင်းမှ ဂုဏ်ထူးရသော ကျောင်းထိုင် ဆရာတော်များ အများအပြားပေါ်ထွက်လာပါလိမ့်မည်။ ကျောင်းထိုင်စာချပုဂ္ဂိုလ်များလည်း တိုက်အကြီးအငယ် အားလျော်စွာ တတိုက်တတိုက်မှာ ၄ ပါး - ၅ ပါးစသည် ရှိရာပမည်၊ ထိုပုဂ္ဂိုလ်များ၏ ဘောဇနသပ္ပါယ ဖြစ်မှုလည်း လွန်စွာအရေးကြီး၏၊ စာပေပို့ချရသည့်အတွက် နှဂိုရှိအား အောင် ဆုတ်ယုတ်မသွားအောင် မျှတလော်သော ဘောဇဉ်ဟင်းလျာနှင့် ညနေအာဖျော်များ ရသင့်သည့်ပြင် (ခမ်းနားကြီးကျယ်ခြင်း မရှိသော) သန့်ရှင်းသပ်ယပ်သော နေရာထိုင်ခင်းနှင့် ဆေးဝါးများကိုလည်း အမြဲသင့်ပေသည်၊ ထို့ပြင် စာချဘုန်းကြီးများ၏ မိဘများ ဆင်းရဲနွမ်းပါးနေလျှင် ထိုမိဘများ၏ စားသောက် နေထိုင်ရေးကိုလည်း မယုတ်မလွန်ရအောင် စီမံ ...ရာ၏၊ ထိုအလုံးစုံအတွက် ဆိုင်ရာဒကာ မရှိပါမူ သို့မဟုတ် ... ... ... ... ကိန်း... ...အောင်မျှ အင်အားမရှိပါမူ ... ... ... ... ... လာကိုသာ ...သင်တိုက်ငယ် အဖြစ်ဖြင့် တည်ရှိစေရာ၏၊ စာချဘုန်းကြီးများသည် စာချနေစဉ်

ဘောဇဉ် ဆေးဝါးနှင့် မိဘအတွက် အကူအညီမရဘဲ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲခံ၍ စာချနေသင့်၊ ထိုသို့ ဆင်းရဲခံရဦးမည် ဆိုလျှင် တရားကျင့်၍သာ ကိုယ်ကျိုးသက်သက် ရှာသင့်ကြပေသည်။

**တက္ကသိုလ် အဆောက်အအုံ**

တက္ကသိုလ်ကျောင်းတိုက်များကား တနိုင်ငံလုံးနှင့် သက်ဆိုင်သော ကျောင်းတိုက်များ ဖြစ်၍ သင်ပြရမည့် ပညာရပ် များလည်း (နှစ် အတော်ကြာ အောင်)တုန်းတော်ကြီး စာချများဖြင့်သာ တချို့ဘာသာရပ်များ မဖြစ်နိုင်သေး၊ ထို့ကြောင့် ဝိနည်းတော်နှင့် ညီအောင် အစိုးရ အကူအညီရနိုင်ဘို့ လွန်စွာ အခရေးကြီး၏၊ ကျောင်းတိုက်ကြီးကို ခမ်းခမ်းနားနား ရှိအောင် ကည့်မောက်ဘို့ထက် စာချဆရာများ လုံလုံလောက်လောက်မှ မိုးလုံ လေလုံ ကျောင်းသခ်မ်းများ ရမှုနှင့် ဘောဇဉ်ပစ္စည်း များမှုသည် ပဓာနဦးစားရမည့် အရေး ဖြစ်၏၊ တက္ကသိုလ်တို့ ဘ်သို့ ရောက်လာသော ပုဂ္ဂိုလ်များသည် ဆိုင်ရာ ကျောင်းတိုက်များမှ အသက်တန်း စာချလောင်းများ ဖြစ်၍ ထို ပုဂ္ဂိုလ်များအတွက် သင့်လျော်သော နေရာထိုင်ခင်း ဆွမ်း ကွမ်း များ [illegible] သင့်၏၊ သို့သော် ထိုပုဂ္ဂိုလ်အားလုံး ဆွမ်းခံသင့် [illegible] ကဲနေလျှင် [illegible] အကျင့်ပျက် ပျင်းနေတတ် ကြ၏၊ ဗုဒ္ဓ [illegible] ဖြတ်ခွင့် အဂ္ဂ [illegible] မဟာသာဝ [illegible] တို့သော်မှ ဆင်း [illegible] မှု [illegible] ကို အားကျ [illegible] ခံကြမည်သာ [illegible] ၏၊ [illegible] ကျောင်း [illegible] ဟာ [illegible] ကြီး နှင့် [illegible] အနေ [illegible] ကို [illegible] ကြာ [illegible] နေသင့်၏ [illegible] နှ၍လည်း တပါးစိ [illegible] ကာ

ထိုင်အိမ် စသည်များဖြင့် ဆွမ်းခံလျှင် အပြစ်တွေ့ များရကား အားလုံးစုပေါင်း၍ ၂ တန်း ၃ တန်း စသည်ခွဲခြားလျက် စီတန်း၍ ခံသင့်သည်။]

**တက္ကသိုလ် ဂေါပကအဖွဲ့**

တက္ကသိုလ်ကျောင်းများ အတွက် ဂေါပကအဖွဲ့၌ကား တက္ကသိုလ် တည်ရှိနေရာ မြို့၏ အစိုးရဘက်က လည်း ပါဝင်စေ၍ တာဝန်များကို အမှန် ထမ်းဆောင် နိုင်သော ထမ်းဆောင်ဘို့ရာလည်း အားလပ်ခွင့်ရသော သူတော်စင် လူကြီး လူကောင်း များလည်း ပါဝင်သင့်၏၊ မြို့၏ သူမင်္ဂလ ဒုမင်္ဂလကိစ္စတို့၌ လှူဒါန်းကြသော ဒါနပစ္စည်းများနှင့် နိုင်ငံမှ သဒ္ဓါတရား ထက်သန်သဖြင့် အထူးလှူကြသော ဝတ္ထုကံ ပစ္စည်းလည်း နည်းပါးလှမည်မဟုတ်၊ ထိုအားလုံးကို သို့နေရာနှင့် သူ အသုံးချပေးဘို့ရာ ကိုယ်ကျိုးမငဲ့သော ဂေါပက လူကြီးများ လုံလုံလောက်လောက်ရှိစေသင့်၏ ထိုအဖွဲ့ကပင် တက္ကသိုလ်အုပ်ချုပ်သော စာချပုဂ္ဂိုလ်များနှင့် တက္ကသိုလ်တက်ရှိ စာသင်ပုဂ္ဂိုလ်များ၏ ပစ္စည်းလေးပါးကို တာဝန်ယူရပေလိမ့်မည်။

**စာမေးပွဲများ**

စာမေးပွဲများကို မူလတန်းမှ စ၍ တက္ကသိုလ်တန်း အထိ အတန်းတိုင်းရှိစေသင့်၏၊ ထိုအတန်းများတွင် အချို့အတန်း ကို ကျောင်းတိုက်အတွင်း၌သာ ကျင်းပ၍ မေးခွန်းကို လည်း ကျောင်းစာချများကပင် ထုတ်သင့်၏၊ ထိုထို ကျောင်းတိုက်၏ နောက်ဆုံး အတန်းများ ကို ( မူလတန်း တတိယတန်း ဒုတိ ယတန်း ကျောင်းများအတွက် ) နယ်ရှိပဌမတန်း စာသင်တိုက်မှ မေးခွန်း ထုတ်သင့်၏၊ ပဌမတန်းစားကျောင်း၏ နောက်ဆုံးတန်း အတွက်

ဇ ကြာသိုလ်ကျောင်းတိုက်မှ မေးခွန်း ထုတ်သင့်၏၊ စာအောင်သည့် အတွက် ဆုတော်ငွေများ ကြေမည်မဟုတ်၊ စာအောင် ဦးရေနှင့် အဆင့်အတန်းလိုက်၍ကား နဝကမ္မ အတွက် အစိုးရက ဝေပေက အလှူကို လွှဲအပ်၍ ကျောင်းအား လှူဒါန်းပေးလိုက်မည်။

× × × × × × ×

သိမ်သမုတ်

"သီမာ" ဟူသော ပါဠိသည် "အပိုင်းအခြား နယ်နိမိတ် သတ်မှတ်ထားသော အရပ်" ဟု အဓိပ္ပါယ်ထွက်၏၊ "ရဟန်းများ ကံကြီးကံငယ် ပြုဘို့ရာ နယ်နိမိတ် သတ်မှတ်ထားသော အရပ်" ဟု ဆိုလို၏၊ "ထိုသို့ သတ်မှတ်ထားသော အရပ်" ဟု သံဃာများက အသိအမှတ်ပြုခြင်းကို "သိမ်သမုတ်" ဟု ခေါ်၏၊ ထို့ကြောင့် ဆိုင်ရာ အစိုးရက နေရာတခုကို လှူတော်ကြောင်း တယောက်ယောက်အား ဥပဒေနှင့်အညီ "သီးခြားရွာ" ဟု ပေးလိုက်လျှင်လည်း သမုတ်ခြင်း ကိစ္စ ပြီးနိုင်တော့၏၊ သိမ်သမုတ်ရာ၌ အလွန်များစွာ ငွေကုန်ခံမည့် အစား ထိုနေရာ၌ မိုးလုံလေလုံ ရှိအောင် သိမ်ကျောင်း ဆောက်လိုက်ခြင်းသာ သာ၍ အကျိုးကျေးဇူး ရှိ၏၊ သို့ရာတွင် သိမ်သမုတ်ရာ၌ အတော်ဟတ်ကျွမ်းသော ဆရာတော်များ ပါဝင်ဘို့ကား အရေးကြီးလှ၏၊ နားမလည်သူ များချည်းသာ သမုတ်လျှင်ကား အောင်မြင်ဘို့မလွယ်ကူချေ။

ရဟန်းခံ

ယခုကာလ ရဟန်းခံကိစ္စလည်း အကုန်အကျ များလွန်း၏၊ ဘုန်းကြီးညီ ၂ ယောက်တွင် ဂမ်းကွဲညီတယောက်ကို ၇၀၀ လောက် အကုန်ခံ၍ သူ့ဒါဘ များက ရဟန်းခံပေး၏, ၄ ...

လောက်ကြာလျှင် လူထွက်သွားတော့၏၊ ညီရင်းတယောက်ကိုကား ထောင့်ငါးရာလောက် အကုန်ခံ၍ ရဟန်းအဖများက ရဟန်းခံပေး၏၊ ဝါဆင်တော်ရ၍ ငွေခကျော်ခံအောင်ပြီးမှ လူထွက်သွား၏၊ ရဟန်းခံကိစ္စ၌ ဆရာတပါး အခြားသံဃာ ၄ ပါး၌သံဃာစစ်စစ် ငါးပါးသည် သပိတ်သင်္ကန်းစုံသော ရဟန်းလောင်းကို သိမ်စစ်စစ်သို့သွင်း၍ ဝိနည်းတော်အရ စီစဉ်ပေးလိုက်လျှင် ရဟန်းခံခြင်းကိစ္စ အသပြောက်တော့၏၊ ထိုမျှလောက် မကျဉ်းသော်လည်း ခံကျဉ်းကျဉ်းနှင့် ကိစ္စပြီးမြောက်စေ၍ နောင်ခါ ထိုရဟန်းသစ်တို့ အနှုန်လိုသွားလိုက်သော စာအုပ် သင်္ကန်း (ဖောင်ခုတင်ငယ်စသည်) ဆွမ်းဆေးတို့ကိုသာ မိဘ ရဟန်းဒကာ ဒကာမတို့က တဖြေးဖြေး ထောက်ပံ့သင့်၏၊ တခါထည်း အကုန်ခံခြင်းကို ပြုပြင်သင့်သည်။

ရဟန်းပြု ရည်ရွယ်ချက်

ရဟန်းပြုရာ၌ ၁-ကြွေးထူနေသောကြောင့် ရဟန်းပြုခြင်း, ၂-ရာဇဝတ်ပြစ်မှုကို ရှောင်တိမ်း၍ နေလိုသောကြောင့် ရဟန်းပြုခြင်း, ၃-သာမဏေဘဝဖြင့် နေရာမှ အသက်ကြီး၍ ရိုးတိုးရားဘားနှင့် ရဟန်းပြုခြင်း, ၄-သဒ္ဓါတရားအလျောက် ရဟန်းပြုခြင်း, ၅-ပညာ လိုလားသောကြောင့် ရဟန်းပြုခြင်းဟု ၅ မျိုးရှိ၏၊ ၁-၂ အကြောင်းများကြောင့် ရဟန်းပြုသူတို့ကို အစိုးရက ပေးခွင့်မပြုထိုက်၊ ၃-အကြောင်းကြောင့် ရဟန်းပြုသူများလည်း နောင်ခါ မရှိထိုက်၊ ၄-၅ အကြောင်းတို့ကြောင့် ရဟန်းပြုသူများကိုသည်း ကမ္မဋ္ဌာန်း အားထုတ်လိုပါသလား, စာသင်လိုပါသလားဟု မေးမြန်းထိုက်၏၊ ကမ္မဋ္ဌာန်းအားထုတ်လိုသူကို ရဟန်းဖြစ်ပြီးလျှင် ပြီးခြင်း တရားကျင့်ပုဂ္ဂိုလ်များ သီတင်းသုံး နေထိုင်ရာ ကျောင်းတိုက်၌ နေထိုင်စေသင့်၏၊ စာပေသင်လိုသူကို

အစိုးရက အသိအမှတ်ပြုထားသော စာသင်တိုက်၌သာ နေစေသင့်၏၊ ထို ၂ မျိုးအပြင် မပါဝင်သော သာမန် အလုပ်လက်မဲ့ကျောင်း၌ကား မနေသင့်၊ ထိုသို့ နေထိုင်ပြီးနောက် အစိုးရ(ရွာသူကြီးက)ထိုပုဂ္ဂိုလ်၏ ဆရာစသည်ကို မှတ်၍ သွားလေရာ ဆောင်ယူဘို့ရန် လက်မှတ်တမျိုးကို ဆက်ကပ်ထားသင့်၏၊ ဤအချက်ကို အစိုးရပိုင်းက ပေါ့ပေါ့ဆဆ မယူဆထိုက်၊ [ဤနေရာဝယ် သီဟိုဠ်ယိုးဒယားတို့မှ သာသနာ့ဥပဒေများကို နည်းယူတန်သမျှ ယူထိုက်ပေသည်။]

ကထိန်ခင်း ဝါဆိုသပြည့်ကျော် ၁ ရက်နေ့၌ ဝါကပ်၍ (ဝါမပျက်ဘဲ) သီတင်းကျွတ်လပြည့်နေ့၌ ဝါရကာပြုသော ရဟန်းရှိရာကျောင်းတိုက်၌သင်္ကန်းကထည်ဖြစ်စေ အများဖြစ်စေ “ ဣမံစီဝရံ သံဃဿ ဒေမ=ဤသင်္ကန်းကို သံဃာတော်များအား လှူဒါန်းပါ၏”ဟု လျှောက်ထား၍ လှူရ၏၊ ထိုသင်္ကန်းကို သင်္ကန်းမရှိသော ရဟန်းအား ပေး၍ ထိုရဟန်းက ( ဝိနည်းထုံးစံအရ ) ကထိန်ခင်းရ၏၊ သံဃာအားလုံး သင်္ကန်းပြည့်စုံကြလျှင် အကြီးဆုံး မထေရ်အားပေး၍ ထိုမထေရ်ကြီးက ကထိန်ခင်းရ၏၊ ထိုကထိန်ကို ဝမ်းမြောက် ကျေနပ်ပါကြောင်း ပြောသော ရဟန်းများလည်း ကထိန်ခင်းသော ရဟန်းနှင့် အလားတူ ရသင့်သော အကျိုးများကို ရကြ၏၊ ရသင့်သော အကျိုးများကား—

၁။ ရဟန်းများကို ဆွမ်းစားပင့်သည့်အခါ “ဆွမ်း”ဟု နာမည်တပ်၍ ပင့်ရ၏၊ ထိုနည်းကို မသိသူက “ အရှင်ဘုရား.... နက်ဖန် ထမင်းစားကြွပါ ”ဟု “ ထမင်း ”ဟူသော အသုံး

အနှုန်းဖြင့် ရဟန်းဘပါးအား ပန့်ဖိတ်သွားလျှင် ထိုထမင်း စားကောင်းသေး၏၊ သို့သော် ထိုထမင်းကို မစားခင် နံနက်ပိုင်း၌ အရပ်ထဲ သွားလိုက " မည်သည့် အိမ်သို့ သွားပါဦးမည် " ဟု အနီးအပါး ရှိသော ရဟန်းကို ခွင့်ပန်ပြီးမှ သွားကောင်း၏၊ ခွင့်မပန်ဘဲ သွားလျှင် အာပတ်သင့်သည်။ [ပင့်သွားသူက အပို့လာသည်ဖြစ်စေ သို့မဟုတ် အချိန်ကျ၍ အပင့်လာသည် ဖြစ်စေ မတွေ့လျှင် ဘယ်သွားမှန်း ဘယ်လိုက်ရမှန်း မသိသဖြင့် ကွဲရဲ ခံရတတ်သောကြောင့် ထိုသူ့ကို ငဲ့သောအားဖြင့် ခွင့်ပန်ပြီးမှ သွားရလေသည်၊ ] ကထိန်ရသော ရဟန်းကား ခွင့်မပန်ဘဲ သွားသော်လည်း ထိုအာပတ် မသင့်ရြင်း ဟူသော အကျိုးကို ရနိုင်သည်။

၂။ သက်န်း ၃ ထည်ကို ဝိနည်းထုံးစံ အရ ( ကိုယ်နှင့်ဥစ္စာ ) ဟု အဓိဋ္ဌာန်တင်၍ ဆောင်ထားသူသည် အရုဏ်တက်ချိန်မှာ ထိုသက်န်းနှင့် ကင်း၍ မနေရ၊ ကိုယ်နှင့်ဥစ္စာ မှတ်မှတ် ဒူးနီးအပါး၌ ရှိစေရမည်၊ ထိုသို့ ကိုယ်နှင့်ဥစ္စာမှတ်မှတ် မထားဘဲ မိမိ၏ အဝေးမှာ ထားသူသည် အာပတ်သင့်၍ ထိုသက်န်းကိုလည်း စွန့်ရ၏၊ ကထိန်ခင်းထားသူကား ထိုအာပတ် မသင့်တော့ချေ၊ကထိန်ခွင့်ပြုတော်မူရခြင်းလည်း အဓိဋ္ဌာန်တင်ထားသော သက်န်းများတွင် ၂ ထည်ဝတ်၍ ၁ ထည်ကို မိုယ်းရေထဲ၌ ပင်ပန်းကြီးစွာ သယ်ယူလျက် ဘုရားဖူးလာကြသော ရဟန်းများကို အကြောင်းပြု၍ ခွင့်ပြုတော်မူရခြင်း ဖြစ်သည်။ [ ထို သိက္ခာပုဒ်တော်ကား ကျင့်နိုင်လျှင် အကျိုးရှိ၍ မကျင့်သော်လည်း အပြစ်မရှိသောကြောင့် ယခုကာလ

၌ သင်္ကန်း ၃ ထည်ကို အဓိဋ္ဌာန်တင်၍ ကျင့်သူ နည်းလှ၏၊ ထို့ကြောင့် ကထိန်ခင်းခင်း မခင်းခင်း နဂိုရ် မကျင့်သူများ အတွက် အကျိုးသည်း အထူးမရတော့ချေ။]

၃။ ကထိန် မခင်းရလျှင် အဓိဋ္ဌာန်တင်၍ ဆောင်ထားသော သင်္ကန်း ၃ ထည်ထက် အပိုသင်္ကန်း မထားရ၊ ထားလျှင် အာပတ်သင့်၏၊ ကထိန်ခင်းပြီးလျှင်ကား အလိုရှိသမျှထား ကောင်းသည်။ [ ယခုအခါ နဂိုရ်ကပင် အဓိဋ္ဌာန် မတင်ဘဲ အပြား ထားကောင်းသောနည်းဖြင့် အပိုအမိုထားကြသော ကြောင့် ဤအကျိုးသည်း မထူးခြားလှချေ။]

၄။ လျှောက်ထားနည်းကို နားမလည်သူက "ထမင်းစားကြွပါ" ဟု ပင့်ထားသော ဆွမ်းကို ၄ ပါးမှစ၍ ရဟန်းအများတို့ ကပြိုင်နက်ခံ၍ စားလျှင် အာပတ်သင့်၏၊ ကထိန်ခင်းထား လျှင်ကား အာပတ်မသင့်ခြင်း အကျိုးကိုရသည်။ [ယခုအခါ "ထမင်းစား" ဟု ပင့်လေ့မရှိသောကြောင့် ထိုအကျိုးလည်း ထူးခြားမရတော့ချေ။]

၅။ ကထိန် မခင်းလျှင် တဆောင်မှန်းလပြည့်ကျော်မှစ၍ သံဃာ အားလှူနိုင်သော သံဃိကသင်္ကန်းကို ရှိသမျှသံဃာ အားသုံး ဝေယူရ၏၊ ကထိန်ခင်းထားလျှင်ကား ဤတိုက်၌ ဝါဆို၍ ဝါကျွတ်သူများသာဝေယူရ၏၊ ဝါကျွတ်မှရောက်လာ သူ ဒုတိယဝါဆိုသူ ဝါကြီးသူ [illegible] ရ၊ ဤသို့လျှင် ဤအကျိုး ၅ ပါးကို [illegible] သော ပုဂ္ဂိုလ် များနှင့် [illegible] ခံသော

ပုဂ္ဂိုလ်များနှင့်သာ ဆိုင်အောင် မြဲခိုင်သော ပညတ်တော် တမျိုးကို"ကထိန်"ဟု ခေါ်သည်။

**စဉ်းစားဘွယ်** ဤ ပြခဲ့သည်ကား စာလာအတိုင်း ရဟန်းများသာ ရခွင့်ရှိသော ကထိန်အကျိုး ၅ ပါးဘည်း၊ "ထို ကထိန်အကျိုးနှင့် အလားတူ ကထိန်အလှူရှင်များမှာလည်း အကျိုး ရနိုင်၏"ဟု ဟောပြကြသေး၏၊ တချို့ကား "မြေစိုက်စေတီတော် ကြီးကို လှူရခြင်းထက် ကထိန်သင်းပိုင်တထည် လှူရခြင်းက သာ၍ အကျိုးကြီးသည်"ဟုလည်း ဟောကြ၏၊ မြေစိုက်စေတီတော် ကြီးကို လှူသော ဘုရားဒကာ ဘုရားအမတို့က ကျေနပ်နိုင်လောက်အောင် အသင့် ယုတ္တိရှိပါရဲ့လား။ ကထိန်ခေတ် မဘုတ်သော ကာလ၌ သံဃာကိုရည်မှန်း၍ သံဃိကသင်္ကန်းလှူဒါန်းလျှင် အလှူရှင်များမှာ ထိုကထိန်သင်္ကန်းနှင့် ဘယ်လိုအကျိုးများ ကွာခြားဦးမည်နည်း၊ ဤသို့စသည်ဖြင့် စဉ်းစားဘွယ်ကို စဉ်းစားတတ်သူ ကို့က မေးလျှော် ဘူးလှချေပြီ၊ ဘုန်းကြီး လည်း "သံဃိက အလှူချင်းတော့ ထူးခြား စရာ မရှိပါ"ဟု ဖြေခဲ့ရ၏၊ စဉ်းစားကြပါလေတော့။

**ယခုခေတ်ကထိန်** အစပဌမ၌ ကထိန်အလှူဟူသည် သင်္ကန်းအလှူပင် ဖြစ်၏၊ ထို့နောက် သင်္ကန်း၏ အခြံအရံ အဖြစ်ဖြင့် အခြားလှူဘွယ်တွေပါလာ၏၊ ထိုအခြားလှူဘွယ်များတွင် ကျောင်း၌ မရှိမဖြစ်သော ပစ္စည်းမျိုးဆိုလျှင် သင့်တော်ပါသေး၏၊ ယခုသော် ငွေသပြေပင်သီးရဲ့ လှပအောင် တိုလီမိုလီ ကာလးတွေ များလှ၏ ပဒေသာပင်လျှင် ၅၀ တန် တရာတန် စသည်ဖြင့် ဂိုဏ်ပြုကြ၏၊ ကျောင်းခရိုနေသော်ကား အသုံးမကျလှ၊ လူတွေမှာလည်း အကုန်

မနည်းချေ၊ ဒီအထဲမှာပွဲတွေကိုလည်း ထည့်လိုက်ရသေး၏၊ ပွဲလမ်း အတွက် ကုန်ကျစရိတ်နှင့် အသုံးမဝင်သော တိုလီမိုလီ အတွက် ကုန်ကျငွေကို နုတ်လိုက်လျှင် ကျောင်း၌ အသုံးဝင်သော သင်္ကန်း စသည်၏ တန်ဘိုးမှာ ငါးပုံပုံလျှင် တပုံမျှ ပါကောင်းမှ ပါပေလိမ့် မည်၊ ဤကထိန်ပွဲတွင် အသားဘင် အကျိုးရကြသူကား စောင်း ကော်ဇော်-ခါတ်မီး စသော နိုင်ငံခြားကုန် ရောင်းသူ နိုင်ငံခြား ကုန်သည်ကြီးများပင်တည်း၊ မှန်၏—ကထိန်ခေတ်၌ နိုင်ငံခြားသို့ ဆက်ရသော ငွေတွေမှာ သိန်းပေါင်း အတော်များများပင် ရှိပေ လိမ့်မည်၊ ရန်ကုန်မြို့၌ ကထိန်လှည့်လည်သည်ကို ကြည့်ရှုနေသော ပေါက်ဖော် သူဌေးတယောက်က မြန်မာလူကြီး တယောက်အား "ခင်ဗျားတို့မှာလဲ အရမ်းမဲ့ အလှူတွေမရှိလျှင် ကျွန်တော်တို့မှာလဲ ဘိန်းရှုသူတွေ မရှိလျှင် ကြွယ်ဝချမ်းသာသော နိုင်ငံဖြစ်နိုင်မှာဘဲ" ဟု ပြောသတဲ့၊

ညှပ်မကြီး

ယခုခေတ်ကထိန်ခင်းကြရာ၌ "ညှပ်မကြီး" ဟု ခေါ်သော လှူဘွယ်ပစ္စည်းများ သီးခြား ပါလာသည်ကို တွေ့ရ၏၊ ကထိန်ခင်းမည့်သင်္ကန်းကို မရှိနှင်းပါးသောဟန်အား သို့မဟုတ် အကြိုးဆုံးခဲထရ်အား ပေးသည့်အခါ "ညှပ်" ဟု ခေါ်သော ပါဠိ မျိုးဖြင့် ပေးရ၏၊ ထိုသင်္ကန်းကို "ညှပ်သင်္ကန်း" ဟု ခေါ်ကြ၏၊ ထို ညှပ်သင်္ကန်း၏ အခြံအရံဖြစ်သော လှူဘွယ် အများကို "ညှပ်မကြီး" ဟု ခေါ်ကြသည်၊ ယခုကာလ၌ "ညှပ်မ ကြီး" ဟု ခေါ်နေကြ၏၊ ထို ညှပ်မကြီး၌ ပါဝင်သော ပစ္စည်းများသည် "ညှပ်ပစ္စည်း" ကျောင်း ညှပ်သင်္ကန်း

ခံယူသော ပုဂ္ဂိုလ်အတွက်ပါ ဘုရား” ဟု ခွဲခြား၍ မလျှောက်လျှင် အားလုံးပစ္စည်းများ ဥက္ကာတ်သက်နိုးရသူနှင့်သာ ဆိုင်၏၊ ယခုခေတ်၌ကား သက်နိုးရှားပါးသူတို့ မရှိသောကြောင့် အများအားဖြင့် အကြီးဆုံးပုဂ္ဂိုလ်အား ဥက္ကာတ်သက်နိုးပေးကြရ၏၊ ဥက္ကာတ်မကြီးပစ္စည်းများသည်လည်း ပုဂ္ဂိုလ်ကြီးသာ ရလေ့ရှိ၏၊ ထိုသို့ရရာ၌ အကြီးပုဂ္ဂိုလ်သည် တိုက်တာ သံဃာအားလုံးကို ကြည့်ရှု ကျွေးမွေးနေသော ပုဂ္ဂိုလ် ဖြစ်လျှင် တော်ပါသေး၏၊ သူတပါးထည်း ခံစားသော ပုဂ္ဂိုလ်ဖြစ်လျှင် ထိုအလှူမျိုးသည် စနစ်မကျ ချ၊ [ယခုအခါ များစွာသော ကျောင်းတိုက်၌ အကြီးပုဂ္ဂိုလ် ဆိုတိုင်းလည်း သံဃာနှင့် ဝေမျှသုံးစွဲသော ပုဂ္ဂိုလ်မဟုတ်ကတ်ချေ။]

သံဃိကစနစ်မှ ကထိန်ပြောက် — ကထိန်သက်နိုး ဟူသည် ဆရာတော်တပါး ကျောင်းထိုင်ဘုန်းကြီး တပါးမျှကို ရည်စူး၍ လှူရသောသက်နိုး မဟုတ်၊ သံဃာတော်အားလုံးကို ရည်စူးမှ(တတ်နိုင်ပါလျှင် ဘာသာသနာဝင်းကို ရည်စူးမှ)သံဃိကအစစ်ဖြစ်နိုင်၏၊ ယခုကာလ၌ကား မိမိကြည်ညိုသော ဆရာတော် ကျောင်းထိုင်ဘုန်းကြီးကိုရည်စူး၍ ကထိန်သက်နိုးလှူမိတတ်၏၊ ထိုသို့ ပုဂ္ဂိုလ်တပါးကို ရည်စူးသွားလျှင် သံဃိက မဟုတ်၊ သံဃိက မဟုတ်ပြန်လျှင် ကထိန် သက်နိုး အရာလည်း မဝင်နိုင်၊ ဥက္ကာတ်ကြီး၌ ထည့်ထားသော လှူဘွယ်ပစ္စည်း ဂိုရိကာပင် ဆရာတော်အား ရည်စူးပြီး ဖြစ်တတ်၏၊ ထိုသို့ဖြစ်လျှင် အားလုံး သံဃိက အလှူ မဟုတ်၊ ပုဂ္ဂိုလ်တပါး အတွက် ပုဂ္ဂလိကသာ ဖြစ်နေပေလိမ့်မည်၊ ထို့ကြောင့် ကထိန်ခင်းရာ၌ ဆရာတော်များသည် သံဃိက စနစ် ဖြစ်စေအောင် ပြောကြားပေးရမည်၊ သက်နိုးများကို

အခြား ကျောင်းတိုက်မှ ပင့်ထားသော သံဃာများအား ခွဲခြား လှူလိုသေးလျှင် ဤကျောင်းတိုက်ရှိ သံဃာများကို ကျေနပ်အောင် ခွင့်တောင်းပြီးမှ လှူလိုမှ်မည်၊ သို့မဟုတ်လျှင် ရေစက်ချစဉ်ကပင် ဤကျောင်းတိုက် အတွက် သံဃိက, ပင့်သံဃာ အတွက် ပုဂ္ဂလိက ခွဲခြား၍ လှူဒါန်းသင့်သည်။ [ဤ အကြောင်းအရာ များကို လူများ နားလည်မည် မဟုတ်သောကြောင့် ဆရာသြဝါးတို့က နားလည် အောင် ပြောပြသင့်ကြပါသည်။]

**လက်တွေ့အဖြစ်** ကထိန်ခင်းမှု၏ စည်းကမ်း မကျမှုကြောင့် ယခု အခါ မျက်မြင်အဖြစ်များ တွေ့နေရသည်မှာ— သံဃာအနည်းငယ်သာ ရှိသော ကျောင်း၌ မဲကျသောကြောင့် တထောင်တန် ဥတ်မကြီးဖြင့် အတိ အမှတ်ပွဲ သိမ်းသဘင်ကျင်းပ၍ တပျော်တပါး သွားကြ၏၊ ကထိန်ပြီးလျှင် ထိုကျောင်း၌ ဒါးပြ တိုက်သည်ဟု ကြားရတတ်၏၊ သို့မဟုတ် ကထိန်ရသော ဘုန်းကြီး သည် ထိုပစ္စည်းတွေကို ရောင်း၍ လူထွက်လေ ပြီဟု ကြားရတတ်၏ သို့မဟုတ် နီးစပ်ရာ ဒကာ ဒကာမများနှင့် ဆွေမျိုးညာတိတို့ ခွဲဝေ ယူတတ်ကြ၏၊ [သံဃာများသော်လည်း သံဃာနှင့် ဝေခြမ်းလို့ မရှိသော ပုဂ္ဂိုလ်ကြီးများ ကထိန်ရရာ၌လည်း ဤနည်းနှင်နှင် တည်း။] ထိုရှုံယွင်းချက်များ မဖြစ်စေကာမူ ပဒေသာပင်၌ ပါလာ သော စောင်, ကော်ဇော, ခြင်ထောင်, နာရီ, စားပွဲနှင့် ကုလား ထိုင် စသော အလှအပ အခမ်းအနားတွေကို သိမ်းဆည်းရ နေရာ ချထားရသဖြင့် နဂိုရ်က တရားနှင့် စာပေနှင့် နေသော အရှင်မြတ် တို့မှာ အနှောင့်အယှက်သဘွယ် ဖြစ်နေတော့၏၊ ထို့ပြင် ဘာသာ ရေး ကိစ္စဆို၍ ပွဲတခြိမ့်ခြိမ့် ကျင်းပကာ ဒတိုး အမှတ် မြှင့်ဆိုင်ရွာ

ဖြင့် လှူဒါန်းရန် သွားကြခြင်းမှာလည်း အလွန် တိတ်ဆိတ်ခြင်းကို လိုလားတော်မူ၍ တောကျောင်းများ၌သာ မွေ့လျော်တော်မူသော ဗုဒ္ဓရှင်တော်၏ အလိုကို ဆိုထားတိ ယမုမခေတ် သူတော်သူမြတ်တို့၏ အလိုမျှလည်း မကျချ။

ဇာထိန်ပြုပြင်ရေး

ညှိပြုံသော အပြစ်များကို နားလည်ကြကုန်သော ဗုဒ္ဓ ဥပါသကာ ဥပါသိကာတို့သည် ဒူးနေ့ရာဒူး တော်နေရာတော် ဆိုသလို ဘာသာရေး ကိစ္စ၌ ပွဲလမ်းသဘင်အပျော်အပါးကိုလည်း ရှောင်ရှားဘို့ရန် တောင်းပန်လိုပေသည်၊ မိမိတို့ အလှူဝတ္ထုနှင့် ကျောင်းမှာ အသုံးတဲ့ မတဲ့ ဒ အသုံးတဲ့နေပြန်လျှင် သာသနာရေးဆိုင်ရာ ပရိယတ် ပဋိပတ်ကိုအားပေးရာရောက်-မရောက်ကိုရင်း, အကျိုး မများလှသော အသုံးအဆောင်ပစ္စည်းများအတွက် နိုင်ငံခြားသို့ တိုင်းပြည်မှ ငွေများ မထွက်စေဘို့ကိုရင်း သတိပြုစေလိုသည်၊ ထို့ကြောင့် ဇာထိန်ခေတ်ကျ၍ လှူတော့မည်ကြလျှင် သင်္ကန်းအလှူသည် ဗုဒ္ဓရှင်တော်၏ ပြဋ္ဌာန်း ရည်ရွယ်တော်မူချက် ဖြစ်ကြောင်း သတိပြု၍ ကျောင်းတိုက် သံဃာများ သင်္ကန်း အခြေအနေကို စဉ်းစားသင့်၏၊ စဉ်းစားရုံနှင့် မပြီးနိုင်ပါလျှင် ပြည့်စုံ မပြည့်စုံ မေးမြန်းလျှက်ထားသင့်၏၊ ထို့နောက် တတ်နိုင်သေးလျှင်ကား ဘိနပ်အတွက် စဉ်းစားသင့်၏၊ ထိုပစ္စည်းများ ပြည့်စုံကြသည်ဟုသိလျှင် ဆေးဝင်တော့မည် ဖြစ်၍ သံဃာတော်ကလေးများအတွက် ခြီထည် စဉ်းစားသင့်၏၊ ဖျင် ကောသီလည်း အလွန်အသုံးဝင်သော ခြီထည်ဖြစ်နိုင်၏၊ [ ဖျင် ကောသီကျကျနနဆိုလျှင် ရှိရှိဖြစ်ရမ်းရှိခြင်း ဆောင်းခါတွင် ခြုံစရာလည်းဖြစ်သာချက်နှစ် သုံး ချက်ပြတ် အကျိုးရမည်။ ]

ထို့ထက် ပိုလျှင်လည်း ပရိယတ် အားပေးရာ ရောက်အောင် စာအုပ်ခဲတန် မင်အိုး စသည်ကိုရင်း ခပ်မြန်မြန် အသုံးစင်မည့် ကျမ်းစာအုပ်ကိုရင်း စဉ်းစားသင့်၏၊ ထို့ထက်ပိုပြန်လျှင် နေ့စဉ် အသုံးဝင်နိုင်သော ပရုပ်ဆီ လျက်ဆား ဝမ်းနှုတ်ဆေး စသော ဆေးများကိုရင်း သပိတ်ဆေး အဝတ်လျှော် ရေချိုးရန် ဆပ်ပြာ များကိုရင်း စဉ်းစားသင့်၏၊ ထိုမှတပါး လူအများ မြင်၍ သင့်တော် သော ကျန်းမာရေးလည်း ညီညွတ်သော အခြား အသုံးအဆောင် လိုရာများကိုလည်း စဉ်းစားသင့်၏၊ [ ဆွမ်းကိုကား မကျွေးသော် လည်း ကိစ္စမရှိ, စာသင်တိုက်ဖြစ်လျှင် ဆွမ်းကျွေးမည့် အစား ဆန် ဆီ စသည်က သာ၍ အသုံးဝင်၏၊ ]ဤသို့ စသည်ဖြင့် ဂ.ထိန် ဒ.လှူ ဒါနကို ကာလ ဒေသလိုက်၍ ထိုက်သင့်သလို သာသနာ အားပေး သော ကုသိုလ်ဖြစ်အောင် အနာဂတ်ကာလ၌ ကျေကျေနပ်နပ် ပြုပြင်ကြပါကုန်၊

သားရှင်ပြု ဓူဒါန်းကြပုံ

ဘုန်းကြီးဝါဒမှာ " နေ့စဉ် စိတ်ထား ကောင်း၍ နေ့စဉ် ဒါနဝတ်နှင့် ကိုယ်ကျင့်သီလ ကောင်းခြင်း ကိုသာ အရာရာဝယ် သာယာ မြေစေလျက် နောက် ဘဝ၌ မုချဂတိကောင်းကြောင်း အလုပ်ဖြစ်၏" ဟု ယူဆပါသည်၊ တရံတခါ ပကာသန များစွာဖြင့် ဒါန်အကြီး အကျယ် ပြုမှုများကို အနှစ်အသား ဟု မမှတ်ထင်သည့်ပြင် လူအများ၏ ကိုယ်ကျင့် ပျက်ကြောင်း ရဟန်းတော်များ အလုပ်ပျက်ကြောင်း မကောင်း သော အလုပ်တမျိုး ဟု ထင်ပါသည်၊ ရှင်းပြဦးအံ့—သားရှင်ပြု ကိစ္စ၌ ဂုဏ်အသရေရှိ လူကြီး လူကောင်းတို့ကား ထိုကဲ့သို့သော အစာကို စားခနကျ ဖြစ်၏၊ သူက ဗိတ်လို့သာ အားနာ၍(မသွား

မကောင်းမ (မြင့်)သွားရသည့်, အိမ်မှာ အလုပ်ကိစ္စ တန်းလန်းနှင့် မအားကြ၊ ကျွေးမွေးရာ၌ ကုန်ဖိုးငွေလည်း မနည်းလှ၊ သားရှင်တို့ကလည်း အားနာပါးနာနှင့် မလွှဲသာ၍လာကြရသော် အဘယ်မှာ ကုသိုလ်ထုပ်ကြီး ရနိုင်မည်နည်း။ ထိုအခါမှာ ဂုဏ်ဖော်ချင်သော စိတ်ကောက်ကလေးက ( ပကာသန, အကုသိုလ်စေတနာစိတ်ကလေး က ) ပေါ်လိုက်ချေသော်၊ ဘုန်းကြီးပင့်မှုသည်လည်း ငွေရှိပင့်ခွင့် ပေါ်လျှင်ဖော်ကောင်းသော ဘုန်းကြီးပေါင်းများစွာကို ပင့်ရပြန်၏၊ ထိုဘုန်းကြီးများသည် တနေ့ကုန် တနေခန်း အလှူရှိရာ ကျောင်းသို့ သွား၍ ပရိယတ်တိ တ် အလုပ်ပျက်စေကြ၏၊ နေ့ကပ်ပါ ကျောင်းသားတို့လည်း စာသင်ပျက်ကြ၏၊ ထိုမျှလျှင် ရာပေါင်း ထောင်ပေါင်းများစွာ အကုန်အကျခံ၍ ပြုကြသော သားရှင်ပြု သင်္ခိုးနားသ အလှူဒါနကြီးသည် နောင်သံသရာရေးနှင့် သာသနာ ကြီးပွားရေးကို အဘယ်နည်းဖြင့် အားပေးရာရောက်တော့မည်နည်း။

ထိပ်ကွက်ကလေးကိုသာ မီရင်လိုက်ပါတော့

သားရှင်ပြုတခု၌ ကြုံရဘူးသည်ကား၊ အလှူ့ဒါယကာသည် ထိုနယ်၌နာမည်ကြီးသူ တည်း၊ အလှူမှာ အမဲသား ( နွားသား ) ကျွေး၏၊ ပရိသတ်တွေလာကြသည်မှာ ကျွေး၍ မလောက်အောင်ပင်၊ အတော်ကြာလျှင် ကျွေးသော အမဲသားတွေ ကုန်လုနီးလေပြီ၊ အလှူ့ဒါယကာသည် ပရိက္ခရာရှစ်ပါးကိုလွယ်ကာ အခေါင်ကြည်နူးစွာ မြင့်ရှည်သောင်းလှည့် နေရာတွင် ပါဝင်လျက်ရှိ၏၊ ထမင်းကျွေးသူ များလည်း အမဲသား လောက်ပုံမရ၍ ဗျာများနေကြလေပြီ၊ နေ့ခင်းကြီး ပေါ်ကြီးပင်ကြီးတော့ အလှူ့ရှင်ထံ ပြေးလာ ပြီး

ဟင်းလေးကပ်ပုံမကြားကြောင်း ပြောကြလေ၏၊ အလှူဒကာလည်း အတော်စိတ်မောသွားဟန်တူ၏၊ ဟောင်ကြီး မြောက်ကြီးနှင့် ကြီးရှာပါသော်လည်း အကြီးမရတော့ပြီ၊ အတော်ကြာကြာ ငေးပြီးမှ "အိမ်က ထိပ်ဘွတ်ကလေးကိုသာ စီမံ့ပိုက်ကြ ပါတော့" ဟု ရှုံ့မဲ့သောမျက်နှာဖြင့် ညွှန်ပြလိုက်ရှာသတဲ့။

အမျှဝေမှားပုံ — သားရှင်ပြု အလှူဒကာတယောက်လည်း နာမည်ကြီးသူ ပင်တည်း၊ ကုဋေများများ ရွှေ နဂိုရ်တင်နေသောကြွေးများပင် ကြေလေလိမ့်မည်ဟု မြော်လင့်ချက်ဖြင့် ကြီးကျယ်သော အလှူကို စီစဉ်ထား၏၊ ချက်ပြုတ်ထားသည်မှာလည်း အများပင်၊ သို့သော် လူအလာများသလောက် ကုဋေမရချေ၊ ကုန်ကျစရိတ်နှင့် ရသမျှငွေကို ဘောဇဉ်ကစိတ်တွက်- တွက်နေ၏၊ ယင်းကြီးမကိုက်သဖြင့် ခပ်စောစောကပင် မျက်နှာမသာယာလှ၊ ညနေချိန်၌ ပင့်ထားသော ကိုယ်တော်များရိပ်ရွတ်ရန် ကြွပ်ကြီးသို့ ကြွပါပြီ၊ သူ့ဘွားရေစက်ခွက်ကိုင်ကာ သံဃာစင်ပေါ် ရောက်နေ၏၊ ဘုန်းတော်ကြီးဘုရားလည်း အာဝဇ္ဇန်းရှင်ရှင်နှင့်ရေစက်ချပေး၏၊ အလှူဒကာမှာ သူ့အနီးပင်ချက် ရေစက်ချပေးသည်ကိုမျှ ကောင်းကောင်း မကြားရဘဲ ကုဋေနှင့် ကုန်ကျစရိတ်ကို အပြန်အလှန် စဉ်းစားနေစဉ် ဘုန်းကြီးလဲ ရေစက်ချပြီးရော-သူလဲ ကုဋေတွက်ရာမှ အရှုံးထွက်နေတာသိရရော၊ ထိုအခိုက်၌ အနားရှိဆွေမျိုးများက "အမျှဝေလိုက်၊ အမျှဝေလိုက်" ဟု တိုက်တွန်းသံကြားသဖြင့် ကျောကယာ "သောက်ကြီး နဲ့ပါပြီ" ဟု အော်ထွက်သွားရှာသတဲ့။

အလားတူ အလှူပျက်တွေ

ဤအဖြစ်အပျက်မျိုးသည် ယခုခေတ်ကျမှပေါ်လာသည် မဟုတ်၊ မင်းကြီးဦးပေါ်ဦးတို့၏ လက်ထက်ကပင် အလားတူ သားရှင်ပြု ရှိခဲ့သည်၊ ထို့ကြောင့် ယမမင်းထံအစစ်ခံသံပေါက်၌ ထိုအလှူမျိုးတွေမှာ ကျနပ်၍ မင်းကြီးရေးထားသည်မှာ—

သားကြီးရှင်ပြုမှီ, ကျွန်တော်စစ်, ညှစ်၍ လှူခဲ့တယ်။

ကွမ်း ဆေး လဘက်, ဆီစက်စက်, ဝက်နှင့် ကြက်သား ကျွေးခဲ့တယ်။

သည်ကို ဟိုကို, ကြွပါဆို, မျိုးမျာမစဲ ခေါ်ခဲ့တယ်။

ကျွန်တော့အလှူ, ကြွေးတွေပူ, ငွေကူကိုသာ မြော်မိတယ်။

ကူငွေနှင့်သာ, ငါလှူတာ, ထေမိပါမှ ကာတော့မယ်။

ဤသို့သျှင် မင်းကြီးဦးပေါ်ဦးလက်ထက်ကပင် သားကြီးရှင်ပြုအလှူတွေ ထွန်းကားနေခဲ့၏၊ စည်းပျက်ကမ်းပျက် ကိစ္စဟူသမျှသည့် မပြုပြင်သမျှ ဘခေတ်ထက် ဘခေတ် သာ၍ ဆိုးဝါးကြမ်းတန်းမြဖြစ်ရကား ယခုခေတ် တချို့ရပ်ရွာ၌ လှေမီကြိုတင်၍ “ ဝက်သားမည်မျှပေးပါ , အမဲသား မည်မျှပေးပါ ” ဟု ဆိုင်ရာသို့ အမိန့်ပေးထားကြ၏၊ ဆိုင်ရာတို့ကလည်း အလှူရက်ရောက်မှ ဝက်နှင့် နွားတို့ကို သတ်ဖြတ်၍ လောခလာလတ်လတ် အသားတွေကို ဒါနရှင် အလှူဒါယကာလက်သို့ ပို့ဆက်ကြလေတော့၏၊ ဤမျှလောက် ပျက်စီးနေသော ဘာသာရေးအလုပ်ကို ဘုန်းကြီးများနှင့် အမျိုးသားအသိုးရဆိုသူတွေ အဘယ်မှာလျှင် မပြုပြင်တော့ဘဲ နေထိုက်တော့မည်နည်း။

ရှင်လောင်းကို စိစစ်ပါ

ရှင်သာမဏေ ပြုလုပ်မည့် အလောင်းအလျာကို "ရှင်လောင်း" ဟု ခေါ်၏၊ ထို ရှင်လောင်းဆိုသူတို့တွင် တချို့သည် စကားမှုမပီသေး၊ တချို့ကား အခတ်အတန် ကြီးပါသော်လည်း ရှင်သာမဏေများ ကျင့်ရမည့် ကျင့်ဝတ်ကို နားမလည်၊ တချို့ရှင်ကလေးများမှာ မဏ္ဍပ်အတွင်း၌ သက်နှင်းချီ၍ မဏ္ဍပ်က ထွက်လျှင်ထွက်ခြင်း လူဝတ်လဲရ တော့၏၊ မလဲသို့လည်း မဖြစ်ကြတော့ချေ၊ ရှင်သာမဏေ ပြုရာ၌ "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ" စသော သရဏဂုံပါဠိကို ဆရာဘုန်းကြီးနှင့် ရှင်လောင်း နှစ်ဦးလုံးပင် ပီပီသသ(ဌာနကရိုဏ်း ကျကျ)ရွတ်ဆိုတတ်မှ ရှင်သာမဏေအစစ်ဖြစ်သည် ဟု ကျမ်းစာ၌ ဆိုထား၏၊ ယခုခေတ် မြန်မာလူမျိုးတို့ကား အင်မတန် ကြီးစားမှ စာလာ ပေလာအတိုင်းပီနိုင်၏၊ ထိုသို့မပီသစကာမှု ရှင်သာမဏေဟု စန်၍ ဆိုင်ရာကျင့်ဝတ်များကို ကျင့်တတ်လျှင် အပြစ်ကင်းဘွယ် ကုသိုလ် ရဘွယ်ရှိပါသေး၏၊ ယခုသော် များသောအားဖြင့် ရှင်ကျင့်ဝတ်ကို နားလည်သူလည်း နည်းပါး, ကျင့်သူကား သာ၍ရှားတော့၏၊ ဤ ကိစ္စကို တိုင်းပြည်သားတို့ နားသည်အောင် ဝိမ်ငြိုးလျော် မှုလတန်း ပညာလေ့ကျက်ကို(အနည်းဆုံး)သင်ပြီး၍ ကောင်းစွာ နေသိုင်ဝတ် မှသာ ရှင်သာမဏေ ပြုသင့်ပါသည်။

ကြီးကျယ်သော ရှင်ပြုနည်းကို ပြင်

ယခုအခါ ခေတ်စားနေကြသော ရှင်ပြုနည်း များ၌ ငွေမိုငွေလျှံ ရှိသူ့အတွက် မထေ့ငံ့သာ သော်လည်း ရှိသမျှ စည်းကလေးနှင့် အားခဲ ရသ ကြွေးယူ၍ သားကြီးရှင်ဖြစ်ပြုရသူတို့အဘွက် အလွန်နစ်နာ လှ ပေ၏၊ သံသရာကျိုးလည်း နည်းစဉ် ဆွမ်းလောင်း-မိဘပြုစုံ စသော

ဒါနမှုများလောက် အားမကိုးရ၊ ပြခဲ့သော နွားသတ် ဝက်သတ် ခိုင်း၍ ငွေကုကို မြှော်ရှုသော အလှူနှင့် ဂုဏ်ပကာသနကို ပဓာန ထားသော အလှူတို့မှာ ငွေကုန် - အပြစ်ဖြစ် ၂ မျိုးလုံး နစ်နာ၏၊ ထို အလှူမင်္ဂလာဝယ် သားငယ်ကို မင်းမြောက်တန်ဆာ ဆင်၍ အဘိသိက်သွန်းလိုက်သော်လည်း ဘယ်သူကမျှ အထင်မကြီးကြ၊ ထို အဘိသိက်သွန်းလောင်းမှုကြောင့် ဘာမင်္ဂလာမှုလည်း မတိုးတက်၊ ယခုရှင်လောင်းများထက် မယုံဥ် သာလေဒ်အောင် အဆင့်အတန်း မြင့်သော သားတော်ရာဟုလာ ရှင်ပြုရာဝယ် ဘာဘိသိက်မှ မသွန်းရ၊ ဘာအလှူကြီးမှုလည်း မလှူလိုက်ရ၊ ကျောင်းတော် လိုက်သွားရာမှ အရှင်သာရိပုတြာ မထေရ်မြတ်က ဦးခေါင်းရိတ်၍ သာမဏေဝတ် ပေးရုံသာတည်း၊ [ ယခုကာလ လူတွေအလို " ဖြစ်ကတတ်ဆန်း လုပ်သည် " ဟု ခမည်းတော်မုဒ္ဓကို အပြစ်ဆိုကောင်း ဆိုပေလိမ့် မည်၊ ]သို့ရာဝယ် ထိုဖြစ်ကတတ်ဆန်း ရှင်ပြုပေးသော သားတော် ရာဟုလာ မကြာခင်၊ လောင်းကလေးကား ရဟန္တာ ဘဝဖြင့် ပရိနိဗ္ဗာန်စံလေပြီ၊ သူ့အခါကြီး ကျယ်စွာဘိသိက်သွန်း၍ရှင်ပြုခံကြ ရသူတို့ ဘာ ဘာဖြစ်ကုန်ကြသနည်း၊ ထို့ကြောင့် အရွယ်ရောက်၍ ရှင်ပြုချိန်ကျလျှင် သပိတ်သင်္ကန်း ရှာ၍ တတ်နိုင်လျှင် ရပ်ရွာနှင့် အနီးအပါးဟွ ဆင်းရဲသူများကို ကျွေးမွေးခြင်း, အဘိုးအဘွား စသော လူကြီးသူများကို ကန်တော့ခြင်း, ရပ်ရွာ ရှိ စာသင်ကျောင်း တိုက်၏ နဝကမ္မအတွက် မှန်း၍ ဝေါဟာ အဖွဲ့အား အာနှံ့လှူဒါန်း ခြင်း, ကျောင်း အဘွက် ပေးလှူခြင်း, ကျောင်းသားကလေးများ အား စာအုပ် ခဲတံ ကျောင်းအသုံးစသည် ပေးခြင်းဖြင့် ခပ်ကျဉ်းကျဉ်း ပြီးစေကာ, သားကြီးရှင်ဖြစ် မလုပ်ကြရန် သင့်ပေးပါသည်၊

**ဘုန်းကြီးပြန်**

မြို့ဦး ရှာလိပ်နှင့် ကြည်ညို ကိုးကွယ် ထားသော ဘုန်းတော်ကြီး တပါး ပြန်လွန်တော် မူရာဝယ် ရပ်သူ ရွာသားတို့ လွမ်းဆွတ်မှု ပြေပျောက်အောင် သူ့ထက်ငါ အားကျ၍ နောက်ဆုံး ပူဇော်ကြခြင်းကို အပြစ်မဆိုလိုပါ။ သို့ရာဝယ် အသဲအသန် မမာ ဘုန်းက ပြန်လွန်မည့်ပုဂ္ဂိုလ် ကျန်းမာသွားလေ အောင် ဆရာကောင်း ဆေးကောင်း ဝတ်စာကောင်းတို့နှင့် မကုသ-မပြုစုကြဘဲ, ပြန်လွန်ခါမှ ရာပေါင်း ထောင်ပေါင်း သောင်းပေါင်းများစွာ အကုန်အကျခံ၍ ပူဇော်ကြခြင်း၌ အကျိုးရှာ ရသည့်ပြင် ဝမ်းနည်းဘွယ်ကိုသာ မြင်နေပါတော့သည်၊ ထင်ရှားစေပါဦးမည် — လွန်ခဲ့သော ကိုးနှစ်လောက်က နာမည်ကျော် ဆရာတော်ကြီး တပါး အတော်စိုးရိမ်ရလောက်အောင် မကျန်းမမာ ဖြစ်၏၊ ဟိုက သည်က ဆေးအဘွက်လှူကြသည်မှာ ၄၀ ကျော် တန်မျှသာ ရှိ၏၊ သို့ရာဝယ် ကံကောင်း၍ ပြန်တော်မမူသေးပါ။ အကယ်၍ ပြန်တော်မူပါလျှင် ထိုဒကာဒကာမ တပည့်တပန်းတို့သည် လေးရာမက လေးထောင်ကျော်အောင် အကုန်အကျခံ၍ ဘုန်းကြီး ပြန်ပွဲ နွှဲကြပေလိမ့်မည်၊ ထိုကဲ့သို့ အကုန်အကျခံရာ၌ ဆရာသမား၏ ဂုဏ်ကျေးဇူး ရှုကြခြင်းထက် ဂုဏ်ပကာသနနှင့် ရပ်သူရွာသားတို့၏ အချော်အပါး အတွက်သာ ပဓာန ဖြစ်သည် ဟု ဆိုလျှင် အရမ်း စွပ်စွဲရာ ရောက်မည်မထင်၊ ဘုန်းကြီးငယ်စဉ်က မြောက်ကျောင်းမှာ သက်တော်ကြီး ဘုန်းကြီး ၂ ပါးလောက် ဆက်၍ ပြန်လွန်တော် မူ၏၊ ထိုအခါ ဘုန်းကြီးတို့ ကျောင်းက ကျောင်းသားတွေ စာအံ ရင်း ပျင်းပျင်းရှိတ နှင့် ပြောကြသည်မှာ — " သူများကျောင်းက ဘုန်းကြီးတွေဟာ ခဏခဏ ပြန်တော်မူကြတယ်၊ ငါတို့ကျောင်းက

ဘုန်းကြီးများကတော့ တပါးမှ ပြန်တော်မူဘော် မရဘူး၊ ခုနှယ် တပါးလောက် ပြန်တော်မူရှင် ဘယ့်နှလောက် ကောင်းမလဲ "... ဤသို့ ကျောင်းသားတွေ ပြောနေသံကို ဘုန်းတော်ကြီး ကြား၍ များစွာ ကြိမ်းမောင်းတော် မူလေသည်။

အရိုးအိုးစေတီ ထို့ပြင် အသက်ထင်ရှား ရှိစဉ်က အလွန် အကျွမ်းရှိသော လေးစားမှု မပြုကြဘဲ အရိုးကျမှ အရိုးအိုးဘုရား တည်ထားခြင်းလည်း နည်းလမ်း မကျလှ။ ထို တည်ထားပြီးသော အရိုးအိုး ဘုရားကိုလည်း မည်သူမျှ အရေး တကြီး မကိုးကွယ်ကြ၊ နှစ်ပေါင်းအတော်ကြာသော် ဘုန်းတော်ကြီး အရိုး လူအရိုး ခွဲခြား မရသည့်ပြင် ဓာတ်တော် ထာပနာထား သော စေတီတော် များနှင့်လည်း ထူးမခြားပင် ဖြစ်နေတော့၏၊ မဟာပရိနိဗ္ဗာနသုတ် ပါဠိတော်၌ "မြတ်စွာဘုရား, ပစ္စေကဗုဒ္ဓါ, ရဟန္တာနှင့် စကြာမင်း ဤပုဂ္ဂိုလ် ၄ ပါး၏ အရိုးများကိုသာ စေတီတည်၍ ပူဇော်ထိုက်သည်"ဟု ဟောတော်မူ၏။ [ စကြာမင်း သည် သူ့ခေတ်နှင့်သူ့ ခါ သတ္တာကျိုးကို အလွန်ဆောင်သွားသော ဘုရားမင်း ပေတည်း၊ တလောကလုံးမှ တယောက်ထည်းသာ ဖြစ်နိုင်ရကား ထူးဆန်းသော အရာလည်း ဖြစ်၏၊ ထို့ကြောင့် စေတီတည်၍ ကိုးကွယ်ထိုက်သူတို့တွင် စကြာမင်းလည်း ပါဝင် ရသည်၊ ] ပုထုဇဉ် ရဟန်းများ၏ အရိုးကို စေတီတည်ထားဘို့ရန် ဗုဒ္ဓရှင်တော် ခွင့်ပြုဘော်မူလျှင်ကား သီလရှိသော ပုထုဇဉ် အရှင် များသည် သီဟိုဠ်ကျွန်း၌ပင် မရေ မတွက်နိုင်အောင် များရကား စေတီများ တည်ထားဘို့ရာ နေရာမလောက်ဘဲ ရှိပေလိမ့်မည်၊ ထိုမျှလောက် များပြားနေလျှင် ထူးခြား အံ့သြဘွယ်လည်း မဖြစ်

တော့ရာ၊ ထို့ကြောင့် ပုထုဇဉ်အရှင်တို့၏ အရိုးများကို စေတီ တည်ထွင်ပြုတော်မမူ၊ ထို့ကြောင့် ယခုကာလ၌ ဘုန်းကြီးပြန်တော်မူလျှင် အရိုးအိုးစေတီ တည်ထားရိုးလောက် ဖြစ်နေသော စနစ်ကို ပြုဝံသင့်ပြီ၊ "သီလရှိသော ပုထုဇဉ်အရှင်များ ပြန်လွန်တော်မူသည့် အခါ ပရိနိဗ္ဗာန်စံတော်မူသော ရဟန္တာများကဲ့သို့ ကြီးကျယ်စွာ ပူဇော်နိုင်သည်"ဟု အဋ္ဌကထာ ဆို၏၊ ထိုသို့ ဆိုရာ၌လည်း ယခု ကာလလို ရက်ရှည်လများထား၍ မီးသောင်းရာဖြစ်သောကြောင့် "လောင်တိုက်"ဟုခေါ်သော မီးသောင်စာအကြီးအငယ် ကိုးဆယ် တရာလေခံဖြင့် ပူဇော်မည်ဟုမဆိုလို၊ ထို ပြန်တော်မူရာနေ့မှာပင် ပန်းနံ့သာ နံ့သာထင်းဖြင့် သင်္ဂြိုဟ်ပူဇော်မည် ဟု ဆိုလိုပေသည်၊

[အဋ္ဌကထာ] ပုထုဇ္ဇနဘိက္ခုနံ ပိ ထူပေ အနုညာယမာနေ တဗ္ဗုပဏ္ဏိဒိဓေပ တာဝ ထူပါနံ ပြဲကာသော နာဝဝေယျ၊ တထာ အညေသု ဌာနေသု၊ တသ္မာ အနုဇ္ဇယော တေ ဘဝိဿန္တိတိ နာနုဇာနာတိ၊ပေ၊ ပုထုဇ္ဇန သီလဝတော ပန ပရိနိဗ္ဗုတဘိက္ခုနောဝိယ မဟန္တံပိ သက္ကာရံ ကာတုံ ဝဋ္ဋတိယေဝ။

ပြန်တော်မူဘဲ ဂိုဏ်းတော်များ ဂိုဏ်းမှု

"ဘုန်းတော်ကြီး"ဟူသည် ငရုးဘဝက ဗြဟ္မာ့ပြည်မှ စုတေ၍ လောကဂုဏ် အပြစ်ကိုမြင်ကာ ရဟန်းပြုလျက်နေ၏ တိုပုဂ္ဂိုလ်သည် (မေတ္တာဘာဝနာ ဗသော ကမ္မဋ္ဌာန်းပေါက် ချာန်ရ၍) စုတေသည့် အခါ မူလဌာန ဗြဟ္မာ့ပြည်သို့ပင် ပြန်သွား သောကြောင့် ဘုန်းတော်ကြီး စုတေသည်ကို "ပြန်တော်မူသည်"ဟု ခေါ်၏၊ တနည်း-"ဘုန်းကြီးများသည် ကောင်းမှုကုသိုလ် ထူးထူး ထွေထွေ များပြားလှ၏၊ သီလသိက္ခာလည်း ကောင်း၏၊ စုတေလျှင်

ဘယ်နည်းနှင့်မဆို အထက်(နဝ်ပြည်မြတ်ဘွဲ့ပြည်သို့)ပျံတက်ရမည် သာ ဘည်း”ဟု ရှေး ကယူဆကြ၏၊ ထို့ကြောင့်လည်း စုဓေတသည်ကို “ပျံတော်မူသည်” ဟု ခေါ်ကြ၏၊ ထိုအခေါ်သည် သီလသိက္ခာ အမှန် ပြည့်စုံသော ဘုန်းတော်ကြီးများ အတွက် မှန်ကန်သော အခေါ်ပေတည်း၊ ဒိစတြိတ်တခု၌ ဘုန်းကြီးတပါးကား ငွေတိုးပေး စား၏၊ အသဲအသန်မမာသည့်အခါ ငွေတိုးယူထားသောရွာသား တို့က သူတို့စာရင်းကိုရှာကြ၏၊မမာသောဘုန်းကြီးသည် သူ့နေရာ နှင့် ကပ်ခနေသော ကြမ်းပေါက်အောက်ကို အလွန်စူးစိုက်စွာ မကြာ ခဏကြည့်နေ၏၊ ဒကာတယောက်သည် ထိုကြည့်ပုံကို သဘော ပေါက်၍ ထိုကြည့်သောနေရာ မြေကိုတူးလေရာ ရွှေငွေများစွာ ရလေသတဲ့၊ ဘုန်းကြီးလည်း မကြာမီပင် ပြန်တော်မူလေတော့၏၊ ထိုဘုန်းတော်ကြီးမျိုး ကား အထက်သို့ မပျံဘဲ ဗြဟ္မာ့ပြည်သို့သည်း မပြန်ဘဲ အောက်သို့ ရှုံးတော်မူမှာစိုးရသေသည်၊

သတိပြုဘွယ်ဇွေ ယခုအခါ မည်သည့်ဘုန်းကြီး မည်သည့်ဆရာ တော် ပြန်လွန်တော်မူ၍“ သက်န်း အစုံပေါင်း မည်မျှ, ကော်ဇောစသည်က မည်မျှ, ငွေသားကမည်မျှ”စသည်ဖြင့် စာရင်းကြေညာသည်မှာ ဝမ်းနည်းဘွယ်ကောင်းလှ၏၊ ဘုန်းကြီး ပိဋိ သာသနာလိုကြသွင် မိမိဝတ်လေ့သုံးစွဲလောက် ရှိမှတပါး ရသမျှကို မရှိနှင့်ပါသော ဘယည် ရဟန်း သာမဏေများကိုသာ ဝေခြမ်း လှူဒါန်းသင့်၏ ငွေကိုသည်မှာ လုံးလုံးကိုယ်ပိုင်ထားကောင်းသော ခွင့်မရှိပေ၊ ထို ခွင့်း တွ ရှိ ဇွယ်ဘာသာ လောဘစော်ဖြင့် မိုးတစ်ဘဲ ကျပေါ်မူ “ သာပေက္ခကာလံကြိယာ အတ္တနော်ယဝ ဝေဟောယက္ခ ကုဏ္ဍ ရ၊ ပေ၊ နိဗ္ဗတ္တနကာရဏံ ဟောတိ” ခွင့်း

စသည် တွင် သိတာလျက် မသရေခြင်းသည် ဗိမ်းနုရ်အိမ်(ကျောင်း)၌ တဆေ ပြည့္သာ ခွေး နွား ကျွဲကြွက်ကြက် သန်း ကြမ်းပိုး စသည် ဖြစ်ရခြင်း၏ အကြောင်းဖြစ်၏''ဟု မဟာသုဒဿနသုတ္တဋ္ဌကထာ၌ မိန့်၏၊ ထို့ပြင်— ဆရာဘုန်းတော်ကြီး ပြန်တော်မူခါနီး၌ ကျောင်း တောင်းသူ ပစ္စည်းတောင်းသူ များသည်း ဆရာကို ငဲ့ညှာလျှင် စဉ်းစားစရာ ကောင်းပေသည်။

ဘုန်းကြီးပြန်
ကြာရှည်ထားပြစ်

ယခုကာလ၌ ဘုန်းကြီးပြန်ကို ကြာရှည်ထား လေ့ ရှိခြင်း ကြာရှည်ထား လေ့ မရှိခြင်း ဟု ၂ မျိုး ရှိ၏၊ ကြာရှည်ထားခြင်း၌ ရည်ရွယ် ချက်ကား ပေါ်ဝေး တပည့်များ လာရောက်မှီအောင် စောင့်ဆိုင်း လိုခြင်း, ဒါကာဒါကာမများ၏ ဘုန်းကြီးပြန်၌ ကုန်ကျသုံးချန် ငွေရှိရန် ကို စောင့်လိုခြင်း များဖြစ်၏၊ ထိုတွင် အဝေးတပည့်များလာစေ သကြိုက်ခြင်းလည်း တနည်းအားဖြင့် ထိုမှရအည့် အကျိုးကိုကို မြော်လင့်ခြင်းပင် ဖြစ်၏၊ ထိုသို့ မဟုတ်ဘဲ '' အဝေးတပည့်များ နောက်ဆုံး ကာကာခြင်းဖြင့် ကဲ့ရဲ့စေလိုသောကြောင့် ထားရ ပါသည်''ဟု ဆိုလျှင် အလောင်းကို မဒှိုလိုက်ဘဲ ဂုဏ်တင်ရုံးခဲ့ ကြဲ့ကောင်းလျှင်လည်း ပြီးနိုင်ပြန်ပါ၏ ထိုကာကြောင်း လိုလျှင် မလိုစေကာ သေးချေ၊ ဘာနှာပို ''ပွဲနှင့် သေခ်းနှင့် စည်စည်ကားကားဖြစ်စေလို သောကြောင့်သာ ကြာရှည်ထားကြသည်''ဟု သေင်ရောအကြောင်း ရှိ၏၊ ထိုသို့ ကြာရှည်ထား၍ စည်စည်ကားကား ကျင်းပရာ၌ အောက်ပါ အပြစ်များကို တွေ့ရသည်—

၁။ ပရိယတ် ကျောင်းတိုက်ဖြစ်လျှင် စာသင် စာချ ပျက်ခြင်း, ပဋိပတ်ကျောင်းတိုက်၌ ပဋိပတ်အကျင့် လစ်ဟင်းခြင်း

၂။ ဒကာဒကာမတို့ အလုပ်အကိုင်ပျက်၍ အကုန်အကျများခြင်း, ထိုကုန်ကျရာ၌ တချို့ဒကာ ဒကာမများကား မရှိမဲ့- ရှိမဲ့နှင့် သူများနဲ့တူဖြစ်အောင် ကြံစီ၍ ထည့်ရခြင်း , တချို့လည်း စိတ်မပါဘဲ ရပ်ရွာနှင့် မဆန့်ကျင်အောင် ထည့်ရခြင်း။ [ထို့ကြောင့်"ဘုန်းကြီးသေ, ရွာကြေ"ဟု ဆိုကြသည်။]

၃။ ပွဲလမ်းသဘင်တွေ များ၍ ကြည့်ရှုသူတို့မှာ ကျန်းမာရေး ချို့ယွင်းတတ်ခြင်း။

၄။ တာဝန်ဆောင် ပုဂ္ဂိုလ်များဝယ် အလုပ်များသော ရဟန်း ငယ် ရှင်ငယ်တို့မှာ အပြင်းအထန် ကျန်းမာရေး ချို့ယွင်း တတ်ခြင်း။ [ နာမည်ကြီး ဆရာတော်တပါး ပြန်တော်မူရာ၌ နေခဲ့ပါ ၂ ပါး ၃ ပါး ခေါ်သွားတတ်သည်"ဟု ပြောစမှတ် ရှိ၏၊ ဆိုလိုရင်းကား— ဆရာတော်ပြန်၍ လုပ်ကိုင်ရသော ကြောင့် မကျန်းမာ၍ ၂ ပါး ၃ ပါး ပြန်တော် မူတတ်သည် ဟု ဆိုလိုသည်။]

၅။ ဝက်ကြက် စသော သတ္တဝါများတို့လည်း ဘုန်းကြီးပြန်ကို အကြောင်းပြု၍ သေကြရခြင်း။ [ ဆရာတော် တပါး၏ ဘုန်းကြီးပြန်သို့ တပည့်အများ သွားကြရာ ညဥ့်အခါ၌ သဲ သောင်ပြင်ကျင်း၍ နွားနေခိုက်ဝယ် ကပ်လာသော လှေကြီး တစင်းပေါ်မှာ သတ်ပြီးကြက်ကောင်တွေ အပြည့်တင်လာ သည်ကို မြင်၍ "ဘယ်သွားမလို့လဲ"မေးရာ "ဆရာတော် ဈာပန သွားမလို့" ဟု အဖြေကြား၍ကြောင်း ကိုယ်တွေ့ တဦးက လျှောက်ဘူးသည်။]

၆။ ဘုန်းကြီးပျံကိုနာမည်ခံ၍ ဟိုဟိုသည်သည် အလှူခံကာစီးပွါး ရှာလိုသူတို့ မတရားသဖြင့် စီးပွါးရှာခွင့်ရခြင်း၊ ......ဤသို့ စသည်ဖြင့် လက်တွေ့အပြစ်တွေများပြားလှရကား အောက်ပါ စည်းကမ်းချက် အတိုင်း ဘုန်းကြီးပျံ ကိစ္စကို ပြုပြင်သင့်ကြ တော့သည်။

**ဘုန်းကြီးပျံ ပြုပြင်ရေး**

မိမိတို့ ဆရာသမားကို လေးစားသော တပည့် ဒကာ ဒကာမတို့သည် မကျန်းမာကြောင်းသိလျှင် အစွမ်းကုန် ကြိုးစား၍ ( ဝိနည်းတော်နှင့်လည်း ညီစွာ ) ကုသသင့်၏၊ အကောင်းဆုံးဆရာနှင့် ဆေးများ ဓာတ်စာ များကို မိမိတို့ အစွမ်းအားလျော်စွာ ရှာဖွေ ဆက်ကပ်သင့်၏၊ ထို ဘုန်းတော်ကြီးသည် မနေသာ၍ ပြန်တော်မူရစေကာမူ တပည့် ဒကာ ဒကာမတို့အပေါ်မှာ မေတ္တာများများနှင့် ကျေကျေနပ်နပ် ပြန်တော်မူရ ပေလိမ့်မည်၊ ပြန်တော်မူကြောင်း ကြေနိုင်သိရသည့် အခါ၌ကား အချိန်ရှိသေးလျှင် အနီးအပါးရှိသော တပည့်များနှင့် ဒကာဒကာမတို့သည် နောက်ဆုံးပူဇော်ခြင်း ဟု သဘောထား၍ မိမိတို့ အိမ်မှာအသင့်ရှိသော သိန်းသပ်တုံးနှင့် အမြန်ဆုံးမီးသ ဂြိုဟ်သင့်၏၊ အ ချိန်မ ရှိလျှင်ကား တည်ကြမ့်မျှ ထား၍ လျှင် နောက် တနေ့တွင် ကိစ္စ ပြီးသင့်၏၊ အလွန်ကြီးကျယ်သော ဆရာတော် ဖြစ်၍ ခင်လှမ်းလှမ်းမှ တပည့်တပန်းများ ရောက်လာရန် မြောက်နိုင်ပါမူ ၃ ရက်မျှ ထားသင့်ကြ၏၊ ထို ထက် ကား မထားသင့် ဖြည်းနှင့်မျှမထားသင့် ပေ၊ အရှင်သ ... အရှင်မောင်ဂုလ္လာန် စသော ရဟန္တာကြီး များ ပရိနိဗ္ဗာန် စံတော်မူရာမှာသင် နေ့ချင်း ညချင်းပြီးစေပုံကို အတု

ယူသင့်ပါသည်၊ ဗုဒ္ဓရှင်တော် ပရိနိဗ္ဗာန် စံတော်မူရာ၌ကား ပြင်ဆင်၍ မပြီးနိုင်သောကြောင့်သာ မီး မသင်္ဂြိုဟ်ရသေးခင် ၇ ရက်မျှ ကြာသွားပါသည်။

လူ အသုဘ

ဤမြန်မာပြည်၌ လူသေ အလောင်းကောင်ကို အမွှန်းတင်ကာ ငွေကုန် လူပမ်း စီစဉ်ကြသည်မှာ စိတ်ပျက်ဘွယ်ရာ ကောင်းလှ၏၊ တချို့မှာ ဆေးဘိုး ဓာတ်စာ ငါးကျပ် တဆယ်မျှ အကုန်မခံနိုင်ကြသဖြင့် မသေတန်ဘဲနှင့် သေရပြီးနောက် အလောင်းကောင်ဘဝရောက်မှ ကျန်ရစ်သူတို့က မရှိမဲ့ရှိမဲ့ ကြံဆောင်၍ တဆယ် နှစ်ဆယ်မက အကုန်အကျခံပြီး သင်္ဂြိုဟ်ကြရ၏၊ ထို အလောင်းကို ၃ ရက်ထက် မနည်း အိမ်မှာ ထားလိုကြသေး၏။ [ထိုသို့ ထားရာ၌ ဘိုးဖြစ်သူထံမှ အကြောင်းပြချက်ကို ကြားသိရဘူးသည်မှာ "သေသူသေခြင်းတော့ ဆွေမျိုးများက မစုံ ရောက်ကြသေးဘူး, ၃ ရက်လောက်ကြာ၍ ပုတ်လာသည့်အခါ ကျမှ ပစ်နိုင်ကြတယ်၊ ဒါ့ကြောင့် ကျန်ရစ်သူများ ပစ်ခွါနိုင်အောင် ၃ ရက် ၅ ရက် စသည်ဖြင့် ထားကြတယ်"ဟူ၏။] ထိုသို့ ထားရုံတွင် မပြီးသေး၊ ဆွေမျိုး မိတ်ဆွေတွေ လာသမျှ အတွက် ကွမ်း ဆေး လက်ဖက်စသော စားသောက်ဘွယ်များကိုပါ အသုဘအိမ်၌ စီစဉ်၍ ထားရ၏၊ ချမည့်နေ့၌ကား မင်္ဂလာပွဲမှာ တချို့က ဖီးလိမ်း ဝတ်ဆင်၍ လာကြသေး၏၊ တတ်နိုင်သလောက်ကျွေးကြရ လက်ဖက်ရည် တိုက်ကြသည်မှာလည်း ဇလ္လူဒါန်းပွဲကလေးလို ဖြစ်၏၊ ပုတ်နေသော အလောင်းကောင်ကို နံ့စော်အောင်သေတ္တာထဲမှာလှောင်၍ (လှောင်ထားသော်လည်း နံလျက်ပင်) အနီးအပါး၌ ပျော်ပျော်ရွှင်ရွှင် စားသောက် ရယ်မောနေကြသော လူလယ်ခေါင်ဝယ်

အဓလောင်းရှင် များကလည်း အသံကုန်ဟစ်ကာ ငိုကြွေးရာ၏၊ "စားသောက် ရယ်မော နေသူများက ငိုသူများကို အားမနာလို့လား၊ ငိုသူများကပင် ရယ်ကာ မောကာ စားကြ သောက်ကြတာကို မသဒ္ဒါ လို့လား"။

သွားလေသူ
သဘောကျေမှုတန်ဖိုး

ဘုန်းကြီးပျံ အသုဘကို ရက်ကြာကြာ ထားရာ၌ အခြားအကျိုး ဖြစ်စေကာမူ သွားလေသူက သဘောကျမည် ဆိုလျှင် တော်ပါသေး၏၊ ယခုသော် သွားလေသူကလည်း ထိုကဲ့သို့ကြာကြာ ထားသည့်အတွက် နှစ်သက် လှမည် မဟုတ်ချေ၊ ထင်ရှားစေအံ့- မိမိ၏ လက် ခြေ စသော ကိုယ်အင်္ဂါ တခုခု ဆေးရုံပေါက်၍ ပုပ်နံနေလျှင် ထိုအနာကို လူစိမ်းမမြင်စေလိုဘဲ ဖာတ်နိုင်သမျှ ဖုံးကြရ၏၊ "အသုဘ "ဟူသော စကားသည် မတင့်မတယ် ရွံ့ဘွယ်ဟူသော အဓိပ္ပါယ်ကိုပြ၏၊ သို့ဖြစ်လျှင် တကိုယ်လုံး မတင့်မတယ် ရွံ့ဘွယ် ပုံကြီး ဖြစ်နေပါလျက် ရက်ကြာကြာ အပုတ်ခံ၍ လူတွေအား ပြနေခြင်းကို အဘယ် သွားလေသူ ကျေနပ်နိုင်အံ့နည်း၊ "တချို့က ဆရာ့သွားကို ကြာကြာထား၍ ပူဇော်လိုပါသည် " ဟု ပြောကြ သေး၏၊ ထိုသူတို့၏ အိမ်- ကျောင်းသို့ တလှည့်စီ ပို့၍ ထားလျှင် သူတို့ ပူဇော်ချင်မည်လော၊ ဘုန်းကြီးအတွက် စပ်ဓိတိုင်း ပြောသော စကားကား- "ပါလသလျှင် ကြာရှေမထားဘဲ သူတပါးမမြင်ရာ ရောက်အောင် အမြန်ဆုံး ဖွံ့လိုက်ကြ " ဟု ပင်တည်း၊ အားလုံး သွားလေသူများလည်း ဘုန်းကြီးနှင့် သဘောတူလိမ့်မည်။

သုသာန်ပို့ပုံ

ယခုကာလဝယ် အသုဘကို ကြာရှည်ထား၍ သုသာန်သို့ ပို့ချသည့်အခါ ရွာနီးချုပ်စပ်မှ ဘုန်းတော်ကြီးများကို ရဏာဂုံတင်ရန် ပင့်ကြရသေး၏၊ ဆေးဘိုး ဝါးခ မတတ်နိုင်၍ သေရမစောကာမှ သရဏာဂုံတင် ကိုယ်တော်များ အတွက် လှူဘွယ် နည်းလှ၍ မျက်နှာ ပျက်ရမလို ဖြစ်၏၊ တတ်နိုင်သူတို့ကမူ ဇရာအထိ(ဇရာဇာနှင့်အထိ)လှူဒါန်း၍ သရဏာဂုံတင်ကြ၏၊ ထိုလှူဒါန်းသော ဆွမ်းမျိုးများမှာ "ဘာကို ရည်မှန်းရမည်" ဟု သတိရကြဟန် မတူ၊ သူတို့ သတိရနေသည်ကား နောက်ဆုံးဒွာနှင့် အားရပါးရ ငိုသံပေးလျက် နှုတ်ဆက်လိုက်ရန်ပင် ဖြစ်ဟန်တူ၏၊ ထိုသို့ ငိုကြွေး နှုတ်ဆက်ပြီးနောက် အိမ်ပြန်ရောက်သည့် အခါ ကြွေးယူ၍ အသုဘ ချလိုက်ရသူတို့မှာ ကြွေးအတွက် စိတ်လေးလ ကြရတော့၏၊ ပစ္စည်းမဲ့စွာ ကျန်ရစ်သူအတွက် အမွေစကား ပြောခြင်းပြင် ဆွေရင်း မျိုးချာတွေ စိတ်ဝမ်းကွဲဘို့ လမ်းထွင်ကြလေ၏၊ တခုလပ် မုဆိုးမ- မတို့လည်း မိမိတို့ နေရေးထိုင်ရေး အတွက် တွေးကြလေ၏၊ မနေ့ - တနေ့က အိမ်ပေါ်မှ ဆင်းသွားသော အလောင်းကောင်ကိုတော့ "အဝိဇ္ဇာရေ လူသေ မြှုပ်တဲ့ သုသာန်မြေမှာ တစ္ဆေချင်း စကားပြော၍ တသောသော နေလေပြီ" ဟု ယူဆကြလေသလားမသိ၊ ထို့ကြောင့် တချို့မှာ အလောင်းကောင် နေစရာ အိပ်ရာလိပ်နှင့် ထိုဂူအတွင်း၌ သုံးကြိုက်တတ်သော အဝတ်အစား များကို ထည့်သွင်းပြီးမှ ဂူပေါက်ကို ပိတ်ကြ၏၊ တချို့ကား ထိုဂူသို့ [illegible] သွား၍ အစာ ကျွေး[illegible]ကြသေး၏၊ အားလုံး အချိုးအနှိုးပင်။

သရဏဂုံတင်

သဘ္ဘာ တခယောက်၏ နောက်ဆုံး စုတေစိတ်နှင့် ဘဝသစ် ပဋိသန္ဓေစိတ်သည် လက်ဖျောက်တချက် တီးကာလကို ကုဋေတသိန်းလောက်စိတ်လျှင် တစိတ်လောက်သာ အချိန်ကြာ၏၊ " ဘဝဟောင်းက စုတေသည်နှင့် တပြိုင်နက် ဘဝသစ်မှာ ဖြစ်ရတော့၏"ဟု ဆိုလိုသည်၊ အိမ်အနီးအပါး၌ တစ္ဆေ ပြိတ္တာ ဖြစ်နေရသူများလည်း ထိုတစ္ဆေဘဝမှာပင် အသစ်ဖြစ်ရ၏၊ နတ်ပြည်နှင့် ငရဲသို့ ရောက်မည့် သူများလည်း ထိုခဏ အတွင်းမှာပင် ထိုဘဝသစ်၌ ဖြစ်ပြီးလေ၏၊ ထို့ကြောင့် အလောင်းကောင်ကို သင်းချိုင်းမှာဖြစ်စေ အိမ်မှာဖြစ်စေ သရဏဂုံ တင်ကြောင်းကို သေလွန်သူ သိဘို့ရေးမှာ အလှမ်းဝေးလှချေ၏၊ သိမည်ဆိုလျှင် အိမ်အနီး၌ တစ္ဆေ ပြိတ္တာ ဖြစ်နေသူလောက်သာ သိနိုင့်ရှိသည်၊ ယခုအခါ " သရဏဂုံဘင် " ဆိုသည်မှာလည်း အထူးအဆန်း မဟုတ်, ရိုးရိုးတန်းတန်း သီလပေးခြင်း လှူဘွယ် ပစ္စည်းကို ရေစက်ချ၍ သေသောသူအား အမျှပေးခြင်းပင်တည်း၊ ထိုတွင် လှူဘွယ် ပစ္စည်းများကို လှူဒါန်း၍ အမျှပေးဝေခြင်းသည် ကောင်းသော နည်းလမ်း ဟုပင် ဆိုသင့်ပါ၏၊ ထို အမျှပေးဝေမှုကို လူ့ပြည် နတ်ပြည် ငရဲနှင့် တောကြီးထဲမှာ ပြိတ္တာ ဖြစ်နေသူတို့ မသိကြ ဝမ်းမမြောက်နိုင်ကြ၍ ကုသိုလ်အဘို့ မရကြသော်လည်း, အနီးအပါး၌ ပြိတ္တာ တစ္ဆေ ဖြစ်နေသူမှာ သိနိုင် - ဝမ်းမြောက်စွာလည်း သာဓု ခေါ်နိုင်လျှင် ကုသိုလ်အဘို့ ရဘွယ်ရှိပါပေ၏၊ သို့သော် ငိုကြွေး မြည်တမ်းလျက် သောကပရိဒေဝ ဒေါ့ကုသိုလ်ခြံရံကာ သုသာန်မှာ လှူဒါန်း အမျှပေးဝေခြင်းကား အလှူ့ရှင်မှာလည်း ကုသိုလ်အရ

နည်း၍ တဆေးဝါးတွာ ဖြစ်နေသူသည်း ထိုငိုနပုံကို မြင်ရာ ပြင့် ငမ်း မြဲကြင်လှမည် မဟုတ်ပါ။

အသုဘ ပြုပြင်ရေး

"အားလုံးလူတွေ တနေ့ကျလျှင် သေကြရမည်" ဟူသော ထုံးစံတရားကို မည်သူမဆို နားလည်ပြီး ဖြစ်၏၊ ထို့ကြောင့် ဘယ်နည်းနှင့် သေသေ မထူးဆန်းချေ၊ သို့ရာတွင် သေလောက် ကြလောက် ရောဂါရောက်နေသူကို ဆွေမျိုးရင်းများက လူအား ငွေအားဖြင့် တတ်နိုင်သမျှ ကုသသင့်၏၊ ထိုသို့ ကုသကြပါလျက် သေသွားသူကို "ငါတို့ငွေရှားတော့ အကြံသားဘဲ, သူ့ကံက ဒီလိုပြစ်ဘို့ စီမံလာတာတော့ ငါတို့တာဝန် မဟုတ်, သူ့ကံဘဲ" ဟု ဖြေသိမ်းကာ ဝမ်းနည်းပူဆွေးမှုတွေကို သက်သာနိုင်သမျှ သက်သာနိုင်ပါစေ၊ [ကိုယ်ကျင့်အဘိဓမ္မာ၌ ပြထားသော သေခါနီး ပြုပြင်ရေးနှင့် သောကပရိဒေဝ အကြောင်းများကို ကြည့်ရှုလိုက်နာကြပါလေ။] ထိုသို့ စိတ်သက်သာနိုင်သမျှ သက်သာအောင် ပြုရဲ့ အချိန်ရှိသေး လျှင် ထိုနေ့မှာပင် အချိန်မရှိလျှင် နေ့ခံတနေ့၌ (ထုံးစံမဖျက်လိုလျှင်) မိမိတို့ကိုး ကွယ်နေကျ ဆရာသမားကို အိမ်သို့ပင့်၍ သင်္ချိုင်းတင်ပါ လေ၊ ထိုသင်္ချိုင်းတင်ရာ၌ လှူဘွယ်ပစ္စည်းများလည်း မလိုသေးပါ၊ ဆရာသမားကလည်း သူတို့ သောကပရိဒေဝ လျော့စေနိုင်သော တရားစကားများကို တတ်နိုင်သမျှ ဟောပြသင့်ပါသည်။

ဆွမ်းသွတ် အမျှဝေ

ထို့နောက် (၇ ရက်လည်အောင် မဆိုင်းဘဲ) မိမိတို့ အခွင့်သာသော တရက်နှစ်ရက်အတွင်းမှာ တတ်နိုင် သမျှ ဆွမ်း အစရှိ သော ဘိနပ်စသော လှူဘွယ် ဝတ္ထုများ ကို ပြင်ဆင်၍ (ထိုအချိန် အလှူမျိုး၌ ငွေကိုမလှူရ) သွားလေသူကို

သင်းချိုင်းတိုင်အောင် သွားရောက်ဖိတ်ခေါ်ခဲ့ပြီးလျှင် သီလ သိက္ခာ အရှိဆုံး ဟု ယုံကြည်ရလောက်သော ဘုန်းတော်ကြီးတပါးဖြစ်စေ, သံဃာကို ပင့်၍ သံဃိကဒါန ဖြစ်စေ လှူဒါန်းကာ သွားလေသူ နာမည် ကိုခေါ်ယူ အမျှဝေပါလေ၊ သူသည် အိမ်အနီးအပါး၌ ယခု ပြိတ္တာဖြစ်နေလျှင် မိမိအတွက်ပြုသော ထိုအလှူကို အလွန်ဝမ်းမြောက်၍ သာဓု ခေါ်၍ ကုသိုလ်အဘို့ လျှင် အစားအဝတ် များ ချက်ချင်း အကျိုး ပေါ်လိမ့်မည်၊ [ ရဟန္တာဂုဏ်ရည်၌လည်း ဤအမျှဝေနည်း ကို ရေးသားသည်၊ ] ဤဆိုခဲ့သော နည်းသည် အကုန်အကျလည်း သက်သာ လိုရာအကျိုးလည်း အမှန်ပြီး စနိုင်သော နည်းဖြစ်ရကား အနာဂတ်ကာလ၌ အသင်းအပင်း ဖွဲ့ ၍ ဤနည်းကို အမြဲ့ဆုံး ပိုက်နာသင့်ပါသည်၊

ဘုရားတည်မှု ဘုရားစေတီ တည်ထားရာ၌ ကုသိုလ် ရသည်ကား မှန်ပေ၏၊ သို့သော် အကျိုးရှိသင့်သမျှ အပြည့်အစုံ ရဘို့ စဉ်းစဉ်းစားစား တည်ထားသင့်ကြသည်၊ မဟာဝဂ္ဂသံယုတ် ဝိဟာရဝဂ္ဂအဋ္ဌကထာ၌ သမ္မာဒိဋ္ဌိဖြစ်ပုံကို ပြရာဝယ် " အပ္ပတိဋ္ဌိတ ဒိဿာဘာဝေ စေတိယ ပတိဋ္ဌာနံ = စေတီမတည်ရသေး သော အရပ်(မြို့-ရွာ)၌ စေတီတည်ထားခြင်းကို သမ္မာဒိဋ္ဌိ= အယူ မှန်ခြင်း " ဟု ဆို၏၊ စေတီပြီးနေရာ၌ ထပ်၍ တည်ခြင်းကို အဋ္ဌ ကထာ မပိုလားကြောင်း မှာလည်း ဥဒါနဝိဘင်္ဂ အဋ္ဌကထာ၌ "ကေသိဝိဟာရေ ဒိဋ္ဌံ စေတိယာနံ သဟဿ ကာရော ဌာနရော နဟောတိ=တကျောင်း၌ တိုက်ထည်းဝယ် စေတီတော် ၁ ဆူရှိရာ၌ ထောင်ပေါင်းမျှများ(မကောင်း)နိုင်" ဟူသော စကားဖြင့် သိသာ၏၊ ထိုအဋ္ဌကထာစကားကို လက်ရှိ အခြေအနေက လည်း ထောက်ခံ

လျက်ရှိ၏၊ စေတီတော်များပြားသည့်အတွက် မည်သည့် စေတီတော်မျှ အနစ်စာင့်အရှောက်ကျကျနနနှင့် သားနားသပ္ပါယ်အောင်, စေတီတော် ရောက်သွားလျှင် စိတ်ကြည်နူးအောင် ကိုးကွယ်ထားသည်ကို မတွေ့ရ၊ မဟာမြတ်မုနိ — ရွှေတိဂုံ စေတီတော်များ၏ ယင်ပြင်တော်၌ပင်လျှင် လူများ၏ မြေရာတွေနှင့် ခွေးမစင် ပန်းအမှိုက် စသည်များကို တွေ့ရသေး၏၊

**ဖြစ်ချင်တိုင်း ဖြစ်နေပုံ**

တချို့စေတီတော် ဝင်းအတွင်း၌ စေတီငယ်ကလေးတွေ ဆင်းတုတော် ကလေးတွေ အများအပြား ရှိ၍ ကား တမှုက်ကို လှည့်၍ ရှိခိုးဦးချနေခိုက် များစွာသော စေတီဆင်းတုတော်များကို ကြော့ပေးထားရာရောက်တော့၏၊ အလွန် နာမည်ကြီး သော ဆင်းတုတော်မှာ ပန်းတွေ ညှိ၍ နေသော်လည်း ထို ဆင်တုတော်ငယ် စေတီတော်ငယ်များ၌ ပန်းတပွင့် တခက်မျှမရှိကြ၊ နာမည်ကြီးသော ဆရာတော်ကြီး အနား၌ ဦးပွင်းကလေးများလို စိန့်ရှာ၏၊ ကျေးရွာများ၌ ဘိုးဘွား အစဉ် အဆက် တည်ထား ပြင်ဆင်လာသော စေတီတော်များ ရှိကြသေး၏၊ သားစဉ် မြေးဆက်တို့ စီးပွားတက်ချိန်၌ ထို စေတီတော် များ ကန်ခိုးတော် ကြီးမား၍ သားစဉ် မြေးဆက်တို့ ဆုပ်ယုတ် တိမ်ကောသည့်အခါ ထို ဘိုးဘပိုင် စေတီတော်များသည်း ညှိမဲ သွေ့ခြောက်၍ (ဆင်ဖြူ ဘုရား ကျောင်းဒါယကာ၏ ဘုန်းကြီးပမာ) အရှိန် အဝါ မကောင်းနိုင်ကြတော့ချေ၊ ကာလအားတော်ကြ လျှင်ကား မြက် ပင်ပင်များပေါက်ရောင်ရောအမှိုက်ပုံသ ရှိရောက်၍ တချို့စေတီ များမှာ တာပနာ အစေဖါ်ခံရ၍တွင် မကာ အုဋ္ဌ်ဖွေ့ကို လူတို့က အသုံးပြုကာ ဖြစ်ချင်သလို ဖြစ်နေရရှာလေတော့သည်၊ [စစ်အတွင်း

က မြို့ပြစေတီတော် ဆင်းတုတော်များ၌ ခြင်ထောင်ကြီးအချို့ရပုံ,
စစ်ပည်များ ထမင်းချက်ရာ၌ ဆင်းတုတော် ၂ ဆူက ပခုန်းတော်
ပေါ် ဒုတ်တန်းတင်၍ ကူညီလိုက်ရပုံကို လူအများပင် တွေ့မြင်
ကြားသိလိုက်ရပေသည်။]

ပြုပြင်ရေး အနာဂတ်ကာလ၌ ပုဂ္ဂလိက ဘိုးဘပိုင် ဘုရား စေတီ
ဆင်းတုတော်များ အသစ်မတည်ဘဲ ရွာလုံး မြို့လုံး
ကိုးကွယ်ရာ အဟောင်းစေတီများကို စုပေါင်းပြင်ဆင်၍ ဖြစ်စေ,
လုံးလုံးမရှိသေးလျှင် အသစ်တည်၍ဖြစ်စေ ကြီးကျယ်ခမ်းနားသော
စေတီဘော်-ဆင်းတုတော်ကိုသာ တည်ထားကိုးကွယ်၍ မဟာရာမ်
တံတိုင်း တံခါးပိတ်များဖြင့် သားနားသပ္ပါယ်စွာ ဆင်ပြင်ထားသင့်
ပါသည်၊ အဘိုး အဘွား အရွယ်နှင့် သူတော်ကောင်း စိတ်ဓာတ်
အထူးရှိသော ယော်ဂီယ်သူတို့သည်း နံနက်နှင့် ညနေပိုင်း၌ စေတီ
ပေါ်းသို့ သွားရောက်ဖူး မျှော်ကာ မြတ်သစ်ပင်တို့ကို ရှင်းလင်းခြင်း
ပန်းပင်စိုက်ခြင်း ရေလောင်းခြင်းတို့ဖြင့် သက်တော်ယင်ရှား ဘုရား
ရှိနေသကဲ့သို့ ကျောင်းတိုက်ဝင်း သင်္ဘော ထားကာ (စွမ်းနိုင်ပါမူ) တို
ဘုရားဝင်းအတွင်းမှာပင် ကမ္မဋ္ဌာန်းထိုင်လျက် နေခဲ့သော ရာရေး
အကျွက် ကြီးစွားသင့်ကြပါသည်၊ [ ဆင်းတုတော်များကိုလည်း
များသော နေရာမှ လုံးလုံး မရှိသေးသော ( ချောင်းတောင် ဒေသ
စသည့်) ဒေသများသို့ ပို့ဆောင် ကိုးကွယ်သင့်ပါသည်.]

ဆွမ်းတော်ကြီးတင် ပုဒ္ဓရှင်တော် ပက်ယ ဘဲ၌ ကောသလမဟာ
ရာဇာက တပါး, မြို့သူမြို့သားများက
တဘက် အပြိုင်အဆိုင် ဆွမ်းကျွေးပွဲ ပြုခဲ့ကြသူ၏၊ နောက်ဆုံး၌

ကောသလ မဟာရာဇာသည် မလ္လိကာဒေဝီမိဖုရား၏ အကြံပေးချက်
အရ သံဃာတော်များ နေထိုင်ဘို့ရာ နေရာထိုင်ခုံ ငါးရာ၏ နောက်၌
ဆင်တစီးစီ ထီးဖြူဆောင်းစေလျက် ရဟန်းတော်များ၏ အကြား၌
နန်းတော်သူများကို နံ့သာ ကြိတ်စေ၍ ထိုနံ့သာတို့ဖြင့် မွှမ်းမံ
ခြယ်လှယ်ကာ မည်သူမျှ မတုပနိုင်သော အသဒိသဆွမ်းဒါနကြီးကို
ပြုခဲ့ဘူးလေသည်၊ ယခုခေတ် ဆွမ်းတော်ကြီးပွဲ ပြင်ဆင်ပုံကား ထို
အလှူမျိုးနှင့်လည်း မတူချေ၊ များစွာသော ဆွမ်းတော်ကြီးများကို
ကြည့်ရှုရသည့်အခါ မုံ့ချိုမုံ့တို့၏ အကြား၌ ပုဂံပြားအပြည့်
ထည့်ထားသော ဝက်သားတုံးကြီး ကြက်ကောင်လုံးကြော် ငှက်
ကောင်လုံးကြော် အများအပြား တွေ့ရပေသည်။

ဆောင်ယှဉ်ပြီး ခွန့်ပစ်

ထိုလှူဒါန်းများကို ညဉ့်ဦးက ရှေ့တော်မှာ
ပြင်ဆင်ထား၍ နံက်သောအခါ၌ ဆွမ်းတော်
ကပ်ကြ၏၊ မိုးလင်းသည့်အခါ ထိုဆွမ်းတော်ပွဲများကို ကျေးရွာ
များ၌(ဇာတ်ချင်သူစား သဘောထား၍)ခွန့်ပစ်ကြ၏၊ မြို့များ၌ကား
တချို့ကို ခွန့်ပစ်၍ တချို့ကိုကား ပြန်၍ ရောင်းစားကြသည်ဟု
ကြားရ၏၊ ထိုဆွမ်းတော်ကြီး၌ မုံ့ချိုမုံ့ သီးမျိုးစုံ ပြင်ဆင်ထား
သည်မှာ ကြည့်ရှုဖွယ် ကောင်းပါပေ၏၊ ကြက်ကောင်လုံးနှင့်
ဝက်သားတုံးကြီး တွေ့ကား ( ဗုဒ္ဓ သက်တော် ထင်ရှားရှိပါမူ )
မည် သည့်နည်းနှင့်မျှ ခွင့်ပြုတော်မူမည်မထင်၊ တချို့လူများ နတ်တင်
ပုံနှင့်လည်း တွေးရောယှက်တင် ရှိလှ၏၊ မြန်မာလူမျိုးတို့ ဗုဒ္ဓကို
မကိုးကွယ်ခင်က နတ်တင်နည်းကိုပင် ဗုဒ္ဓကို ကိုးကွယ်သည့် အခါ
မှ ရော ပြောင်းလဲလို တွဲခြင်းဖြစ်သလား၊ ဖြစ်လေရော့သလား ဟုလည်း
ထင်မိ၏၊ ထို့ပြင်— "မုံ့ချိုမုံ့ သီးမျိုးစုံ ကို သံဃာတော်များ မသုံး

စွဲရှိမက လူကြီ လူ ကောင်း များပင် မစားနိုင်ဘူး ” ဟူသော ဝါဒ မှာလည်း နတ်တင်ရာမှ စွဲလမ်းလာသော ဝါဒပင် ဖြစ်မည်ထင်၏၊ ဘုန်းကြီး ၆ နှစ်သား အရွယ်လောက်က ဆွမ်းတော်ကြီး စွန့်ရေးရာ တွင် ဝင်၍ ကောက်ယူ နေသည်ကို ဘိုးဖြစ်သူက ကြိမ်းမောင်း မာန်မဲ ဘူး(လက်ဖြင့် မထိကောင်းသလို) ကပြောကယ ာ အပင် နိုင်း လေသည်၊

ဆွမ်းကြီးလောင်း ထို ဘုရားပွဲ၌ ဆွမ်းကြီးလောင်းပုံလည်း (ကျေးရွာများအတွက် ) ကိုယ့်အိမ်မှာ မှို လုပ်ကြ ကြော်ကြော်ကြ၍ ရှိသမျှ ဟင်းများကို စုပေါင်း ကျွေးမွေး လှူဒါန်း ကြရိုးရှိ လျှော် တော်ပါသေး၏၊ ယခုသော် “မည်သည့်ရွာ၌ ဘုရားပွဲ အကြီးအကျယ် ရှိသတဲ့ ” ဟု ရက်ချိန်းကို သိကြသော အသားရောင်းသူတို့က ထိုဘုရားပွဲ၌ ကျွေးမွေးလှူဒါန်းဘို့ အတွက် နွား၊ ဝက် ကြက်တို့ကို သတ်ဖြတ်ကြလေသည်၊ အရင်းစစ်လိုက်သော် “ဘုရားပွဲ ဆွမ်းကြီးလောင်း မှုကြောင့် သတ္တဝါများ သေကြရ၏”ဟု အကြောင်း အကျိုး ဆက်သွယ်နေရကား အကြီးအကျယ် ဆွမ်း လောင်းရာတွင် သက်သတ်လွတ် ဖြစ်စေ, ငါးကြော် ငါးခြောက် ဟင်းများဖြင့် ဖြစ်စေ လောင်းလှူသင့်ပါသည်၊ ဗုဒ္ဓရှင်တော်မြတ် သည် ရဟန်းသာမဏေတို့အား အသားစားခြင်းကို မတားမြစ်ပါ သော်လည်း၊ ၁-မိမိတို့အတွက် ရည်မှန်း၍ သတ်အပ်သော အသား ဟု မျက်မြင်ဒိဋ္ဌ ဖြင့် မြင်ခြင်း, ၂-သူများပြောသံ ကြားခြင်း, ၃- သော ကျေးလက်၌ မိမိရေခံမှ ကြက်သားဟင်း ချက်ကပ်လျှင် “ငါ့အတွက် တမင်လာ သတ်ထားလေသလား ” ဟု ယုံမှား သံသယ ဖြစ်ခြင်း, ဤ ၃ မျိုး မကင်းသော အသားကို မစားရဟု တားမြစ်တော်

မှုသား၏၊ ထိုဆွမ်းကြီးလောင်းများ၌ ထို ၃ မျိုးမှ ကင်းလွတ်သော အသားရထိုက်ရာ ခဲသဉ်းသုံး၏၊ တချို့နားလည်သော ဒကာများလည်း ထိုအပြစ်မှလွတ်အောင် အများရောင်းနေ့ကျ ဈေးကြီးသို့ သွား၍ စု၍ဆောင်း ဝယ်ယူကြရလေသည်။

**ပွဲလမ်းသဘင်နှင့် ကစားပွဲ**

တန်ခိုးကြီးဘုရား၌ ထင်ရှားနေသော ဘုရားပွဲ ဘိုင်းလိုပင် ဇာတ်ပွဲသဘင်များနှင့်အလောင်းအစား ကစားပွဲများ တွဲဘက်ပါဝင်နေသည်မှာ ဗုဒ္ဓအဆုံးအမတော်နှင့် လုံးဝ ဆန့်ကျင်နေသော စနစ်သာတည်း၊ အကယ်၍ ဗုဒ္ဓရှင်တော် ထက်ဆတော်ထင်ရှား ရှိနေပါမူ ဇေတဝန်ကျောင်းတော်အတွင်း၌ ဤကဲ့သို့ ပွဲကျင်းပကာ ဗုဒ္ဓရှင်တော်ဝယ် မင်းသား မင်းသမီး ဆိုသူတွေ သီဆိုကြ လူပျက်တွေ ပက်လုံးထိုးကြနှင့် ပူဇော်ခဲ့မည် ကြေပါမည်လော ဘုရားပွဲ ဟူသည်မှာ ဘုရားကို ကြည်ညိုမှန်း၍ လှူဒါန်း ပူဇော်ရည် ပွဲတည်း၊ သို့ပါလျက် ဘုရားကို သက်မဲ့ချထား၍ ဘုရားကိုအနားထား၍ ပျော်ရွှင်ကြခြင်း ပွဲကြည့်ရာမှ ကစားဝိုင်းမှ ချ၍ ပွဲဖွင့်ကြ သဖြင့် သေကြကြေကြ ရိုက်ရောက်ကြ၍ ငွေကုန် လျှာနှံး ဖြစ်ကြခြင်းကား ရိုင်းစိုင်းသော လူမျိုး ဖြစ်ကြောင်းကို ဖော်ပြရာ ရောက်ပေချေ၏၊ ဣန္ဒိယ၌ ဟိန္ဒူလူမျိုးတို့၏ ဝတ်တင် ပွဲ ဘုရားပွဲများ၌ မဟတ္တမဂန္ဒီကြီးက ငြိမ်းချမ်းသာယာမှု တရားရေကို သောက်သုံးကြခြင်းကို (သတင်းစာ၌) ဘတ်လိုက်ရသည့် အခါ ဘုန်းကြီးတို့ ဘုရားပွဲတွေကိုတွေး၍ ဝမ်းနည်းမိပါတော့သည်၊ ထို့ကြောင့် အနာဂတ်ကာလ၌ ဘုရားပွဲကို အစိုးရနှင့် တကွ ရဟန်းတော်အရှင်မြတ်တို့ ပြုပြင်ပေးရန် လေးနက်စွာ တောင်းပန်လိုပါသည်။

ဘုရားပွဲ ပြုပြင်ရေး

ကဆုံလပြည့်နေ့ ဗောဓိပင်ရေသွန်းပွဲ၊ ဗုဒ္ဓ အထိမ်းအမှတ် ပွဲမြစ်စေ, မိမိတို့ရပ်ရွာ၌ ခေတ် ဆန်းတုန်းကော်ပွဲမြစ်စေ သက်ဆိုင်ရာ မြစ်ရွာဘုရား ဂေါပကများ ရှည်ရှည် ပြုလုပ်ကြရမည်သာတည်း၊ ထိုအခါ မနေရာဆိုင်ခင်းကို သပ်ယပ် သားနားစွာ ခင်းကျင်း၍ ဝင်းထိန်နေအောင် ဆီမီးပူဇော်ခြင်း ပန်းနှင့်စုံ ပူဇော်ခြင်း စိမ်းစိုသော သစ်ခက်(ငှက်ပျောပင် ရွှေလှပင်) များနှင့် သစ်သီးမျိုးစုံ မုန့်ချိုးစုံများကို(နံနက် ဆွမ်းတော်ရန်)ပြင်ဆင် ထားခြင်း (သားငါး စသော ဟင်းလျာများ မပါစေရ) ၌ ပြင်ပြီးလျှင် ပဌမအချိန်၌ အမျိုးသမီးများက မေတ္တာကြီးသော ဆုန္ဒ လကျွန်ကား-ဟော သမယသုတ် သတိ ဋ္ဌာန်စသော တရားတော်များကို သံယာ ကြည့်ရှုဘွယ် ရွတ်ဆိုသင့်သည်၊ ဒုတိယအချိန်၌ (နိုဝလျှင်) မေ ဂဏ အကျော်တို့က ပန့်ဖိသ၍ ဗုဒ္ဓဂုဏ်ဓမ္မတော်တို့ကိုသာ များစွာ ဟောပြောစေသင့်၏ [ဘုရားပွဲ၌ လှည့်ပွဲ ပြဇာတ် များ မပါစေရ၊] တတိယ အချိန်၌ လူငယ်ပိုင်းက ဗုဒ္ဓဂုဏ်တော်တွဲ ဖြစ်သော တရား ဂီတတို့ကို သီဆို၍ စန္ဒသား စသည်တို့ကို (အငှားလိုက် ပိုက်ဆံရ မဟုတ်ဘဲ သဒ္ဓါတရား သက်သက်ဖြင့်) သာယာ ငြိမ့်ငြောင်းစွာ တီးမှုတ်သင့်၏။

မကြာ မှီက ဝက်လက်နယ် ညောင်ပင်ကြီးတောင်ဝိနည်း စာပြန် ပွဲသို့ သွားရာ၌ သီဘင်းသုံးဘောင်များနှင့် အတူ နံနက်စာ စား ဆွမ်းစားနေတုန်း ပြုံးကနဲ အနားသာ၍ ခေတ်ပေါ် ဖွင့်၏၊ မဖွင့်ဘို့ ရန် ထားမြစ်မည် ဟု နှုတ်ကတွက်ခါ ရှိမှ၊ "မေတ္တာခေတ်နှင့် ဗုဒ္ဓ မြတ်စွာ" ဟူသော အသံကို ကြားရသဖြင့် မဘားနိုင်ဘဲ ဂရုစိုက်၍ နားထောင်လိုက်ရာ အောင်မြင်ရစ်ပါး သီချင်းဖြစ်၍ ဝမ်းမြောက်စွာ

ဖြင့် သီချင်းရှင်ကို၎င်း, ဓာတ်ပြားကုမ္ပဏီကို၎င်း ချီးမွမ်းနိုင်ပါသည်၊ ထိုသီချင်းမျိုးကား တကျော့လော့သော ကိလေသာစိတ်ကို မဖြစ်စေဘဲ ကုသိုလ်စိတ်ကိုသာ ဖြစ်စေပါသည်၊ ထို့ကြောင့် ဘုရားပွဲများ၌ ထိုကဲ့သို့ သီချင်းများဖြင့် ဗုဒ္ဓဂုဏ်တော် ဖွဲ့နွဲ့၍မက, ထိုကဲ့သို့ အသံကောင်းသော အမျိုးသား-သမီးများက ဗုဒ္ဓဂုဏ်တော်ကို ကိုယ်တိုင်နားသည်အောင် လေ့သား၍ အကျယ်တဝင့် စကားပြေပြောကာ ပြောကာ ဂါထာများကို ရွတ်ဆို တီးမှုတ်သင့်ပါသည်။ ဤနည်းဖြင့် ညအချိန် ပူဇော်ပွဲကို ရှင်သိမ်း၍ နံနက်စောစော အာရုံတက်၍ သံဃာတော်များကိုပါ ပင့်ပြီးလျှင် ဘုရားအတွက်လည်း တပွဲစာ သက်သက်ပြင်၍ ဆွမ်းတော်ကပ်ခြင်း[ထိုဆွမ်းတော်ကပ်ရာ၌လည်း ဗုဒ္ဓဂုဏ်တော်ဖွဲ့များကို တီးမှုတ်နိုင်ပါသည်၊]ဘုရားမှ ပိုလျှံသည်ဟု ယူဆရသော မုန့်များကို ရဟန်းတော်များအား ကပ်လှူခြင်း, ဘုရားဝေယျာဝစ္စပြုသူတို့ စားသုံးခြင်း, ပုန်းတောင်း ယာစကာတို့အား စွန့်ကြဲခြင်းတို့ဖြင့် အထူးကုသိုလ်ရသော ဘုရားပွဲကို နွှဲကြပါကုန်။

× × × × × × ×

## သီတင်းကျွတ်ပွဲများ၏ အပြစ်

အခါမကောင်းပုံ

မြို့ကြီးမြို့ငယ် အနယ်နယ်တို့၌ သီတင်းကျွတ်သည့်အခါ ကထိန်ပွဲ ဘုရားပွဲ ဆွမ်းတော်ကြီးလောင်းပွဲ စသည်ဖြင့် ဘာသာရေးဆိုင်ရာ အလှူပွဲတွေများပြားလှ၏၊ ထိုပွဲများ၌ ဇာတ် အငြိမ့် ရုပ်သေးစသော ပွဲသဘင်များလည်း ပါဝင်ကြ၏၊ ထိုသို့ ဖြစ်ရာ၌ ဘာသာရေးတွင် ပျော်ပွဲရွှင်ပွဲများ ပါဝင်ခြင်း၏ အပြစ်ကိုပြဆိုပြီ၊ ကထိန်ပွဲစသည် ကျင်းပရာအခါသည်

နောက်မိုယ်း ကောင်းကောင်း ရွာသွန်းတတ်ရာ ဥတုပြောင်း၍ ဆောင်းဝင်တော့မည့်အချိန်အခါဖြစ်၏၊ ထိုကဲ့သို့ ဥတုပြောင်းချိန်၌ကား ရှိုးရှိုး သားသား နေထိုင်သူတို့ပင် ဖျားနာတတ် သေး၏၊ ကျန်းမာရေး ကျမ်းစာတို့၌ ဥတုပြောင်းမည့်တန်ဆောင်မုန်းအခါကို "ယမဒါဠ =ယမမင်း၏ အစွယ်ထက်မြက်ရာအခါ" ဟု ခေါ်၏၊ ထိုအခါ၌ ဖျားနာလျှင်သာ၍ ဂရုစိုက်ရမည့်အခါ သေလွယ်တတ်သော အခါဟု ဆိုလိုသည်။

**လူဆင်းရဲပရိသတ်** ပွဲကြည့်ရှုသူများတွင် မိမိတို့အိမ်၌ သာယာပျော်မွေ့စွာ နေနိုင်ကြသော အသက်တန်းစား သားသွီး လူကြီး လူကောင်းများ နည်းပါးလှ၏၊ သူတို့ကား ပွဲဈေးတန်း လျှောက်ရှိသာ လာတတ်ကြလေသည်၊ တညလုံး မိုယ်းလင်းထိအောင် ပွဲကြည့်သူတို့မှာ အဆင်ခြင်နည်းပါးသူ မိမိတို့အိမ်တွင် ပျော်ရွှင်စွာမနေရသူ လူဆင်းရဲများသာ ဖြစ်တတ်ကြ၏၊ ဂိုရ်ဘုပင် တွေ့ကရစား၍ ဖြစ်သလို ကြီးပွါးရသော ထိုလူဆင်းရဲအများသည် တညလုံး အခံ၍ ကောက်ညှင်းပေါင်း ဗယာကြော်စသော အစာကြေခဲလှသော အစာကြမ်းကို စားလျက် မြန်မြန်ရှက်ရှက် ပွဲအရသာကို ခံစားပြီးနေခဲ့ တချို့မှာ အလုပ် မလုပ်လျှင် စားစရာ မရှိ၍ အလုပ် ဆင်းရတော့၏၊ ညက အိပ်ရေးပျက်ခဲ့၍ နေ့ခင်းအချိန်၌လည်း အားရအောင်မအိပ်ရ, တညလုံးလည်း အစေမိလာ၏၊ မိုယ်းစေ ဆောင်းနှင့် လေကေလေး ရောထွေးလာသည့်အခါ အိမ်ကလည်း (တချို့မှာ) ကောင်းစွာမလုံခြေ၊ ထိုသူတွေ၏ ကျန်းမာရေးကား ဘယ်သို့ နေရှာကြမည်နည်း။

မမာမကျန်း ဖြစ်လျှင်

ထိုပွဲကြည့်များသော လူဆင်းရဲ တစုသည် တကယ်လို့များ မကျန်းမမာ ဖြစ်ကြပါလျှင် ဆေးဆရာကောင်းကောင်းလည်း မခေါ်နိုင်ကြ, ဆွေမျိုးဉာတိရင်းနှီးသူတွေ မှိုင်တွေချ၍ သေဘိုသာ ဖြင့်ကြရလေတော့သည်၊ ထိုကဲ့သို့ အသေအပျောက် များလာလျှင်"ဘယ်မြို့ ဘယ်ရပ်ကွက်၌ ပုလိပ်ကပ်ရောဂါ ဖြစ်သတဲ့" ဟု ဟုတ်ဟုတ်-မဟုတ်ဟုတ် သတင်းဖြစ်လာ၏၊ ထိုအခါ အိမ်ကြီးရှင် ပစ္စည်းရှင်တွေလည်း အလုပ်အကိုင်ထိခိုက်လျက် သားအတွက် သမီးအတွက် စိတ်မချအားနိုင်ကြတော့ပြီ၊ ဘုရှိလည်း အကြောက်လွန်အား ကြောက်ဖျားကြော်နာကျ၍ သေကြပြန်၏၊ လူဆင်းရဲ့သားသမီး ဝယောက် သေနေသော်လည်း မတုန်လှုပ် မချောက်များတတ်သော ရပ်ဘူရွာသားတို့မှာ လူရည်တတ် သားသမီးတယောက် ပျက်စီးက ကမ္ဘာမီး တောက်မလော အကြောက်တွေပိုသော ကြောင့် သည်ပြောင်းနှင့် ဗလောင်ဆန်ဆူ၍ ပြည်ပျက်သလိုဖြစ်သွားတတ်လေတော့သည်၊ ထို့ကြောင့် "ဘာသာရေးများ၌ အပျော်အပါး ကစားပွဲများ မပါအောင် အနာဂတ် ကာလ၌ အစိုးရကိုယ်တိုင်က စီကုံး၍ နတ်ပြည်တင်ကောင်းပါရဲ့" ဟု မြွက်လင့်ရတော့သည်၊ [ ထို ဘာသာရေးပွဲအတွက် သီချင်းပျော်ပွဲများကို ဝန်းဥယျာဉ် အငြိမ့်များလို တောရွာများ၌လည်း ဝိမိသင့်ပေသည်။]

ဥပုသ်စောင့်

ဘာသာရေး ကိစ္စများကို ပြုမြင်ရာ၌ ယခုခေတ် ဥပုသ်စောင့်ပွဲ များကိုလည်း စုံးပြား ထိုက်၏၊ ရွာများ များ၌ ဥပုသ်စောင့်၍ ကျောင်းသို့ လာကြနောက် သီလ

မယူသေးမီ ရောက်တတ်ရာရာ စကားတို့ကိုသာ ပြောကြ၏၊ သီလယူပြီးသည့်အခါ အိမ်ပြန် ထမင်းစားပြီးလျှင် လူကြီးများ ကျောင်း ဘုရား ဇရပ်သို့ ပြန်လာကြ၍ အိပ်သူအိပ်, ထွေရာလေးပါး စကား စမည် ပြောသူ ပြောကြသည်၊ တရားစကားပြောသူ တရားစစ် ကရားမှန်ကို နာခံဆွေးနွေးမေးမြန်းသူကား ရာခိုင်နှုန်း ဆယ်ယော် ထက် များမည် မဟုတ်ချေ၊ မြို့ကြီးပြကြီး၌ကား သာ၍ဆိုးပါးသော အချက်ရှိ၏၊ ဝါတွင်းကာလ၌ ဥပုသ်နေ့များမှာ သက်သတ်လွတ် ဆားဟင်းလောက် ကိုသာ စားသောက်၍ ဥပုသ်စောင့်ထိုက်ပါ လျက် ယခုအခါ၌မူ ဥပုသ်နေ့ မရောက်မီ အဖိတ်နေ့၌ နွား ဝက် ကြက်ဘဲ့ ပို၍သေကြရရှာလေသည်။ [သူတို့ဘာသာ သတ်ကြ သေကြတာကို မစဉ်းစားလိုသော်လည်း ဘာသာ ရေးကြောင့် သေရခြင်းကို လုံးလုံးမလိုလားထိုက်။] ထို အသားများကို ဝယ်ယူ ချက်ပြုတ် ပြီးလျှင် ဥပုသ်နေ့၌ အသိုက်အဝန်း ကောင်းကောင်းနှင့် မိမိတို့နီးစပ်ရာ ကျောင်းဇရပ် ဘုရားသို့ တပျော်တပါးသွားရောက် စားသောက်ကြလေတော့၏၊ ထိုကဲ့သို့ ဥပုသ်စောင့်ပုံမှာ ပျော်ပွဲ စားထွက်ခြင်းတမျိုးပင်တည်း၊ အချို့သော အမျိုးသမီးကလေးများ လက်၌ လောကီ[illegible]စာအုပ်များ[illegible]င် အဆင်သင့်ပါလာတတ်ကြ သော ဟူ၏၊ ထိုမှတပါး [illegible]ပြောကြ, အိပ်မောကျကြ, အပျော် အပါး အသံကောင်းသော တရားကို ရွေးချယ်၍ နာကြသည်မှာ ကျေးရွာများနှင့် ထူးမခြားနားပင်၊ ဤကား လူတိုင်း မဟုတ်သော် လည်း တရာလျှင် ကိုးဆယ်ခန့် လူထု၏ ဥပုသ်စောင့်ပုံ တည်း။ [နည်းလမ်းကျသော ဥပုသ်စောင့်ပုံကို [illegible] ညွှန်ပြ ပါပြီ။]

**လက်ထပ်မင်္ဂလာ**

လက်ထပ်မင်္ဂလာသည် ဘာသာရေးနှင့် မဆိုင်လှသော်လည်း တိုင်းသူပြည်သားတို့ အကုန်အကျများ၍ မွဲနေလျှင် ဘာသာရေး သာသနာရေးပါ အနှောက်အယှက်ဖြစ်တော့၏၊ ထို့ကြောင့် လက်ထပ်မင်္ဂလာ အကြောင်းများကိုလည်း ထည့်သွင်းပြောမည်၊ ကောင်းကျိုးချမ်းသာခြင်း၏ အကြောင်း ဟူသမျှကို "မင်္ဂလာ" ဟု ခေါ်၏၊ အလွန်ကြွယ်ဝချမ်းသာသူတို့၏ လက်ထပ်ပွဲ၌ အကုန်အကျများစွာ ခံလိုက်သော်လည်း သူတို့မှာ မထောင့်သာပေ၊ မှန်မှန်ကြွယ်ဝသူ ဆင်းရဲသူတို့၏ (တဘက်နှင့်တဘက် မျက်နှာရအောင်) အကုန်အကျ များစွာ ခံလိုက်ခြင်းဖြင့် နောင်ခါ စီးပွားရေး၌ အရင်းအနှီး ဆုတ်ယုတ်သွားသဖြင့် အမင်္ဂလာ ဖြစ်သည်၊ လက်ထပ်ပွဲ၌ လာရောက်သူတို့က လက်ထပ်ပွဲ၏ ကြီးကျယ်ခမ်းနားမှုကို ချီးမွမ်းကြသော်လည်း နောင်ခါ ခမ်းနားစွာ လက်ထပ်ခဲ့သူတို့ ဆင်းရဲနေကြလျှင် မည်သူမျှ အဘက်လုပ်ချင်ကြမည် မဟုတ်၊ ထို့ကြောင့် လက်ထပ်ပွဲ၌ လူကြီးသူမ တော်သင့်ရုံဖိတ်၍ လက်ထပ်လိုက်ခြင်းသာလျှင် အကုန်အကျ နည်း၍ နောင်စီးပွားရေး ကောင်းသို့ရာ မင်္ဂလာ ဖြစ်လိမ့်မည်။

**လက်ထပ်ပြီးနောက် နေထိုင်ရေး**

လက်ထပ်ပြီးသူများသည် တဘက်ဘက်မိဘအိမ်၌ အတော်ကြာကြာ နေနိုင်ဘို့ အရေးကြီး၏၊ ဤနေရာဝယ် ဘုန်းကြီးတို့ ဆွေမျိုးများ၏ (ရေးခေါ်ကာ) ထုံးစံတခုကို ဖော်ပြလိုပါသည်၊ လက်ထပ်ပြီးနောက် အိမ်သီးခြားမခွဲသေးဘဲ မိဘတဦးဦးထံမှာ အတော်ကြာကြာ နေကြ၏၊ မိဘတို့က ကျွေးမွေး၏ အနှီးအဝတ်လည်း ဆင်၏၊ အလုပ်ကိုလည်း အတူလုပ်စေ၏၊ ထို့ကြောင့် သူတို့

မှာ ဘုန်းကြီးမကုန်, လုပ်ကိုင်၍ ရသမျှစုမိလျှင်၊ မိဘတို့မှာလည်း နဂိုရကပင် ကျွံသွားရသော တဖက်ထက် နောက်ထပ် တဖက်ပိုတိုးရုံမျှဖြင့် ထူး၍ ဝန်မလေးကြ၊ လက်ထပ်တုန်းက လက်ဖွဲ့လိုက်ကြသော ငွေဖြင့် စပါးနှမ်း စသည် ဝယ်ထား၏၊ အရှုံးမရှိ, အမြတ်ကြီးနှင့် အမြတ်ကလေးပင်၊ ၂နှစ် ၃နှစ်ကြာသော် စပါး ၄ရာ ၅ရာ စသည် စုမိသော်၊ ဤနည်းဖြင့် တိုးပွားလာရာ အရွယ်ကောင်း တုန်းအချိန်မှာ အထွေးသွားချီ ရပြန်သဖြင့် လူ့ရည်တတ်ကလေးတွေ ဖြစ်နေပြန်တော့၏၊ ထိုရှင်ဘ အသောက်အစား အကစား မနှံ့ကြသဖြင့် ဆွေမျိုးထဲ၌ ဆင်းရဲသူ မရှိသလောက် နည်းပါးခဲ့၏၊ ယခု တော့ကား မဟုတ်တော့ချေ။

ရဟန်းတော်များ ပြုပြင်နိုင်ပုံ

လွတ်လပ်ပြီးသော မြန်မာပြည်ကို တွေ့ရ သောအခါတွင် လူချင်းတူအောင် မြှင့်တင်ရာ၌ တိုင်းပြည်ခေါင်းဆောင် လူဝတ်ကြောင် များချည်း ပြုပြင်နေရုံဖြင့် မြန်ဆန်လှမည် မဟုတ်၊ ရဟန်းတော် များလည်း မိမိစွမ်းနိုင်ရာဘက်က တိုင်းသူပြည်သားကို ပြုပြင်ပေး သင့်ကြ၏၊ ရှင်းပြဦးအံ့— မြန်မာပြည်ရှိ လူဦးရေတွင် ရာခိုင်နှုန်း ၉၀ သည် ကျေးလက်များ၌ နေထိုင်ကြသူများ ဟု ဆို၏၊ ထို ကျေးလက်သားတို့သည် အများအားဖြင့် ရဟန်းတော် များ၏ စကားကို လိုက်နာကြ၏၊ ထို့ကြောင့် ပဌမဆုံး ရဟန်းတော်များ၏ အရည်အချင်းကို (ညွှန်ပြခဲ့သော စာသင်တိုက်များဖြင့်) မြှင့်တင်၍ ရွာတိုင်း ရွာတိုင်း၌ ဘုန်းကြီးကောင်း ရှိနေပါလျှင် ထိုရွာသူ ရွာသားတို့သည် အမြန်ဆုံးအသိဉာဏ်တိုးပွားလာကြ ပေလိမ့်မည် မှန်၏၊ ၁-ကျောင်း ဘုန်းကြီး ကောင်းခြင်း, ၂-ရွာသူကြီးကောင်း

ခြင်း, ၃-ဆေးဆရာကောင်းခြင်း,ဤသုံးမျိုးရှိလျှင်ပင် နေချင်စရာကောင်းသော တိုးတက်လစ်ရှိသော ရွာတရွာ ဖြစ်နိုင်၏။ ဆေးဆရာ မရှိလျှင် အသေအပျောက်နှင့် ရောဂါဝေဒနာ များတွယ်ရှိသောကြောင့် ဆေးဆရာကောင်းရှိခြင်းကို ရွာ၏ဂုဏ်အင်္ဂါဟု ယူဆလိုက်ပါသည်၊ ဆေးဆရာဟူရာ၌ တယေဝသာမက ဆရာဝန်ထိုင်ရာနှင့် ဝေးနေသဖြင့် ဆရာမများပါ (၂ ရွာ ၃ ရွာမှာ တယောက်) ရှိသင့်၏၊ ထိုဆရာများသည်လည်း လူကောင်း သူကောင်း စိတ်နှင့် ရွာ၏မိဘ တွယ် ဖြစ်နိုင်မည့်သူကိုသာ အစိုးရ သခ်ထားသင့်၏၊ ကျောင်းဘုန်းကြီးနှင့်၊ ရွာသူကြီးတို့ကား ညွှန်ပြမည့် အချက်များ၌ အရေးတကြီး ပြုပြင်ကြရပါလိမ့်မည်။

ကျေးရွာ ပြုပြင်ရေး

ရွာတိုင်းရွာတိုင်း၌ ကျောင်းဆိုင်ပုဂ္ဂိုလ်နှင့် ရွာသူကြီးကောင်းများ ရရှိလျှင် ထိုပုဂ္ဂိုလ်နှစ်ဦးလုံးပင် တရွာလုံး၏ မိဘလည်းဖြစ်-ဆရာလည်း ဖြစ်သော အနေအထားနှင့် တည်ရှိစေ၍ ရွာသူရွာသားတို့၏ စီးပွားရေးကျန်းမာရေး လိမ္မာရေး တတ်သိနားလည်ရေးများအတွက် တာဝန်ခံများ ဖြစ်စေသင့်၏၊ ကျေးရွာပြုပြင်ရမည့် ကိစ္စများကား—

၁။ အိမ်ခြေဆောက်ပုံ လူသွားလမ်း လှည်းသွားလမ်း ထားပုံမှစ၍ ရွာကို ဖုံမထူစေဘဲ လှပသော ရွာဖြစ်စေရန်။

၂။ ရေတွင်းရေကန်များ၌ နှစ်ပေါက်အောင် လိုလောက်သောရေရရှိစေရန်။

၃။ အခွား အသေးကဲ အနေ အထိုင်မှ စ၍ ကျန်းမာရေးနှင့် ဆန့်ကျင်သော အရာများကို တားဆည်းပေးရန်။

၄။ ရဟန်းတော် ကျောင်းအပြင် မူလတန်းတကျောင်း လူဝတ်ကြောင် ဆရာများ အုပ်ချုပ်၍ တည်ရှိစေရန်။

[ရွာငယ်လျှင် ၂ ရွာ ၃ ရွာ ပေါင်းနိုင်၏၊ တနည်းသော်- ယောကျ်ားကလေး များကို ဘုန်းကြီးကျောင်း၌ နေစေ၍ မိန်းကလေးသက်သက် စာရေး စာဖတ်နှင့် အတွက်တတ်ရုံမျှ ရေး လူကြီးသူမတို့က သင်ပြသင့်၏။]

၅။ စာသင်ချိန် ရောက်သူတိုင်း မသင်မနေရ အတင်း အကြပ် ပညတ်ရန်။

၆။ လူတိုင်း အိမ်တိုင်း၏ စီးပွါးရေး အခြေအနေကို ရွာလူကြီး များနှင့် ကျောင်းထိုင်ဘုန်းတော်ကြီးပါ သိရှိရန်။

၇။ ကြွေးကင်းနိုင် သမျှကင်းအောင် အသုံးအစွဲ အဖော အရမ်း မရှိရန်။

၈။ ဖဲဝိုင်း ကြက်ဝိုင်း ကန်းရှည်အရက် ဆိုင်များ မရှိစေရန်။

၉။ တရားမမှုများ အလွန်နည်းပါးစေရန်။

၁၀။ အကြောင်းအားလျော်စွာ ပေါ်လာပြန်လျှင် ဘုန်းကြီးနှင့် သူကြီး ရွာလူကြီးတို့က ဟောပြော ဖြန်ဖြေပေးရန်။

၁၁။ ရာဇဝတ်မှုကလေးများပင် ထိုပုဂ္ဂိုလ်များဖြင့်ပြီးပြတ်စေရန်။

၁၂။ ရာဇဝတ်မှု ကင်းအောင်လည်း ထိုပုဂ္ဂိုလ်များက မကြာခဏ ဟောပြော ဆုံးမပေးရန်။

၁၃။ စုပေါင်း၍ ဖြစ်နိုင်သမျှ ရောင်းဝယ်လုပ်ကိုင်မှု၌ စုပေါင်း ရောင်းဝယ်မှုကို ရပ်ရွာလူကြီးများက ပြုပြင်ပေးရန်။

၁၄။ ကျန်းမာရေး၌လည်း မြင်းလုံးခတ်ခြင်း ဘောလုံးကန်ခြင်း (မိန်းကလေးများက ဘောလုံး ကြက်တောင်ရိုက်ခြင်း ထုတ်ဆည်းခြင်း) စသည်ဖြင့် အမြဲလေ့လာရန်။

၁၅။ အဆင်အပြင်၌လည်း (ပွဲလမ်းသဘင် ကျလျှင်) မြို့သူ မြို့သား များနှင့် ကျေးရွာသူ ကျေးရွာသားတို့ ကွဲပြား ခြားနား ခြင်း မရှိလောက်အောင် ပြုပြင်တတ်၍ နေ့စဉ်နေ့တိုင်းလည်း အလုပ်-လုပ်ချိန်မှတပါး အားလပ်ချိန်၌ သပ်သပ်ယပ်ယပ် နေလေ့ရှိကြစေရန်။

၁၆။ မိန်းမတို့၏ ချက်ပြုတ်ခြင်း အတတ်ကိုလည်း ကျောင်းများ၌ သင်ကြားစာ အဖြစ်ဖြင့် (မူလတန်း လူဝတ်ကြောင်ကျောင်း မှာပင်) သင်ပြပေးရန်။ [အချက်အပြုတ် မတတ်သူ၏ တကျပ် တန် ဟင်းအိုးသည် အချက်အပြုတ် တတ်သူ၏ ရှစ်ပဲတန် ဟင်းအိုးလောက် စားမကောင်း၊ အချက်အပြုတ်တတ်လျှင် အိမ်မှာစားရတာ ပျော်နဲ့သွားမည်၊ အချက်အပြုတ်သာမက အိမ်မှု ထိန်းသိမ်းနည်းကိုလည်း ၅ တန်းကျလျှင် သင်ပြရမည်။]

၁၇။ လက်ထပ် ထိမ်းမြားချိန်၌ (အနည်းငယ် ဆင်းရဲသူများဖြစ်လျှင်) ဆွေမျိုး မိဘသာမက ရပ်ရွာလူအားလုံးပင် လူတလုံး သူတလုံး ဖြစ်နိုင်လောက်အောင် ဝိုင်းဝန်းချီးမြှောက်ကြရန်။ [ယခုကာလ လက်ဖွဲ့မျိုး ကဲ့သို့ ပကာသန မဟုတ်ဘဲ နှာဝယ် နိုင် လှည်းဝယ်နိုင်အောင် စုပေါင်းချီးမြှောက်ရန် ဖြစ်သည်။]

၁၈။ ထိုအိမ်ထောင်သစ်သည် ဒီဘဝ၌ ကြွေးတင်သူ မဖြစ်ဘို့ နှလုံးလဝီရိယရှိအောင် ဩဝါဒပေးကြ နှင့်။

၁၉။ သူမင်္ဂလာ ဒုမင်္ဂလာကိစ္စ၌ ညီညာဖွေဖျ ဝိုင်းဝန်းကူညီရန် ဤသို့ စသည်ဖြင့် ပြုပြင်ရေးကို ရွက်ဆောင်သင့်ပါသည်။

**လောကနိဗ္ဗာန် ရွာကလေး**

အနာဂတ်သာသနာရေး တကျမ်းလုံး ပြီးဆုံးခါနီးပယ် ပညာရေးဝန်ကြီး ဖြစ်ခဲ့သော စောစံထိုးသင် ပြောသော စကား၌ ကာပ္ပလီရွာလေး အကြောင်းကို ပတင်းစာ၌ တွေ့ရသည်မှာ - သထုံခရိုင်၌ ဂေပ္ပလီရွာကလေးသည် ဗမာပြည် တပြည်လုံးက အထူးထိုက်သော ရွာကလေး ဖြစ်ပါတယ် ထိုရွာမှာ ခိုးသားဓါးပြ မရှိ၊ အိမ်တံခါးဖွင့်ပြီး အိပ်နိုင်ပါတယ်၊ ရွာသား အချင်းချင်း ဆက်ဆံပေါင်းသင်းမှု အထူးရှိတယ်၊ ဈေးဆိုင်မှာ ရောင်းသူ မရှိတဲ့အခါ အဝယ်လာလျှင် ဝယ်သူက ချိန်တွယ်ပြီး ကျသင့်သောပိုက်ဆံကို ထားခဲ့ပါတယ်၊ ထိုရွာကလေးသည် ၁၉၂၈ခု (ခရစ်သက္ကရာဇ်) နှစ်က "ဘိရှော့" မည်သော အင်္ဂလိပ်ခရစ်ယာန် ဘုန်းကြီး နေထိုင်သွား၍ ထိုဘုန်းကြီးကပင် ပြုပြင်ပေးသွားတယ်၊ တယောက်နှင့်တယောက် ငြူစူခြင်း စောင်းမြောင်းခြင်း ( ပဋိလို ရှုသော ) မရှိကြဘူး၊ ယခုအခါ ထိုရွာသူ ရွာသားတို့ သမဝါယမနည်းကို ထွင်လိုက်ကြပြန်ပြီ၊ သုံးအိမ်ထောင် ပေါင်း၍ ထမင်းတအိုးထည်း ချက်ကြတယ်၊ ( ထင်းရေစသည် အကုန်သက်သာ၍ အိမ်ခုသူ ၃ ယောက်ကုန်မည့်နေရာမှာ ၁ ယောက်ထည်း ပဲကုန်တော့တယ်၊ )ထိုကဲ့သို့ ဖြစ်လာဘာကို မေးတော့— ကျွန်တော်တို့ စိတ်ပြောင်းသွားကြပြီ၊ နောက်ကို လူတွေရဲ့ စကားကို

(နိုင်ငံရေးသမား ကို ဆိုလိုဟန်တူသည်။) နားမထောင်တော့ဘူး၊ ဘုရား စကားကိုသာ နားထောင်ကြတော့မယ်၊ လူတွေရဲ့ စကား နားထောင်ကြလျှင် လူတွေဟာပဋိပက္ခ(ဆန့်ကျင့်ဘက်)ဖြစ်ကြလိမ့်မယ် ဟု ပြောကြပါတယ်။

မှတ်ချက်။ ။ဤရွာကလေး၏ ထူးခြားကောင်းမွန်ပုံကို အထူး ချဲ့ထွင် ရေးသားဘွယ်မလိုတော့ပါ၊ အင်္ဂလိပ်ခရစ်ယာန် ဘုန်းကြီး က ပြုပြင်ပေးသွားတယ် ဆိုရာမှာ၌ ယဉ်ကျေးသိမ်မွေ့မှု အရာဝယ် အသက်တန်း အကျဆုံး ဟု ဂုဏ်ယူနေကြရသော ဗုဒ္ဓဘာသာကို လက်ကိုင်ပြုကာ ဆရာသမား အနေထား၍ အကိုးကွယ် ခံနေကြရ သော ဘုန်းကြီးတို့အတွက်ကား ရှက်ဘွယ်လည်း မဟုတ်၊ ဝမ်းနည်း ဘွယ်လည်း မဟုတ်၊ အားကျဘွယ်သာ ဖြစ်ပါပေသည်၊ အနာဂတ် ကာလ၌ ဘုန်းတော်ကြီးများသည် လောကကြောင်း ဓမ္မကြောင်း ကောင်းသည်ထက် ကောင်းသော နည်းကိုသာ ပြုလုပ်ညွှန်ပြသင့် ကြပါသည်။

တောရောမြို့ပါ ပြုပြင်ရေး

ပြခဲ့သော နည်းများဖြင့် အချိုးအစား ကျအောင် ပြုပြင်ရုံတွင် မက, တနှစ် တခါ ၂ နှစ် ၃ နှစ် တခါ စသည်ဖြင့် လူငယ် လူရွယ်များကို မြို့သို့ တလုံးတစီး ထည်း ကားကြီးများဖြင့် ( ရေလမ်းဖြစ်လျှင် လှေကြီးများဖြင့် ) ခေါ်သွားပြီးလျှင် ရက်အတော်ကြာအောင် ( ကိုယ့်ဘာသာ ချက်ပြုတ် စားသောက် နေထိုင်ကာ ) မြို့သူမြို့သား တို့ နေရေး ထိုင်ရေး စားသောက် လုပ်ကိုင်ရေးများကို လက်တွေ့ပြသင့်၏၊ ဥပမာ— ... ကိုယ် ကျေးရွာဖြစ်လျှင် မကြာခဏ ရွှေဘိုမြို့၏ အနေအထိုင်ကို

ပြု, ထို့နောက် မန္တလေး, ထို့နောက် ရန်ကုန်လို ပြသင့်၏၊ ကျေးရွာနေသူများသာ မဟုတ်သေး၊ မြို့ကလေး နေသူများ ကိုလည်း ထိုနည်းအားဖြင့် မြို့ကြီးများသို့ ခေါ်ယူပြသသင့်၏၊ နိုင်ငံတွင်းဝယ် ချင်းတောင် ရှမ်းပြည်စသည်သို့လည်း တရံတခါ အများစုပေါင်း၍ သွားရောက်ကြည့်ရှုသင့်၏၊ ကိုယ့်နိုင်ငံတွင်းသာမက, ဂျပန်ဒိယ သီဟိုဠ် အင်္ဂလန် အမေရိကန် စသော တိုင်းတပါးသို့လည်း အစိုးရက သဘောစင်းလုံး ရှာဖွေ၍ တောမြို့အားလုံးမှ လိုက်နိုင်သူ ခေါင်းရှင် တို့ကို(သူတို့စရိတ်ဖြင့် လိုက်စေကာ-သဘောပေါ်မှာပင် ချက်ပြုတ်စားသောက်၍ )ခေါ်ယူ ပြသသင့်၏၊ ဤနည်းသည် ဆန်ဆီငပိ ကြက်သွန် ပြုပစ္စည်းများကို ကိုယ့်နိုင်ငံ အရပ်မှ ယူသွားနိုင်သဖြင့် ငွေ, အားလုံး စုပေါင်း၍ ကားစသည်ကို ငှါးရသဖြင့်ငွေ, အမှန် အကုန်အကျလည်းနည်း၏၊ ပျော်ရွှင်စရာလည်း ကောင်းလှ၏ ဒေသန္တရ ဗဟုသုတ ရကြသဖြင့် လူရည် အတော်ဝလာကြလိမ့်မည် ဟုလည်း ယူဆ၏၊ မြန်မာမင်းများ လက်ထက်က မြန်မာပြည် ဆုံးရှုံးခဲ့ရခြင်း, ခေါင်းဆောင်တွေ ပြောသမျှကို မြို့ငယ် တောသားတွေ အယုံမှားပြီး နေကြခြင်းသည် အကြားအမြင် နည်းပါး၍ (အ-န ထုံထိုင်း)ကြသောကြောင့်ပင် ဖြစ်၏၊ ထို့ကြောင့် ဤနည်းကို ရပ်ရွာမြို့နယ် ခေါင်းဆောင်အားလုံး စဉ်းစား သင့်ကြပါသည်၊ ဘုန်းကြီး၏ ကျောင်းတိုက်မှ သံဃာများကိုလည်း၊ ဤနည်းအားဖြင့် ထင်ရှားသော မြို့ရွာနှင့် စာသင်တိုက်များသို့ ခေါ်ယူပြသမည် ဟု စိတ်ကူးထားပါသည်။

# လူများလည်း သာသနာပြုနိုင်ပုံ

**သံဃာကွဲပုံ**

ဘုရား လက်ထက်တော်၌ ကောသမ္ဗီမြို့ဝယ် ရဟန်း တပါး အာပတ်သင့်၏၊ သို့သော်လည်း သူ့ကိုယ်သူ အာပတ်မသင့်ဟု အယူရှိ၏၊ အခြားရဟန်းတို့ကမူ အာပတ်သင့်၏ ဟု အယူရှိကြသည်၊ ထို့ကြောင့် အခြားရဟန်းတို့က "ကိုယ်တော် အာပတ်သင့်နေပြီ၊ ထိုအာပတ်ကို ရှုပါ" ဟု ပြောသည့်အခါ "တပည့်တော် ရှုစရာ အာပတ် မရှိပါ (တပည့်တော် အာပတ်မသင့် ပါ)" ဟု ပြန်ပြော၏၊ ထိုအခါ အခြားရဟန်းတို့က ထိုရဟန်းကို (အာပတ်ကို မရှုမှု ကြောင့်) နှင်ထုတ်ကြကုန်၏။ [ ကံကြီးကံငယ် ကိစ္စ တို့၌ မပေါင်းသင်းရန် ဝိနည်းကံဖြင့် ကြဉ်ထားခြင်းကို "နှင်ထုတ် ခြင်း" ဟု ဆိုလိုသည်။] ထိုနှင်ထုတ်ခံရသော ရဟန်းသည် စာတတ် ပုဂ္ဂိုလ်ဖြစ်ရကား သူ၏ ပြောပြချက်အရ သူ့ဘက် ပါနေသော (သူ့ကို မတရားသဖြင့် နှင်ထုတ်ကြသည်ဟု ယူဆနေသော) သံဃာ လည်း အများပင်ရှိရကား သံဃာ ၂ သင်းကွဲပြားကြလေ၏၊ တဘက်နှင့်တဘက် စကားများ-ဆဲရေးကြ သတ်ပုတ်ကြကုန်၏၊ ဗုဒ္ဓရှင်တော် မြတ် တားမြစ်သော်လည်း မရကြချေ။ ထို့ကြောင့် "သံဃာအား ကုသ၍ မရသော" ရကား ကိုယ်တော်တပါးထည်း ပါလိလေယျက တောသို့ကြွ၍ ဝါကပ်တော်မူရှာလေသည်။

**လူများက အပြစ်ပေးနိုင်ပုံ**

ဗုဒ္ဓရှင်တော်သည် ဝါကျွတ်၍ ပါလိလေယျက တောမှ သာဝတ္ထိပြည်သို့ ကြွ ရောက်တော်မူ၏၊ ထိုအချိန်၌ ကောသမ္ဗီပြည် ဥပါသကာတို့ စုဝေး တိုင်ပင်ကြသည်မှာ— "ကောသမ္ဗီပြည်၌ နေထိုင်ကြသော ဤရဟန်း

ကြွ၍ နေ့ခင်းရှက်မှုကြောင့် ဗုဒ္ဓရှင်တော်မြတ် အနောက်ပေါ်သို့ ကြွသွားတော် မူရတယ်, ကျွန်ုပ်တို့ကို• ဘုရားမဖူးရအောင် ဒီကိုယ်တော်တွေ ပြုကြတယ်၊ ကျွန်ုပ်တို့ အကျိုးမဲ့ကို ဒီကိုယ်တော်တွေ များစွာပြုရာ ရောက်တယ်၊ ဒီကနေ့က စ၍ ကောသမ္ဗိ ရဟန်းတို့အား ရှိခိုးမှု, သူတို့လာလျှင် နေရာမှ ထပေးမှု, လက်အုပ်ချီမှု, ရိုသေမှုကို မပြုဘဲနေကြစို့ရဲ့၊ ဆွမ်းလဲ မလောင်းဘဲ နေကြစို့၊ ဒီလိုနေလိုက်လျှင် ဘုရားရှင် ကျေနပ်အောင်သော်လဲ နေကြလိမ့်မယ်, အခြားတရပ်သို့ သော်လဲ ရွှေ့သွားကြလိမ့်မယ်, လူသော်လဲ ထွက်ကြလိမ့်မယ်''ဟု၍သို့ တိုင်ပင်၍ ထိုအတိုင်း နေလိုက်ကြလေသည်။

**သံဃာများ ညီညွတ်ရပုံ**

လူအများ အကြပ်ကိုင်ရာ၌ ရှိမခိုးခြင်း စသည်မှာ များစွာ အရေးမကြီးလှသော်လည်း ဆွမ်းမလောင်းခြင်းကား အတော် အရေးကြီးလေသည်၊ ယနေ့ ဆွမ်းမရလျှင် ယနေ့ခင် ခက်ကြလေတော့သည်။ ထို့ကြောင့် ရက်များစွာ မကြာဘဲ "ဘုရားထံ အားလုံးသွား၍ ဝန်ချကြရက် (သံဃာကွဲပြားမှု)ငြိမ်းအေးအောင် ပြုကြပါတော့မည်"ဟု လူတို့အား ဝန်ချ၍ ဗုဒ္ဓရှိရာ သာဝတ္ထိပြည်သို့ သွားကြလေသည်၊ ထိုအချိန်ကျမှ မူလ အာပတ်သင့်သော ရဟန်းကလည်း ဝိနည်းတော်ကို ပြန်၍ဆင်ခြင်သည့်အခါ သူ့မှာ အာပတ်သင့်တာ အမှန်ဖြစ်ကြောင်း သိ၍ တဘက် သံဃာထံ အမှန် အတိုင်း ဝန်ခံပြီးလျှင် မူလနှင်ထုတ်သောကံကို ရုပ်သိမ်းပါရန် လျှောက်ထားသဖြင့် အများကျေနပ်ကာ သံဃာ အားလုံး ညီညွတ်စွာဖြင့် ဗုဒ္ဓထံတော် အဖူးမျှော် ဝင်ကြလေသည်၊

မှတ်ချက်။ ။ ဤဝတ္ထု၌ ကွဲနေသောသံဃာကို ဘုရားရှင် ကိုယ်တော်တိုင် ဆုံးမ၍ မရသော်လည်း လူဒါယကာများက ညီညွတ်အောင် ပြုပုံထောက်၍ အနာဂတ်ကာလ၌ သာသနာရေးရာ၌ လူဒကာများကလည်း ပါဝင်ပြုပြင် နိုင်ကြောင်း သိစေလိုပါသည်၊ မှန်၏ — ယခုခေတ်မှာပင် မြို့ကလေးနှင့် ကျေးရွာများ၌ ဝိနည်းသိကျွမ်း နားလည်သူ လူကြီး လူကောင်းတို့က "မည်သည့် အနေ အထိုင်မျိုးကို မကြည်ညိုနိုင်ကြ" ဟု သိရှိလျှင် ရဟန်းတော်များ ရှောင်ကြဉ်လေ့ရှိသည်ကို တွေ့ရပေသည်၊ သို့ရာတွင် သာသနာ့ပြုသည့် လူဒကာများကလည်း ဝိနည်း၏ချွင်းချက်တချို့ကို နားလည်ဘို့ လိုပေလိမ့်ဦးမည်။

ကျမ်းစာ ပြုပြင်ရိုက်နှိပ်ရေး

ယခုအခါ မြန်မာ နိုင်ငံ၌ ကျမ်းစာများ ရိုက်နှိပ်ထားပုံသည် ရှေးခေတ် ပေစာကို ကူး၍ ရိုက်နှိပ်ခဲ့ကြရသောကြောင့် အဖြတ် အခွဲ အချိုးများ မရှိ၊ ပြီးသိသလောက် ရှိနေ၏၊ စာအုပ်ချုပ်ပုံ ပုံနှိပ်ပုံမှစ၍ ပြုပြင်ဘွယ်လည်း များစွာ ရှိနေ၏၊ အနာဂတ်ကာလဝယ် ပဋ္ဌမတန်း ကျောင်းတိုက်နှင့် တက္ကသိုလ်တိုက်ဆရာတော်များသည် ထိုကျမ်းစာ ပြုပြင်ရိုက်နှိပ်ရာ၌ အားလုံးလိုပင် အကူအညီ ရကြပေလိမ့်မည်၊ ထို့ပြင် မရိုက်နှိပ်ရသေးသော အဋ္ဌကထာ ဋီကာများကိုလည်း ရိုက်နှိပ်ရပေဦးမည်၊ အနာဂတ် ကာလ၌ စာသင်တိုက်တိုင်းဝယ် ပိဋကတိုက်လည်း တည်ရှိနေတော့မည်ဖြစ်၍ နည်းသစ်အရ ရိုက်နှိပ်သမျှ ပါဠိတော် အဋ္ဌကထာ ဋီကာများကို ထိုပိဋကတိုက်၌ ထားရန် ဆိုင်ရာ ဂေါပကအဖွဲ့က တာဝန်ယူနိုင်ကြလိမ့်မည်၊

ရိုက်နှိပ်သည့်အခါ၌မူ အစိုးရ စရိတ်ဖြင့် ရိုက်နှိပ်၍ အရှင်းကျသမျှ ကိုသာ လက်မှဘ်ထိုးယူကြရန် အစိုးရကပင် စီမံသင့်သည်။

ဆဋ္ဌသံဂါယနာတင် ဤအလုပ်ကို အစိုးရ ကိုယ်တိုင် သဘောကျပါမူ(မင်းတုန်းမင်း တရားကြီး၏ ကျေးပြီးသောပေါ်တွင် အက္ခရာတင်ကာ ပဉ္စမသံဂါယနာတင်အမည်ခံသကဲ့သို့) ထို့အဘူ နိုင်ငံ ၂၅ မ်းလုံးမှ အ ရေးပါအရာရောက်မည့် ဆရာတော်များကို ကြီးကြပ်ပြုဆောင်စေကာ ဆဋ္ဌသံဂါယနာတင်ဖြစ်စေရန် စီမံဘွယ်များကိုလည်း စဉ်းစား ထားသင့်ကြ၏၊ ထိုကိစ္စကို သာသနာရေး စတင်ပြုပြင်သည့်နှစ်မှ ၁၀ နှစ် အတွင်းလောက်ဖြစ်စေ နိုင်ဘွယ်ရှိသည်၊ ထို သံဂါယနာတင် ကိစ္စ၌ ပုံနှိပ်စက် ကောင်းကောင်းများများထား၍ နယ်အသီးသီးမှစာချဆရာတော်များကို(နယ်အားဖြင့် ပိုင်းခြား၍ အလှည့်ကျစီ)နေပြည်တော်သို့ ပင့်ကာ ကျမ်းစာကို ပြင်ဆင်စေချင်းပင် သာသနာရေးကိုလည်း အစိုးရနှင့်ရင်း ဆရာတော် အချင်းချင်းရင်း အတုန့်အလှယ် ဒ ကြံညာက် ပေးသင့်၏၊ ထိုမှစ၍ သာသနာရေးကိုရင်း ရပ်သူ နယ်သားအပေါ် မလျော်သော ကိုယ်ကျင့်ပြုပြင်ရေးကိုရင်း လေးလေးစားစား ဆောင်ရွက်တော်မူကြပါလျှင် သာသနာ့ဝန်ဆောင် ဆရာတော် ပြဟ်နှးတော်များ အပေါ်ဝယ် ခေတ်ပညာတတ် လူများနှင့် ဘာသာခြားတို့၏ အထင်သေး အမြင်သေးမှုများ ပပျောက်သွားရုံမ ၂ ဤမကျယ်ဝန်းလှသော မြန်မာနိုင်ငံလည်း ကမ္ဘာ၏ စကြ္ဝာဝယ် ကြည့်ရှုဘွယ်ရာ သာယာခသာ နိုင်ငံဖြစ်နိုင်ရန် ရှိကြောင်းကို ကောင်းကောင်းကြီး မြော်မြင်မိပါသတည်း။

───

# နိဂုံးချုပ်

ကျမ်းပြီးချိန်နှင့် ရိုက်နှိပ်ချိန်

"သာသနာရေးနှင့် စပ်၍ တိုးတက်အောင် လမ်းညွှန်ပြဘို့ရာမှာ သာသနာ့ဝန်ထမ်း ရဟန်းတော်များ၏ တာဝန်ဖြစ်ပါသည်" ဟု ရဟန်းကလေးဘဝတုန်းကပင် ယင်မှတ်ခဲ့ပါသော်လည်း မိမိအရွယ်နှင့် မတန်သေး၍ ထိုအရေးကို လစ်လျူရှုခဲ့ရပါသည်၊ ယခုသော် မိမိအရွယ်လည်း အတော်ကြီးလာပြီ၊ မြန်မာနိုင်ငံသည်း လွတ်လပ်ရေးရတော့မည်ဟု ကောလာဟလ ဖြစ်နေပြီ၊ သို့ဖြစ်၍ ဤကျမ်းစာသည် လွတ်လပ်ရေး၏ အကူအညီဖြစ်ပါစေတော့ဟု သဘောထားလျက် ကောလာဟလဖြစ်ချိန်က စ၍ ရေးသားခဲ့ရာ လွတ်လပ်ရေးအောင်ပွဲကျင်းပတော့မည့် ၁၃၀၉ ခု ပြာသိုလပြည့်ကျော် ၉ ရက်နေ့မတိုင်မီ တရက်ကြိုတင်၍ ဤကျမ်းစာကို ပြီးစီးစေခဲ့ပါသည်၊ ထိုသို့ ပြီးစီးပြီး နောက် တနှစ်ကျော်လောက်ကြာမှ ရိုက်နှိပ်ရသည့်အခါ ပြည်တွင်းစစ်ဆိုရလောက်အောင် သောင်းကြမ်းမှုနှင့် ကြုံကြိုက်နေသောကြောင့် ဤကျမ်းနိဂုံးကို နဂိုရ်ရေးရင်းအတိုင်း မဟုတ်စေဘဲ တမျိုးပြင်လိုက်ရပါတော့သည်။ [ ဤကျမ်းစာကို ရေးသားရာ၌ မည်သည့်ဘာသာ မည်သည့်ပုဂ္ဂိုလ်ကိုမျှ ထိပါးစေလိုသော စိတ်မရှိဘဲ သာသနာတော်ရေးနှင့် မြန်မာပြည်ထောင်စု၏ စီးပွားရေးကို အဓိကထား၍ ရေးသားပါသည်၊ သို့ပါလျက် မတော်တဆ ထိပါးသကဲ့သို့ ဖြစ်ချေသော် ခွင့်လွှတ်ကြပါရန် တောင်းပန်ပါသည်။]

**ဂိုဏ်း-ပါတီစိတ် မထားသင့်**

တနိုင်ငံလုံး တသာသနာလုံး တနယ် တမြို့ တရွာလုံး စသော အများအကျိုး အတွက် ဆောင်ရွက်သူတို့သည် လူမျိုးနှင့်ဆိုင်သောအလုပ်၌ ဂိုဏ်းစိတ် ပါတီစိတ် စသော သံယောဇဉ် ခင်တွယ်စိတ်များ မထားသင့်ပါ၊ ရှင်းပြပါဦးမည်၊ — သံဃာတော်ပိုင်း၌ ဂိုဏ်းချင်း တိုက်တာချင်း ကျောင်းချင်း ခွဲခြား၍ စိတ်ထားမှု, လူဝတ်ကြောင်ပိုင်း၌ ပါတီခွဲခြား၍ စိတ်ထားမှုသည် အလွန်ကျဉ်းမြောင်းသော မေတ္တာ ကရုဏာ ပြန့်နှံ့ဘို့ရာ နယ်ကျဉ်းသော ဣဿာ မစ္ဆရိယ တိုးပွားစေသော စိတ်သာ ဖြစ်၏၊ ထိုစိတ်မျိုး ရှိနေသူသည် " အများကြီးပွားအောင် ဆောင်ရွက်ပါသည်" ဟု နှုတ်က ပြောသော်လည်း အလုပ်သဘောမှာမူ မိမိဆိုင်ရာကြီးပွားမှုကိုသာ ပြုလျက်ရှိတတ်၏၊ ထိုသူ့သန္တာန်မှာ အခြား ဂိုဏ်းပါတီ၏ ကြီးပွားမည်ကို ဝန်တိုသော မစ္ဆရိယနှင့် တကယ် ကြီးပွားပြန်လျှင် မနာလို မရှုစိမ့်သော ဣဿာလည်း ဖြစ်တတ်ပေသည်သာ၊ ထိုအခါ အခြား ဂိုဏ်းပါတီကလည်း မိမိဂိုဏ်း ပါတီအပေါ်မှာ ဣဿာ မစ္ဆရိယ ဖြစ်ဦးမည်သာ၊ သို့ဖြစ်လျှင် တနိုင်ငံလုံး တသာသနာလုံး ဣဿာမစ္ဆရိယတွေ လွှမ်းဖုံးကာ အားလုံး ကြီးပွားမှု၏ အန္တရာယ်များသာ ဖြစ်နေပေလိမ့်မည်၊ ဤနေရာဝယ် သက္ကပဉှ သုတ်တော်လာ ဗုဒ္ဓနှင့် သကြား၏ အမေး အဖြေကို မှတ်သားသင့်ပါသည်၊

သကြား။ ။နတ်၊ ရာလူ ပါ များစွာသောသတ္တဝါတို့သည် ရန်ငြိုး ဒဏ်ငြိုး မရှိဘဲ ချမ်းသာယာစွာ နေလိုကြ, ထိုသို့နေနိုင်ဘို့ရန် ရည်သန် တောင့်တကြပါလျက် အဘယ့်ကြောင့် တောင့်တသလိုမဖြစ်ဘဲ အန္တရာယ် ဘေးဒဏ် ရန်မာန်တွေနှင့် နေကြရပါသနည်း ဘုရား။

၃၄။ ။ကိုယ့်ထက်သာသူချင် မနာလိုတတ်သော ဣဿာ, ကိုယ်ကောင်း စခြံးသလို သူတပါး မကောင်းစားစေလိုသော မစ္ဆရိယ, ဤတရား ၂ ပါးသည် သတ္တဝါတို့သန္တာန်၌ စွဲကပ်လျက်ရှိ၏၊ ထိုတရား ၂ ပါး ကြောင့် ဖြစ်ချင်သလို မဖြစ်ကြရဘဲ မဖြစ်လိုတာတွေ ဖြစ်နေကြ ရသည်။

သကြား။ ။ထိုတရား ၂ ပါးသည် အေးရန်များ၌ မကြီးပွားစေနိုင် သော တရားဖြစ်ပါလျက် အဘယ့်ကြောင့် (မြွေပွေးကို ခါးပိုက် ပိုက်ထားသကဲ့သို့) သတ္တဝါတို့သန္တာန်မှာ အဖြစ်ခံ၍ နေကြပါသ နည်းဘုရား။

၃၅။ ။ချစ်အပ်သော ပုဂ္ဂိုလ် အသင်းအပင်း ဥစ္စာ, မချစ်အပ်သော ပုဂ္ဂိုလ် အသင်းအပင်း ပစ္စည်းဥစ္စာ ဟု ခွဲခြားမှုကြောင့် ဣဿာ မစ္ဆရိယ တရား ၂ ပါး ဖြစ်နေကြရသည်၊ [အချစ်ဂိုဏ်း ပါတီ- အမုန်းဂိုဏ်း ပါတီ ဟု မညီ မမျှ ခွဲခြားမှုကြောင့် အချစ်ဘက်၏ တိုးတက်မှုကိုသာ လိုလား၍ အမုန်းဘက်၏ တိုးတက်မှုကို မလို လားသော ဣဿာ မစ္ဆရိယ ၂ ပါး ဖြစ်ရသည်၊ အချစ်ဘက်၏ ကောင်းကျိုးကိုသာရှက်ဆောင်၍ အမုန်းဘက်၏ ဆိုးကျိုးကိုသာ ရှက်ဆောင်ကြသောကြောင့်လည်း အန္တရာယ်ဘေးဒဏ် ရန်မာန် များစွာဖြစ်၍ ဆင်းရဲ ဒုက္ခဖြင့် ပျက်စီး ဆုတ်ယုတ် ကြရသည်- ဟူလို။]

မှတ်ချက်။ ။ယခုခေတ်၌ အမေရိကန် အင်္ဂလိပ်တို့ ခေါင်းဆောင်သော တိုင်းပြည်အုပ်စုကတဘက်, ရုရှားခေါင်းဆောင်သော တိုင်းပြည် အုပ်စုက တဘက်ကွဲပြား၍ ဣဿာ မစ္ဆရိယာ များသကဲ့သို့ တိုင်း ပြည်တိုင်းမှာလည်း ပြည်တွင်းကွဲပြား၍ ဣဿာ မစ္ဆရိယ များကြ

ရသည်၊ မြန်မာပြည်တွင်လည်း ပြည်တွင်းစစ်နှင့်ရင်ဆိုင်နေရချေပြီ၊ သို့ရာတွင် ဤပြည်တွင်းရေးကား တဖြေးဖြေး တနည်း နည်းဖြင့် ပြီးစီးရမည်သာတည်း၊ ဤကိစ္စကို သင်ခန်းစာယူ၍ နောက်နောင် အခါ ဂိုဏ်းပါတီစိတ်မထားဘဲ အများကောင်းစားရေး လိုလား သူတို့ကိုသာ တိုက်တိုက် တွန်းတွန်း တောင်းတောင်း ပန်ပန်နှင့် နေရာကောင်း၌ တင်ထားဖို့ထိုက်ပါသည်။

ပါရမီဖြစ် ရှက်ဆောင်ပါ

တိုက်ဘာကို အုပ်ချုပ်နေသော ဆရာတော်များ, အသက်တန်း ရာထူးရှင်များ , အလုပ် အကိုင် ကြီးမားသော ပွဲစား ကုန်သည် စက်ပိုင်များနှင့် လယ်ပိုင်ရှင်ငွေတိုးပေးလူကြီးသူမတို့သည် မိမိကိုယ်ကိုဗုဒ္ဓသာဝက (ဗုဒ္ဓတရားတော်ကိုလိုက်နာသော ဗုဒ္ဓဘာသာဝင်လူကြီးသူမများ) ဟု အမြဲ သတိထားသင့်၏၊ ဗုဒ္ဓတရားတော်၌ အလုပ်-လုပ်မှုကိုသည် အလွန်တာသွား၏၊ စိတ်နေစိတ်ထား မြင့်မြင့်မြတ်မြတ်နှင့် ပြုလုပ် သမျှကံသည် (နိဗ္ဗာန် မရခင်) ချမ်းသာခွင့်ရအောင် စီမံ၍ နိဗ္ဗာန် ကိုလည်း ရစေနိုင်၏၊ ယခုဘဝ၌ အနည်းငယ်ချိုးချန်၍ လက်အောက် ငယ်သား ဆင်းရဲသူအများအား ညှာတာလိုက်ခြင်းဖြင့် နောက်ဘဝ သံသရာဝယ် မကြီးသားအောင် ကြီးကျယ်သောစည်းစိမ်ကို အလွယ် တကူ ရစေနိုင်၏၊ နောက်ဘဝကို ထားဘိဦး, ယခုဘဝမှာပင် ထို လူကြီးသူမတို့၏ ဂုဏ်သတင်းသည် ထုံသင်းလှိုင်ပျံ့ ရပ်တိုင်းနှံ့လျက် စီးပွါး တိုးတက်သည်ကိုလည်း တွေ့နိုင်ပါသည်၊ ယခုခေတ်နှင့် စာသော် ပုံဘမ်းကား ဟု မှတ်ထင်ရလောက်သော ရှေးလူကြီး တယောက်၏ အကြောင်းကို ပြပါဦးမည်။

ဘုန်းကြီးတို့ရွာ၌ ဘုန်းကြီးမှ ပြန်၍ ရေတွက်လျှင် ၃ ဆက်လောက် လွန်ခဲ့သော ဝမ်းကွဲအတိုးတော်သူ တယောက်ရှိ၏ စပါးရိတ်သိမ်းပြီးသည့် အခါ ရွာထည်းဝယ် အနည်းငယ် ချို့တဲ့ဟန်ရှိသော ဗိုဟ်အိမ် သည်အိမ်၌ ဝမ်းစာစပါး သိုလှောင်ထားသော ပုတ်ကလေးများကို လိုက်၍ ကြည့်၏ တနှစ်စာ လုံလောက်ပုံ မရလျှင် "ငါ့တူ ငါ့တူမများ... ဝမ်းစာနည်းလှပါကလား, ဦးဆီလာပြီး ယူလှဲ့ကြဦး, မယူဘဲ မနေနဲ့" ဟု ဖိတ်ခေါ်ကာ ဝမ်းစာ လုံလောက်အောင် သိုလှောင်ထားစေသတဲ့၊ မြန်မာမင်းလက်ထက် ကာလဖျက်၍ သူသူငါငါ ပုန်ကြရသော်လည်း ထိုလူကြီးမင်းကား ညခနဲ့ ဘုရားသွားမပျက်ဘူး၊ ဒါးမြခတွေနှင့်တွေ့လျှင် "ဟော့...ဘုရားဒကာ မြင်ပါ့မယ်ကွ့" ဟု အချင်းချင်း ပြောကြ၍ သူတို့ကပင် အချင်ပုန်းနေကြသတဲ့၊ ဤသို့လျှင် အများကောင်းအောင် ဆောင်ရွက်သူမှန်လျှင် နောက်ဘဝတိုင်အောင် စောင့်၍မနေရ၊ ယခုဘဝမှာပင် ချမ်းသာစွာနှင့် စီးပွါးရေး တိုးတက်ခွင့် ရှိပါသည်၊ ထို့ကြောင့် ပြုခဲ့သော လူကြီးသူမတို့သည် မိမိကိုယ်ကို အလောင်းလျာဝင် သူတော်စင်တယောက်ဟု သဘောထားကာ သူတပါး၏ အကျိုးကို ပါရမီဖြစ် အနှစ်ကျအောင် ရွက်ဆောင်သင့်ကြပါသည်။

ဗုဒ္ဓဝါဒသည် ကြီးပွါးရေးကို နှောင့်နှေးစေသလော

စစ်တပ်ဖြင့်ဂုဏ်လုပ်နေသော ယခုခေတ်၌ "ဗုဒ္ဓဝါဒသည် လောကီ ကြီးပွါးရေးကို နှောင့်နှေးစေ၏" ဟု အချို့ကယူဆကြ၏၊ သို့သော် ဗုဒ္ဓလက်ထက်တော်မှစ၍ ဘုရားကျောင်းဒကာ ဖြစ်ကြသော(သောတာပန်)ဗိမ္ဗိသာရ မဟာရာဇာ ကောသလ မဟာရာဇာနှင့် ဓမ္မာသောက ဒုဋ္ဌဂါမဏိ အစရှိသော

မဟာရာဇာတို့သည် စစ်တပ်ဖြင့် တိုင်းပြည်ကို အုပ်ချုပ်ခဲ့ကြပါသည်၊ ဆက်ပါဦးမည် - ဗုဒ္ဓဝါဒကို ကြည်ကြည်ညိုညိုနှင့် လိုက်နာနေသူသည် အနေအထိုင်ရှုန္ဒြိရ၏၊ အသုံးအစွဲများ၏၊ မပျင်းမရိ လုံ့လရှိ၏၊ မတရားမှုကို အထူးရှောင်၏၊ သူ၏ တရားများသော အလုပ်ဖြင့် မတရားလောကကြီးဝယ် သာ၍တင့်တယ်၏၊ သံသရာရေးကို တွေးပြန်လျှင် သူ၏တရားများမှုကို အားပြုကာ သာယာကျေနပ်၏၊ တရားနည်းလမ်းကျသော အလုပ်ကိစ္စဟူသမျှဝယ် ရှက်ဘွယ် မရှိဟု နားလည်သားသဖြင့် မည်သည့် ဂုဏ်အသရေရှိ လူကြီးကိုမျှ အချိုးနှိမ့် မကြောက်ရွံ့ကြ၊ ထိုသတ္တိကြောင့်ပင် ဗုဒ္ဓဘာသာ မြန်မာစစ်သားတို့သည် လက်နက်အင်အား လူအင်အားချင်း တူမျှပါမူ မည်သည့် တိုင်းတပါး ရန်သူကိုမျှ ရှုံ့ကြလိမ့်မည် မထင်၊ ဤသတ္တိကြောင့်ပင် အနော်ရထာ ဘုရင့်နောင် အလောင်းမင်းတရားမင်းကြီး ဗန္ဓုလစသော သတ္တိခဲရဲရဲတော်တွေ (အလားတူ နောက်လိုက်များနှင့်တကွ) ထွက်ပေါ်ခဲ့ပေသည်၊ ဤသို့လျှင် ဗုဒ္ဓဝါဒသည် လောက ကြီးပွားရေးကို မနှောင့်နှေးစေသည့်ပြင် အပြည့်အစုံ လိုက်နာသူအား အမြန်ဆုံး ကြီးပွားရေးကို လမ်းညွှန်ပေးနိုင်ပါသည်။

ဗုဒ္ဓဝါဒဖြင့် မြင်မြင်မှ လွှဲကျမည်

များစွာသော ကျေးရွာနေသူတို့သည် ကွန်မြူနစ် - ဆိုရှယ်လစ်စသော ဝါဒသစ်တို့၏ သဘောကို နားမလည်ကြပါ၊ နားလည်လိုသော ဆန္ဒလည်း ရှိကြပုံ မရပါ၊ သူတို့ သမရိုးကျ နားလည်နေသော ဝါဒကား ဗုဒ္ဓဝါဒသာတည်း၊ ထိုဗုဒ္ဓဝါဒမှ လူများနှင့် တိုက်ရိုက် ဆက်ဆိုင်သော ကြီးပွါးရေး အချက်များကို ကျောင်းသုံး

သင်ခန်းစာ ဖြစ်အောင် စီစဉ် ညွှန်ပြ၍ ဗုဒ္ဓဝါဒအရ ပြုပြင်လျှင် မြန်မာနိုင်ငံသည် ပိုမြန်မြန် တိုးတက်လာဘွယ်ရှိသည်ဟု ထင်မိပါသည်၊ ကွန်မြူနစ် - ဆိုရှယ်လစ် စသော ဝါဒသစ်များလည်း သူတို့နည်းအရ တနိုင်ငံလုံးက ကျကျနန လိုက်နာကြလျှင် တိုးတက်စေနိုင်သည်မှာ အမှန်ပင်ဖြစ်ရာ၏၊ သို့သော် ထိုဝါဒတွေကို လူအများက နားမလည်သောကြောင့် နားလည်ပြီးသော တိုးတက်လည်း တိုးတက်စေနိုင်သော ဝါဒဖြင့် တိုင်းပြည်ကို ပြုပြင်မှ ပိုမြန်မြန် တိုးတက်ဘွယ်ရှိသည်ဟု ဆိုလိုပါသည်၊ [ဘာသာရေးကြောင့် အကျိုးမဲ့ကုန်ကျမှုတို့ကား ဗုဒ္ဓဝါဒ(ဗုဒ္ဓ၏ အလိုတော်ကျ) မဟုတ်ကြောင်းကို အနာဂတ်သာသနာခန်း၌ ပြခဲ့ပြီ၊ ] "ဗုဒ္ဓဝါဒဖြင့် ပြုပြင်ပါလျှင် အခြားဘာသာဝင်များနှင့် ဆန့်ကျင် နေမည်မဟုတ်ပါလော"ဟု မေးခွင့်ရှိ၏၊ ဗုဒ္ဓဝါဒသည် လောကုတ္တရာ ရေး၌သာ အခြားဝါဒနှင့် အထူးတလည် ခြားနား၍ လောကီကြီးပွါးရေး၌ကား ဆန့်ကျင်လောက်အောင် မကွဲပြားပါ၊

**ဘာသာရေးသည် ဘိန်းနှင့် တူသလော**

ခေတ်လူတချို့က "ဘာသာရေးသည် ဘိန်းနှင့် တူ၏"ဟု ဆိုကြ၏၊ သူတို့ ဆိုလိုရင်းကား— ဘိန်းသည် အလွန်စွဲလမ်းစေခြင်း လက္ခဏာ ရှိသကဲ့သို့ ဘာသာရေးလည်း အလွန် စွဲလမ်းစေခြင်း လက္ခဏာရှိ၏၊ ဘိန်းစွဲမိလျှင် အဖြတ်ခက်သကဲ့သို့ ဘာသာရေး စွဲသူများလည်း ထိုဘာသာကို အစွန့်ခက်၏၊ ဘိန်းကို မကောင်းမှန်းသိလျက်နှင့် ရှုမြဲ စားမြဲစားသကဲ့သို့ ဘာသာရေး အလုပ်တချို့လည်း အကျိုး မရှိမှန်းသိလျက် လုပ်မြဲ လုပ်နေကြ၏၊ ဘိန်းကြောင့် လူမျိုး ပျက်စီးရသကဲ့သို့ ဘာသာရေးကြောင့် လူမျိုး ပျက်စီးရ၏၊ ဤသို့စသည်ဖြင့် ဆိုလိုကြသည်၊ အရင်းခံ ဗုဒ္ဓဘာသာ၌ ထိုသို့

ပျက်စီးလမ်းများမရှိပါ၊ ယခုအချို့ပျက်စီးနေရသည်ကား ဘာသာရေးကိုဘမ်းပြ၍ ကိုယ်ကျိုးကြည့်သူများကြောင့်သာ ဖြစ်၏၊ အမှန်အားဖြင့် ဗုဒ္ဓ၏ဝါဒကို ကျကျနနလိုက်စားလျှင် မပျက်စီးသည့်ပြင် တိုးတက်ရမည်အမှန်ပင်တည်း၊ "မှားမှား မှန်မှန်, ငါ့အယူသာ အမှန်"ဟု စွဲလမ်းသူများအတွက်ကား (ဗုဒ္ဓ-ဟိန္ဒူ-ခရစ်ယာန်-မွဟာမေဒင်)မရွေး မည်သည့်ဘာသာ မဆိုဘိန်းနှင့် တူပါသည်၊ ထို စွဲလမ်းမှုမျိုး မရှိဘို့ရာလည်း ကာလာမသုတ်ကိုဗုဒ္ဓရှင်တော် ဟောတော်မူခဲ့ပါသည်။ [အနာဂတ်သာသနာခဏ်း အစ၌ပြန်ကြည့်ပါ။] "မှားမှားမှန်မှန် အရမ်းစွဲလမ်းမှုသည် ဘိန်းနှင့် တူတန်း"ဖြစ်လျှင် ဝါဒရေးလည်း ဘိန်းနှင့် တူသည်သာ၊ မှန်၏-ရှေးတုန်းက ခွဲရေးတွဲရေး စသည်ဖြင့် ဝါဒ-ပါတီ ကွဲခဲ့ကြရာ၌ တအိမ်သားချင်းသော်မှ စေ့စပ်မရလောက်အောင် ကိုယ့်ဝါဒကို ကိုယ်စွဲလမ်းခဲ့ကြ၏၊ ယခုလည်း ထိုကဲ့သို့စွဲလမ်းကြသည်ပင် မဟုတ်ပါလော။

**အောင်နေရုံနှင့်မပြီး** မြန်မာပြည် လွတ်လပ်ရေးအောင်ပွဲနေ့က "ဒါ ဒို့မြေ, ဒါ ဒို့မြေ" ဟု ကြွေးကြော်ခဲ့ကြ၏၊ ကြက်သီးထဘွယ်အားရဘွယ်ပေ၊ သို့ရာတွင် ထို အောင်နေသော အမျိုးသား သွီးများသည် ကြွေးကြော်ကြရင်း မိမိတို့ ပိုက်ဆံအိတ်ကို နှိုက်ကြည့်စေလို၏၊....."ပြည်ထောင်စုကို အသက်ပေးလို့ ဒို့ကာကွယ်မလေ".....တဲ့၊ ဘာနဲ့ ကာကွယ်ကြမှာလဲ ကွယ်ရို့,လက်နဲ့ကာလို့ လုံမှ မဟုတ်ဘူးနော်၊ ကုန်းတပ် ရေတပ် လေတပ်တွေနဲ့, ကာကွယ်ရမယ် မဟုတ်လား၊ယခု အခြေအနေအရ အမျိုးသားတို့ရဲ့ ဘဏ္ဍာအိတ်ထောင့်ထဲမှာ သေနတ်သဒေါ်ဝယ်စရာ လေယာဉ်ပျံဝယ်စရာ ပိုက်ဆံ ဘယ်နှစ်ပြား စုမိပြီလဲ၊အမျိုးသား အမျိုးသွီးတွေက အောင် အောင်ပြီးတော့ သိပ် အသုံးပက်စက်ကြတာကိုး,ဘာပိုက်ဆံစုမိမှာလဲ၊ တာကူးလ အခါတွင်း သင်္ကြန်ဆိုလျှင်ဟင်,ဘယ့်သောက် အသုံးအစွဲပြိုင်ကြသလဲ၊ မော်သမြိုင် ရန်ကုန် မန္တလေး

ဆိုတဲ့ မြို့ကြီးတွေဟာ သိပ်ကဲတာဘဲ၊ ကာဆုန်လ ညောင်ရေသွန်း ပွဲမှာလဲ မနဲသေးဘူး၊ နယုန်လ ဝါဆိုလာ စပြီး တပေါင်းလပွဲတော်ကြီးတွေအထိ ကုန်လိုက်တာ မပြောနဲ့တော့၊ ထိုကုန်သမျှငွေတွေ မြန်မာနိုင်ငံမှာ လယ် နေတာ မဟုတ်ဘူး၊ သင်္ဘော လေယာဉ်ပျံတွေနဲ့ နိုင်ငံခြားရောက်ကုန်တဲ့ တွေသာ များတယ်။

**မယှက်ငှက်** ဇာတ်တော်မှာ "မယှက" ခေါ်တဲ့ငှက်အကြောင်း ပါတယ်၊ ထို ငှက်ကလေးဟာ အသီးတွေ ဝေဆာသော ညောင်ပင် ပေါ် တက်ပြီး " ဒါ ငါ့ဟာ....ဒါ ငါ့ဟာ" ဟု အော်နေ၏၊ သူအော်နေ တုန်းမှာ အခြားငှက်တွေလာ၍ စားသောက်ကြ၏၊ သူကား " ငါ့ဟာ ငါ့ဟာ ငါ့ဟာ "ဟု အော်နေတုန်းပင်၊ ညောင်ပင်မှာ အသီးတွေ ကုန်၍ အခြားငှက်များ ပြန်သွားကြသည့် တိုင်အောင် အော်လျက်သာ ကျန်ရစ် ရှာ၏၊ ထို့အတူပင် အမျိုးသားသမီးတွေက နိုင်ငံခြား ပစ္စည်းတွေကို ဝတ်စား ဆင်ပြင်ကာ နိုင်ငံခြား မော်တော်ကားကြီးတွေကို စီးပြီး " ဒါ ဒို့မြေ ဒါဒို့မြေ " ဟု အော်နေကြတုန်းမှာ နိုင်ငံခြား ငှက်ကြီးတွေက အမြတ်ကြီးကြီး အသီးကောင်းကောင်း တွေကို စား၍ ပျံသွားကြလေပြီ၊ တချို့ကား မပြန်တော့ဘဲ အခြေစိုက်၍ အသိုက်ဖွဲ့ကာ ငွေကိုသာတွင်တွင် ပို့ကြ၏၊ ဤစာကိုရေးခြင်းဖြင့် နိုင်ငံခြား ကုန်သည်မျ းကို အပြစ်မတင်လို ပါ၊ အမျိုးသားတွေကိုသာ အော်နေရုံနှင့် မပြီးနိုင်ကြောင်း, ဗျွတာ စုဆောင်းမှု အလုပ်လုပ်ရာ၌ မပျင်းရိမှု ရှိကြမှသာ ဘဏ္ဍာအိတ် တောင့် တင်း၍ " ပြည်ထောင်စုကို အသက်ပေးလို့ ဒို့ ကာကွယ်နိုင်ကြမည် " အကြောင်းကို ပြောပြလိုရင်းဖြစ်ပါသည်။

**ကျေနပ်ဘွယ် သာသနာ** ဘုန်းကြီးတို့ အဓိကတာဝန်မှာ သာသနာရေးသာ ဖြစ်၏၊ သို့သော် သာသနာတော်သည် တိုင်းသူပြည်သားပေါ်မှာ မှီရ တည်ရသောကြောင့် နိုင်ငံကြီးပွါးမှ သာသနာသည်၊ စည်ကားနိုင်ပေမည်၊ထို့ကြောင့် စီးပွါးရေးကိုလည်း တဘက်သော့စကြ၊

ဖြင့် ကြည့်ရှု၍ရေးသားခဲ့ရသည်၊ ဘုန်းကြီးမြင့်ချင်သော နိုင်ငံတော်ကလေးကား–အဘုးလုံးညီညွတ်စွာဖြင့် စီးပွါးရေးကို လေးစားမှုကြောင့် တိုးတက်လာသော ကျန်းမာရေး ပညာရေးတို့ကိုအခြေပြု၍ မြေပြင် ရေပြင် ဝေဟင်တပ်ဘို့ဖြင့် သပ်ယပ်ထယ်ဝါ တင့်တယ်စွာသော ပြည်ထောင်စုမြန်မာအိမ်တော်တွင် စည်းကမ်းကျနစွာ အထွဋ်တင်ထားသော ကျောင်းကန် ဘုရား စာသင်တိုက်များကို မြင်ချင်လှပြီ၊ အကြင်အခါ၌ စာသင်တိုက်ကမ္မဋ္ဌာန်းတိုက်နှင့် ကျောင်းကန်ဘုရားဝိုင်းတို့သည် ဝင်လာသူတို့စိတ်ကို ဆွဲဆောင်နိုင်သောက်အောင် သာယာ၍၊ ဆိတ်ငြိမ်၏၊ ထိုအတွင်း၌ သီတင်းသုံးနေထိုင်သူတို့သည် စိတ်ထားဖြူစင် သူတော်စင်များချည်းဖြစ်၍ ဆိုင်ရာအလုပ်ကို ကြိုးကြိုးစားစားအားထုတ်နေကြ၏၊ ထိုအခါမြန်မာနိုင်ငံတော်သာသနာသည် (ဈာန်မဂ်ဖိုလ် မရစေကာမူ) ကျေနပ်ဘွယ်ကောင်းသော သာသနာတော် ဖြစ်ပါလိမ့်မည်။

**ကျွန်းကိုင်းမှီ ကိုင်းကိုကျွန်းမှီ**

ရေလယ်ခေါင်ကျွန်းသည် ကိုင်းပင်တွေ အမြစ်တွယ်၍ ရှက်နွယ်ခြင်းကြောင့် ခိုင်မြဲရ၏၊ ကိုင်းပင်တွေလည်း ကျွန်း ခိုင်မြဲသောကြောင့်ပင် ခိုင်မြဲတည်တန့်ရ၏၊ ထို့အတူ ပြခဲ့သော အစီအစဉ်အရ သာသနာတော်ရေးကို ပြုလိုက်ကြလျှင် သာသနာတော်ကြောင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် တည်တန့်၍ နိုင်ငံတော် တည်တန့်မှုကြောင့်ပင် သာသနာတော်လည်း စည်ပင်ဘွယ် ရှိရကား ရှင်ဘက် လူ့ဘက် ခေါင်းဆောင်များသည် ဂိုဏ်းပါတီ မခွဲခြားဘဲ အားလုံး ကြီးပွားဘို့ရာ ဟိတပဒေသလာ စိတ္တဂီဝါ ခိုအသင်းနှင့် သမ္မာဒမာန ဇာတ်တော်လာ ငုံးအသင်းတို့၏ (ညီညွတ်ကြသည့်) ထုံးကို နှလုံးသွင်း၍ သန့်ရှင်းသော စိတ်ထားဖြင့်လည်း ဆောင်ရွက်ကြမှသာ ဗုဒ္ဓသာသနာကို အထွဋ်တင်ထားသော ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် ကမ္ဘာပေါ်တွင် အနှံ့အပြားထင်ရှားသော သီးခြားတိုင်းပြည်တပြည်အဖြစ်ဖြင့် တည်တန့်နိုင်ပေလိမ့်သတည်း။

× × × ×

ကျမ်းပြီးမှတ်ထုံး, ကမ္ဗတ်ဖုံး၍, နိဂုံးအခန်း, လက်ရုံးတန်းပိမ့်၊...
ခေတ်ဆန်းခုခန့်သော်, လူအပေါင်းဘား, မဖြောင်းကိုးကွယ်,ကောင်း
ကိုးကွယ်ဟု, ညာဘယ်မခြား, မ ပြောားဘဲ, စဉ်းစားဝေဘန်, ကျိုးနှ
တန်မှ, လျော်ကန်ရုံမျှ ကို ကွယ်ကြလိမ့်၊..ဗုဒ္ဓမြတ်စွာ, သာသနာကို
ကောင်းစွာကြိုဟင် , မပျံပြင်သော် , အမြင်မှိန်မှေး , အထင်သေး၍
ယဉ်ကျေးဘွယ်ရာ , အဖြာဖြာနှင့် , ဘာသာဝါဒ , ဟူသမျှတို့ , စေ
ကုန်သုန်း , ပြုတ်ပြုတ် ပြုန်းလိမ့်၊ ထွင့်ဘုန်း သာသနာ, မှိန်သောခ
ဝယ်, ထွေရာကောင်းနိုး,ဝါဒမျိုးဖြင့်, အကျိုးမဟုတ်,ဖြစ်ပြန်ခဲ့မူ, တကဲ့
တိုင်းကြီး ပြည်အနီး၌ , တိုင်းသီ ပြည်နယ် , မျက်နှာငယ်လိမ့်၊....
သို့နှယ် ကြောင်းရာ, စုပေါင်းကာဖြင့်, ကောင်းစွာမြော်ညို့,ဆင်ခြင်မိ၍,
ဒို့၏နယ်မြေ , ဒို့အမွေနှင့် , ဒို့မေဘာသာ , သာသနာကို , ဒို့သာ
ကြံ့ကြံ့, စောင့်ရှောက်အံ့ဟု,ခံ့ခံ့မားမတ်, စိတ်ထားမြတ်ဖြင့်,နာဂတ်
သာသနာ , ရေးအရာကို , တွေးကာသိုက်မြိုက် , ရေးသားလိုက်၏၊
သိထိုက်သိရာ , သိပြီးခါဝယ် . စဉ်လာထင်မြင် , ပြင်ကာဆင်လျက်,
စည်ပင်သာယာ, သာသနာနှင့်, မြန်မာပြည်ထောင်,တိုးတက်အောင်
လျှင်, ခေါင်းဆောင်ရှေ့သွား, ရှင်လူများတို့, ခွဲခြားမနေ့ဘဲ, မထား
ပါဘဲ,များစွာခိုသင်း,ငုံးခပင်းတို့,မကြွင်းကိုယ်စီ, ပိုက်ကိုချိသို့, ညီညီ
ကြိုးကုတ်, အားသွန် ထုတ်က , ဗုဒ္ဓသာသနာ, ပြည်မြန်မာသည်,....
ကမ္ဘာထုတ်ချင်း ထွန်းလိမ့်သောဝ်။

## အနာဂတ်သာသနာရေး
## ပြီးပြီ။